
မောင်မျိုး
စီစဉ်သည်

www.burmeseclassic.com

# ကဏ္ဍ(စိတ္တ/သိပ္ပံ)

စိတ္တဇ လပြည့်ည



design : bo bo htoon

www.burmeseclassic.com

www.burmeseclassic.com

# စိတ္တဇလေပြည့်ည

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

ပထမအကြိမ်- ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလ
ဒုတိယအကြိမ်- ၂၀၀၃ခုနှစ်၊ လ

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

www.burmeseclassic.com

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၄၄၇/၂၀၀၃ (၄)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၈၄၅/၂၀၀၃ (၇)

ထုတ်ဝေသူ
ဦးတင့်လွင်
အမှတ် (၆၀၅)၊
သုဓမ္မာလမ်း

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ် ၂၀၀၃ ခုနှစ်
အောက်တိုဘာလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

တစ်ခန်းလုံး ပိန်းပိတ်အောင် မှောင်နေသည်။

စက်လည်သံ ညက်ညက်လေးကို ခပ်တိုးတိုးကြားရပြီးသည်နှင့် နံရံတွင် အဖြူရောင်တစ်ကွက် လင်းလက်လာသည်။ တစ်ဆက်တည်းမှာပင် သစ်ပင်ကြီးငယ်များနှင့် အုံ့မှိုင်းနေသော ခြံကြီးတစ်ခြံ၏ ပုံသဏ္ဌာန်က နံရံရှိ ပိတ်ဖြူကားပေါ်တွင် ပုံရိပ်ထင်လာသည်။

"အဲဒါ 'သီတဂူမြိုင်'ခြံကြီးပဲ၊ ပြင်ဦးလွင်ရဲ့ ရှစ်မိုင်အကွာမှာ တည်ရှိတယ်။ ဟောဒါက ခြံရှေ့တည့်တည့်က လမ်း"

နံရံပေါ်တွင် ရုပ်သေဖြစ်သွားသည်။ ငြိမ်သက်သွားသည်။ ကွန်ကရစ်လမ်းဖြူဖြူက တိုက်နီနီကြီးဆီသို့ ဦးတိုက်သွားနေသည်။ ထင်းရှူးပင်များနှင့် ချယ်ရီပင်များ ပွင့်ဝေနေသည်။ လှပသော ရှုခင်းကားတစ်ချပ်ဖြစ်သော်လည်း သေ့ခြောက်လွန်း၍ စိုးထိတ်ခြောက်ချားဖွယ်ရာလိုဖြစ်နေသည်။

ကြည့်နေရင်း ရှုခင်းက တစ်မျိုးပြောင်းသွားပြီး ညွှန်ကြားသံကိုပါ ဆက်လက်ကြားနာရသည်။

"ဟောဒီက ဘေးလမ်း၊ ပြင်ဦးလွင်-လားရှိုးလမ်းမကြီးကို ထွက်တဲ့ဘက်၊ ဟောဒါက နောက်လမ်း။ တောထဲတိုးပေါက်တဲ့ လမ်းပဲ"

အသံငြိမ်သွားပြီး အဝေးမြင်ကွင်းမှ အနီးကပ်ပုံရိပ်သို့ ပြောင်းသွားလာသည်။ 'ဇွမ်း(မ်)လဲန့်(စ်)ခေါ် အဝေးဆွဲမှန်ပြောင်းနှင့် ဆွဲယူရိုက်ကူးထားခြင်းပါ။

"အဲဒါ အောက်ထပ်ဧည့်ခန်း၊ ဒီနေရာမှာ မီးဖို၊ နောက်ဘက်က

www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားခန်း၊ လက်ယာဘက်ကတော့ စတိုခန်း ပြီးရင် စက်ရုံတွေဆီသွားတဲ့ ဆောင်ကူးလမ်းလေး၊ ရှေ့ဘက်အခန်းမှာတော့ အိမ်သာ၊ ရေချိုးခန်းနဲ့ အိမ်ဖော်များနေတဲ့ အခန်းငယ်လေး။

"ပြီးတော့ ဒုတိယထပ်မှာ 'ဦးဘဆက်'တို့မိသားစု နေကြတယ်။ အဲ 'လေးနုထွေး' အသတ်မခံရမီကပေါ့လေ။ ခုတော့ 'ဒေါ်နုနုဝေ'လည်း မရှိတော့ဘူး။ ဒေါ်နုနုဝေဆိုတာက ဦးဘဆက်ရဲ့ ဇနီးပဲ။ ပြီးတော့ တခြားအိမ်သားတွေလည်း ရှိလိမ့်ဦးမယ်။ အနောက်ဘက်ထောင့်မှာရှိတဲ့ အဆောင်မှာတော့ 'နန်းမြင့်မေ'နေတယ်။ သူကလည်း အရေးကြီးတဲ့ အမျိုးသမီးတစ်ယောက်ပဲ။

"ပြီးတော့ အပေါ်ဆုံးထပ်မှာ တိုက်က သုံးထပ်ရှိတယ်နော်။ 'ဘိုးတော်မင်းလူ'နဲ့ သူ့တပည့်များနေတယ်။ 'ဓာတ်ခန်း'ရှိတယ်"

"အဲ မျက်ခြည်မပြတ် လိုက်ကြည့်နေရမယ့်လူထဲမှာ ဘိုးတော်မင်းလူဟာလည်း အဓိကကျတယ်။

"သီတဂူမြိုင်ရဲ့ အရေးပါတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒါလောက်ပဲ။ ဒါပေမဲ့ မထင်မှတ်ဘဲနဲ့လည်း သာမန်လူတွေဟာ အရေးကြီးတဲ့လူဖြစ်လာနိုင်တယ်ဆို သတိရပါ။

"ပြီးတော့ သီတဂူမြိုင်နဲ့ နှစ်မိုင်လောက်အကွာမှာ 'ဦးတိုးသျှန်'ရဲ့ခြံ ရှိတယ်။ သူကလည်း ဦးဘဆက်လိုပဲ၊ အလှကုန်ထုတ်လုပ်ရေးလုပ်ငန်းပဲ။ ဦးဘဆက်ရဲ့ လုပ်တွေဆီက နည်းယူပြီး လိုက်လုပ်တယ်လို့ ဦးဘဆက်က စွပ်စွဲတယ်။ သူတို့ထုတ်လုပ်တဲ့အလှကုန်တွေရဲ့ အရည်အချင်းက တူညီတယ်။ ဒါပေမဲ့ ဦးဘဆက်ရဲ့ လုပ်ငန်းက ကြီးကျယ်တယ်။ ဘူးခွံကအစ ထုတ်လုပ်မှုမှာ အဆင့်မြင့်တယ်"

"ဦးတိုးသျှန်ဟာ မုဆိုးဖို၊ သားချည်းလေးယောက် ရှိတယ်။ အားလုံး လူမိုက်တွေချည်းပဲလို့ သတ်မှတ်ရလောက်အောင် လက်သံပြောင်ကြတဲ့ ညီအစ်ကိုလေးယောက်ပဲ။ သူတို့ရဲ့အဖေကိုယ်တိုင်က လူသတ်မှုနဲ့ ကြိုးမိန့်ကျပြီးမှ သမ္မတရဲ့ အသနားခံလွှာမှာ လွတ်လာတဲ့ ထောင်ထွက်တစ်ဦးပဲ။

"ဦးတိုးသျှန်နဲ့ ဦးဘဆက်တို့ဟာ သိပ်ပြီး အာဃာတ ကြီးကြတယ်။ အမုန်းကြီး မုန်းကြတယ်။ ဦးဘဆက်ရဲ့ သမီးလေး လေးနုထွေး အသတ်ခံရမှုမှာ ဒီသားအဖငါးဦးရဲ့ ပယောဂမကင်းဘူးလို့ အားလုံးနဲ့ အတူရဲဘက်ကပါ ယူဆလို့ ဦးတိုးသျှန်ရဲ့ အငယ်ဆုံးသား 'ရဲမောင်မောင်' ကို ဖမ်းထားဆဲပဲ"

'သည့်အရင်က သေကြရသူအားလုံးဟာလည်း သီတဂူမြိုင်က လူတွေချည်း၊ တစ်ယောက်ပြီးတစ်ယောက်၊ ပြီးတော့ ထူးဆန်းတာတစ်ခုက သေကြရတဲ့ လူတွေအားလုံး 'လပြည့်ည'မှာချည်း အသတ်ခံကြရတယ်။

"ဒါကြောင့် တိုက်ဆိုင်မှုလား၊ စိတ္တဇသမားရဲ့ လှုပ်ရှားမှုလားလို့ သိရအောင် 'စိတ္တဇလပြည့်ည'အဖြစ်နဲ့ လပြည့်ညတိုင်းကို အထူးသတိထားပြီး ထောက်လှမ်းပါ။

"မှတ်ပုံတင်အတု၊ အလုပ်ခန့်စာ၊ ထောက်ခံချက် အပြည့်အစုံအပြင် သေနတ်တစ်လက်...အပိရိဆုံး ထောက်လှမ်းပါ။ အသေးစိတ်လေ့လာပါ။

"ဒီအမှုဟာ သိပ်ပြီး ကြီးကျယ်တဲ့ အမှုကြီးမို့ မင်းကို တို့များအားကိုးစိတ်၊ ယုံကြည်စိတ်နဲ့ ရွေးချယ်လွှတ်လိုက်တာပဲ။

"ကဲ ဒီည ရထားနဲ့ မန္တလေးသွား၊ မနက်ဖြန်မနက်ပဲ ပြင်ဦးလွင်ကို တက်ပေတော့"

"စိတ်ချပါဆရာ၊ ဒီအမှုကြီး ပြီးဆုံးအောင် ဆောင်ရွက်ပြီးမှ ပြန်လာခဲ့ပါမယ်"

× × × ×


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

တိုးချဲ့ထုတ်လုပ်နေရသော သီတဂူမြိုင်၏ အလုပ်ကုန်လုပ်ငန်း အတွက် ယနေ့ လူသစ်ငါးယောက် ထပ်၍ ခန့်လိုက်သည်။

"ဦးလေးကလည်း လူသစ်တွေ သိပ်ခန့်တာပဲနော် ဆရာဦးဟန် ညွှန့်"

"ဟုတ်တယ် 'ယဉ်မွန်ရည်'၊ ကျွန်တော်တော့ လုပ်ငန်းကြီး သိပ်ချဲ့တာကို တယ်ပြီး ဘဝင်မကျမိဘူး။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ ကျွန်တော်တို့က အလုပ်သမားတွေပဲ"

"ယဉ်မွန်တို့ကတော့ ကျရောက်လာမယ့် တာဝန်ကို ကျေပွန်အောင် လုပ်ပေးရုံပါပဲ။ သူဌေးရဲ့ လုပ်ငန်းပိုင်းကို မဝေဖန်ရဲပါဘူးရှင်"

"မဟုတ်ဘူး။ ကျွန်တော်မကြိုက်တာက ခန့်လိုက်တဲ့ လူသစ်တွေဟာ လူဆိုးလား၊ လူကောင်းလား၊ ဘယ်ရပ်ဘယ်ရွာကလဲလို့တော့ စုံစမ်းဖို့ကောင်းတာပေါ့။ ခုတော့ သူ့အပေါင်းအသင်းတစ်ယောက်ယောက်က စာရေးလွှတ်လိုက်ရင် ဆွဲခန့်လိုက်တာပဲ"

"ဦးလေးက အပေးအကမ်းလည်း ရက်ရောတယ်။ အားနာစိတ် သနားစိတ်တွေလည်း များလို့ထင်ပါရဲ့ဆရာရယ်"

"သူက အားနာရုံ ဒီကကောင်တွေက ခါးပါနေတာ ခက်တယ်၊ ကဲ...ဟောဒီ ဘောင်ချာအသစ်တွေ စာရင်းဖွင့်ပေးပါဦး ယဉ်မွန်ရည်"

"ဟုတ်ကဲ့ပါဆရာ...ပေးပါ"

"အေးကွယ်၊ ခိုင်းကောင်းတဲ့လူ ဖိခိုင်းတယ်တော့ မထင်ပါနဲ့ တခြား စာရေးမတွေက သုံးနာရီဆို အလုပ်မလုပ်ချင်ကြတော့ဘူး။ မျက်နှာပုပ်ကုန်ကြပြီ"

"အဟဲ...ရပါတယ်ဆရာရယ်၊ ယဉ်မွန်က အလုပ်လုပ်နေရတာကို ပျော်ပါတယ်"

မန်နေဂျာ ဦးဟန်ညွှန့်၏ အခန်းမှ ဘောင်ချာစာရွက်များ တစ်ထပ်ကြီး ကိုင်ပြီး ယဉ်မွန်ရည် ထွက်လာခဲ့သည်။

"ကျွန်တော်...မန်နေဂျာနဲ့ ဝင်တွေ့လို့ ရမလားခင်ဗျ"

မန်နေဂျာအခန်း၏ နံရံရှေ့မှ ခုံတန်းလျားတွင် ထိုင်နေသော သူက မတ်တတ်ရပ်၍ မေးလာသည်။

"ရမှာပေါ့...ဝင်သွားပါလား"

ကျစ်လျစ်ကြံ့ခိုင်သော ကိုယ်ခန္ဓာနှင့် ရှည်လျားသောအရပ်။ တည်ကြည်သော မျက်နှာနှင့် အသက်နှစ်ဆယ့်ငါးနှစ် သုံးဆယ်ကြား ဝန်းကျင်ရှိမယ့် လူရွယ်တစ်ဦးသာ ဖြစ်ကြောင်းသာ ယဉ်မွန်သည် မြင်တွေ့လိုက်ရသည်။ သူ့ကိစ္စဆိုဘည်ကို ဆက်လက်၍ မစပ်စုလိုတော့ပေ။ ထိုင်စားပွဲသို့လာ၍ ယနေ့ရောင်းချပြီးသော ဘောင်ချာစာရွက်များကို တစ်ခုချင်း၊ စာရင်းရေးသွင်းနေမိသည်။

မကြာပါ။

"ခင်ဗျားတို့ မန်နေဂျာက ကျွန်တော့်ကို ဟောက်လွှတ်လိုက်တယ်ဗျာ"

ယဉ်မွန်ရည် မော့ကြည့်မိသည်။ ရင်တွင်းမှ ဒေါသများ၊ မခံချင်မှုများကို သူတည်ငြိမ်စွာ ထိန်းချုပ်ထားလိုက်ပါပေသည်။

"ဝမ်းနည်းပါတယ်ရှင်... ယဉ်မွန်က သာမန်စာရေးမလေး တစ်ယောက်မို့ မန်နေဂျာနဲ့ ဒီကရဲ့ ပြဿနာကို ဘယ်လိုမှ မဖြေရှင်းပေး တတ်ပါဘူး"

ယဉ်မွန်ရည်က ပြေလည်စွာပြောပြီး ဆက်လက်၍သာ ရေးမှတ် နေမိသည်။

"နံမယ်က ယဉ်မွန်တဲ့လား"

"ယဉ်မွန်ရည်ပါ"

"နံမယ်နဲ့လိုက်အောင် ရည်မွန်ယဉ်ကျေးပါပေတယ်"

"ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ယဉ်မွန်ရည်က သူ့ကို မကြည့်အားပါဘဲနှင့် ပြန်ပြောလိုက်ရသည်။

"ကျွန်တော့်နာမည် ကြည်ညိုပါ။ ဒီသီတဂူ အလှကုန်ထုတ်လုပ်ရေးမှာ စာရင်းစစ်အဖြစ်နဲ့ပဲ အလုပ်ခန့်လိုက်ပါတယ်"

"ဪ...ဪ...ဒါဖြင့် ယဉ်မွန်တို့ရဲ့ စာရင်းတွေ စစ်ရမှာပေါ့"

"ဟုတ်မှာပဲ ထင်ပါရဲ့။ သူဌေးဦးဘဆက်ရဲ့ အလုပ်ခန့်စာရပြီး မန်နေဂျာဆီ ဝင်တွေ့ပါဆိုလို့ ဝင်တွေ့တာပါ။ ဘာလုပ်ရမလဲ မေးခါရှိသေး၊ အခု သုံးနာရီကျော်နေပြီ။ ဘာလုပ်တော့မှာလဲ၊ မနက်ဖြန်မှ ဝင်တွေ့ဖို့ ကောင်းတယ် ခင်ဗျား အလုပ်တော်တော်လုပ်ချင်ပုံရတယ်တဲ့...ဗျာ"

"ဟုတ်ပါတယ်။ ဆရာက တစ်ခါတစ်ခါ ဒီလိုပဲ၊ ဒါပေမဲ့ သဘောကောင်းပါတယ်ရှင်"

"အေးဗျာ...ကျွန်တော်လည်း ဘွဲ့ရပြီး အလုပ်ကမရလို့ ရတာပဲလုပ်တော့မယ်ဆိုပြီး ဒီတောင်ပေါ်မြို့ကို ထွက်လာခဲ့မိတာ၊ ရောက်ရောက်ချင်း စိတ်မကြည်စရာပါပဲ။ ရန်ကုန်မှာပဲ အလုပ်ရှာပြီး လုပ်ရရင် ကောင်းမလား တွေးလာမိတယ်"

"ယောက်ျားပဲရှင်၊ စိတ်ပျက်မမြန်ပါနဲ့။ ဆရာ့ကို ဒီစာရင်းတွေ အချိန်မီ အပ်ရမှာမို့ ခွင့်လွှတ်ပါနော်။ နောင်လည်း အလုပ်ခွင်မှာ ဆုံကြရဦးမှာပါ"

"ကျွန်တော့်အတွက် အနှောင့်အယှက်ဖြစ်သွားတယ်ဆိုရင် ခွင့်လွှတ်ပါ ယဉ်မွန်ရည်။ ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်အဖြစ်နဲ့ သတ်မှတ်ပြီး တတ်နိုင်တဲ့ကိစ္စလေးတွေရှိရင် ကူညီပေးပါလို့ ပန်ကြားခဲ့ပါရစေ။ ဲ...ကျွန်တော့်အတွက် ရရှိထားတဲ့ ဟိုဘက်ခြံက တန်းလျားကို ပြန်ပြီး နားရတော့မှာပဲ သွားမယ်နော်...ယဉ်မွန်ရည်"

"ဟုတ်ကဲ့ရှင်...ကောင်းပါပြီ"

ယဉ်မွန်ရည်မှာ ခေါင်းမဖော်နိုင်ပါဘဲနှင့် စာရင်းများကို အပြီးသတ် ရေးသွင်းနေရချိန်တွင် တစ်ဖက်စားပွဲမှ စာရေးမ "ယုဇန"သည် သူ့မျက်နှာကို အလှခြယ်သနေလေသည်။

"ယဉ်မွန်ရေ...ခုန လူက ဘယ်သူလဲ" ယုဇနက အလိုက်တော့သိသည်။ ယဉ်မွန်ရည် စာရင်းပိတ်ပြီးမှ စပ်စုလာခြင်းဖြစ်ပါ၏။



"ရန်ကုန်ကတဲ့။ စာရင်းစစ်အဖြစ် ဒီမှာအလုပ်ခန့်ထားလိုက်ပြီ ဘွဲ့ရပြီးသား နာမည်က ကိုကြည်ညို...တဲ့"

"ဟာ...နာမည်က တယ်မိုက်ပါလား၊ ကြည်ညိုရုံပဲ ကြည်ညိုပါရစေ။ ကိုးကွယ်ခြင်း၊ မြတ်နိုးခြင်းတွေတော့ မလုပ်ပါရစေနဲ့"

ယုဇနက ဘာစကားလေးပဲရရ အရွှန်းအသောလေးများ ရောနှော မွှေနှောက်ပစ်တတ်သည်။ အလွန်စပ်စုတတ်သော်လည်း သူ့ကို ဝေဖန်လျှင် ခံယူနိုင်စွမ်းရှိသည်။ သဘောကောင်း မနောကောင်းသော ယုဇနပါ။

"ဒါနဲ့...ယဉ်မွန်ရေ"

"ဟင်..."

"ဘိုးတော်မင်းလူရဲ့ အဖွဲ့ဝင်တွေ ဒီည ပုတီးစိပ်မိဋ္ဌာန်ဝင်ပွဲရှိတယ်ဆို"

"ယဉ်မွန်မသိဘူး ယုဇန"

"ဟုတ်တယ်၊ နေ့လယ်ကတည်းက ပွဲတွေပြင်နေကြတယ်၊ အများကြီးပဲ"

"ဒါဖြင့် ဟုတ်မှာပေါ့"

"ဟုတ်တာက အရေးမကြီးဘူး။ အဓိဋ္ဌာန်ထွက်တဲ့ လပြည့်ညဆို ယုဇနတို့ အလှည့်ရောက်လာရင်အခက်... အမလေး... ကျောချမ်းလိုက်တာ"

ယုဇနက သူ့ကိုယ် သေးသေးသွယ်သွယ်လေး ကြို့ပြရင်း ပြောပြနေပါ၍–

"ဘာကိုလဲ ယုဇနရဲ့"

"အရင် တန်ဆောင်မုန်းလပြည့်နေ့ညကပေါ့။ 'လေးနေ့ထွေး' အသုတ်ခံရတာ၊ 'ကိုမင်းမောင်'တုန်းက သီတင်းကျွတ်လပြည့်'၊ 'မကျေးနု တုန်းက 'ဝါဆိုလပြည့်ည'၊ အခု ပြာသိုလပြည့်ညအတွက် အဓိဋ္ဌာန်ဝင်ဖို့ ပြင်ဆင်နေကြပြန်ပြီ"

"ဟာ...ယုဇနကလည်း စိပ်ပုတီးစိပ် မိဋ္ဌာန်ဝင်တယ်ဆိုတော့ တရားဓမ္မအလုပ်လုပ်လာ မဟုတ်လား။ သက်သတ်လွတ်ကောင်း စားနေ

www.burmeseclassic.com

www.burmeseclassic.com

ကြတာပဲကွယ်၊ လူသတ်ပါ့မလား"

"မစွပ်စွဲဝံ့ပါဘူး။ တိုက်ဆိုင်တာတွေကို ပြောတာပါယဉ်မွန်ရဲ့၊ ဒါနဲ့ ဘိုးတော်မင်းလှကို ယဉ်မွန်မြင်ဖူးလား"

"ဟင့်အင်း..."

"ဟိုတစ်ပတ် ဥပုသ်နေ့က ကန်တော့ခံမယ်ဆိုလို့ ယုဇန ဝင်ခွင့်ရတယ်။ တစ်မျိုးပဲ ယဉ်မွန်ရယ်...၊ ယုဇနနဲ့ မျက်လုံးချင်းဆိုင်မိတယ်။ ရင်ထဲကို စိမ့်သွားတာပဲ။ သူ့အကြည့်က သိပ်စူးတာပဲ။ ဒါပေမဲ့ ခနလေးနဲ့ အကြည့်ကိုလွှဲပြီး မျက်လွှာချနေတယ်"

"ဘာမှ မပြောဘူးလား"

"တစ်ခါတလေ ဓာတ်စီးရင်တော့ ဟောတယ်၊ ပြောတယ်။ ယုဇနတော့ ဘာမှမမေးရဲလို့ မမေးခဲ့ဘူး။ ရှိခိုးပြီး ထွက်လာခဲ့တာပဲ"

"ဦးလေး ဦးဘဆက်ကတော့ တကယ်ကြည်ညိုတာပဲ"

"ဒီလိုလေ...ခုလို စီးပွားဖြစ်လာတာ အဲဒီ ဘိုးတော်ရဲ့ ညွှန်ကြားချက်တွေကို လိုက်နာလို့ ဖြစ်တယ်ဆိုပြီး အရမ်းပစ် ကြည်ညိုနေတယ်။ ရှိခိုးတာတောင် ဘိုးတော်ရဲ့ ခြေကို ဦးတိုက်ပြီး ရှိခိုးတယ်ကွာ တကယ်ပါပဲ"

"ဒေါ်နုနုဝေကျတော့ မကြည်ညိုဘူးဆို... ယုဇနမီလိုက်သေးလား၊ ဒေါ်နုနုဝေကို တွေ့လိုက်သေးလားဟင်..."

"တွေ့လိုက်တယ်...သိပ်ချောတဲ့ အမျိုးသမီးကြီး၊ သူ့သမီးလေး အသတ်ခံရလို့ စိတ်သိပ်မချမ်းသာတာက တစ်ကြောင်း၊ ဘိုးတော်မင်းလှကို မကိုးကွယ်ချင်တာကတစ်ကြောင်းမို့ ဒီအိမ်က ထွက်သွားရှာတယ်"

"ခု...ဒေါ်နုနုဝေက ဘယ်မှာနေသလဲ"

"မသိဘူး...ဦးဘဆက်ကိုယ်တိုင်တောင် မသိဘူးတဲ့"

"ဟင်..."

"ဦးဘဆက်ကလည်း အရင်တုန်းကနဲ့ လုံးဝမတူတော့ဘူး ယဉ်မွန်ရဲ့၊ ဟိုတုန်းကဆို ဘာပြောကောင်းမလဲ။ တစ်ချက်လေးမှအမှားမခံဘူး။ သိပ်ဒေါသကြီးတာ။ ခုတော့ သမီးလည်း သေ၊ ဇနီးလည်းပျောက်လို့ သိပ်စိတ်ဓာတ်ကျပြီး ပုတီးဘက်ရောက်သွားတာ"

"အေးကွယ်...မိခင်ဖခင်နေရာက မဆိုထားနှင့် ဘေးက ကြားရတဲ့ ယဉ်မွန်တို့တောင် လေးနုထွေးအတွက် ရင်နာမိတယ်၊ သနားပါတယ်နော်..."



"ဟုတ်တယ် ယဉ်မွန်...လပြည့်ည နီးလာရင် လေးနုထွေးလိုများဖြစ်နေမလားလို့ ရင်တုန်ရတာ အမောပါပဲ။ ဒီတစ်ခါ ဘယ်သူ့အလှည့်လဲပဲ။ ကဲ...ကဲ... လေးနာရီထိုးပြီ၊ အဘိုးကြီး နာကောက်နေဦးမယ်၊ စာရင်းတွေသွားအပ်တော့လေ..."

ယုဇနသတိပေးလေမှ စားပွဲအံဆွဲ သော့ခတ်ပြီး မန်နေဂျာ ဦးဟန်ညွန့်၏ အခန်းသို့ ပြန်ဝင်ခဲ့ရသည်။

သက်ဆိုင်ရာ တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နေရသော်လည်း...

ယုဇနနှင့် ဆွေးနွေးခဲ့ရသော အကြောင်းရာများ၊ ကြားသိပြီးခဲ့ရသော ဓာတ်လမ်းများတို့သည် ယဉ်မွန်ရည်၏ စိတ်အစဉ်တွင် ပြန်လည်၍ သက်ဝင်လှုပ်ရှားလာခဲ့ရချေပြီ။

"ဩော်...ကံဆိုးမလေး...လေးနုထွေးရယ်"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

နုထွေးတို့အဖြစ်က ရိုမီယိုနဲ့ ဂျူးလိယက်လို နုထွေးတို့နှစ်ယောက် လုံး သေကုန်ကြမှ ဖေဖေတို့ချင်း တည့်ကြတော့မယ်ထင်ပါရဲ့ မောင်မောင် ရယ်"

"သူတို့ချင်း တည့်ဖို့ သေမပေးနိုင်ပါဘူး နုထွေးရယ်။ လူကြီးချင်း ဘယ်လောက်ပဲ အာဃာတကြီးကြီးနဲ့ မုန်းတီးကြပါစေ။ မောင်မောင်မ ပါဘူး။ မောင်မောင် အမျှော်လင့်ဆုံး အတမ်းတဆုံးဆန္ဒက နုထွေးမှ သတ္တိရှိလာနိုင်ဖို့ပါပဲ"

"ခက်တယ်...မောင်မောင်ရယ်ကွယ်"

"မေတ္တာရဲ့ နောက်မှာ အင်အားဆိုတာ အရိပ်လိုပါပဲ နုထွေးရယ် မေတ္တာကြီးရင် အင်အားကြီးလာတာမျိုးပါ။ မောင့်မောင့်ဘက်ကတော့ နုထွေးအတွက်ဆိုရင် အသက်ကို ရင်းပြီး စွန့်စားရပါစေ...မောင်မော စွမ်းဆောင်ပြရဲပါတယ်"

"မောင်မောင့်လိုပဲ နုထွေးလည်း စွန့်ရဲပါတယ် အို...သေရဲတ မောင်မောင်ရယ်...နုထွေး မောင်မောင့်ကို ဘယ်ထိအောင် ချစ်ရပါတ ဆိုတာတွေကို ပြလို့ ရချင်လိုက်တာ...ဒါပေမဲ့..."

"အဲဒီ ဒါပေမဲ့ရဲ့နောက်မှာ ဖေဖေ့အတွက် မေမေ့အတွက်ဆေ ပါလာပြန်ရော မဟုတ်လားဟင် နုထွေး"

"ရဲမောင်မောင်ကိုသာ ယူရင် တို့သားအမိအတွက် တစ်သက်တ

ရတဲ့ ယ

ာမ်းဆုံးကို ရောက်သွားရသလို ဝေးသွားရမှာပါသမီးရယ်၊ ဒီကိုတိုးသျှ

နော်..."

ားနဲ့က လွဲရင် သူတောင်းစားမျိုး၊ ဒွန်းစဏ္ဍားမျိုး ဖြစ်ပါစေ ပေးေ



ပါ့မယ်လို့ သမီးဖေဖေက ပြောထားသားပဲမဟုတ်လား သမီးလေး၊ ဒီကိစ္စ ကို နောက်ဆုတ်လိုက်ပါကွယ်"

"ဒီမှာ နုထွေး...တိုးသျှန်ရဲ့သားက နင့်ကို အတည်ကြံမယ်များ မှတ်နေသလား၊ သူ့အဖေလက်ထက်က ရာဇဝင်ကြွေးကို သူ့သားတွေက အကျေဆပ်ကြလိမ့်မယ်။ ငါ့သမီးရဲ့ဘဝကို ဖျက်ဆီးရင် ငါ့ဘဝပါ ပျက်စီးအောင် သူတို့ဆင်ကြံကြံနေကြတာနုထွေး၊ သမီးလေးရဲ့ အရှက်ရော အသက်ကိုရော သူတို့ချယ်လှယ်ကြလိမ့်မယ်။ နောက်ဆုတ်လိုက်စမ်းပါ ကွယ်"

မိခင်ကြီး၏စကား၊ ဖခင်၏ အမှာအကြားများကို အကြားအာရုံ တွင် ပြန်လည်ထင်ဟပ်လာနေသော လေးနုထွေး၏ ပခုံးလေးကိုကိုင် ပြီး...

"နုထွေးလေး ဘာတွေ တွေးနေတာလဲ အချစ်ရယ်"

"မောင်မောင့်ကို ပြောပြီးသား ဖေဖေတို့ရဲ့ စကားတွေကိုပါ"

"သံသယ မြူညစ်တွေနဲ့ မောင်တို့ရဲ့ မေတ္တာ ဖြူဖြူသန့်သန့်လေး တွေကို မညစ်နွမ်းပါရစေနဲ့လား အချစ်ရယ်။ မောင်မောင့်ကို နုထွေး မယုံ ရဲဘူးလား"

"မယုံဘဲ ချစ်ရဲပါ့မလား မောင်မောင်ရယ်၊ နုထွေးလေ မောင် မောင့်ကိုလည်း သနားတယ်...ဖေဖေမေမေတို့ကိုလည်း သနားတယ်"

"ဩော်...လေးနုထွေးဆိုတဲ့ မိန်းကလေးရယ်၊ ဆုံးဖြတ်ရဲမှပေါ့ ပြတ်သားမှပေါ့။ နုထွေးကို မောင်မောင်တစ်ပတ်အချိန်ပေးမယ်လေ"

"တစ်ပတ်ပြည့်ရင်ရော"

"နုထွေး မောင်မောင့်ဘဝထဲကို ဝင်လာရဲမလား၊ စောင့် ကြည့်မယ်လေ"

"မဝင်လာဖြစ်ရင်ရော"

"နုထွေးနဲ့ အဝေးဆုံးနေရာကို မောင်မောင်သွားတော့မယ်။ နုထွေးနဲ့ ဝေးရမှ၊ မမြင်ရဘဲ ဝေးရတာက ပိုပြီး ရင်နာသက်သာပါလိမ့်မယ် နုထွေး"

"မောင်မောင်ရယ်..."

www.burmeseclassic.com

www.burmeseclassic.com

"မောင်မောင် တောင်းဆိုပေါင်းလည်း များလှပါပြီ၊ ဒီတစ်ခါ နောက်ဆုံးအကြိမ်အဖြစ်နဲ့ မောင်မောင့်ကို အဖြေပေးပါနုထွေး၊ မောင်မောင့်အချစ်ရယ်"

"နုထွေး ဘာလုပ်ရမလဲ မောင်မောင်ရယ်"

"ဒီအဖြေကို နုထွေးကိုယ်တိုင်ပဲ ပေးနိုင်ပါလိမ့်မယ်လေ"

"နုထွေးအတွက် မောင်မောင်အချိန်ပေးတာ တစ်ပတ်တည်းနော်"

"ဟင့်အင်း...ဒီလိုအကျပ်ကိုင်တာ မဟုတ်ရပါဘူး နုထွေးလေး၊ အေးငြိမ်းယုံကြည်စွာ စောင့်ရမယ်ဆိုရင် မောင်မောင် ဆယ်နှစ်စောင့်ရပါစေ စောင့်နိုင်ပါတယ် နုထွေးရယ်။ အခုအခြေအနေက နုထွေးအသိဆုံးပါလေ"

"ဟုတ်တယ် မောင်မောင်...နုထွေးနဲ့မောင်မောင် ချစ်နေကြတာ လူကြီးတွေသိသွားတာ သိပ်ဆိုးတာပဲ"

"မောင်မောင်တို့ဘက်က ဘာပြဿနာမှ မရှိပါဘူး နုထွေး"

"ဟုတ်လို့လား မောင်မောင်ရယ်...ဖေဖေက ပြောတော့ နုထွေးတို့ မိသားစုကို ဖျက်ဆီးဖို့ မောင်မောင့်အဖေက ကြံတာဖြစ်မှာ။ မောင်မောင့်ကို တမင်ချစ်ခိုင်းတာဆိုပြီး နုထွေးရဲ့ အရှက်နဲ့ အသက်ကို..."

"တော်စမ်းပါနုထွေးရယ်... အဓိပ္ပာယ်မရှိတဲ့ စကားတွေ မောင်မောင် နုထွေးကို ဘယ်လောက်ချစ်တယ်ဆိုတာ နုထွေး သိပါတယ်"

"သိပါတယ်။ မောင်မောင့်မေတ္တာကိုလည်း ယုံပါတယ်။ တစ်ပတ်အတွင်း ဆုံးဖြတ်ရမှာသာ ခက်နေတာပါမောင်မောင်ရယ်"

"မောင်မောင်ပြောပြီကော၊ မောင်မောင့်ဘက်က စောင့်နိုင်ပါတယ်လို့...၊ ဒါပေမဲ့ အခြေအနေက မပေးတော့ဘူးနုထွေး၊ မယုံရင်ကြည့်၊ မောင်မောင်နဲ့နုထွေး ကွဲကွာရအောင် နုထွေးကို ဒီပြင်ဦးလွင်က ခေါ်ထုတ်သွားကြလိမ့်မယ်"

"ဟင်း..."

"ဒါကြောင့်ပြောတာပေါ့။ ခွဲခွာဖို့ စီစဉ်ပြီးမှဆိုရင် မောင်မောင်တို့ ဘာမှ မတတ်နိုင်ကြတော့ဘူး။ မောင်မောင်တော့ နုထွေးကို ဘယ်နည်းနဲ့မှ မခွဲနိုင်ပါဘူးအချစ်ရယ်။ နုထွေးအနေနဲ့ နုထွေးမိဘတွေကို သနားသလို မောင်မောင့်ကိုလည်း ငဲ့ညှာပါကွယ်"

ထိုနေ့က ချစ်သူလေးနှစ်ဦး၏ မျက်ရည်စလေးများသည် 'ဒုဋ္ဌဝတီမြစ်ကမ်းပါး'တွင် ကြွေရစ်ကြသည်။

လေးနုထွေး၏ ဖခင်နှင့် ရဲမောင်မောင်တို့ဖခင်နှစ်ဦးသည် သူတို့လေးများ မမွေးဖွားမီကာလကပင် ကြီးမားသော မုန်းတီးခြင်းများဖြင့် တစ်ယောက်နှင့်တစ်ယောက် ဂလဲ့စားချေနိုင်ရန် စောင့်စားနေကြပေသည်ဟု အားလုံးက သိထားကြသည်။

တစ်ချိန်က သူငယ်ချင်းနှစ်ယောက်ဖြစ်ပါလျက် ဘယ်သို့သော အခြေခံအကြောင်းများကြောင့် သည်မျှမုန်းတီးနာကြည်းသွားရသည့်အဖြစ်ကို လေးနုထွေးနှင့် ရဲမောင်မောင်တို့ မသိရှိကြရပါ။

ရဲမောင်မောင်၏ ဖခင်က လေးနုထွေးနှင့် ချစ်နေကြသည့်အဖြစ်ကို အေးစက်သော အပြုံးနှင့် ကြည့်ဖူးသည်မှလွဲ၍ ဘာတစ်ခွန်းမှ ဝေဖန်ချက် မပေးခဲ့။

လေးနုထွေး၏ ဖခင်ကမူ မုန်တိုင်းထန်လိုက်သည်မှ ကမ္ဘာပြောင်းဆန်သွားလောက်အောင်ပါပင်။ ဦးတိုးသျှန်၏သားနှင့်မှ ဖြစ်ရလေခြင်းဟူသော မခံချင်စိတ်က သူ့နှလုံးသားကို ဆတ်ဆတ်ခုန်စေသည်။

ရဲမောင်မောင် ပြောသလိုပါပင်။ တစ်ချိန်မဟုတ်တစ်ချိန်တွင်မူ ရဲမောင်မောင် နှင့် ကွဲကွာစေရန် ဝေးလံသော အရပ်တစ်ခုခုသို့ ပို့ထားဖြစ်လိမ့်မည်ဟု လေးနုထွေးလည်း သိပါသည်။

"သမီးလေးရယ်...ဒီကောင်လေးနဲ့သာ ဆက်ပြီး ဆက်သွယ်နေခဲ့ရင်တော့ မေမေနဲ့ပါ အဝေးကြီး ဝေးကြရတော့မယ်"

ရဲမောင်မောင်နှင့် ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးမှ ချစ်တေးလေးများ သီဖွဲ့လာခဲ့မိသည့်အဖြစ်ကို ချက်ချင်းလို သိရှိကြပြီးသည့်နောက်တွင် ပြောကြားလာသော မေမေဒေါ်နုနုဝေ၏ စကားများ...။

ယခု...

မောင်မောင်ပြောသည့်အတိုင်း မှန်လွန်းလှသည်။ မိမိကို တစ်နေရာရာသို့ ပို့ဆောင်တော့မည့်အဖြစ်ကို လေးနုထွေး တွေးသိလာမိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မေမေ့စကားအရလည်းကောင်း၊ ထည့်သိုပြင်ဆင်နေကြသော အိမ်အစေအပါးများ၏ လှုပ်ရှားမှုအရသော်လည်းကောင်း၊ လေးနုထွေးသိလာရသည်နှင့်…

“ဟုတ်တယ်မောင်မောင်ရေ…နုထွေးကို အဝေးကြီးပို့ကြတော့မယ်။ ဒီတစ်နေ့ တစ်ညလုံး မောင်မောင်စောင့်ကြိုပါ။ အခွင့်သင့်တာနဲ့ နုထွေး ပြေးထွက်ခဲ့မယ်”

ဆိုသော သတင်းစကားများကို လေးနုထွေး၏ လှူယုံတော်မှ တစ်ဆင့် ရဲမောင်မောင်အား မှာကြားလိုက်ရတော့သည်။

အဘက်ဘက်က ပိတ်ဆို့ထားသော်လည်း မေတ္တာအင်အားသည်သာ ကိုးကွယ်ရာအဖြစ် သတ်မှတ်ထားတတ်ကြသော လေးနုထွေးတို့လို ဆယ်ကျော်သက် သည်းနုရွယ်လေးများအတွက် တစ်ချက်တစ်ကွက်ဖြင့် လစ်ဟာမှုများကို တွေ့ကြုံဆုံဆည်းရတတ်သည်ပါ။

အလှကုန်ပစ္စည်းများ၊ ဒါဇင်လိုက် ကာတွန်းလိုက် ထည့်သို၍ထွက်သွားသော ကုန်တင်ကားဖြင့် လေးနုထွေး ပုန်းအောင်းကွယ်ကာလျက် ထွက်လာနိုင်ခဲ့သည်။

ထိုနေ့က တန်ဆောင်မုန်းလဆန်း ၁၄ရက်နေ့။

ရဲမောင်မောင်နှင့် ပေါင်းဆုံမိကြပြီးသည်နှင့် ခြေလျင်ခရီးဖြင့် မနေမနား ပြေးလွှားခဲ့ကြသည်။

ကြိုတင်စီစဉ်ထားသည့်အတိုင်း မထင်မှတ်သော နေရာလေးသို့ အရောက်ပြေးလာနိုင်ခဲ့ကြပါ၏။

“အဘမှို၏ယာတဲ…သို့”

မန္တလေး–ပြင်ဦးလွင် လမ်းခွဲတစ်ခုဖြစ်သော ရွှေစာရံဘုရားလမ်းခွဲမှ တစ်ဆင့်ဝင်ပြီး ယာခင်းများကို ဖြတ်လျက် လမ်းဘက်နှင့် ဝေးလံလှသော ခြံငယ်နှင့် ယာကျယ်တစ်ခုအတွင်းမှ သက်ကယ်တဲအိမ်လေး…

အဝေးမှကြည့်လျှင် ဖြာယှက်နေသော မက်မန်းပင်များကြားတွင် တဲငယ်မှာ ကွယ်လျှိုးနေပေသည်။

“ကြောက်တယ်မောင်မောင်ရယ်…သိပ်ကြောက်တာပဲ”

“မောင်မောင်ကတော့ သိပ်ပျော်တာပဲ၊ မောင်မောင်ရဲ့ အမြတ်နိုး



ဆုံးရတနာ လေးနုထွေးကို ဒီနေ့ မောင်မောင် ပိုင်ဆိုင်ခွင့်ရပြီ…မောင်မောင်ရဲ့ ရင်ထဲကို စမ်းရေလေးတွေစီးပြီး ပန်းပွင့်လေးတွေ ကြွေကျလာပါပြီကော အချစ်ရယ်”

“မောင်မောင်ကလည်းလေ”

ရဲမောင်မောင်နှင့် လေးနုထွေးတို့ ကလေးဘဝကပင် ကြင်နာခဲ့ရသော သံယောဇဉ်ရှိခဲ့ကြသော မေတ္တာဦးကို ပိုင်ဆိုင်လဲလှယ်ယူခဲ့ကြသော အချစ်ဦးသူလေးနှစ်ယောက်ပါ…

တစ်ယောက်နှင့်တစ်ယောက် မတွေ့ရသော ရက်ပိုင်းများတွင် နေ့စဉ် စာလွှာများရေးသား၍ ချစ်မှတ်တမ်းလေးများ တင်ခဲ့ကြသူများပါ။

ရဲမောင်မောင်အနေနှင့် လေးနုထွေကို မတွေ့ဆုံရလျှင်သာ နေနိုင်သည်။ မမြင်ရဘဲနှင့် တစ်ရက်မျှ မနေနိုင်။

ညနေပိုင်း ခြံထဲတွင် လမ်းလျှောက်နေတတ်သော၊ ဘက်တမင်တန် ရိုက်နေတတ်သော လေးနုထွေးကို အဝေးမှပင်ဖြစ်စေ၊ ရဲမောင်မောင်လာရောက် ချောင်းမြောင်းကြည့်တတ်မြဲ ဖြစ်သည်။

အဝေးမှ ငေးခဲ့ရသော လေးနုထွေးမှာ ယခုအခါ မိမိ၏ ရင်ခွင်ထဲသို့ ရောက်ရှိလာခဲ့သည့်အဖြစ်ကို ရဲမောင်မောင် မယုံရဲလောက်အောင်ပင် ချောက်ချားစွာ ဝမ်းသာခဲ့ရသည်။

ယခု ပေါင်းဖက်နိုင်ခြင်း၏ ဒုတိယမြောက်ည…

ဝါရွှေသော အသားဖြင့် မျက်နှာနုနုလှလှလေးလေးနှင့် သေးသွယ် အိဖွေးသော ကိုယ်ခန္ဓာပိုင်ရှင်မလေး နုထွေးမှာ… နွဲ့ပျောင်း သောဆံနွယ်လေးများ ဖရိုဖရဲဖြင့် ရဲမောင်မောင်၏ ရင်ခွင်တွင်းမှာ လူးလွန့်ရာမှ ငြိမ်သက်အိပ်စက်သွားခဲ့ရှာလေပြီ။

အပြင်တွင် ‘လပြည့်ည’မို့ လက ထိန်ထိန်သာနေသည်။ သက်ကယ်နှင့် ဝါးထရံများကြားမှ လရောင်ပြောက်ကလေးများက ချစ်သူနှစ်ဦး၏ ကိုယ်ခန္ဓာပေါ်သို့ ကွက်ကြားလင်းလက်နေစေသည်။

ချစ်မြတ်နိုးစွာ ထွေးပွေ့ထားရာမှ ရဲမောင်မောင်လည်း တဖြည်းဖြည်း မျက်လုံးများ မှေးစင်း၍ အိပ်ပျော်သွားခဲ့လေသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့…ဟဲ့…ဘယ်သူလဲ…ဘာဖြစ်တာလဲ"

"ရဲမောင်…ရဲမောင်"

"အလိုလေးဗျာ…ဒုက္ခပါပဲ…"

"ရဲမောင်…ဟာ…ရဲမောင်"

ယာတဲရှင် အဘမှို၏ အသံများပြာနေအောင် ကျယ်လောင်စွာ အော်ဟစ်သံများကို ဝေးလံသော အရစ်ဆီမှလို ရဲမောင်မောင် ကြားနေရသည်။

နောက်ဆုံးတွင်မှ အဘမှို၏ ဆောင့်ဆွဲမှုကြောင့် ရဲမောင်မောင် ုတ်တုတ်ထထိုင်မိသည်နှင့်…

"အာ…စေးကပ်ကပ်နဲ့ သွေး…သွေးတွေလား နုထွေး…နုထွေး"

ဘေးမှ နုထွေးကို အလန့်တကြား ဖက်ပွေ့ထားလိုက်မိသည်။

လေးနုထွေး၏ နွေးထွေးဆဲ ကိုယ်ခန္ဓာလေးမှာ နွဲ့ပျောင်းစွာ ပါရှိလာသည်။

"ဟင်…အဘမှို…အဘမှို"

"အေး…အေး…မီးအိမ်ယူလာပြီ"

အဘမှိုက သူအိပ်နေရာနောက်ဖေးဆောင်မှ မှန်မီးအိမ်လေးကို ဆွဲယူလာပြီး မီးစာကို မြှင့်တင်လိုက်သည်။

"အမလေးဗျာ…နုထွေးရယ်"

လေးနုထွေး၏ ရင်ဝတည့်တည့်တွင် ဓားမြှောင်တန်းလန်း စိုက် ပျက်…

သွေးများက ယိုစိမ့်စီးဆင်းနေဆဲဖြစ်သော်လည်း လေးနုထွေး ည်သော မိန်းကလေး၏ ချစ်တတ်ရှာသော နှလုံးသားလေးမှာ မလှုပ်ရှား င်ရှာတော့။

ချုပ်ငြိမ်းပြီ…လေးနုထွေး သေဆုံးခဲ့လေပြီတကား။

× × × ×

ဤသည်မှာ ရဲမောင်မောင်ဘက်က ပြန်လည်တင်ပြသော အဖြစ် ပျက်များသာ…

သူဆိုခဲ့သည့်အတိုင်း ဘာမှမသိရပါဟုငြင်းဆိုသည်။

အဘမှိုကို စစ်ဆေးရာတွင် ခွေးဟောင်သံပင် မကြားမိ၊ အိမ်ရှေ့ ဆီမှ ညည်းညူသံ၊ ထွန်းထိုးရုန်းကန်သံများ ကြားမိသည်။ ပထမတွင် ရဲခဲ ဇနီးမောင်နှံ နောက်ပြောင်ကျီစယ်နေသည်ဟု အထင်ရှိခဲ့၍ အသံလည်း မပေး၊ ထွက်၍လည်း မကြည့်ခဲ့မိ…

သို့သော်လည်း နောက်ဆုံးကြားလိုက်ရသော လေးနုထွေး၏ ညည်းသံရှည်ကြီးကို မသင်္ကာစိတ်ကြောင့် ထွက်လာခါမီရာက ယခုလို မြင်တွေ့ရပါကြောင်း အစစ်ခံသည်။

ရဲမောင်မောင်သတ်ပါသည်ဟု မိမိက မစွပ်စွဲလိုသော်လည်း တစ်စုံတစ်ယောက် တက်လာသံ၊ ဆင်းသွားသံများကို သတိမထားမိ မကြား မိလိုက်ပါဟု အစစ်ခံသည်။

ရဲက စစ်ဆေးရာတွင်…

ထိုညဦးက ခြံစောင့်ခွေးကို ကြိုးဖြေ၍ ရဲမောင်မောင်က ခြံပြင် သို့ လွှတ်၍ နှင်ထုတ်ထားခြင်း။

ဒုတိယအချက်အနေနှင့် ယာတဲရှေ့ သုံးကိုက်အကွာတွင် ရဲမောင် မောင်၏ အစ်ကို 'ကိုရဲနောင်'အမည်ထိုးထားသော ပတ်ကား ၅၁ ဖောင် တိန်တစ်ချောင်း လွင့်စဉ် ကျကျန်ရစ်သည်ကို တွေ့ရှိရခြင်းနှင့်…

နောက်ဆုံးအချက်မှာ လေးနုထွေး၏ ရင်ကိုခွဲ၍ အသည်းနှလုံး ကို ထိုးစိုက်ထားသော ဓားမြှောင်မှာ မိမိကိုယ်တိုင် ထာဝရကိုင်ဆောင် သော ဓားမြှောင်ပါဟု ရဲမောင်မောင်ကိုယ်တိုင် ဝန်ခံထားရခြင်းတို့ ဖြစ်ပေ သည်။

ဤအမှုနှင့် ပတ်သက်၍…

အဘမှိုကို တစ်ညခေါ်စစ်သည်။ ကိုရဲနောင်ကို တစ်ပတ်ချုပ်၍ စစ်ဆေးမေးမြန်းပြီး အာမခံနှင့် ခံဝန်ချုပ်ဖြင့် နေနေရဆဲ။

ရဲမောင်မောင်ကိုမူ လုံးဝ အာမခံမပေးဘဲနှင့် ယနေ့ထက် ထိန်းသိမ်းထားဆဲ ဖြစ်ပါ၏။

သားနှစ်ယောက်လုံး ရာဇဝတ်မှုနှင့် စစ်ဆေးခံ ဘခင် ဦးတိုးသျှန်မှာ ရဲဌာနတွင်…

"လောကခံ ရှိတယ်ဆိုတာ ငါယုံပြီ။ ငါ့ဒ

www.burmeseclassic.com

www.burmeseclassic.com

အေးစက်တင်းမာသော အပြုံးများဖြင့် ဦးဘဆက်ကို အားရ ကျေနပ်စွာ စိုက်ကြည့်ပြီး ဦးတိုးသျှန်က…

"အောင်မယ် ငိုလို့။ ကိုယ်ရင်ကို လောင်ကျွမ်းတော့လည်း ပူတတ်သားပါလား ဘဆက်ရ။ ဟင်း…ငါ့အလှည့်တုန်းကတော့…"

"တော်…တော်…ဒီကောင်ကိုပါ ဖမ်းကြပါ။ ဖမ်းကြစမ်းပါ"

ဘဝင်လှျံသည်ဆိုသော အသံများဖြင့် ဦးဘဆက်က အားကုန်ကြုံးအော်ရင်း စားပွဲကွဲမတတ် လက်သီးနှင့် စုံထုသည်။

ဤအဘိုးကြီးနှစ်ယောက်ကို သက်ဆိုင်သူများက လူချင်းခွဲလိုက်ကြရသည်။

တစ်ချိန်က ဘယ်လိုပင် မုန်းတီးနာကြည်းခဲ့ကြရပါစေ၊ ယခုအချိန်တွင် တစ်ဦးတည်းသော သမီးကလေး အသက်ဆုံးရှုံးရခြင်းအတွက် ရှိုက်ကြီးတငင် ငိုကြွေးရလောက်အောင် ပရိဒေဝမီးတောက်လောင်နေရှာ သော ဘဆက်ကို သက်သက်လာ၍ ဒုက္ခပေးစကားများ ပြောရက်သော ဦးတိုးသျှန်ကိုမြင်ရသူ ကြားရသူအပေါင်းက မုန်းတီးရွံရှာမိကြသည်။

ဆက်ဆံရေး မပြေလည်သော၊ ရိုင်းစိုင်း၍ သီးခြားနေတတ်သော၊ သူတို့သားအဖငါးဦးတွင် ပတ်ဝန်းကျင်မရှိ။ ဘယ်သူနှင့်မှ မတည့်ကြ။

ယခုကိစ္စတွင် ရဲမောင်မောင်ကိုယ်တိုင် မသတ်ဘိဦး။ သူတို့ဘက်က ပယောဂမကင်းနိုင်ဟူသောအတွေးများသည် ရဲနှင့်အတူ လူတိုင်း၏ အာရုံတွင် သက်ရောက်နေတော့သည်။

တစ်ဦးတည်းသော သမီးချောလေး၏ အလောင်းကို မြင်တွေ့လိုက်ရသော ဖခင်ကြီး ဦးဘဆက်မှာ ရူးသွပ်သွားပြီလားဟု ထင်ရလောက်အောင်ပင် ဆောက်တည်ရာမရရှာ။ သူ့ငိုကြွေးမှုက လူတိုင်းသို့ လူတိုင်းသို့ ကူးစက်ပြန့်နှံ့ခဲ့ရသည်။ မြင်တွေ့သူတိုင်း မျက်ရည်မဆည်နိုင်ကြ။

~၂၂~ မိခင် ဒေါ်နုနုဝေသည် သမီးအဖြစ်ကိုပင် မြင်တွေ့ခွင့်မရရှာတော့။ ချုံပြသွား၍ ဆေးရုံသို့ တန်းတင်ခဲ့ရသည်။ သမီးလေး၏ အသုဘ ...ဂိုနိုင်ရှာ။

ဤသည်မှာ ရ…ရာက် ရဲမောင်မောင်တစ်ယောက်တည်းသာ ညှိုးချုံး …ပျက်များသာ… …သည်။

သူဆိုခဲ့သည့်အတ…



ကျန်သားသုံးယောက်နှင့် ဦးတိုးသျှန်မှာ မေးကြောကြီးများ ထင်းအစွာဖြင့် မျက်လုံးများက ပြုံးနေကြသည့်အဖြစ်ကို မကြည့်ရဲစရာ …က်ဆုတ်ဖွယ်ရာ အားလုံးက မြင်တွေ့ခဲ့ကြရသည်။

ဤသည်တို့မှာ ပြင်ဦးလွင် ဝန်းကျင်ဆီမှ သိတဂူမြို့ငြိမ်ခြိမ်ကြီး၏ …စိတ္တဇလေပြည်ညှာများအတွက် အခြေခံလာမည့် ဇာတ်လမ်း၏ နိဒါန်းအကြောင်းရာမျှသာ ဖြစ်ပါသတည်း။

× × × ×

…လေးနှ

… ဒီတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

ယဉ်မွန်ရည်မှာ ယုဇနထံမှ ကြားသိခဲ့ရသမျှသော လွမ်းဆွတ်ဖွယ်၊ ချောက်ချားဖွယ်၊ မုန်းတီးဖွယ်အကြောင်းအရာများကို ပြန်လည်၍ တွေးနေမိတော့သည်။

"မယဉ်မွန်ရည်၊ ဦးလေးက ပြောခိုင်းတယ်။ ဘိုးတော်ကို ကန်တော့ချင်ရင် ဒီည ၇နာရီလောက် တက်လာခဲ့ပါတဲ့"

ဦးဘဆက်က ပြောခိုင်းသည်ဆိုပြီး အိမ်တော်အလုပ်သမားတစ်ယောက်က ပြောကြားလာသည်။ သိမြင့်လှိုင်ဓာနှင့် ရုတ်တရက်ခေါင်းညိတ်မည် လုပ်ပြီးကာမှ...

"ယဉ်မွန့်တစ်ယောက်တည်းကို ခေါ်ခိုင်းတာလားဟင်၊ ဒီည အဓိဋ္ဌာန် ဝင်ကြမယ်ကြားတယ်။ ဘယ်သူတွေ ဝင်ကြမှာလဲ၊ အမျိုးသမီးတွေရောပါသေးလား"

သုံးထပ်တိုက်ကြီး၏ အပေါ်ဆုံးထပ်မှ ဓာတ်ခန်းဆိုသော နေရာသို့ တစ်ယောက်တည်း သွားသင့်၊ မသွားသင့် ချင့်ချိန်ရင်း မေးလိုက်မိသည်။

ဘိုးတော် မင်းလူဆိုသည်ကို တွေ့ချင်လှေလာချင်မိပါသော်လည်း မိမိတစ်ယောက်တည်းကို ရွေး၍ခေါ်သည်လား။ ဘာများလုပ်မလို့ပါလိမ့်ဟူသော သံသယတွေးလေးများကြောင့် ဆုတ်ဆိုင်းနေမိရသည်ပါ။

"ဟုတ်တယ်၊ ဒီည လပြည့်ညမို့ အဓိဋ္ဌာန်ဝင်ကြမှာ။ ယဉ်မွန်ကနီးတယ်၊ အေးတယ်၊ အလုပ်ကြိုးစားတယ်။ ဒါကို ဦးလေးက သဘောကျလို့ ကျွန်များ ဓာတ်ခန်းကို ဝင်ခွင့်ပြုတာနေမှာပေါ့။ ဖူးခွင့်ပေးတုန်း ဘိုးတော်သူ့ဆိုခဲ့ဒယ်လို့ ဦးလေးက ပြောတယ်"



"ဦးလေး စေတနာကို ကျေးဇူးတင်ပါတယ်။ ဒီညဖူးခွင့်ပေးမှာ ယဉ်မွန့်တစ်ယောက်တည်းကိုလား"

"ဟာ... ဒီလိုတော့ မဟုတ်ပါဘူး။ ဘိုးတော်ကို ကြည်ညိုပြီး ဆေးယျာဝစ္စလိုက်ပြုစုနေတဲ့ အမျိုးသမီးကြီးတွေလည်း ရှိပါတယ်။ ပြီးတော့ ဒီည ဓာတ်စီးလိမ့်မယ်။ ဒါကြောင့် မေးချင်တာလည်း မေးရအောင်ပေါ့။ ဒီအခွင့်အရေးမျိုး ရခဲတယ်။ မယဉ်မွန်သွားဖြစ်အောင် သွားဖူးပါ"

"နေပါဦးရှင်။ ဒီည ဓာတ်စီးမယ်ဆိုတာ ဘာလဲဟင်"

"သြော်...ဓာတ်စီးတယ်ဆိုတာ အထက်ပုဂ္ဂိုလ်တွေက ကူညီတဲ့သဘောပေါ့။ ဓာတ်စီးပြီး ဟောရင် အားလုံးမှန်တတ်တယ်"

"တခြားအမျိုးသမီးတွေလည်း ရှိမယ်ဆိုရင်တော့ ယဉ်မွန်တက်ခဲ့ပါ့မယ်။ မယုံလို့ မဟုတ်ပါဘူး။ မလေးစားတဲ့သဘောမျိုးဖြစ်သွားမှာစိုးလို့ပါနော်"

ဘိုးတော်မင်းလူ၏ ဓာတ်ခန်းဆိုသည်ကို သွားရောက်လှေလာခွင့်ရမည့်အတွက် ကျေနပ်မိပါသော်လည်း စိတ်ထဲက္မမှု စိုးရွံ့ထိတ်လန့်နေမိဆဲပါ။

ကိုယ့်အတွက် ရရှိထားသော ခြံနောက်ဖေးမှ အခန်းကျဉ်းလေးထဲတွင် တစ်ကိုယ်ရည်ကိစ္စများ ဆောင်ရွက်ရင်း အချိန်ကို ကုန်လွန်စေရသည်။

ညဉ့် ၇နာရီ ရှိပါပြီ။

သိမ်းဆည်းဖွယ်ရာများကို သိမ်းဆည်း၊ ယူဆောင်သင့်သည်များကို ယူဆောင်၍ သီတဂူမြိုင်၏ ပင်မတိုက်ကြီးဆီသို့ လာခဲ့ရသည်။

လပြည့်ညမို့ လဝါဝါဝိုင်းဝိုင်းကြီးက ခြံပေါ်မှ ထင်းရှူးပင်ကျော်ကျော်တွင် ထိန်ထိန်သာနေပေသည်။

"အရင် တန်ဆောင်မုန်းလပြည့်နေ့ညကပေါ့။ လေးနုထွေး အသတ်ခံရတာ၊ ကိုမင်းမောင်တုန်းက သီတင်းကျွတ်လပြည့်နေ့၊ မကျေးနုတုန်းက ဝါဆိုလပြည့်နေ့ညမှာ အသတ်ခံရတာ"

"ဒီည ပြာသိုလပြည့်နေ့ညနော်။ လပြည့်ညနီးလာတိုင်း လေးနုထွေးလိုများ ဖြစ်ရမလားလို့ ရင်တုန်ရတာ အမောပါ။ ဒီတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့အလှည့်လဲပဲ"

ယုဇနစကားများကြောင့် ယဉ်မွန်ရည် ကြက်သီးများ ဖြာသွ မိသည်။ ထင်းရှူးရိပ်များက လက်မည်းကြီးများနှင့် ဖမ်းဆွဲတော့မလို ယိ ထိုးနေပေသည်။ မောမြေဦး၏ ဆောင်းလေမြူးက အသည်းစွဲလော အောင် စိမ့်အေးတုန်ခိုက်စေသည်။

ယဉ်မွန်ရည်မှာ တိတ်ဆိတ်ခြင်းနှင့် အရိပ်မည်းကြီးများကို လွ မြောက်စေရန် ကြောက်စိတ်များကို တနင့်တပိုး သယ်ယူရင်း သီတဂူမြိ တွင်းသို့ ကသုတ်ကရက် ပြေးဝင်လာမိသည်။

"ဘယ်လိုဖြစ်လာတာလဲ"

ပေါ်တီကို အုတ်တိုက်အကွယ်မှ ဘွားခနဲ ထွက်လာပြီး မေးလ ၍ ယဉ်မွန်ရည်မှာ ကြောက်စိတ်နှင့် လန့်စိတ်တို့ ရောထွေးလျက်…

"ချမ်း…ချမ်းလွန်းလို့ ပြေးလာတာပါ"

အဖြေသာ ပေးလိုက်ရသည်။ မီးရောင်ကို ကျောပေး၍ သူရပ်နေ သဖြင့် ဘယ်သူဘယ်ဝါဟူ၍ ယဉ်မွန်ရည် မသိရသေးပါ။

"လက်ထဲမှာလည်း ဖယောင်းတိုင်၊ အမွှေးတိုင်ထုပ်တွေ အမိဋ္ဌာန်ဝင်ပုတီးစိပ်ပွဲကို သွားမလို့လား"

သည်တော့မှ သူ့အသံကို ကျက်မိသည်။

ကိုကြည်ညို ဆိုတဲ့လူ…

"ရှင်က ဒီမှာ ဘာလာလုပ်နေတာလဲ"

"ကျွန်တော်လည်း ပျင်းတာနဲ့၊ ပြီးတော့လည်း ဒီည ပုတီးစိပ် ဆိုတာကိုလည်း စိတ်ဝင်စားမိလို့"

"သြော်…သြော်…ယဉ်မွန် အပေါ်တက်လိုက်ဦးမယ်နော်"

"နေ…နေပါဦး မယဉ်မွန်ရည်"

သူ့ကို လွန်လျှောက်သွားပြီးသား ယဉ်မွန်ရည်က ပြန်လည် လှည့်ကြည့်ရသည်။

"ကျွန်တော်လည်း လိုက်ခဲ့ပါရစေလား၊ ဘိုးတော်မင်းလူဆိုတဲ့ ကို ကျွန်တော်လည်း ဖူးချင်လို့ပါ"

"ဒါ ယဉ်မွန့်အိမ်လည်း မဟုတ်ဘူး။ ယဉ်မွန့်ကိစ္စလည်း မဟုတ်



ဘူး သူဖွေးက ခေါ်လို့ သွားရတာ။ ကျေးဇူးပြုပြီး ဒီအိမ်ကိစ္စနဲ့ ပတ်သက် ပြီး ယဉ်မွန့်ကို လာပြီး မစပ်စုပါနဲ့လား ကိုကြည်ညို။ ယဉ်မွန့်ကို ခွင့် လွှတ်ပါ"

စကားများကို တစ်ဆက်တည်းပြောလျက် တိုက်ထဲသို့ ယဉ်မွန် ဝင်လာခဲ့ရသည်။

လှေကားထိပ်တွင် ကျေနပ်သော အပြုံးများဖြင့် ယဉ်မွန်ရည့်ကို ကြည့်ပြီး ခေါင်းညိတ်လျက် ကျန်ရစ်သူက မန်နေဂျာ ဦးဟန်ညွန့်။

သူသည် ယဉ်မွန်ရည်၏ စကားများကို ကြားသိပြီးဖြစ်၍ ယဉ်မွန် ညို့အပေါ်တွင် ကျေနပ်နှစ်သက်စွာ ရှိနေလေသည်ဟု ယဉ်မွန်ရည် တွေး ဆင်လာနိုင်ခဲ့ပါ၏။

မန်နေဂျာဦးဟန်ညွန့်ကို အောက်ဆုံးထပ်တွင် တာဝန်ချထား သေသလားမသိ။ သူက လှေကားဘေးမှ လျှောက်သွားပြီး မီးဖိုရှေ့ရှိဆိုဖာ ပေါ်တွင် ဝင်ထိုင်၍ ဆေးတံကို ခဲနေသည်။

ယဉ်မွန်ရည် ဆက်လက်၍ တက်လာခဲ့ရသည်။ သုံးထပ်လှေကား ကို တက်အံ့ဆဲဆဲတွင်…

"နေဦး…မိန်းကလေး၊ အပေါ်မှာ ဗိုလ်မှူးကတော်တို့ မေးနေကြ သေးတယ်။ ဒီကပဲစောင့်"

သီတဂူမြိုင်၏သော့ကိုင် စားဖိုမှူးချုပ် 'ဒေါ်အိမ်ဖြူ'က ဟန့်တား ထား၍ ယဉ်မွန်ရည်မှာ အလယ်ထပ်တွင် ယောင်လည်လည်နှင့် ကျန်ရစ်ရ သည်။ အဘွားကြီးကမူ အပေါ်ထပ်သို့ ဆက်လက်တက်သွားချေပြီ။

သူခွင့်ပြု လွှတ်ပေးမှ တက်ရမည်မို့ ယဉ်မွန်ရည်မှာ တိုင်ကပ်နာရီ အောက်တည့်တည့်မှ ကုလားထိုင်တွင် ရိုရိုလေး ထိုင်နေမိသည်။ ခေါင်းရင်း ခန်းမှ နိုင်ငံခြားဖြစ် ဆိုဖာစုံတွင် ဝင်မထိုင်ရဲပါ။

အလင်းရောင်စူးစူး၏ အောက်တွင်ထိုင်နေပြီး အတော်ကြီးကြာ လေမှ အပြင်ဘက် ဝရန်တာဆီသို့ ကောင်းစွာမြင်လာရသည်။

"အမျိုးသမီးတစ်ယောက်ပါလား"

ကျောလယ်တွင် ဆံပင်များ ဖြာဖြာဝေအောင် ဖြန့်ချထားသော အမျိုးသမီးတစ်ယောက်၏ သွယ်နွဲ့နွဲ့ အမှုအရာဖြင့် ကျောပေးရပ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်ရသည်။

ယဉ်မွန်ရည် ကြာမြင့်စွာ ကြည့်နေသည့်တိုင် အမျိုးသမီးက လှု
မလာ။ အုတ်တိုင်ကို ခေါင်းမှီလျက် ကျောက်ဆစ်ရုပ်တစ်ခုလို ငြိမ်သက်စွ
ရပ်နေမြဲမို့ ယဉ်မွန်ရည်၏ စိတ်ထဲတွင် သိချင်စိတ်က ပြင်းပြလာမိသည်

"ဘယ်သူများပါလိမ့်"

ယင်းအတွေး၏ အဖြေကို ရလိုသည့်နှင့်...

"ယုဇနလား...ဟင်"

မဟုတ်မှန်းသိပါလျက်နှင့် သူနောက်သို့ လှည့်လာဖြစ်စေရန်
အသံပေးလိုက်ရခြင်းပါ။

"ယုဇနမဟုတ်ပါဘူးရှင်၊ နန်းမြင့်မေပါ"

"ဩော်...မှားမေးမိတာ စိတ်မရှိပါနဲ့နော်"

"ရပါတယ်"

သူ့အသံလေးက သာယာလွန်းလှသည်။ ညင်သာရုံမက အသံ
လှိုင်းလေးများက တုန်ခါလွန်းနေသည်။ အသံကြားသနားပါစေဆိုသော
ဆုတောင်းများ ပြည့်လေသလားမသိပါ။ သာယာလွန်းသော သူ့အသံလေး
ကို ကရုဏာသက်သွားမိ၍ တံခါးဝမှ မခွာဖြစ်သေးဘဲ 'နန်းမြင့်မေ'ဆိုသူ
၏ အသွင်ပြင်ကို ငေးကြည့်မိနေဆဲ သူနောက်သို့ လှည့်လာသည်။

နန်းမြင့်မေ၏ မျက်ဝန်းတစ်ဝိုက်ဝယ် ငွေရည်စက်ကလေးများ
လက်လို့ပါလား။ ယင်းအသိဖြင့် သူ့ကို ငေးကြည့်နေဆဲ...

"မမက ဒီသီတဂူမြို့ပေါ်မှာ နေတာလားဟင်"

"ဟုတ်ပါတယ်...ဒါပေမဲ့ ဒီတိုက်ကြီးပေါ်မှာတော့ မဟုတ်ပါဘူး။
နောက်ဘက်က အလုပ်သမားတန်းလျားမှာပါ။ ဒါနဲ့...ညီမလေးကို အရင်
က သီတဂူမြို့ပေါ်မှာ မမြင်မိပါလား"

"ဟုတ်ကဲ့...ဒီနေ့မှ ရောက်လာတာပါ"

အားငယ်သော မျက်ဝန်းလေးများဖြင့် ကြည့်နေသော နန်းမြင့်မေ
ကို ယဉ်မွန်ရည်က ကရုဏာသက်စွာဖြင့် ကြည့်ရင်း...

"ဘာဖြစ်လို့ ငိုနေတာလဲကွယ်၊ မမ ကူညီလို့ ရမယ့်ကိစ္စမျိုးဆိုရင်
နိုင်းပါနော်"

နန်းမြင့်မေက ခေါင်းခါသည်။

'နန်းရဲ့ဒုက္ခက ဘယ်သူမှလာပြီးကယ်လို့မရတဲ့ ဒုက္ခမျိုးပါရှင်"

"အို...ဒီလောက်တောင်ပဲလားကွယ်၊ ဒါနဲ့ ဒီကို အလည်လာတာ
လားဟင်"

"မဟုတ်ပါဘူး။ နန်းပြန်လာတာပါ"

"ပြန်လာတာဆိုတော့ အစက ဒီအိမ်သားပေါ့နော်"

"ဟုတ်ပါတယ်...ဒေါ်နုနုဝေဟာ နန်းရဲ့ အဒေါ်အရင်းပါ"

"ဩော်...ဟုတ်ပြီ။ ဒါဆိုရင် နန်းရဲ့အခက်အခဲကို မမမှန်းဆမိပါ
ပြီ။ ဒေါ်နုနုဝေ ဒီသီတဂူမြို့ပေါ်မှာ ရှိမနေတဲ့အတွက် ညီမလေးအားငယ်နေ
တယ်ထင်ပါရဲ့နော်"

"ဒါပေါ့မမရယ်...ဒါပေမဲ့ နန်းပြန်လာတဲ့အချိန်မှာ အန်တီဝေ
တစ်ယောက် သီတဂူမြို့ပေါ်မှာမှ ရှိနေခွင့် ရပါတော့မလားလို့ ဟိုအရင်
ကတည်းက နန်းတွေးမိပြီးသားပါ၊ ခုတော့ အန်တီဝေပျောက်ရုံမကဘဲ
ညီမလေး လေးနုတွေးပါ အဖြစ်ဆိုးနဲ့ သေဆုံးသွားရလို့ ရင်ထဲမှာ နာလိုက်
တာ"

"ဟုတ်မှာပေါ့၊ မမြင်လိုက်ရတဲ့ မမတို့မှာတောင် လေးနုတွေး
အတွက် ရင်နာမိရပါတယ်"

"အင်းပေါ့လေ... လေးနုတွေးအဖို့မှာတော့ အားလုံး ပြီးဆုံး
ချုပ်ငြိမ်းသွားခဲ့ပြီပေါ့...အင်း...နန်းရဲ့ဘဝကတော့ ဘယ်လောက်ကြာ
အောင်များ ရဲလမ်းမှာ လျှောက်နေရဦးမယ် မသိဘူး"

"နန်းမြင့်မေ...ဘာကို ဆိုလိုတာလဲဟင်"

"ဒီအမေးရဲ့ အဖြေဟာ နန်းရဲ့ ရင်ထဲမှာ ရှိနေတယ်မမ၊ ဒါပေမဲ့
ဘယ်တော့မှ ထုတ်ဖော်တင်ပြခွင့် ရမှာ မဟုတ်ပါဘူး၊ ဟော ဟိုမှာ ဒေါ်
အိန္ဒြေဆင်းလာနေပြီ"

လှူချင်းခွဲလိုက်ရသည်။ ဒေါ်အိန္ဒြေကလက်ယပ်ခေါ်သဖြင့် အပေါ်
သို့ တက်လာခဲ့ရပါ၏။ စိတ်ထဲ၌မူ မျက်ရည်စက်လက်နှင့် ကျန်ရစ်ခဲ့သော
နန်းမြင့်မေ၏ အဖြစ်ကိုသာ တွေဝေစွာ တွေးနေမိတော့သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ကလေးမ ဒီကိုရောက်လာတာ အကြံအစည်တစ်ခုခုနဲ့ ရောက်လာတာမဟုတ်လား"

"ရှင်..."

"လန့်မနေနဲ့ မေးနေတာသာ ဟုတ်ရင်ဟုတ်တယ် မဟုတ်ရင် မဟုတ်ဘူး ဖြေပါ"

ယဉ်မွန်ရည်မှာ ရင်ထိတ်ထိတ်ခုန်လာသည်။ စူးရှစွာ ကြည့်နေသော ဘိုးတော်မင်းလူ၏ အကြည့်ကို လွှဲ၍ မျက်လွှာချလိုက်ရသည်။ သက်ပြင်းရှိုက်၍ စိတ်ကို တင်းလိုက်ရသည်။ မျက်နှာထားကိုပါ ဂရုစိုက်၍ ပြင်လိုက်ပြီးမှ...

"မှန်ပါတယ်ရှင်...ရည်ရွယ်ချက်နဲ့ ဒီမှာလာပြီး အလုပ်လုပ်နေရတာပါ။ ကျွန်မရဲ့ ရည်ရွယ်ချက်ကတော့ အလုပ်ကြိုးစားလုပ်၊ ငွေစုပြီးရင် ကျွန်မ...ကျွန်မ လက်ထပ်မလို့ပါ"

"တခြားရော'

"ကျွန်မချစ်သူနဲ့ လက်ထပ်နိုင်ခွင့်ရဖို့ဟာ ကျွန်မရဲ့ အဆုံးစွန်သော ရည်ရွယ်ချက်ပါရှင်"

"ကလေးမ အမျိုးသားက ဘာနေ့သားလဲ"

"ကြာသပတေးပါ"

"ကလေးမကတော့ စနေမဟုတ်လား"

"ရှင်...ဟုတ်ပါတယ်"

"အေး...နေ့ချင်းတော့ မသင့်လို့ အားလုံးရှောင်ကြ ကြောက်ကြ



တဲ့နေ့ပဲ။ မွှာသောက အင်းဝရာဇာ အိမ်ထောင်ဖက် အသက်မရှည်တဲ့ ကလေးမတို့က စနေ၊ ကြာသပတေးဆိုတော့ မွှာကိန်းကျတယ်။ ဒါပေမဲ့ ကိစ္စမရှိဘူး။ ဘိုးတော် ဓာတ်ဆင်ပေးမယ်။ အိုအောင်မင်းအောင် ပေါင်းရအောင် လုပ်ပေးမယ် ဘယ့်နှယ့်လဲ"

"ကျေးဇူးပါပဲရှင်"

"နောက်ရော၊ ဘာများသိချင်သေးလဲ"

"အဲဒါဆို လုံလောက်ပါပြီရှင်"

"အေး...နေစမ်းပါဦး"

ဘိုးတော်မင်းလူက မျက်စိမှိတ်၍ မျက်နှာမော့ပြီး အသံမထွက်ပါဘဲနှင့် ပါးစပ်က တစ်စုံတစ်ရာပြောနေသလို လှုပ်ရှားခေတ္တလှုပ်ပြီးနောက်

"ကလေးမ အမျိုးသားက ဒီမှာမရှိဘူး။ ရေခြားမြေခြားမှာ ဆိုပါလား"

"ရှင်...ဟုတ်...ဟုတ်ပါတယ်"

"အေး ဘိုးတော် အာရုံရတယ်။ သူ့မှာ အန္တရာယ်တစ်ခုတော့ တွေ့နေတယ်"

"ရှင်..."

"မပူနဲ့...ဘိုးတော် ဒီညပုတီးစိပ်ပြီး မေတ္တာပို့ပေးမယ်၊ ကြာသပတေးသားနော်"

"မှန်ပါတယ်ရှင်"

"ရေကြောင်းဘက်ကများလား"

"ဟုတ်ပါတယ်...သူ သင်္ဘောလိုက်သွားပါတယ်။ အခုစင်ကာပူနိုင်ငံမှာပါ"

"အင်း...မြင်တယ်၊ ကဲ...ကဲ...မပူနဲ့ ဘိုးတော် မေတ္တာပို့ပြီး အားလုံး လုပ်ပေးမယ်ဟုတ်လား၊ ဒီမှာ"

"ဟုတ်ကဲ့"

"ကလေးမ ရည်ရွယ်ရင်းအတိုင်း အလုပ်ကို ကြိုးစားလုပ်ပါ ရိုးရိုးသား ငွေစု ဟုတ်ပြီလား၊ မမှန်မကန် ကြံစည်ရင်တော့ ဘိုးတော်အားလုံး သိနိုင်နေမယ်လို့ မှတ်ထား ကြားလား၊ ကဲ...ကဲ...အထက်ဆရာကြီးများ

www.burmeseclassic.com

www.burmeseclassic.com

ကို ကန်တော့ပြီး သွားနိုင်ပြီ"

ဘိုးတော်မင်းလူ၏ နောက်ဘက်ဆီမှ ငှက်ပျောပွဲ၊ အုန်းပွဲများနှင့် ယဉ်မွန်ရည် မသိသော ရုပ်တုများကို ကန်တော့ပြီး ဘိုးတော်မင်းလူကိုပါ ကန်တော့လိုက်သည့်အခါ...

"အေး...ချမ်းသာပါစေ၊ ချမ်းသာပါစေ၊ ငါ့တပည့် အခက်အခဲရှိရင် ဘာမဆို ဘိုးတော်ကို ပြောနော်ကြားလား။ အေး...သွားတော့၊ သွားတော့ ရော့...အဲဒါဆောင်ထား"

ဖယောင်းတိုင်၊ အမွှေးတိုင်များ၏ မီးခိုးငွေ့များနှင့် မွန်းကျပ်နေသော ဘိုးတော်မင်းလူ၏ ဓာတ်ခန်း ရှုပ်ရှုပ်ထွေးထွေးအတွင်းမှ ယဉ်မွန်ရည် ထွက်လာခဲ့ရသည်။ လက်ထဲတွင် ဘိုးတော်ပေးလိုက်သော ဓာတ်လုံး ...တစ်လုံးကို ဆုပ်ကိုင်လျက်...

အပေါ်ထပ် အိမ်ရှေ့ခန်းတွင် အမျိုးသား လေးငါးဦးနှင့် အမျိုးသမီးကြီး နှစ်ဦးတို့ ရှိနေကြသည်။ ပုတီးကိုယ်စီ၊ တဘက်ကိုယ်စီနှင့် အဓိဋ္ဌာန် ဝင်ကြမည့် ပုဂ္ဂိုလ်တွေထင်ပါရဲ့။

ယဉ်မွန်ရည် လှေကားမှ တည်ငြိမ်စွာ ဆင်းလာခဲ့ရသည်။ အလယ်ထပ်အရောက်တွင် နန်းမြင့်မေက တစ်ခုခု ပြောလိုဟန်ဖြင့် ယဉ်မွန်ရည်ကို စောင့်ကြိုနေသလို ရှိသည်။

နောက်ဘက်မှာ...ဒေါ်အိမ်မြ...

မလုံမလဲနှင့် နန်းမြင့်မေက လှည့်ကြည့်၍ ယဉ်မွန်ရည်ပါ ကြည့်လိုက်မိသည်။ ကြွံခိုင်တောင့်တင်း၍ အရပ်ရှည်လျားလွန်းသော ဒေါ်အိမ်မြသည် နန်းမြင့်မေကို မလိုမုန်းထားသလို စိမ်းစိမ်းကြီး စိုက်ကြည့်နေပေသည်။

နန်းမြင့်မေ ဘာမှမပြောရဲရှာတော့။ အားလျော့ညှိုးငယ်သော အသွင်ဖြင့် ခေါင်းလေးငုံ့သွားရှာသည်။

ယဉ်မွန်ရည်သည်လည်း ဒေါ်အိမ်မြ၏ မျက်နှာစိမ်းစိမ်းကြီးကြောင့် ခေါင်းငုံ့လျှိုးလျက် လှေကားထက်မှ ဆင်းသက်ခဲ့ရသည်။

အလယ်ထပ် လှေကားကို ဆင်းသက်နေဆဲတွင် တစ်အိမ်လုံး မှောင်ကြီးအတိ ကျသွားတော့သည်။ လျှပ်စစ်မီးများ ပြတ်တောက်သွားလေပြီ။



ယဉ်မွန်ရည်မှာ လှေကားလက်ကိုင်ကို မြဲမြဲဆုပ်ပြီး မျက်စိစုံမှိတ်ထားလိုက်သည်။ သတိမြဲမြဲစွာထားပြီးမှ မျက်စိကို အမှောင်ကို ကျင့်သားရအောင် အာရုံစိုက်ကြည့်ရသည်။ ပြီးမှ တဖြည်းဖြည်းချင်း လှေကားထက်မှ ဆင်းသက်လာမိသည်။

"မမ..."

"မမ..."

"ဟာ...ဟာ...အင့်"

ဟူသော အသံလေးများ တစ်ဆက်တည်း ထွက်သွားရသည်။

အကယ်၍ ယဉ်မွန်ရည်သည်သာ သတိနှင့် တောင့်မထားပါလျှင် ပြေးဆင်းလာသော နန်းမြင့်မေရော ယဉ်မွန်ရည်ပါ ရောထွေးလိမ့်ကျသွားဖွယ်ရာ ရှိပါ၏။ ယခုမူ မိန်းမသားနှစ်ယောက် အရှိန်ပြင်းစွာ တိုက်ထိမိရုံသာ...

"မမ...မမ...မှောင်နေတုန်း နန်းတို့ ထွက်ပြေးကြရအောင်ပါ။ နန်းကို ခေါ်သွားပေးပါ။ နန်းကို ဖယ်ထုတ်သွားပေးပါ။ နန်းကို ဖယ်ထုတ်သွားပေးပါမမရယ် ရှိခိုးပါရဲ့"

"ဟင်...နန်း"

မှောင်ထဲတွင် သူ့ကို စမ်းမိသည်။ မျက်နှာတွင် မျက်ရည်များ အိုင်ထွန်းလျက်၊ ချမ်းလွန်းသော ညဝယ် သူ့တွင် ချွေးစေးများ ပြန်လျက်နှင့် တစ်ကိုယ်လုံးတုန်နေရှာသည်။

ယဉ်မွန်ရည်မှာ နန်းမြင့်မေကို ကူညီပေးသင့်သည်လား၊ ငြင်းဆန်လိုက်ရမည်လားဟူ၍ ဝေခွဲရန် ခက်ခဲနေဆဲတွင်...အားပျော့မှိန်သော အလင်းရောင်တစ်ခုက ယဉ်မွန်ရည်တို့ ပေါ်သို့ အုပ်မိုးလာသည်။

ဤအလင်းတန်း၏ အဆုံးတစ်နေရာတွင် ဒေါ်အိမ်မြ၏ မျက်နှာ။

ဖန်မှန်အိမ်ကို သူ့မျက်နှာဘေးတွင် မြှောက်ကိုင်ထားသည်။

တစ်ခြမ်းလင်း တစ်ခြမ်းမှောင်နေသော သူ့မျက်နှာကြီးမှာ[illegible]သ ရိပ်များဖြင့် ခက်ထန်မာကြောနေပေသည်။

အောက်ခြေမှပင့်ကြည့်ရသော ယဉ်မွန်ရည်တို့အ[illegible] ဒေါ်အိမ်မြ၏ မျက်နှာသည် ကဝေမကြီးဆိုသော ပုံပြင်ထဲက ရုပ်ပုံ[illegible]က်ပင် ကြောက်

www.burmeseclassic.com

www.burmeseclassic.com


စရာကောင်းမည် ထင်မိသည်။

"နန်း မြင့် မေ..."

ဒေါ်အိန္ဒြေက အသံကြီး ဝါဝါကြီးနှင့် လှမ်းခေါ်လိုက်သည်။ နန်းမြင့်မေမှာ ယဉ်မွန်ရည်၏ လက်မောင်းသားများ ပွဲပါသွားမတတ် အင်နှင့်အားနှင့် ဆုပ်ဆွဲထားရှာသည်။ အားကိုးတကြီး အကြည့်လေးများနှင့် ယဉ်မွန်ရည်ကို ကြည့်လာသည်။

"တက်ခဲ့လေ...သီတဂူမြိုင်ရဲ့ ပြင်ပမှာ အန္တရာယ်တွေ ရှိနေတယ်ဆိုတာ သိတယ်မဟုတ်လား"

အညို့ခံနေရသူလို နန်းမြင့်မေ၏ လက်ကလေးမှာ အားပျော့စွာ ခြေလျော့ကျသွားတော့သည်။

"လာ...ပြန်လာခဲ့လေ...သီတဂူမြိုင်ကနေ ဘယ်မှသွားခွင့်မရှိတော့ဘူး၊ မနက်ဖြန်ဆိုရင်..."

"တော်...တော်...တော်ပါတော့"

နန်းမြင့်မေမှာ ဆို့နစ်ထွက်လာသော အသံပြာပြာလေးဖြင့် ကြုံးအော်ရင်းက လှေကားပေါ်သို့ ပြန်ပြေးတက်သွားတော့သည်။ ဒေါ်အိန္ဒြေသည် ပြေးတက်လာသော နန်းမြင့်မေ၏ နောက်မှ မီးအိမ်ကို ဆွဲလျက်လိုက်လျှောက်သွားတော့သည်။

ယဉ်မွန်ရည်၏ ဝန်းကျင်တွင် ပြန်လည်၍ မှောင်အတိကျသွားခဲ့ရပြန်ချေပြီ။

ယခုအချိန်တွင် ယဉ်မွန်ရည်ကိုယ်တိုင် ဆတ်ဆတ်တုန်မျှ ချောက်ချားရပါပြီ။

မှောင်နှင့် မည်းမည်းထဲတွင် အန္တရာယ်များ ပတ်လည်ဝိုင်းနေသည်သို့ပင် စိတ်မှာ ကြောက်လန့်လွန်းရပါဘိ။

မမြင်သိနိုင်သော နန်းမြင့်မေ၏ ကံကြမ္မာကိုလည်း သနားလွန်းရပါဘိ။ ဤမိန်းမလှလေးကို အန္တရာယ်ကြားမှ ဆယ်တင်ကယ်ယူပြီး လွတ်ရာအဝေးသို့ ခုပင် ထွက်ပြေးချင်စိတ် ပေါက်လာမိသည်။

သို့သော်...မဖြစ်နိုင်ပါသေး။

ဒိတ်ဒိတ်ခုန်သော ရင်ကို လက်နှင့်ဖိ၍ စိတ်အားတင်းလိုက်ရသည်။ ယဉ်မွန်ရည်၏ ကိုယ်ခံစိတ်ဓာတ် ရင့်မာတည်ကြည်မှုကို အခြေခံ၍ တည်ငြိမ်အောင် ကြိုးစားလျက် လှေကားထက်မှ ဆင်းသက်ခဲ့သည်။

အောက်ထပ်တွင်လည်း ဘာသံမှမကြားရ။ ဘယ်သူမှ ရှိပုံမရ။ မန်နေဂျာ ဦးဟန်ညွှန့်လည်း မရှိတော့ဘူးလားမသိ။

အောက်ထပ်သို့မှ ချောမောစွာ ရောက်ရှိလာခဲ့သည်။ အပြင်တွင် လက ထိန်ထိန်သာနေသည်။ ကိုကြည်ညို ရှိတန်ကောင်းရဲ့ဟူသော အတွေးဖြင့် စေ့ထားသော သံဆွဲတံခါးကို တွန်းဖွင့်ပြီး တိုက်ပြင်သို့ ထွက်လာခဲ့ရသည်။

"ကိုကြည်ညို...ကိုကြည်ညို"

ပြန်လည်ထူးသံမကြားရ။ ပတ်ဝန်းကျင်တစ်ခုလုံး တောနက်ကြီးထဲမှာလို ငြိမ်သက်တိတ်ဆိတ်နေသည်။ ထင်းရှူးပင်ရွက်များပွတ်ယှက်သံက ကမ္ဘာပျက်သံလို ချောက်ချားဖွယ်ကောင်းနေသည်။

အောက်တစ်ထပ်လုံး ခြံဝင်းတစ်ခုလုံး လူ၏ အသံ၊ လူ၏ သဏ္ဌာန်ဆို၍ ဘာမှ မမြင် မကြားရပါ။ ယဉ်မွန်ရည်သည် သီတဂူမြိုင်ခြံကြီးအတွင်းမှ ကျော်ဖြတ်လျက် မိမိအတွက် ရရှိထားသော သီးသန့်အခန်းငယ်လေးဆီသို့ ရောက်အောင် စိတ်ပင်ပန်းခြင်း ကြီးစွာဖြင့် ပြန်လာခဲ့ရပါပြီ။ တံခါးများကို သေချာစွာပိတ်၍ ဖယောင်းတိုင်တစ်တိုင်၏ အလင်းအားဖြင့် အိပ်ရာပေါ်တွင် လဲလျောင်းနေမိသည်။

ဘိုးတော်မင်းလူ၏ ကြိုတင်သိမြင်ချက်များ၊ ဒေါ်အိန္ဒြေ၏ ခက်ခက်ထန်ထန်လွန်းသော အသွင်၊ ကိုကြည်ညို၏ တိတ်တခိုးလေ့လာချက်များကို ပြန်လည်သုံးသပ်အပြီးတွင်...

"သြော်...နန်းမြင့်မေဆိုတဲ့ ချစ်စရာညီမလေးရယ်၊ မနက်ဖြန်မင်းလေးရဲ့ ကံကြမ္မာက ဘယ်လိုများ ဖန်တီးလာမှာလဲကွယ်"

"နန်းမြင့်မေမှာ ဘယ်လိုဒုက္ခတွေ ရှိနေလဲ"

"ဘယ်လို အန္တရာယ်တွေ ဝိုင်းနေလဲ"

"သူ ဒီအိမ်က ဘာကြောင့်များ ထွက်ပြေးချင်နေပါလိမ့်နော်"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"ယဉ်မွန်ရည် ဦးလေးတို့ အလုပ်တိုက်ကို ရောက်တာ နှစ်လရှိပြီနော်"

"ဟုတ်ကဲ့ပါ"

"ဒီအတွင်းမှာ အလုပ်နဲ့ပတ်သက်ပြီး ငြိုငြင်စရာ တစ်ခုမှမတွေ့ရတဲ့အပြင် ဦးလေးတို့ရဲ့ အိမ်တွင်းရေးကိစ္စတွေကိုလည်း သိုသိုသိပ်သိပ်လျှို့ဝှက်ထားပေးတဲ့အတွက် ယဉ်မွန်ရည်ကို ကျေးဇူးတင်လှကြောင်း ခေါ်ပြောတာပါ"

"ရပါတယ်ဦးလေး၊ ကိုယ့်အလုပ်ရှင်ဟာ ကိုယ့်ရဲ့ ကျေးဇူးရှင်ပါ"

"အေး...ဒါပေမဲ့ ဆိုပါစို့ကွာ၊ ယုဇနတို့ဆိုရင် သိပ်စပ်စုတာ၊ သူကိုယ်တိုင် စပ်စုပြီးရင်လည်း ဒီသတင်းကို သူက ဖြန့်ဝေသေးတာ"

"များသောအားဖြင့် မိန်းမသားတွေရဲ့ သဘာဝပါပဲဦးလေး"

"အေး...ဒီထဲမှာ ယဉ်မွန်ရည်မပါဘူး"

"ကျေးဇူးတင်ပါတယ် ဦးလေး"

"နန်းမြင့်မေရဲ့ ကိစ္စကို ယုဇနတို့များ သိနေမလားလို့ ဦးလေးမေးကြည့်တယ်။ သူတို့ ဘာမှသိပုံမရဘူး။ ယဉ်မွန်ရည့်ဆီက သတင်းဖြန့်ဝေမှု မရှိဘူးဆိုတာ ဦးလေးယုံကြည်သွားပါပြီ။ ဒါကြောင့်..."

"ဟုတ်ကဲ့...ပြောပါဦးလေးရှင်"

"ယဉ်မွန်ရည် ဦးလေးကို ကူညီနိုင်မလား"

"ခိုင်းမယ့်ကိစ္စကို သိရပြီးမှ ဖြေပါရစေလား ဦးလေးရယ်"

ဦးဘဆက်က ယဉ်မွန်ရည့်ထံမှ အကြည့်ကို လွှဲပြီး ပြတင်းပြင်



သို့ မျှော်ငေးကြည့်ရင်းက...

"နန်းမြင့်မေအကြောင်း ကြားပြီးပြီလား"

"မကြားရသေးပါဘူးဦးလေး...၊ နန်းမြင့်မေ ဘာများဖြစ်လို့လဲရှင်"

ပူပန်စိတ်နှင့် မေးမိသည်။ ဝိုင်းနေသော အန္တရာယ်များသည် နန်းမြင့်မေပေါ်သို့ ခြုံငုံသွားခဲ့လေပြီလား။

"နန်းမြင့်မေ ညက အသတ်ခံရတယ်"

"အမလေး...ဘုရား...ဘုရား...သနားပါတယ်'

"သေအောင် သတ်ပေမယ့် နန်းမြင့်မေ မသေသေးဘူး ယဉ်မွန်ရည်၊ နောက်ဆုံးအခြေအနေမှာ ရှိနေတယ်။ အသက်တော့ ရှုလျက်ပဲ။ ဒါပေမဲ့ သူလုံးဝသတိမရသေးဘူး"

"အို...ဒုက္ခပါပဲ၊ ဘယ်လိုများ ဖြစ်ရတာလဲ ဦးလေးရယ်"

"ဘယ်လိုဖြစ်ဆို ညက အသေအချာကြည့်နေပါလျက်နဲ့ သူထွက်ပြေးသွားတယ်လေ"

"ဟင်..."

"သီတဂူမြိုင်ရဲ့ ခြံစည်းရိုးကျော်တာနဲ့ အန္တရာယ်တွေဟာ ဝိုင်းဝန်းစောင့်ကြိုနေတယ်ဆိုတာ သူ့ကို ပြောထားပါလျက်နဲ့ ထွက်ပြေးဖြစ်အောင် ထွက်ပြေးသွားတယ်။ ပြီးတော့ ညက လပြည့်ည"

"လပြည့်ည...ဟို...မေးပါရစေဦးလေးရယ်၊ လေးနှထွေးသေဆုံးရတာလည်း လပြည့်ညမှာပဲဆို"

"ဟုတ်တယ်၊ ဒါကြောင့် ဘိုးတော်နဲ့ ပုတီးစိပ် မေတ္တာပို့ပြီး ဒီလပြည့်ညကို အန္တရာယ်ကင်းကင်းနဲ့ ကျော်လွှားသွားနိုင်အောင် အဓိဋ္ဌာန်ဆုတောင်းနေခါမှ သူထွက်ပြေးသွားသေးတယ်။ မအိန္ဒြေလည်း အသုံးမကျဘူး။ အလကားမိန်းမကြီး"

"နန်းမြင့်မေကို ဘယ်နေရာမှ ပြန်တွေ့ကြလဲ၊ ဟင် ဘယ်လို ဒဏ်ရာတွေနဲ့လဲ"

"နောက်ဘက် ခြံစည်းရိုးကို ကျော်ပြီး ထွက်ပြေးတယ်လေ။ နန်းမြင့်မေ မရှိတော့ဘူးလို့ သိသိချင်း မီးတုတ်တွေနဲ့ လိုက်ရှာကြတော့ စိန်

www.burmeseclassic.com

www.burmeseclassic.com

ပန်းပင်ကြီးအောက်မှာ ဒဏ်ရာတွေနဲ့ လဲနေတယ်။ သေပြီမှတ်ပြီး စိတ်ပူလိုက်ရတာ။ တခြားခြံထဲက အလုပ်သမားတွေ သိမှာစိုးလို့ တိတ်တိတ်ထမ်းခေါ်လာခဲ့ရတယ်။ ခေါင်းကို တုတ်နဲ့ ရိုက်တာ သိပ်အရှိန်ပြင်းတယ်။ တစ်ခါတည်း ကွဲအောင် သေအောင် ရိုက်တာပဲ။ ဒါပေမဲ့ သူအသက်ရှူနေသေးတယ်။ သွေးအိုင်ထဲက ကောက်ယူခဲ့ရတာ"

ဦးဘဆက်မှာ စကားကို ဆက်တိုက်ပြောနေရ၍လားမသိ၊ မောသံကြီးပါနေသည်။ သူ့လက်တွင်းမှ စီးကရက်ဖြူဖြူလေးမှာ ဆတ်ဆတ်ခုန်နေသည်။ ဦးဘဆက်၏ စိတ်လှုပ်ရှားမှု ကြီးမြင့်နေကြောင်း ပြသနေသည်သို့ ရှိပါ၏။

"နန်းမြင့်မေကို ဘယ်...ဘယ်သူက သတ်တာလဲရှင်"

"အဲဒါကို ဦးလေးကိုယ်တိုင် သိချင်နေတာပါပဲ...ယဉ်မွန်ရည်"

ယဉ်မွန်ရည် ဘာမှဆက်မမေးနိုင်။ ဦးဘဆက်ကိုသာ ငေးငိုင်ရင်းကြည့်နေမိသည်။

"လပြည့်ညဆို... ဦးမှာ ဒုက္ခတစ်ခု ကြုံရတော့မယ်ဆိုတာ အလိုလို သိနေသလိုပဲ၊ သိပ်စိတ်ပင်ပန်းရပါတယ်။ သမီးလေးတုန်းက တန်ဆောင်မုန်းလပြည့်နေ့...။ တူလေး...ချစ်ရတဲ့ ကောင်လေးတစ်ယောက်တုန်းကလည်း သီတင်းကျွတ်လပြည့်ည။ အလုပ်သမားလေး မကျေးနုတုန်းက မိုးတွင်းကြီး ဝါဆိုလပြည့်ညမှာ အသတ်ခံကြရတယ်"

"ဒါဖြင့် လူသတ်သမားဟာ တစ်ဦးတည်း တစ်ယောက်တည်းရဲ့ လက်ချက်လို့ ဆိုရမှာပဲပေါ့နော်...ဦးလေး"

"ဦးလေးတော့ ဒီလိုမထင်ဘူး။ တစ်ခါမှာ ဒဏ်ရာတစ်မျိုးနဲ့ သေကြတယ်။ အခု နန်းမြင့်မေကို တုတ်နဲ့ရိုက်တယ်။ သမီးတုန်းက ဓားနဲ့ထိုးသတ်တာ။ မောင်မင်းမောင်ကိုတော့ ရဲတင်းနဲ့ ခုတ်သတ်တယ်။ မကျေးနုကိုတော့ ဓားနဲ့ပါပဲ"

"အို...အားလုံး ရက်ရက်စက်စက်ချည်း သတ်တာပါပဲလားရှင်။ ဒါနဲ့ ဒီသီတဂူမြိုင်ထဲမှာ ဖြစ်ရတာတွေပဲလား"

"ဟာ...ဘယ်ဟုတ်လိမ့်မလဲ၊ ဒီခြံဝင်းတွင်းမှာဆိုရင် အလုပ်သမားကအစ မှဲ့တစ်ပေါက် မစွန်းခဲ့ရဘူး။ ဖြစ်သမျှအားလုံး ခြံပြင်ထွက်ကြလို့ချည်းပဲ"

"ဩော်..."

"မောင်မင်းမောင်က ယာခင်းထဲမှာ အသတ်ခံရတာ...၊ မကျေးနုက လမ်းပေါ်မှာ...၊ သမီးလေးကတော့..."

ဦးဘဆက် မဆက်နိုင်ရှာ။ မျက်ရည်များ လျှံတက်လာသည်။ သားသမီးအတွက် မိဘ၏ ပရိဒေဝမီး အဘယ်မျှ ကြီးသည်ကို ယဉ်မွန်ရည် သိနားလည်ပါသည်။ ဦးဘဆက်၏ ရင်တွင်းနာကျည်းချက်များကိုလည်း စာနာမိပါ၏။

သီတဂူမြိုင်ရဲ့ မိသားစုပျက်စီးအောင်၊ မိုခိုသူတွေရဲ့ အသက် ဆုံးရှုံးအောင် ထာဝရကြံစည်အားထုတ်နေတဲ့ လူတစ်စုရဲ့ ရန်ကို ဦးလေးကိုယ်တိုင် ချေမှုန်းပစ်ချင်မိတယ်တူမရယ်...ဒါပေမဲ့..."

"ဟုတ်ကဲ... အမိန့်ရှိပါ ဦးလေး"

"သမီးလေး ဆုံးပြီးကတည်းက စိတ်ဓာတ်ရော လူပါကျသွားတယ်။ တရားဓမ္မကိုလည်း လိုက်စားတော့ အပါယ်ကျမယ့်လမ်းကိုလည်း မလိုက်ချင်တော့ဘူး။ တရားဥပဒေရဲ့ဘောင်အတွင်းကပဲ ဖြေရှင်းချင်မိတယ်။ ခုလို စိတ်မာန်လျှော့ထားတုန်း ဖြစ်ရပြန်ပြီ တစ်ယောက်"

"နန်းမြင့်မေ သနားပါတယ်ဦးလေးရယ်၊ ခု သူဘယ်မှာလဲဟင်။ ဆေးရုံမှာလား"

"ဖယ်မလီ ဒေါက်တာပဲ ခေါ်ထားတယ်၊ ဆေးရုံလည်း မတင်ဘူး။ ပူးလစ်(စ်)ကေ့(စ်)လည်း မဖွင့်တော့ပါဘူး"

"တိုင်သင့်တာပေါ့ ဦးလေးရယ်"

"သမီးရဲ့အမှုတောင် မပြီးသတ်သေးဘူး၊ နောက်တစ်မှု ဆင့်လာပြန်ပြီမဟုတ်လား။ ရှိပါစေတော့ကွယ်၊ ကြိတ်ပြီး ခံလိုက်ဦးမယ်၊ ဒင်းတို့နိုင်တုန်း လုပ်ကြစမ်းပါစေ"

"ဒင်းတို့ဆိုတော့ ဒီလိုလုပ်နေတဲ့ လူတွေကို ဦးလေးက သိနေနှင့်လို့လားဟင်"

ဦးဘဆက် ဆိတ်ငြိမ်သွားသည်။ မျက်နှာကို လက်ဝါးဖြင့် ပွတ်ပြီး မေးထောက်ထားပြီး ခဏကြာမှ သူစကားပြန်စသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘဲဥ အစရှာမရဘူးဆိုတဲ့စကားအတိုင်းပဲ။ အထဲမှာ ဘဲဥရှိနေမှန်းသိလျက်နဲ့ အခွံကို ဘယ်နေရာကစပြီး ခွဲရမှန်း မသိတဲ့ကိန်းမျိုး ကြုံနေရပြီ၊ ဦးလေးရဲ့အဖြစ်က…"

"ယဉ်မွန် ရိပ်မိပါပြီဦးလေး၊ ဦးလေးရဲ့နိဒါန်းစကားထဲမှာ ယဉ်မွန်ကူညီနိုင်မလားလို့ မေးတာ အဲဒီကိစ္စကို ရည်ညွှန်းတာ မဟုတ်လားရှင်"

"မှန်တယ် ရည်မွန်ရည်"

"ဦးလေးလို ကာယကံရှင် မဆိုထားနဲ့ ဘေးက ကြားရတဲ့ ယဉ်မွန်တို့တောင် ကြောက်စိတ် မခံချင်စိတ်တွေ ဝင်မိပါရဲ့"

"အင်း…"

"အန္တရာယ်ဟာ ရပ်တန့်သွားပြီလို့ မထင်နိုင်သေးပါဘူးဦးလေး။ ဒီကိစ္စကို ယဉ်မွန်လည်း စိတ်ဝင်စားပါတယ်။ ယဉ်မွန် တတ်နိုင်တဲ့ကိစ္စ ကူညီပေးလို့ရတဲ့ ပြဿနာမျိုး ရှိရင် အားမနာတမ်းခိုင်းစမ်းပါဦးလေးရယ်"

"ကြားရတာ ဝမ်းသာလိုက်တာကွယ်၊ ယဉ်မွန်ရည်ကို အသုံးချဖို့ အကူအညီတောင်းရရင် ကောင်းမလားလို့ စဉ်းစားမိပြီး ခုလို ခေါ်ပြီးဆွေးနွေးနေတာလည်း ဖြစ်ပါတယ်"

"ဟုတ်ကဲ့ ပြောသာပြောပါ ဦးလေး"

"ဒီအန္တရာယ်ရဲ့ ဇာတိချက်မဟာ တိုးသျှန်နဲ့ သူ့သားတွေ ဆီကပဲ"

"တိုးသျှန်…"

"ဟုတ်တယ်၊ ဦးတိုးသျှန်ဆိုပါတော့။ ဒီကောင်ဟာ ငယ်စဉ်ကတည်းက ဦးလေးကို သူ့အမြဲပြိုင်တတ်တယ်။ ခုလည်း ကြည့်လေ…၊ ဦးလေးက သီတဂူ ဆိုပြီး အလှကုန်ထုတ်လုပ်ရေး လုပ်တယ်။ သူက 'သော်တာ'ဆိုပြီး မိတ်ကပ်၊ ပေါင်ဒါ၊ နှုတ်ခမ်းနီကအစ ဦးလေးရဲ့ စံနမူနာအတိုင်း လိုက်လုပ်တယ်။ ဒါပေမဲ့ မကြီးပွားပါဘူး၊ မအောင်မြင်ပါဘူး"

"ဟုတ်ကဲ့ ယဉ်မွန် ဘာလုပ်ပေးရမယ်ဆိုတာသာ ဦးလေးအမိန့်ရှိပါ"

"ဒီတိုးသျှန်နဲ့ သူ့သားလေးယောက်ဟာ ဘာကြောင့်များ ဦးလေးတို့ မိသားစုကို ဒီလောက် နှိပ်စက်ချင်နေရတာလဲ ဆိုတာရယ်…"

"ဟုတ်ကဲ့…"

"ဘယ်လိုနည်းနဲ့ သတ်ဖြတ်နေကြတာလဲဆိုတာ သိချင်လို့ လက်ဆုပ်လက်ကိုင်ဖမ်းပြီး ရဲလက်ထဲ အပ်ချင်တဲ့ ဆန္ဒ ဦးလေးမှာ ရှိနေမိတယ်"

"ဒါအမှန်ဆုံးပေါ့။ ဒီလိုပဲ လုပ်ရမှာပဲပေါ့"

အဲဒါကြောင့် ယဉ်မွန်ရည်ကို သူတို့မိသားစုထဲကို လွှတ်ချင်တယ်။ လူယုံအဖြစ်နဲ့ သူတို့ သတ်မှတ်ပြီးတဲ့အခါ သူတို့ရဲ့လုပ်ရပ်တွေကို သိအောင် လေ့လာစုံစမ်းပြီး ဖော်ထုတ်ပေးဖို့ပါပဲ"

"ဟာ…ဒါဆို အလွတ်စုံထောက် ငှားရလိမ့်မယ်ထင်ပါရဲ့ဦးလေးရယ်၊ ယဉ်မွန်က မစပ်စုတတ်ဘူး။ တာဝန်ကျေတယ်၊ ဒီအရည်အချင်းထက် လွန်ပြီး ဘာမှမ မတတ်ပဲ"

"ဖြစ်ပါတယ် သူတို့ထဲ ဝင်ခွင့်ရနိုင်ဖို့ပဲ အရေးကြီးပါတယ်။ ယဉ်မွန်ရည် ကူညီနိုင်မယ်ဆိုရင်ပေါ့လေ"

"ဟာ…သိပ်ကူညီချင်တာပေါ့၊ မဖြစ်မြောက်ရင်လည်း ဦးလေးက ခွင့်လွှတ်မယ်မဟုတ်လားရှင်"

"ဒါပေါ့ကွယ်၊ မဖြစ်တော့လည်း အရင်းအတိုင်းပဲပေါ့"

"ဒါဆို ပြောသာပြောပါ ဦးလေး ယဉ်မွန်အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်။

"တိုးသျှန်မှာ သားချည်းလေးယောက်ရှိတယ်။ လူမိုက်တွေချည်းပဲ။ အကြီးဆုံးက 'ရဲခေါင်'တဲ့။ ဒုတိယက 'ရဲအောင်'၊ နောက် 'ရဲနောင်'၊ ဒီကောင်က ဂျိုအကြွဆုံးပဲ။ နောက်ဆုံးက ခွေးမသား 'ရဲမောင်'ပေါ့"

သမီးလေးအတွက် နာကြည်းချက်ဖြင့် ထင်ပါသည်။ ဦးဘဆက်က ဒေါနှင့် မောနှင့် ပြော၍ ခေတ္တရပ်လိုက်ပြီးမှ…

'အေး…အဲဒီ သားအဖတွေဟာ ဦးလေးတို့ မိသားစုကို ဒုက္ခရောက်အောင် လုပ်နေကြတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဘယ်လိုနည်းနဲ့ လုပ်နေကြတယ်။ ဘယ်လို ပိပိရိရိ ကြံစည်နေကြတယ်ဆိုတာတွေကို ဦးလေး အတွင်းကျကျ သိချင်တယ်ကွယ်။ ကူညီနိုင်ရင် ကူညီစမ်းပါ၊ လိုအပ်ရင် ငွေကုန်ချင်သလောက် ကုန်စမ်းပါစေ"

"ငွေကတော့ ကုန်ဖို့ သိပ်မရှိဘူး ထင်တယ်ဦးလေး"

"အင်း…အထူးသဖြင့်တော့ သမီးကို ဒင်းတို့ထဲက ဘယ်သူက

www.burmeseclassic.com

www.burmeseclassic.com

သတ်သလဲဆိုတာကို ဦးလေးအသိချင်ဆုံးပါပဲ"

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ယဉ်မွန်ရည်က ဘယ်လိုနေရာကနေ ကူညီရမှာလဲရှင်"

"ဒီလိုလေ ဦးလေးရဲ့တပည့်တွေ ဆွေမျိုးတွေဆိုရင် သူတို့က သိနေကြပြီ။ ယဉ်မွန်ရည်ကတော့ မန္တလေးက ရောက်လာတာ အလုပ်ဝင်တာလည်း မကြာသေးတော့ ဦးလေးရဲ့ လူယုံဆိုတာကို သူတို့သိကြမယ် မဟုတ်ဘူး"

"ဒါပေမဲ့ ယဉ်မွန်က သီတဂူမြိုင်ရဲ့ အလုပ်သမတစ်ယောက်၊ ပြီးတော့ ဒီခြံထဲမှာနေတယ်ဆိုတာတော့ ဖုံးကွယ်လို့ ရမှာ မဟုတ်ဘူး။ ဥပမာ ယူနေလို ပြင်ဦးလွင်သူတစ်ယောက်ဆီက သတင်းရသွားနိုင်မှာပဲ ဦးလေး"

"အေးလေ ဒီထိအောင် လျှို့ဝှက်ဖို့ မလိုပါဘူး။ ဆိုလိုတာက အဲဒီက ကောင်တွေနဲ့ ခင်အောင် ပေါင်းစေချင်တယ်။ ယဉ်မွန်ရည်က သိပ်ချောတော့ ဒင်းတို့လည်း ခင်မင်ချင်မှာပဲ...မင်းမှာလည်း စေ့စပ်ပြီးသား ရှိဘယ်မဟုတ်လား"

"ဟုတ်ကဲ့"

"သိတယ်လေ...မနှေ့ညက ဘိုးတော်မင်းလူ တပ်အပ်ဟောလိုက်သားပဲ"

"ဟုတ်ကဲ့ရှင်"

"အဲဒါကြောင့်လည်း သူတို့နဲ့ ဆက်သွယ်ဖို့ ဦးလေးက ရဲရဲဝံ့ဝံ့ အကူအညီတောင်းဝံ့တာပေါ့ကွယ်"

"ယဉ်မွန် သဘောပေါက်ပါပြီ ဦးလေး"

မိန်းမလှတစ်ယောက်အနေနှင့် ဆန့်ကျင်ဘက် အမျိုးသားတစ်ဦးကို ခင်မင်အောင် ပေါင်းသင်းရန် လွယ်ကူတတ်ပါသည်။ ထို့ထက်တစ်ဆင့်တက်လာခဲ့လျှင်လည်း ယဉ်မွန်ရည်ဘက်တွင် ချစ်ဦးသူ ရှိနှင့်ပြီးသားမို့ တိမ်းပါးသွတ်ယိမ်းစရာ မလိုပါဟု ဦးဘဆက် တွက်ဆခဲ့လေပြီ။

"တကယ်လို့များ သူတို့နဲ့ ပေါင်းဆုံမိပြီး သူတို့ရဲ့ ယုံကြည်မှုကို ရတဲ့အခါ သူတို့သားအဖတွေရဲ့ လှုပ်ရှားမှု၊ ကောက်ကျစ်ယုတ်မာမှုတွေကို သိရှိရပြီး သမီးကိုသတ်တဲ့ တရားခံများ ပေါ်ပေါက်အောင် ယဉ်မွန်ရည်က စုံစမ်းပေးနိုင်မယ်ဆိုရင် ယဉ်မွန်ရည်ကို ဦးလေးက ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပါ့မယ်ကွယ်"



"ဦးလေးတို့ရဲ့ အဖြစ်ကို ကြားရကတည်းက ယဉ်မွန်စိတ်မကောင်းနေမိတာပါ...ဦးလေးဇနီးပျောက်ဆုံးနေတဲ့ကိစ္စ၊ လေးနုတွေး အသတ်ခံရတဲ့အဖြစ်တွေကို ယဉ်မွန်ကိုယ်တိုင်လည်း စိတ်ဝင်စားနေမိတာပါ"

အခုလို ကူညီခွင့်မျိုး ရရှိလာလိမ့်မယ်လို့တော့ ယဉ်မွန်မထင်ခဲ့ပါဘူး။ စိတ်ချပါဦးလေး... ယဉ်မွန်အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်။ ဦးလေးရဲ့ဆန္ဒတွေနဲ့ အနီးစပ်ဆုံးဖြစ်လာနိုင်အောင် ဆောင်ရွက်ပေးပါ့မယ်"

"ဒီအတွက် လိုအပ်တာမှန်သမျှ ဦးလေးပေးပါ့မယ်"

"လိုမယ်မထင်ပါဘူးရှင်...ဒါနဲ့"

"အေး...ပြော"

"နန်းမြင့်မေရဲ့ အခြေအနေကို သိခွင့်ရှိရင် သိပါရစေ၊ သူအခု ဒီအိမ်မှာပဲနော်"

"နန်းမြင့်မေ"

"ဟုတ်ပါတယ်...ဦးလေးက ခွင့်ပြုမယ်ဆိုရင်တော့ နန်းမြင့်မေကို တွေ့ပါရစေလားရှင်"

"ဘာအတွက် တွေ့ချင်ရတာလဲ"

"မနေ့ညက သူနဲ့ ဆုံလိုက်ရပါတယ်"

"သူက ဘာတွေပြောသလဲ"

ယင်းအမေးကို ချင့်ချင့်ချိန်ချိန် ဖြေဆိုရမည်မို့ ယဉ်မွန်ရည်မှာ ခေတ္တမျှ တွေးဆလိုက်ပြီးမှ...

"သူငိုနေပါတယ်...မီးမှောင်မှောင်ထဲမှာပါ။ သူ့ကို ဒီအိမ်ထဲက ခေါ်သွားပေးပါလို့ ပြောပါတယ်။ ချက်ချင်းပဲ ဒေါ်အိန္ဒြေရောက်လာပြီး သူ့ကို ပြန်ခေါ်သွားပါတယ်။ ခဏလေး ဆုံလိုက်ရပေမယ့် သူ့ကို ခင်မင်စိတ်ရှိသွားမိလို့ ဦးလေးက ခွင့်ပြုမယ်ဆိုရင်တော့ တွေ့ချင်ပါတယ်၊ ခွင့်မပြုနိုင်ရင်လည်း ရပါတယ်"

ဦးဘဆက်သည် ယဉ်မွန်ရည်ကို တည့်တည့်ကြည့်ပြီးမှ ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ချက်ချလိုက်ပုံရသည်။ ယခုလောလောဆယ်ပင် သူက အကူအညီတောင်းထားသည်။ ယဉ်မွန်ရည်၏ ပြန်လည်ခွင့်တောင်းချက်ကို မလိုက်လျောလျှင် မကောင်းဟူ၍ တွေးမိသည် ထင်ပါ၏။

"သူသတိမေ့နေတယ်။ သူ့ကို စကားမပြောပါနဲ့လို့ ဆရာဝန်က တားမြစ်ထားတယ်ယဉ်မွန်ရည်။ ဒါပေမဲ့ ယဉ်မွန်ရည် ကြည့်ချင်ရင်တော့ ဝင်တွေ့ပါ။ လာပါ ဦးလေးနဲ့ လိုက်ခဲ့"

ယဉ်မွန်ရည်တို့ စကားပြောနေကြသည်က အလယ်ထပ်မိသားစုနေသော အဆောင်တွင်ဖြစ်လေသည်။ နန်းမြင့်မေလည်း ယင်းနေရာတွင်ပင် ရှိလေမည်။ သီးသန့်သူ့အခန်းတွင် ထားရှိလိမ့်မည်ဟု ထင်ခဲ့မိသော်လည်း ဦးဘဆက် ဦးဆောင်သွားသည်က အပေါ်ဆုံးထပ်သို့ ဖြစ်လေသည်။

ယင်းအထပ်ကို ဘိုးတော်မင်းလူက သိမ်းပိုက်ထားသည်သို့ပါ ပင်။ တစ်ထပ်လုံး ကန့်တော့ပွဲများ၊ ပိတ်ဖြူကာရံထားသည့်အခန်းများ၊ ဓာတ်ရိုက်ဓာတ်ဆင်ထားသည့်သစ်သားများ၊ ပန်းမာလ်များနှင့် ပန်းပုရုပ်၊ နတ်ရုပ်စသော အရုပ်များစွာက ထောင့်အသီးသီးတွင် ရှိနေကြသည်။

ဘိုးတော်မင်းလူမှာ ဒရင်း(မ်)ဘက်ခေါ် နိုင်ငံခြားဖြစ် ပက်လက်ကုလားထိုင်ပေါ်တွင် အစန့်သား လဲလျောင်း၍ မျက်စိစုံမှိတ်ခါ ပုတီးစိပ်နေသည်။

ဘိုးတော်မင်းလူ အာရုံမပျက်ပြားပါစေရန်၊ ဦးဘဆက်က အသက်မရှူရဲလောက်အောင် ခြေကိုဖွနင်းပြီး လျှောက်သွားပါ၍ ယဉ်မွန်ရည်သည်လည်း သူ့နောက်မှ သူ့လို လျှောက်၍ လိုက်ခဲ့ရပါ၏။

ဘိုးတော်မင်းလူ၏ ဓာတ်ခန်းနှင့် ကပ်လျက်အခန်းတွင် နန်းမြင့်မေကို ထားရှိသည်။ ပြတင်းများပိတ်ထား၍ အလင်းရောင်လည်း လုံလောက်စွာ မရှိ။ နန်းမြင့်မေကို မနည်း အာရုံစိုက်၍ ကြည့်ရသည်။

ခေါင်းတွင် ပတ်တီးဖြူဖြူဖွေးများနှင့် ခုတင်ပေါ်တွင် မလှုပ်မယှက် ငြိမ်သက်စွာ လျောင်းစက်နေသော နန်းမြင့်မေ၏ မျက်နှာလှလှလေးကို သနားကြင်နာစိတ်ဖြင့် ယဉ်မွန်ရည် ကြည့်မိသည်။

"နန်း...နန်းမြင့်မေ...ညီမလေး"

သူ့နားနားသို့ ကပ်၍ ညင်သာတိုးတိတ်စွာ ခေါ်မိသည်။ သူက လှုပ်လှုပ်လှုပ်လာသည်။ မျက်စိကို အားယူ၍ ဖွင့်လိုက်ပြီး...သူ့အသိဉာဏ်ပုံမှန်လာအောင် ကြိုးစားနေဟန်ဖြင့် မျက်မှောင်လေးကြုံ့၍ ယဉ်မွန်ရည်ကို ပြန်လည်စိုက်ကြည့်နေသည်။

"ကိုဘဆက်...နန်းကို ဘာဖလို့ လူစိမ်းနဲ့ တွေ့ခိုင်းရတာလဲ"

အခန်းအပြင်မှ ဒေါ်အိမ်ငြွေ၏အသံ...

"ရှူး..."

သည့်နောက် ပြောကြားသော ဦးဘဆက်၏ စကားလုံးများကို မကြွပြားတော့ အာရုံမစိုက်နိုင်တော့။ အချိန်လေးရခိုက် အခွင့်လေးသာခိုက်၊ နန်းမြင့်မေ၏ အသိဉာဏ်ကို ပုံမှန်ရောက်လာနိုင်စေအောင်...

"နန်း...ညီမလေး...မ မ လေ မမ...ဘာပြောချင်သလဲ ပြော...ပြော"

"အန်...အန်တီနု အင်ကြင်းပင်မှာ..."

"ဟင်..."

"ခေါ်...ခေါ်ပေးပါ"

တိုးတိတ်လွန်းသော သူ့အသံလေးမဆုံးမီ ဦးဘဆက်က အခန်းဝမှ... "သူ့ကို စကားမပြောရဘူးဆိုတာ ယဉ်မွန်ရည် မေ့သွားပြီထင် တယ်"

"ဟုတ်ကဲ့ ဦးလေး...ဟုတ်ကဲ့"

ယဉ်မွန်ရည်မှာ...နန်းမြင့်မေနားမှ ခွဲနွှာလာရသည်။ ဖြစ်နိုင်ပါလျှင် ဤမိန်းကလေးကို ပြုစုပေးခွင့်များပင် ရချင်လာမိသည်။

"ဒီနေ့ ဆရာဝန်လာကြည့်သွားပြီးပြီလား ဦးလေး"

"ညက ခေါ်ထားတယ်။ ဒီနေ့တော့ မလာသေးဘူး၊ နေ့လယ်မှာ လာလိမ့်မယ်၊ ဘိုးတော်လည်း ကြည့်ပေးနေပါတယ်"

"ဟုတ်ကဲ့...ယဉ်မွန့်ကို ခိုင်းထားတဲ့အတွက်လည်း ဒီနေ့ကစပြီး ဆက်တိုက်ဆောင်ရွက်တော့မယ်လို့ ပြောပါရစေ၊ ယဉ်မွန်ဆင်းတော့မယ်နော် ဦးလေး"

"ကောင်းပြီ"

ဦးဘဆက်က အတူလျှောက်လာပြီးမှ ဓာတ်ခန်းတွင်းသို့ ဝင်သွား

www.burmeseclassic.com

www.burmeseclassic.com

သည်။ ယဉ်မွန်ရည် လှေကားထိပ်ရောက်သည်အထိ စောင့်ကြည့်နေသူက ဒေါ်အိမ်ခြွေ၊ ယဉ်မွန်ရည်မှာ စိမ်းစိမ်းကြီးစိုက်ကြည့်နေသော ဒေါ်အိမ်ခြွေကို ရင်မဆိုင်ဝံ့သလို ခေါင်းငုံ့၍ လှေကား၏ ပထမထစ်ကို စတင်၍ နင်းလိုက်သည်နှင့်...

"အ...အ...အား...အ..."

စူးစူးဝါးဝါး အော်သံကြီးတစ်ခုကြောင့် ယဉ်မွန်ရည်မှာ အလန့်လန့်၊ အထိတ်ထိတ်ဖြင့် ပြေးဆင်းရတော့မလိုလို ပြန်တက်ပြေးရတော့မလို ဖြစ်နေရသည်။

"အား...အား..."

အသံက ဆက်လာသည်။

"ဆင်း...ဆင်း...ဆင်းတော့လေ"

ဒေါ်အိမ်ခြွေက လက်ယပ်ပြ၍ အတင်းနှင်ထုတ်သည်။ ယဉ်မွန်ရည်လည်း မနေရဲတော့။ ပြေးဆင်းလာခိုက် ဒေါ်အိမ်ခြွေသည်လည်း အတွင်းဘက်သို့ ဝင်ပြေးသွားတော့သည်။

"ဘာသံကြီးပါလိမ့်"

"ဘာသံကြီးပါလိမ့်"

သတ္တဝါတစ်ကောင်၏ အော်သံလေလား၊ ချုပ်နှောင်ပိတ်ဆို့ထားသော လူတစ်ယောက်၏ အော်သံလေလား၊ မကွဲပြား။

"အန်...အန်တီနု အင်ကြင်းပင်မှာ"

လေသံတိုးတိုးနှင့် အရေးတကြီး မှာကြားလိုက်သော နန်းမြင့်မေ၏ စကားလေးများကို ယဉ်မွန်ရည် ပြန်လည်ကြားယောင်လာမိသည်။

ယဉ်မွန်ရည် ရင်ဒိတ်ဒိတ် ခုန်လာမိသည်။ သီတဂူမြိုင်၏ ပြင်ပမှ အန္တရာယ်များ ဝိုင်းဝန်းစောင့်ကြိုနေသည်ဆိုသော်လည်း သီတဂူမြိုင်၏ အိမ်ကြီးပေါ်တွင်ပင် အန္တရာယ်များ လျှို့ဝှက်မှုများ ရှိနေလေပြီဆိုသည်ကို ယဉ်မွန်ရည် ရိပ်စားလာနိုင်ခဲ့ပါပြီ။

အန်တီနုဆိုတာ ဒေါ်နုနုဝေပဲ၊ သူပျောက်ဆုံးနေတယ်တဲ့။ ဒါပေမဲ့ ဦးဘဆက်ကတော့ သူ့ဇနီးနဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှ ဖွင့်ဟမပြောကြားခဲ့ဘူး။ မရှာဖွေဘူးဆိုပါလား...။



အန်တီနုက အင်ကြင်းပင်မှာ အင်ကြင်းပင်ဆိုတာ ဘယ်မှာပါလိမ့်၊ ဘယ်နေရာကို ရည်ညွှန်းပါလိမ့်။။

စောစောက အော်သံဟာ ချုပ်နှောင်ထားတဲ့ ဒေါ်နုနုဝေရဲ့ အော်သံများလား။

မိန်းမတစ်ယောက်ရဲ့ အော်သံမျိုးတော့ မဟုတ်ဘူး။ စကားလုံးသံ ဘာမှပါမလာဘူး။ အသံကြီးက ကြောက်စရာကောင်းလိုက်တာ။

ဘိုးတော်မင်းလူဆိုတာ ဘယ်လိုလူမျိုးပါလိမ့်။

အင်း...ခက်တယ်၊ နန်းမြင့်မေဆိုတဲ့ ကံကြမ္မာရဲ့သားကောင်မလေးရယ်၊ နန်းပြောတာ မမယဉ်မွန် မတွေးတတ်နိုင်ဘူး။ နားမလည်ဘူး။ နန်းကို ဘယ်လိုမှ မကယ်တင်နိုင်သေးလို့ မမယဉ်မွန်ကိုသာ ခွင့်လွှတ်ပါတော့ ညီမရယ်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

"မယဉ်မွန်ရည် လမ်းလျှောက်မလို့လား"

"သြော်...ဟုတ်ကဲ့ ကိုကြည်ညိုရော"

"ဟိုဘက်နားမှာ ကျွန်တော့်သူငယ်ချင်းခြံရှိတယ်။ အဲဒီဘက်ကို သွားမလို့ မယဉ်မွန်ရည်ကို တွေ့လိုက်တာနဲ့ အမီလိုက်လာတာ"

ကိုကြည်ညိုသည် ယဉ်မွန်ရည်ကို ထာဝရစောင့်ကြည့်နေသည် မှန်း ယဉ်မွန်ရည် ရိပ်စားမိခဲ့ပြီးဖြစ်ပါ၏။

"ကျောင်းနေဖက် သူငယ်ချင်းလေ၊ ကွဲသွားတာတော့ ကြာပါပြီ။ ဒါပေမဲ့ သူ့လိပ်စာအရ သွားရှာကြည့်မလို့ ရှိမှရှိသေးရဲ့လားတော့ မသိဘူး"

"ဒီနားတစ်ဝိုက်မှာ ခြံတွေပဲ ရှိတယ်။ လူနေအိမ်ခြေကျဲတယ်။ ရှာကြည့်ဦးပေါ့"

လူချင်းကွဲသွားဖြစ်စေရန် စကားလမ်းကြောင်းပေးသော်လည်း သူက ဂရုမထားပါ၊ အိတ်တွင်းမှ စာရွက်ပေါင်းလေးတစ်ခုကို ဆွဲထုတ်လိုက်ပြီး...

"ဒီမှာ ကျွန်တော့်သူငယ်ချင်းလိပ်စာ၊ မယဉ်မွန်များ သိမလား မသိဘူး"

သူပြလာသော စာရွက်နွမ်းမှ လိပ်စာကိုမြင်လိုက်ရသည်နှင့် ယဉ်မွန်ရည်၏ မျက်လုံးများ ပြူးကျယ်သွားရသည်။

ရဲခေါင်

တစ်ဆင့်...ဦးတိုးသျှန်

သော်တာအလှကုန်လုပ်ငန်း



ဇမိုင်စခန်း

ပြင်ဦးလွင်မြို့။

စာရွက်ပြန်ပေးသော လက်ကို မတုန်ဖြစ်စေရန် မနည်းထိန်း၍ ပေးရသည်။

"မယဉ်မွန်များ သိသလား"

"မသိပါဘူး။ မေမြို့နဲ့ ဇမိုင်ကွာလို့ ဇမိုင်စခန်းဆိုတာကိုပဲ သိတယ်။ သော်တာအလှကုန်လုပ်ငန်းဆိုတာကိုလည်း ကြားဖူးပါတယ်။ ဒီကနေ ရှေ့ကို အတော်လေး လျှောက်ရလိမ့်ဦးမယ်ထင်ပါတယ်"

"မယဉ်မွန် ရောက်ဖူးသလား"

"မရောက်ဖူးပါဘူး၊ ယဉ်မွန်တို့ အဘိုးကြီးနဲ့ မတည့်ဘူးတဲ့။ သူ့သမီး အမူကလည်း မပြီးပြတ်သေးတဲ့အချိန်မို့ ကိုယ့်အလုပ်ရှင်မြို့ပြင်မှာစိုးလို့ အဲဒီဘက်တောင် လမ်းမလျှောက်ရဲလောက်အောင်ပါပဲရှင်"

"ဘာဆိုင်လဲဗျာ၊ ကျွန်တော်တို့က လခစားတွေပဲ။ အားလပ်တဲ့ ကိုယ်ပိုင်အချိန်တွေမှာတော့ ကိုယ့်ဆန္ဒအတိုင်း သွားလာလှုပ်ရှားခွင့်တော့ ရှိရမှာပေါ့။ ဘာလဲ မသွားရဘူးလို့ ပြောလို့လား"

"ပြောတော့ မပြောပါဘူး။ ကိုယ်က အလိုက်သိရမှာပေါ့"

"ထားလိုက်စမ်းပါဗျာ... ခုလို အလုပ်ပိတ်ရက်မျိုးမှာ လမ်းလျှောက်ရင်း ဝင်သွားတယ်ပေါ့...ပြီးတာပဲ။ ကျွန်တော်နဲ့ လိုက်ခဲ့ပါလား။ ရဲခေါင်ကိုသာ တွေ့ရရင်တော့ ကျွန်တော့်သူငယ်ချင်းက ဖော်ရွေပါတယ်"

"ဒါနဲ့ ဦးတိုးသျှန်ရဲ့သားတွေက လူမိုက်တွေဆို"

"ဘယ်သူက ပြောလဲ"

"သီတဂူမြို့င်မှာ ဒီလိုပဲ ပြောနေကြတာပဲ"

"လက်တွေ့ အကဲခတ်ခွင့်ရအောင် ကျွန်တော်နဲ့ တစ်ခါတည်း လိုက်လည်ပါလားမယဉ်မွန်ရည်...ကျွန်တော်ကပဲ ဖိတ်ခေါ်ပါတယ်"

"ဒီက အဘိုးကြီး သိရင်လည်း ကြိုက်မှာမဟုတ်ဘူး။ ဟိုဘက်က ဦးတိုးသျှန်သိရင်လည်း ဦးဘဆက်ရဲ့ လူတွေပဲ ဆိုပြီး အဘိုးကြီးက လက်ခံချင်မှာ မဟုတ်ပါဘူး ကိုကြည်ညိုရှင်"

"ရပါတယ်ဗျာ...ဟိုအဘိုးကြီးလည်း မသိစေနဲ့ ဒီအဘိုးကြီးလည်း

www.burmeseclassic.com

www.burmeseclassic.com

မသိစေနဲ့ပေါ့။ သာမန် ဧည့်သည်တွေအနေနဲ့ သွားလည်ကြရအောင်ပါ လိုက်ခဲ့ပါလို့ ကျွန်တော်ကပဲ ထပ်ပြီး ဖိတ်ခေါ်ပါတယ်"

သမိုင်းပေး တာဝန်ဆိုသလောက် လေးလံသော တာဝန်ကြီး တစ်ခုအတွက် ခြေချစရာ လမ်းစရလေပြီမို့ ယဉ်မွန်ရည်ဆက်လက်၍ ဟန် မဆောင်တော့ပါဘဲနှင့် ကိုကြည်ညိုနှင့် တွဲလျက် သော်တာခြံကြီး တည် ရှိရာသို့ လိုက်လာခွင့် ရခဲ့လေပြီတကား။

× × × ×

"ဒီခြံထဲက အပင်တွေက သိပ်လှတာပဲနော်၊ အသီးအပွင့်ဖွေ ဝေလို့"

ခြံထဲတွင် မြောင်းဖော်မြက်ရှင်းနေသော သူကို ယဉ်မွန်ရည် စကားစ၍ မေးမိသည်။

သူက တစ်ချက်လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။ ပြီး...မြေ ဆက်ပေါက်နေတော့သည်။

သူ့ခွန်အားဗလက အားကိုးချင်စရာကောင်းအောင်ပင် တောင့် တင်းကြံ့ခိုင်လှသည်။ ရှမ်းဘောင်းဘီပင်နီရောင်ကို ဝတ်ဆင်ထားပြီး ဘာ အင်္ကျီမှ သူဝတ်မထား၊ ညိုညက်စိုပြည်နေသော သူ့အသားကျစ်ကျစ်ကြီး ပေါ်တွင် ချွေးသီးဥများ ခိုတွယ်နေသည်။

မေးရိုးလေးထောင့်နှင့် မဟာနဖူးနှင့် မျက်ခုံးမည်းမည်းကြီးကြီး တို့က သူ့မျက်နှာကို ခံ့ထည်စေသည်။ သူ့မျက်နှာက နုနုနယ်နယ် မဟုတ် သော်လည်း ရင့်ရော်ခြင်းမရှိ။ တည်ကြည်ခံ့ညားသောမျက်နှာနှင့် ရှည်လျား သော အရပ်မောင်း၊ ဖြောင့်မတ်သော ကိုယ်ခန္ဓာတို့ကြောင့် အမျိုးသားတို့ ၏ ကျက်သရေအပြည့်ကို ဆောင်ထိန်းထားနိုင်သူမျိုးဖြစ်ပေသည်။

"အဲဒီပန်းတွေက အလှစိုက်ထားတာလားဟင်"

"မဟုတ်ဘူး...ရောင်းစားတာ"

အာဖရိကန် ဒေစီပန်းခင်းရောင်စုံကြီးအကြောင်းကို မေးမိ၍ သူ့ အဖြေစကား...

"ဘယ်လိုရောင်းလဲဟင်...ကျွန်မ နည်းနည်းဝယ်သွားချင်လို့ပါ။ သိပ်လှတာပဲနော်"

"လက်လီမရောင်းပါဘူး"

ယဉ်မွန်ရည်၏အမေးကို သူက စိတ်မရှည်သလို ဖြေ၍ ယဉ်မွန် ရည်လည်း ဘာဆက်ပြောရမှန်းမသိတော့။ ပန်းခင်းရှေ့မှ ခုံတန်းလျားလေး ပေါ်တွင် ထိုင်စောင့်ရန် ရည်ရွယ်ချက်ဖြင့်...

"ဒီခုံတန်းလေးပေါ်မှာတော့ ခဏထိုင်စောင့်ခွင့်ပြုပါနော်"

"နေကပူနဲ့...အိမ်ထဲသွားပါလား"

"နေပါစေ...ဒီကပဲ စောင့်ပါ့မယ်"

"ခင်ဗျားယောက်ျားဆီ လိုက်သွားပါလား"

"ဟာ...ဘယ်က ကျွန်မယောက်ျားရမှာလဲ။ ကျွန်မမိတ်ဆွေပါ ရှင့်...ရှင်ကလည်း"

"သိဘူးလေဗျာ...နှစ်ယောက်တည်း တူတူတွဲလာတော့ လင် မယားပဲ မှတ်တာပေါ့"

"တော်တော်ခက်တဲ့လူပဲ"

ယဉ်မွန်ရည်က တစ်ယောက်တည်း ညည်းသလိုပြောရင်း ခုံတန်း လျားပေါ်တွင် ဝင်ထိုင်လိုက်သည်။

"အိမ်ထဲဝင်သွားတဲ့လူက အစ်ကို့သူငယ်ချင်းပဲ။ အစ်ကိုနဲ့ တွေ့ ရအောင် လာတာဆိုပဲ။ ဟိုမှာ စကားပြောနေကြပြီ"

"ဟုတ်တယ်လေ"

"ဒါဖြင့်...ခင်ဗျားကရော ဘာကိစ္စလဲ"

"ဘာကိစ္စမှ မရှိပါဘူး"

"ဟိုဟာ ခင်ဗျားယောက်ျားလည်း မဟုတ်ဘူး။ ဒီမှာလည်း ဘာ ကိစ္စမှ မရှိဘူး ဟုတ်လား။ ဒါဖြင့် ဘာလာလုပ်တာလဲ"

"ဩော်...ခက်ပါလား၊ ဘာကိစ္စမှ မရှိပါဘူးဆိုမှပဲရှင်..."

"ကိစ္စမရှိဘူးဆိုရင်တော့ ခင်ဗျားဒီခြံထဲကို မလာသင့်ဘူးဗျ။ ကျုပ် တို့ သိက္ခာကျတယ်"

"အမလေးတော်...ဒုက္ခပါပဲ။ ကျွန်မကို ဘယ်လိုမိန်းမစားမျိုး အောက်မေ့လို့လဲ"

ယဉ်မွန်ရည်မှာ ထိုင်နေရာမှ ခုန်ထလိုက်ပြီး လက်မှနှင့် ရင်ဝကို

www.burmeseclassic.com

www.burmeseclassic.com

ညွှန်ပြရင်း မေးလိုက်မိသည်။

"ဒါတော့ ကျုပ်မသိဘူး…ဒါပေမဲ့ ကျုပ်တို့ခြံက ယောက်ျားတွေ ချည်း နေတာ။ ခင်ဗျားက အရမ်းလှတော့ ပိုင်းကြိုက်မိမှာ၊ ဒါကြောင့် သိက္ခာ…"

"တော်ပါရှင်…"

"တော်မယ်၊ ခင်ဗျားလည်း ဆက်မပြောနဲ့။ အကြောင်းမရှိဘဲ လည်း သူများခြံကို မလာပါနဲ့"

လေသံက မာကြောလွန်းသည်။ မြေကို ပေါက်ပြားနှင့် တအား ဆောင့်ပေါက်နေတော့သည်။

"ခက်လိုက်တဲ့လူ…ပါးရိုက်ပြီး ပြန်ဖို့ပဲ ကောင်းတယ်"

ဒေါသဝေသော မျက်ဝန်းများဖြင့် သူ့ကို စိုက်ကြည့်နေမိသော် လည်း သူက တစ်ချက်မျှ လှည့်၍ မကြည့်။ ယဉ်မွန်ရည်လည်း ဘာမှ ဆက်၍ မပြောဖြစ်တော့ပါဘဲနှင့် ခြံရှေ့ဘက်ထွက်၍ မတ်တတ်ရပ်နေမိ သည်။

နေပူထဲတွင် တမင်ရပ်နေမိသည်။ သူ့ခြံရိပ်ကိုပင် မခိုချင်တော့။ ဦးဘဆက်ခိုင်းထားသည့် အလုပ်ကိုလည်း တာဝန်ကျေနိုင်တော့မည် မထင်ပါ။

"ကလေးမ…တို့ခြံရှေ့မှာ ဘာလုပ်နေတာလဲ"

ဘယ်နေရာက ထွက်လာသည်မသိ။ ယဉ်မွန်ရည်ရှေ့သို့ ဘွားခနဲ ရောက်လာသော လူကြီးတစ်ယောက်က ခပ်ဟောက်ဟောက်လေသံနှင့် မေးလာပါ၍…

"ကျွန်မမိတ်ဆွေက အဲဒီခြံဝင်သွားလို့ စောင့်နေတာပါ"

"မင်းမိတ်ဆွေဆိုတာက ဘယ်သူလဲ"

"ကိုကြည်ညို"

"သူက ဒီကိုဘာလာလုပ်သလဲ"

"ဒီခြံက ကိုရဲခေါင်ဆိုတာ သူ့သူငယ်ချင်းတဲ့"

"သားကြီးဆီ လာတာကိုး။ နေပါဦး…ဘယ်သူ…အဲ…ကိုကြည် ညိုဆိုတာက သူ့ဟာသူလာတာ၊ မင်းက ဘာလုပ်လိုက်လာရတာလဲ"

"ကျွန်မအကြောင်းကိစ္စနဲ့ကျွန်မ လိုက်လာတာပါ။ ဦးတို့နဲ့ ဘာမှ မပတ်သက်ပါဘူး။ ခုလည်း ကျွန်မဟာကျွန်မ လမ်းမပေါ်မှာ ရပ်နေတာ ပဲ"

"လမ်းမပေမယ့် ငါ့ခြံရှေ့မှာ ဘာလို့ရပ်နေလဲ။ ရှုပ်ရှုပ်ယှက်ယှက် လာပြီး ပတ်သက်မယ်တော့ မကြံနဲ့နော်။ သွား…ဒီနားမှာ မနေနဲ့"

ရှက်စရာကောင်းလွန်းလှပါဘိ။

တစ်သက်နှင့်တစ်ကိုယ် သူတစ်ပါး၏ ဟိန်းဟောက်နှင်ထုတ်ခြင်း ကို မခံခဲ့ရဖူးသူမို့ ရှက်ကြောက်စိတ်များဖြင့် ကြောင်အမ်း၍ ကျန်ရစ်သည်။

"ဦးတိုးသျှန်ဆိုတာပဲ ဖြစ်မယ်၊ သိပ်ရိုင်းစိုင်းတဲ့ သားအဖတစ်တွေ ပဲ။ မိန်းကလေးတစ်ယောက်ကို ဒီလောက်အော်ဟစ်နှင်ထုတ်ရသလား"

ရှက်ကြောက်နာကြည်းစိတ်များဖြင့် သူတို့ခြံနှင့် ဝေးရာသို့ ကသုတ်ကရက်လျှောက်ထွက်လာမိသည်။

ဒေါသစိတ်၊ မခံချင်စိတ်၊ ရှက်ကြောက်စိတ်နှင့် ချုပ်တီးထားရ သော စိတ်များက ရင်၌ လောင်မြိုက်မတတ် ဆူဝေနေသည်။

ရင်မှာ မောပန်းလာလေမှ လျှောက်လှမ်းလာမိသော နှုန်းမှာ မြန် လွန်းနေကြောင်း သိရ၍ အရှိန်ကို လျှော့ချလိုက်ရပါ၏။

"ဒီမှာ…ဒီမှာ…"

နောက်မှခေါ်သံကြောင့် ယဉ်မွန်ရည် မြန်မြန်ပင် လှည့်ကြည့်လိုက် ရသည်။

စောစောကတွေ့ခဲ့ရသော ကိုဗလကြီး။

သူ့မျက်နှာကိုပင် ကြည့်ချင်စိတ် မရှိတော့ပါ၍ ချာခနဲ ပြန်လှည့်ပြီး ယဉ်မွန်ရည် ဆက်လျှောက်မိသည်။

"ဒီမှာ…ခင်ဗျား ဘယ်သွားမှာလဲ"

"ဘယ်သွားသွား ရှင်"

"မဟုတ်ဘူး၊ ဒီလမ်းကမသွားနဲ့လေ"

ကျောပေးလျက် ဆက်လျှောက်နေသော ယဉ်မွန်ရည်မှာ ရပ် လိုက်ပြီးမှ နောက်ဘက်ပြန်လှည့်လျက်…

"ရှင်ကလည်း ကျွန်မကို ခြံထဲက နှင်ထုတ်လိုက်ပြီ၊ ရှင့်အဖေက

www.burmeseclassic.com

www.burmeseclassic.com

လည်း ခွေးတစ်ကောင်မောင်းသလိုပဲ။ ခြံရှေ့မှာတောင် မရပ်ရဘူးဆိုပဲ။ မြန်မာလူမျိုးထဲမှာ ရှင်တို့ သားအဖလောက် မိုက်ရိုင်းတဲ့ လူမျိုးရှိမှာမဟုတ်ဘူး။ ကိုယ့်လူမျိုး မိန်းမသားငယ်လေးကို ဒီလောက်ပဲ ပက်ပက်စက်စက် ပြောရသလားရှင့်"

"ဟာဗျာ…ခင်ဗျားငိုနေတယ်"

"ဟုတ်တယ်…ရှက်လွန်းလို့ မခံချင်လွန်းလို့၊ ဒေါသဖြစ်လွန်းလို့ ကျလာတဲ့မျက်ရည်ပါရှင့်"

"ဟာဗျာ"

"ဒီမှာ…ဒီလမ်းကိုတော့ ရှင်ဝယ်ထားတာ မဟုတ်တန်ရာပါဘူး နော်"

"မဟုတ်ပါဘူး"

"မဟုတ်ရင် ရှင်ဘာမှ လိုက်ပြောစရာမလိုဘူး။ ကျွန်မခြေထောက်နဲ့ ကျွန်မ လျှောက်ချင်သလောက် လျှောက်မယ်"

"ဟာဗျာ…မဟုတ်ပါဘူးဆိုတာက တခြားပါ၊ အခုခင်ဗျား လမ်းမှားနေလို့ ကျွန်တော်ပြေးလိုက်ခဲ့တာ။ အဲဒီလမ်းအတိုင်း ဆက်လျှောက်သွားရင် တောထဲပဲ ရောက်မယ်"

"ဟင်…"

"ဟုတ်တယ်၊ ဒီနောက်ဘက်ကို ပြန်သွားမှ မန္တလေး–လားရှိုး လမ်းပေါ် ပြန်ရောက်မှာ"

"ရှင်တကယ် ပြောတာလား"

"သြော်…အဟုတ်ပါဗျာ"

ယဉ်မွန်ရည် ဘာမှပြန်မပြောတော့။ သူ့ကို တစ်ချက် ခပ်တည်တည် ကြည့်ပြီးသူ ညွှန်ပြရာဘက်သို့ ပြန်လှည့်လျှောက်ခဲ့ရသည်။

"ဒီမှာ…"

"ဘာလဲ"

"ခင်ဗျားကလည်း ဒေါသကြီးလှချည်လား"

"ကျွန်မနေရာကလည်း နေကြည့်ကြပါဦးရှင်… ခွေးတောင် မောင်းထုတ်ရင် ပြန်ဟောင်သေးတာပဲ"

"အေးဗျာ…ကျွန်တော်ကလည်း ဘာတွေပြောလိုက်မိမှန်း မသိဘူး။ အဖေကတော့ ထုံးစံအတိုင်း တွေ့လိုက်ရင် ပြဿနာနဲ့ပဲ။ ဒါပေမဲ့ ကျွန်တော်တို့အဖေက သဘောကောင်းပါတယ်ဗျာ"

ပြေပြေလည်လည်လေသံဖြင့် ဘေးက လိုက်၍ ပြောကြားနေသော်လည်း ယဉ်မွန်ရည် ဘာစကားမှ ပြန်၍ မပြောကြားမိ။

"ခုချိန်ထိ ကျုပ်တို့သားအဖတွေရဲ့ ရာဇဝင်မှာ တောင်းပန်တယ်ဆိုတာ မရှိသေးဘူး။ ဒါပေမဲ့ ခင်ဗျားမျက်ရည်ကျလောက်အောင်ဖြစ်သွားရတာကိုတော့ စိတ်မှာတစ်မျိုးပဲ"

"နေပါစေ…နေပါစေ…၊ တောင်းပန်လည်း မနေပါနဲ့၊ ကျေလည်း မကျေပါဘူး၊ ကျွန်မသွားတော့မယ်၊ ရှင်လိုက်မလာပါနဲ့"

ခပ်ဆတ်ဆတ် ခပ်မာမာ ပြောကြားရင်း ခပ်သွက်သွက် ထွက်လျှက် သော်တာမည်သော ခြံကို ကျော်လွန်လာစေခဲ့ရပါသည်။

"တကယ်လို့များ သူတို့နဲ့ ပေါင်းဆုံမိပြီး သူတို့ရဲ့ ယုံကြည်မှုကို ရတဲ့အခါ သူတို့သားအဖတွေရဲ့ လှုပ်ရှားမှု၊ ကောက်ကျစ်ယုတ်မာမှုတွေကို သိရှိရပြီး သမီးကို သတ်တဲ့ တရားခံများပေါ်ပေါက်အောင် ယဉ်မွန်ရည်က စုံစမ်းပေးနိုင်မယ်ဆိုရင်…"

အားတက်သရော ပြောကြားလိုက်ရှာသော ဦးဘဆက်၏ အသံများကို ယဉ်မွန်ရည် ပီပြင်စွာ ပြန်လည်ကြားယောင်လာမိသည်။

ယဉ်မွန်ရည် လှမ်းနေဆဲ ခြေလှမ်းများကို ရပ်ပစ်လိုက်သည်။ "ဘာဝန်နဲ့ပါလား"ဟူသော အသိဖြင့် နောက်သို့ ပြန်လှည့်ကြည့်မိသည်။

သူရပ်နေဆဲပါပဲ။

ယဉ်မွန်ရည်လည်း စုံရပ်လျက် မိနစ်ဝက်ခန့် ကြည့်နေမိသည်။

ပြီးမှ တစ်လှမ်းချင်း သူ့ထံ ပြန်လည်၍ လျှောက်သွားနေမိသည်။ အံ့အားသင့်သလို ကြည့်နေသော သူ့ကို ယဉ်မွန်ရည်က တည်ငြိမ်စွာ ကြည့်လိုက်ပြီး…

"ယဉ်မွန် ရိုင်းသွားမိပါတယ်။ ဒီအတွက် ခွင့်လွှတ်ပါရှင်၊ ယဉ်မွန် တောင်းပန်ပါတယ်"

ရှင်ထဲက မပါသော်လည်း စကားလုံး လှပမှုအတွက် တန်ဆာ

www.burmeseclassic.com

www.burmeseclassic.com

ဆင်၍ ပြောကြားလိုက်ရပါသည်။

"ခင်ဗျာ..."

သူကြောင်သွားသည်။

"ရုတ်တရက် အော်ငေါက်ခံရ၊ နှင်ထုတ်ခံရတော့ ရင်ထဲမှာ အတော်ပဲ ခံစားလိုက်ရပါတယ်။ ဒါကြောင့် ရှက်ရှက်နဲ့ လမ်းတောင် မှားပြီး ထွက်သွားမိတာပါ"

"ဟုတ်တယ်၊ ဒါကြောင့် လိုက်ခေါ်တာ"

"ဟုတ်ကဲ့၊ ယဉ်မွန့်ကို လမ်းမှန်ပြန်ရောက်အောင် ပို့ပေးတဲ့သူ ပေါ်မှာ ရိုင်းရိုင်းပျပျ ပြောလိုက်မိတဲ့အတွက် ယဉ်မွန်ချက်ချင်းပဲ နောင်တရမိလို့ ခုလို ပြန်လှည့်တောင်းပန်ရတာပါ"

"အင်..."

"မိန်းကလေးဆိုတာ ရုက်သွားရင် ဘာကိုမှ မဆင်ခြင်နိုင်ဘဲ မိုက်မိုက်မဲမဲ လုပ်ပစ်လိုက်တတ်တဲ့သဘော ရှိပါတယ်"

"ဩော..."

"ဒါကြောင့် ဒီက လိုက်ခေါ်တာကို ကောင်းကောင်း ပြန်မပြောမိတာပါ။ ယဉ်မွန့်ကို ခွင့်လွှတ်နိုင်ပါရဲ့လားရှင်"

စာမရသော ကျောင်းသားတစ်ယောက် ဆရာမရှေ့မှောက်သို့ ရောက်နေရသည်လို သူက ကြောင်အအ၊ ယောင်နနပုံစံနှင့် ဘာပြန်ပြောရမည် မသိသလို သူရပ်နေသည်။

"ယဉ်မွ ၁ မဖြေသေးဘူးနော်"

"ဘာ...ဘာကိုလဲ"

"ဩော်...ယဉ်မွန့်ကို ခွင့်လွှတ်နိုင်မှာလားလို့"

ပြုံးရွှင်မှုနဲ့စွာ မေးလိုက်ရသည်။ စိတ်ထဲက မပါလှသော်လည်း အ သဘောအရပါ။

သူသည် မိန်းမသားများနှင့် ရင်းနှီးစွာ ဆက်ဆံပြောလေ့မရှိ ကြက်အမ်းအမ်း သူ့မျက်နှာကြီးက သက်သေခံနေပေသည်။

"ဩော်...၊ ပြန်မတောင်းပန်ပါနဲ့၊ ကျွန်တော်က လိုက်တောင်းပန်"



"ဒီလိုဆိုလည်း ယဉ်မွန်က ကျေပါပြီတဲ့ရှင်၊ အဟဲ...ဟဲ..."

"ဟဲ...ဟဲ..."

သူကပါ ရောရယ်သည်။ ပြီးမှ–

"နာမည်က ယဉ်မွန် ဟုတ်လား"

"ယဉ်မွန်ရည်ပါ"

"နာမည်ကတော့ ရိုးသလိုလိုနဲ့ ဆန်းတယ်။ လူကတော့ သိပ်လှတယ်"

"ဒီအတွက် ကြုံတဲ့တစ်နေ့မှာ မုန့်ကျွေးပါရစေ"

"တကယ်ပြောတာဗျို့"

"ဒီက နာမည်ရော ပြောနိုင်မှာလား ဟင်"

"ရဲနောင်"

"ဩော်...ဒီလိုပါ၊ 'ရဲ'ဆိုတာ ရဲရင့်တယ်။ 'နောင်'ဆိုတာက ယဉ်ကျေးစွာ သုံးနှုန်းတဲ့ မြန်မာစကားအရဆိုရင် 'အစ်ကို'ပေါ့။ ဒါကြောင့် ရဲရင့်အစ်ကိုလို့"

"ကျွန်တော် ဒီလိုတစ်ခါမှ မစဉ်းစားမိဘူး။ ညီအစ်ကိုတွေ နာမည်ဆင်တူအောင် မှည့်ထားကြတာပါ"

"ညီအစ်ကိုတွေက ဘယ်နှယောက်တောင်မို့လဲ"

"လေးယောက်၊ ရဲခေါင်၊ ရဲအောင်တဲ့။ ပြီးတော့မှ ကျွန်တော် နောက် ညီလေး ရဲမောင်"

"ဩော်...ဩော်...အားလုံး တူတူနေကြတယ်လား"

"ဆိုပါတော့၊ ညီလေးက အိမ်မှာမရှိဘူး"

သူက တွေ့တွေ့ချင်း ပြောချင်ပုံမရသေး၍ ယဉ်မွန်ရည်ဆက်၍ မမေးတော့ပါ။ သည်နေ့ သည်လောက်ပြေလည်လျှင်ပင် တော်လောက်ပါပြီ။

"ကိုရဲနောင်က ယဉ်မွန့်ကို ပြေပြေလည်လည်စကားလိုက်ပြောတာ ဝမ်းသာလိုက်တာ၊ ဒါဖြင့် ယဉ်မွန် ပြန်တော့မယ်နော်..."

"ဘယ်မှာနေလို့လဲ"

"ပြင်ဦးလွင်–လားရှိုးလမ်းက ခြံတစ်ခြံမှာပါ။ မေမြို့မှာ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



ရလို့ လာလုပ်နေတာပါ။ တစ်ယောက်တည်းနေရတာ အားငယ်လွန်းလို့ ကိုရဲနောင်ကို မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ပါရစေလားရှင်"

"ရပါတယ်"

"နောက်တစ်ခါ ယဉ်မွန်ရောက်လာရင် ကျုပ်ခြံထဲ မဝင်ရဘူးလို့ အော်ငေါက်ထုတ်ဦးမှာလားဟင်"

"ဟဲ...ဟဲ...မပြောတော့ပါဘူးဗျာ"

"ဒါဖြင့် ယဉ်မွန်အားတဲ့အခါ လာခဲ့ပါရစေနော်၊ ဘယ်ချိန်မှာ ရှိတတ်လဲဟင်"

"မနက်နဲ့ ခုလိုညနေဆို ခြံထဲမှာ အမြဲ ရှိတယ်။ နေ့လယ်တော့ အပြင်ထွက်တဲ့အခါ ထွက်တယ်"

"ဟုတ်ကဲ့၊ ယဉ်မွန်လာနိုင်ရင် ညနေဘက်လာမှာပါ"

"ဘယ်နေ့လာမလဲဟင် ဟင်၊ ယဉ်မွန်"

"အတိအကျတော့ မပြောပါရစေနဲ့၊ ယဉ်မွန် အားလပ်တဲ့အခါ၊ ကြုံကြိုက်တဲ့အခါ လာခဲ့ပါ့မယ်"

"ကောင်းပါပြီ။ ကျွန်တော်စောင့်နေမယ်"

"ကျေးဇူးပါပဲ ကိုရဲနောင်၊ ဒါဖြင့် ယဉ်မွန်သွားတော့မယ်"

"ကောင်းပါပြီဗျာ"

သူ့ကို လှိုက်လှဲပျှာဖြင့် နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့ရသည်။ အတော်ကြီး လျှောက်ပြီးသည့်အခါမှ လမ်းချိုးထိပ်သို့ ရောက်လာခဲ့တော့သည်။ လမ်းထိပ်တွင် ကိုကြည်ညို။

"တော်ပါပြီ ကိုကြည်ညို၊ ဒီလောက်အားကိုးရရင် လုံလောက်ပါပြီ"

"ကျွန်တော် ရှာလိုက်ရတာဗျာ။ မတွေ့လို့ ဒီနားမှာ ရပ်စောင့်နေတာ"

"တော်သေးတာပေါ့"

"ဘယ့်နဲ့ ဘယ်သွားနေတာလဲ"

"ကဲ...လာပါတော့၊ လမ်းလျှောက်ရင်း ပြောကြတာပေါ့"

ကိုရဲနောင်နှင့် အလွန်ပြေလည်လာသည့်အဖြစ်ကို လျှော့လျှော့ပေါ့ပေါ့လေး ပြန်ပြောရသည်။ သူကလည်း ယဉ်မွန်ရည်ပြန်ပြီအထင်နှင့် လာလမ်းအတိုင်း လျှောက်လာခဲ့မိသည်။ သည်အတွက် တောင်းပန်နေသော ကိုကြည်ညိုကို ယဉ်မွန်ရည်က ပြေလည်ရာပြေလည်ကြောင်း ပြောပြ၍...။

ယဉ်မွန်ရည်သည် သော်တာခြံရှိ သားလေးယောက်နှင့် ဖခင်ကြီးတစ်ဦးတို့နှင့် တွေ့ဆုံရန်ခရီးစဉ်မှာ အောင်မြင်စွာ ပြီးဆုံးခဲ့လေပြီဟု သတ်မှတ်ရန်သာ ရှိပါတော့သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

အော်သံသဲ့သဲ့ကို ကြားလာရသည်။

နားစွင့်နေရာမှ ဆတ်ခနဲ ထိုင်ပြီး အာရုံစိုက်မိသည်။

"ဟုတ်ပါတယ်၊ မနေ့ညက ကြားလိုက်ရတဲ့ အော်သံမျိုးကြီး အတိုင်းပဲ"

ယဉ်မွန်ရည်မှာ သီတဂူမြိုင်၏ ပင်မအိမ်ကြီး အပေါ်ထပ်ဆီ ပြန့်လွင့်လာသော အော်သံသဲ့သဲ့ကို နားစွင့်နေမိရာက...

"သတ္တဝါတစ်ကောင်ရဲ့ အော်သံတော့ မဟုတ်တော့ဘူး။ လူ တစ်ယောက်ရဲ့ စကားသံမမှန်တဲ့ အော်ညည်းသံပဲ။ ဘယ်သူ့အသံပါလိမ့်"

"အန်...အန်တီနုက အင်ကြင်းပင်မှာ ခေါ်ပေးပါ"

နန်းမြင့်မေ၏ တီးတိုးစကားကိုလည်း ပြန်လည်ကြားယော လာမိသည်။

"အင်ကြင်းပင်...အင်ကြင်းပင်ဆိုတာ ဘာကို ရည်ရွယ်ပြော လိမ့်"

"ဒီအိမ်ကြီးရဲ့ အပေါ်ထပ်တစ်နေရာမှာများ ဒေါ်နုနုဝေကို ချု နှောင်ထားကြလေသလား။ အဲဒီအမျိုးသမီးကြီးရဲ့ အော်သံလေလား"

စဉ်းစားတွေးခေါ်ခြင်းများစွာဖြင့် ယဉ်မွန်ရည် အိပ်မပျော် တော့ပါ။

ယဉ်မွန်ရည် နေရသည်က သုံးခန်းတွဲ အဆောင်လေးတွင်ဖြစ် ၏။ ခြေရင်းခန်းတွင် လူမရှိ၊ တစ်ဖက်ခန်းဆီမှ မိသားစုများက ယဉ်မွန်ရ လို ဘာကိုမှ အာရုံစိုက်၍မနေ၊ ကလေးလူကြီး စောစောအိပ်ရာဝင်၍ အိ



ကြလေပြီ။

အကာလညာ၏ သန်းခေါင်ယံကျော်လွန်သည်တိုင် ယဉ်မွန်ရည်မှာ ခန်းကျဉ်းလေးပွင်းမှာ တစ်ယောက်တည်းအတွေးများစွာ အလယ်တွင် နေခဲ့ရသည်။

နောက်တစ်နေ့မနက် လုပ်ငန်းခွင်တွင် ယဉ်မွန်ရည်က...

"ဒီမှာ ယုဇန...ဒေါ်နုနုဝေဆိုတဲ့ အမျိုးသမီးကြီးကို တွေ့ဖူးလိုက် လား...ဟင်"

"တွေ့တယ်...လေးနုထွေးလိုပဲ သိပ်ချောတယ်"

"အခု သူဘယ်မှာရှိနေမယ်လို့ ယုဇနထင်သလဲ"

"မပြောတတ်ဘူးလေ...သူ့ယောကျ်ားကတောင် သိမှမသိတဲ့ ဟာ"

"ဦးဘဆက်ဟာ သူ့ဇနီးတစ်ယောက်လုံး ပျောက်နေတာကို ဘာလို့ မရှာရတာတဲ့လဲကွယ်"

"စိတ်နာလို့နေမှာပေါ့။ သူတို့ချင်း ရန်အကြီးအကျယ်ဖြစ်ကြတယ်"

"ဟုတ်လား...ဘာအတွက်လဲဟင်"

"လေးနုထွေးကိစ္စနဲ့ပတ်သက်လို့ပဲ"

"လေးနုထွေး အသက်မခံရခင်က ဖြစ်ကြတာလား"

"မဟုတ်ဘူး သေပြီးမှ"

"သေပြီးမှ ဘာပြဿနာတွေ တက်စရာ ရှိလဲ ယုဇနရဲ့"

"သြော်...သမီးလေးသေရတာ သူ့ကြောင့်၊ ငါ့ကြောင့် လွှဲချတာ း ဖြစ်လိမ့်မယ်ထင်တယ်"

"ဘာဆိုင်လဲ"

"မင်းက ငါ့ကြောင့်သာ ပြောနေ၊ မင်းအထိန်းအသိမ်းမကောင်း မင်းသောက်သုံးမကျလို့ သမီးလင်နောက်လိုက်သွားတာရော ထည့် ပြောဘူးလားလို့"

သူ့မိန်းမကို ကြိမ်းမောင်းနေတာ ယုဇနတို့ ခိုးနားထောင်ရင်း ားခဲ့ရတယ်"

"နောက်ရော..."

www.burmeseclassic.com

www.burmeseclassic.com

"အမလေး... ဒေါ်အိမ်ခြွေ မောင်းထုတ်လို့ မနည်းပြန်ပြေးခဲ့တယ်"

"ယုဇနဆိုလိုချင်တာက ရန်ဖြစ်လို့ ဒေါ်နုနုဝေထွက်သွားတယ် ဒီလိုလား...ဟင်"

"ဒီလိုပဲဖြစ်ရမှာပေါ့။ ဒါကြောင့် အဘိုးကြီးက လိုက်မရှာတာဖြစ်မှာပေါ့"

"သူတို့ဖြစ်ရတဲ့အကြောင်းရင်းက လေးနုတွေး သေဆုံးရတဲ့ကိစ္စပေါ်မှာ အခြေခံတာပေါ့နော်...ယုဇန"

"ဟုတ်မှာပေါ့၊ ဒါပဲ ရှိမှာပေါ့"

သည့်လောက်နှင့်ပင် ဆွေးနွေးခန်း ရပ်တန့်လိုက်ရသည်။ ယုဇနကို ဆက်မေးနေ၍လည်း အဖြေထွက်မည်မဟုတ်တော့ပါ။

ဦးဘဆက်ကသာ သော်တာအလှကုန်လုပ်ငန်းမှ ကိုရဲနောင်တို့သားအဖတွေကို ကြည့်ခိုင်းနေသည်။ သူတို့ကလည်း သူတို့တစ်ပိုင်းဖြစ်လေမည်။

သည်ဘက်က ဦးဘဆက်တို့ဘက်ကလည်း လျှို့ဝှက်ခြင်းများရှိနေပေလိမ့်မည်ဟု ယဉ်မွန်ရည် နားလည်လာရသည်။

ဘိုးတော်မင်းလူကိုလည်း မသင်္ကာမိ၊ ဒေါ်အိမ်ခြွေကလည်း တစ်မျိုးကြီး။

နန်းမြင့်မေ၏ နောက်ပိုင်းတွင်လည်း ရာဇဝင်နှင့် အတိတ်ဆိုးနှင့် ဖြစ်ရမည်မှာ သေချာသည်။

နောက်ဆုံးက ဒေါ်နုနုဝေသည် ဤအိမ်ကြီး၏ တစ်နေရာတွင် အမှန်ပင် ရှိနေလိမ့်မည်ဟု ယဉ်မွန်ရည် တွက်ဆလာမိသည်။

ကိုယ့်တာဝန်ကျနေသော ကိုယ့်စီးပွားရေးလုပ်ငန်းကို ပစ်ပယ်၍လည်း မဖြစ်သေး။ သူများအကြောင်း တွေးနေရုံနှင့် အလုပ်များ မပြီးဆုံးနိုင် ဟူသော စိတ်များဖြင့် စာရင်းဇယားများကို ပြန်လည်၍ စစ်ဆေးတွက်ချက်နေရပါတော့သည်။

"မယဉ်မွန်ရည်... ဆရာက ခဏလာပါဦးတဲ့"

မန်နေဂျာ ဦးဟန်ညွန့်၏ ရုံးလုလင်လေးက လာခေါ်၍ ယဉ်မွန်ရည် မန်နေဂျာ၏ ရုံးခန်းတွင်းသို့ ဝင်လာခဲ့ရသည်။

'ထိုင်...ယဉ်မွန်ရည် မေးစရာလေးရှိလို့"

"ဟုတ်ကဲ့ဆရာ...မေးပါ"

"မနက်က ဦးလေးက ယဉ်မွန်ရည်ကို အပေါ်ထပ်မှာ ခေါ်တွေ့တယ်နော်"

"ဟုတ်ကဲ့"

"ဟိုနေ့ကလည်း တစ်ခါ ပြောစရာရှိလို့ ဆိုပြီး လွှတ်ပေးခိုင်းတယ်၊ အဲဒါ ဘာအကြောင်းတွေများလဲလို့ သိခွင့်ရှိရင် သိချင်မိတယ်"

ယဉ်မွန်ရည်မှာ ဦးဟန်ညွန့်၏ တည်ကြည်သော မျက်နှာကို ကြည့်ပြီး ချင့်ချိန်စဉ်းစားစွာဖြင့် ဖြေကြားရပါသည်။

"ယဉ်မွန်ရဲ့ ကိစ္စတော့ မဟုတ်ပါဘူးဆရာ၊ ဦးလေးက ယဉ်မွန့်ကိုခေါ်ပြီး ခိုင်းတဲ့ကိစ္စလေးပါ"

"ဒီလုပ်ငန်းကိစ္စလား"

"မဟုတ်ဘူးဆရာ...ကိုယ်ရေးကိုယ်တာကိစ္စပါ။ ဒါပေမဲ့ ယဉ်မွန့်ဘက်က စပြီး မပြောကြားဝံ့လို့ ဆရာ ယဉ်မွန့်ကို စာနာစွာ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်။ ဆရာသိချင်ရင် ဦးလေးကိုပဲ တိုက်ရိုက်မေးကြည့်ပါလို့ ပြောပါရစေ"

"ဆရာသဘောပေါက်ပါတယ်ယဉ်မွန်ရည်၊ ဒါပေမဲ့ ဟိုတစ်နေ့က ကိုကြည်ညိုနဲ့ ယဉ်မွန်တို့ ဦးတိုးသွန်ရဲ့ ခြံကို ရောက်ခဲ့ကြတယ်ဆိုလို့ ဆရာ့စိတ်ထဲမှာ အထစ်အငေါ့လေး ရှိသွားမိလို့ ယဉ်မွန့်ကို ခေါ်မေးရတာပါ"

"ဘယ်လိုပါလဲဆရာ"

"ဆရာ့ စိတ်စေတနာကို အရင်ပြောဦးမယ်၊ ယဉ်မွန်ရည်ဟာ ရိုးသားအေးဆေးပြီး တည်ငြိမ်တယ်။ ဒါကြောင့် ကိုယ့်တပည့်မလေး တစ်ယောက်လို ဆရာခင်မင်မိတယ်။ ယုဇနတို့လို ဟိုစပ်စပ်ဒီစပ်စပ် မိန်းကလေးမျိုးဆို ဆရာဒီကိစ္စမှာ ရေငုံပြီး နေလိုက်မိမှာပါ"

"ဟုတ်ကဲ့ဆရာ ကျေးဇူးတင်ပါတယ်၊ ယဉ်မွန့်မှာလည်း ဖွင့်ပြောချင် တိုင်ပင်ချင်ပေမယ့် အလုပ်ရှင်ရဲ့ မျက်နှာကို ကြည့်နေရလို့ဆိုတာ ဆရာသဘောပေါက်ပါတယ်နော် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ နားလည်ပြီ ယဉ်မွန်ရည်…ပြောချင်တာကတော့ တကာ[illegible] လို့များ သူတို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ခိုင်းနေတာမျိုးဆိုရင် ငြင်းလို[illegible]ပါ"

"ရှင်…"

"အထူးသဖြင့် ဦးတိုးသျှန်တို့ သားအဖတွေနဲ့ ပတ်သက်ခိုင်းတာ[illegible] မျိုးဆိုခဲ့ရင်တော့ ယဉ်မွန်ရည် လုံးဝလုပ်မပေးစေချင်ဘူး"

"အို…"

"သူတို့ချင်းက နှစ်ပေါင်းများစွာကတည်းက ရန်စရှိလာကြတဲ့[illegible] တွေ…ဘာမှမသိနားမလည်တဲ့ ယဉ်မွန်ရည်ကို ဟိုသားဖတွေဆီ လွှတ်ပြီ[illegible] စုံစမ်းခိုင်းတာမျိုး၊ အတွင်းသတင်းကို သယ်ယူပေးခိုင်းတာမျိုးများဖြစ်[illegible] မလားလို့ ဦးလေးက စိတ်ပူလို့ ခေါ်ပြီး သတိပေးရတာပါ ယဉ်မွန်ရည်"

"ဟုတ်ကဲ့…ဆရာရဲ့ စေတနာကို ယဉ်မွန်ယုံကြည်လေးစား[illegible] တယ်ရှင်…ဦးလေးဘဆက်က ယဉ်မွန်ကို ဘာတွေခိုင်းနေပါတယ်လို့တော့ မပြောကြားဝံ့ပါဘူး။ ဒါပေမဲ့ ဆရာ့ကိုတော့ ယုံကြည်အားကိုးစိတ်နဲ့ ပြော[illegible] နိုင်တဲ့တစ်နေ့မှာ ဖွင့်ပြောပါမယ်။ တိုင်ပင်ပါ့မယ်လို့တော့ ကြိုတင်ပြော[illegible] ထားပါရစေ"

"အေး…အေး…"

"ခုတော့ အလုပ်ရှင်ခိုင်းသမျှ မငြင်းနိုင်တဲ့ အခြေအနေမျိုးဖြစ်[illegible] လို့ ယဉ်မွန်လုပ်နေရတာပါ။ ဆရာသတိပေးတာတွေကို အမြဲသတိထားပြီ[illegible] နေပါ့မယ်လို့ ကတိ ပေးပါတယ်"

"အေးလေ…ဦးတိုးသျှန်နဲ့ ဦးဘဆက်တို့အုပ်စုနှစ်ခုကြားမှာ[illegible] ကိုယ်က မြေဇာပင်လို ညှပ်ခံရမယ့်အဖြစ်မျိုး ဖြစ်သွားရမှာစိုးလို့ ခေါ်[illegible] သတိပေးတာပါ ယဉ်မွန်ရည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်အလုပ်ကလွှဲရ[illegible] ကင်းကင်းရှင်းရှင်းနေနိုင်အောင် ကြိုးစားပေ့ါ။ ဒါပါပဲ။ ကဲ…ကဲ…သွား[illegible] တော့ ယဉ်မွန်ရည်…သွားတော့"

မန်နေဂျာ ဦးဟန်ညွန့်၏ အခန်းမှ ထွက်လာခဲ့ရသော ယဉ်မွ[illegible] ရည်၏ မျက်နှာသည် ချောက်ချားမှုဖြင့် ညှိုးငယ်နေပေလိမ့်မည်ထင်သည်[illegible] ယုဇနက…



"ယဉ်မွန်ရည်…အဘိုးကြီးနဲ့ ဘာပြဿနာတက်လာခဲ့သလဲ… ဟင်…"

"ဟိုဟာပါ…စာရင်း…စာရင်းတွေမှားလို့တဲ့"

"စာရင်းမှားတာ သူနဲ့ဘာဆိုင်လဲ။ ကိုကြည်ညိုက စာရင်းစစ်ပဲ ဟာ"

"သိပါဘူး ယုဇနရယ်…ယဉ်မွန်လည်း စိတ်ညစ်ပါတယ်"

ယုဇနနှင့် စကားစပြတ်စေရန် စာရင်းစာအုပ်များ ဖွင့်၍ အလုပ်လုပ်ပြနေရသည်။ ယုဇနက ယဉ်မွန်ရည်၏ စကားကို ယုံကြည်ဟန်မတူ။ သံသယမျက်လုံးများဖြင့် စပ်စုစွာ ကြည့်နေသည်။ ယခုရက်ပိုင်းအတွင်း အပေါ်ထပ်သို့ သုံးလေးခေါက် တက်ခွင့်ရနေသည့်ကိစ္စကိုလည်း ယုဇနက သိချင်နေပုံ ရပါ၏။

ထိုတစ်နေ့လုံး ကိုကြည်ညိုကိုလည်း မမြင်ရ။ ဦးဘဆက်လည်း ဆင်း၍မလာ။ ယဉ်မွန်ရည်မှာ အလုပ်များကိုသာ ကြိုးလုပ်နေရသည်။

ခေါင်းထဲတွင် ပြဿနာများစွာ စီရီတိုးလုနေကြပါ၏။ ယင်းတို့ထဲမှ အညွန့်တက်၍ တိုးထွက်လာသော ပြဿနာတစ်ခုက…

"နန်းမြင့်မေ"

ဟုတ်ပါသည်။ ယဉ်မွန်ရည်၏ ခေါင်းထဲတွင် နန်းမြင့်မေ၏ ပြဿနာက အမြင့်မားဆုံးဖြစ်နေပြီ။ လေးနုတွေးက သေဆုံးနှင့်ပြီ။ ဒေါ်နုနုဝေက လူကြီး ကိစ္စမရှိ။ သူတို့ကံကြမ္မာများက ဖြစ်နှင့်ပြီးနေပြီ။ နောက်က လိုက်ကြရုံသာ…

နန်းမြင့်မေမှာ အန္တရာယ်တစ်ခုခုကို ရင်ဆိုင်ရအံ့ဆဲဆဲ အချိန်တွင် ဒဏ်ရာရနေခြင်းဖြစ်ပေသည်။ သူမ၏ ကံကြမ္မာမှာ လက်တစ်ကမ်းစာ အကွာမှာ ရှိနေပေလိမ့်မည်။

"နန်းမြင့်မေ…ညီမရယ်…မမယဉ်မွန် ကူညီကယ်တင်ပေးချင်ပါ တယ်။ မင်းလေး ဘာတွေဖြစ်နေလဲ။ ဘယ်လိုဒုက္ခတွေနဲ့ ကြုံနေရလဲ… သိချင်လိုက်ပါဘိကွယ်"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

စောစောပိုင်းဆီက ကြားနေကျအော်သံအတိုင်း ရူးရူးဝါးဝါး တစ်ချက် ကြားလိုက်ရပြီး ငြိမ်သွားသည်။

ယခုသန်းခေါင်ကျော်လာသည်နှင့် အသံများက ဆက်တိုက်လို ကြားလာရသည်။ ဝေးသွားလိုက်၊ နီးလာလိုက်နှင့် အသံများက မူမမှန်။

"အ...အား...ဂူး...ဂူး..."

ငယ်သံပါအောင် ခြစ်၍အော်နေသော ဤအသံကြီးကို ကြားရ တိုင်း ယဉ်မွန်ရည်မှာ ဂဏှာမငြိမ်နိုင်။ ထိုင်ရမလို၊ ထရမလိုနှင့် အိပ်ရာထဲ တွင် လှဲနေရသည်ကိုပင် လုံခြုံသည်ဟု မထင်မိ။

သည်နေ့ည အသံများက တစ်မျိုးထူးခြားလာသည်နှင့် ယဉ်မွန် ရည်မှာ အိပ်ရာကမှ ထလိုက်သည်။ တံခါးမဘေးတွင် မှန်ပြတင်းပေါက် တစ်ပေါက် ရှိသည်။ ယင်းပြတင်းပေါက်ကို အဖြည်းညင်းဆုံး ဖွင့်၍ ဟရုံ လေး ဟပြီး ချောင်းကြည့်မိသည်။

သီတဂူမြိုင်အိမ်ကြီးသည် မည်းမည်းနှင့် မားမားကြီး ရပ်တည်နေ ပေသည်။ အောက်နှစ်ထပ်လုံး မည်းမည်းမှောင်နေသည်။ အပေါ်ဆုံးထပ် ၏ မှန်ပြတင်းနှစ်ခုတွင်သာ မီးရောင်လဲ့လဲ့လေးများ လင်းလက်နေ ပေသည်။

ယဉ်မွန်ရည်မြင်နေရသည်က သီတဂူမြိုင်၏ နောက်ဘက်ပိုင်းကို ဖြစ်သည်။ နောက်ဘက်တွင် အပေါ်ဆုံးထပ်သို့ ရောက်သည်ထိ ဖောက် လုပ်ထားသော ကြောင်လိမ်လှေကားရှိသည်။ ကွေ့လိမ်တက်သွားသော လှေကား၏ ဘေးတွင် စိုက်ထူထားသော သံချောင်းကို ငွေမင်များသုတ်



ထားပါ၍ အမည်းထဲတွင် သွားများ ဖြဲပြနေသည့် သတ္တဝါကြီးတစ်ကောင် လို ချောက်ချားစရာ ကောင်းလှပါချေသည်။

"ဝါး..."

ဆိုသော စကားသံနှင့် နီးစပ်သည့် အသံကြီးကို ကြားလိုက်ရပြီး နောက်တွင် ထိုကြောင်လိမ်လှေကားဆီမှာ ဖြူဖြူကြီးတစ်ခု လိမ့်ဆင်းလာ သည်ကို ယဉ်မွန်ရည် အံ့သြစွာ မြင်လိုက်ရသည်။

"ဟေး...ဟေး..."

ဤဖြူဖြူကြီးနောက်မှ လူနှစ်ယောက်၏ အရိပ်သဏ္ဌာန်ကလည်း သေပြေးရှင်ပြေး ဆင်းပြေးလိုက်လာသည်။

ကြောင်လိမ်လှေကားဆုံးသည်နှင့် ရှေ့မှ ဖြူဖြူကြီးကို နောက်မှ လူနှစ်ယောက်က ချုပ်ကိုင်မိသွားကြသည်။

လုံးလားထွေးလား၊ ရုန်းလားကန်လားနှင့် ရှိနေကြပြီး အောက် ဆုံးထပ်၏ တံခါးကို တွန်းဖွင့်၍ ဝင်သွားကြတော့သည်။

အဖြစ်အပျက်က မကြာပါ။ အားလုံးပေါင်းပါမှ တစ်မိနစ် ကျော် ကျော်မျှသာ ရှိပေမည်။ သို့ပါသော်လည်း ယဉ်မွန်ရည်မှာ မြင်ရသော မြင်ကွင်း၊ ကြားရသော ကြောက်ခမန်းလိလိ အသံကြီးများကြောင့် ကြောက်ရွံ့လွန်းစိတ်ဖြင့် သံတိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် တောင့် တောင့်ကြီး ရပ်နေမိတော့သည်။

"ရှေ့က ဖြူဖြူကြီး လိမ့်ဆင်းလာတာ ကြောက်စရာကောင်း လိုက်တာ၊ ဘာကြီးပါလိမ့်။ ဘာဖြစ်ကြတာပါလိမ့်"

တံခါးကို ပြန်၍ မပိတ်သေးပါဘဲနှင့် သီတဂူမြိုင်အိမ်ကြီးဆီမှ နောက်ထပ် ဘာများ မြင်ရကြားရလေဦးမလဲဟူသော မျှော်လင့်ချက်များ ဖြင့် ယဉ်မွန်ရည်မှာ ဆက်လက် ရပ်နေမိသည်။ ရင်ခွင်မှ ကြောက်စိတ်များ ဖြင့် ဒိတ်ဒိတ်ခုန်နေတော့သည်။

"ဖြူဖြူကြီး၊ ဖြူဖြူကြီးဟာ ဘာပါလိမ့်"

မပိုးတဝါး မြင်လိုက်ရသော အရာကို မျက်စိထဲတွင် စွဲလျက် ဝေခွဲမရအောင် ရှိနေရဆဲ။

"ဘိုးတော် မင်းလှ"

www.burmeseclassic.com

www.burmeseclassic.com

အတွေးသစ်တစ်ခုက ရုတ်တရက် ရောက်လာသည်။ အင်္ကျီလုံချည်နှင့် ခေါင်းပေါင်းများပါမကျန် ဝတ်ဖြူစင်ကြယ်ဝတ်လေ့ရှိသော ဘိုးတော်မင်းလူ။

"သူများလား၊ သူထွက်ပြေးတာကို လိုက်ဆွဲခေါ်ကြတာလား။ ဘိုးတော်မင်းလူမှာ ထွက်ပြေးစရာ အကြောင်းရော ရှိလို့လား၊ သူဒီလိုလုပ်ပါ့မလား။ ဒါဖြင့် နန်းမြင့်မေများလား၊ ဖြစ်နိုင်ပါ့မလား။ အော်သံကလည်း တစ်မျိုးပဲ။ ကြောက်စရာကြီး။ နန်းမြင့်မေလို မိန်းမသံ နွဲ့နွဲ့လေးလည်း မဟုတ်ဘူး။ သြသြကြီးနဲ့၊ စကားလုံးလည်း မကွဲဘူး"

ယဉ်မွန်ရည်မှာ တံခါးကို သေချာစွာပြန်ပိတ်၍ အိပ်ရာတွင်းသို့ ပြန်ရောက်သည်တိုင် အိပ်မပျော်နိုင်ပါတော့ချေ။

ဦးတိုးသျှန်တို့၏ အန္တရာယ်ဆိုသည်က တစ်ပိုင်းထား။

ဤသီတဂူမြိုင်၏ သုံးထပ်ပေါ်တွင်လည်း တစ်စုံတစ်ခုသော အန္တရာယ်ကို ဝှက်သိုသိမ်းဆည်းထားလျက် ရှိနေပြီဖြစ်ကြောင်း ယဉ်မွန်ရည်မှာ ကောင်းစွာ ကောက်ချက်ချနိုင်ခဲ့ပါပြီတည်း။

အကယ်၍ သီတဂူမြိုင်အတွက် အန္တရာယ်များကို စောင့်ကြည့်မည်ဆိုပါလျှင် ပြင်ပမှလာသော အန္တရာယ်ကိုချည်း ကာကွယ်နေ၍ မဖြစ်နိုင်တော့။ သီတဂူမြိုင်၏ အတွင်းအန္တရာယ်ကိုပါ ကြိုတင်ချင့်တွက်ကာ ရှောင်ရှားနေရပေလိမ့်မည်ဟု ယဉ်မွန်ရည် တွေးတောနေမိပါတော့သည်။

× × × ×

## အခန်း(၉)

"ဟော...ကိုရဲနောင်ပါလား၊ ဘယ်သွားမလို့လဲဟင်"

"ဟင်...ယဉ်မွန်ရည်"

"ဟုတ်ကဲ့၊ အထုပ်အပိုးတွေနဲ့ပါလား၊ ဘယ်လဲ"

"သြော်...ကျွန်တော့်ညီလေး ရဲမောင်ဆီ သွားတွေ့မလို့၊ စားစရာတွေနဲ့ သူမှာတာတွေ ယူလာခဲ့ရတာ။ ဒါနဲ့ ယဉ်မွန်ရည် ဘယ်သွားမလို့လဲဟင်"

"ဦးတည်ချက် မရှိပါဘူးကိုရဲနောင်၊ အညောင်းပြေ အပျင်းပြေအဖြစ်နဲ့ လမ်းလျှောက်ရအောင် ထွက်လာခဲ့တာပါ"

အမှန်တော့ သည်အချိန်တွင် သည်လမ်းမှ ကိုရဲနောင် လာမည်ဟူသော ကြိုတင်သတင်းရရှိထားချက်အရ ယဉ်မွန်ရည်တမင်လာ၍ စောင့်နေရခြင်းဖြစ်ပါ၏။

ယနေ့ ရဲမောင်မောင်ကို တွေ့ခွင့်ရသော နေ့ဖြစ်၍ စားစရာမှအစ လိုအပ်သည်များကို ယနေ့မနက်ပိုင်းတွင် ကိုရဲနောင်သွားပို့ပေးလိမ့်မည်ဟု ဦးဘဆက်က ခေါ်ပြောသည်။ သူ့အစီအစဉ်ဖြင့်ပင် ယဉ်မွန်ရည် ရောက်လာရခြင်းဖြစ်ပါ၏။

ကိုရဲနောင်သည် ယဉ်မွန်ရည်ကို လူပြတ်သော လမ်းတစ်နေရာတွင် တွေ့လိုက်ရ၍ အံ့သြဟန်ဖြင့် ငေးကြည့်နေသည်။ သူ့အကြည့်တွင် ကြည်နူးဝမ်းမြောက်ခြင်းများဖြင့် ရောယှက်နေကြောင်း ယဉ်မွန်ရည် အကဲခတ်မိပါသည်။

"အားတဲ့အခါ လာလည်မယ်ဆိုလို့ ညနေဘက်တွေမှာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

စောင့်ပါသေးတယ် ယဉ်မွန်ရည်”

“ယဉ်မွန်လည်း သတိရပါတယ်။ ကိုရဲနောင်တို့ရဲ့ သိပ်လှတဲ့ ခြံလေးကိုလည်း ယဉ်မွန် တကယ်ပဲ အလည်တစ်ခေါက်ရောက်ချင်မိပါရဲ့ရှင်”

“လာခဲ့ရောပေါ့”

“ဩော်...ကိုရဲနောင်”

“ဟုတ်ကဲ့ခင်ဗျာ”

“ယဉ်မွန်လည်း အဲဒီဘက် လမ်းလျှောက်မလို့ပဲ...လိုက်ခဲ့လို့ဖြစ်မလားဟင်...”

သူက ခေတ္တတွေဝေသွားသည်။ ပြီးမှ...

“ကျွန်တော်သွားမယ့်နေရာက ယဉ်မွန် မလိုက်အပ်တဲ့ နေရာပဲ။ အချုပ်ခန်းသွားမလို့ပါ။ လိုက်လို့တော့ မကောင်းဘူး။ ဒါပေမဲ့ ကျွန်တော် ယဉ်မွန်ရည်နဲ့ တွေ့ဆုံဆွေးနွေးချင်နေတာပါ”

“တစ်နေ့နေ့တော့ ယဉ်မွန်လာခဲ့ပါ့မယ်။ ကိုရဲနောင်။ ခုလည်း ယဉ်မွန် အဲဒီဘက်သွားမလို့ပါ။ လမ်းခွဲလေးထိတော့ တူတူသွားကြရအောင်ပါနော်”

ကိုရဲနောင်က နှုတ်ခမ်းစေ့လျက်က မျက်ဝန်းများသာ ပြုံး၍ ခေါင်းညိတ်ပြရှာသည်။

“ကိုရဲနောင်တို့ရဲ့ ခြံလုပ်ငန်းကို ယဉ်မွန်တကယ်ပဲ အားကျမိပါရဲ့။ ဒါပေမဲ့ မြေပိုင်ကလည်း တစ်လက်မမှ မရှိတော့ ခက်သား”

“သိပ်ပင်ပန်းတယ်။ ယဉ်မွန်ရည် ဘယ်လုပ်နိုင်ပါ့မလဲ”

“လူပင်ပန်းပေမယ့် စိတ်ချမ်းသာတယ်။ ပြီးတော့ သိပ်လွတ်လပ်ပါတယ်။ အထက်လူကြီး၊ အလယ်လူကြီးတွေလည်း ကြောက်စရာမလိုဘူး။ ကိုယ့်ဝီရိယရှိသမျှ ကိုယ်ခံစားရတယ်။ ယဉ်မွန်တို့မှာတော့ ကိုယ်ဘာများ မှားမလဲ။ အလုပ်ရှင်မှ ကြိုက်ပါ့မလား၊ ဘယ်တော့ အဆူခံရမလဲနဲ့ မကောင်းပါဘူး။ သူများမျက်နှာရိပ်ကို ကြည့်ရပြီး လုပ်ရတဲ့အလုပ်ဆိုတာ...”

“ယဉ်မွန်က ဘာလုပ်လို့လဲဟင်”



“စာရင်းရေးရတဲ့ စာရေးမပါ ကိုရဲနောင်”

“ပြည်သူ့ဆိုင်မှာပါလား”

“မဟုတ်ပါဘူး။ သူဌေးတစ်ဦးရဲ့ လုပ်ငန်းမှာ...”

“နေတော့ရော...”

ယဉ်မွန်ရည်မှာ ကိုရဲနောင်၏ မျက်နှာကို မရဲတရဲနှင့် မော့ကြည့်လိုက်ပြီး...

“သီတဂူမြိုင်ခြံကြီးရဲ့ ဘေးမှာ...”

“ဘာ...”

ပြောင်းလဲသွားသော ကိုရဲနောင်၏ အမူအရာကြောင့် ယဉ်မွန်ရည် လန့်သွားမိသည်။ လှမ်းလျှောက်နေရာမှ ခြေစုံရပ်တန့်လိုက်ပြီး...

“ဒါဖြင့် အလုပ်ကလည်း သီတဂူမြိုင်ရဲ့ အလုပ်ကုန်လုပ်ငန်းက စာရေးမပေါ့ ဟုတ်လား”

“ဟုတ်...ဟုတ်ပါတယ်ရှင်”

“ဝမ်းနည်းပါတယ် မယဉ်မွန်ရည်၊ ကျွန်တော့်ခြံထဲကို ရောက်လာတဲ့ ခင်ဗျားကို ကျွန်တော်အမှန်ပဲ စိတ်ဝင်စားမိပါတယ်။ ဒါပေမဲ့ သီတဂူမြိုင်နဲ့ ပတ်သက်ဆက်နွှယ်နေတဲ့သူအားလုံးကို ကျွန်တော် မုန်းတယ်”

“အို...ကိုရဲနောင်”

သူ၏ နောက်ဆုံး မုန်းတယ်ဆိုသော စကားကို မျက်နှာလွှဲရင်းက ပြောကြားပြီးသည်နှင့် ခြေလှမ်းကျဲကြီးများဖြင့် ယဉ်မွန်ရည်၏ အပါးမှ သူထွက်ခွာသွားခဲ့လေပြီ။

လမ်းခွဲလေးမှ ကွေ့သွားသည်အထိ ယဉ်မွန်ရည်ကို သူတစ်ချက်မျှ လှည့်၍ မကြည့်တော့။

ခက်ချေပြီ။

မအောင်မြင်သော ကြိုးစားမှုများဖြင့် ဦးဘဆက်ထံ ပြန်ရမည့်အရေး ရင်လေးလှပါဘိ။

မတတ်နိုင်တော့။ အားငယ်သောစိတ်များဖြင့်ပင် ဦးဘဆက်ရှေ့မှောက်သို့ ယဉ်မွန်ရည် ရောက်ခဲ့ရပါပြီ။

“ဘယ့်နှယ်လဲ ယဉ်မွန်ရည်”

www.burmeseclassic.com

www.burmeseclassic.com

"အပြစ်တင်ရင်လည်း ခံရမှာပဲ ဦးလေးရယ်"

"ဘာဖြစ်လာလို့လဲ"

"ယဉ်မွန်နဲ့ ပြေလည်မလိုလုပ်ပြီးမှ သီတဂူမြိုင်က အလုပ်သမားတစ်ယောက်လို့လည်း သိရော…ဒီအိမ်နဲ့ ပတ်သက်နေတဲ့ လူအားလုံးကို မုန်းတယ်ဆိုပြီး…"

"ဟာ…တယ်ခက်ပါလား"

ယဉ်မွန်ရည့်စကားမဆုံးမီ ဦးဘဆက်က စားပွဲကို လက်ဝါးနှင့် ဖြန်းခနဲ မြည်အောင် ပုတ်လိုက်ပြီး စိတ်ပျက်ခြင်းကြီးစွာဖြင့် ဒေါသသံနှင့် ပြောလိုက်သည်။

"ယဉ်မွန်လည်း ကြိုးစားတာပါပဲ ဦးလေးရယ်"

"သေလိုက်ပါတော့ ယဉ်မွန်ရည်၊ မင်းဟာ ရိုးသားပေမယ့် တယ်နုံတာပဲ။ ဒီအိမ်ကို သူတို့ မုန်းပါတယ်ဆိုမှ ဒီအိမ်က လူလို့ ပြောလိုက်ရသလား"

ဦးဘဆက်က ဆက်လက်၍ စကားမပြောတော့။ ဒေါသကို ချုပ်တည်းထားရသလို ငြိမ်နေသည်။

"ယဉ်မွန်ရည်အနေနဲ့ သူ့ကို ကြာရှည် ခင်မင်မှုရအောင် ပေါင်းပြီးမှ သူ့ဆီက သတင်းစကားရယူနိုင်မှာမျိုးပါဦးလေး"

"ဟုတ်တယ်လေ"

"အဲဒီလိုဆိုရင် ယဉ်မွန် ဘယ်မှာနေပါတယ်ဆိုတာတော့ ပြောရပါလိမ့်မယ်။ မိန်းကလေးတစ်ယောက်အနေနဲ့ နေရပ်လိပ်စာ ဖျောက်ထားဖို့လည်း မလွယ်ပါဘူး။ အစဦးကတည်းက တိတိကျကျ မှန်မှန်ကန်ကန် ပြောထားပါမှ သူ့ရဲ့ ယုံကြည်မှုကို ရနိုင်မှာပေါ့ ဦးလေးရယ်"

"ဒါပေမဲ့ အခု သူနဲ့ ဘယ်လိုလုပ် ဆက်သွယ်တော့မလဲယဉ်မွန်ရည်"

"ယဉ်မွန် တစ်ခါထပ်ပြီး ကြိုးစားပါဦးမယ်ဦးလေး"

"အေး…ဦးလေးအနေနဲ့ သူတို့ဘက်က ငြိမ်နေကြလေ အဲ့ယားလေပဲ။ ဒါကြောင့် သူတို့မှာ ဘာအကြံအစည်တွေ ရှိနေတယ်ဆိုတာ သေမတတ် သိချင်တယ်။ ဦးလေးအနေနဲ့ ဒီကိစ္စကို တခြားတစ်ယောက်



ယောက် ပြောင်းပြီး ခိုင်းဖို့ဆိုတာလည်း မလွယ်ဘူးလေ။ ဒါကြောင့် ယဉ်မွန်ကိုပဲ အားကိုးပါရစေကွယ်။ ကူညီလက်စနဲ့ ဆက်လက်ကူညီပါဦးလို့"

"ဟုတ်ကဲ့ ယဉ်မွန် သဘောပေါက်နားလည်ပါတယ်ဦးလေး၊ ဒုတိယအကြိမ်အနေနဲ့ ယဉ်မွန်ကြိုးစားပါ့မယ်။ အောင်မြင်အောင်ကို ကြိုးစားပါ့မယ်ရှင်"

"ကောင်းပြီ ယဉ်မွန်ရည်…သူတို့ဘက်က လျှို့ဝှက်တဲ့သတင်းတစ်ခုခုများ ဦးလေးကြိုပြီး သိခွင့်ရရင် အခု ယဉ်မွန့်လခအတိုင်း သုံးနှစ်စာ သုံးဆယ့်ခြောက်လ ဆုချမယ်"

"ဝမ်းသာပါတယ်ဦးလေး၊ ဦးလေးရဲ့ ဆုကို ထိုက်တန်စွာ ရရှိနိုင်အောင် ယဉ်မွန် ကြိုးစားရမှာပေါ့။ သြော်…ဒါနဲ့ နန်းမြင့်မေ နေကောင်းပါရဲ့လားဦးလေး"

"အင်း…အတော်သက်သာသွားပါပြီ"

"လမ်းတော့ မလျှောက်နိုင်သေးဘူးထင်တယ်နော်"

"ဟုတ်တယ် ဆရာဝန်က ခွင့်မပြုသေးဘူး"

တစ်နေ့ညဆီက မြင်ရသော ဖြူဖြူသဏ္ဌာန်နှင့် လူနှစ်ယောက်၏ ပဋိပက္ခကို မျက်စိထဲမှ မထွက်သေးပါ၍ အရဲစွန့်ပြီး မေးလိုက်ရသည်။ လိမ့်ဆင်းထွက်ပြေးလာသော အရာသည် နန်းမြင့်မေများလား…

ဦးဘဆက်ထံမှ နန်းမြင့်မေနှင့်ပတ်သက်သော သတင်းစကားများ ဆက်လက်၍ ပြောကြားလာခြင်း မရှိတော့ပါချေ။

"သြော်…ဦးလေး"

"အင်း…ပြော"

"ယဉ်မွန် ပထမတစ်ခေါက် သော်တာခြံကို ရောက်တုန်းက ကိုရဲနောင်နဲ့ ပြေလည်ခဲ့တယ်လေ"

"အင်း…"

"အဲဒီတုန်းက သူကပြန်ပြီး စကားတစ်ခွန်း ပြန်စပ်စုလိုက်တာ ရှိသေးတယ်၊ အဲဒါ ယဉ်မွန်မေ့နေလို့ ပြန်မပြောရသေးဘူး"

"ဘာတဲ့လဲ"

"သီတဂူမြိုင်ဟာ သူတို့ရဲ့ ရန်သူပဲတဲ့။ ဒါပေမဲ့ ဒေါ်နုနုဝေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကတော့ စိတ်သဘောကောင်းပါတယ်တဲ့။ အခု ဘယ်ပျောက်နေလဲမသိဘူးတဲ့...မေးတယ်။ ယဉ်မွန်က ဘာမှ ပြန်မပြောလိုက်ဘူး"

"ယဉ်မွန်ရည်"

"ရှင်..."

"နုနုဝေရဲ့အကြောင်း ကိုတိုးသျှန်တို့အုပ်စုက သိချင်တာလား ယဉ်မွန်ရည်ကိုယ်တိုင်က လာပြီးစပ်စုတာလား"

"ရှင်..."

ဦးဘဆက်သည် သူတစ်ပါး၏ အတွင်းစိတ်ကို ထိုးထွင်းမြင်နိုင်သော ဣန္ဒြိယပါတ်တန်ခိုးတော်ရှင်များလား...

ကိုယ့်ကိုယ်ကိုယ် လည်လှပြီအထင်နှင့် လှည့်ပတ်မေးမိရာက ဤအလှည့်အပတ်သည် မိမိကိုယ်ပေါ် ပြန်လည်ရစ်ပတ်လာတော့မှ ယဉ်မွန်ရည် နောင်တရမိသည်။

ဦးဘဆက်ကို လွယ်လွယ်နှင့် ချဉ်းကပ်ရနိုင်ကြောင်း ယဉ်မွန်ရည် နားလည်ရပါပြီ...

"ဒီမှာ ယဉ်မွန်ရည်"

"ဟုတ်ကဲ့ပါဦးလေး"

"သမီးလေးအတွက် ဦးလေးရင်ထဲမှာ မီးတောက်နေရဆဲပဲ၊ သူ့အမေလည်း ဒီလိုပဲ ခံစားနေရမှာပဲ။ ဒါပေမဲ့ သူ့အမေက ဦးလေးချုပ်ချယ်လွန်းလို့ ဟိုတစ်ဖက်ကို အာဃာတကြီးလွန်းလို့ သူ့သမီးဒီလိုဖြစ်ရတယ်လို့ စွပ်စွဲတယ်။ ဦးလေးကလည်း မိခင်အထိန်းမကောင်းလို့ ထွက်ပေါက်ရသွားတယ်လို့ အပြစ်တင်တယ်။ သမီးကိစ္စနဲ့ စကားများကြရာက သူအိမ်ပေါ်က ဆင်းသွားတယ်။ ဦးလေးလိုက်မခေါ်ဘူး။ အဲဒါပဲ စပ်စုနေလို့လည်း အကြောင်းက ထူးမလာဘူး။ ဒါပဲ"

"ဟုတ်ကဲ့ရှင်"

"ယဉ်မွန်ရည်ကို တစ်ခုတော့ ပြောလိုက်မယ်၊ ဦးလေးကို မကူညီချင်နေပါ။ စကားတွေပေါက်ကြားတာမျိုး၊ နှောင့်ယှက်ဖျက်ဆီးတာမျိုးတော့ မလုပ်ပါနဲ့"

"စိတ်ချပါ ဦးလေးရယ်၊ ယဉ်မွန် မလုပ်ဝံ့ပါဘူးရှင်..."



"ကောင်းပါပြီ ယဉ်မွန်ရည်...ကဲ ကဲ သွားနိုင်ပြီ"

ဦးဘဆက်ထံမှ ထွက်ခွာခွင့်ရလာခဲ့သည်။

ဦးဘဆက် လက်ခံတွေ့ဆုံခြင်းသည် ယခင်လို အပေါ်ဆုံးထပ်တွင် မဟုတ်တော့။ အလယ်ထပ်တွင်သာ ယဉ်မွန်ရည်နှင့် တွေ့ဆုံသည်။

သုံးထပ်ပေါ်သို့ တက်သည့် လှေကားထိပ်မှ သံဆွဲတံခါးကိုပင် အသေအချာ သော့ခတ်၍ ပိတ်ထားခဲ့လေပြီ။

ဤသုံးထပ်ပေါ်တွင် ဖြူဖြူသဏ္ဍာန်နှင့် လူတစ်ဦး၊ ဒေါ်နုနုဝေ၊ နန်းမြင့်မေ၊ ဒေါ်အိမ္မြေနှင့် ဘိုးတော်မင်းလူတို့သည် တစ်စုံတစ်ခုသော ပတ်သက်မှုများဖြင့် လျှို့ဝှက်ခြင်း၊ ရှုပ်ထွေးယှက်လိမ်ခြင်းများ ဖြစ်နေပေလိမ့်မည်ဟု ယဉ်မွန်ရည် တပ်အပ် တွေးခေါ်လာနိုင်ခဲ့ပြီ။

ဤရှုပ်ထွေးမှု၏ သဲလွန်စတစ်ခုကို ဆုပ်ကိုင်မိနိုင်ပါမှ နန်းမြင့်မေ၏ ကံကြမ္မာကို သိနိုင်မည်။ ကူညီကယ်တင်နိုင်မည်ဟု သိထားပါသော်လည်း ယဉ်မွန်ရည်နှင့် အလှမ်းဝေးကွာလှချေသည်တကား။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

'ဘယ့်နှယ့်လဲ ကိုကြည်ညို"

"အိုကေ...ပါပဲဗျာ"

"ဘာတဲ့လဲ...သူက ကျေနပ်ခွင့်လွှတ်တယ်တဲ့လားရှင်"

"ကျွန်တော်ပြောနေရင် ယုံချင်မှယုံမှာမို့ သက်သေခံစာပါလာတယ်...ရော့ဗျား"

သော်တာခြံမှ ပြန်လာသော ကိုကြည်ညိုနှင့် နှစ်ယောက်ချင်းတွေ့ဆုံပြီး မေးမြန်းရာမှ ရလာသောစာ...

မယဉ်မွန်ရည်

ကျွန်တော့်ရဲ့ ရိုင်းပျတဲ့အပြုအမူအတွက် တောင်းပန်ပါတယ်...ကျွန်တော်တို့နဲ့ ခင်မင်လိုစိတ်ရှိရင်တော့ အချိန်မရွေးလာလည်ပါ။

ရဲနောင်...

ရရှိလာသော အောင်မြင်မှုစာတမ်းအတွက် ယဉ်မွန်ရည် နှစ်သက်စွာ ပြုံးလိုက်မိပါသည်။

"ယဉ်မွန်ရည် ဘယ်တော့သွားချင်သလဲ"

"ကိုကြည်ညို ဘယ်တော့သွားမလဲ"

"ဒီညနေတောင် သွားဦးမလို့"

"ယဉ်မွန်လည်း လိုက်ခဲ့မယ်လေ...သူတို့တွေ မသိစေနဲ့နော် ကိုကြည်ညို"



ယုဇနနှင့် စာရေးများ၊ အလုပ်သမားများဘက်သို့ **တစ်ချက်** မျက်လုံးဝေ့လျက် ပြလိုက်ရင်း ယဉ်မွန်ရည်က လေသံတိုးလေးနှင့် ပြောလိုက်ရသည်။

"ဟုတ်တယ် ယဉ်မွန်ရည်...ကျွန်တော်တို့ ဦးတိုးသျှန်မိသားစုနဲ့ ဆက်သွယ်တယ်လို့သာ ဒီကသိရင် လပြည့်ညရှင်းတမ်းထဲမှာတောင် ပါသွားနိုင်တယ်နော်..."

"အမလေး...မလုပ်ပါနဲ့၊ ကြောက်လိုက်တာ မဟုတ်တာတွေ"

ယဉ်မွန်ရည်က ကျောချမ်းဟန်လေးနှင့် ပြောပြီးမှ...

"နေပါဦး 'လပြည့်ညရှင်းတမ်း'ဆိုတော့ ဒီသီတဂူမြိုင်က ရှင်းနေလို့လား"

"ထင်ရတာပဲ၊ အင်း...အန္တရာယ်ဟာ ဒီကထွက်လာတယ်လို့ ထင်ရအောင်လည်း သီတဂူမြိုင်ရဲ့ သမီးလေးတစ်ယောက်လုံး အဆုံးခံလိုက်ရတာပဲ..."

"ဟုတ်တယ်နော်"

"ဒီမှာ ယဉ်မွန်ရည်၊ ဒါတွေ တွေးမနေနဲ့၊ ကိုယ့်ကိစ္စမဟုတ်ဘူး။ ညနေသာ သူတို့ခြံ သွားလည်ရအောင်၊ လစ်ထွက်ခဲ့။ လားရှိုး-ပြင်ဦးလွင်လမ်းနဲ့ သူတို့ခြံသွားတဲ့လမ်းခွဲထိပ်က ကျွန်တော်စောင့်နေမယ်။ ပြီးတော့ တူတူ သွားကြတာပေါ့...ဟုတ်လား"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

"ဒီမှာ..."

"အင်း..."

"စာထဲမှာ ဘာတွေရေးလိုက်သလဲတော့ မသိဘူး။ ရဲနောင်တော့ ကျွန်တော်ပြန်မလာခင်ကို စာဖတ်နေတာ သုံးလေးကြိမ်ရှိပြီ..."

"ဟဲ...ဟဲ...ဒီလိုပေါ့၊ မျက်ဖြေလက်ာပေါ့"

ကိုကြည်ညို၏ စားပွဲမှ ထလာခဲ့ရသည်။ ယုဇနအကဲခတ်နေမှန်းသိ၍ ယူလာသော စာရင်းများကိုသာ ဖိပြီး ရေးမှတ်နေရပါ၏။

"ကိုရဲနောင်"

တည်ကြည်ရဲရင့်သော မျက်နှာ၊ တောင့်မတ်ပြည့်ဖြိုးသော ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာနှင့် လူတစ်ယောက်ကို ယဉ်မွန်ရည် မြင်ယောင်လာမိသည်။

တိုရဲနောင်...

မန္တလေးမှာ အလုပ်က မရလို့ ရရာအလုပ်ကို ဝင်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သီတဂူမြို့ကို ရောက်လာခဲ့ရတာပါ။

သီတဂူမြို့နဲ့ ပတ်သက်တဲ့ အရေးအခင်းမှန်သမျှကိုလည်း ဒီကျူမှပဲ သိခွင့်ရလာတဲ့ ယဉ်မွန့်အဖို့ မတိုးသာမဆုတ်သာနဲ့ ဆက်လက် လုပ်ကိုင်နေရတဲ့အဖြစ်ပါကိုရဲနောင်။ အမေက မန္တလေးမှာ အစ်မအိမ်ထောင်သည်နဲ့ ယဉ်မွန်တို့ သားအမိနှစ်ယောက်က ကပ်နေကြရတာပါ။ အခြေခံအထက်တန်း အောင်မြင်ပြီး တက္ကသိုလ်ကို ဆက်လက် မတက်နိုင်တဲ့ ယဉ်မွန်ဟာ ဒီမှာအလုပ်လာလုပ်ရတာပါကိုရဲနောင်။ အဆင်ပြေရင် အမေ့ကို ခေါ်ထားမယ်ပေါ့။ ခုတော့ ယဉ်မွန်တောင် ဘယ်နေ့ပြေးရမလဲဆိုပြီး လန့်နေရပါပြီ။

ကိုရဲနောင်နဲ့ တွေ့တော့ ယဉ်မွန်ခင်မင်မိတယ်။ မိတ်ဆွေကောင်းတစ်ဦးအဖြစ်နဲ့ အားကိုးစိတ် ဝင်ခဲ့မိတယ်။ ယဉ်မွန့်လက်ရှိ အခက်အခဲတွေလည်း ပြောပြမယ်။ အကူအညီတောင်းမယ်။ ဒီထက်ကောင်းမယ့် အလုပ်လေးများ ရနိုင်ရင်လည်း ပြောင်းလုပ်ချင်တယ်။ အမေ့ကို ခေါ်ထားချင်တယ်။ ဒီလိုကိစ္စလေးတွေကို အားကိုးတကြီးနဲ့ ပြောဆိုတိုင်ပင်ချင်လို့ သောကြာနေ့က ကိုရဲနောင်ကို လာစောင့်နေတာပါ။

ဒါပေမဲ့လေ...

"သီတဂူမြို့နဲ့ ပတ်သက်ဆက်နွှယ်နေတဲ့သူ အားလုံးကို ကျွန်တော်မုန်းတယ်"

ဆိုတဲ့စကားလုံးတွေထားရစ်ခဲ့ပြီး ကျောခိုင်းထွက်သွားတဲ့ ကိုရဲနောင်ကိုကြည့်ပြီး ယဉ်မွန်လေ...ဝမ်းနည်းလိုက်တာကိုရဲနောင်ရယ်...။

ယဉ်မွန်ဟာ သီတဂူမြို့နဲ့ ဘာမှမပတ်သက်တဲ့လူမဟုတ်ပါဘူး။ စားဝတ်နေရေးချို့တဲ့လွန်းလို့ လာပြီး အလုပ်လုပ်နေရတဲ့ သာမန်စာရေးမလေးတစ်ယောက်ပါဆိုတာကို ထင်ပြရုံလေးပါပဲ...ကိုရဲနောင်။

ဒါပါပဲရှင်...။

ရှင်လန်းချမ်းမြေ့ပါစေ
ယဉ်မွန်ရည်

ယင်းစာက ကိုရဲနောင်ကို ခိုက်သွားခဲ့စေပါပြီ။ ကိုရဲနောင်ကို မြင်ရုံဖြင့်ပင် တည်ကြည်သောသူတစ်ယောက်ဟု ယဉ်မွန်ရည် ယုံကြည်နေမိသည်။ သူ့ကို ချဉ်းကပ်ရန် တာဝန်ကလည်း ရှိလာပြီမို့ ရဲဝံ့စွာပင် ဦးတိုးသျှန်နှင့်သားများရှိရာ သော်တာခြံဆီသို့ ပြန်လည်၍ ခြေချခွင့် ရခဲ့ပါပြီတည်း။

ထိုနေ့ညနေက ချိန်းဆိုထားသည့်အတိုင်းပင် လမ်းခွဲလေးထိပ်၌ ကိုကြည်ညိုနှင့် ဆုံဖြစ်ကြသည်။

သူ့စာရသည့်နေ့၌ လိုက်လာဖြစ်သော ယဉ်မွန်ရည်ကို အထင်သေးမလားဟူသော စိုးရိမ်စိတ်များသည် ကိုရဲနောင်နှင့် တွေ့ဆုံရသည့်အခါ၌ လွင့်ပြယ်ခဲ့ရပါပြီ။ သူကိုယ်တိုင် ကြိုဆိုရုံမက...

"အဖေ... ဒါ... ကျွန်တော့်မိတ်ဆွေပဲ...။ ယဉ်မွန်ရည်တဲ့... မန္တလေးက"

"ဩော်...အေး...ထမင်းစားမလား"

"ရှင်...စားပြီးခဲ့ပါပြီ"

"ဒါဖြင့် ငါစားလိုက်ဦးမယ်။ ခြံထဲသွားနေကြပါလား"

မပြုံးမရယ်နှင့် တည်တည်ကြီး ပြောနေသော ဦးတိုးသျှန်၏ စကားများကို ကောက်ချက်ချရန် ခက်ခဲလှပါဘိ။ ယဉ်မွန်ရည်တို့ကို လွတ်လပ်စေချင်၍လား၊ သူ့အိမ်ပေါ်တွင် မနေစေချင်၍လေလား မခွဲခြားတတ်။

ကိုရဲနောင်နှင့် ယဉ်မွန်ရည်တို့ ခြံထဲကို ဆင်းလာခဲ့ကြသည်။ ကိုကြည်ညိုကမူ ဦးတိုးသျှန်နှင့် သူသူငယ်ချင်း ကိုရဲခေါင်နှင့်အတူ ထမင်းတစ်ထပ် ဝင်စားနေပြန်သည်။ ကိုရဲအောင်ဆိုသည်ကိုမူ မတွေ့ရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဒေစီပန်းတွေ ကြိုက်တယ်ဆိုရင် ခူးသွားလေ"

"မခူးရက်ပါဘူးကိုရဲနောင်ရယ်။ ဒီတိုင်းပဲ လှနေပါစေ"

"ကျွန်တော်တို့က အလှကြည့်ဖို့ စိုက်တာမှမဟုတ်ပဲ။ ဈေးထဲမှာရောင်းဖို့ပါ"

"နေပါစေ...ပန်းစိုက်တာကို မြတ်နိုးတတ်ပေမယ့် ပန်းပန်လည်းဝါသနာမပါဘူး။ ဘုရားတင်ဖို့လည်း ဘုရားစင်တောင် မရှိပါဘူးလေ။ သူများအိမ်ရဲ့ နောက်ဖေးအစေခံတန်းလျားမှာ နေရတာပါ"

"ယဉ်မွန်ရည်"

"ဟုတ်ကဲ့"

"မန္တလေးပဲ ပြန်သွားပါလားဗျာ"

"မဖြစ်လွန်းလို့ နေရတာပါ ကိုရဲနောင်ရယ်၊ ဟိုမှာက အလုပ်ကလည်းမရှိ၊ အစ်မရဲ့ ခင်ပွန်းကလည်း သိပ်မကြည်ဖြူချင်ဘူး"

"အင်း...မကြည်ဖြူတာက တော်သေးတယ်။ ကြည်ဖြူရင်မကောင်းဘူး"

ယဉ်မွန်ရည် ဘာမှ ပြန်မပြောဖြစ်တော့။ ခြံအကြောင်းများကိုအမွှန်းတင် အလှဆင်ပြီးမှ...

"ဒါနဲ့...ရဲမောင်မောင်ဆိုတာ နေကောင်းရဲ့လား။ ယဉ်မွန် ဒီရောက်မှ ကြားသိရတာ ရင်နာစရာကောင်းလိုက်တာနော်"

"ရဲမောင်ပါ သူ့နာမည်က...သူ့ရည်းစားက...'မောင်မောင်'ခေါ်လို့ 'ရဲမောင်မောင်'လို့ ပြောင်းလိုက်ပေမယ့် ကျွန်တော်တို့က ရဲမောင်ပဲ"

"အဲ...ကိုရဲမောင်ရဲ့ အမှုကရော အာမခံရနိုင်ပါ့မလားဟင်...သီတဂူမြိုင်ရဲ့ ဒီကနဲ့ ဘာလို့များ ဒီလောက်တောင် အာဃာတကြီးကြရတာလဲရှင်"

"ယဉ်မွန်ရည်"

"ဟုတ်ကဲ့ရှင်"

"သီတဂူမြိုင်နဲ့ ပတ်သက်တဲ့ သတင်းစကားနဲ့ ကျွန်တော်တို့မိသားစုရဲ့ အရေးအခင်းတွေကို ကျေးဇူးပြုပြီး မပြောပါနဲ့၊ မမေးပါနဲ့လားဗျာ"



"ကောင်းပါပြီကိုရဲမောင်၊ ယဉ်မွန်လည်းလေ ခုလို ကိုရဲနောင်တို့ရဲ့ ခြံကို မလာသင့်ဘူးဆိုတာတော့ သိနားလည်မိပါတယ်"

"ဘာဖြစ်လို့ မလာသင့်ရမှာလဲ"

"ဩော်...သားအဖတစ်တွေချည်း နေတဲ့ခြံကြီးထဲကို မိန်းကလေးတစ်ယောက်အနေနဲ့ မလာသင့်ဘူးပေါ့။ ဒါပေမဲ့ ယဉ်မွန်ရဲ့ ခုချိန်ခါမှာ မိတ်ဆွေကောင်းတစ်ယောက်တော့ လိုအပ်တယ်ဆိုတာ သိလာရလို့ ကိုရဲနောင်ကို ချဉ်းကပ်နေရတာပါ။ ဒါပေမဲ့လေ..."

"ပြောပါ ယဉ်မွန်ရည်"

"ကိုရဲနောင်က သီတဂူမြိုင်နဲ့ ပတ်သက်တဲ့ သတင်းစကားတွေကို မကြားချင်ဘူးဆိုတော့ ယဉ်မွန် ဘာပြောရဲတော့မှာလဲရှင်"

"သီတဂူမြိုင်ရဲ့အကြောင်းကိုသာ မကြားချင်တာပဲ၊ ယဉ်မွန့်အကြောင်းကို မကြားချင်ဘူးလို့ ကျွန်တော်မပြောရသေးပါလား ယဉ်မွန်ရည်"

"ဒါပေမဲ့ ယဉ်မွန်ရဲ့ အခက်အခဲဆိုကတည်းက သီတဂူမြိုင်ရဲ့အကြောင်းက ပါလာရတော့မှာပေါ့။ နေပါစေတော့လေ...ယဉ်မွန်တစ်ခုပဲ ပြောထားချင်ပါတယ်"

"ဘာများလဲ"

"တခြားမှာ အလုပ်တစ်ခုခုများရရင် ယဉ်မွန်ထွက်ချင်တယ်။ ဒီသီတဂူမြိုင်ရဲ့ ပြင်ပကို ရောက်ပြီး အမေ့ကိုပါ ခေါ်ထားနိုင်မယ့် အလုပ်တစ်ခုခုများ ရရင် ဘာပဲလုပ်ရလုပ်ရပါ့ရှင်"

"ကျွန်တော့်မှာတော့ ဘာအဆက်အသွယ်မှ မရှိဘူး။ ဒါပေမဲ့ ယဉ်မွန်ရည်ပြောထားတဲ့ စကားလေးကိုတော့ ကျွန်တော်အမြဲမှတ်ထားပါ့မယ်"

"ကောင်းပါပြီ ကိုရဲနောင်"

"ဒီခြံကြီးက အကျယ်ကြီးပဲနော်"

"ဟုတ်တယ်...ခြောက်ဧက ကျော်တယ်။ ကျွန်တော့်အဖေ ထောင်မကျခင်ကတည်းက ဝယ်ထားတာ၊ နှစ်ပေါင်းနှစ်ဆယ်လောက် ရှိပါပြီ"

"ဩော်...ဩော်..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ငယ်ငယ်ကတည်းက ဒီခြံကို လုပ်စားလာကြတာပါ။ အဖေထွက်မလာခင် အမေဆုံးနှင့်တော့ အစ်ကိုကြီးက ဦးစီးလုပ်ကိုင်ခဲ့တယ်"

"ဟင်...ဒါဖြင့် ကိုရဲနောင်တို့ဖေဖေနဲ့ မေမေတို့ မဆုံလိုက်ရဘူးပေါ့"

"ဟုတ်တယ်။ မဆုံဖြစ်ကြဘူး ယဉ်မွန်ရည်၊ အဖေနဲ့အမေက သိပ်ချစ်ကြတာ၊ ရင်နာစရာပါပဲ။ အဖေပြန်ထွက်လာတော့ ငိုလိုက်ကြတာ"

"သနားပါတယ်နော်၊ ကိုရဲနောင်တို့အဖေ ထောင်ကျတာက အကြာကြီးပဲလား"

"အင်း...ဆယ့်လေးငါးနှစ်လောက်ကြာတယ်။ ကျွန်တော်တို့ ကလေးလေးကတည်းကပဲ"

"ဟင်...ဆယ့်ငါးနှစ်တောင်"

"ဟုတ်တယ်...လူသတ်မှုနဲ့ ကျတာကို"

"ဩော်..."

ကိုရဲနောင် ပြောကြားလာမည်ကိုသာ ယဉ်မွန်ရည် စောင့်စားရပါမည်။ စပ်စုသော မေးခွန်းများ မထုတ်သင့်ကြောင်း နားလည်၍ပါ။ ကိုရဲနောင်က ဘာမှဆက်မလာတော့။ ဆက်လက်၍သာ ခြံတွင်း၌ လျှောက်နေမိကြစဉ်...

"ဟိုဘက်က သွပ်မိုးတန်းလျားလေးတွေဟာ ဘာအဆောက်အဦတွေလဲဟင် ကိုရဲနောင်"

"အစက အလှကုန်လုပ်ငန်းလုပ်တာပါ။ သော်တာအလှကုန်ထုတ်လုပ်ရေးဆိုပြီး လုပ်ခဲ့တယ်။ ဒါပေမဲ့ ငွေအင်အားကလည်း နည်းတယ်။ ရောင်းလို့ကလည်း မကောင်းလို့ ခဏပိတ်ထားရတယ်"

"ခုလည်းကြည့်လေ...ဦးလေးက 'သီတဂူ'ဆိုပြီး အလှကုန်ထုတ်လုပ်ရေး လုပ်တယ်။ သူက 'သော်တာ'ဆိုပြီး မိတ်ကပ်၊ ပေါင်ဒါ၊ နှုတ်ခမ်းနီအကာစ ဦးလေးရဲ့ စံနမူနာအတိုင်း လိုက်လုပ်တယ်။ ဒါပေမဲ့ မကြီးပွားပါဘူး။ မအောင်မြင်ပါဘူး"

ဤခြံသို့ လေ့လာရေးသွားပါရန် စတင် လွှတ်လိုက်စဉ်က ဦးဘဆက်ပြောကြားလိုက်သောစကားများ မှန်ကန်နေကြောင်း ယဉ်မွန်ရည် မြင်တွေ့ရပါပြီ။ ကိုရဲနောင်သို့မူ ဘာမှပြောမဖြစ်ပါ။

"ကျွန်တော်တို့က ဘာအလုပ်ပဲလုပ်လုပ်၊ သူများအားကိုးရတဲ့ အလုပ်မျိုးဆို အမြဲရှောင်တယ်"

"ဒါ အကောင်းဆုံးပေါ့ ကိုရဲနောင်ရယ်"

"ဒါပေမဲ့ အဆိုးဆုံးဖြစ်နေတယ်"

"ရှင်..."

"အဖေဟာ ပတ်ဝန်းကျင်ဆိုတာကို စိတ်နာတယ်။ မိန်းမတွေကို မုန်းတယ်။ ဒါကြောင့် ကျွန်တော်တို့သားအဖတစ်တွေဟာ ဘယ်သူနဲ့မှ မတွဲဘဲ သီးသန့်နေခဲ့ကြတယ်။ ဒါကြောင့် ခံစရာရှိတော့ ကျွန်တော်တို့ချည်းခံနေရတာပဲ"

သူ့အပြောများကိုသာ နားထောင်နေရသည်။ လာခဲ့ရင်းအကြောင်းရင်းကို သူရိပ်မိမည်စိုး၍ ထပ်ပြီး မစပ်စုဝံ့။

သူ့အဖေဦးတိုးသျှန် မိန်းမမုန်းရသည့်အကြောင်းရင်းနှင့် သူတို့ညီအစ်ကိုများ ဘာတွေများ ခံနေရပါလိမ့်ဆိုသည်များကို သိချင်လှသော်လည်း အချိန်က စောလှသေးသည်။

"ယဉ်မွန်ရည်"

"ရှင်...ကိုရဲနောင်"

"ကျွန်တော်တို့ခြံကို ရောက်လာတာ အလည်သက်သက်ပဲ ဟုတ်လားဗျာ"

"ဩော်...ကိုရဲနောင်ရယ်"

ဖြောင့်မတ်တည်ကြည်သော၊ ရိုးသားဖြူစင်သော သူ့မျက်နှာပြင်တွင် မယုံရဲသော အသွင်ပြင်များ ဟပ်ထင်လင်းလက်နေသည်။

'သိက္ခာရှိလှတဲ့ ယဉ်မွန်ရည်ရဲ့မျက်နှာလေးဟာ ကျွန်တော်တို့သားအဖတစ်တွေကို ဒုက္ခပေးဖို့ ရောက်လာတာတော့ မဟုတ်နိုင်ပါဘူးဗျာ"

"ကိုရဲနောင်ရယ်"

"မဟုတ်ဘူး မဟုတ်လားဟင်"

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ရပါဘူးရှင်"

ပြောလိုက်သည့်အသံများပင် တုန်ခါသွားမိသည်။ မလုံမလဲမို့
မရွံ့မရဲဟန်နှင့် လေသံက တိုးသွားရသည်။

အမှန်မှာ ဦးဘဆက်၏ ခိုင်းစေချက်ကြောင့် သူတို့ထံမှ သတင်း
များ စုဆောင်းရန် ရောက်လာရသူတစ်ဦးပါ။ ယခုလိုဆိုပြန်တော့လည်း
ကိုရဲနောင်တို့၏ သတင်းစကားကို ယူသွားပေးရက်စရာ မရှိနိုင်အောင်ပါ
လား"

သြော်...လူဆိုသည်မှာ သည်တစ်ယောက်အတွက် သူတော်စင်
လိုကောင်းသော်လည်း နောက်တစ်ယောက်အတွက် သူသတ်သမား
လောက် ကြောက်စရာ ကောင်းချင်ကောင်းနေတတ်ကြသည်။

လူတစ်ယောက်ရင်တွင်း၌ မေတ္တာတရား၊ ကရုဏာတရား မုဒိ
တာတရားများချည်း ထာဝရ ကိန်းအောင်း နေတတ်သည်မဟုတ်။

ဒေါသများ၊ လောဘများ၊ အာဃာတများ၊ ဝန်တိုမစ္ဆရိယများ
သော အယုတ်တရားများလည်း ခိုအောင်းတတ်ချေသေးသည်။

ကိုရဲနောင်ကို ယဉ်မွန်ရည်အမြင်တွင် သူတော်စင်ဖြစ်နေသော်
လည်း ရန်ဘက် ဦးဘဆက်အတွက်မူ သူသတ်သမားလောက် ရွံမုန်းစရာ
အကြောင်းများ ရှိနေနိုင်သည့် အကြောင်းတရားများကို ယဉ်မွန်ရည်
တွေးခေါ် ဆင်ခြင်မိလာသည်။

"ယဉ်မွန်ရည် ဘာတွေ စဉ်းစားနေသလဲ ဟင်"

"လူ့မနောရဲ့ သဘောကိုပါ"

"ဟာ...တယ်နက်နဲပါလား၊ ဘာတွေများလဲဗျာ"

"သြော်...ကိုရဲနောင်ကလည်း ယဉ်မွန့်ကို မယုံရဲသလိုပဲ
ယဉ်မွန့်မှာလည်း ဒီကိုလာဖို့ သီတဂူမြို့ကြင်က လူတွေမသိအောင် ပုန်းလျှို
ထွက်ခဲ့ရတယ်။ ဟိုကမယုံ၊ ဒီကမယုံနဲ့၊ တကယ်တော့ ယဉ်မွန့်ဘဝမှာ
အကူအညီလေးတစ်ခုများ ရလိုရငြားနဲ့ အားထားစိတ်နဲ့ ရောက်လာရ
ပါ ကိုရဲနောင်။ ရည်မွန်ရဲ့လက်ရှိဘဝကိုလည်း တင်ပြပြီးပါပြီရှင်"

ညှိုးငယ်ဟန်သွင် သရုပ်ဆင်ထားရသော ယဉ်မွန်ရည်၏ မျက်နှာ
လေးကို ကိုရဲနောင်က ကြာမြင့်စွာ စိုက်ကြည့်နေသည်။ ဤကိုရဲနောင်သည်



သူပြောသည့်အတိုင်းပင် မိန်းကလေးများနှင့် နီးကပ်စွာ နေဖူးသူမဟုတ်။
မိန်းကလေးများ၏ အထာကို နားမလည်ကြောင်း ယဉ်မွန်ရည် သိလာ
ရပါပြီ။

"ကျွန်တော်ဟာ စကားပြော ကျွမ်းကျင်သူ မဟုတ်ပါဘူး ယဉ်
မွန်ရည်။ ကျွန်တော့်စကားမှာ အမှားတွေပါသွားရင် ခွင့်လွှတ်ပါနော်။
ကျွန်တော်ကလေ ယဉ်မွန်ရည့်ကို ယုံယုံကြည်ကြည်နဲ့ ခင်မင်ခွင့်ရချင်လို့
ပါ။ ယဉ်မွန်ရည်ကို ကူညီနိုင်မယ့် အခြေအနေမျိုး ဖန်တီးလာပါစေလို့
ကျွန်တော်ဆုတောင်းနေပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုရဲနောင်"

"ပြန်တော့မလို့လားဟင်"

"ပြန်စေချင်ပြီလား၊ ကိုကြည်ညိုထွက်လာမှ ယဉ်မွန် ပြန်လို့ရမှာ"

"ဟာဗျာ...ဘယ်က ပြန်စေချင်ရမှာလဲ"

သူက အားနာဟန်လေးဖြင့် ကပျာကသီပြောရင်း ပြုံးနေသည်။
စကားစပြတ်သွား၍ ပုဏ္ဏရိက်ပင်တန်းလေးပေါ်မှ ရောင်စုံလိပ်ပြာလေး
တစ်ကောင်ကို ငေးကြည့်နေမိရာမှ ယဉ်မွန်ရည်က...

"ဟိုလိပ်ပြာလေး လှလိုက်တာနော်"

"ဟုတ်တယ်။ ကျွန်တော်လည်း သူ့ကိုပဲ စိုးရိမ်တကြီး ကြည့်နေ
တယ်"

"ဟင်...ဘာဖြစ်လို့လဲ"

"သိပ်လှတဲ့ ညှို့သည်လိပ်ပြာလေး ကျွန်တော့်ခြံကို နောက်တစ်
ခေါက်မှ ပြန်လာပါ့မလားလို့"

ယဉ်မွန်ရည်၏ ရယ်သံလွင်လွင်လေးများ ပြန့်လွင့်သွားရသည်။

"စကားမတတ်ပါဘူးဆိုတဲ့ ကိုရဲနောင်ရယ်...၊ ယဉ်မွန့်ကို လိပ်ပြာ
လေးအသွင် တင်စားပြီး ပြောတတ်လိုက်တာရှင်"

ပြုံးနေသော သူ့မျက်နှာကိုကြည့်ပြီး ယဉ်မွန်ရည်၏ စိတ်ထဲမှ
ကြည်တမ်းမိခြင်းပါ။

"ဟော...ကိုကြည်ညိုကြီး ထွက်လာပြီ၊ ယဉ်မွန် ပြန်ရတော့မယ်"

"ဘာမှလည်း ညှို့ဝတ်မပြုရဘူး။ ကျွန်တော့်ခြံကိုလာဖို့တော့

www.burmeseclassic.com

www.burmeseclassic.com

ကြောက်သွားမှာပဲ"

"ကြောက်စရာမှ မရှိပဲ...လာချင်ပါတယ်။ ဒါပေမဲ့ ပြောစရာ စကားမှ မရှိတော့တာ အကြောင်းရာက ကုန်နေပြီပဲလေ"

"ဟင်...ယဉ်မွန်ရည်ကလဲဗျာ၊ စကားပဲ ကုန်တယ်လို့ ရှိရသေး လား"

"ရှိတာပေါ့၊ ယဉ်မွန်ရဲ့ဘဝကို တင်ပြပြီးပြီ၊ ယဉ်မွန်ရဲ့ဆန္ဒကို လည်း ပြောပြီးပြီ။ ယဉ်မွန် အလုပ်ပြောင်းဖို့ ကိုရဲနောင်မှာ အဆက်သွယ် မရှိဘူးဆို၊ ပြီးတော့ ကိုရဲနောင်ဘက်က ယဉ်မွန့်ကိုဘာမှ ပြောမပြနိုင် ဘူး...။ ပြောစရာမရှိဘူးဆို...။ ဒါကြောင့် ပြောစရာစကားတွေ ပြီးဆုံး ပြီလို့ ယဉ်က သတ်မှတ်မလားလို့ပါ"

"မသတ်မှတ်လိုက်ပါနဲ့ယဉ်မွန်ရယ်။ လာခဲ့ပါဦးတဲ့ဗျာ"

"ကိုကြည်ညို့နဲ့ ကြုံကြိုက်တဲ့အခါ လိုက်လာခဲ့ပါမယ်။ ဟော... ကိုကြည်ညိုတစ်ယောက် ထွက်လာပြီးမှ ဘာတွေပြောနေပြန်လဲမသိဘူး"

အိမ်ဝတွင် ကိုရဲခေါင်၊ ကိုကြည်ညိုတို့နှင့်အတူ ဦးတိုးသျှန် ကိုပ မြင်ရသည်။ သူတို့ ပုံသဏ္ဌာန်က သာမန်နှုတ်ဆက်နေကြပုံမျိုး မဟုတ်မှန်း သိသာလွန်းလှသည်။ ပြီးပြီးသား ကိစ္စအတွက် ရတက်မအေးနိုင်ပါဘဲနှင့် ထပ်မံနှီးနှောနေကြသည့်ပုံစံမျိုး။

"ဟုတ်ပါရဲ့ သူတို့စကားတွေကလည်း မပြီးနိုင်ဘူး။ ကိုကြည်ညို က အစ်ကိုကြီးသူငယ်ချင်းလေ၊ ဘာတွေတိုင်ပင်နေကြတယ်မသိဘူး ကျွန်တော်လည်း မမေးပါဘူး"

"ဒါနဲ့ ကိုရဲနောင်ရဲ့ အစ်ကိုတစ်ယောက်ရော"

"ကိုရဲအောင် မန္တလေးဆင်းသွားတယ်"

"သြော်...သြော်...ကဲ ခုမှပဲ ထွက်လာတော့တယ်။ သွားမယ်နော် ကိုရဲနောင်"

"ယဉ်မွန်ရည် နောက်တစ်ခေါက် ရောက်လာမယ့်အချိန်အထိ ကျွန်တော်မျှော်နေပါ့မယ်တဲ့ဗျာ...ကဲ...ကဲ....သွားတော့နော်"

ကိုကြည်ညိုနှင့်အတူ သော်တာခြံမှ ပြန်လည်ထွက်ခွာလာ ရသည်။ နှစ်မိုင်ကျော် ခြေလျင်ခရီးကို အမြန်နှုန်းနှင့် လျှောက်ရပါဦးမည်



"ကျွန်တော်တို့ ဒီကိုလာလာနေတာ ဘယ်သူမှ မသိကြမှ ဖြစ်မယ် နော် ယဉ်မွန်ရည်"

"အမလေး ယဉ်မွန်ရည်က ပိုတောင်ကြောက်သေးတယ်"

"အေးဗျာ...ရဲခေါင်က ကျွန်တော့်သူငယ်ချင်း၊ သူတို့ချင်း ဒီ လောက် ရန်ငြိုးကြီးမှန်းလည်း အစက မသိပါဘူး။ ခု ဟိုခြံမှာ အလုပ်ဝင် ပြီးမှ သိရတော့လည်း မတတ်နိုင်ဘူး။ ကိုယ့်သူငယ်ချင်းဆီ ခိုးလာရတော့ တာပဲ။ ဒါနဲ့ ယဉ်မွန်ရည်ကရော ဘာကိစ္စနဲ့ သော်တာခြံသွားရတာလဲ"

မြွေမြွေချင်းများ ခြေမြင်လေသလား။

"ယဉ်မွန်လည်း စိတ်ညစ်လို့ပေါ့။ ဒီအလုပ်ထက် ကောင်းတဲ့ အလုပ်လေးများ ရမလားလို့ ဒီလိုပဲ လက်လှမ်းမီရာ စုံစမ်းရတာပဲပေါ့"

"ဦးဘဆက်နဲ့တော့ ပြေလည်သားမဟုတ်လား"

"ကိုယ့်အလုပ်ရှင်ပဲ ပြေလည်အောင် ဆက်ဆံရတာပေါ့ရှင်...၊ ကိုကြည်ညိုက ယဉ်မွန့်ကိုများ မျက်လုံးဒေါက်ထောက် ကြည့်နေသလား ပဲ"

"ဟဲ...ဟဲ...မဟုတ်ရပါဘူးဗျာ"

သူက မလုံမလဲနှင့် ပြုံးရယ်သည်။ သူသည် ဖျတ်လတ်တက်ကြွ သည်။ သူတစ်ပါးကို ကူညီလိုစိတ်ရှိသည်။ စပ်စုတတ်သည်ဟူသော မှတ် ချက်များ ရှိလေသူ။

သို့ပါသော်လည်း ကိုကြည်ညိုတွင် တစ်စုံတစ်ခုသော အကြောင်း အရာကို အခြေခံ၍ လှုပ်ရှားနေလေသူများလားဟု သံသယဝင်မိသည်။ ဤသီတဂူမြို့သို့ သူရောက်လာခြင်းသည် စာရင်းစစ်တစ်ယောက်အဖြစ် လုပ်ရန်သက်သက်ချည်းဖြစ်လိမ့်မယ်မည်မထင်။ သူ့တွင် လုံလောက်သော အကြောင်းတစ်စုံတစ်ရာ ပါလာလိမ့်မည်ဟု ယဉ်မွန်ရည် ထင်မှတ်မိပါ သည်။

"ကျွန်တော်လာမယ့် စနေနေ့မှာ သော်တာခြံကို သွားဖြစ်ရင် ယဉ်မွန် လိုက်ဦးမလား"

"ကြည့်သေးတာပေါ့"

"ဒါနဲ့ မနက်က ဘိုးတော်မင်းလူ မန္တလေးကြွသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား"

"သူပြန်လာရင် ဒေါ်နုနုဝေ ပြန်ပါလာမလားမသိဘူး"

"ဒေါ်နုနုဝေက စိတ်ဆိုးပြီး ဆင်းသွားတယ်ဆိုတော့ မန္တလေးမှာရှိတဲ့ သူ့ညီမတွေဆီများ သွားမလားလို့ ယဉ်မွန်မသိဘူးလား...ဦးဘဆက်မပြောဘူးလား"

"ယဉ်မွန်ဆီက စကားတွေလာနှိုက်မနေစမ်းပါနဲ့ ကိုကြည်ညိုရယ်"

သည်တော့လည်း သူက ရယ်မောပစ်လိုက်သည်။ ပေါ့ပေါ့ဆနဲ့တန် လုပ်ပစ်လိုက်သည်။ ကိုကြည်ညိုသည် ယဉ်မွန်ရည်ထက် ခုနစ်နှစ် ရှစ်နှစ်မျှလောက် ကြီးရင့်သူဖြစ်သော်လည်း ယဉ်မွန်ရည်ကိုဖြင့် မလေးမစား မဆက်ဆံပါ။ ဖျတ်လတ် တောင့်တင်းဆဲဖြစ်သော်လည်း သူ့ပုံစံက သားနှင့်မယားနှင့် ပုံစံမျိုး၊ မိန်းကလေးများနှင့် ဆက်ဆံရာတွင် ရဲတင်းပွင့်လင်းသည်။ ကိုရဲနောင်တို့လို ရှက်ရွံ့ခြင်း၊ အားနာခြင်းစသော လူပျိုယဲ့တို့၏ အသွင်မျိုး ကိုကြည်ညိုတွင် မမြင်ရ...

"ကဲ...ကိုကြည်ညို၊ သီတဂူမြိုင်နားရောက်ခါနီးနေပြီ၊ ယဉ်မွန်တို့နှစ်ယောက်တွဲ ဝင်သွားလို့ မကောင်းဘူးထင်တယ်"

"ဟုတ်တယ်...ယဉ်မွန်...ဟုတ်တယ်"

"ဒါဖြင့် ယဉ်မွန် အရင်သွားနှင့်မယ်၊ ခဏကြာမှ ကိုကြည်ညိုက လိုက်ဝင်ခဲ့ပေါ့ဟုတ်လား"

"ကောင်းပြီ...သွားသွား...ဪ...ဒီမှာ"

"အင်း...ပြော"

"ဘိုးတော်မင်းလူရဲ့ ခာတ်ခန်းထဲကိုတော့ တစ်ယောက်တည်း ဘယ်တော့မှ မသွားနဲ့နော်"

× × × ×

## အခန်း(၁၀)

အလုပ်ပြီး၍ အိမ်ဘေးမှပတ်လျက် နေထိုင်ရာအခန်းသို့ ပြန်လျှောက်လာသော ယဉ်မွန်ရည်၏ ပခုံးစွန်းကို သေးငယ်သော နာကျင်မှုလေးတစ်ခု ထိခတ်လာသည်။

"ဘာများပါလိမ့်"

ပခုံးစွန်းကို လက်နှင့်ဖိကိုင်၍ ရှေ့သို့ကျလာသော ဖြူဖြူအစလေးတစ်ခုကို တွေ့ရ၍ ဘေးဘီသို့ ကြည့်ပြီးမှ ယဉ်မွန်ရည်ကောက်ဖြန့်ကြည့်သည်။ ပစ်အားကောင်းစေရန် မတ်စေ့လေးနှင့် ထုပ်ထားသော စာလေးတစ်စောင်။

မမ

ဒီညနေ ဒေါ်အိန္ဒြေလမ်းထွက်သွားရင်

နောက်ဘက် လှေကားက တက်လာတွေ့ပါ။

နန်းမြင့်မေ

စာကို အလန့်တကြား ဆုပ်ကိုင်လိုက်ပြီး သုံးထပ်ပေါ်သို့ မော့မျှော်ကြည့်မိသည်။ ပြတင်းများအားလုံး ပိတ်၍ တိတ်ဆိတ်ငြိမ်သက်နေသည်။ ဘာအရိပ်အယောင်ကိုမျှ မမြင်ရ...

ပတ်လည်သို့ တစ်ချက်ဝေ့ဝဲကြည့်မိပြီး ကသုတ်ကရက်ပင် ကိုယ့်အခန်းသို့ ယဉ်မွန်ရည် ပြန်လာရသည်။ အားလုံးငြိမ်သက်အေးချမ်းနေသော်လည်း တစ်ယောက်ယောက်သည် တစ်နေရာရာမှ မိမိကို ချောင်းမြောင်းကြည့်ရှုနေလေသလားဟု ယဉ်မွန်ရည် ထင်ယောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

တံခါးပြန်ပိတ်ပြီးသည်နှင့် စာကို အသေအချာ ကြည့်မိသည်... ကော်ပီစာအုပ်မှ စာတစ်ရွက်ကို ဖြဲဆုတ်ပြီး ခဲတံနှင့် အမြန်ရေးခြစ်ထာ... ကြောင်း မြင်ရသည်။

ဘာပဲဖြစ်ဖြစ် နန်းမြင့်မေတစ်ယောက် စာရေးနိုင်၊ ပစ်ချနို... လောက်အောင် ကျန်းမာလာသည့်အဖြစ်ကိုဖြင့် ယဉ်မွန်ရည် ဝမ်းသာ... မဆုံးပါနိုင်။

ဒေါ်အိမြွေ လမ်းထွက်လေတိုင်း တစ်ဖက်ခန်းမှ ခြံစောင့်ဦးအို... မောင်း၏ ဇနီးကိုခေါ်၍ နောက်ဘက်လမ်းမှထွက်လေ့ရှိသည်ကို ယဉ်မွ... ရည် ပြန်လည်အမှတ်ရလာမိသည်။ ယဉ်မွန်ရည်ရောက်ပြီးမှ နှစ်ကြိမ်သာ... ဒေါ်အိမြွေ လမ်းထွက်ဖူးသေးသည်။

ထိုနေ့မှ ညနေစာကို အလုပ်သမားများ စားရသည့် ကဲန်တင်း... ပင် ယဉ်မွန်ရည် သွား၍ မစားတော့။ ဒေါ်အိမြွေကို စောင့်ကြည့်နေရပါ... မည်။

တစ်ညနေစောင်းလုံး ဒေါ်အိမြွေ၏ အရိပ်အယောင်သော်မျှ မမြ... ရပါ။

မှောင်ရီဖြိုးဖျအချိန်တွင်မှ သိုးမွေးနက် တဘက်တစ်ထည်ကို... ခေါင်းမှခြုံ၍ မေးတွင်စည်းပြီး ကွတ်အကျီနက်နှင့် ဒေါ်အိမြွေထွက်လာ... သည်။

ယဉ်မွန်ရည်တို့ ငယ်စဉ်က ဖတ်ရသော နိုင်ငံခြား ကောမစ်စာ... အုပ်မှ စုန်းမကြီး၏ ပုံစံမျိုးလို ဒေါ်အိမြွေက အရပ်မားမားကြီးနှင့် ကြော... လိန်လှေကားမှ ဆင်းလာတော့သည်။

သူ့လက်ထဲတွင် နီးကျဲကျဲနှင့် ရက်ထားသော ဖန်းတစ်ချပ်တွ... ငှက်ပျောဖက်ခင်းထားသည်။ ယင်းအပေါ်၌ မုန့်ဖြူ မုန့်နီ ထမင်းနှင့် ... ကြော်များ ပါရှိသည်။ နှင်းဆီနီသေး အပွင့်လေးများနှင့် ဖယောင်းတို... သုံးတိုင် ပါရှိသည်။

"ခေါစာပစ်သည်"ဆိုသည်ကို ကြားဖူးခဲ့သည်။ ယခုမှမြင်ဖူးရပါပြီ... သရဲသို့လား၊ စုန်းကဝေသို့လား ကျွေးသည့်အစာများဖြစ်ပေမည်။

ဒေါ်အိမြွေသည် ဝိညာဉ်လောကကို ယုံကြည်ကိုးကွယ်နေသော... အမျိုးသမီးကြီးပါလား။



ဒေါ်အိမြွေ အိမ်ရှေ့ရောက်လာသည်နှင့် ဦးအိုက်မောင်းအမ်နီး 'မနန်းစိန်'က အဆင်သင့်ထွက်၍ ဒေါ်အိမြွေ၏နောက်မှ လိုက်သွားသည်။ တံခါးကြားမှ ချောင်းကြည့်နေသော ယဉ်မွန်ရည်သည် သူတို့ကွယ်သွားလေမှ တံခါးနားမှ ခွာ၍ ခါးဆန့်ရသည်။

"နန်း...မြင့်...မေ"

သူ့ထံသွားရန် များစွာ စွန့်စားရပါလိမ့်မည်။ တစ်စုံတစ်ယောက် မြင်တွေ့သွားခဲ့လျှင် ဤသီတဂူမြို့မှ ယဉ်မွန်ရည်တစ်ယောက် ပြန်လည်၍ ထွက်ခွာခွင့်ရနိုင်ဖို့အရေး ဝေးကွာသွားနိုင်သည်။

မိမိ၏အန္တရာယ်ကိုသာ ကြည့်ပြီး နန်းမြင့်မေ၏ လက်ရှိ ဒုက္ခကို ယဉ်မွန်ရည် ဥပေက္ခာမပြုနိုင်၊ သူ့တွင် ကြီးမားသော အခက်အခဲနှင့် သိမ်းပိုက်ချုပ်နှောင်မှုနှင့် ခံနေရရှာကြောင်း ယဉ်မွန်ရည် အသိပါ။

ယဉ်မွန်ရည်မှာ အပြာရင့် လေယာဉ်မောင် လုံချည်ဖြောင်နှင့် နိုင်လွန်ဆွယ်တာအနက်ကို လဲလှယ်၍ ဝတ်ဆင်လိုက်သည်။

ယူသင့်သည်များကို ယူဆောင်ပြီး အခန်းတံခါးကို သော့ပိတ်ပြီးမှ...

"ဦးအိုက်မောင်း...ဆရာဦးဟန်ညွန့်က အဲဒီဝတ္ထုဖတ်ချင်လို့တဲ့၊ သွားပို့ပေးစမ်းပါနော်...ကျွန်မ ထမင်းသွားစားလိုက်ဦးမယ်၊ နောက်ကျချင်ကျမယ်"

"အေး...အေး"

နေ့လယ်က စကားစပ်မိရင်း ပြောကြားထားသော ဝတ္ထုစာအုပ်မှာ မနက်ဖြန် ရုံးသွားမှ ယူသွားလျှင်လည်း ဖြစ်ပါ၏။ ဦးအိုက်မောင်းကို ပထုတ်ချင်၍ တမင်အကွက်ဆင်ရခြင်းပါ။ ဦးအိုက်မောင်းထွက်သွားလေမှ တကယ့်သူခိုးဟန်ဖြင့် ကြောင်လိန်လှေကားမှ အပြေးတက်ခဲ့ရသည်။ စွန့်စားရသည်မှန်သော်လည်း ရင်ထဲ၌မူ တထိတ်ထိတ် ခုန်နေဆဲပါ။

မှုံမတတ် ကွေ့ပတ်တက်ပြီး သုံးထပ်ပေါ်သို့ ရောက်ခါနီးတွင် ဦးအိုက်မောင်း အိမ်ရှေ့ဘက်မှ ပြန်လာသည်။ အပေါ်သို့ တစ်ချက်မှ မော့၍ မကြည့်ပါ။

လှေကားထိပ်သို့ ရောက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



တံခါးက စေ့ထားရုံပါ။ ဒေါ်အိန္ဒြေတို့ မကြာမီ ပြန်လည်ရောက်လာကြမည်မှာ သေချာသည်။ တိုတောင်းသော အချိန်တွင်း နန်းမြင့်မေနှင့် ဆုံတွေ့ရန် အရေးကြီးလှသည်။

ယဉ်မွန်ရည် ပထမဆုံး ဝင်ရောက်ခဲ့သော အခန်းမှာ စတိုခန်းဖြစ်ပေသည်။ အပြင်မှ အလင်းရောင်လဲ့လဲ့လေးဖြင့် မြင်ရသည်မှာ ရှေးဟောင်းပစ္စည်းများစွာ ပွတ်လုံးတိုင်နှင့် ခုတင်ဟောင်းကြီး၊ ဗီရိုကြီးမှ မှန်ကွဲကြီးတို့မှာ မသတီစရာ...

ထိုအခန်းမှ အထွက်တွင် နောက်ဖေး မီးဖိုခန်းဖြစ်သည်။ ဒေါ်အိန္ဒြေ၏ လက်ရာ ရှင်းရှင်းသန့်သန့်ကို မြင်ရသည်။ ဤအခန်းကို ဖြတ်ကျော်ပြီးလျှင် အိမ်မကြီးပင်...

ယဉ်မွန်ရည် ခဏစဉ်းစားရသည်။ စာပစ်ချသည့်ဘက်တွင်သာ နန်းမြင့်မေ၏ အခန်းရှိလေမည်။

ယင်းအသိဖြင့် အိမ်မကြီးပေါ်သို့ ခြေချလိုက်မိသည်နှင့်...

"အ...အား..."

ဟူသော အသံခပ်အုပ်အုပ်နှင့်အတူ သံတံခါးတစ်ခုကို တကျိုင်းကျိုင်း ဆွဲလှုပ်နေသော အသံများ ကြားလိုက်ရသည်။

ယဉ်မွန်ရည်မှာ တံခါးရွက်၏နောက်တွင် ကျောကပ်၍ ရပ်လိုက်ရသည်။ လန့်ဖျပ်စိတ် ကြီးစိုးသော်လည်း သတိလက်လွတ်ဖြင့် မဖြစ်ပါ။

"ဟီး...ဟီး...ဟီး...ဟင်းဟင်း"

ကြောက်စရာအသံကြီးများက မပီမသ ပိုးတဝါး ကြားလာရသည်။ သာမန်လူသားတစ်ယောက်၏ အသံမျိုးမဟုတ်၊ အသံက တိုးအုပ်သည့်။ အိမ်ကြီးက ကျယ်ဝန်းသည်မို့ ဘယ်နေရာမှလာသည့်အသံမှန်းရုတ်တရက် မှန်းမရ...

ဤတွင် ယဉ်မွန်ရည် အသိတစ်ခု ဝင်လာမိသည်။

"နန်းမြင့်မေ ဟန်ဆောင်ပြီး ငါ့ကို ဒီအိမ်ကြီးပေါ်များ မျှားခေါ်လေသလား"

ယင်းအသိကြောင့် တစ်ကိုယ်လုံး တောင့်မတ်သွားမိသည်။ ရင်ညွှန့်လယ်ကို ဖိကိုင်စမ်းလိုက်သည်။ ပြန်လှည့်ပြေးရကောင်းလေမလားဟူသော အားလျော့စိတ်များ ဝင်လာအပြီးတွင်...

"အို...လာမိမှတော့ အကောင်းပဲဖြစ်ဖြစ်၊ အဆိုးပဲဖြစ်ဖြစ် ဘာအကြောင်းလဲဆိုတာတော့ သိအောင် စွမ်းဆောင်ရမှာပဲ"

ကိုယ့်ကိုယ်ကို ပြန်လည်အားတင်းလိုက်ပြီး ငြိမ်သက်တိတ်ဆိတ်နေသော အိမ်ကြီး၏ အခန်းများရှိရာသို့ ခြေလှမ်းစ၍ ချရပါပြီ။

အပေါ်ထပ်ကြီးမှာ ကျယ်ဝန်းသည်။ အိမ်ရှေ့ပိုင်းရှိ ဘုရားစင်နှင့် ဧည့်ခန်းနေရာများနှင့် အလှမ်းကွာဝေးလွန်းလှသည်။ အောက်ခေါ်မှသာ ကြားနိုင်လောက်မည်။ သာမန်အသံတိုးတိုးတိတ်တိတ်ဆိုလျှင် လူရှိစေဦး ကြားသာနိုင်မည်မထင်။

အိမ်ရှေ့ဆီမှလွဲလျှင် အားလုံး နက်မှောင်နေသည်။ အပြင်မှ အလင်းရောင်လည်း ကွယ်လျှိုးသွားလေပြီ။ ဆောင်းရာသီမို့ နေဝင်က စောလှသည်။ လက်ယာဘက်ရှိ အခန်းတစ်ခုဆီမှ မီးရောင်ဖျော့ဖျော့လေး ဖျတ်ခနဲ လင်းလက်လာသည်။ ယခုမှ မီးဖွင့်လိုက်သည်မို့ လူရှိကြောင်းသေချာသည်နှင့် ယဉ်မွန်ရည် ပြေးကပ်၍ လေသံမျှလောက်နှင့်သာ...

"နန်း...နန်း...မြင့်...မေ"

အတွင်းမှနေ၍ တံခါးနား ပြေးကပ်လာသံ ကြားရပြီး...

"ဘယ်...သူ...လဲဟင်"

ပိုနွမ်းနယ်၍ အားငယ်သော အသံလေးကြောင့် နန်းမြင့်မေသေချာလေပြီ။

"နန်း...နန်း...မဟုတ်လား မမ...ပါ"

"ဟာ..."

ဝမ်းသာမှု အာမေဋိတ်သံလေးကို ကြားရပြီးနောက် ဘာစကားမှ ဆက်မလာပါ၍...

"နန်း...တံခါးမြန်မြန်ဖွင့်လေ"

တံခါးရွက် နှစ်ခုကြားမှ တိုးတိုးလေးကပ်၍ ပြောလိုက်ရသည်။

"နန်း...အခန်းကို သော့ခတ်ပိတ်ထားကြတယ်"

"ဟယ်"

"မမဝင်လာလို့ မရဘူးလား၊ ကြံစမ်းပါဦး မမရယ်၊ သူတို့တွေ

www.burmeseclassic.com

www.burmeseclassic.com

မရှိကြဘူး။ နန်းကို ကယ်ပါ။ နန်းကိုခေါ်ထုတ်သွားပေးပါ”

“နေဦး...နေဦး မမကြိုးစားကြည့်မယ်”

“သူတို့တွေ မရှိကြဘူး”ဆို၍ ယဉ်မွန်ရည် အားတက်သွားမိသည်။ ဘိုးတော်မင်းလူနှင့်အတူ ဦးဘဆက်ပါ မန္တလေးမှ ပြန်တက်မလာကြသေးပေ၊ ဒေါ်အိန္ဒြေပြန်ရောက်မလာမီ နန်းမြင့်မေနှင့် ချိတ်ဆက်မိဖို့ အရေးကြီးလှသည်။

တံခါးကို တွန်းကြည့်သည်။ အတွင်းကပ် သော့က ခိုင်မာလှသည်။ ဖွင့်စရာကိရိယာလည်း ဘာမှမပါရှိ။ မှောင်ထဲတွင် ကျင့်သားရလာ၍ မျက်စိက ပိုမိုမြင်လာသည်။ အခန်း၏ အပေါ်ပိုင်းက မှန်များတပ်ဆင်ထား၍ သစ်သားထစ်ကလေးများရှိသည်။ တွယ်ကပ်၍ နင်းတက်သွားလျှင် အခန်းပေါ်သို့ ရောက်နိုင်မည်၊ သည်ကမှ ကျော်ချလိုက်မည်။ ယင်းအသိဖြင့် အထစ်များကို စမ်းသပ်ပြီး အပေါ်သို့ မော့ကြည့်လိုက်သည်နှင့်...

“ဟာ”

ရင်ဆို့ရပါပြီ။ နန်းမြင့်မေ၏ အခန်းထိပ်နှင့် မျက်နှာကြက်ထိအောင် လေးထောင့်သံဆန်ခါများ ထပ်ဆင့်ကာရံထားခြင်းကြောင့်ပါ။

“မမ...မမ...လာလို့မရဘူးလား၊ ကြိုးစားပါဦး မမရယ်”

နန်းမြင့်မေ၏ အသံက ငိုသံပါနေသည်။

ယဉ်မွန်ရည်မှာ နန်းမြင့်မေကို ပြန်လည်၍ မနှစ်သိမ့်နိုင်အားသေး။ အပြေးအလွှားစီစဉ်ရသည်။ အိမ်ရှေ့အထိ ပြေးထွက်မိသည်။ အတော်ပါပဲ။

ကြေးအိုးကြီးနှင့် စိုက်ထားသော ဂမုန်းပင်တင်ထားသည်က ခြေတံရှည်ခုံ၊ ပန်းအိုးကို ကြမ်းမှာချပြီး ခုံကို နန်းမြင့်မေအခန်းရှေ့သို့ သယ်မလာရပါ၏။ ပေါ့ပါးလျင်မြန်သော အဟုန်ဖြင့် ခုံပေါ်သို့ တက်၍ ရပ်လိုက်သည့်အခါ သံဆန်ကာကွက်နေရာသို့ မျက်နှာအပ်မိသည်။

နန်းမြင့်မေကို လုံးလုံးလျားလျား မြင်ရပါပြီ။

ဘလောက်စ်အင်္ကျီဖြူဖြူ၊ ဆံနွယ်များ ဖိုးရိုးဖားရားဖြင့် ထောင်ချောက်မိ ကြွက်ဖြူလေးလို အပြေးအလွှားထွက်ပေါက်ရှာနေသည်။ ခေါင်းတွင် ပတ်တီးဖြူဖြူဖွေးဖွေးက ရစ်ပတ်စည်းနှောင်လျက်ပင်။

“နန်း...နန်း၊ ညီမလေး။ ဒီမှာ မမ’

“ဟင်...မမ”

သူက အပေါ်သို့ မော့ကြည့်လာသည်။ သံဆန်ခါကွက်၏ ဟိုမှာဘက်တွင် ယဉ်မွန်ရည်ကို တွေ့လိုက်ရခြင်းကြောင့်–

“ဝင်ခဲ့လို့ မရဘူးလား၊ နန်းကိုခေါ်ထုတ်သွားလို့ မရဘူးလားဟင်”

“ဒီမှာနန်း၊ မမဝင်ဖို့ရယ်၊ နန်းထွက်ဖို့ရယ်က မလွယ်တော့ဘူး။ နန်းဘာဖြစ်နေသလဲ၊ ဘာလို့ ချုပ်နှောင်ထားခံနေရလဲ ပြောစမ်း။ မြန်မြန်ပြောစမ်း ညီမလေး”

“အန်...အန်တီနု ပုန်းနေတဲ့နေရာကို နန်းတစ်ယောက်တည်းသိတယ်။ အဲဒါကို ဖွင့်မပြောလို့ လှောင်ထားတာ”

“ဒေါ်နုနုဝေက ဘယ်မှာလဲ၊ ဘာကြောင့် သွားပုန်းနေရတာလဲဟင်”

“အင်ကြင်းပင်မှာ”

“အင်း...အင်း...အဲဒီ အင်ကြင်းပင်ဆိုတာ ဘယ်မှာလဲ”

“ရွှေဘိုခရိုင် ခင်ဦးနယ်က အင်ကြင်းပင်တောရကျောင်းမှာ တရားထုတ်...”

“ဟုတ်ပြီ နန်း၊ သူဘာကြောင့် သွားပုန်းနေရတာလဲ။ ပြောစမ်း၊ ပြောစမ်း”

“ဦးဘဆက်နဲ့ ဘိုးတော်မင်းလူတို့ကိုကြောက်လို့”

“ဘာလို့ ကြောက်ရတာလဲ။ မြန်မြန်ပြောစမ်း”

“အဲဒါတော့ မသိ...”

“အို...”

“ပြီးတော့...”

“အင်း...ပြော...ပြော...”

“အန်တီနုက သူတို့လာမခေါ်ခင် အင်ကြင်းပင်ကို လိုက်ခဲ့လို့ မှာသိုက်တာ၊ သူတို့က ဦးသွားလို့ လိုက်ခဲ့ရတာ။ ပြီးတော့ နန်းကိုလေ...နန်းကို...”

“ဟိုက်...ဒေါ်အိန္ဒြေတို့ ပြန်လာကြပြီ”

လှစ်နေအောင် ပါးသော ယဉ်မွန်ရည် အကြားအာရုံဝယ်လှေကား

www.burmeseclassic.com

www.burmeseclassic.com

မှ တက်လာသံသဲ့သဲ့ကို ကြားလာရသည်။

"မမ၊ နန်းကို မကယ်နိုင်တော့ဘူးလား"

"ကြိုးစားမယ်၊ ထပ်ကြိုးစားမယ်နော်"

ယင်းအပြောကို ခုံပေါ်မှ ဆင်းရင်း ယဉ်မွန်ရည် ပြောရသည်။

"နန်းနေကောင်းတာနဲ့ နန်းဘဝဆုံးတော့မယ်၊ နန်းကိုယ်ကို ဖေ အပ်ရတော့မယ်။ ကယ်ပါဦး၊ ကယ်ပါဦး မမရယ်"

နန်းမြင့်မေ၏ ငိုရင်းပြောနေသော စကားများကို ခုံပြေးထားရင်း ကြားနေရသည်။

တုံ့ပြန်ချိန်မရတော့။ ကြေးပန်းအိုးကို ခုံပေါ် ပြန်၍ တင်ရန်လည်း အချိန်မရှိတော့။ ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် နောက်ဘက် သို့ ပြေးထွက်ခဲ့ရသည်။ စောစောက ခဏထွက်ခဲ့ရသော အိမ်မကြီး၏ ဝင် ပေါက်၏ တံခါးရွက်နောက်ကွယ်တွင် ကပ်နေလိုက်ရသည်။

ဒေါ်အိန္ဒြေ တက်လာပါပြီ။ မီးဖိုမှတံခါးများ ပိတ်သံကြားနေ သည်။

"အမလေး ဒီတံခါးမကြီးကို ပိတ်လိုက်ရင်တော့ ငါရပ်နေတာ ဘွားဘွားပေါ်တော့မှာပဲ ဘုရား...ဘုရား..."

ရင်နှစ်မြွာကြားသို့ လက်သွင်းဖိကပ်ရင်းက သတိကြီးစွာနှင့် ဘုရားတမိသည်။

ပိန်ပိန်ရှည်ရှည်နှင့် မတ်မတ်တောင့်တောင့်ကြီး ဒေါ်အိန္ဒြေဝင်လာ သည်။ သူ့ကိုယ်တွင် အမဲများ ခြုံလွှမ်းထားဆဲ။

တော်သေးသည်။ တံခါးမကြီးကို သူမပိတ်။ ပထမဆုံး နန်းမြင့်မေ ၏ အခန်းကို သူလက်နှင့်စမ်းသည်။ တွန်းကြည့်သည်။ စိတ်ချလောက်သည် ဟု သူယုံကြည်လေမှ အိမ်ရှေ့ဘက်သို့ ထွက်သွားတော့သည်။

မဖြစ်တော့၊ ဤစက္ကန့်ပိုင်းလေးအတွင်း အခွင့်သာခိုက် ဤသိတဂူ မြိုင်မှ အမြန်ဆုံးထွက်ပြေးရပေမည်။

မီးဖိုတံခါး၏ ပိတ်ထားသော ဂျက်ကို ဆွဲဖြုတ်လိုက်ရသည်။ ပြန် စေ့ပြီး စတိုခန်းကို ဖြတ်ပြေးရပါ၏။ တော်ပါသေးသည်။ ကန့်လန့်သာထိုး ထားသည်၊ သော့ခတ်၍မထား၊ သွက်လက်ညင်သာဆုံးသော လှုပ်ရှားမှု များဖြင့် တံခါးကို ပြန်စေ့ပြီး ကြောင်လိန်လှေကားထစ်များပေါ်သို့ စတင်



ခြေချလိုက်ရသည်။ ရုတ်တရက်မဆင်းရဲသေး။ ဘေးပတ်ဝန်းကျင်ကို လှည့် ၍ အသေးစိတ် ချောင်းမြောင်း ကြည့်ရှုရသည်။ လူသူအရိပ်အခြည်ဖြင့် င်းလေပြီ။

"ဂျိုင်း...ဂျိုင်း...ဂျိုင်း..."

ဆိုသော သံတံခါး လှုပ်ဆွဲသံကို ယဉ်မွန်ရည် မဆင်းမီလေးအထိ ကြားလိုက်ရပါသေးသည်။

အခန်းတွင်းသို့ ပြန်လည်ရောက်ပြီးသည်အထိ ဦးအိုက်မောင်း ဒေါ်နန်းစိန်မိသားစုသည်လည်း အပြင်အမှောင်ဘက်သို့ လှမ်းမျှော်မကြည့် ကြ။ အနှောင့်အယှက်တစ်စုံတစ်ရာ မရှိခဲ့ပါ။

သို့သော်လည်း...

ကြမ်းပြင်ရောက် ပန်းအိုး၊ နေရာပျက်နေသော ခွေးခြေရှည်နှင့် တ်ပြီးသား တံခါးများ ပြန်လည်ပွင့်နေခြင်းသည် သီတဂူမြိုင်အိမ်ကြီး ပေါ်ဆုံးထပ်သို့ တစ်စုံတစ်ယောက် တက်ရောက်သွားခဲ့ပြီဆိုသည့်အဖြစ် ကို ဒေါ်အိန္ဒြေ မလွဲမသွေ သိရှိရတော့မည်။

ဒေါ်နုနုဝေ...။

ပုန်းလျှိုးနေသော ဒေါ်နုနုဝေနှင့်သာ တွေ့ဆုံဆွေးနွေးခွင့် ရခဲ့ပါ လျှင် ဦးဘဆက်၊ ဘိုးတော်မင်းလူ စသောသူများ၏ လှုပ်ရှားဖုံးကွယ်မှုကို ဖော်ပြ၊ မဖွင့်ထုတ်ဖော်ပုံစေကာမူဦး၊ နန်းမြင့်မေ၏ လက်ရှိအဖြစ်ကို တင် ပြီး ကယ်ထုတ်နိုင်ကောင်းပါလိမ့်မည်ဟု ယဉ်မွန်ရည် မျှော်လင့်စွာ တွေး ခဲ့မိသည်။

ဤသိတဂူမြိုင်၏ အိမ်ကြီးပေါ်တွင် ဘိုးတော်မင်းလူ၊ ဦးဘဆက်၊ ဒေါ်အိန္ဒြေနှင့် နန်းမြင့်မေတို့အပြင် လျှို့ဝှက်ပုန်းကွယ်စွာ ချုပ်နှောင်သိမ်း ဆည်းထားသော အရာ။ ဥပမာ လူ၊ သက်ရှိသတ္တဝါစသော တစ်စုံတစ်ခု သည့် ကျန်ရှိနေပေပြီ။

ယင်းကိစ္စကို သိရှိဖော်ထုတ်နိုင်ပါလျှင် ဘိုးတော်မင်းလူ၏ လှုပ် ရှားဆောင်ရွက်နေမှုများ ပေါ်လွင်လာပေမည်။ သူတို့ကို ချုပ်ကိုင်မိသည့် နေ့သည် နန်းမြင့်မေ၏ လွတ်မြောက်သောနေ့ဖြစ်ချေမည်တည်း။

ထိုညက ယဉ်မွန်ရည်မှာ အိပ်၍မပျော်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၂)

"ယုဇနရေ...ဒီနေ့ ဆရာဦးဟန်ညွန့် ခုထိမရောက်သေးပါလား
နောက်ကျလှပြီ"

"ညက ဘာဖြစ်ကြတယ်မသိဘူး...။ ယဉ်မွန် ဘာမှမသိဘူးလား"

"ဟင့်အင်း...ဘာဖြစ်ကြလို့လဲ"

စိုးထိတ်သော မျက်နှာကို အံ့ဩဟန်ပြင်၍ မေးလိုက်ရသည်။ ယုဇနမှာ သတင်းဦးများ ဖြန့်ဝေတတ်သူဖြစ်၍ ဤသို့ သူက အရင်ဦး ဖြ... ဝေနိုင်မှုကိုလည်း ဂုဏ်ယူတတ်သော မိန်းကလေး...။

"ဟောဒီ ယဉ်မွန်ဟာလေ...သူ့အခန်းထဲ သူကုပ်နေတာ... ယုဇနတို့က မြို့ထဲနေပေမယ့် ဒီသီတဂူမြိုင်ရဲ့ သတင်းစကားကို အမြဲအရ... ကြားရတယ်။"

"ကဲ...ပြောစမ်းပါဦး...ဘာဖြစ်လို့လဲ"

"ညက ဒေါ်အိန္ဒြေ ဆရာဦးဟန်ညွန့်ကို ပြေးလာခေါ်တယ်တဲ့... ဟိုဘက် အလုပ်သမားတန်းလျားက ရခဲ့တဲ့သတင်း"

"အင်း...အင်း...ဘာဖြစ်လို့တဲ့လဲ"

"မသိဘူး...တစ်ညလုံး ပြန်မလာဘဲ အပေါ်ထပ်မှာပဲ အိပ်တ... တဲ့။ မီးတွေလည်း ဖွင့်ထားတယ်တဲ့။ ပြီးတော့...မနက်မိုးမလင်း နှင်းမ... ခင် ဆရာဦးဟန်ညွန့်အိမ်က လဲန်ရိုဗာကို ကိုယ်တိုင်မောင်းပြီး မန္တ... ဆင်းသွားတယ်၊ ပြီးတော့ ဘိုးတော်မင်းလူရယ်၊ အမျိုးသားနှစ်ယော... ရယ်၊ ဦးလေးဘဆက်ရယ်၊ ကသုတ်ကရက်နဲ့ ပြန်တက်လာကြတယ်။ ... လေးတင်ပဲ အပေါ်တက်သွားကြပြီ"



"ဒီကိစ္စတွေက ကိုယ်နဲ့မှမဆိုင်ပဲ ယုဇနရယ်"

မသိချင်သလို စိတ်မဝင်စားသလိုလုပ်ပြီး စာရင်းစာအုပ်ကို ကိုင်... ည်။ *ယုဇန၏ ပြောချင်စပ်စုချင်သော စိတ်ကို နှိုးဆွလိုက်ခြင်း* ဖြစ်ပါသည်။

ဤတွင် ကိုပါလေရာ ဝင်ပါလာတော့သည်။

"ဘာတွေများ ပြောနေကြတာလဲဗျ"

"ကိုကြည်ညိုကြီး သိချင်ရင် လာ...ယုဇနတို့နားကို"

"ဟဲ...ဟဲ..."

သူက မျက်မှန်ချွတ်၊ ဖောင်တိန်ပိတ်ပြီး အမျိုးသမီးနှစ်ဦး၏ စား ပွဲများရှေ့သို့ လာရပ်သည်။

ယုဇနက စောစောက ကြားရသိရသော သတင်းစကားများကို ကိုကြည်ညိုအား ထပ်မံပြောကြားသည်။

"ဟုတ်တယ်ဗျ...ခုရက်ပိုင်းအတွင်းမှာ ကျွန်တော်တို့ ဆရာ ဦးဟန်ညွန့် အပေါ် ခဏခဏတက်တယ်။ ဓာတ်ခန်းမှာ အမိန္ဒြာနဲ့ ထွက်သွား စိပ်တယ်လို့ ပြောတာပဲ"

"ညတိုင်း သွားလား၊ ကိုကြည်ညိုတို့က အလုပ်သမားတန်းလျား မှာ တစ်ဝိုင်းတည်းနေတော့ သိမှာပေါ့။ သတိထားမိမှာပေါ့နော်"

"သတိထားမိလို့ ပြောတာပေါ့။ ညဆို သွားပြီ...ဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီမှ ပြန်ဆင်းလာတယ်။ တစ်ခါတလေ သန်းခေါင်ကျော်မှ ဆင်း လာတယ်။ တစ်ခါတလေတော့ အပေါ်မှာ အိပ်သလား မသိဘူး။ ညလုံး ပေါက် တံခါးပိတ်ထားတာ တွေ့တယ်ယုဇနရဲ့"

"ကိုကြည်ညိုကြီး စောင့်ကြည့်နေတယ်ပေါ့လေ"

"သူနဲ့ ကျွန်တော်နဲ့က အခန်းချင်းကပ်နေရတော့ အပေါ့အပါးသွား ရင်း သတိထားကြည့်မိတာပေါ့"

ကိုကြည်ညိုတို့သည် သီတဂူမြိုင် ပင်မအိမ်ကြီး၏ ခြံစည်းရိုး အပြင်ဘက် ဟိုဘက်ခြံ၏ မြေကွက်ပေါ်ရှိ သစ်သားအိမ်ခန်းလေးများတွင် နေကြရသည်။ ယဉ်မွန်ရည်သည်သာ အမျိုးသမီးတစ်ဦးတည်းဖြစ်၍ ခြံစောင့် ၏ ဘေးခန်းတွင် နေရာချပေးထားခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဘိုးတော်မင်းလူရဲ့ ဓာတ်ခန်းကို သိပ်ပြီး တက်ကြည့်ချင်တာပဲဗျာ"

"ယုဇနတို့က အရင်တစ်ခေါက် ဘိုးတော်မင်းလူရောက်တုန်းက ဖူးခွင့်ရတယ်။ ခုတစ်ခေါက်လာတော့ ဘာဖြစ်လို့လဲ မသိဘူး။ တက်ဖူးဖို့ ဦးလေးက မခေါ်တော့ဘူး"

"ယဉ်မွန်ရည်တော့ မကြာခင်က ရောက်သေးတယ်နော်"

"ဟုတ်တယ် ကိုကြည်ညို...သူမေးကြည့်ပါလား"

"ကဲ...လုပ်စမ်းပါဦး ယဉ်မွန်ရည်"

"ဘာကိုလဲ"

"ဘိုးတော်မင်းလူရဲ့ ဓာတ်ခန်းအတွေ့အကြုံလေး"

"ထူးထူးခြားခြား ဘာရှိတာမှတ်လို့၊ ဘုရားရုပ်တုနဲ့ အရုပ်တွေ အုန်းငှက်ပျောပွဲတွေ၊ ဖယောင်းတိုင် အမွှေးတိုင်နဲ့ ပန်းတွေ...ဒါပဲ"

ယဉ်မွန်ရည်၏ အေးဆေးတည်ငြိမ်သော အမူအရာကြောင့် အ... လူးများသော နှစ်ယောက်သား မယဉ်မွန်ရည့်ကို စကားမပြောတော့ပါ... နှင့် သူတို့ချင်းသာ သီတဂူမြိုင် အိမ်ကြီး၏ အပေါ်ဆုံးထပ်အကြောင်းကို တစ်ယောက်တစ်ပေါက် ဆွေးနွေးပြောကြားနေကြတော့သည်။

ညက ပြဿနာ၏ နောက်ဆက်တွဲအဖြစ် ဖြစ်လာမည့် အရေး... အခင်းများကို တွေးတောပူပန်စိတ်များဖြင့်သာ ဟန်ဆောင်နေရပေသည်။

"ဟော...ဆရာ လာပြီ"

ပင်ပန်းနွမ်းနယ်လာဟန် ရုပ်သဏ္ဌာန်ဖြင့် မန်နေဂျာဦးဟန်ညွန့် အလုပ်ခန်းတွင်းသို့ ဝင်သွားသည်။ ဦးဟန်ညွန့်သည် ဦးဘဆက်၊ ဘိုးတော် မင်းလူတို့နှင့် တစ်နည်းနည်းဖြင့် ပတ်သက်နေရပေလိမ့်မည်ဟု ယနေ့မှပင် ယဉ်မွန်ရည် သိလာရသည်။ ကိုကြည်ညို၏ စကားကြောင့်ဖြစ်ပါ၏။

ယုဇနသည် စပ်စုလိုသည်။ သတင်းစကား အတင်းအဖျင်းများကို စုဆောင်း၍ ဖြန့်ဝေလိုသည်မှလွဲ၍ သူမတွင် ကောက်ကျစ်လှို့ဝှက်သော အကြံအစည်များမရှိ၊ ရဲတင်းပွင့်လင်း၍ သဘောမနောကောင်းရှာသည်။ စကားများသည်၊ အတင်းအဖျင်း ပြောတတ်သည်မှလွဲ၍ ယုဇနသည် ... စရာကောင်းသော သဘောကောင်းသော အမျိုးသမီးတစ်ဦးသာပါ။



သတိထားရမည်က ကိုကြည်ညို။

ယောက်ျားကြီးတန်မဲ့နှင့် နေရာတကာ သူပါသည်။ စကားဝိုင်းဆို သူရောက်လာပြီ၊ ချောင်းကြည့်ရမည်ဆိုလျှင် သူအရင်...သူသည် သတိထားရမည့်သူတစ်ယောက်ဟူ၍ ယဉ်မွန်ရည်သတ်မှတ်ထားရပါတော့မည်။

အလုပ်သာ လုပ်နေရသည်။ စိတ်များက ပြန့်လွင့်လုပါချေသည်။ အားကိုး၍ ညိုးငယ်သော မျက်နှာလေးနှင့် မောကြည့်နေရှာသော နန်းမြင့်မေ၏ ရုပ်သွင်ကို မျက်စိထဲက မထွက်ရက်နိုင်...။

"ဦးလေးမှာလည်း သမီးအသက်ခံရ၊ ဇနီးက ပျောက်ပြီးမှ လုပ်ငန်းတွေကလည်း တိုးတက်လိုက်တာ...စက်ရုံဘက်မှာဆို လုပ်လို့ကို မနိုင်အောင်ပဲ"

"ဟုတ်တယ်...ကျွန်တော့်ဆီမှာဆို အော်ဒါပေးမှာတဲ့ စာရင်းစာရွက်တွေကို ထပ်နေတာပဲ"

ယုဇနတို့ စကားဝိုင်းက အလုပ်ဝိုင်းသို့ ရောက်သွားပြန်သည်။ အောက်ထပ်၏ နောက်ဘက် အခန်းတွင် စာရေးမလေးများ၊ စာရေးများ ရှိကြသော်လည်း မန်နေဂျာနှင့် ကပ်လျက် ရှေ့ခန်းတွင် ယုဇန၊ ယဉ်မွန်ရည်နှင့် ကိုကြည်ညိုတို့ သုံးဦးသာ ရှိကြသည်။

သီတဂူမြိုင်၏ အရှုပ်အထွေးတွင်းဝယ် ဦးဟန်ညွန့် မပါရှိဟု ထင်ခဲ့မိသည်။ ယဉ်မွန်ရည်ကိုပင် သတိပေးစကားများ ပြောကြားခဲ့၍ ကျေးဇူးတင်နေမိဆဲပါ။ ယခုအချိန်ကစ၍ ယဉ်မွန်ရည်အတွက် သတိနှင့် ဝီရိယနှင့် ဖြတ်ထိုးဉာဏ်နှင့်ယှဉ်၍ ဆင်ခြင်နေရပေတော့မည်။

မနေ့ညက ပြဿနာ၏ နောက်ဆက်တွဲပြဿနာကိုလည်း ယဉ်မွန်ရည် စိုးထိတ်လှမိသည်။ သီတဂူမြိုင်၏ သုံးထပ်ပေါ်သို့ ခိုးတက်သူသည် ယဉ်မွန်ရည်ပါဟုသာ သူတို့သိကြလျှင်–

ယုဇနပြောသော 'စိတ္တဇလေပြည့်ညရှင်းတမ်း'တွင်းသို့ပင် ပါသွားနိုင်သည့်အဖြစ်ပါလား။

"ယုဇန၊ ခဏ...ခဏ"

ဦးဟန်ညွန့်ခေါ်၍ ယုဇနဝင်သွားလျှင်ပင် ကိုကြည်ညိုက ယဉ်မွန်ရည့်အနားကပ်၍–

www.burmeseclassic.com

www.burmeseclassic.com

"ဒီညနေ ကျွန်တော် ရဲခေါင်တို့ဆီ သွားမလို့ လိုက်ဦးမလား"

"ဟင့်အင်း...မလိုက်တော့ပါဘူး။ မအားလို့ လိုက်မလာတော့ဘူးလို့သာ ကိုရဲနောင်ကို ပြောလိုက်ပါတော့နော်၊ ကိုကြည်ညို"

"ကောင်းပါပြီတဲ့ဗျာ"

\+ + + +

## အခန်း (၁၃)

ယဉ်မွန်ရည်-

ကိုကြည်ညိုတစ်ယောက်တည်း ရောက်လာတော့ စိတ်ထဲမှာ ဟာသွားသလိုပဲ။

ကျွန်တော်ကိုယ်တိုင် စိုက်ပျိုးလို့ ပွင့်လာတဲ့ပန်းလေးတွေ လက်ဆောင်ပေးလိုက်ပါတယ်။ ကျွန်တော့်ရဲ့ပန်းလေးတွေကို ယဉ်မွန်ရည် နဲ့အတူ ရှိနေခွင့်ရပါရစေ။

ဒါနဲ့ လာမယ့် တနင်္ဂနွေနေ့မှာ ဘီအီးရေတံခွန်ကို အစ်ကိုနဲ့ ကိုကြည်ညိုတို့ သွားကြမလို့တဲ့။ ကျွန်တော်လည်း လိုက်သွားမယ်။ ယဉ်မွန်ရည်များ လိုက်နိုင်မလားလို့၊ မရဲတရဲနဲ့ ကျွန်တော် မျှော်နေပါ့မယ်။

ရဲနောင်

"ဝမ်းနည်းပါတယ် ကိုရဲနောင်ရယ်၊ ဒီစနေညနေမှာ မန္တလေးဆင်းမလို့။ တနင်္ဂနွေနေ့မှာ မအားပါဘူးရှင်၊ ကိုရဲနောင်ရဲ့ ပန်းကလေးတွေကိုတော့ တယုတယနဲ့ အလှထားပါမယ်"

ကိုကြည်ညို ယူဆောင်လာသော ကိုရဲနောင်၏ စာလေးကို ခေါက်သိမ်းရင်း ရင်တွင်းမှ ပြောကြားနေသော ကိုရဲနောင်အတွက် ယဉ်မွန်ရည်၏ စကားများ။

ယနေ့ သောကြာနေ့၊ မနက်ဖြန် စနေနေ့တွင် ယဉ်မွန်ရည် မန္တလေးသို့ ဆင်း၍ ညအိပ်မည်။ ထိုမှန်နက် လေးနာရီထွက် နဘားရထား

www.burmeseclassic.com

www.burmeseclassic.com

ကို စီးနင်းလျက် ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ရှိ အင်ကြင်းပင် တောရွာသို့ အရောက်သွား၊ နေ့ချင်း ပြန်လာ၊ မန္တလေးမှာ ညအိပ်ပြီး တနင်္လာမနက် အစောဆုံးထွက် M.M.T.A ကျစ်ကားနှင့် ပြင်ဦးလွင်သို့ အလုပ်ချိန်အမီ အရောက်ပြန်လာပါမည်။

အင်ကြင်းပင်ရှိ ဒေါ်နုနုဝေ၏ သတင်းစကားများကို ဆောင်ယူလျှက် နန်းမြင့်မေကို ကယ်တင်ဖို့အတွက်ပါ။ ယဉ်မွန်ရည်ကို မျှော်လင့်နေပါသည်ဆိုသော ကိုရဲနောင်ထံသို့ မသွားဖြစ်နိုင်သေးသော်လည်း အမှန်အတိုင်း ဝန်ခံရပါလျှင် ယဉ်မွန်ရည် ကိုရဲနောင်နှင့် တွေ့ချင်စိတ်၊ စကားပြောချင်စိတ် ရှိမိသည်အမှန်ပါ။

"ဘယ်လဲ ယဉ်မွန်"

"ဆရာဦးဟန်ညွန့်ဆီ ခွင့်သွားတောင်းမလို့"

"ဘာအတွက်လဲ"

"မနက်ဖြန်ညနေ မန္တလေးဆင်းမလို့"

"ဘာကိစ္စ"

"အမေ့ဆီ ပြန်မှာလေ ယုဇနရယ်၊ ကိစ္စတော့ မရှိဘူးပေါ့"

စိတ်မရှည်သော လေသံနှင့် ယဉ်မွန်ရည်က ပြောကြားလိုက်သော်လည်း ယုဇနမှာ အပြုံးမပျက်ပါ။ သူစပ်စုမှုကို သူများက မခံနိုင်၍ ဝေဖန်လျှင်လည်း အနာမယူတတ်ရှာသော ယုဇနပါ။

"ဘာကိစ္စလဲ ယဉ်မွန်ရည်"

"ဆရာ့ဆီမှာ ခွင့်တိုင်ချင်လို့ပါ။ ခွင့်ဆိုပေမယ့် အလုပ်ရက်မပျက်စေရပါဘူး။ စနေညနေ သွားပြီး တနင်္လာမနက်အရောက်ပြန်လာခဲ့ပါ့မယ်"

"ဘာကိစ္စလဲ ယဉ်မွန်ရည်"

"အမေ့ဆီ ပြန်ချင်လို့ဆရာ...၊ အလုပ်စပြီး ဝင်ကတည်းက အမေနဲ့ တစ်ခါမှ မတွေ့ရသေးလို့ပါ"

"ယဉ်မွန်ရည်"

"ဟုတ်ကဲ့ဆရာ"

"စိန်ပန်းရပ်မှာ ရေတဲ့ ဒေါ်ငြိမ်းလှဟာ ယဉ်မွန်ရည်ရဲ့ မိခင်အရင်းပဲလား"



"ရှင်..."

ယဉ်မွန်ရည် လက်တင်ထားသော ကုလားထိုင်ကို ဆုပ်ညှစ်လိုက်မိသည်။

"ဘာဖြစ်လို့ပါလဲဆရာ"

"ဩော်...ကျွန်တော်တို့ သိထားရသလောက်က ဒေါ်ငြိမ်းလှမှာ သမီးတစ်ယောက်တည်း ရှိတယ်လို့..."

"ဆရာတို့ မှားနေပါပြီရှင်...၊ ယဉ်မွန်နဲ့ကို ငယ်ငယ်ကတည်းက ရန်ကုန်က အဒေါ်အိမ်မှာ ကျောင်းသွားထားခဲ့လို့ပါ"

"ဟုတ်မယ်၊ ဒါကြောင့် ယဉ်မွန်ရဲ့ စကားသံဟာ မန္တလေးသူ မဆန်ဘဲ ရန်ကုန်သူလေသံပါလို့ ကျွန်တော်အစောကြီးကတည်းက အကဲခတ်မိတယ်"

"အာ...ဆရာကလည်း ဘယ်လိုများကွာခြားလို့လဲ"

"ဘယ့်နှယ့် မကွာခြားရမှာလဲ၊ မန္တလေးသူဆိုရင် 'ကျွန်တော်'ပဲ ပြောတာ။ တကယ်လို့ ယဉ်မွန်ရည်တို့လို မိန်းကလေးငယ်တွေက 'ယဉ်မွန်' လို့ ထည့်ပြီး ပြောတတ်ကြရင်တော့ 'ဟုတ်ကဲ့ရှင့်'ဆိုတာ တွင်တွင်သုံးတတ်ကြတာပဲ"

ယဉ်မွန်ရည်မှာ ဟန်ဆောင်၍ ပေါ့ပေါ့တန်တန်လေး ပြုံးနေရသော်လည်း ရင်ထဲ၌မူ ဖြောင်းဆန်အောင် လှုပ်ရှားနေရပါပြီ။

"ရန်ကုန်မှာ အနေကြာခဲ့လို့ ရန်ကုန်လေဝင်နေပြီပဲ ဆိုကြပါစို့ ဆရာရယ်။ ယဉ်မွန်နဲ့ကို သွားခွင့်ပြုမယ်မဟုတ်လားရှင်...ယဉ်မွန် စာရင်းလေးတွေ ပြတ်အောင် သွားလုပ်လိုက်ဦးမယ်နော်"

"နေဦး ယဉ်မွန်ရည်"

"ရှင်..."

ယဉ်မွန်ရည်၏ ရင်ထဲတွင် စိုးထိတ်ကြောက်မှုက လှုပ်ခတ်လာခဲ့ပါပြီ။

"ထိုင်ဦး...ယဉ်မွန်ရည့်ကို မန္တလေးပြန်လွှတ်ဖို့အတွက် ကျွန်တော်တစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက်နဲ့ မလွှတ်ရဲဘူး။ နေဦး ဦးလေးကို ကျွန်တော်လှမ်းမေးကြည့်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဦးဟန်ညွန့်က အိမ်တွင်းသုံး တယ်လီဖုန်းဖြင့် လှည့်၍ ယဉ်မွန်ရည့်အတွက် ခွင့်ပန်ပေးသည်။ တစ်ဖက်မှ ဘာပြောသည်မသိ၊ "ဟုတ်ကဲ့" လိုက်ပြီးနောက် တယ်လီဖုန်းခွက် ထောင်ထောင်လေးကို ယဉ်မွန်ရည်၏ လက်သို့ လှမ်းပေးရင်းက...

"ဦးလေးက ယဉ်မွန်ရည်နဲ့ စကားပြောချင်လို့တဲ့...ရော့"

ယဉ်မွန်ရည်မှာ ဖုန်းခွက်ကို လှမ်းယူ၍ အသံမတုန်စေရန် မနည်းထိန်း၍...

"ဟုတ်ကဲ့ပါဦးလေး...ယဉ်မွန်ပါ"

"ယဉ်မွန် မန္တလေးဆင်းချင်လို့ဆို"

"ဟုတ်ကဲ့ပါရှင်...အလုပ်မပျက်အောင် တနင်္လာနေ့ မနက် ပြန်လာမှာပါ"

"ဒီလို ယဉ်မွန်ရည်ရေ...ဦးလေးမှာလည်း အတော်ကိုပဲ ပြဿနာတက်နေတယ်။ ဦးလေးမန္တလေးဆင်းသွားတော့ ဦးလေးတို့ရဲ့ သီတဂူအလှူကုန်က ထုတ်တဲ့ပစ္စည်းတွေအတိုင်း အတုလုပ်ပြီး ရောင်းနေတာ တွေ့ခဲ့ရတယ်။ ဒီအတွက် ဦးလေးစိတ်မှာ သိပ်ပြီး အနှောင့်အယှက် ဖြစ်နေရတယ် ယဉ်မွန်ရည်"

"ဒီကိစ္စကတော့ သက်ဆိုင်ရာရဲဌာနမှာ တိုင်တန်းဖို့ လိုလိမ့်မယ် ထင်ပါတယ်နော်...ဦးလေး"

"တိုင်ပြီလားကွယ်...၊ ပြီးတော့ ဦးလေးရဲ့ အလှူကုန်ကိုလည်း မှတ်ပုံတင်ပြီးသားပါ"

"ဟုတ်ကဲ့ ဦးလေး...၊ ဒီအတွက် စိတ်မကောင်းပါဘူး၊ ယဉ်မွန့်ကို ခိုင်းစရာ ရှိတဲ့ကိစ္စမှန်သမျှ ခိုင်းပါ။ အချိန်ပို လုပ်ပေးပါ့မယ်။ ဒါပေမဲ့ မနက်ဖြန်ညနေတော့ မန္တလေးကို ဆင်းခွင့်ပြုပါနော်"

"ကိစ္စက ဘာအရေးကြီးလို့လဲ"

"မေမေနဲ့ တွေ့ချင်တဲ့ ကိစ္စပါပဲ"

"မန္တလေးမှာ ဦးလေးရှိတုန်း သဘော်ာဆိပ်ဆင်းရင်း စိန်ပန်းရပ်ဘက် ရောက်လို့ ဒေါ်ငြိမ်းလှဆီ ဝင်ခဲ့သေးတယ်။ အားလုံးနေထိုင်ကောင်းကြပါတယ်"



"အင်း...ဟုတ်ကဲ့"

"ဒါကြောင့် မန္တလေးမဆင်းပါနဲ့ဦးလို့ ဦးလေး မေတ္တာရပ်ခံပါရစေ"

"ကိုယ်ပိုင် အားလပ်ရက်မှာတော့ လွတ်လပ်မှု ပေးသင့်ပါတယ် ဦးလေး၊ ယဉ်မွန့်ရဲ့တာဝန်က စာရင်းရေးရတဲ့ စာရေးမပါ"

မခံချင်စိတ်ဖြင့် ယဉ်မွန်ရည်၏ လေသံက အနည်းငယ်ထန်သွားသည်။

"ဒါပေမဲ့ သာမန်စာရေးမ လစာမျိုး ပေးတာမှမဟုတ်ဗဲ ယဉ်မွန်ရည်၊ နေဖို့စားဖို့ပါ တာဝန်ယူထားရလေတော့ အလုပ်ရှင်ရဲ့ စေတနာကိုလည်း ငဲ့ဦးမှပေါ့ကွဲ့"

"ဒါဖြင့် ယဉ်မွန် ဒီလိုပဲ တစ်သက်လုံး နေရတော့မှာလား ဦးလေး"

"တစ်သက်လုံးတော့ မဟုတ်ဘူးယဉ်မွန်၊ အလုပ်မထွက်မချင်းတော့ နေကိုနေရမယ်၊ တကယ်လို့ မင်းသိပ်ပြန်ချင်တယ်ဆိုရင်တော့ သုံးလစာ ယူပြီး တစ်ခါတည်း အလုပ်နုတ်ထွက်သွားပါ။ အိမ်အရောက် လိုက်ပို့ပေးမယ်။ သွားမယ်ဆိုရင်တော့ လာတွေ့ပြီး ငွေယူပါ။ အလုပ် မထွက်ချင်သေးရင်တော့ ဘာမှ ဆက်မပြောဘဲ ဆက်နေပါ။ စဉ်းစားပေါ့။...ဒီညနေ လေးနာရီထိ အချိန်ပေးမယ်၊ ဒါပဲ ယဉ်မွန်ရည်"

စကားသံ ပြတ်သွားပြီးသည်အထိ ဖုန်းခွက်ကွဲမတတ် ကိုင်ဆုပ်ထားမိသည်။ မခံချင်စိတ်က ရင်ထဲမှာ ဗလောင်ဆူနေသည်။ ဒေါသတရားကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားရပါ၏။

"ယဉ်မွန်ရည်"

ဦးဟန်ညွန့်က တောင့်မတ်စွာ ရပ်နေသော ယဉ်မွန်ရည်ကို နူးညံ့ညင်သာစွာ ခေါ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် တို့များအနေနဲ့ ဦးဘဆက်ကို ခွင့်လွှတ်ရမယ့်အချိန်ဖြစ်နေတယ်။ သူ့မှာ သမီးဆုံးလို့မှ အပူမအေးသေးဘူး၊ ဇနီးက ပျောက်နေပြန်တယ်။ ဒီအထဲမှာ သူ့လုပ်ငန်းကို အတုလုပ်သူ ပေါ်လာပြန်တယ်။ ဒီကိစ္စကို မဖြစ်မနေ ဖမ်းနိုင်ဖို့အတွက် သူအတော် လုံးပမ်းနေတဲ့အချိန်၊ ဒါကြောင့် ဦးလေးပေါ်မှာ ယဉ်မွန်ရည် ရုတ်တရက် ဒေါသမထွက်နဲ့ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



တို့များ အလုပ်သမားတွေပေါ်မှာ သိပ်ပြီးကောင်းတဲ့ အလုပ်ရှင် တစ်ယောက်ပါ"

ဒါကိုတော့ ငြင်းမရမှန်း ယဉ်မွန်ရည်လည်း အသိပါ။ ထိုက်တန်သော လစာအပြင် နေဖို့စားဖို့ တာဝန်ယူရုံမက တစ်နှစ်တစ်ခါ ဘောနပ်(စ်) ဆုပေးသေးသည်။ အထူးခြားဆုံးသော ဦးဘဆက်၏ လုပ်ဆောင်ချက်မှာ တစ်နှစ်တာအမြတ်ငွေထဲမှ ဆယ်ရာခိုင်နှုန်းကို အလုပ်သမားများ၏ လစာအလိုက် အချိုးကျ ခွဲဝေ၍ ပေးရှာသေးသည်။

သူ့အလုပ်သမားများသည် သူ့ကို ချစ်ခင် လေးစားကြပါသည်။ သူ့အမှုကို မျှဝေယူမတတ် အလုပ်သမားများ ခံစားနေရကြောင်းလည်း ယဉ်မွန်ရည်အသိပါ။

ဦးဘဆက်သည် ဆိုးသွမ်းသော အလုပ်ရှင်တစ်ယောက်ဖြင့် မဟုတ်ရှာ။ ဦးဟန်ညွှန့်ပြောသလိုပင် အခိုက်အတန့် မသင့်ချိန်ဖြစ်ကောင်း ဖြစ်နေပါ။

ကိုယ့်နေရာသို့ ပြန်လာပြီးသည်အထိ ယဉ်မွန်ရည့်စိတ်များ မငြိမ်သက်သေး။ အကြိမ်ကြိမ်အခါခါ စဉ်းစားရသည်။ အထပ်ထပ် သုံးသပ်ရသည်။

"နန်းမြင့်မေအတွက် ဒေါ်နုနုဝေကို သွားတွေ့ပေးရမလား..."

သို့မဟုတ်...

"ဤသီတဂူမြိုင်တွင် ဆက်လက်နေခွင့်ရအောင် နန်းမြင့်မေတို့ တူဝရီးအဖြစ်ကို ဥပက္ခာပြု၍ လျစ်လျူရှုလိုက်ရလေမလား"

လက်ရှိအခြေအနေအရ ဒုတိယကိစ္စကိုပင် လက်ခံရပေမည်။ မတတ်နိုင်တော့။ ကိုယ့်အလုပ်မပြုတ်ရေး ဤသီတဂူမြိုင်မှ လွင့်စဉ်မသွားရေးသည်သာ ယဉ်မွန်ရည်အတွက် အဓိကအကျဆုံးသော ဆုံးဖြတ်ချက် ဖြစ်ရပေတော့မည်တည်း။

လေးနာရီကျော်သွားပေပြီ...။

အလုပ်သိမ်း၍ အပြန်လမ်းတွင် ဖြည်းညင်းစွာ လျှောက်လာသော ယဉ်မွန်ရည်မှာ ကြောင်လိမ်လှေကားနား အရောက်တွင်...

"ယဉ်မွန်ရည်"

"ဟင်...ဦးလေး"

"ခုလို ဆုံးဖြတ်ပေးတဲ့အတွက်ကျေးဇူးတင်ကြောင်းနဲ့ ဦးလေးကို ပွတ်ဖို့အကြောင်း ပြောချင်လို့ တမင် ဦးလေးစောင့်နေတာပါ"

"သြော်...ရပါတယ် ဦးလေးရယ်၊ အမေ့ဆီ ပြန်ချင်တာ ပြန်ခွင့် လို့ ရုတ်တရက် ဝမ်းနည်းသွားမိပါတယ်။ ဦးလေးကို ယဉ်မွန် စိတ်မဆိုး ဘူးရှင်"

"အလုပ်ရှင်နဲ့ အလုပ်သမားလို သဘောထားပြီး စိတ်မဆိုးဖို့တာ တော့ မဖြစ်ပါစေနဲ့ ယဉ်မွန်ရည်၊ ပြီးခဲ့တာတွေအတွက် ကျေနပ်ပါလို့ လေးကပဲ တောင်းပန်ပါတယ်ကွယ်"

"ရပါတယ် ဦးလေး...ယဉ်မွန်ရည် ကျေနပ်ပါပြီရှင်"

"အေးကွယ်...ဝမ်းသာလိုက်တာ၊ ဒါနဲ့ မန္တလေးက ယဉ်မွန်ရည့် င်ဆီ ငွေတွေဘာတွေ ပို့ချင်ပြောနော်။ စာသာရေးလိုက်၊ မနက်ဆင်းတဲ့ းတွေနဲ့ ဦးလေးပေးပေးမယ်"

"နေပါစေ ဦးလေး...လကုန်မှပဲ ပို့ပါတော့မယ်ရှင်။ သြော်...ဒါနဲ့ လေးတို့ ယဉ်မွန့်အမေဆီ ဝင်ခဲ့တယ်ဆိုတာ ဘာကိစ္စများလဲရှင်"

"အကြောင်းထူး မရှိပါဘူး...ကြုံလို့ပါ"

"မသိပါဘူးဦးလေးရယ်၊ ဆရာဦးဟန်ညွှန့်က ယဉ်မွန်ရည့်အမေ ရင်း ဟုတ်ရဲ့လား၊ ဘာလားနဲ့ စစ်ဆေးသလိုပဲ မေးနေလို့ ယဉ်မွန်ပိုပြီး းနည်းသွားရတာပါ"

ယင်းစကားစုကိုပြောပြီး ဦးဘ ထံမှ အဖြေထွက်မလာမီ သူ့ ကျ်နှာတည့်တည့်ကို ကြည့်ပြီး ဘာမအဖြေကို ယဉ်မွန်ရည် ရှာဖွေနေ သည်။ ဦးဘဆက် ရင်တွင်း စိတ်ကို မျက်နှာပြင်တွင် ရုတ်တရက် င်ဟပ်လောက်အောင် မရင့်ကျက်သူ မဟုတ်ပါချေ။

ယဉ်မွန်ရည် မျှော်လင့်စောင့်စားနေရသလို ဦးဘဆက်၏ မျက် ပြင်တွင် ထူးခြားသော ပြောင်းလဲမှုများကို မတွေ့ရပါဘဲနှင့်...

"ဒီ ကိုဟန်ညွှန့်ဟာ အလကားတွေ့ရာတွေ လျှောက်ပြော ယ်။ ဒေါ်ငြိမ်းလှဟာ အမေအရင်းမဟုတ်ရင်လည်း ဦးလေးတို့ အလုပ် ဟုတ်ပါဘူးကွယ်။ ဒီအတွက် ယဉ်မွန်ရည် ဘာမှစိတ်အနှောင့်အယှက်

www.burmeseclassic.com

www.burmeseclassic.com


မဖြစ်ပါနဲ့"

"ဟုတ်ကဲ့ပါ…ဦးလေး"

"သြော်…ဦးလေးလည်း အလုပ်တွေများနေတာနဲ့ မေးတော် မမေးမိဘူး။ တိုးသူ့နှမ်တို့နဲ့ အဆက်အသွယ်ရှိသေးလား"

"ဟုတ်ကဲ့…သူ့ရဲ့သား ကိုရဲနောင်ဆိုတာနဲ့တော့ ခင်မင်နေပါပြီ သတင်းထူးတော့ ဘာမှ မရခဲ့သေးပါဘူး"

"ဒါနဲ့ သူတို့ရော အလုပ်ကုန်လုပ်ငန်းလုပ်နေတာ တွေ့ခဲ့မိသေး လား"

"မေးကြည့်ပါတယ်ဦးလေး။ အခု ပိတ်ထားတယ်ပြောပါတယ်"

"အင်း…ဒါဆိုရင် တိတ်တိတ်ပုန်းပဲ လုပ်နေသလား။ ဟိုတုန်းက လက်ကျန်တွေကပဲလားတော့ မသိဘူး။ ဦးလေးတို့ရဲ့ သီတဂူနည်းအတိုင်း ပုံစံအတိုင်း အတုတွေ ထွက်နေဆဲပဲ"

"ဟုတ်လား"

"ဟုတ်တယ်…မန္တလေးနဲ့ ရန်ကုန်မှာ ပြန့်နေပြီ။ ဒီကောင်ဟာ ဦးလေးပေါ်မှာ ဘယ်ထိအောင်များ နိုပ်စက်နေဦးမယ်မသိပါဘူးကွယ် ဝဋ်ကြွေးဝဋ်တို့ ရှိရင်လည်း ခုလောက်နဲ့ပဲ ကျေပါစေတော့လို့ ဆုတောင်း ရတာပဲ"

"ဒါပေါ့ ဦးလေးရယ်၊ သြော်…ဦးလေး၊ ယဉ်မွန်ဟာ ဦးလေးနိုင်အောင် စေချက်ကြောင့် ကိုရဲနောင်နဲ့ ခင်မင်နေမိပါပြီ။ အဲဒါ သူနဲ့ဆက်ပြီး ဆက် သွယ်ရဦးမလားဆိုတာ သိပါရစေရှင်…"

"ဟာ…ဘယ့်နှယ့် ပြောပါလိမ့်။ ဆက်သွယ်စမ်းပါ၊ ဦးလေးကို ကူညီစမ်းပါကွယ်"

"အဲဒီခြံနဲ့ ဆက်သွယ်နိုင်းတာ ယဉ်မွန်တစ်ယောက်တည်းကို လားဦးလေး"

"ဟုတ်တယ်…ယဉ်မွန့်ကို ယုံကြည်လွန်းလို့ပါ။ တခြားဘယ်သူ ကိုမှ မခိုင်းမိပါလား၊ ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူးဦးလေး၊ ယဉ်မွန်တစ်ယောက်တည်း တာဝန် ပေးတာဆိုရင် ပိုပြီး အားကြိုးမာန်တက် ဆောင်ရွက်ရအောင်လို့ပါ"

သော်တာခြံနှင့် ကိုကြည်ညို ဆက်သွယ်နေခြင်းသည်လည်း ယဉ် မွန်ရည့်လို တာဝန်ပေးအပ်ခြင်း ခံရ၍လားဟု မေးမြန်းကြည့်မိသည်။ ဟုတ်ပုံမရပါ။ ကိုကြည်ညိုနှင့် ဦးဘဆက်တို့ ဆက်သွယ်နေသည်ကို မမြင်ရ ။ ဦးဘဆက်၏ စကားသည် ဟုတ်မှန်နိုင်ကောင်းပါ၏။

ဦးဘဆက်နှင့် ပြောစရာစကားများ ကုန်ဆုံး၍ ယဉ်မွန်ရည် နှုတ်ဆက်အပြီးတွင် ကျောခိုင်း၍ ထွက်ခွာသွားကြသည်။

နောက်ဖေး ကြောင်လိမ်လှေကားတည့်တည့်အရောက်တွင် ခရိုပ်လိုလိုတစ်ခု ဘေးတိုက် မြင်တွေ့လိုက်ရသည်နှင့်…

"ဒေါ်အိမ်ရွှေ"

ယဉ်မွန်ရည်၏ ကျောပြင်နှင့် အသည်းနှလုံးများ စိမ့်တက်သွား လောက်အောင် သူမအကြည့်က စူးရှလှသည်။ စိမ်းစိမ်းကြီး စိုက်ကြည့် နေသည့် မျက်လုံးအစုံကို ယဉ်မွန်ရည် မခံနိုင်တော့ အကြည့်ကို လွှဲ၍ ခပ်သုတ်သုတ်လျှောက်လာရသည်။

သူ့ကို လွန်သွားသော်လည်း စိတ်ထဲတွင် မလုံမလဲဖြစ်မိသည်။ ကျောချမ်းမိသည်နှင့် နောက်သို့ မသိမသာလေး လှည့်ရင်း ကြည့်မိသည်။

"အမလေး…ငါ့ကို ကြည့်နေတုန်းပဲ"

မလုံမလဲမို့ ခြေလှမ်းကြဲကြီးများဖြင့် ကိုယ့်အခန်းသို့ ရောက် အောင် မနည်းပြန်ရသည်။ အခန်းတံခါးကို သော့ဖွင့်ရင်း နောက် လှည့် ကြည့်မိရပြန်သည်။ ဒေါ်အိမ်ရွှေမရှိတော့…

"ဒေါ်အိမ်ရွှေ ငါ့ကို ကြည့်ပုံကြီးက ကြောက်စရာကောင်းလိုက်တာ၊ ညက သူတို့အိမ်ပေါ်ကို လူတက်တာ ငါ…လို့များ သူသိသွားလေပြီ လား။"

ဟန်မပျက်နေရသော်လည်း ယဉ်မွန်ရည်၏ စိတ်ထဲတွင် သံသယ စိတ်များစွာဖြင့် စိုးရွံ့ထိတ်လန့်လွန်းရပါချေပြီတည်း…

\+ \+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

"ခိုင်မြပွင့်ဖူး၊ ဆောင်းပန်းဦးလျှင်
တထူးသူနှင့် မတင့်လေရာ
မယ်နှင့်သာလျှင်...ကြမ္မာဖန်ဆင့်
ရည်၍တင့်သား...
သခင့်ပန်ဖို့...စီရင်ပို့၍..."

လှပသော ပန်းစည်းခိုင်၏ အောက်မှ စက္ကူဖြူကတ်လေး
ညီညာသပ်ရပ်သော ကဗျာလေးကို ယဉ်မွန်ရည် ဖတ်နေချိန်တွင်...
နောင်မှာ ရှက်ရွံ့သော အပြုံးများနှင့် မျက်နှာလွှဲနေရှာသည်။

ကျောက်ခက်ရွက် စိမ်းစိမ်းမြွှာမြွှာလေးများ ဝန်းရံနေသ
အလယ်တွင်...

ဆောင်းဦးပန်း သဇင်ခက်ကြီးကြီးဖွေးဖွေးများနှင့် ခွာညိုခက်
ရောယှက်ထားပြီးသည့်နောက်တွင် ပန်းနုရောင်နှင်းဆီပွင့်ကြီး သုံးပွင့်
လှပစွာ ခိုင်ဖွဲ့ထားသော ပန်းစည်းတစ်စည်းနှင့် ကဗျာတစ်ပုဒ်...

"သိပ်လှပြီး သိပ်မွှေးတဲ့ ပန်းလေးတွေကို စုစည်းသီဖွဲ့ပြီး ပို့
ကိုရဲနောင်ကို ယဉ်မွန်တကယ်ပဲ ကျေးဇူးတင်ရပါတယ်ရှင်"

"ဒီနေ့ ယဉ်မွန်နဲ့ မဆုံရဘူးဆိုတဲ့အသိနဲ့ ကျွန်တော်ရဲ့ကိုယ်
ပန်းကလေးများ ပို့လိုက်တာပါ"

"ဟုတ်တယ်...ဒီနေ့မန္တလေးဆင်းဖို့ပါပဲ၊ ဒါပေမဲ့ ခွင့်မ
ကိုကြည်ညိုနဲ့ လိုက်လာခဲ့တာ"



"ခွင့်မပေးတဲ့ အလုပ်ရှင်ကို မုန်းမိပေမယ့် ဒီတစ်ခါတော့ ကျေးဇူး
တင်ရမလို ဖြစ်နေပါပြီ"

"ယဉ်မွန် လိုက်လာနိုင်လို့ဆိုပါတော့"

"ဒါပေ့ါ..."

အမှန်တော့ ကိုကြည်ညိုအပြန်တွင် ပေးလိုက်ရန် ပန်းစည်းလေး
ကို လှပစွာ ဆင်ယင်ခိုင်ဖွဲ့ပြီးမှ ကိုကြည်ညိုနှင့်အတူ ယဉ်မွန်ရည်ပါ ပါ
လာ၍ အဝေးမှလက်ဆောင်အစား အနီးကပ် လက်ဆောင်ပါးနေရ၍ ကို
ရဲနောင်မှာ ဝမ်းသာခြင်းနှင့်အတူ ရှက်ရွံ့ခြင်း ခံစားမှုများကို ရောထွေး
နေရှာကြောင်း ယဉ်မွန်ရည် မြင်တွေ့နေရပါ၏။

"မြန်မာပြည်ရဲ့ အလှပဆုံး နေရာတွေထဲက တစ်ခုသော နေရာ
လေးပဲနော် ကိုရဲနောင်...ယဉ်မွန်ရည်တို့ ဒီမှာပဲ ထိုင်ကြရအောင်ပါနော်"

"ပွေးကောက်"ဟုလည်း ခေါ်သော ပြင်ဦးလွင်၏ အလှတန်ဆာ
'ဘီအီးရေတံခွန်'မှာ ဖြစ်ပါ၏။

ကျောက်တုံးကြီးတစ်ခုပေါ်တွင် ယဉ်မွန်ရည် ထိုင်လိုက်သည်။
အပေါ်က နေပြောက်မထိုးလောက်အောင် အရိပ်က စိမ့်ကျနေသည်။
ယဉ်မွန်ရည်၏ ခြေခုံအစုံကို စမ်းရေယဉ်က ဖြတ်ကျော်တိုက်စီး၍ ခရီး
ဆက်ရှာသည်။

အေးမြလွန်း...ဆိတ်ငြိမ်လွန်း၊ လွတ်လပ်လွန်းသည့်နေရာတွင်
မွှေးမြကြိုင်သင်းသော ဆောင်းဦးပန်းများကို ရင်ဝယ်ပွေ့ဖက်၍ နေရသော
အချိန်လေးသည်...

ယဉ်မွန်ရည်၏ 'လာရာလမ်း'နှင့် 'သွားရမည့်ခရီးများ'ကိုပင်
မေ့လျော့၍ သွားမိသည်။ ကြည်နူးသာယာမှုက ယဉ်မွန်ရည်၏ နှလုံးသည်း
ပွတ်ဆီသို့ ညင်းပျောင်း သာယာစွာ ရိုက်ခတ်လာသည်။

ဆောင်းလေဦး၏ မြူးကြွသော တိုက်ခတ်ထိတွေ့မှုကြောင့် ပန်း
စည်းအောက်မှ ကဗျာစာရွက်လေးက နွဲ့ယမ်း လွှဲခတ်လာလေမှ ယဉ်မွန်
ရည် တစ်ခေါက် ပြန်ဖတ်ကြည့်မိသည်။

"ခိုင်မြပွင့်ဖူး...ဆောင်းပန်းဦးလျှင် တထူးသူနှင့် မတင့်လေရာ
မယ်နှင့်သာလျှင် ကြမ္မာဖန်ဆင့် ရည်၍တင့်သား...သခင့်ပန်ဖို့ စီရင်ပို့၍..."

www.burmeseclassic.com

www.burmeseclassic.com

"သခင့်ပန်ဖို့...စီရင်ပို့၍...တဲ့လား ကိုရဲနောင်ရယ်...ကဗျာလေးက ချစ်စရာကောင်းလိုက်တာ၊ ဟောဒီက သဇင်ခက်လေးတွေ အားလုံး ယဉ်မွန် ယူပန်လိုက်မယ်နော်..."

"တကယ်လား ယဉ်မွန်ရယ်...ပန်းမကြိုက်ဘူးဆို"

"ယဉ်မွန့်ဘဝက အလှအပနဲ့သိပ်ပြီး မထိတွေ့ခဲ့ရဖူးဘူး ကိုရဲနောင်၊ ဒါကြောင့်ပါ...သဇင်ခက်တွေက သိပ်လှတယ်နော်...ပန်စေချင်လို့ ပေးလာတဲ့သူရဲ့ စေတနာကို တန်ဖိုးထားလို့ ယဉ်မွန်ပန်ပါ့မယ် ရှင်ရယ်"

"ကျွန်တော်...ကျွန်တော်...ဖြည်ပေးမယ် ယဉ်မွန်"

ပန်းစည်းကို ယူ၍ ဖြည်နေသော ကိုရဲနောင်၏ လက်ကလေးများ...ဆတ်ဆတ်တုန်ယင်နေရှာသည်။ ကိုယ့်အပေါ်တွင် အလေးအနက်ထားလွန်းသော ကိုရဲနောင်ကို ယဉ်မွန်ရည် သနားသွားမိသည်။

"ရော့...ယဉ်မွန်"

သဇင်ခက်ဖွေးဖွေးကြီးများကို ပုံမကျပန်းမကျ ပန်မိသည်။ ပြည့်ဝိုင်းသော ဆံထုံး၏ ပတ်လည်တွင် သဇင်ခက်များက ကပိုကရို ကန့်ကလန့်ကျနေသည်ကပင် လှချင်တိုင်းလှနေတော့သည်။ ချစ်စရာကောင်းလွန်းသော ယဉ်မွန်ရည်၏ မျက်နှာလေးကို သဇင်ခက်များ နောက်ခံထား၍ မြင်ရသည့်အခါ...

"လှလိုက်တာဗျာ"

"ဟုတ်တယ် သဇင်ခက်တွေက သိပ်လှတာပဲနော်"

လမ်းလွဲ၍ ပြောလိုက်သော ယဉ်မွန်ရည်၏စကားကို သူမချေပနိုင်သော်လည်း မထောက်ခံနိုင်ကြောင်း ပြုံးနေသော သူ့မျက်လုံးများ ပြောပြနေသည်က...

"ပန်းမဟုတ်ပါဘူးဗျာ...လူလှတာပါ"

ဟူသော သူ့ရင်ထဲမှ စကားလုံးများကို ယဉ်မွန်ရည် မြင်ရကြားရသည်ပါ...။

"အို...မလွှင့်ပစ်ပါနဲ့ ပြန်စည်းပေးပါ၊ ယဉ်မွန်ယူသွားပါ့မယ်"

"ယဉ်မွန် ပန်းပန်တာ ကျွန်တော်ရင်ပွင့်မတတ် ဝမ်းသာရပါပြီဗျာ၊ တော်လောက်ပါပြီ...ယဉ်မွန်ကိုင်ထားရတာ ညောင်းနေပါ့မယ်။ နောက်မှ ကျွန်တော်ထပ်ပို့ပေးပါ့မယ်"

"ဟင်...နှမြောစရာကြီး"

"ပန်းစိုက်သမားပါဗျာ...ပန်းပေါပါတယ်။ ထားလိုက်ပါတော့"

"မြေပေါ်မှာ ဒီတိုင်းမထားပါနဲ့၊ ပန်းလေးတွေကို စမ်းရေထဲမှာ မျှောလိုက်ကြရအောင်လား ကိုရဲနောင်"

"မျှောလေ... ယဉ်မွန်...ရော့"

ခွာညိုခက်လေးများကို ဝမ်းပန်းတသာနှင့် သူယူပေးရှာသည်။

စမ်းရေ၏ အနိမ့်အမြင့် ခရီးစဉ်ပေါ်တွင် ခွာညိုနိုင်သည်မြူးတူးသော့ကစားသလို လှုပ်ရှားရင်း လိုက်ပါသွားရှာသည်။

နှင်းဆီတစ်ပွင့် မျှောအပြီးတွင်...

"ကျွန်တို့နှစ်ပွင့်ထဲက တစ်ပွင့်ကို ကျွန်တော်ပါ မျှောပါရစေလား ယဉ်မွန်"

"ကောင်းတယ်၊ လာ တူတူမျှောကြရအောင်"

ကိုရဲနောင်သည် ပန်းနုရောင် နှင်းဆီပွင့်ကို လက်နှင့်ဆုပ်ကိုင်၍ ခေါင်းမော့ပြီး မျက်စိတစ်ချက် စုံမှိတ်ပြီးမှ စမ်းရေမှာ မျှောချလိုက်သည်။

ယဉ်မွန်ရည်၏ နှင်းဆီပွင့်က ဖြောင့်မတ်ညင်သာစွာ စမ်းရေနှင့်အတူ မျှောပါသွားသော်လည်း ကိုရဲနောင်၏ နှင်းဆီပွင့်ကလေးသည် ကျောက်တုံးလေးများနှင့် ထိခိုက်ဝဲလှည့်ရင်း ယဉ်မွန်ရည်၏ နှင်းဆီပွင့်နောက်မှ ဝေးကွာစွာ လိုက်ပါသွားသည်။

ယဉ်မွန်ရည်နှင့် ကိုရဲနောင်တို့၏ နှင်းဆီနှစ်ပွင့်သည် သူတို့မျက်စိတစ်ဆုံးအထိ လိုက်မီထိတွေ့ခြင်း မရှိပါဘဲနှင့် ခရီးဆက်လက်သွားကြသည်။

"ကျွန်တော် မိဋ္ဌာန်ပြီး မျှောလိုက်တာ...၊ ယဉ်မွန်ရည့်ကို ဘယ်တော့မှ လိုက်မမီနိုင်ဘူးဆိုတဲ့ အတိတ်နိမိတ်ပဲ ထင်ပါရဲ့ခင်ဗျာ"

စောစောက တက်ကြွနေသလောက် ယခု ကိုရဲနောင်၏ မျက်နှာသည် ညှိုးငယ်အားနည်းနေရှာသည်။

"အယူမသီးစမ်းပါနဲ့ ကိုရဲနောင်ရယ်၊ ယဉ်မွန်တို့ မမြင်နိုင်တော့နေရာကျရင် သူတို့ပေါင်းဆုံချင် ပေါင်းဆုံပြီး သွားကြမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ…ဟာ…ဟုတ်တယ်နော်…ဖြစ်နိုင်တယ်နော်…ယဉ်မွန်"

တက်ကြွနိုးကြားလာသော ကိုရဲနောင်၏ အမူအရာကြောင့် ယဉ်မွန်ရည် လန့်သွားမိသည်။

ကိုယ့်စကားမှားသွားပြီဆိုသည်ကိုလည်း သိလိုက်ရပါပြီ။

လမ်းခင်းလာသော အမျိုးသားတစ်ယောက်၏ စကားကို နိမိတ်ပြစကားများဖြင့် ဖော်ဖြေတင်ဆက်နေမိသည့်အဖြစ်ပါလားဟူသော အသိဖြင့် စကားလှိုးလွှဲရန် အကြောင်းစ ရှာမရ၍ လက်ထဲတွင် ဆုပ်ကိုင်ထားသဲ ကဗျာတိုလေးကို ငုံ့ကြည့်၍…

"ဒီကဗျာလေးက သိပ်ကောင်းတယ်နော်"

"ကျွန်တော်စပ်တယ်လို့ မထင်မိဘူးလားဟင်"

"မသိဘူးလေ"

"ကျွန်တော် ကဗျာမစပ်တတ်ပါဘူးခင်ဗျာ၊ ဒါ 'နတ်သျှင်နောင်ရဲ့ မြမြမွေး၍…ချီ…' 'ဆောင်းရာသီမယ်ဘွဲ့ရတု'ရဲ့ တတိယပိုဒ်ထဲက ထုတ်နုတ်ကူးယူထားတာပါ"

"ဪ…ဪ…"

စကားပြော လေသွားမိ၍ ယဉ်မွန်ရည်ကိုယ်တိုင်လည်း ရှက်အမ်းအမ်း ဖြစ်ရပါပြီ။ လက်မှ ကဗျာရေးထားသော စက္ကူမြာလေးကို လက်ဝါးနှစ်ဖက်ဖြင့် ပွတ်လိပ်နေမိသည်။

'ယဉ်မွန်ရည်'

ယဉ်မွန်ရည်၏ မျက်နှာကို မလွှဲတမ်း ကြည့်နေရင်းက ရင်ထဲက လိုက်လှဲစွာ သူခေါ်လာသည်။

"ကိုကြည်ညိုတို့ဆီ သွားကြရအောင်လားနော်"

"နေပါဦး ယဉ်မွန်ရည်၊ သူတို့ မိုးပေါ်တံတားက ကူးပြီး စမ်းချောင်းရဲ့ ဟိုဘက်ကို သွားနေကြပါတယ်"

"ဒါဖြင့် ကားထဲ သွားကြစို့လေ"

"နေပါဦး ယဉ်မွန်ရယ်"

မလွှဲတမ်းစိုက်ကြည့်နေသော ကိုရဲနောင်ကို ယဉ်မွန်ရည်ရင်မဆိုင်ရဲတော့။ စမ်းရေစီးနေသည်ကို ငေးကြည့်ရင်း ကျောက်စရစ်ခဲ ဖြူဖြူဖွေးများကို ကောက်ယူ၍ စမ်းရေကြော၏ အလယ်သို့ ပစ်ပေါက်နေမိသည်။



"ယဉ်မွန်ရည်"

"ဟင်…"

"ကျွန်တော့်ရင်ထဲမှာ ပြောချင်တဲ့စကားတွေ အများကြီးပဲ လှုတိုးနေကြတယ် ယဉ်မွန်ရယ်…ဒါပေမဲ့ ကျွန်တော် မပြောရဲဘူး"

ယဉ်မွန်ရည် ဘာမှပြန်မပြောမိ။ သူ့ကိုလည်း မကြည့်မိတော့။

"ယဉ်မွန်ရယ်…ကျွန်တော်ပြောရမလားဟင်"

"မပြောရဲဘူးဆို မပြောနဲ့ပေါ့"

"ပြောရဲအောင် ပြောရတော့မှာပဲ။ ဒါဟာ ကျွန်တော့်ရဲ့ အတွေ့အကြုံဦးပါ။ ကျွန်တော့်ရင်ထဲမှာ သိပ်ကို လှုပ်ရှားနေရပါတယ် ယဉ်မွန်ရယ်"

သူဆိုလိုရင်း ဦးတည်ချက်ကို မရောက်နိုင်ရှာ။

"ဪ…**ကိုစိုးထွဋ်**တို့နဲ့များ ကွာခြားပဲ့"

ကျန်ရစ်ခဲ့လေသော အတိတ်လမ်းကြောင်းမှ အကြောင်းအရာများနှင့် ယဉ်မွန်ရည် နှိုင်းစာကြည့်လာမိသည်။

"ယဉ်မွန်"

"ပြောပါ"

သူ့ကို စကားထောက်ပေးခြင်းဖြစ်သော်လည်း…

"ပြောပါ ဆိုရင်တော့ ပြောရတော့မှာပဲ၊ ယဉ်မွန့်ကို မြင်ဖူးစကတည်းက ထာဝရစွဲလမ်းတမ်းတနေမိပါတယ် ယဉ်မွန်၊ ကျွန်တော် ယဉ်မွန့်ကို သိပ်မြတ်နိုးနေမိပါတယ်။ အဲဒါလေ…အဲဒါ…သိပ်ချစ်လို့ပါဗျာ"

ယဉ်မွန်ရည်၏ မျက်နှာလေးကို မျှော်လင့်ခြင်း အင်အားကြီးစွာဖြင့် မော့ကြည့်ရင်း တုန်တုန်ရီရီနှင့် သူပြောကြားလာသည်။ ခဏမျှ စကားစပြတ်သွားကြပြီးမှ ယဉ်မွန်ရည်က…

"ကိုရဲနောင်"

"ခင်ဗျာ"

"ယဉ်မွန်ဟာ ညှို့သည်ပါရှင်"

"အရင် တွေ့ကြရတုန်းက ညှို့သည်လိပ်ပြာလှလှလေး ပြန်သွားမှာစိုးတယ်လို့ ကျွန်တော်တင်စားပြောခဲ့ဖူးတယ်နော်။ အကယ်လို့ ညှို့

www.burmeseclassic.com

www.burmeseclassic.com



သည်လိပ်ပြာလေး ကြည်နူးပျော်ရွှင်နိုင်အောင် ကျွန်တော်အစွမ်းကုန်ကြိုးစားထားရင်ကောဗျာ"

"ဝမ်းနည်းပါတယ် ကိုရဲနောင်၊ ယဉ်မွန် ကိုရဲနောင်ကို ယုံကြည်စိတ်နဲ့ တကယ်ပဲ လိုက်လှဲစွာ ခင်မင်နေမိပါတယ်"

"ကျေးဇူးတင်ပါတယ် ယဉ်မွန်ရယ်...ဒါပေမဲ့ ခင်မင်မှုဆိုတဲ့ သာမန်စိတ်ထားလေးလောက်နဲ့ ကျွန်တော်မရောင့်ရဲနိုင်ဘူး။ ကျွန်တော် သိပ်မြတ်နိုးတယ်။ ကျွန်တော်သိပ်ချစ်တယ်။ ဒီလိုပဲ ယဉ်မွန့်ဆီက တုံ့ပြန်ပေးအပ်လာမယ့် မေတ္တာကို တောင့်တခြင်းများစွာနဲ့ မျှော်လင့်နေမိပါတယ်။

"ယဉ်မွန် တကယ်ပဲ ဝမ်းနည်းပါတယ်ရှင်...ယဉ်မွန့်အတွက် ကိုရဲနောင် ခံစားသွားရတာမျိုးကို မလိုလားနိုင်ပါဘူး။ ယဉ်မွန့်အနေနဲ့ ကိုရဲနောင်ရဲ့ မေတ္တာကို ဘယ်လိုမှ မတုံ့ပြန်နိုင်တဲ့ ဘဝပါကိုရဲနောင်"

"ကျွန်တော် မယုံပါရစေနဲ့လားခင်ဗျာ"

"ယုံပါ ကိုရဲနောင်...ယဉ်မွန် မညာပါဘူး။ ဒီသီတဂူမြို့ကို ရောက်မလာခင်ကတည်းက ယဉ်မွန့်မှာ ပြဿနာတွေနဲ့ပါ။ မကြာခင်ပဲ ယဉ်မွန် ပြန်သွားရမယ်"

"တကယ်လားဗျာ"

"တကယ်ပါရှင်...။ ကိုရဲနောင် ဒီလိုခံစားလာရအောင် ယဉ်မွန်က ဦးဆောင်လမ်းကြောင်းပေးမိသလိုများ ဖြစ်ခဲ့ပါသလားရှင်။ ဒါဆိုရင် ယဉ်မွန့်ကို ခွင့်လွှတ်ပါ...။ ပြီးတော့ ယဉ်မွန့်ကို မေ့လိုက်ပါတော့...။ ယဉ်မွန်လည်း ကိုရဲနောင်ဆီကို နောက်မလာတော့ပါဘူး"

"ဩော်...ခင်မင်ပြီးသား မေတ္တာသန့်သန့်လေးကိုပါ ပြန်သိမ်းယူသွားတော့မလို့လား ယဉ်မွန်ရယ်။ ကျွန်တော့်ကို ခေါင်းခါရတဲ့အကြောင်းရာဟာ ကျွန်တော်ဆင်းရဲလို့လား ဟင်"

"ဒါကြောင့် မဟုတ်ရပါဘူး။ ကိုရဲနောင်တို့လည်း မဆင်းရဲပါဘူးလေ"

"ဒါဖြင့် ဘာများဖြစ်လို့လဲ အချစ်ရယ်"

"ယဉ်မွန့်ဘဝကို ပိုင်ဆိုင်နှင့်ပြီးသားလူ ရှိနေပါပြီရှင်"

"ယဉ်...ယဉ်မွန့်မှာ အိမ်ထောင်နဲ့လားဟင်"

တခြားသောဘက်သို့လှည့်ရင်း တုန်ရီသော လေသံနှင့် သူမေးလာသည်။

"ယဉ်မွန်ဟာ အိမ်ထောင်သည်တော့ မဟုတ်သေးပါဘူး...ဒါပေမဲ့ မကြာခင်မှာ ယဉ်မွန်လက်ထပ်ရတော့မှာပါ"

"ယဉ်မွန်"

"ရှင်..."

"အဲဒီ လက်ထပ်ရမယ့်လူဟာ ယဉ်မွန့်ချစ်သူလားဟင်"

ယဉ်မွန်ရည် ပြန်မဖြေ။

"ဖြေပါဦးဗျာ"

ကိုရဲနောင်၏ မျက်နှာကို ယဉ်မွန်ရည် ကြည့်လိုက်မိသည်။ တစ်သက်တာအတွင်း မခံစားဖူးသေးသော သဲနုရင်တွင် နာကျင်မှု ဝေဒနာလေးများ ဖြစ်ထွန်းလာခဲ့သည်။ သို့ပါသော်လည်း ယဉ်မွန်ရည်အတွက် ဓမ္မပုပ္ပန်ဝေဒနာထက် ပိုမို၍ ဦးစားပေးသင့်သော အရာများ ရှိနေနှင့်သည်သာမက...

ကိုရဲနောင်၏ ရင်ကို ဝေဒနာမပေးရက်ပါ။

"ဟုတ်ပါတယ်ကိုရဲနောင်။ ယဉ်မွန်နဲ့ လက်ထပ်ရမယ့် ကိုစိုးထွဋ်ဟာ ယဉ်မွန်ရဲ့ချစ်သူပါ"

မျှော်လင့်ခြင်း ကင်းနေပါမှ မေ့လျော့ခြင်းများ ရှိလာနိုင်မည့်အဖြစ်ကို ယဉ်မွန်ရည် နားလည်ပါသည်။

"ကိုစိုးထွဋ်"

"ဟုတ်ပါတယ်"

"ဒီလောက် လှတဲ့ချစ်သူတစ်ယောက်ကို အဝေးကြီးမှာ သူမို့ ခွဲခွာထားနိုင်တယ်"

"အကြောင်းကြောင်းကြောင့်ပေါ့လေ...သူလည်း ဒီမှာ မရှိဘူး၊ နိုင်ငံခြားမှာပါ"

"ယဉ်မွန်ရည်"

"ဟုတ်ကဲ့...ကိုရဲနောင်"

www.burmeseclassic.com

www.burmeseclassic.com

"ယဉ်မွန်ရည့်ကို အတွေ့နှောင်းတယ်လို့လည်း မဆိုရဲတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စောစောပိုင်းက ဆုံဖြစ်တယ်ထား... ကျွန်တော့်လိုကောင်ကို ယဉ်မွန်ရည် ထည့်ပြီးတောင် စဉ်းစားရမှာ မဟုတ်ပါဘူးဆိုတာ ကျွန်တော်နားလည်ပါပြီလေ။ ဒါပေမဲ့ဗျာ..."

ကိုရဲနောင်က အတော်ကြာအောင် စကားဆက်၍ မလာတော့... စမ်းရေပေါ်မှကျော်၍ တောတောင်တွင်းသို့ ငေးမျှော်ကြည့်နေသည်။ သူ့မျက်ဝန်းဝယ် မျက်ရည်ကြည်လေးများ ဝဲနေသလားပင်...ယဉ်မွန်ရည် မကြည့်ရဲ။

"ကျွန်တော်ဟာ ဘယ်မိန်းကလေးနဲ့မှလည်း နီးနီးစပ်စပ် မဆုံဖူးဘူး။ ဘယ်သူ့ကိုမှလည်း မချစ်ဖူးဘူး။ ယဉ်မွန်ရည်ဟာ ကျွန်တော့်ရဲ့ အချစ်ဦးပါ"

သူ့အသံက စမ်းရေစီးသံနှင့်အပြိုင် တုန်ခါနေသည်။

"မေတ္တာဆိုတာ 'ပေးဆပ်ခြင်း' 'ရယူလိုခြင်း' နဲ့ 'တုံ့ပြန်နိုင်ခြင်း' စတဲ့ ယှက်သွယ်မှု အမျိုးမျိုးရှိတဲ့အထဲက ကျွန်တော့်ရဲ့ မေတ္တာဟာ ပေးဆပ်ခြင်း အမျိုးအစားပါ ယဉ်မွန်ရည်"

သူဆက်လာမည့် စကားကို ယဉ်မွန်ရည်လည်း နားကြားလိုမိပါသည်။

"ယဉ်မွန်ရည့်ဆီက ရယူလိုခြင်း၊ တုံ့ပြန်မှုကို မျှော်လင့်နိုင်ခြင်းဆိုတာတွေနဲ့ ဝေးကွာသွားရပြီလို့ သိရပေမယ့် ကျွန်တော့်ရဲ့ ထုထည်အင်အားကြီးမားတဲ့ မေတ္တာများစွာကိုတော့ ပေးဆပ်မြဲ ပေးဆပ်နေမိမှာ... ကျွန်တော့်ရဲ့ အသက်နဲ့အမျှ ဖြစ်မှာပါ။ ခိုင်မာတဲ့စိတ်ထားရှိတဲ့ ကျွန်တော့်ရဲ့စကားဟာ သစ္စာစကားအဖြစ်နဲ့ ရာသက်ပန် ခိုင်မြဲနေမယ်ဆိုတာတော့ ကျွန်တော့်ရဲ့ အသက် ယုံကြည်မှတ်ယူသွားစေချင်ပါတယ်"

"ကျွန်တော့်ရဲ့အသက် ဟုတ်လား"

"ယဉ်မွန်ရည်ဟာ ကျွန်တော့်ရဲ့အသက်ထက် ပိုပြီး မြတ်နိုးတွယ်တာစရာကောင်းလွန်းလို့ 'အသက်' လို့ ခေါ်လိုက်မိတာပါ ဘာဖြစ်လို့လဲဗျာ"

"ဩော်...ရုတ်တရက်ကြားလိုက်ရတော့ လန့်သွားမိသလိုပဲ။



ဘာဖြစ်လို့လဲဆိုတော့ ယဉ်မွန်ရဲ့ ငယ်နာမည်ဟာ...'အသက်'မို့ပါ"

"ဒါဖြင့်လည်း ကျွန်တော့်ရဲ့အသက်နဲ့အမျှ 'အသက်' ဆိုတဲ့ ခေါ်ဟာရလေး သုံးနှုန်းရင်း တမ်းတနေရတော့မှာပေါ့ဗျာ"

"ကိုရဲနောင်"

"အသက်ရယ်"

"အကောင်းဆုံးကတော့ ကိုရဲနောင် တင်စားခဲ့သလို ဝတ်ရည်လာခဲ့တဲ့ လိပ်ပြာလှလှလေး ပြန်လည်ထွက်ခွာသွားတာမျိုးလို ယဉ်မွန်ဟာလည်း ခဏလာတဲ့ ဧည့်သည်အဖြစ်နဲ့ မေ့ပစ်လိုက်ပါတော့လားရှင်"

"ကျွန်တော့်ရဲ့ ရင်ထဲအထိတော့ လာပြီး ချယ်လှယ်မပေးပါနဲ့တော့ အသက်ရေ...ရှိပါစေတော့ဗျာ၊ အသက်သာ ရဲနောင်ဆိုတဲ့ကောင်ကို မေ့ပြီး အသက်ရဲ့ ချစ်သူဆီကို ပြန်သွားပါ။ ကျွန်တော့်မှာသာ ကျွန်တော့်လုံးသားနဲ့ ကျွန်တော်ခံစားရင်း ကျန်ရစ်ခဲ့ပါရစေ"

သဇင်ခက်၏ သင်းမြမွှေးပျံ့သော ရနံ့လေးများ၊ စမ်းရေစီးသံလေးများသည် ယဉ်မွန်ရည်၏ ရင်ကို ကြည်နူးမှု မပေးစွမ်းနိုင်တော့ပါချေ။

"အသက်"

"ရှင်..."

"လာလေ...ဟိုဘက်သွားချင်တယ်ဆို"

ယဉ်မွန်ရည်ကိုယ်တိုင် ငေးငိုင်နေမိဆဲမို့ မထနိုင်သေး။

"အသက်ရဲ့ ဘဝလမ်း ညက်ညက်ကလေးမှာ ကျွန်တော်ဟာ လုတ်ကန်သင်းတစ်ခုဖြစ်နေတယ်ဆိုရင်တော့ ခွင့်လွှတ်ပါအသက်။ ဖယ်ရှားကန်ထုတ်ပစ်လိုက်ပါလေ"

"ဒီလောက်ထိအောင် မနှိမ့်ချလိုက်ပါနဲ့ ကိုရဲနောင်ရယ်"

"ငမိုက်သား ကျွန်တော်တစ်ယောက်တည်းပဲ ခံစားရစမ်းပါစေတော့။ သဇင်ခက်လေးတွေ ဝေနေတဲ့ မျက်နှာလှလှလေး နွမ်းညှိုးသွားတာကို ကျွန်တော်မမြင်ရက်ပါဘူး အသက်ရယ်။ ကျွန်တော့်ရဲ့ စကားအားလုံးကို ကျွန်တော်ပြန်ရုပ်သိမ်းပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါအသက်"

ရင်ထဲတွင် ပြောချင်သော၊ တောင်းပန်ချင်သော၊ ရှင်းပြချင်သော

www.burmeseclassic.com

www.burmeseclassic.com

စကားများစွာ ပြည့်သိပ်နေသော်လည်း ယဉ်မွန်ရည် ဘာမှပြန်မပြော[illegible]
တော့။

ဝေဒနာများစွာ သယ်ပိုးထားရ၍ လေးလံသော ရင်ဖြင့် ဖြည်း
ညင်းစွာ စမ်းရေတံခွန်ဘေးမှ လျှောက်လာမိသည်။ ကားရှိရာ ကုန်းပေါ်
တက်လာသော ယဉ်မွန်ရည်၏ နောက်မှ ကိုရဲနောင် လိုက်ပါလာခဲ့သည်။
ကိုရဲနောင်တို့ ပိုင်ဆိုင်သည့် ဂျစ်ကားပေါ်တွင် အတူလာကြသော ကိုရဲ[illegible]
ကိုရဲအောင်နှင့် ကိုကြည်ညိုတို့ကို မတွေ့ရ။

"အသက်"

"ရှင်"

"ပြန်ချင်ပြီလားဟင်"

"သူတို့တွေမှ ပြန်မလာသေးဘဲ"

"အသက်...ကျွန်တော်နဲ့ နေရတာ စိတ်အနှောင့်အယှက် ဖြစ်[illegible]
မယ်ဆိုရင် ကျွန်တော်ပြန်ပို့ပေးမယ်လေ။ ပြီးမှ သူတို့ကို ပြန်လာခေါ်[illegible]
မယ်"

ယဉ်မွန်ရည့် ရင်ထဲမှ ဝေဒနာကို သူနားမလည်ရှာပါလား။ ယဉ်[illegible]
ရည် မျက်နှာပျက်နေသည်ကလည်း အမှန်ပင်ဖြစ်ပါလိမ့်မည်။

"သူ့မြေ၊ သူ့ခြံ၊ သူ့ပန်းမာလ်နှင့် ငြိမ်းအေးတည်ငြိမ်နေသော [illegible]
ဘဝလေးကို လှုပ်နှိုးလေမိခြင်း"

"သူ့ရင်ကို လှိုင်းထန်အောင် မုန်တိုင်းဆင်မိလေခြင်း"

ဟူသော ကြေကွဲမှု ကြင်နာမှုများက ယဉ်မွန်ရည်၏ ရင်သို့ [illegible]
ခါ ရိုက်ဟည်းမှုကြောင့် ယဉ်မွန်ရည် မျက်နှာပျက်နေမိခြင်းပါ။ သူ့ကို [illegible]
ပြ၍လည်း ဖြစ်သောအကြောင်းအရာ မဟုတ်ပါချေတည်း။

"ရပါတယ်ကိုရဲနောင်ရယ်၊ မချစ်နိုင်တာကလွဲလို့ ကိုရဲနောင်[illegible]
သက် မုန်းသွားတာမှ မဟုတ်ဘဲရှင်"

ကိုရဲနောင်က ဆတ်ခနဲ လှည့်ကြည့်လာသည်။ 'သက်'ဆိုသော
နာမ်စား သုံးလိုက်မိခြင်းနှင့် မုန်းမသွားပါဆိုသော စကားများအတွက် [illegible]
တက်လွန်းရခြင်းကြောင့် ရွှန်းလက်လာသော မျက်ဝန်းအစုံဖြင့် ယဉ်မွန်[illegible]
ကို စိုက်ကြည့်လာသည်။



ယဉ်မွန်ရည့်လိုပါပဲ။ သူ့မှာလည်း ပြောစရာစကား များစွာ ရှိပါ
သော်လည်း ရင်ထဲတွင်သာ သိမ်းထားရသည့်အဖြစ်မျိုးပါ။

"သက်...ထမင်းရော ဆာပြီလားဟင်၊ ကျွန်တော်ထည့်ပေးမယ်
လေ"

"ဟာ...နေပါစေ၊ လူစုံမှစားပါ့မယ်"

"သောက်ရေလည်း ဒီချိုင့်ထဲမှာ ပါတယ်နော်။ အပြင်ထွက်ရင်
လည်း...ဟိုအောက်ဘက်မှာ...ဘာလုပ်ချင်သေးလဲ။ ကျွန်တော် ဘာလုပ်
ပေးရဦးမလဲ"

"ဟုတ်ကဲ့...ဘာမှမလိုပါဘူးရှင်"

"ဒါဖြင့် အသက် လွတ်လွတ်လပ်လပ် နေရအောင် ကျွန်တော်
ဟိုသစ်ပင်အောက်မှာ သွားထိုင်နေမယ်နော်။ ကျွန်တော်ရှိနေရင် ပြောမိ
မယ့်စကားတွေကို အသက် စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ"

ဘောင်းဘီအိတ်တွင်းသို့ လက်နှိုက်လျက် တည်ငြိမ်တည့်မတ် စွာ
သူလျှောက်သွားသည်။ တခြားသော အပန်းဖြေသူ မိသားစုများ မရှိသည့်
တယ်ပင်ကြီးအောက်မှ သစ်သားခုံလေးပေါ်တွင် သတိုင်လိုက်သည်။
စမ်းရေစီးသည်ကို ငေးကြည့်နေသော သူ့အသွင်သ[illegible] ယဉ်မွန်ရည်
ဘေးစောင်းမြင်ရသည်။

"ကိုရဲနောင်ရယ်"

ရင်ထဲမှ တမ်းတမိသည်။ သူမသိသော ဝေဒနာ ယဉ်မွန်ရည့်
ရင်ထဲမှာ များစွာပါ။

သူ့ကို မချစ်နိုင်သော်လည်း သူ့ရင်ကို ဝေဒနာပေးမိလေခြင်း ဟူ
သော နောင်တတရားများ၏ တုံ့ပြန်မှုသည် ကရုဏာတရားပါတကား။

ဦးဘဆက် တာဝန်ပေး ခိုင်းစေထားသော ဝတ္တရားများကို
တစ်လုံးတစ်ပါဒ တစ်ခွန်းတစ်စမျှ မမေးမြန်း မပြောဆိုမိပါဘဲနှင့် နှလုံးသား
ရေးရာ အကြောင်းများကိုသာ ဆွေးနွေးပြောဆိုနေမိသည်။ ဦးဘဆက်
သာ သိလျှင် ခက်ရချေတော့မည်။

ဤညီအစ်ကိုတစ်တွေနှင့် ဦးတိုးသျှန်သည် ဦးဘဆက်အပေါ်
တွင် ဘယ်သို့သော အငြိုးများဖြင့် ရန်ဖွဲ့နေကြသည်ကို မသိနိုင်။ ယဉ်မွန်

www.burmeseclassic.com

www.burmeseclassic.com

ရည် မစုံစမ်းဖြစ်သော်လည်း လေးနုတွေး အသတ်ခံရမှုနှင့် ပတ်သက် တစ်ယောက်နှင့်တစ်ဦး အမုန်းအငြိုးကြီးစွာဖြင့် ဒုက္ခပေးရန် အခွင့်များ စောင့်မျှော်နေကြလေသည်လားပင်။

သီတဂူမြိုင်သည် သော်တာခြံရှိ သားအဖတစ်တွေ၏ ပြင်ပ တစ်ခုတည်းသာ ရှိနေသည်ဟု ယဉ်မွန်ရည် မယူဆမိ။

သီတဂူမြိုင်စံအိမ်ကြီး၏ အပေါ်ဆုံး သုံးထပ်တွင် လျှို့ဝှ ကြောက်မက်ဖွယ် ပြဿနာတစ်ခု ကေန် ရှိနေလေပြီ။ ဤအန္တရာ ကျရောက်လာမည့်အရပ်သည်သာ…

"နန်းမြင့်မေ"

သီတဂူမြိုင်ဆိုသော အသိရှိလာလျှင်ပင် နှောင်ဖွဲ့ခံမလေး နန်း မြင့်မေကို ပြေး၍ သတိရလာမိသည်။

"ခွင့်လွှတ်ပါ နန်းမြင့်မေရယ်၊ နန်းမြင့်မေသွားစေချင်တဲ့ ဒေါ်နု ဝေရှိရာ အင်ကြင်းပင်ကို သွားချင်ပေမယ့် အခွင့်မသာခဲ့ဘူးကွယ်"

စနေနေ့က သူတို့နှင့် ထိတွေ့နေအောင် တမင်အလုပ်ပိုခိုင်းထား ကြောင်း ယဉ်မွန်ရည် ရိပ်မိပါသည်။ ဦးဟန်ညွှန့်ရော…ဦးဘဆက်ပါ။

ယနေ့ တနင်္ဂနွေနေ့တွင် ပထမ မလိုက်ဟု ပြောပြီးသားဖြစ် လျက်နှင့် မန္တလေးသို့ ဆင်းခွင့်မရခဲ့၍ ဤခရီးသို့ လိုက်လာမိခဲ့ခြင်းသည်…

ကိုရဲနောင်အတွက် ဝေဒနာများ ပေးစွမ်းစေရအောင် ဖန်တီးလာ ရသည့်ခရီး ဖြစ်နေရပေပြီ။

အမှန်တော့ ယဉ်မွန်ရည်၏ အလုပ်သည် သီတဂူမြိုင်တွင်သာ ရှိသည်။ ဦးဘဆက်ခိုင်းစေကာမှ အမျိုးသားချည်းများ နေထိုင်သော အရပ် သို့ သတင်းစုရန် ကိစ္စဖြင့် ရောက်မလာသင့်။ လုပနုပျိုသော မိမိ၏အဖြ ကို မေ့လျော့ထားမိရုံမက မိမိတွင် 'အသည်းနှလုံးနှင့်ပါလား'ဟူသော ပြဿနာကိုပင် ဥပေက္ခာပြုခဲ့မိသည့်အဖြစ်…။

"အို…သူတို့ ငါ့ကို ကြည့်နေကြပါလား"

ကားထားသည့် နေရာမှ လှမ်းမြင်နေသော လက်ဖက်ရည်နှ အအေးဆိုင်တွင် ထိုင်နေကြသော ကိုရဲခေါင်၊ ကိုရဲအောင်နှင့် ကိုကြည်ညို။

သူတို့အားလုံးနှင့် ယဉ်မွန်ရည် အကြည့်ချင်း ဆုံမိသည်။ ကိုရဲ



နောင်၏ အစ်ကိုများနှင့် ကိုကြည်ညိုသည် ယဉ်မွန်ရည်နှင့် သူတို့ညီ ကြည့် နေကြလေပြီဟု အထင်ရှိရာမှ ယခုလို တစ်ယောက်တစ်နေရာစီ ငေးငိုင် ၍ ထိုင်နေကြသည့်အဖြစ်ကို အကဲခတ်ဟန်နှင့် ကြည့်နေကြခြင်းဖြစ်ပါ၏။

သူတို့ သုံးယောက်ကိုလည်း ယဉ်မွန်ရည်က မသင်္ကာမိ။ ကိုကြည် ညိုသည် သီတဂူမြိုင်တွင် လူတိုင်းနှင့် ရောနှောရုံသာမက ဦးတိုးသျှန်၏ သားများနှင့်လည်း ရင်းနှီးပူးတွဲလွန်းလှချေသည်။

ကိုကြည်ညိုသည် တစ်စုံတစ်ရာသော ဦးတည်ချက်ဖြင့် လှုပ်ရှား နေလေသည်ဆိုသော အဖြစ်ကို ပိုမို၍ ခိုင်မာစေရပါပြီ။

သူတို့ကားဆီသို့ ရောက်လာကြသည်။ သူတို့ညီကိုများကိုယ်တိုင် ချက်ယူလာသော ထမင်းနှင့် ကြက်သားဟင်းကို ဟိုသုံးယောက် အားပါး တရ စားသောက်နေကြသလောက် ကိုရဲနောင်မှာ စားမဝင်ရှာ။

ယဉ်မွန်ရည်လည်း သူ့လိုပါပင်။

အပြန်တွင် 'ရက္ခဗေဒဥယျာဉ်'သို့ ဝင်ကြမည့်အစီအစဉ်ကို ဖျက် လိုက်သည်။ စောစောပင် သီတဂူမြိုင်သို့ ပြန်ချင်သည်ဟူသော ယဉ်မွန်ရည် ၏ အကြောင်းပြချက်ကို အားလုံးက လက်ခံကြပါသည်။

ကိုရဲခေါင်နှင့် ကိုရဲအောင်တို့ ဆင်းသက်ခဲ့ကြပြီး ကိုရဲနောင်ကိုယ် တိုင် သီတဂူမြိုင်နှင့် နီးကပ်လာသော လမ်းခွဲလေးထိပ်သို့ ကားမောင်း၍ လိုက်ပို့သည်။

"ကိုရဲနောင် သက် သွားတော့မယ်နော်"

"အသက်…"

"ဟင်…"

"အဲဒါ ကျွန်တော့်ကို တစ်ခါတည်း နှုတ်ဆက်သွားတာလားဟင်"

ယဉ်မွန်ရည်မှာ ဂျစ်ကားဘော်ဒီကို ပခုံးစွန်းဖြင့် နွဲ့မှီရင်း ကိုရဲ နောင်ကို ကြည့်လိုက်သည်။

အလိုက်သိသော ကိုကြည်ညိုက ရှေ့က သွားနှင့်ပြီး–

"ကိုရဲနောင်"

"ခင်ဗျာ"

"စွဲငြိတပ်မက်စေတဲ့ မေတ္တာမျိုး မတုံ့ပြန်နိုင်တာနဲ့ပြီးသား ခင်

www.burmeseclassic.com

www.burmeseclassic.com

မင်တွယ်တာမှုလေးများကို ပယ်ဖျက်နိုင်စတမ်းလို့ ဆိုခဲ့ရင်တော့ သက်ရဲ့ နှတ်ဆက်မှုဟာ နောက်ဆုံးနှုတ်ဆက်ခြင်းပါပဲလေ"

"အသက်…"

"ရှင်…"

"ကျွန်တော့်အတွက် မျှော်လင့်ခြင်းဆိုတာ မရှိပေမယ့် တမ်းတခြင်းဆိုတာကတော့ ကျွန်တော့်ရဲ့အသက်နဲ့အမျှ ရနေမယ့် ခံစားမှုမျိုးပါ"

"အို…ရှင်"

"ထာဝရ တမ်းတနေရသူတစ်ယောက်အတွက် ဘယ်လိုပုံစံမျိုးလေးနဲ့ဖြစ်ဖြစ် ဆုံတွေ့ခွင့်လေးများ ရချင်နေသူက ကျွန်တော်ပါအသက်"

"သက်ကိုယ်တိုင်ကလည်း နောက်ဆုံးနှုတ်ဆက်ခြင်းမျိုး မဖြစ်ရက်ပါဘူးကိုရဲနောင်ရယ်၊ သက် တစ်ခုပြောခဲ့ချင်ပါတယ်"

"ပြောပါအသက်၊ ကျွန်တော်နားထောင်လျက်ပါ"

"စမ်းရေတံခွန်လေးဘေးက ဒီတစ်နေ့ အဖြစ်အပျက်ကို မေ့လိုက်ကြရအောင်ပါ။ ဒီနေ့ရက်ရဲ့ ဟိုမှာဘက်ဆီကအတိုင်း ခင်မင်မှုလေးများရင်ထဲမှာ ဆက်လက်ထားကြရအောင်လားရှင်"

"ဒီလောက် အခွင့်အရေးပေးတာကိုပဲ ကျွန်တော်ဝမ်းသာရမှာပါ ဒါပေမဲ့လေ အသက်သာ ကြိုက်သလို ခံစားယူပါ။ ကျွန်တော့်ရဲ့ ခံစားမှုကိုတော့ ဘယ်တော့မှ ပြောင်းလဲပစ်လို့ မရနိုင်တော့ပါဘူး"

"သက် သွားတော့မယ်ကိုရဲနောင်"

"ကောင်းပါပြီအသက်ရယ်၊ ကောင်းပါပြီတဲ့ဗျာ"

လှည့်ထွက်ခါနီးမှ ခြေက လှမ်းမရနိုင်သေး။ ကျောခိုင်း အနေအထားနှင့်ပင်–

"ဘာပဲဖြစ်ဖြစ် သက်အတွက် သိပ်ပြီး ခံစားမနေပါနဲ့ရှင်၊ သူများဘဝထဲ သွားရမယ် သက်အတွက် အို…ကိုရဲနောင်ရယ်၊ သက်ပြောချင်တာကတော့ အများကြီးပါ။ ဒါပေမဲ့ ဘာမှ မပြောလိုတော့ပါဘူးရှင်၊ လမ်းခွဲကလေးကပဲ နှုတ်ဆက်လိုက်ပါပြီ။ သက်သွားတော့မယ်"

\+ \+ \+ \+

## အခန်း(၁၅)

တပို့တွဲလပြည့်ည။

ရေခဲများဖြင့် အုပ်မိုးခြင်း ခံနေရသလား ထင်ရလောက်အောင်ပင် ချမ်းအေးလှသည်။ ခိုက်ခိုက်တုန်မတတ်ပါပင်။ ဘယ်အနွေးထည်နှင့်မှ မလုံ။

အလုပ်သမားတန်းလျားမှ မီးဖိုစရာ အခန်းလည်း မရှိ။ မီးလှုံ၍ နေချင်လှသော်လည်း အခန်းကျဉ်းကလေးထဲတွင် မီးမလှုံရဲ။ ထင်းမီးသွေးမှထွက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို လေလုံခန်းမတွင် ရှူရှိုက်မိပါက မွန်းပိတ်၍ သေဆုံးရဖွယ် ရှိပါ၏။

သေဆုံးတတ်သော အကြောင်းအရာကို တွေးတောလာမိရင်းက မှန်ပြူတင်းမှ ကျရောက်လာသော လရောင်ကို မော့ကြည့်မိသည်။

"ဒီည…လပြည့်ညပါလား"

ယင်းအသိ ဝင်လာသည်နှင့် ယုဇန ပြောကြားဖူးသော စကားများကို တစ်မုဟုတ်ချင်း ပြန်လည်ကြားယောင်လာမိသည်။

"လပြည့်ညနီးလာတိုင်း လေးနုထွေးလိုများ ဖြစ်ရမလားလို့ ရင်တုန်ရတာ အမောပါပဲ။ ဒီတစ်ခါ ဘယ်သူ့အလှည့်လဲပဲ"

ယုဇနနိမိတ်ဖတ်ခဲ့သည့် ပြာသိုလပြည့်ညက နန်းမြင့်မေအလှည့်ခံခဲ့ရသည်။ နန်းမြင့်မေအတွက် ကံကောင်းချင်၍လား၊ ကံဆိုးချင်၍လား မသိ။ နန်းမသေခဲ့။ ယခုထိ ချုပ်နှောင်ခံနေရဆဲ။

"ဩော်…တစ်လဆိုသော အချိန်သည် ဘာမျှကြာခဲ့သည်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ပါလား"

ယနေ့ တပို့တွဲလပြည့်ည။

သတ္တိကောင်းလှပါသည်ဆိုသော ယဉ်မွန်ရည်သည်ပင် ကျောချမ်းလာမိသည်။

"ဟာ...ခုမှ သတိရတယ်၊ သူတို့ရွာမှာ ဘုရားပွဲရှိတယ်ဆိုပြီး တစ်ဖက်ခန်းက မနန်းစိန်တို့ မိသားစုအားလုံး သွားကြတယ်။

"အို...ငါတစ်ယောက်တည်းပါလား၊ အိမ်ကြီးရဲ့ပြင်ပမှာ ငါ တစ်ယောက်တည်းပါလား"

ယင်းအသိကြောင့် တစ်ကိုယ်လုံး ရှိန်းမြပူနွေးလာသည်။ ဖြစ်ထွန်းခဲ့သော ကြောက်စိတ်များသည် ယဉ်မွန်ရည့် စိတ်ဝယ် ကိန်းအောင်းဖြစ်တည်လာခဲ့သည်။ ဓားဘီအပေါ်အောက်နှင့် အခန်းပတ်လည်သို့ ချောက်ချားစိတ်ဖြင့် လှည့်ဝဲ၍ ကြည့်မိသည်။

"တစ်ယောက်တည်း"

ဆိုသော အသိစိတ်နှင့်။

"လပြည့်ည"

ဟူသော စွဲလမ်းစိတ်တို့က ယဉ်မွန်ရည်ကို မနေရဲလောက်အောင်ပင် ကြောက်လန့်စိတ် ဝင်စေသည်။

အခန်းပြင်မှ လေတိုးသံသည် ဝိညာဉ်တစ်ခု ငိုညည်းရင်း ဝင်လာသံလိုလို...လေနှင့်အတူ သေဆုံးပြီးသား ဝိညာဉ်ကောင်များ အခန်းတွင်း ဝင်လာနေကြသလိုလို...

မှန်ပြတင်းပေါ်သို့ ကျရောက်နေသော လရောင်တန်းကို ဖြတ်၍ သစ်ပင်များ လှုပ်ခါနေသည့် အရိပ်မည်းကြီးသည် တစ္ဆေ၏ လက်မည်းကြီးများလိုလို...

အမှောင်ထဲကနေ၍ ဝိညာဉ်ကောင်များ၊ သရဲတစ္ဆေများက ပတ်ဝိုင်းကြည့်နေသလိုလို...

"အို...ငါ့စိတ်တွေ ဘာလို့များ ဒီလောက်ချောက်ချားနေရပါလိမ့်"

"မဖြစ်နိုင်ဘူး။ ဝိညာဉ်လောကကို ငါကိုယ်တိုင် အယုံအကြည်မရှိခဲ့သူပဲ။ သူတို့ဘာတတ်နိုင်မှာလဲ၊ သူတို့ဘာလုပ်နိုင်မှာလဲ၊ ကြောက်စရာ



မလိုဘူး။ ငါမကြောက်ဘူး"

စိတ်ကို ပြန်တင်းပြန်တော့လည်း ကြောက်စိတ်များ ပြေသလိုလိုပါ...။

အခန်းကိုလည်း အလုံပိတ်ထားပြီးမို့ ကြောက်စိတ်များ ဖြေလျှော့၍ နှစ်ခြိုက်စွာ အိပ်ပျော်သွားနိုင်ရန်...ယဉ်မွန်ရည်၏ စိတ်များကို မတင်းထားတော့ပါဘဲနှင့် ဖြည်းဖြည်းချင်း ပြေလျော့စေရသည်။

စိတ်ငြိမ်သက်မှု ရလာသည်နှင့် အိပ်ချင်စိတ်က ဝင်လာခဲ့သည်။ သတိအနေအထား နီးကြားသော အိပ်ပျော်ခြင်းများဖြင့် ယဉ်မွန်ရည်ခေတ္တမျှ မှေးစက်သွားမိသည်။

နားထဲတွင် ကျွီ...ကျွီ...ဆိုသော အသံတစ်ခု ကြားလာရသည်။ ကိုယ်ကို မလှုပ်ပါဘဲနှင့် မျက်လုံးဖွင့်၍ လှည့်ဝဲကြည့်မိသည်။ အခန်းတွင်းသို့ ဖြာကျနေသော လရောင်မှုန်မှုန်ကလေးနှင့် တစ်ခန်းလုံးကို မြင်သာသည်။ ဘာမှမရှိ...

တစ်ရေးနိုးခါမှ ချောက်ချားစိတ်က ပိုမိုလာမိသည်။ ဤလပြည့်နေ့ ညနှင့်မှ တိုက်ဆိုက်ဆိုင်ဆိုင် ခေါင်းရင်းခန်းတွင် ဦးအိုက်မောင်းတို့ မိသားစုမရှိကြ၊ နဂိုကပင် ခြေရင်းခန်းတွင် လူမရှိ...သုံးခန်းလုံး ယဉ်မွန်ရည်တစ်ယောက်တည်း...

ခြံကြီးတစ်ခုလုံးတွင်လည်း ယဉ်မွန်ရည်တစ်ယောက်တည်း ပါလား...

မှန်ပြတင်းပေါ်မှ အရိပ်မည်းများက သရဲတစ္ဆေများ လာချောင်းကြည့်နေသလို ထင်မိသည်။ ထင်းရှူးရွက်ချွန်ချွန်များကလည်း လက်သည်းကြီးနှင့် အသည်းအူကို ဆွဲထုတ်ယူငင်ရန် လာနေသလိုပါပင်။။

တစ်ယောက်ယောက်ကို ဟစ်အော်အကူအညီတောင်းရကောင်းမလား...ဒီခြံကနေ ဟိုဘက်ခြံရှိ အလုပ်သမားတန်းလျားအရောက် ထွက်ပြေးသွားရကောင်းမလား။

"ဂူ...ဂူ...ဂူ..."

ခြံတွင်းသို့ ညခါ လွှတ်ထားသော ခွေးများ၏ အသံများက အကာလ ည၏ နိမိတ်ဆိုးကို ဖိတ်ခေါ်ကြိုဆိုနေသလို ချောက်ချားတုန်လှုပ်ရာကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com


ချွေးအူသံနှင့် အရိပ်မည်းကြီးများ လှုပ်ခါနေသည်ကို ယဉ်မွန်ရည် မကြည့်ရဲမကြားရဲတော့...

မျက်စိစုံမှိတ်ထားလိုက်သည်။ လက်နှစ်ဖက်ကို ခေါင်းအုံးအောက် ထည့်နှိုက်လိုက်ရပါ၏။ တစ်ခုက...တစ်ဆုပ်စာ လက်နှိပ်ဓာတ်မီးငယ်နှင့် တစ်ခုက...

"ဝုန်း..."

ဆိုသော အသံကြီးနှင့်အတူ ဖြူဖြူကောင်ကြီးတစ်ခု ခုတင်ဘေးသို့ ကျလာသည်။ အခန်းပြိုမတတ် သိမ့်ခါတုန်ဟည်းသွားသည်နှင့် ဘစ်ဆက်တည်း...

"အား...ဟီး...ဟင်း..."

မပီသသော သံနက်ကြီးနှင့် အော်ရင်း ကပ်လာသော ဖြူဖြူကောင်ကြီး၏ လက်မှာ ဓား...

"အမလေး..."

ကြုံးအော်မိသော်လည်း အသံက ကျယ်ကျယ်လောင်လောင် ထွက်မလာ၊ လည်ချောင်းဝတွင် တစ်ဆို့နေသည်။

"အား..."

ယဉ်မွန်ရည်၏ ရင်ဝတည့်တည့်သို့ စိုက်ကျလာသော ဓား၏ဖြူဖြူ အလင်းရောင်တန်းကို မြင်လိုက်သည်နှင့်...

အော်ရင်း လိမ့်ချလိုက်ရသည်။

စောင်များနှင့် ရစ်ပတ်လိမ့်ကျလာ၍ ကြမ်းပြင်တွင် နှစ်ချက် လိမ့်လိုက်မှ စောင်လွတ်သွားတော့သည်။

ယဉ်မွန်ရည် မထနိုင်မီ လူသတ်သမားက ခုတင်ကို ပတ်ကွေ့၍ ရောက်လာခဲ့သည်။

"အား...ယား...ဟီး..."

မပီသသော အော်သံများနှင့် အချိန်အဆမရှိ ဓားနှင့်တအား လိုက်ထိုးနေ၍...

ကိုယ်ခံပညာရှင်မလေး ယဉ်မွန်ရည်မှာ သတိကြီးစွာ လျင်မြန်မှု များစွာဖြင့် ရှောင်ရင်းတိမ်းရင်း၊ ခေါင်းအုံးအောက်သို့ လက်နှိုက်လိုက်နိုင်ပါပြီ...

"လက်မြှောက်လိုက်ပါ...လက်က ဓားကို ချလိုက်ပါ"

လူသတ်သမား တစ်ချက်မျှ တန့်သွားသည်။

ယဉ်မွန်ရည်၏ လက်တွင် ပစ္စတိုသေနတ်ပြားလေးတစ်လက်...

သို့သော် သူ မကြောက်၊ ဓားနှင့် တအား ရှေ့သို့ တိုးလာသည်။ ယိမ်းယိုင်သော ခြေလှမ်း၊ မပီမသသော အသံကြီးများနှင့် အော်ဟစ်လျက်...

"ရပ်...ရပ်...လေ၊ ပစ်လိုက်ရမလား"

ယဉ်မွန်ရည် လူမသတ်ချင်ပါ။ သို့သော် သေနတ်ကို မောင်းတင်လိုက်ရပြီ...

သေနတ်ကို လူသေတတ်မှန်း မသိသည့်အလား၊ ဓားနှင့် ရွယ်ရင်း တစ်လှမ်းချင်း တိုးလာပြန်သည်။

ယဉ်မွန်ရည် ပေ့ါပါးစွာ ခုတင်ပေါ်သို့ နောက်ပြန်ခုန်တက်လိုက်ရသည်။ ရန်သူကို ပေါ်စီးမှ ချိန်ထားခွင့်ရနေခိုက်...

"ယဉ်မွန်ရည်...ယဉ်မွန်ရည်...ဘာဖြစ်နေလဲ"

အပြင်မှ တံခါးထုရင်း ခေါ်သံကြားလိုက်ရသည်။

ယဉ်မွန်ရည်၏ အာရုံ ပြောင်းမသွားပါ၊ နားစွင့်ထားသော်လည်း သေနတ်ကို ရန်သူရှိရာ ပစ်မှတ်ဆီသို့ တည့်တည့်ချိန်ရွယ်ထားဆဲမှာ...

ရန်သူက ရပ်တန့်သွားသည်။ သူ့အာရုံပြောင်းသွားသည်။ ထုနေသော တံခါးဘက်သို့ သူလှည့်ကြည့်နေသည်။

"ယဉ်မွန်ရည်...တံခါးဖွင့်ပါ"

ခပ်အုပ်အုပ်အော်သံနှင့်အတူ...

"ဒုံး...ဒုံး...ဒုံး"

ဟူသော တံခါးခေါက်သံပါ ဆက်လက်ပေါ်ထွက်လာသည်နှင့်...

"အား...အား...ဟီး...ဟီး...ဟင်း..."

ဟူသော အသံနက်ကြီးနှင့် တစ်ဆက်တည်း ကိုယ်ကို ခြေသေယ်ဒီဂရီ စောင်းခုန်လိုက်သည်။

ကြီးမားသော အရှိန်အဟုန်ဖြင့် နောက်ဘက်မှန်တံခါးကို တွန်းတိုက် ဖွင့်ခွဲလျက် သူခုန်ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ယဉ်မွန်ရည်ကလည်း လွှားခနဲ ခုန်ဆင်း၍ ပြတင်းဝမှ ပြေးဆင်းကြည့်မိသည်။

ပြေးပုံက ဗရမ်းပတာ၊ အော်ပုံက ရူးရူးဝါးဝါးနှင့်။

"တစ်ကိုယ်လုံး ပိတ်ဖြူများ ဝတ်ထားသော ကတုံးကြီးနှင့် လူကြီးတစ်ယောက်"

"ယဉ်မွန်ရည်...ယဉ်မွန်ရည်"

ကတုံးနှင့် လူသတ်သမားကြီး မျက်စိအောက်က ပျောက်ကွယ်သွားလေမှ ခေါ်သံရှင်ရှိရာဘက်သို့ သေနတ်လှည့်ချိန်ရင်း...

"ဘယ်သူလဲ"

အသံမာမာနှင့် မေးလိုက်ရသည်။

"ကျွန်တော်ပါ...ကြည်ညိုပါ၊ တံခါးဖွင့်ပါဦး၊ ဘာဖြစ်နေသလဲဟင်"

မီးခလုတ်ကို အရင်ဖွင့်ပြီးမှ အခန်းရှေ့ဘက် မျက်နှာစာ၏ တံခါးမကြီးကို ဖွင့်လိုက်ရသည်။ ယဉ်မွန်ရည်၏ လက်တွင် သေနတ်ကိုင်လျက် ဝင်လာသူကို ချိန်ရွယ်လျက်နှင့်...

"ကိုကြည်ညို...ရှင်ဘာလာလုပ်တာလဲဟင်"

ယဉ်မွန်ရည်၏ အသံများ တုန်နေသည် အသက်လုရသော တိုက်ပွဲလေး ပြီးစမို့ ယဉ်မွန်ရည့်ရင် မငြိမ်နိုင်သေး၊ အဖြစ်အပျက်က သုံးမိနစ်ခွဲလောက်သာ ကြာမည်ဖြစ်သော်လည်း စိတ်အင်အား လူအင်အားများစွာ သုံးလိုက်ရ၍ ယဉ်မွန်ရည် နုံးနွမ်းနေရသည်။ သို့သော် အန္တရာယ်ပြီးပြီဟု မယူဆနိုင်သေး၍ သေနတ်ပြောင်းဝကို ကိုကြည်ညိုဘက်သို့ လှည့်ချိန်ထားရဆဲ...

"ဟာ သ...သေနတ်ကြီးနဲ့ပါလား"

"ဟုတ်တယ်ကိုကြည်ညို...အဲဒီခုံမှာပဲ ထိုင်ပါ"

"ယဉ်မွန်ရည်"

"ထိုင်လေရှင်...မိန်းမ သေနတ်ကိုင်ကတည်းက သတ်ရဲလို့ဆိုတာ မမေ့နဲ့"

"ထိုင်ပါ့မယ်ဗျ...ထိုင်ပါ့မယ်"



သူက ကြောက်ရွံ့ဟန်ဖြင့်ပြောရင်း ကြမ်းပြင်ပေါ်မှ ကစဉ့်ကလျားစောင်များ၊ ဖရိုဖရဲအိပ်ရာနှင့် မှန်အားလုံးကွဲနေသော ပြတင်းအပေါက်ကြီးကို အံ့ဩလွန်းဟန်နှင့် ငေးကြည့်နေ၍...

"ဒီမှာ...ကိုကြည်ညို...ရှင် ဘယ်က ရောက်လာတာလဲဟင်"

"ကျွန်တော်...ကျွန်တော်...အော်သံကြားလို့"

"ဘာအော်သံလဲ"

"ယဉ်မွန်ရည်က ကျွန်တော့်ကို မယုံကြည်သလိုပဲ၊ ကျွန်တော်ရှင်းပြပါမယ်"

"ပြော..."

ယဉ်မွန်ရည်ကက နောက်ဆုတ်ပြီး ခုတင်ပေါ်တွင် ထိုင်ရုံလေးဘက်ထိုင်သည်။ သေနတ်ကို ချိန်ရွယ်ထားဆဲ–

"ဦးအိုက်မောင်းတို့ ဘုရားပွဲသွားတယ်ဆိုတာ အတော်ချည်းညဉ့်နက်မှ ကျွန်တော်သိရတယ်၊ ဟိုဘက်ခန်းက တစ်ခါမှ မီးလင်းမလာဘာနဲ့ မသင်္ကာလို့ အိမ်သာထွက်ရင်း မေးကြည့်တော့မှ ဟိုဘက် ခြံစောင့်ရာဝမ်က မရှိကြဘူးလို့ ပြောတယ်၊ ဒါနဲ့"

"ဒါနဲ့...ဘာဖြစ်လဲ ဆက်ပါဦး"

"ဒီအိမ်နဲ့ နီးတဲ့ ခြံစည်းရိုးဘက်က ကျွန်တော်စိတ်မချလို့ ကာစောင့်ကြည့်နေတာပါ။ ဝုန်းဝုန်းဒိုင်း အသံလိုကြားတော့မှ ခြံစည်းရိုးကျော်ပြီး ကျွန်တော်ပြေးလာခဲ့တာ"

"သြော်..."

"ဘယ်လိုဖြစ်တာလဲဟင်...ပြတင်းပေါက်တံခါးကြီးလည်း ကွဲလို့ ဘာဖြစ်သလဲ ပြောပါဦး"

"ကိုကြည်ညို"

"ဟင်..."

"ကျွန်မကို လူတစ်ယောက်လာသတ်တယ်"

"ဟာ..."

"အဲဒီလူသတ်သမားကို..."

"ဟာ...ဟုတ်သားပဲ၊ ဒီည လပြည့်ညပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ထားပါလေ...အဲဒီလူသတ်သမားကို ဟောဒီက သေနတ် ချုပ်ကိုင်မိပြီ၊ သူ့ကို ပစ်သတ်ရတော့မယ့်ဆဲဆဲမှာ ကိုကြည်ညိုအသံ ေ လာတာပဲ"

"အေးဗျာ...ကျွန်တော်လည်း အမီပြေးလာတာပဲ"

"ရှင့်ခေါ်သံ၊ တံခါးထုသံကြောင့် လူသတ်သမား တံခါးကို ဖွင့် ထွက်ပြေးသွားနိုင်ခဲ့ပါတယ်။ ဒီမှာ ကိုကြည်ညို"

'အင်း...အင်း"

"ရှင်ဟာ ကျွန်မကို ကူညီဖို့ ရောက်လာတာလား၊ ဒါမှမဟု ချုပ်ကိုင်မိနေတဲ့ လူသတ်သမားကို ကွယ်ကာ ဖယ်ထုတ်ပေးနိုင်ဖို့ ရော လာတာလား"

"ဟာဗျာ"

ကိုကြည်ညိုက အကြီးအကျယ် မျက်နှာပျက်သွားသည်။ မျက်နှာပျက်မှု၏ အတိမ်အနက်ကို ယဉ်မွန်ရည် သတိကြီးစွာထား အကဲခတ်နေမိသည်။

သူသည် သဘောမနော ကောင်း၍ သူတစ်ပါးကို ကူညီတတ်ေ သွင်ပြင်လက္ခဏာမျိုး ရှိသော်လည်း သီတဂူမြို့သို့ အကြောင်းတစ်ခု ရောက်လာသူဟု ရှေးယခင်ပင် ထင်ခဲ့မိသည်။

ယခုကိစ္စတွင် ကိုကြည်ညိုကို မသင်္ကာ...

"ဒီမှာ ယဉ်မွန်ရည်... ယဉ်မွန်ရည့်ကို ဒုက္ခရောက်စေချင် စေတနာ နည်းနည်းလေးမှ ကျွန်တော့်မှာ မရှိပါဘူး၊ ဖြစ်ချင်းဖြစ် အန္တရာယ်အသွယ်သွယ်က ကယ်ထုတ်ပေးချင်တဲ့ စေတတနာမျိုးသ ကျွန်တော့်မှာ ရှိနေတယ်ဆိုတာကိုတော့ ယဉ်မွန်ရည် အကြွင်းမဲ့ ယုံ ချင်ပါတယ်"

"ထားပါတော့လေ... တကယ့်စေတနာရှင်ဆိုရင်လည်း ယ မွန်ကပဲ တောင်းပန်ပါတယ်၊ ဒါပေမဲ့ ယဉ်မွန်ရဲ့ လက်ထဲက သေနတ် တော့ မချနိုင်သေးဘူးကိုကြည်ညို"

"ချိန်တာတော့ ချိန်ထားပါ၊ ဒါပေမဲ့ မတော်တဆ ထွက်သွ မယ်ဗျာ၊ ကျွန်တော့်မှာ သားတွေ မယားတွေနဲ့ပါ"

"ရှင့်အိမ်က ဘယ်မှာမို့လို့လဲ"

"ရန်ကုန်မှာ"

"ဒီကို ဘာလာလုပ်နေတာလဲ"

"တာဝန်နဲ့ပါ"

"ဘာတာဝန်လဲ"

"လောလောဆယ်တော့ မပြောပါရစေနဲ့ဦး၊ ကျွန်တော့်ရဲ့ ဝါသနာ အတိုင်း သူများကို ကူညီဖို့အတွက် ရောက်လာနေတာပါလို့သာ အကြို အဖြစ်နဲ့ သိထားနှင့်ပါ။ မကြာခင် ကျွန်တော် ပြောပြပါ့မယ်"

"ကောင်းပြီလေ"

"ယဉ်မွန်ရည်ကရော"

"ကျွန်မက အလုပ်လာလုပ်တာပဲ"

"အလုပ်လာလုပ်တဲ့ မိန်းကလေးက သေနတ်ကြီးနဲ့ပါလားဗျာ၊ ကျွန်တော်တို့ မြန်မာပြည်မှာ မိန်းမတွေ သေနတ်ကိုင်လေ့ မရှိကြပါဘူး"

"ဒါ...ရှင့်အလုပ်မဟုတ်ဘူး။ ကျွန်မအလုပ်ကို ကျွန်မသတိဝီရိယ ရှိခဲ့လို့ အခုလေးတင်ပဲ အသက်ဘေးက လွတ်ခဲ့ပြီလေ။ ကျွန်မတို့လို အရွယ် မိန်းကလေးတစ်ယောက်အနေနဲ့ သူတစ်ပါး ခြံမြေဘဲမှာ တစ်ယောက် တည်း လာနေရဲတာလည်း အဲဒီလို အားကိုးလောက်ပ သနတ်ကလေး တစ်လက်ပါလာလို့သာပေါ့ရှင်"

"လိုင်စင်ရော ရှိရဲ့လား"

"ဒါ ကိုကြည်ညိုအလုပ်မှ မဟုတ်ပဲ။ သက်ဆိုင်ရာ ရဲက စစ်ဆေး ရမယ့် တာဝန်ပဲ"

"ကျွန်တော်က လိုင်စင်မဲ့ ကိုင်ဆောင်ရင် အပြစ်ရှိမှာစိုးလို့ပါဗျာ၊ ဟာ...ဟိုမှာ အပေါက်ကြီးပါလား"

အာရုံလွှဲပြောင်းခြင်း မပြုမိစေဖို့ ကျင့်သားရပြီးသား ယဉ်မွန်ရည် မှာ ကိုကြည်ညို အလန့်တကြားပြသော နေရာသို့ လုံးဝလှည့်မကြည့်။ သေနတ်ကိုသာ သတိနှင့် ပိုမိုဆုပ်ကိုင်ထားလိုက်ရသည်။

မိန်းမနှင့် ယောကျ်ားမို့ အင်အားချင်း မယှဉ်ပြိုင်ချင်။ သူသေနတ် ကို ဝင်၍ မလုနိုင်အောင် သတိကြီးစွာ ထားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

"တကယ်ပြောတာပါ၊ ဟိုပေါ်မှာ ကြည့်စမ်း"

"ရှင် မတ်တတ်ရပ်...ခုတင်ဟိုဘက်ကိုသွား၊ ရှင့်နောက်က ကျွန်မ မော့ကြည့်မယ်"

"ဟာဗျာ ယဉ်မွန်ရည်ကလည်း ဒုက္ခပါပဲ"

သူက ညည်းညည်းညူညူနှင့်ပြောပြီး ယဉ်မွန်ခိုင်းသည့်အတိုင်း နာခံရှာသည်။

အမှန်ပါပင်။

ဦးအိုက်မောင်းတို့ အခန်းနှင့် ပိုင်းခြားထားသော အခန်းနံရံ၏ အပေါ်ပိုင်းရှိ နှစ်တစ်လက်မ ရာဇမတ်ကွက် သစ်သားတန်းလေးများ ကျိုးပွင့်နေလေသည်။

လူသတ်သမားသည် တစ်ဖက်ခန်းမှဝင်၊ ဤနေရာမှကျော်ပြီး ယဉ်မွန်ရည်၏ အခန်းသို့ ရောက်ရှိလာခြင်း ဖြစ်ပါ၏။

ကိုကြည်ညိုသည် ယဉ်မွန်ရည်ကို တိုက်ခိုက်၍ သေနတ်လုကာ ရန်ပြုရန် ရည်ရွယ်ခြင်းမရှိတော့ကြောင်း သေချာပါပြီ။ ဝင်လာသော အပေါက်နေရာသို့ ဆင့်မှတစ်ဆင့် သူတွယ်တက်ကြည့်နေသည်။

"ဟာ...ဟိုခန်းတံခါးက ပွင့်လျက်ကြီး၊ တစ်ဖက်ခန်းက ဖျက်ပြီး ဝင်လာတာပဲ"

ကိုကြည်ညိုက ဦးအိုက်မောင်းတို့အခန်းသို့ ငုံ့ကြည့်ပြီးမှ ပြန်ဆင်းလာသည်။ သူ့အန္တရာယ်မပြုဟူ၍ စိတ်ချလက်ချ နေ၍မဖြစ်သေး။ ပိန်းပိတ်အောင် မှောင်နေဆဲ အကာလ ညအချိန်တွင် အခန်းကျဉ်းလေးထဲ၌ တစိမ်းအမျိုးသားတစ်ယောက် ရောက်နေသည့်အဖြစ်ကို ယဉ်မွန်ရည်အနေနှင့် ပေါ့ပေါ့တန်တန် တွက်ဆ၍မဖြစ်ပါပေ။

"တော်တော် အင်အားကောင်းတဲ့ လူသတ်သမားပဲ။ မှန်ပြတင်းကြီးကို ဖွင့်ခွဲထွက်သွားတယ်။ ကဲ ကျွန်တော် ဟောဒီထောင့်မှာ ထိုင်နေမယ် ယဉ်မွန်ရည်ရယ်၊ စိတ်ချလက်ချထိုင်ပါ။ အခုဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာလေးကို ကျွန်တော်တို့နှစ်ယောက် ပြန်လှန်သုံးသပ်ဆွေးနွေးကြရအောင်ပါ"

"ယဉ်မွန် သိပ်ခေါင်းပူနေပါတယ် ကိုကြည်ညို၊ သိပ်လည်း လန့်သွားရတယ် ဒါကြောင့် နောင်မှပဲ ဆွေးနွေးပါရစေ"

"ဒါဖြင့်လည်း ကောင်းပါပြီလေ၊ ကျွန်တော့်ကို ဒီမှာစောင့်ပေးနေစေချင်သလား။ ဒါမှမဟုတ် ကျွန်တော်ပြန်သွားရမလား။ ယဉ်မွန် စိတ်ချမ်းသာမယ်ထင်သလို ဆုံးဖြတ်ပါ"

ကိုကြည်ညိုကို ဒီမှာ အဖော်အဖြစ် စောင့်ခိုင်းထားရကောင်းမလား။

သူ့ကို ပြန်သွားခိုင်းရကောင်းမလား။

ယင်းမေးခွန်းနှစ်ခုကို ယဉ်မွန်ရည်ကိုယ်တိုင် ဘယ်သို့ဖြေရမည်မှန်း ရုတ်တရက် တွက်ဆ၍ မရခဲ့။

"ယဉ်မွန်ရည်"

"အင်း..."

"ကျွန်တော်ပြန်သွားလို့တော့ မဖြစ်ဘူးထင်တယ်။ ဒီတံခါးကြီးအပွင့်နေတယ်။ အကြံမအောင်တဲ့ လူသတ်သမားဟာ တစ်ခါထပ်မလာနိုင်ဘူးလို့ မပြောနိုင်ဘူး"

"အခု ဘယ်နှနာရီထိုးပြီလဲ"

"သုံးနာရီခွဲပြီ"

"ဪ...သုံးနာရီတောင် ခွဲပြီလား"

"ဟုတ်တယ်"

သန်းခေါင်ကျော်မှ ခဏလေးအိပ်ပျော်သွားသည်ဟု ထင်မှတ်မိသော်လည်း အချိန်က မိုးလင်းခါနီးခဲ့ပြီ။

ဒါဆိုရင် ကိုကြည်ညို မပြန်နဲ့တော့၊ အဲဒီခုံယူ၊ ပေါက်နေတဲ့ ပြတင်းရဲ့ အပြင်ဘက်က ထိုင်စောင့်နေပေးပါ။ မကြာခင် မိုးလင်းတော့မှာပဲ"

ကိုကြည်ညိုက စာကြည့်စားပွဲဘေးမှ ခေါက်ကုလားထိုင်ကို ယူပြီး ယဉ်မွန်ရည်ခိုင်းသည့်အတိုင်း သူနေသည်။

ခုတင်အောက်မှ သေတ္တာကို ဆွဲထုတ်ပြီး ညဝတ်အကျႌကို လဲလှယ်၍ အနွေးထည်များကို ထပ်ဝတ်လိုက်ရသည်။ ခရီးဆောင်အိတ်တွင်းသို့ ယူသင့်သည်များကို ပြောင်းလဲ၍ အမြန်ထည့်ရသေးသည်။

"အား...အပြင်က ချမ်းလိုက်တာဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပြုပြီး ငြိမ်ငြိမ်လေး ဟိုဘက်လှည့်နေပါကိုကြည်ညို"

သူ့ကိုလည်း မယုံရဲနိုင်ပါ။ လူသတ်သမားနှင့်သူ အကြံတူများ ဖြစ်ခဲ့လျှင်...ပူးပေါင်း၍...

"အို...ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲ ယဉ်မွန်ရည်"

"ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး"

မမြင်နိုင်သော အန္တရာယ်ကျရောက်လာတော့မည့်အချိန်ကို သတိ ထား၍ စောင့်စားနေရသောအဖြစ်က စိတ်ဆင်းရဲစရာကောင်းလှပါပေ သည်။

နှစ်နာရီဆိုသော အချိန်မှာ ကြာမြင့်လှပါဘိ။ အမြန်မီးလင်းစေချင် ပါပြီ။

မိုးလင်းသည်နှင့် ပထမဆုံး ယဉ်မွန်ရည်လုပ်ရမည့်အလုပ်မှာ မန္တလေးသို့ ကြိုရာကားနှင့် ဆင်းရန်ပင်ဖြစ်ပါ၏။

ဤသီတဂူမြို့တွင် နောက်ဆုံးအနေနှင့် နေနေရသော အချိန် သည် လေးလံကြာမြင့်လှပါဘိခြင်း။

ယဉ်မွန်ရည်မှာ ကျောခိုင်းနေသော ကိုကြည်ညိုကို အလစ်မပေး ရဲဘဲ ကြည့်နေရပါ၍ အရှေ့ဘက်တံခါးမနှင့် မှန်တံခါးကို ကျောခိုင်းထား ပေသည်။ ကျောပိုင်းမလုံ။

အိမ်ကြီးပေါ်မှ ဆင်းသက်လာသော အန္တရာယ်ဖြစ်ကြောင်း ခိုင်မာစွာ သိခဲ့ရလေပြီ။ တစ်ချိန်က ဖြူဖြူကြီး လိမ့်ဆင်းလာ၍ ဒေါ်အိမြေ တို့ဆင်း၍ ဖမ်းဆီးကြသည်ကို အမှတ်ရလာမိသည်။

"ဤဖြူဖြူကြီးပါပဲ"

ပိတ်ဖြူစင်ကြယ် ကတုံးနှင့် ဝဝမြင့်မြင့်ကြီး၊ မျက်နှာကိုမူ မမြင် လိုက်ရ။ အမှောင်ထဲတွင် လှုပ်ရှားမှုနှင့် ရင်ဆိုင်နေရ၍ သူ့မျက်နှာကို ကောင်းစွာ မမြင်လိုက်ရ။ လုံးဝပြန်မမှတ်မိ၊ စဉ်းစားကြည့်၍မျှပင် မ တော့။

ဤခြံတွင် မြင်ဖူးသမျှထဲတွင် ကတုံးနှင့်လူ တစ်ယောက်မျှ မရှိ သို့သော် ယနေ့ခေတ်က ဆံပင်တုများ ပေါပါဘိသနဲ့။ သူဘယ်သူပါလိမ့်



သူ့အော်သံ၊ သူ့ဟန်ပန်က သူရူးဆန်လွန်းလှသည်။ တစ်ခေါက် ကန်း၊ တစ်ဇွတ်ထိုး ဝင်သတ်ခြင်းဖြစ်သည်။ ယဉ်မွန်ရည်သည်သာ ကိုယ်ခံ ပညာနှင့် စိတ်ဓာတ်အင်အား မခိုင်မာပါလျှင်...

ယခင်လပြည့်ညများဆီမှ သေဆုံးခဲ့ရရှာသူများနည်းတူ...

လူသတ်သမား၏ သားကောင်အဖြစ်နှင့် ဝိညာဉ်နှင့်ခန္ဓာ ယှဉ် အချိန်မှာ ကွဲကွာနေပြီးဖြစ်နေပေတော့မည်။

"တော်ပါသေးရဲ့။ အရှေ့ဘက်ဆီမှာ ရောင်နီလာပြီ ယဉ်မွန်ရည် ရေ"

"ဟင်...ဟုတ်လား။ ဝမ်းသာလိုက်တာ"

အလင်းရောင် ထွန်းပလာသည်နှင့်အမျှ... အမှောင်နှင့်အတူ အန္တရာယ်လည်း ကွယ်ပျောက်ပေတော့မည်။

"ထွက်စမ်းပါ နေရေ...မြန်မြန်လေး ဒီမှာ သွေးခဲပြီး သေပွဲဝင်ရ တော့မယ်"

ကိုကြည်ညို၏အပြောကို ယဉ်မွန်ရည် ရယ်ချင်လာမိသည်။ သူသည် အန္တရာယ်မပြုသူဟု ယခုအချိန်မှပင် ယဉ်မွန်ရည် လုံးဝဥဿုံ ယုံကြည်နိုင်ခဲ့ပါပြီတည်း။

တောင်ပေါ်မြို့၏ ဆောင်းနှောင်းကာလမို့ နေရောင်က တောက် ပစွာ ထွက်မလာခဲ့။ နေလုံးနီကို မြင်နိုင်ဖို့ ဝေးသေးသည်။

ရောင်နီသည် ပြာမှိုင်းနေသော ကောင်းကင်ပြင်သို့ လုတိုး တိုးထွက်လာခဲ့ပြီမို့ အချိန်အနည်းငယ်အတွင်း လုံးလုံးလျားလျား လင်းခဲ့ ပါပြီ။

"ကဲ...ကိုကြည်ညို ဝင်ခဲပါတော့၊ ယဉ်မွန့်ကို ကူညီပါဦး"

အိမ်ရှေ့တံခါးများကို ဖွင့်ရသည်။ ညာရင်အုံအောက် ထဘီ အတွင်းသို့ သေနတ်ကိုထိုးထည့်၍ ဆွယ်တာနှင့် ဖုံးကွယ်၍ ယူစရာရှိသည် များကို ယူဆောင်ထည့်သိုနေခိုက်...

"ကဲ...ဆို...ဘာကူညီရမလဲ။ နေပါဦး...ပစ္စည်းတွေ ယူလို့ ဘယ်သွားမလို့လဲ"

တချို့လည်း ထားခဲ့ဦးမှ...ပစ္စည်းစုံယူ၍ အပြီး...၍ မဖြစ်သေး။

www.burmeseclassic.com

www.burmeseclassic.com

“ဦးလေးတို့ ရှိကြသလား”

“မနက်ပိုင်းကတော့ မန္တလေးဆင်းသွားတယ်…ပြန်တက်လာပြီ လား…မလာသေးဘူးတော့ ကျွန်တော်မသိဘူး”

“ဘိုးတော် မင်းလူရော”

“မသိဘူး”

“ဆရာ ဦးဟန်ညွန့်တော့ ကိုကြည်ညိုတို့ ခြံဘက်မှာပဲ အိပ်တယ် မဟုတ်လား”

“သူအိမ်ကြီးပေါ် တက်အိပ်နေတာ ကြာပြီ”

“ဟုတ်လား”

“ဘာဖြစ်လို့လဲ”

“ဒီမှာ…ယဉ်မွန့်ကို ကူညီစမ်းပါ။ ယဉ်မွန်ကားလိုချင်တယ်”

“ဘယ်သွားမလို့လဲ”

“ခဏလေးပါ…ကိစ္စရှိလို့”

“ရဲဌာနာ သွားတိုင်မလို့လား”

“မတိုင်သေးပါဘူး၊ ဦးလေးဦးဘဆက်တို့နဲ့ အရင်တိုင်ပင်ပြီးမှ… လုပ်သင့်တာ လုပ်ကြရမှာပေါ့”

“ဒါဖြင့် ဘယ်သွားမှာလဲ”

ယဉ်မွန်ရည် မဖြေ၊ အမှန်အတိုင်း သူ့ကို မဖြေရဲ။ ကိုကြည်ညို သည် အန္တရာယ်မပေးနိုင်သည်ဆိုရုံမျှနှင့် သူ့ကို မိတ်ဆွေအစစ်အဖြစ် သတ် မှတ်၍ မရနိုင်သေး။

“သြ…ကျွန်တော်သိပြီ။ ရဲနောင်တို့ခြံကို မဟုတ်လား…အဟဲ… ဟဲ…”

“ဟဲ…ဟဲ…”

အတွေးတူလေဟန်နှင့် ရယ်ရသည်။

“နေဦး…ဟိုဘက်ခြံမှာ ဘာကားရှိမလဲမသိဘူး၊ သွားကြည့်ပေး မယ်လေ”

“ကားသေးသေးထဲက ယူပေးပါ။ ကုန်တင်ကားကြီးတွေတော့ မဖြစ်ဘူးနော်”



“အင်းပါ…ဂျစ်နှစ်စင်းတောင် ရှိတာပဲ။ အေးလွန်းလို့ နိုးလို့မှ ရပ့ါမလားမသိ”

“ရတဲ့နည်းနဲ့ အမြန်ဆုံးယူခဲ့စမ်းပါ ကိုကြည်ညိုရယ်…ကူညီစမ်း ပါရှင်”

“ကောင်းပါပြီ…ကျွန်တော်လိုက်ပို့ပေးပ့ါမယ်။ ခြံနောက်က ပတ် ထွက်ခဲ့မယ်…ဘေးလမ်းထိပ်က စောင့်နေနော်”

“ဟုတ်ပြီ…ဟုတ်ပြီ…အမြန်ဆုံးလာနော်…ယဉ်မွန်ကြောက်တယ်”

သူ့ကို လွှတ်ပြီးသည်နှင့် အိမ်ကြီးပေါ်သို့ ယဉ်မွန်ရည်လှမ်းမျှော် ကြည့်သည်။ ဘာမှမမြင်ရသော်လည်း အပေါ်မှဆီး၍ ကြည့်နေသည်ဟု စိတ်တွင် အလိုလိုနေရင်း ထင်နေမိသည်။ တံခါးကွယ်မှ သတိကြီးစွာနှင့် ရပ်နေရပါ၏။

စိတ်မရှည်နိုင်လောက်အောင် ကြာမြင့်စွာ စောင့်ရပြီးမှ ကား၏ စက်သံကို ကြားရလျှင် ကြားရချင်း နောက်ဘက်တံခါးမှ အားကုန်ပြေး၍ ထွက်လာခဲ့ရတော့သည်။ ခြံထိပ်အရောက် အနှောင့်အယှက် မရှိတော့ပါ။

“လာ…လာ…ယဉ်မွန်ရည် မြန်မြန်တက်”

ပြင်ဦးလွင်–လားရှိုးလမ်းဘက်သို့ ဦးတည်ထားသော ကားပေါ်သို့ တက်ထိုင်ပြီးမှ…

“ဟောတော့…ယဉ်မွန် အိတ်ကျန်ခဲ့ပြီ”

“သွားမယူနဲ့တော့လေ…ကျန်ပစေပေါ့”

“မဖြစ်ဘူး”

“ရဲနောင်တို့ ခြံတင် ခဏသွားတိုင်ပင်မှာ မဟုတ်လား”

“ဒါပေမဲ့ ယဉ်မွန့်အိတ်ကို ထားခဲ့လို့ ဘယ်နည်းနဲ့မှ မဖြစ်လို့ပါရှင်၊ ရှိခိုးပါရဲ့။ သွားယူပေးစမ်းပါ ကိုကြည်ညိုရယ်”

“ခင်ဗျားဟာကလည်းဗျာ…ခိုးလုပ်ပါတယ်ဆိုမှ ကျုပ်က ပြန်ဝင် ရတော့မယ်…ခက်တော့တာပါပဲ”

“လုပ်ပါ…ဘယ်သူမှ မရှိပါဘူး။ သွားပါရှင်”

သူကစိတ်ပျက်လက်ပျက် အမူအရာဖြင့် ဆင်း၍ ခြံနောက်ဘက် ဘေးမှ ပြေးဝင်သွားသည်။ သူအတော်ပြေးမိသည်နှင့်…

www.burmeseclassic.com

www.burmeseclassic.com

ယဉ်မွန်ရည်မှာ ဂျစ်ကား၏ ဂီယာတိုင်ကိုကိုင်၍ ဘက်ကဂီယာ ထိုးလိုက်သည်။ ခြံထိပ်သို့ ဖင်ထိုးပြီး ချိုးကွေ့သည်။ ဖှတ်စ်ဂီယာပြန်ထိုးပြီး တစ်ပတ်လှည့်ကွေ့နေခိုက်...

အိတ်ကြီးဆွဲ၍ သေပြေးရှင်ပြေး ပြေးလာသော ကိုကြည်ညိုမှာ အလန့်တကြား မျက်နှာထားနှင့် လက်ကားယားခြေကားယား...တားနေဆဲ...

ယဉ်မွန်ရည်မှာ ကျင်လည်စွာ ကားမောင်း၍ ထွက်ခဲ့သည်။

သူ့ကို တမင်ချန်ထားရစ်ခဲ့ခြင်းပါ။

ယဉ်မွန်ရည် ဦးတည်လိုက်သည်က မန္တလေးမြို့သို့...

\+ + + +

## အခန်း(၁၆)

"အဘိုးကြီးက အစောကြီးကတည်းက လာတိုင်ပြီး အမှုဖွင့်ထားတယ်။ ဒီနေ့တော့ ပစ္စည်းတွေနဲ့အတူ လက်ပူးလက်ကြပ်မိလို့ ဖမ်းထားလိုက်ရပြီ"

"ဦးဘဆက်ကိုလား"

"မဟုတ်ဘူး ဦးတိုးသျှန်ကို"

"ဟင်...ဘယ်လို၊ ဘယ်လို"

"ဒီလိုလေ၊ သီတဂူအလှကုန်လုပ်ငန်းက သိပ်တွင်ကျယ်တယ်၊ သိပ်ရောင်းရတယ်မဟုတ်လား။ ပြီးတော့လည်း မှတ်ပုံတင်ရုံးမှာ သူ့တံဆိပ်နဲ့ မှတ်ပုံတင်ပြီးသား"

"အင်း...သိတယ်"

"ဦးတိုးသျှန်တို့က အလုပ်ရုံပိတ်ထားသလိုလိုနဲ့ ကျိတ်ပြီး အတုလုပ်နေတာကိုး။ အဲဒါ ဒီနေ့တော့ ဦးတိုးသျှန်ကိုယ်တိုင် သူ့အလှကုန်ဘူးတွေ သယ်လာရာမှာ ဖမ်းစစ်လိုက်တော့ အားလုံး သီတဂူအလှကုန်လုပ်ငန်းက လုပ်ကိုင်တဲ့အတိုင်း တုပပြီး လုပ်ထားတာတွေ့ရလို့ သူ့ကို ပုဒ်မ ၂၈ အရ ဖမ်းဆီးထားလိုက်ရပြီ"

"အခု ဦးဘဆက်ဘယ်မှာလဲ"

"ရှိတယ်၊ မန္တလေးမှာပါပဲ။ သူနဲ့တွေ့ချင်လို့လား"

"နေပစေ၊ မတွေ့ချင်သေးဘူး။ သူ့ကိုသာ မျက်ခြည်မပြတ်ကြည့်ထားပါ။ ကျွန်မ ဒေါ်နုနုဝေ ရှိနေတဲ့ အင်ကြင်းပင်ကို လိုက်သွားဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com

အရေးအကြီးဆုံးနေရာဟာ ပြင်ဦးလွင်က သိတဂူမြိုင်ရဲ့ သုံးထပ်ပေါ်မှာ မေမြို့ကို သတင်းပို့ပါ။ တက်ပြီး စစ်ဆေးထားပါ။ ကျွန်မအတွက် ဝီလီ ဂျစ်တစ်စင်းနဲ့ ဒရိုင်ဘာတစ်ယောက်ပေးပါ"

"သူ ဘယ်သူလဲ၊ ဘယ်က အမျိုးသမီးလဲ"

"ရန်ကုန် ရဲအထူးထောက်လှမ်းရေးက ရွေးပြီး လွှတ်လိုက်တဲ့ အမျိုးသမီးရဲအရာရှိ ဒေါ်သက်ထားမွန် တဲ့။ ဒီမှာတော့ နံမယ်ပြောင်းထားတယ်။ ယဉ်မွန်ရည်တဲ့"

မန္တလေးရဲစခန်းမှ ထွက်လာခါနီးတွင် နောက်ဘက်ဆီ ပြောကျန်ရစ်သော စကားသံများ။

\+ + + +

မန္တလေး–ရွှေဘိုကားလမ်းသည် ညက်သောဖြောင့်တန်းလှပါ ရွှေဘိုအရောက် ၇၁မိုင်မျှသာ ဝေးကွာသည်။ လမ်းတစ်လျှောက်လုံး မြန်မာ လူမျိုးစစ်စစ်များသာ အနေများသော 'မြန်မာတို့၏ အညာအလှမြေ'တို့ ဆွတ်ပျံ့ကြည်နူးစဖွယ် တစ်ပြန့်ကြီး မြင်တွေ့နေရသည်။

မန္တလေး–ရွှေဘို ပြေးဆွဲနေသော ရန်အောင်မန်းကားသင်း လမ်းတွင် လူအတင်အချမလုပ်သော တိုက်ရိုက်ကားမောင်းနှင်ချိန်မှာ သုံး နာရီမျှကြာသော်လည်း...

ကားကလည်း ဝီလီဂျစ်အသစ် 'အုန်းတောလမ်းခွဲ'လို ဗား သောက်စရာပေါသော နေရာမှာပင် မရပ်နားခြင်းကြောင့် နှစ်နာရီ မိနစ် လေးဆယ်နှင့် ရွှေဘိုမြို့သို့ ဝင်နိုင်ခဲ့သည်။

ရွှေဘိုမြို့၏ ရဲစခန်းသို့ဝင်၍ သတင်းပို့ရာတွင်–

'ဆောင်းနှောင်းမှာ အချိန်မဟုတ်ဘဲ မိုးကျလို့ ရွှေဘို–ခင်ဦးလမ်း မကောင်း၊ ခင်ဦးမှ အင်ကြင်းပင်သို့ လုံးဝကားသွား၍မရ"

ဟူသောအဖြေကြောင့် ယဉ်မွန်ရည် အမည်ခံယူခဲ့သူ သက်ထား မွန်မှာ စိတ်အပျက်ကြီး ပျက်သွားမိသည်။

အောက်ရပ်အပြော မိုးရွာသည်ကို ရွှေဘိုသားတို့အခေါ် မိုးကျ သည် ဆိုသည့်အတွက် ယဉ်မွန်ရည်အမည်ခံ သက်ထားမွန်မှာ များစွာ စိတ်ဓာတ်ကျရသည်။



"ကားနဲ့သွားလို့ မရပေမယ့် ရထားနဲ့သွားရင်တော့ ဖြစ်ပါသေး တယ်။ နဘားခေါက်ပြန်ရထားနောက်ကျနေတယ်။ ခုထိမဝင်သေးဘူး"

"ဟုတ်ပြီ၊ ဒါဖြင့် ရထားနဲ့ပဲ လိုက်သွားမယ်၊ ကားထားခဲ့မယ်။ ကားမောင်းတဲ့ ရဲသားကို ကျွန်မခေါ်သွားမယ်။

ဖြစ်ပါတယ်"

"ဒါနဲ့ ဆင်းရမယ့်ဘူတာက..."

"ခင်ဦးမြို့ကို ကျော်သွားပြီးမှ မဒေါင်းလှ ဆိုတဲ့ ဘူတာမှာ ဆင်း ပါမယ်။ အဲဒီကမှတစ်ဆင့် အင်ကြင်းပင်ကို လှည်းနဲ့သွားရပါလိမ့်မယ်။ ကျွန်တော်တို့ဘာများ အကူအညီပေးရဦးမလဲ ဒေါ်သက်ထားမွန်ခင်ဗျာ"

"မလိုပါဘူး စခန်းမှူး ရတယ်၊ အခုပဲ ဘူတာကို သွားကြရအောင် ၊"

BURMESE CLASSIC .com

သက်ထားမွန်တို့ ရောက်ပြီး မကြာမီမှာပင် လူတစ်ပြုံတစ်မကြီး ဖို မဆန့်မပြဲ သယ်ဆောင်လာရင်း ရထားကြီး ဝင်လာတော့သည်။

ညကလည်း လူသတ်သမားနှင့် တိုက်ခိုက်ခဲ့ရသည်။ တစ်ညလုံး လည်း မအိပ်စက်ခဲ့ရ...နှင်းမကွဲတကွဲအချိန်တွင် တောင်ဆင်းလမ်းကို ကြီး စွာ သတိထား၍ ကိုယ်တိုင်ကားမောင်းနှင်ခဲ့ရသဖြင့် ပင်ပန်းလွန်းနေ သော်လည်း သက်ထားမွန် မနားအား၊ အနားမယူနိုင်သေး၊ တိကျခိုင်မာ သော သတင်းမျိုး ရယူနိုင်ရန်အတွက် ခရီးဆက်ခဲ့ရပြန်ပါပြီ။

အထက်တန်းတွဲလည်း မပါ၊ အခွင့်အရေးယူစရာနေရာလည်း မရှိ။ အခွင့်အရေးလည်း မယူတတ်သော သက်ထားမွန်မှာ ရထားစီးခရီး သည် ကျပ်ကျပ်တည်းတည်းထဲသို့ပင် တိုးတိုးဝှေ့ဝှေ့ ဝင်၍လိုက်ပါခဲ့ရ သည်။

ပြည်သူတွေရဲ့ အားကိုးယုံကြည်မှုကို ရယူနိုင်ရန်၊ ကာကွယ်ပေး နိုင်ရန် အသက်ကိုပင် စွန့်လှူ၍ တာဝန်ယူခဲ့ရှာသော 'ရဲအရာရှိမလေး သက်ထားမွန်'အဖို့ ပြည်သူတွေနှင့်အတူ ရောနှောလိုက်ပါရသည်ကို စိတ် သစ်ညည်းမိပါ။ လိုရာခရီးသို့သာ ရောက်လိုစိတ်ဆန္ဒ စောနေမိသည်။

ခင်ဦးဘူတာသို့ ရောက်ပါပြီ။ ခင်ဦး–ရေဦး ကားလမ်းကြမ်းကြမ်း ကြီးဖြင့် ရှိပါ၏။ ရေဦးမှ မုံရွာသို့ သွား၍ရသည်။ ရေဦးမှ ကလေးဝအထိ

www.burmeseclassic.com

www.burmeseclassic.com

နွေရာသီတွင် သွားနိုင်သည့် လမ်းကမူ ဆိုးရွား ကြမ်းတမ်းလှပါ၏။ မြန်မာ ပြည်၏ အလယ်ပိုင်း မြေပြန့်အညာဒေသတစ်ဝိုက်ရှိ ကားလမ်းများကို ချော မောပြေပြစ်စေချင်လှပါသည်။ အညာသူအညာသားတို့၏ လုပ်အားမှ သီး ပွင့်လာသော ဆန်၊ ပြောင်း၊ မြေပဲ၊ နှမ်းစသော သီးနှံများစွာကို ဆက်သွယ် ရေးလွယ်ကူစွာဖြင့် ဖြန့်ဝေချင်လှပါသည်။ တောင်သူယာသမားဘက်က လည်း မြို့ထွက်ပစ္စည်းများ တန်ဖိုးမကြီးစွာ ရောက်စေချင်ပါသည်။

ဤသို့သော လဲလှယ်မှုများ၏ အဓိကလိုအပ်ချက်မှာ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်မှုနှင့် ဗလောင်စာဆီ မရှားပါးစေမှုပင်ဖြစ်ပါ၏။ တိုင်းပြည်ကိုချစ်၍ ကိုယ့်လူမျိုးများ ချောင်လည်စေချင်သော အမျိုးသမီး လေး သက်ထားမွန်၏ ဆန္ဒများ ဘယ်သောကာလမှ ပြည့်ဝနိုင်ပါ့မလဲ...

“ရှေ့ဘူတာဟာ မဒေါင်းလှပဲ”

အဖော်ရဲသားလေး၏ သတိပေးမှုကြောင့် လူသူများ အထုပ်အပိုး များကို ကျော်လွှား၍ အတက်အဆင်း အပေါက်နားသို့ တိုးထားရသည်။

အောက်မြန်မာပြည်နှင့် မန္တလေးတစ်ဝိုက် ပြေးဆွဲနေသော ရထားတိုင်း မျက်နှာချင်းဆိုင် နှစ်ယောက်ထိုင်ခုံများဖြစ်သော်လည် ဤရထားမှာ တစ်တွဲ၏ အစအဆုံးထိ ရထားနှင့်အပြိုင် ခုံတန်းရှည်ကြီး များ တည်ခင်းထားသည်။ ကျောချင်းကပ်၍ ထိုင်ကြရပါ၏။ ပစ္စည်းထား စရာကဖြင့် ကျယ်ဝန်းသည်ဟု ဆိုရပါမည်။

“မဒေါင်းလှဘူတာသို့ ဆိုက်ရောက်ပါပြီ”

သက်ထားမွန်တို့ခြေ မြေသို့ကျရုံမျှလောက် အချိန်လေးသာ ... သည်။ ရထားက သေပြေးရှင်ပြေး ပြန်လည်ထွက်ခွာသွားတော့သည်။

“အခုဟာ မဒေါင်းလှရွာပဲ။ ဝေဘူဆရာတော်ဘုရား တရားပြ နေရာနဲ့ သူ့ဇာတိရွာဖြစ်တဲ့ ‘အင်ကြင်းပင်’ရွာမရောက်ခင် အင်ကြင်း တောရကိုတော့ အတော်လေး သွားရဦးမယ်”

“ခြေလျင်လျှောက်ရမှာလား”

“မဟုတ်ဘူး၊ လှည်းငှားသွားရမယ်၊ တစ်ယောက်နှစ်ကျပ် ... တယ်။ နှစ်ယောက်တည်းဖြစ်နေတယ်။ ဟိုဘက်က လူစုတွေ လိုက်မလား သွားမေးဦးမယ်”



“မမေးနဲ့...မမေးနဲ့၊ တစ်စီးလုံးဈေးပေးမယ်၊ ညနေရထားအမီ ကျန်မပြန်ရမှာ”

“ဒါဖြင့် သားကို လှည်း ‘က’ ခိုင်းလိုက်မယ်နော်”

“က, ခိုင်းလိုက်ပါ”

ဘူတာရုံမှ လက်ဖက်စုံနှင့် ရေနွေးကြမ်းရောင်းသော တဲငယ် လေးတွင်းမှ အဒေါ်ကြီးက သူ့သားဖြစ်သူကို လှည်းကခဲ့ရန် လှမ်းအော် လိုက်တော့သည်။ အညာမြေဝေါဟာရအရ လှည်းဆင်သည်ကို ‘လှည်းက သည်’ဟူသော ရှေးရိုးစကားလေးများမှာ ချစ်စဖွယ်ပါပင်။

သက်ထားမွန် စိတ်စောနေမိသည်။ ဒေါ်နုနုဝေနှင့် တွေ့ဖို့က အရေးကြီးလှသည်။ နောက်ဘက်တွင် ကျန်ရစ်သော အန္တရာယ်များကို သက်ဆိုင်ရာ ရဲဌာနများသို့ သတင်းပို့ပြီးခဲ့လေပြီ။ သူတို့တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြပါလိမ့်မည်။

“အင်ကြင်းပင်တောရ”တွင် တရားဓမ္မနှင့် ပျော်မွေ့နေရှာသော ဒေါ်နုနုဝေကို အဆင်သင့်တွေ့ပါရစေ၊

တောတောင်ထဲမှ ဖြတ်သန်း၍ ကြမ်းတမ်းသော လှည်းလမ်းပေါ် တွင် အလိမ့်လိမ့်အလူးလူး စီးလာရင်းက သက်ထားမွန် တွေးလာခဲ့မိခြင်း ဖြစ်ပါ၏။

“ဒေါ်နုနုဝေ စိတ်ကူးကောင်းရှာပါပေတယ်”

ခင်ပွန်းသည်နှင့် အတွေ့မခံလို၍ ရှာရန်မလွယ်သော တောရ ဓမ္မကျောင်းတွင် ပုန်းအောင်းနေရုံမဟုတ်သေး။ တရားများအားထုတ်၍ လောကုတ္တရာအလုပ်လုပ်နေရှာသော ဒေါ်နုနုဝေကို တွေ့ခွင့်ရခဲ့လျှင်...

‘ပြေလည်တန်ကောင်းပါရဲ့”

သီတဂူမြိုင်တွင် ဖြစ်ပေါ်နေသော အရှုပ်အထွေးအလျို့အဝှက် ...အားလုံး၏ ကြိုးစသည် ဒေါ်နုနုဝေ၏ လက်တွင် ရှိမနေသော်မှ ဖြေရှင်း ...ိုင်မည့်လမ်းစကို သူညွှန်ပြလိမ့်မည်ဟူသော ခံယူချက်၊ မျှော်လင့်ချက်များ ...ဖြင့် ရောက်ရှိလာသော ရဲအရာရှိမလေး သက်ထားမွန်။

“ရှေးက တောအုပ်အုပ်ဟာ အင်ကြင်းပင်တောရပဲ။ ဝေဘူဆရာ ...တော်ဘုရားက အဲဒီမှာ လေးလ၊ ရွှေဘိုအောင်မြေကျောင်းမှာ လေးလ၊

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆည်ဝေဘူတောင်မှာ လေးလ၊ တစ်နှစ်ကို လေးလစီ သုံး ကျောင်းပြောင်းပြီး သီတင်းသုံးတယ်"

လှည်းမောင်းသမားလေးက ရှင်းပြရှာပါ၏။

လာဘ်လာဘ မျှော်ကိုးခြင်းမရှိ၊ သည်းခံခွင့်လွှတ်ခြင်းအပြည့်ဖြင့် လောကီအကျိုးစီးပွားကို လုံးဝမျှော်ကိုးခြင်းမရှိပါဘဲနှင့် နိဗ္ဗာန်ရောက် ကြောင်း ဝိပဿနာတရားသက်သက်ဖြင့် အေးငြိမ်းမှုကို ကျင့်ကြံအားထုတ် ရှာသော ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကို သက် ထားမွန် ကြားသိ ကြည်ညိုပြီး ဖြစ်ပါ၏။

"ယောဂီ ဒေါ်နုဝေ ရှိတယ်။ ခုပဲ ရေချိုးတဲ့နေရာ သွားတယ် လာလိမ့်မယ်၊ စောင့်နေပါ"

အင်ကြင်းပင်တောရ၏ နောက်ဘက်တွင်ရှိသော ကမ္မဋ္ဌာန်းဇရပ် ကလေးများ၏ ရှေ့တွင် သက်ထားမွန်စောင့်နေရသည်။ ရေချိုးသည့်နေရာ သို့ ခပ်လှမ်းလှမ်းမှ ကြည့်မိသည်။ အုတ်ကန်ငယ်ငယ်လေးများထဲ[illegible] တစ်ယောက်စာ ရေဖြည့်၍ ခပ်ချိုးနေကြသော ယောဂီများသည် လော[illegible] ကီစွဲအညစ်အကြေးများကို ဆေးကြော၍ အေးငြိမ်းမှုကို ရယူနေသလို[illegible]

"ဒေါ်နုဝေက မေးပါတယ်။ ဘာကိစ္စနဲ့ တွေ့ချင်ပါသလဲ။ ဘယ်သူ က တွေ့ချင်ပါသလဲတဲ့"

"သြော်...ကျွန်မကို နန်းမြင့်မေက လွှတ်လိုက်ပါတယ်လို့ပြော ပေးပါရှင်"

သည်သို့ အကြောင်းပြမှ သူအတွေ့ခံဖြစ်လိမ့်မည်ထင်သည် အတိုင်းပင်...

"လာ...ကလေး...ဟိုက အင်ကြင်းပင်အောက်ကိုသွားပြီး စကား ပြောကြရအောင်...ဒေါ်နုနုဝေဆိုတာ ဒေါ်ဒေါ်ပဲ"

"အို..."

သူက တည်ငြိမ်စွာ ရှေ့မှ လှမ်းလျှောက်သွားသည်။ သက်ထား မွန်မှာ အာမေဍိတ်များ ထွက်သွားလောက်အောင်ပင် အံ့သြခြင်း ဖြစ်ရ ပြီ။

"လှပနုပျိုလွန်းသော ဒေါ်နုနုဝေရယ်"

သက်ထားမွန်စိတ်က အဘွားကြီး တရားမမွှန့်နှင့် မွေ့လျော်ရမည့် အရွယ် အသက်ငါးဆယ်ကျော် ဦးဘဆက်နှင့် ရွယ်တူတန်းတူလောက် ရှိ မည်မှန်းသော်လည်း...

ယခု ဒေါ်နုနုဝေသည်...

အသက်လေးဆယ်မပြည့်သေး၊ ဖွေးနုသော အသားအရေ၊ ရှန်းလဲ့ ဝိုင်းကြည်သော မျက်ဝန်း၊ ချွန်မြသော နှာတံ၊ နှုတ်ခမ်း ပန်းနုရောင်လေး နှင့် လှပသော နဖူးပြင်လေးအထက်မှ နက်မှောင်များပြားသော ဆံပင် တစ်ပုံကြီးကို ခပ်မြင့်မြင့်လေး ထုံးဖွဲ့ထားရှာသည်။ လှပပျိုဆဲ၊ လှပ်ရှားနိုင် ဆဲ အရွယ်ငယ်တွင် လောကီကိစ္စများကို စွန့်ခွာသွားရှာသူ ဒေါ်နုနုဝေကို နှမြောနေမိသလို သက်ထားမွန်ခံစားရသည်။

"နန်းမြင့်မေ အခုဘယ်မှာလဲ၊ ဘာကိစ္စနဲ့ မိန်းကလေးက ရောက် လာရတာလဲ ပြောပါ"

"ကျွန်မနာမည် သက်ထားမွန်ပါ။ ရဲအထူးထောက်လှမ်းရေးကပါ"

"ဟင်..."

တည်ငြိမ်နေသော ဒေါ်နုနုဝေမှာ နောက်သို့ တွန့်ဆုတ်၍ မျက် မှောင်ကြုတ်ပြီး ကြည့်လာသည်။

"ဒီလိုပါ မမနု...မမနုလို့ပဲ ခေါ်ပါရစေရှင်။ ဒေါ်ဒေါ်လို့ ခေါ်ထိုက် လောက်အောင် ရင့်ရော်ခြင်း မရှိသေးလို့ပါ"

"ကြိုက်သလို ခေါ်ပါ။ ဒါနဲ့ နန်းမြင့်မေအတွက် လာတယ်ဆို သလားလို့"

"ဒီအတွက်လည်း ပါပါတယ်ရှင်၊ ကျွန်မဟာ ရဲထောက်လှမ်းရေး အဆိုပေမယ့် မမနုကို ဒုက္ခပေးဖို့ ရောက်လာသူ မဟုတ်ပါဘူး၊ ကူညီပါ လို့ တောင်းပန်ရအောင် ရောက်လာတာပါရှင်"

"အင်း...သီတဂူမြိုင်မှာ ဘာဖြစ်ကြပြန်ပြီလဲ၊ ဒါနဲ့ နန်းမြင့်မေ အကြောင်း အရင်သိပါရစေ"

"နန်းမြင့်မေဟာ သီတဂူမြိုင်ရဲ့ သုံးထပ်ပေါ်မှာ ချုပ်နှောင်ခံနေ ရပါတယ်။ ဒါပေမဲ့ ဒီနေ့ပဲ သက်ဆိုင်ရာ ရဲတွေက သူ့ကို သွားခေါ်ထုတ် ကြပါလိမ့်မယ်။ ဒီအတွက်တော့ မပူပါနဲ့ မမနု"

အားလုံး ...

www.burmeseclassic.com

www.burmeseclassic.com

"အင်း...သနားစရာလေးပါ၊ သူ့ကို ဒီလာဖို့ မှာထားတယ်၊ ဒါပေမဲ့ သူတို့က လက်ဦးသွားခဲ့တယ်ကွယ်"

"ဟုတ်ကဲ့...ဒီနေရာကို သူညွှန်လို့ ကျွန်မလိုက်လာခဲ့တာပါ"

"အင်း...သူတို့တော့ မသိလို့ပဲ ထင်တယ်။ ဘယ်သူမှ လိုက်မလာ ခဲ့ကြဘူး"

"ဟုတ်မှာပါ"

"ကဲ...ပြောပါ၊ သက်ထားမွန်က ဘာတွေသိချင်သလဲ၊ ဒီက ဘာ တွေ ပြောရမလဲ"

"အမိက ကတော့ ဦးဘဆက်နဲ့ ဦးတိုးညွှန့်တို့ရဲ့ အာဃာတတရား ဘာကြောင့် ဒီလောက်ကြီးကြရသလဲဆိုတဲ့ အခြေခံအကြောင်းကို သိချင် ပါတယ်။ ပြီးတော့မှ...ပြီးတော့မှ"

"မေးပါ"

"ဟို...လေးနုထွေး သေဆုံးရပြီးတဲ့နောက်မှာ ဘယ်လိုခံယူချက် နဲ့ မမနုသီတဂူမြို့င်က ပျောက်ဆုံးသွားရတယ်ဆိုတဲ့အချက်ရယ်၊ နောက် ဆုံးအနေနဲ့"

"အင်း..."

"နန်းမြင့်မေနဲ့ပတ်သက်တဲ့ ရာဇဝင်လေး သြော်...ပြီးတော့ ရှိ သေးတယ်။ ဒေါ်အိမြွေနဲ့အတူ ဘယ်သူများ အနီးကပ်ရှိနေသလဲ ဆိုတဲ့ ကိစ္စတွေ"

"မအိမြွေတို့ ရှိနေသေးတယ်လား"

ဒေါ်နုနုဝေက စိတ်မချမ်းမြေ့သော မျက်နှာနှင့်မေးလှာသည်။

"ဟုတ်ကဲ့...ဘိုးတော်မင်းလူရော မန်နေဂျာ ဦးဟန်ညွှန့် အားလုံး ရှိနေကြပါတယ်"

"အင်း...ကိုဘဆက်...ကိုဘဆက်၊ သမီးလေးတစ်ယောက် ရင်းပြီး အနိုင်လိုချင်ရှာတဲ့ သူ့ကိုယ်မှာ ရာဂမီး၊ လောဘမီး၊ ဒေါသမီး ဝိုင်းဝိုင်းလည်နေတုန်းပါလား"

"ဟုတ်ကဲ့...အပြစ်မဲ့သူတွေ လွတ်ငြိမ်းချမ်းသာနိုင်ခွင့်ရဖို့အတွက်"

"လှ ကျွန်မသိပါရစေရှင်"



"သက်ထားမွန်ဟာ ရဲဘက်က အစစ်ပဲနော်"

"ဟုတ်ပါတယ်ရှင်၊ ဒီမှာ ကျွန်မရဲ့ မှတ်ပုံတင်ကတ်ပါ"

"ဟုတ်ပါပြီ၊ ဒါနဲ့ ရဲမောင်မောင်ရော"

"သူ့ကို ဖမ်းထားဆဲပါပဲ မမ"

"အင်း...ဒုက္ခ...ဒုက္ခ"

တရားရှင်၏ ရင်တွင် တစ်ဦးတည်းသော သမီးလေး၏ ပရိဒေဝ မီးလေး တစ်ညွှန့်ပြန်တက်လာခဲ့လေသလားပင် ညှိုးနွမ်းသော မျက်နှာ ထားနှင့် တွေဝေသွားရှာသည်။

"မမနုဆီမှ ရောက်မလာခဲ့ရင် ပြဿနာတွေရဲ့အစကို ဘယ်ကစ ပြီး ရှာရမှန်းမသိလို့သာ မတတ်နိုင်တဲ့အဆုံးမှာ ရောက်လာခဲ့ရတာပါ။ တရားရဲ့အရိပ်မှာ အေးငြိမ်းနေရှာတဲ့ သူတော်စဉ်တစ်ယောက်ကို လာ ရောက် နှောင့်ယှက်မိတဲ့အတွက် ခွင့်လွှတ်ပါရှင်၊ ကျွန်မတကယ်ပဲ စိတ် မကောင်းမိပါဘူး"

"ရပါတယ် မိန်းကလေး။ ဟုတ်တယ် ဒီပြဿနာတွေကိုကာယကံ ရှင်တွေကလွဲရင် ဒီကမ္ဘာပေါ်မှာ သိထားတဲ့သူဟာ တစ်ယောက်တည်း ရှိတယ်။ အဲဒါလည်း ဒေါ်ဒေါ်ပဲ"

"သြော်...ဟုတ်ကဲ့ပါရှင်"

"လောကီကိစ္စတွေကို စွန့်လွှတ် ဥပေက္ခာပြုလိုက်ပြီဆိုပေမယ့် ဒေါ်ဒေါ်သိသမျှ တမလွန်အထိ သယ်ယူသွားလို့ မဖြစ်ပေဘူး၊ ချမ်းသာသင့် သူ ချမ်းသာခွင့်ရပါစေ၊ ဒေါ်ဒေါ် အစအဆုံး ပြောပြလိုက်ပါမယ်"

"ဟုတ်ကဲ့...ကျေးဇူးတင် ဝမ်းသာလိုက်တာရှင်"

"ဒါနဲ့ မိန်းကလေးက ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ"

"ဒီညနေ နဘားခေါက်ပြန်ရထားနဲ့ပဲ ပြန်ဖို့ စိတ်ကူးထားပါတယ်"

"အို...အချိန်သိပ်မရပါလား"

"ဟုတ်ကဲ့...မမအနေနဲ့ရော ကျွန်မကို ခုလိုချက်ချင်းကြီး ပြောပြ နိုင်ပါ့ရဲ့လားရှင်"

"ပြောရမှာပေါ့...စားမှုသောက်မှုကိစ္စလည်း ပြီးပြီ။ ရှစ်ပါး သီလ ခံယူထားလို့ အခုဒေါ်ဒေါ် ပြောမယ့်စကားတွေဟာ အားလုံး အမှန်

www.burmeseclassic.com

www.burmeseclassic.com

တွေချည်း ဖြစ်စေရပါမယ်”

“အို…ယုံကြည်ပြီးသားပါရှင်”

“ကဲ…ဒါဖြင့် တစ်ထိုင်တည်းပဲ ပြောလိုက်တော့မယ်။ အကြောင်းအရာက ဇာတ်ထုပ်တစ်ထုပ် ခင်းပြလို့ရအောက်အောင် ကျယ်ဝန်းနက်ရှိုင်းလှပါတယ်သက်ထားမွန်၊ စိတ်ရှည်ရှည်ထားပြီး နားထောင်နော်…အဖြစ်အပျက်က ဒီလိုကွယ်…”

\+ + + +

## အခန်း (၁၇)

“သမီးလေးတစ်ယောက်လည်း ရလာပြီ၊ ကိုကိုရဲ့ အကျင့်တွေကိုလည်း နည်းနည်းပြင်ဦးမှပေါ့ကိုကို။ တခြားအပေါစား မိန်းမတွေနဲ့ ပွေချင်တိုင်းပွေ…ဖြစ်ချင်တိုင်းဖြစ်နေတာလဲ…ဝေ ဘာပြောခဲ့လဲ…အခု ‘မစောနဲ့’ ကိုတော့ မကြုံစမ်းပါနဲ့။ သူ့အစ်ကိုက မိုက်ကမိုက်နဲ့”

“ဘာလဲ…စစ်ပြန်တိုးသျှန်ဆိုတဲ့ကောင်မဟုတ်လား၊ သူ့ထက်ကြီးတဲ့ ကောင်တွေကိုတောင် ငါမကြောက်ဘူး။ မင်းအသာနေစမ်းပါ”

နဂိုကမှ အေးဆေးတည်ငြိမ်၍ ဘုရားတရားကိုင်းရှိုင်းသော ဒေါ်နုနုဝေမှာ အသာနေစမ်းပါဆိုသည်နှင့် အသာပင် ငြိမ်နေလိုက်ရသည်။ အသက်နှစ်ဆယ်လောက် ငယ်သော်လည်း ဆိုးနွဲ့အနိုင်ယူ၍မရ၊ အမြဲတစေ ကြောက်ရွံ့နေရလေသော ဒေါ်နုနုဝေ…။

ဦးတိုးသျှန်နှင့် ဦးဘဆက်တို့သည် ပြင်ဦးလွင်ဇာတိ–ငယ်သိများ ဖြစ်ကြသော်လည်း သိပ်ပြီး ရင်းနှီးလှခြင်းဖြင့် မရှိခဲ့…နောက်ပိုင်းတွင် ဦးတိုးသျှန်က စစ်တပ်ထဲသို့ ဝင်သွားခဲ့သည်။

ဦးဘဆက်က အိုင်အက်စ်စီ အထက်တန်းအထိ ပညာဆည်းပူးခဲ့ပြီး သင့်တင့်စွာ ချမ်းသာသော မိဘများ၏ အမွေကို ဆက်ခံပြီး ဒေါ်နုနုဝေနှင့် လက်ထပ်ကာ ပြင်ပစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်နေခဲ့ရာမှ…နှစ်များစွာ ကြာလာသည့်အခါ…

ဦးတိုးသျှန်မှာလည်း အရာခံဗိုလ်ဘဝနှင့် သားချည်းလေးယောက် ရှိခဲ့သည်။ တောင်ငူသူနှင့် အိမ်ထောင်ကျခဲ့ပြီး ဇနီး၏ အလိုလိုက်ကာ စစ်တပ်မှ ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ပြင်ဦးလွင်တွင်လည်း မိဘများ မရှိတော့သော နှမလေး မစောနွဲ့ တစ်ယောက်တည်းဖြစ်နေ၍ စစ်တပ်မှ အငြိမ်းစားယူကာ ဇာတိရွာသို့ ပြန်လာ၍ ခြံမြေကို လုပ်ကိုင်၍ နေခဲ့ရှာသည်။

ဦးတိုးသျှန်၏ နှမလေး 'မစောနွဲ့' ကို အပိုင်ကြံနေသူက-

"ဦးဘဆက်..."

ထိုစဉ်က ဦးဘဆက်တွင် ညီ "ဦးဘသက်"ဆိုသူ လူပျိုကြီးလည်း အတူရှိနေခဲ့သည်။

သည်လိုနေကြရင်း တစ်စတစ်စနှင့် မစောနွဲ့၏ ကိုယ်ဝန်က ဖုံးမရ ဖိမရသော အခြေအနေသို့ ဆိုက်ရောက်လာလေမှ အစ်ကိုဦးတိုးသျှန် သိရှိခွင့်ရတော့သည်။

"ငါသတ်ရရင်တော့ သေတော့မှာပဲ။ ဘယ်...ဘယ်သူနဲ့လဲ၊ ပြောစမ်း...ပြောစမ်း"

နှမ၏ အဖြစ်ကိုလည်း မကြည့်ရက်၊ အရှက်မှဖြစ်သော ဒေါသမီးကလည်း အသည်းနှလုံးကို လောင်ကျွမ်းမတတ်ပါပင်...

"ပြောစမ်း...ဘယ်ခွေးမသားနဲ့လဲ"

မစောနွဲ့ မပြောလျှင်မဖြစ်တော့။ ကြောက်ရွံ့ခြင်းကြီးမားစွာဖြင့် ခံစားမှုအထွဋ်အထိပ်မှ ပြောရသောစကားများမို့ အသံက ပုံမမှန် တုန်ခါလွန်းနေ၍-

"ကို...ကို...ဘဆက်..."

မပီမသဖြစ်ရသည့်အထဲတွင် တိုးတိတ်လွန်းနေ၍ ကြီးမားသော လွဲချော်မှုကြီးဖြစ်ခဲ့လေသည်။

"ဘသက် ဟုတ်လား။ ငါကိုယ်တိုင် သွားရှင်းမယ်"

"အစ်ကို...အစ်ကိုရေ..."

မစောနွဲ့ အသံကုန်ခေါ်သော်လည်း မရတော့။ တူလေးများ ရှေ့မှောက်မှာပင် မစောနွဲ့ပစ်၍ လှဲချလိုက်မိသည်။

ကိုယ့်ပြဿနာကိုလည်း ကိုယ်မရှင်းတတ်၊ နုနုဝေကိုကွာ၍ တင့်တောင့်တင့်တယ် လက်ထပ်ယူပါမည်၊ လာခဲ့ပါမည်ဆိုသော ကိုဘဆက်၏ စကားကို ယုံစားနေမိရာမှ သူမပေါ်လာပြန်တော့လည်း မျှော်ရုံ



လွဲ၍ မစောနွဲ့ ဘာမျှမကြံစည်တတ်ခဲ့။

'ကိုဘဆက်'နှင့် 'ကိုဘသက်'နားကြားလွဲ၍ ထွက်သွားသည်ကိုလည်း မစောနွဲ့မသိခဲ့။ အလိမ်ခံလိုက်ရသော အရိုးခံမလေး မစောနွဲ့မှာ သတိမေ့မြောမတတ် လူးလိမ့်ငိုနေမိတော့သည်။

ကိုဘဆက်၏ ညီ ကိုဘသက်မှာ အစ်ကိုလို အရည်အချင်းရှိသူ မဟုတ်ပေ။ အစ်ကို့ထံနေ၍ အစ်ကိုစီစဉ်သမျှ နောက်ကလိုက်လုပ်နေရသောသူ၊

"ကဲ...ဟော့ကောင် ဘသက်၊ လာစမ်းပါဦး။ မင်းနဲ့ငါနဲ့ စာရင်းရှင်းစရာရှိလို့"

"ကိုတိုးသျှန်ကလဲဗျာ၊ ဘာလဲဗျ"

"ငါ နှစ်ခွန်းပဲ မေးမယ်၊ မင်း ငါ့နှမကို ယူမလား၊ မယူဘူးလား"

"ဗျာ..."

အူကြောင်ကြောင် ယောင်နနဖြစ်နေရာမှ မီးခိုးထွက်မတတ် ဒေါသကြီးနေသော ကိုတိုးသျှန် မဖမ်းမိနိုင်မီမှာပင် အိမ်ပေါ်သို့ ခြေကုန်သုတ်၍ ပြေးခဲ့လေတော့သည်။

"ကိုတိုးသျှန်ရယ်ဗျာ၊ သူ့နှမနဲ့ကျွန်တော့်ကို အတင်းလာပေးစားနေတယ် မနုဝေ"

သိလိုက်ပါပြီ။ ကိုဘဆက်၏ စနက်မီးသည် ကိုဘသက်ထံ ကူးစက်တောက်လောင်တော့မည်ဆိုသည့်အဖြစ်ကို...

အိမ်ထဲတွင် ဝင်ရှင်း၍မတော်သဖြင့် ကိုတိုးသျှန် အိမ်ပြန်လာခဲ့သည်။

"အဖေရေ၊ ဒေါ်လေးကို ကြည့်ပါဦး"

ညီအစ်ကိုတစ်တွေက ဝိုင်းဝန်းဖိနှိပ်ပေးနေကြသည်။ မစောနွဲ့မှာ မီးစပ်မှ အမြှုပ်တစီစီ ထွက်နေဆဲနှင့် အသက်ကုန်နေရှာလေပြီ။

သူ့ဘေးတွင် သီးနှံခြံမြေအတွက် သုံးရန်ထားသော ပိုးသတ်ဆေးလင်း။

\+ + + +

www.burmeseclassic.com

www.burmeseclassic.com

"လူပျိုကြီးကိုဘသက်ကို စစ်ပြန် ကိုတိုးသျှန်က သူ့ခြံအနီးမှာ ဓားနဲ့ ခုတ်သတ်လိုက်လို့တဲ့"

ဆိုသောသတင်းစကားသည် ပြင်ဦးလွင်၏ အနီးနားတစ်ဝိုက်တွင် ပြန့်နှံ့၍ သွားတော့သည်။

"မစောနွဲ့ အဆိပ်သောက်လို့ ဆေးရုံရောက်နေပြီ၊ ဗိုက်ထဲမှာလည်း ကိုယ်ဝန် ၅လနဲ့တဲ့"

တစ်နေ့တည်း သေဆုံးကြသော အလောင်းနှစ်လောင်းအတွက် ဆက်နွယ်တွေးယူသူတိုင်း အဖြေထွက်ပြီးသား...

"လူပျိုကြီး ကိုဘသက်...ကိုတိုးသျှန်၏ နှမကို စော်ကားပြီး လက်ထပ်မယူ၍ သူ့အစ်ကိုက ဓားနှင့်ခုတ်သတ်လိုက်ပြီ"

ကိုဘသက်ခမြာ အချောင်သေရသည်။ မစောနွဲ့လည်း ဘဝဆုံးခဲ့ရပြီ၊ ကိုတိုးသျှန်လည်း ဥပဒေ၏ ဒဏ်ပေးခြင်းကို လှလှကြီး ခံရပေတော့မည်။

"လွတ်နေသူက ကိုဘဆက်"

"ကိုဘဆက်ကမှ သရဖူဆောင်းနိုင်ဆဲ"

ကာယကံရှင်များမှလွဲလျှင် ယင်းအဖြစ်အပျက်များကို သိရှိသူ တစ်ယောက်တည်းသာ ဤကမ္ဘာပေါ်မှာ ရှိလေသည်။ သူကား

မနုနုဝေ...

'ပြီးတာတွေ ပြီးပါစေတော့'ဟူသော စကားနည်းရန်စဲဖြင့် နှုတ်ဆိတ်နေမိသည်။ ကိုဆက်ကလည်း ဓားကြိမ်းကြိမ်းထား၍ မနုနုဝေ နှုတ်ဆိတ်နေခဲ့မိသည်မှာ ယနေ့အထိပါ။

ထိုပြစ်မှုနှင့် ပတ်သက်၍ ဦးတိုးသျှန် ထောင်ဒဏ်အပြစ်ရခဲ့လေသတည်း။

\+ + + +

## အခန်း(၁၈)

ဆယ်နှစ်ဆိုသောကာလသည် ရေတွက်နေလျှင်သာ ကြာသည်။ အကယ်နေကြည့်လျှင် လျင်မြန်စွာ ကျော်ဖြတ်လာတတ်ချေသည်တကား။

မိခင်ဆုံးပြီးနောက် ဦးတိုးသျှန်၏သားကြီး ကိုရဲခေါင်သည် ညီငယ်လေးများကို နိုင်နင်းစွာ ထိန်းကျောင်းလာနိုင်ခဲ့ရှာသည်။ အသက်သုံးဆယ်ကျော်လွန်သည့်တိုင် အိမ်ထောင်မပြုရှာသေး။ ဒုတိယညီ ကိုရဲအောင်က ...ယူပြီးပြီ၊ မန္တလေးသူနှင့် မကြာမီလက်ထပ်တော့မည်။

ကိုရဲနောင် ဆယ်တန်းအောင်သည့်နှစ်တွင် ဦးတိုးသျှန် ထောင်မှ လွတ်လာခဲ့သည်။

"သားတို့အဖေ ထောင်ထဲက ပညာတစ်ခုရလာခဲ့တယ်။ အဲဒီပညာနဲ့ တို့သားအဖတစ်တွေ အားကြိုးမာန်တက်လုပ်စားရင် နောင် သားမြေးဆက်အထိ စားသွားရမယ့်လုပ်ငန်းကွ၊ သိပ်အလုပ်ကြိုးစားတဲ့ ...လုံ့လကြီးတဲ့ ငါ့သားရဲနောင် ဦးစီးပြီးလုပ်ရင် ပိုကောင်းမှာ"

"အဖေ့ဟာ ဘာအလုပ်မို့လဲ"

"ဒီလိုသား...အဖေနဲ့ ထောင်ထဲမှာ သိပ်ပြီး ရင်းနှီးခဲ့တဲ့ လူတစ်ယောက် ရှိတယ်။ 'ဦးကျင်တိတ်'တဲ့။ တရုတ်မြန်မာကပြားပဲ။ တရုတ်ပြည်ကို အပြီးပြန်ပြီးမှ ပြန်ခိုးဝင်လာပြီး နေထိုင်ရင်း မိသွားသူပဲ။ သူဟာ သူ့နိုင်ငံက ပြန်ခေါ်ရင် ဟိုနိုင်ငံပြန်သွားရမယ်၊ ပြန်မခေါ်သမျှ ထောင်ထဲမှာပဲ နေရမယ်။ ဒီတော့ သူရလာတဲ့ ပညာတစ်ခုဟာ ဒီမြန်မာပြည်မှာ သုံးခွင့်ရတော့တာမို့ အဖေ့ကိုပေးခဲ့တာပဲ။ ဖော်မြူလာတစ်ခု"

"ဘာဖော်မြူလာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"အလှကုန်ထုတ်လုပ်ရေးအတွက် ဖော်စပ်နည်းပညာပဲ၊ သားတို့ရဲ့ သိပ်အဖိုးတန်တယ်"

"ဘယ်လို အလှကုန်တွေလဲအဖေ"

"အသားလှ မိတ်ကပ် အရောင်သုံးလေးမျိုး ထုတ်လုပ်နိုင်ဖို့ရယ် နှုတ်ခမ်းနီအရောင်အမျိုးမျိုး၊ မျက်နှာလိမ်းပေါင်ဒါနဲ့ ရေမွှေးထုတ်လုပ်မှုပဲ"

"ဖြစ်ပါ့မလားအဖေ"

"ဟာ...ဘာလို့ မဖြစ်ရမှာလဲ၊ ရေမွှေးပဲ ကုန်ကြမ်းရှားတာ၊ ကျန်တာတွေ အားလုံးရနိုင်တယ်။ ပေါ်တယ်။ ဓာတုဗေဒနည်းနဲ့ ဖော်စပ်ပုံဖော်ပြချက် အဖေအားလုံး သိခဲ့ပြီးပြီ၊ ဒါအောင်မြင်ပြီး လူကြိုက်များလာရင် တို့သားအဖတစ်တွေ သူဌေးဖြစ်ပြီကွ"

"ကောင်းပြီအဖေ၊ ဒါဆိုရင် သားကျောင်းဆက်မတက်တော့ဘူး။ ကိုရဲအောင်လည်း အိမ်ထောင်ပြုမယ်၊ ရဲမောင်လည်း ကျောင်းတက်ပါစေ၊ အစ်ကိုကြီးရယ် ကျွန်တော်ရယ်' အတူကြိုးစားမယ်အဖေ"

ကိုရဲနောင်က ပြောသည်။

သားတွေ အပြိုင်းအရိုင်း ကာယစွမ်းအား၊ ဉာဏစွမ်းအားနှင့် ကြိုးစားကြမည့် သားများကို ကြည့်၍ ဦးတိုးသျှန် ပီတိတွေ တိုးလျှံရှုံသား မက လျှံဝေနေတော့သည်။

အံ့ဩစရာကောင်းလောက်အောင် တိုက်ဆိုင်မှုတစ်ခုက ရှိနေခဲ့သည်။

ဦးတိုးသျှန် ထောင်ထဲမှ မထွက်မီ နှစ်နှစ်ခန့်အလိုကပင် ဦးဘဆက်သည် အမျိုးသမီးများ အလှပြင်ဆင်ရန် အသားလှမိတ်ကပ်ကို တီထွင်ထုတ်လုပ်နေချိန်ဖြစ်သည်။ မအောင်မြင်သေး၊ ရောင်းဈေးကွက်သို့ အသင့်အတင့် ဝင်ဆံ့နေပေပြီ။ အောက်မြန်မာပြည်သို့ မဆင်းနိုင်သေးသော်လည်း မန္တလေးဈေးကွက်တွင် တွင်ကျယ်စပြုနေချိန်...

"ဆရာ...ဟိုစစ်ပြန် ထောင်ထွက်ကြီး ဦးတိုးသျှန်ဆိုတဲ့လူက ဆရာ့လိုပဲ လိုက်လုပ်နေပါလား။ အလှကုန်တွေ ထုတ်နေပြီ"

"ဟေ..."

ဦးဘဆက်က အံ့ဩခြင်းနှင့် ဒေါသထွက်ခြင်းတို့ ရောထွေးနေတော့သည်။

"တောက်...ငါ့ညီကိုလည်း သတ်ပြီးပြီ။ ငါ့လုပ်ငန်းကိုလည်း လိုက်တုပြီး ဖျက်ဆီးမယ့်ကောင်၊ ဒီကောင် ငါ့ကိုတယ်ပြီး ဒုက္ခပေးပါလား"

သူပေးခဲ့သော ဒုက္ခကြောင့် မစောနွဲ့နှင့် ရင်သွေးလေးတို့ အသည်းနှလုံးကြေကွဲ၍ အသက်ပါဆုံးရှုံးရသည့်အဖြစ်ကို သူကိုယ်တိုင် ပင် မေ့ထားလေရော့သလား။

"အေး...သူထုတ်လုပ်တဲ့ အလှကုန်တွေ အကုန်ရအောင် သွားဝယ်ခဲ့စမ်း"

"အားလုံး ဖောက်သည်ယူခဲ့ရမှာလားဆရာ"

"ဟာ...ဒီခွေးမသား နားဝေးလိုက်တာ၊ အမျိုးစုံအောင် တစ်ခုစီ ဝယ်ခဲ့ဖို့ ပြောတာဟ"

ပြင်ဦးလွင်ဈေးထဲသို့ သူ့တပည့်သွားနေချိန်တွင် ဦးဘဆက်မှာ ဂဏှာမငြိမ်နိုင်တော့။ သူ့လုပ်ငန်းကို လိုက်တု၍ လုပ်သည်ဆိုကတည်းက အသည်းတုန်အောင် မခံချင်နေမိသည်။

"ကိုကိုရယ်...အဘိဓမ္မာတွေ ပွားလိုက်တာ၊ ကိုကို့လုပ်ငန်းအတိုင်း လိုက်ပြီး တုပလုပ်တယ်ဆိုရင်တော့ သူ့ကို တရားရုံးမှာ တရားစွဲပေါ့။ ဥပဒေတွင်းက ဖြေရှင်းယူပေါ့။ သူလည်း သူ့ဟာသူ လုပ်တာဆိုရင်တော့ သည်းခံခွင့်လွှတ်လိုက်ပါကိုကိုရယ်...။ သမုဒ္ဒရာရေကို တစ်ယောက်တည်း သောက်ချင်လောက်အောင် လောဘသဏ္ဍာရတွေ ထွက်မနေစမ်းပါနဲ့"

"ဝေ အသာနေစမ်း၊ မင်းလို ဘုရားစင်ရှေ့မှာ ထိုင်ပြီး အချိန်ဖြုန်းနေတာမဟုတ်ဘူး။ ကြီးပွားချမ်းသာဖို့ ရှာကြံတဲ့ နေရာမှာ ငါ့ရှေ့က ခလုတ်ကန်သင်းမှန်သမျှ ရှင်းပစ်ရမယ်။ ပေါက်တူးနဲ့ ဖယ်မရရင် ဘူဒိုဇာနဲ့ တိုက်ပစ်မယ် နားလည်လား"

"ဩော်...ဒုက္ခ...ဒုက္ခ၊ ကိုယ့်စီးပွားရေးလေး ထိတာတောင် နာတတ်လိုက်တာ၊ သူများနှမလေးကို စော်ကားပြီး အသက်သေစေအောင် လုပ်ထားတာကျတော့ရော..."

"ဒါ ငါနဲ့ဘာဆိုင်လဲ၊ ဒီအတွက် ငါ့ညီရဲ့ အသက်ကိုငါအလျော်

www.burmeseclassic.com

www.burmeseclassic.com

ပေးပြီးပြီ မဟုတ်လား"

"ဟုတ်တယ်၊ သေသွားတဲ့ ကိုဘသက်ကို ရှင် နေ့တိုင်းထို
ကန်တော့နေဖို့ ကောင်းတယ်။ ဟိုခမြာ ရှင့်ရဲ့ဂုဏ်သိက္ခာကို သူ့အသက်
လဲလှယ်ပေးသွားရှာတာ"

"ဒါတွေကို ပြောမနေနဲ့လို့ မင်းကို ငါပြောထားတယ်မဟုတ်လား
ငါ့ဒေါသကို နင်သိတယ်မဟုတ်လား"

"သိတယ် ဒီလိုကြမ်းတမ်းတဲ့ လူမျိုးနဲ့ ယှဉ်ပြောနေရင်လည်း
ကျွန်မပဲ အကုသိုလ်ပွားမယ်။ သွားပါရှင်...ရှင်လုပ်ချင်ရာသာ လုပ်
ကျွန်မ တရားမှတ်နေပါတယ်။ အနှောင့်အယှက်မပေးပါနဲ့"

"ဝေ မင်းဟာ လင်နဲ့သားနဲ့ နေဖို့ မကောင်းဘူး။ ယောဂီမလု
ပြီး တရားကျင့်နေဖို့ပဲ ကောင်းတယ်"

"နေချင်ပြီလားရှင်...ကိုယ်မွေးထားမိတဲ့ မီးလေးဖြစ်
သမီးလေး လေးနုထွေးအတွက် ကျွန်မ ဒီလို လောဘ၊ ဒေါသနယ်မြေ
မှာ နေနေရတာပါ"

"အေး...ငါ့စီးပွားရေးမှာ မပါချင်နေပါ။ သမီးလေးကိုတော့ မင်း
ကောင်းကောင်းကြည့်။ အားတိုင်း ဘုရားရှေ့မှာချည်း ထိုင်မနေနဲ့"

နုနုဝေ ဘာမှပြန်၍ မပြောတော့။ လောဘမီးတောက်လောင်
သော အနီးတွင် နေရသည်မှာ ပူလောင်လှပါဘိ၊ သမီးလေး ကျောင်း
ပြန်လာလျှင် စားသောက်ရန် အဝတ်လဲရန်များ အဆင်သင့်စီစဉ်ပြီးသည်
နှင့် ဘုရားခန်းသို့ ဝင်ခဲ့သည်။

"အောင်မယ်လေး...သော်တာအလှကုန်လုပ်ငန်းမှ ထုတ်လု
သည်ဆိုပါလား။ ကြည့်စမ်း ငါ့ရဲ့ သီတဂူ အလှကုန်ထုတ်လုပ်ရေးဆိုတာ
တုတာ ထင်ရှားနေပါလားကွ။ ဟော...လကို တင်စားတဲ့ နံမည်ချည်းပဲ"

"ဒီလိုထင်တယ်ဆရာ၊ ဦးတိုးသျှန်ရဲ့ အဖေနံမည်က 'ဦးသော်တာ
တဲ့။ သူတို့ခြံကို ကလေးလူကြီးအားလုံးက သော်တာခြံလို့ ခေါ်ကြပြီး သူ
ခြံရှေ့က လမ်းကလေးကိုတောင် သော်တာလမ်းလို့ တွင်နေပြီ။ အဲဒါ
အစွဲပြုပြီးများ...

"တော်စမ်းကွာ"

ဦးဘဆက် စားပွဲကို လက်ဝါးနှင့် ဖြန်းခနဲ ချလိုက်သံ၊ အော်ပြော
သံများကြောင့် ဘုရားရှေ့မှ ဒေါ်နုနုဝေမှာ အာရုံများ လွင့်ပြန့်သွားရသည်

"ဘူးခွံကတော့ အသုံးမကျပါဘူး။ တို့လို မခံ့ညား မသားနားပါ
ဘူး"

ဘူးခွံကို အပြစ်တင်ပြီးနောက် အသားလှမိတ်ကပ်ဘူး၏ အဖုံးကို
ဖွင့်လိုက်သည်နှင့် မွှေးကြိုင်သော အထက်တန်းကျကျ ရနံ့လေးက သင်း
ပျံ့စွာ ထွက်လာသည်။ ပန်းနုရောင် မိတ်ကပ်ဘူးထဲမှ နူးညံ့သိပ်သည်းသော
မိတ်ကပ်ဆီများကို ညက်ညက်စေးစေးလေး တွေ့ရသည်။ ပွတ်ကြည့်လိုက်
သည်နှင့် ပန်းနုရောင်ညက်ညက်ကလေး ပြေးသွားတော့သည်။

"ကွာလတီကတော့ မဆိုးပါလားကွ...ဟေ"

"ဟုတ်တယ်ဆရာ၊ အဲဒီမိတ်ကပ် အရည်အချင်း ကောင်းရတဲ့
အကြောင်းလည်း ကျွန်တော်ကြားသိခဲ့ရပါတယ်"

"အေး...အေး...ပြောစမ်း"

"နိုင်ငံခြားမှာ ထုတ်လုပ်နေတဲ့ အကောင်းစား မိတ်ကပ်ရဲ့ ဖော်
မြူလာကို ဦးတိုးသျှန်က ထောင်ထဲက ရလာခဲ့တယ်ဆိုတာပဲ"

"ဟော..."

"ဟုတ်တယ်ဆရာ...၊ နိုင်ငံခြားပြန်ပုဂ္ဂိုလ်တစ်ယောက်က ပေး
လိုက်တဲ့နည်းအတိုင်း ထုတ်လုပ်နေတာပါလို့ ဦးတိုးသျှန်ကိုယ်တိုင်က ပြော
ပြီး ရောင်းနေတာပဲ"

"အင်း...ဒီတိုင်းဆို ငါ့လုပ်ငန်းတော့ ပျက်တော့မယ်။ ငါ့မိတ်ကပ်
နဲ့ သူ့မိတ်ကပ်က တခြားစီပဲ။ သူ့ဟာကို သုံးဖူးတဲ့မိန်းကလေးတိုင်း ငါ့ရဲ့
သီတဂူမိတ်ကပ်ကို လှည့်ကြည့်ကြတော့မှာ မဟုတ်ဘူး။ တိုးသျှန်ရေ...
မင်း ငါ့ထက် တစ်ကွက်သာနေပေါ့လားကွ"

ဦးဘဆက် အိပ်မပျော်တော့။ စားချ်မဝင်တော့။ မေးကြောကြီး
များ ထောင်အောင် အံကို တင်းတင်းကြိတ်ရင်းက နေ့ရောညပါ အကြံထုတ်
ခဲ့သည်။

ရပါပြီ။

ပါးနပ်လည်ပတ်လွန်းသူတစ်ယောက်ကို တပည့်မွေး၍ သော်တာ

www.burmeseclassic.com

www.burmeseclassic.com

ခြံသို့ အလုပ်သမားအဖြစ်နှင့် စေလွှတ်ထားမည်။ ဤသူသည် ဖော်မြူလာပုံစံကို ရအောင် ခိုးယူလျက် ဦးဘဆက်ထံ အပ်နှံနိုင်လျှင် ငွေတစ်သောင်းတိတိ ရရှိမည်။

လောဘသက္ကာရနှင့်အတူ ဖွဲလုံ့လကြီးလွန်းသော ဦးဘဆက်၏ အကြံအစည်များ အထမြောက်ရန် လမ်းစရခဲ့ပါပြီ။

"ဆရာ...ဖော်မြူလာပုံစံကို ခိုးယူဖို့ မခဲယဉ်းတော့ပါဘူးဆရာ ဒါပေမဲ့ အဲဒါပျောက်သွားရင် ဆရာ့ဆီက ဆိုတာ သိကြမှာပဲ။ ပြီးတော့ ဒီစာရွက် ပျောက်ဆုံးသွားရုံနဲ့ သူတို့လုပ်ငန်း မပျက်ဘူး၊ သူ့သားတွေပါ ဖော်စပ်နည်း အလွတ်ရနေကြပြီ"

"ဒါဖြင့် ဘယ်လိုလုပ်ရရင် ကောင်းမလဲ"

"အဲဒါ ကျွန်တော်မသိလို့ ဆရာ့ဆီ လာပြောတာပေါ့။ ကျွန်တော် ခိုးယူလာရင် အလွယ်လေးပါ။ ဒါပေမဲ့ ဆရာ့ဆီက ယူခိုးတယ်ဆိုတာ သူတို့ ချက်ချင်း သိကြမှာပဲ"

"အေး...ဒီမှာ မင်းမောင် ဒီလိုလုပ်...အဲဒီဖော်မြူလာပုံစံကို မင်းကူးယူခဲ့။ ဒီအတိုင်းဖော်စပ်ပြီး ငါ့နည်းငါ့ဟန်နဲ့ စွံအောင် လုပ်ယူမယ်။ ဒီကောင်တွေ သားအဖ ငါ့လို ငွေမသုံးနိုင်ပါဘူးကွာ"

"ဟာ...သိပ်ကောင်းတဲ့ အကြံပဲဆရာ...ဒီနေ့မနက်ဖြန်စောင် ရနိုင်မှာ...ရလာရင်"

"ရော့ပတ္တမြား၊ ရော့နဂါးပေါ့ကွာ"

နောက်တစ်နေ့၌ပင် ဦးတိုးသွန်၏ စီးပွားရေးပင်မရေသောက်မြစ်ကြီးကို ကိုမင်းမောင်ယူဆောင်လာနိုင်ခဲ့လေပြီ။

"အေး...ဒါဖြစ်နိုင်တယ်...ငါ့ထက် ပိုပြီး သိပ္ပံနည်းကျတယ်။ မင်းအတွက် ဆုငွေတစ်သောင်း၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်"

"ဟုတ်ကဲ့ဆရာ"

"အဲဒီသတင်း မင်းဆီက ထွက်တဲ့နေ့ဟာ မင်းအသက်ထွက်တဲ့နေ့ပဲမှတ်"

"ဆရာ့ကို ကျွန်တော်ကြောက်ပါတယ်ဗျာ"

"အေး...ဒါဆို မင်းသွားတော့"

+ + + +

## အခန်း(၁၉)

စီးပွားရေးလုပ်ငန်းတစ်ခုအောင်မြင်ရန်မှာ ကြော်ငြာကောင်းခြင်းသည် အဓိကဖြစ်ပေသည်။

ထုတ်လုပ်သော ဘူးခွံများကိုလည်း ဦးဘဆက်ကိုယ်တိုင် ရန်ကုန်ဆင်း၍ ပလပ်စတစ်စက်ရုံတွင် ခိုင်ခန့်လှပသော ဘူးခွံများကို မှာယူသည်။ ဘူးခွံဒီဇိုင်းလှလှ၊ အရောင်စုံစုံ ရွှေစာလုံးများနှင့်မို့ ဘူးခွံဈေးက ကုန်ကျလှသည်။ ကိစ္စမရှိပါ...နာမည်ရဖို့သာ အဓိက၊ ဦးတိုးသွန်တို့ ပြုတ်ကျန်ရစ်ခဲ့ဖို့က အရေးကြီးလှသည်။

ဤတွင် အခါပေးဆရာတစ်ပါးကို ရန်ကုန်မှတစ်ဆင့် ပင့်ဖိတ်လာခဲ့သည်။

သူကား "ဘိုးတော်မင်းလူ"

"ပွဲတွေပြင်၊ ပုတီးတွေစိပ်ခိုင်း၊ ဘယ်နေ့သားက ဘာရောင်ဝတ်ပြီး ဘာအသားဆောင်၍ ပစ္စည်းကို ဘယ်နေ့ဖြန့်"

ညွှန်ကြားချက်များအတိုင်း ဦးဘဆက် တိကျစွာ ဆောင်ရွက်သည်။

တစ်ချိန်တည်းမှာလည်း မဂ္ဂဇင်းအစောင်စောင် ပွဲတော်အမျိုးမျိုးတွင် ကြော်ငြာသည်။ ကြော်ငြာရန် ခက်ခဲသော သတင်းစာများသို့လည်း ချဉ်းကပ်၊ တစ်ပတ်တစ်ကြိမ်၊ တစ်ပတ်ခြားလောက် ထည့်သွင်းစေသည်။ ကြော်ငြာစရိတ်ကို သောင်းနှင့်ချီ၍ သုံးပစ်လိုက်သည်။

ကြော်ငြာကကောင်း၊ ဘူးခွံကလှ၊ ပစ္စည်းက နိုင်ငံခြားစံချိန်မီ၍...

www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်နှင့် မနီးသောမြို့မို့ ဒီရေတက်နွံနှင့် မနှိုင်းချင်။ ရေတံခွန်များသွန်ချလာသလို ဦးဘဆက်၏ အိတ်ထဲသို့ ဝင်ငွေများ သွန်ကျလာခဲ့သည်။ လုပ်ငန်းကလည်း အရှိန်အဟုန်ကောင်းလွန်းလာ၍ အလုပ်သမားများနှင့် အချိန်ပြည့် လည်ပတ်နေရသည်။ ခြံမြေများ ထပ်ဝယ်၍ တိုးချဲ့လုပ်ကိုင်၍လည်း မနိုင်နိုင်တော့။

"ဒါ...ဘိုးတော်မင်းလှ မ, လို့"

"ဘိုးတော်မင်းလှ အခါပေးတဲ့အတိုင်းလုပ်လို့"

"ကိုကိုရယ်...ကိုယ်ကြိုးစားထားရတဲ့ ကိုယ့်အရည်အချင်းတွေ ပျောက်ကုန်ပါပြီ။ ဘိုးတော်မင်းလှကို ကိုးကွယ်ချင်ကိုးကွယ်ပါ။ သူ မ လို့ ဖြစ်ထွန်းလာတာမျိုးတော့ မဟုတ်နိုင်ပါဘူး။ သတ္တဝါတစ်ယောက်ရဲ့ ကံကြမ္မာကို ဘေးလူက မလို့ မရပါဘူး"

"မင်း အခု လက်တွေ့ စံစားနေရပြီမဟုတ်လား"

"ဒါဟာ ကိုကို့ရဲ့ အတိတ်ကံနဲ့ ပစ္စုပ္ပန်ရဲ့ ကြိုးစားမှုကြောင့်ပါ။ လူသားတစ်ယောက်ရဲ့ ကံ ဉာဏ် ဝီရိယကြောင့် ကြီးပွားတာဟာ... ဘိုးတော် မလို့ မဟုတ်ပါဘူး"

"ဒါဖြင့် မင်းရောဘာလို့ ဘုရားရှေ့မှာချည်း ထိုင်နေသလဲ"

"အေး...မင်းလည်း ဘုရားမဖို့ အားထုတ်နေသလို ငါလည်း ဘိုးတော် မ အောင် ကိုးကွယ်နေတယ် ဘာဖြစ်သလဲ"

"မဟုတ်သေးဘူး။ ကိုကို...ဘာသာရေးနဲ့ ပတ်သက်ပြီး ငြင်းချက်ထုတ်ရတာလည်း မကောင်းပါဘူး။ ကုသိုလ်ရအောင် လုပ်တာပါ။ ဘုရားမအောင် လုပ်တာမဟုတ်ပါဘူး။ ဘုရားက မလည်း မမနိုင်ပါဘူး"

"ဘယ်လို..."

"ဗုဒ္ဓဘာသာရဲ့ အနှစ်သာရစစ်စစ်ကို သိသူတိုင်းဟာ ဘုရားမမလို့ မတမ်းတကြတော့ပါဘူး။ ဘုရားရှင်ဟာ လူသားတွေ ကျင့်ကြံအားထုတ်ရမယ့် တရားတော်မြတ်များ အားလုံးကို ဒုက္ခခံ ရှာကြံပြီးတဲ့နောက် ဟောကြားညွှန်ပြသွားခဲ့ပြီ...ဘုရားရှင်ဟာ နိဗ္ဗာန်ဆိုတဲ့ အားလုံးချုပ်ငြိမ်းရာနေရမှာ...အေးငြိမ်းနေပြီ၊ ပြီးပြတ်သွားပါပြီ...သတ္တဝါအားလုံးကို မကြည့်ရှု မကယ်တင်တော့ပါဘူး။ ဒါပေမဲ့ ဝေတို့အနေနဲ့က ဘုရားရှင်



ထားခဲ့တဲ့ တရားတော်တွေကို လိုက်နာကျင့်ကြံအားထုတ်ပြီး...ဘုရားရှင်ညွှန်ပြတဲ့ လမ်းကနေပြီး အေးငြိမ်းရာ နိဗ္ဗာန်ကို သွားဖို့ ဝေတို့ ကြိုးစားအားထုတ်နေတာပါ ကိုကို..."

"အေး...အေး...မင်းဟာမင်း မမြင်ရတဲ့ နိဗ္ဗာန်ကို တမ်းတနေ... ငါတို့ကတော့ အခုလက်တွေ့ဘဝ ချမ်းသာအောင် စည်းစိမ်ရှိအောင် လုပ်ရမှာပဲ"

"ဩော်...ခက်ပါလား ကိုကိုရယ်"

နှုတ်မှပြောခြင်းမဟုတ်ပါ။ စိတ်ထဲမှ ရေရွတ်မိပါ၏။ ဤမျှလောဘမီး လောင်မြိုက်နေသူနှင့်လည်း စကားအချေအတင်ပြော၍ မနေချင်တော့။

အိမ်တွင် နတ်ကန္နားပေးသလားအောက်မေ့ရသည်။ အုန်းငှက်ပျောပွဲများ၊ အမွှေးတိုင်ဖယောင်းတိုင်များကြောင့် တစ်အိမ်လုံး မီးခိုးငွေ့ကြီးများ မစဲနိုင်အောင် ရှိနေရသည်။ ဘိုးတော်မင်းလှကလည်း နိမိတ်ယူ၍မဆုံး။ အခါပေး၍ မပြီးနိုင်။ သီတဂူမြို့တွင်သာ ခြေကုပ်ယူနေတော့သည်။

ဤသို့ စီးပွားတက်စအချိန်ကာလတွင် အိမ်သူအိမ်သားများအဖြစ်နှင့် ရောက်လာသူက ဒေါ်အိန္ဒြေတို့ မောင်နှမ...

"မင်းလည်း တရားရှင်ပဲကွာ တရားနဲ့သာ ဖြေပေါ့။ ငါတော့ မအိန္ဒြေကို ခေါ်လာခဲ့ပြီ"

'ရပါတယ်၊ စိတ်ချမ်းသာသလိုသာ လုပ်ပါ။ ဝေလည်း စိတ်ချမ်းသာသလိုပဲ နေပါရစေ"

"ဘိုးတော်ရဲ့ ဝေယျာဝစ္စတွေကိုလည်း မအိန္ဒြေကပဲ တာဝန်ယူလုပ်ပေးမှာပါ။ ပြီးတော့ သူ့မောင်ရဲ့ရောဂါကိုလည်း ကုသရအောင် ငါခေါ်လာခဲ့တာပါ"

"ဒေါ်အိန္ဒြေ"

နံမည်နှင့်လိုက်အောင် အိန္ဒြေကြီးရင့်သူဟု မှတ်ယူရအောင်လည်း ခပ်ခက်ခက်။

သူ့မျက်နှာထား တည်တည်မှန်မှန်ကြီးနှင့် စူးစူးစိုက်စိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com


နေတတ်သည်။ အရပ်က ရှည်ရှည် ပိန်ပိန်မတ်မတ်ကြီး၊ စကားက နည်းလိုက်သည်မှ အ နေသလား ထင်ယူရသည်။

ဤဒေါ်အိမ္ဓြေသည် တစ်ချိန်က ဦးဘဆက်နှင့် ပေါင်းဖက်ဖူးခဲ့သော ဇနီးသည်။

"မအိမ္ဓြေက စိတ်ချရတယ်၊ သစ္စာရှိတယ်။ ဒါကြောင့် ငါ ပြန်ခေါ်လာတာပါ။ အိမ်မှာ ထိန်းသိမ်းဖို့နဲ့ ပွဲပြင်ဖို့ကိစ္စဝိစ္စတွေ ရှိသေးတယ်မဟုတ်လား။ လူစိမ်းလည်း မတင်ချင်ဘူး။ ဝေကလည်း ဘိုးတော်ကိစ္စကို လုပ်မပေးချင်ဘူးမဟုတ်လား။ သူပဲလုပ်လိမ့်မယ်။ အသက်ကလည်း ကြီးပါပြီ။ မောင်လိုနှမလိုဖြစ်နေပါပြီ။ သူတို့ကို သုံးထပ်ပေါ်မှာ ထားမှာပါ"

"ရပါတယ်...သဘောပါ"

သူတို့နှင့်ယှဉ်၍ မပြောချင်...တွဲ၍ မလုပ်ချင်သည်နှင့်အမျှ ဒေါ်နုနုဝေ၏ နေစရာ‌ဌာနက ကျဉ်းလာခဲ့သည်။ အိမ်တွင်းရေးလည်း မပါ၊ စီးပွားရေးလည်း လုပ်စရာမလို၍ လူပိုလိုဖြစ်နေလေ...ဘုရားခန်းမှာ အချိန်ဖြုန်းဖြစ်လေ...။

တစ်နေ့တွင်...

အိမ်ရှေ့မှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံကြောင့် ဒေါ်နုနုဝေပြေးထွက်လာမိသည်။ သမီးလေးကို အင်နှင့်အားနှင့် ရိုက်ပုတ်နေသည်ကို မြင်ရသည်နှင့်...

"အမယ်လေး...ဘယ်လိုများဖြစ်ရတာလဲ ကိုကို...ကိုကို လွှတ်ပါ သေတော့မယ်"

"မေမေရယ်...ကယ်ပါဦး"

ဆတ်ဆတ်တုန်နေရှာသော သမီးလေးက ပြေးဖက်လာရှာသည်။ တရားရှင် ဒေါ်နုနုဝေ၏ ရင်မှာလှုပ်ခါရပြီ။

"မင်းဖယ်စမ်း...ခွေးမ...အသေကို သတ်ပစ်မယ်"

"မရိုက်နဲ့ကိုကို...သမီးကို ဝေလည်းဆိုင်တယ်"

"ခင်ဗျားသမီး ဘာဖြစ်လာလဲ သိရဲ့လား"

"ဟင်..."

ခြသေ့်တစ်ကောင် ဟောက်သည်ထက် အဆများစွာပိုကဲလိမ့်မည်

င်မိသည်။ ဦးဘဆက်လည်း တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

"ဘာဖြစ်လာလို့လဲ"

ဒေါ်နုနုဝေလည်း ကြုံးအော်မိသည်။

"ဟို...ဟို...ကောင်ရဲ့ သားအငယ်ဆုံး ရဲမောင်ဆိုတဲ့ကောင်နဲ့ ဥက်ကောဘုရား'မှာ ချိန်းတွေ့ခဲ့သတဲ့ဗျာ"

"ဟင်...ဟုတ်...ဟုတ်လား သမီး"

သမီးလေး လေးနုထွေး ဘာမှမဖြေ...မငြင်း။

ဝန်ခံလေပြီ။

"ဟုတ်သားပဲ သမီးလေးရယ်။ သမီးဖေဖေက သူတို့အုပ်စုကို အိုင်မ်းနေတာ သမီးအသိ။ သမီးဦးလေးကို သတ်ထားတဲ့လူရဲ့သားနဲ့မှ သွားဖြစ်ရတယ်လို့ကွယ်"

ဒေါ်နုနုဝေကိုယ်တိုင် ရင်လှုပ်လှုပ်တုန်မိသည်။ သမီးကို ဆွဲခေါ်လာခဲ့သော အခန်းတွင်းသို့တိုင် ဦးဘဆက် လိုက်၍ လာခဲ့သည်။

"ဟေ့...ဒီမှာ...ဒီကောင်တွေ ဘယ်လောက်အကြံကြီးသလဲ သိရဲ့လားဝေ...ငါ့သမီးလေးကို ဖျက်ဆီးချင်လို့ ဒင်းတို့ တမင်အကွက်ဆင်ကြတာ။

ဟုတ်နိုင်ကောင်းသည်။

တစ်ချိန်က မစောနွဲ့လိုအဖြစ်မျိုး ဖြစ်စေရအောင် ဖန်တီးယူကြင်းများလား။ ဒေါ်နုနုဝေပင် တွေးမိလာသည်။

"အေးပေါ့လေ...သူများနှမ ဖျက်ဆီးခဲ့သလို ကိုယ့်သမီးကျတော့လည်း ဖျက်ဆီးခံရမှာ"

"တိတ်စမ်း မိနုဝေ...ဒီမှာ လေးနုထွေး...နင် ဒီကောင်နဲ့ ဒီနေ့စပြီး အဆက်ဖြတ်ပါ။ မပြတ်ဘဲ ဆက်တွဲနေရင် သူတို့လက်ထဲတော့ သမီး အရောက်မခံဘူး။ ငါကိုယ်တိုင် သတ်ပစ်မယ်"

\+ \+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၀)

သီတဂူမြို့သို့ နန်းမြင့်မေ စတင်ရောက်ရှိလာသည့်အချိန်က ဒေါ်
အိခြွေတို့ ဘိုးတော်မင်းလူတို့ ရောက်ရှိမလာကြသေး။

ဆင်းရဲနွမ်းပါး၍ ပညာသင်စရိတ် ထောက်ပံ့ပါရန် လာရော
တောင်းခံသူလေး နန်းမြင့်မေမှာ ဒေါ်နုနုဝေ၏ အစ်မမှ မွေးသောသမီး
လေး...။

ဦးတိုးသျှန်ထံမှ ဖော်မြူလာခိုးယူ၍ ကြီးပွားလာကတည်းက စိတ်
မကြည်လင် မရွှင်ပျနေသော ဒေါ်နုနုဝေမှာ ငွေကြေးကို ကိုင်၍ စီမံခန့်
ပြီး မသုံးစွဲတော့...မသန့်စင် မစင်ကြယ်သော ပိုက်ဆံဟူသော အယူအ
များဖြင့် သုံးစရာရှိမှ ခင်ပွန်းထံတွင် လက်ဝေခံယူသုံးသည်။

နဂိုက ပါရမီလည်း ပါလာ၍ ထင်သည်။ လောက၏ ပလွှား
ဂုဏ်ပြိုင်မှုစသော ပကာသနများကို ဝါသနာမပါ။ အားသည်နှင့် ဘုရား
ဝေယျာဝစ္စလုပ်၊ မေတ္တာပို့ အမျှဝေ၊ ထွက်လေ ဝင်လေသိမှတ်သော
ကမ္မဋ္ဌာန်းကို စီးဖြန်း၍ ငြိမ်းအေးမှုကိုသာ ရှာကြံနေချိန်ဖြစ်ပါ၍...

"ငါ့တူမ ရောက်လာတာကို အန်တီဝမ်းသာပါတယ်။ ဒါ
အန်တီနုသဘောတစ်ခုတည်းနဲ့ မပြီးဘူးကွယ်။ ဦးလေးဦးဘဆက်ကို
ပြောကြည့်ပါ။ အားလုံးကို စေတနာရှိပေမယ့် အန်တီနု တာဝန်မယူချင်
ကွယ်။ အေးငြိမ်းချင်တယ်"

ဖယ်ခါထုတ်ခြင်းမဟုတ်ပါ။ ကိုယ့်ကိုယ်အတွက်တောင် ခင်ပွန်း
သည်ကို တာဝန်မပေးခဲ့။ ရှိသောဟင်းနှံ့စား၍ ချုပ်လုပ်ပြီး အဝတ်
ဝတ်နေခဲ့သည်။ ဆန္ဒနည်းအောင် ကြိုးစားနေချိန်မှ...သူတစ်ပါး၏ တာ

ကိုလည်း ကျေပွန်အောင် မထမ်းဆောင်ချင်တော့...။

"အန်တီနု ဦးလေးက သဘောကောင်းပါတယ်။ နန်းကို ကျောင်း
ထားပေးမယ်တဲ့။ ဒါပေမဲ့ သူ့စကားတော့ နားထောင်ရမယ်တဲ့"

"ဘာကို နားထောင်ရမှာလဲ"

"ဪ...နန်း လိမ်လိမ်မာမာ နေဖို့ပါ"

"ကိုကိုဟာ အို...တစ်မျိုးပါပဲလေး...တက္ကသိုလ်ပညာကို မယူ
ချင်ပါနဲ့တော့။ အလုပ်တစ်ခုခု ဝင်လုပ်ရင်းပဲ ကိုယ့်ဘဝကိုယ် ကျောင်းပါ
လားကွယ်"

"အန်တီနုရယ်...တစ်မိမ်းကတောင် ပေးကမ်းချင်ပါလျက်နဲ့
အန်တီနုက မဖျက်ပါနဲ့တော့၊ နန်း မန်းတက္ကသိုလ်တက်ချင်လွန်းလို့ပါ။
တက္ကသိုလ်ကျောင်းသူဖြစ်ရရင် ဘာပဲ လုပ်ရ...လုပ်ရပါ"

ပေးသူနှင့် ယူသူ ကြည်ဖြူနေကြမှ ဝင်စွက်ဖက်စရာမလိုပါ...ဟူ
သော ခံယူချက်ဖြင့် ဒေါ်နုနုဝေ ဆိတ်ဆိတ်ပင် နေခဲ့သည်။

**နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးလက်ထပ်ခြင်း**
**ကတိစာချုပ်**

**ဘဆက်**
**နန်းမြင့်မေ**

ဒေါ်နုနုဝေ မျက်လုံးများ ပြာဝေသွားမတတ် စိတ်မကောင်းခြင်း
ဖြစ်ရသည်။ ကိုယ့်ယောက်ျား မယားငယ်ယူ၍ ရူးမတတ်စိတ်လှုပ်ရှားလေ့
ရှိကြသော အမျိုးသမီးများထဲတွင် ဒေါ်နုနုဝေမပါ။ ရိုးနေခဲ့ပြီ။

ကိုယ့်အထက်က ဒေါ်အိခြွေ ရှိခဲ့သည်။ မသိ၍ လက်ထပ်ယူခဲ့ခြင်း
ပါ။ သူညာ၍ ပြောခဲ့သည်။ ကိုယ့်အောက်တွင် မစောနွဲ့ အပါအဝင် မထင်
ရှား အမျိုးသမီးများစွာကို သူပေါင်းသင်းခဲ့ဖူးသည်။ မဆန်းတော့ပါ။

အပျိုစင်တူမလေးဘက်က ရင်နာခြင်းပါ။ သားသမီးချင်း စာနာ
စိတ်မျိုးပါ။ မန္တလေးတရားရုံးတွင် လက်ထပ်ထားသော စာချုပ်၏အောက်
တွင်လည်း စာချုပ်တစ်စောင်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မနန်းမြင့်မေသည် ဦးဘဆက်၏ ပညာသင်စရိတ်များကို ပြည့်ဝစွာ ရယူခဲ့ပါသည်။ တက္ကသိုလ်မှ ဘွဲ့ရသည်အထိ ပေးကမ်းမှုကို ခံယူပါမည်။

တက္ကသိုလ် စတုတ္ထနှစ်စာမေးပွဲအပြီးတွင် ဦးဘဆက်ခေါ်ဆောင် ရာသို့ လိုက်ပါပြီး သူနှင့်အတူ ကြည်ဖြူစွာ ပေါင်းသင်းနေထိုင်ပါမည်။

ဤကတိခံဝန်ချက်စာချုပ်သည် မည်သူတစ်ဦး၏ ခြိမ်းခြောက်မှု မျှမပါ။ ကျွန်မ၏ စိတ်ဆန္ဒအလျောက် လက်မှတ်ရေးထိုးချုပ်ဆိုသော စာချုပ်ဖြစ်ကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်။

နန်းမြင့်မေ

"မြတ်စွာဘုရား၊ မိုက်လှချည့် နန်းမြင့်မေရယ်"

ဤကတိစာချုပ်သည် လက်ထပ်စာချုပ်ထက် ရက်စွဲစောသည်။

ကတိစာချုပ်နှင့် မလုံလောက်ဟုထင်၍ လက်ထပ်စာချုပ်လုပ် ထားခဲ့သော ဦးဘဆက်၊ အကြံပက်စက်လေခြင်း။

ကိုယ့်သမီးအရွယ်သာသာလေးကို တရားဝင် သူယူဦးမယ်ထင် ပါရဲ့။ ကြက်ဝက်လေးများ အစာကျွေး၍ ဝဖြိုးလာမှ သတ်စားသူနှင့် ဘာ များခြားမည်နည်း။

ပညာသင်၊ အလှတွေဆင်၊ ဝလင်အောင် ကျွေးမွေးပြီးနောက် အဆီစား၍ အသားမြိုမည့်သူ။

"ခုတော့ မသိချင်ယောင်ဘဲ ဆောင်နေလိုက်တာမယ်။ နောက် ဆုံးနှစ်ကျမှပဲ သူ့ကို အသေအချာ မေးကြည့်မယ်။ နန်းမြင့်မေက သဘော မတူဘူးဆိုရင်တော့ သက်သေအထောက်အထားနဲ့ တရားရုံးကဖြစ်စေ နန်းကို ကူညီကယ်ထုတ်ယူပေးလိုက်ပါ့မယ်လေ"

နန်းမြင့်မေ နောက်ဆုံးနှစ်တက်နေဆဲအချိန်တွင် သမီးလေး လေးနုထွေး ရဲမောင်မောင်နှင့် မေတ္တာမျှခဲ့ကြခြင်း ဖြစ်ပေသည်။

"မဟုတ်ပါဘူးမေမေရယ်၊ မေမေတို့ထင်သလို မောင်မောင်ဟာ သမီးပေါ်မှာ သစ္စာမဲ့မယ့် ယုတ်မာမယ့်လူမဟုတ်ပါဘူး။ သူလေ သမီးကို သိပ်ချစ်တာပါ"

"ယောကျ်ားဆိုတာမျိုးဟာ အကြွင်းမဲ့ မယုံကောင်းဘူးသမီး အေးလေ...ဘာပဲဖြစ်ဖြစ် ခုကိစ္စကတော့ သမီးနောက်ဆုတ်သင့်တယ်။ လိမ္မာသင့်တယ်ကွယ်"

လေးနုထွေး ခေါင်းမညိတ်၊ ငိုလို့ချည်းနေတော့သည်။

'မောင်မောင်ဟူသော သူ့အခေါ်လေးကြောင့် 'ရဲမောင်'မှသည် ရဲမောင်မောင်ဖြစ်လာရပါသည်ဆိုသော အဖြစ်သနစ်လေးကို လေးနုထွေး ကျေနပ်၍မဆုံး။ မိခင်သို့ပင် ပွင့်အန်လာရှာသည်။

"ကဲ...ဒီကောင်မလေးကို ဒီမှာထားလို့ကို မဖြစ်တော့ဘူးဝေ။ သူနဲ့ဝေ မန္တလေးမှာ သွားနေကြ။ လုံးဝတွေ့ခွင့်မရအောင် ချုပ်နှောင်ထား မှ။ သူ ဟိုကောင်ကို မပြတ်ဘူး"

လေးနုထွေးသည်လည်း ရဲမောင်မောင်အပေါ် ထားရှိသော သူ့ မေတ္တာတရားကို ပြန်လည်မရုပ်သိမ်းနိုင်မှန်း သိသော ဒေါ်နုနုဝေမှာ...

ဦးဘဆက်၏ အစီအစဉ်ကို မကန့်ကွက်ရဲခဲ့။

ဦးဘဆက် စီစဉ်ပေးသည့်အတိုင်း မန္တလေးမြို့သို့ ပြောင်းရွှေ့ နေထိုင်ရန် ပြင်ဆင်နေသည်ကို လေးနုထွေး ရိပ်မိသွားရှာလေပြီတည်း။

+ + + +

"အမေတစ်ယောက်လုံး လုပ်နေပြီး ဘာအသုံးကျသလဲ ဟင်၊ မင်း...မင်းကိုပါ ငါသတ်မိလိမ့်မယ်"

"လေးနုထွေးဟာ ဝေ့ဝမ်းနဲ့လွယ်ပြီး မွေးထားရတဲ့သမီးပါကိုကို။ ဝေ့ရင်ထဲမှာလည်း မီးတောက်နေတာပါပဲ"

"ဘာ...ခုမှ မီးတောက်နေတာလဲ။ သမီးတစ်ယောက်လုံး လင် နောက်လိုက်သွားတာကို မင်းဘာသိလဲ။ မင်းလောက်အသုံးမကျတဲ့မိန်းမ မရှိဘူး"

အရူးကြီးတစ်ယောက်လို တွေ့ရာပစ္စည်းများ ကိုင်ပေါက် ကန် ကျောက်နေသည်။ ဒေါ်နုနုဝေကိုဖြင့် မရိုက်ပုတ်မညှဉ်းဆဲပါ။

ဒေါ်သမီးက မိုးသို့လောင်မတတ် ဟုန်းဟုန်းတောက်ခဲ့ပြီးနောက် တွင်...

"ငါ့သမီး...ငါ့သမီးလေး အနူအရွဲ့နဲ့ယူယူ၊ သူတောင်းစားနဲ့ယူယူ

www.burmeseclassic.com

www.burmeseclassic.com

ငါဒီလောက် စိတ်ထိခိုက်မယ်မထင်ပါဘူးကွာ။ ခုတော့ ခုတော့…”

ဦးဘဆက် မျက်ရည်များ ကျလာခဲ့လေပြီ။

“ငါ့သမီးကို ဒင်းတို့ မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းမှာ မဟုတ်ဘူး။ လက်စားချေဖို့သက်သက်။ ငါသိတယ်…ငါသိတယ်”

ဒေါ်သလှိုင်းက ပြန်၍ ထန့်လာပြန်သည်။

“ဒင်းတို့လက်ထဲမှာတော့ ငါ့သမီး အရှက်တကွဲနဲ့ အနှိပ်စက်မခံနိုင်ဘူး။ အမိုက်မ။ နင်တစ်သက်လုံး ဒုက္ခခံနေရမယ့်အစား တစ်ခါတည်း သေသွားတာကမှ အကောင်းဆုံး”

“ဒီမှာဟေ့…ငွေကြိုက်သလောက် သုံးခိုင်းပြီး ငါ့ကောင်တွေရဲ့ နေရာအနှံ့ ရှာခိုင်းမယ်။ ဒီနေ့ တွေ့အောင် ရှာခိုင်းမယ်…ဒါမှ ဒါမှ…”

“မနက်ဖြန်ညဆို တန်ဆောင်မုန်းလပြည့်နေ့ည။ အတော်ပဲ… အတော်ပဲ”

“နှစ်ယောက်လုံး ကိစ္စတုံးလုပ်ရမယ့် လပြည့်ည…လပြည့်ည စိတ္တဇလပြည့်ည…”

\+ + + +

## အခန်း(၂၁)

“အဖြစ်အပျက်စုံကတော့ အဲဒါအကုန်ပါပဲ သက်ထားမွန်”

“စိတ်ထိခိုက်စရာ ပြဿနာအားလုံးကို ပြန်ပြောပြခိုင်းမိတဲ့အတွက် သက်ကိုယ်တိုင်လည်း စိတ်မကောင်းမိပါဘူးရှင်၊ ခွင့်လွှတ်ဖို့ တောင်းပန်ရင်း ကန်တော့သွားပါမယ်၊ မမနုရှင့်”

တရားဓမ္မရှင်၏ တည်ငြိမ်နေသော မျက်ဝန်းအစုံတွင် အပူမျက်ရည်ကြည်လေးများ သီသီဝေ့လာသည့်အတွက် သက်ထားမွန် အမှန်ပင် စိတ်မကောင်းနိုင်၊ ငြိမ်းအေးမှုဖြင့် တည်ငြိမ်နေသော တရားရှင်၏ နှလုံးသားကို ပရိဒေဝဖြင့် လှုပ်နှိုးမိလေသလား။

“ရပါတယ်ကွယ် ခွင့်လွှတ်ပြီးသားပါ”

“ဒါနဲ့ ဆက်မေးပါရစေ၊ ရဲမောင်မောင်ကိုတော့ ဘာကြောင့်များ တစ်ပါတည်း မသတ်ခဲ့ပါလိမ့်၊ အစကတော့ သတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်များ ရှိပြီးသားပါ”

“ဟုတ်တယ်၊ ဒါပေမဲ့ အချိန်ပဲမရလို့လား၊ လူသတ်သမားကပဲ မိန်းကလေးမှ ရွေးသတ်ချင်လို့လား မသိပါဘူး”

“ရှင်…လူသတ်သမားက ဟုတ်လား၊ လူသတ်သမားဟာ ဦးဘဆက်ပဲ မဟုတ်လား”

“ဒါကိုတော့ သည်းခံပါကွယ်၊ ဒေါ်ဒေါ်ရဲ့စကားတစ်ခွန်းကြောင့် လူတစ်ယောက်ကြိုးစင်တက်သွားရမယ့် အဖြစ်မျိုး မဖြစ်ပါရစေနဲ့”

“ရှင်…”

“မိန်းကလေးတို့ရဲ့ ပညာနဲ့ ဥာဏ်ဒေနဲ့သာ ရှာဖွေကြပါ။

www.burmeseclassic.com

www.burmeseclassic.com

"ဒါ...ဒါဖြင့် သီတဂူမြိုင်မှ သေဆုံးပြီးကြတဲ့ ကိုမင်းမောင် မကျေးနုတို့ကို သတ်တဲ့တရားခံနဲ့ လေးနုထွေးကို သတ်တဲ့ တရားခံဟာ တစ်ယောက်တည်းပေါ့နော်"

"တစ်ယောက်တည်းပါပဲ"

"ဘယ်သူများလဲရှင်"

"တောင်းပန်ပါတယ်ကွယ်"

"သက်သိပ်ပြီး သိချင်နေပါတယ်ရှင်။ သက်ကိုတောင် သူလာသ ပါတယ်။ ဒါပေမဲ့ ကတုံးကြီးနဲ့ ကြောက်စရာအသံတွေ ဖန်တီးထားလို့ သ ဘယ်သူဘယ်ဝါမှန်း မသိခဲ့ပါဘူး။ သီတဂူမြိုင်ရဲ့ အရင်းအချာထဲ တစ်ယောက်ယောက်တော့ တစ်ယောက်ယောက်ပဲ"

"ဒေါ်ဒေါ့ကို ခွင့်လွှတ်ပါသက်ထားမွန်"

နူးညံ့ညင်သာစွာ တောင်းပန်လှာတော့လည်း သက်ထား ဆက်၍ မမေးရက်တော့...

"ငါပြန်ရောက်တဲ့အထိ လူသဘ်သမား ရှိနေနှင့်ပါစေ။ လွှတ်ထွ မသွားပါစေနဲ့"

ဒေါ်နုနုဝေတို့လို တရားရှင်မဟုတ်၍ ငဲကြီးမည်ဆိုလည်း ပါစေတော့၊ တာဝန်အရ လူသတ်သမားကိုဖြင့် လက်ရဖမ်းဆီးမိလိုပါသ

"ဒါနဲ့ ဒေါ်ဒေါ် ဒီလိုဘယ်လိုရောက်လာတာလဲရှင်"

"ဩော်...သမီးလေး အသတ်ခံရပြီဆိုတာ သိတော့ တစ်ဦးတ သမီးလေး၊ ငယ်ငယ်နုနုလှလှလေး...ဒေါ်ဒေါ့ရင်ထဲမှာ ဘယ်လော ခံစားရမယ်ဆိုတာ စာနာကြည့်ပါ"

"အို...ဒေါ်ဒေါ်...မမရယ်"

သက်ထားမွန်ပင် အယောင်ယောင် အမှားမှားဖြစ်ရ တရားမမ္ဘပရဝုဏ်တွင် အေးငြိမ်းသော ယောဂီတစ်ယောက်ကို မျက် ကျအောင် လုပ်နေမိပါလားဆိုသော အသိဖြင့် ကိုယ့်ရင်ပါ နာကျင်ရ

"သမီးအလောင်းကိုလည်း မကြည့်ချင်တော့ဘူး။ ကိုဘဆ လည်း သိပ်ပြီး ရှုံမုန်းသွားမိတယ်။ သူ့ရဲ့မျက်နှာကိုတောင် လုံးဝမ မြင်ချင်တော့ဘူး။ ရင်ထဲမှာလည်းသမီးလေးအတွက် ပရိဒေဝမီးက

ငြိုးလောင်မြိုက်နေတယ်။ ဒါကြောင့် အဝတ်တစ်ထည် ကိုယ်တစ်ခု ငွေတစ်ရာသာ ယူလာပြီး ဒီမှာ လာခိုလှုံတယ်။ ကျေးရူးရှင် ဝေဘူဆရာ တော်ဘုရားကြီးရဲ့ အင်ကြင်းပင်တောရက အေးမြလှပါတယ်။ သီတဂူမြိုင် နဲ့အတူ အားလုံးကို ဥပေက္ခာပြုလိုက်ပြီ၊ စွန့်လှူလိုက်ပါပြီ၊ ဒီမှာ ဒေါ်ဒေါ် ရှိနေတယ်ဆိုတာကိုလည်း ကိုဘဆက်ကို မပြောလိုက်ပါနဲ့နော်"

"ဒါတော့ စိတ်ချပါရှင်။ ဒါနဲ့ နန်းမြင့်မေဆီ ဒေါ်ဒေါ်စာရေးခေါ် သေးတယ်ဆို"

"ဟုတ်တယ်...နန်းမြင့်မေ စာမေးပွဲဖြေနေကတည်းက သူတို့ စောင့်နေကြတယ်ထင်ပါရဲ့။ စာမေးပွဲပြီးပြီးချင်းပဲ သူ သီတဂူမြိုင်ကို ရောက်လာပါတယ်။ ခုထိ သုံးထပ်ပေါ်မှာ သူ့ကို ချုပ်နှောင်ထားဆဲပါပဲ"

"အင်း...သတ္တဝါတစ်ခု ကံတစ်ခုမို့ ဥပေက္ခာပြုရတော့မှာပဲကွယ်။ မတတ်နိုင်ဘူး"

"နန်းမြင့်မေဟာ စောစောက ပြောတဲ့ စာချုပ်တွေ ချုပ်တုန်းက ရော သူသဘောတူခဲ့တယ်လို့ မမနုက ထင်ပါသလားရှင်"

"တူမယ်မထင်ပါဘူး။ ဒါပေမဲ့ တက္ကသိုလ်ပညာတစ်ဝက်နဲ့ သူ မထွက်ချင်ဘူးပေါ့။ ဘော်ဒါဆောင်မှာလည်း သူပျော်နေပုံပါပဲ။ ဒါကြောင့် နှောင်ခါလာ နှောင်ခါချေး ဆိုပြီး စာသင်ရပြီးရောအနေနဲ့ လက်မှတ်ထိုး ပစ်လိုက်တာ နေမှာပေါ့။ ခုတော့ သူနှောင်တရနေရှာမှာပဲ"

"ဟုတ်တယ်...သနားစရာလေးပဲ"

နှစ်ဦးလုံး ငြိမ်သွားကြပြီးမှ...

"ကဲ...ဒေါ်ဒေါ့ကို ဘာများမေးချင်တာ ရှိသေးလဲကွယ်"

"မမနု မပြောနိုင်ဘူးဆိုတဲ့ ကိစ္စတစ်ခုကလွဲလို့ဖြင့် အားလုံး ပြီးပြည့်စုံပါပြီရှင်"

"သက် ထမင်းရော စားခဲ့ပြီးပြီလား။ ရပ်ဝေးဧည့်သည်တွေလာ ရင် ပြုစုဖို့ ဒီမှာ အဆင်သင့်ရှိပါတယ်"

"ဟာ...စားခဲ့ပြီးပါပြီရှင်"

"ဒါဖြင့် ဒေါ်ဒေါ့ကို ခွင့်လွှတ်တော့ကွယ်။ တရားဝင်ချိန်ရောက်နေ ပြီ"

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီရှင်၊ ကျေးဇူးလည်းတင်ပါတယ်။ သက်အတွက် စိတ်မကောင်းဖြစ်သွားရတာတွေကို ကြေပါလို့ သက်ကန်တော့ပါတယ်"

"သာဓုကွယ်...သာဓု...သာဓု ချမ်းသာပါစေ"

တရွေ့ရွေ့လှမ်းသွားသော ယောဂီဒေါ်နုနုဝေကို ကမ္မဋ္ဌာန်းဇရပ်ကလေးအတွင်း ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ သက်ထားမွန်ငေး၍ ကြည့်နေမိပါတော့သည်။

\+ + + +

## အခန်း(၂၂)

အခြေအနေအားလုံးက တုန်လှုပ်ဖွယ် ကောင်းလောက်အောင်ပြောင်းလဲနေနေပြီ။ ရထားအချိန်မမှန်သဖြင့် ထိုညတွင် ရွှေဘိုမှာပင်အိပ်ခဲ့ရသည်။ နောက်တစ်နေ့မနက် အစောဆုံးထွက်သော အောင်စကြာကားနှင့်အပြိုင် သက်ထားမွန်တို့၏ ဝီလီဂျစ်ကလေး လိမ့်ပြေးခဲ့သည်။

မန္တလေးရဲစခန်းသို့ သတင်းဝင်ပို့သည်နှင့် သတင်းတစ်ခုက ကြို ဆိုနေခဲ့သည်။

"ညက ဦးဘဆက်ပိုင် သီတဂူမြိုင်အလှကုန်လုပ်ငန်းစက်ရုံကြီးတစ်ခုလုံး မီးလောင်သွားလေပြီ။ ဓာတ်ဆီဖျန်းပြီး သက်သက်ရှို့သော မီးဖြစ်ပါ၏"

ဟူသော အမင်္ဂလာသတင်းကို ရင်မချမ်းမြေ့စွာ ကြားရသည်နှင့်...

"သီတဂူမြိုင်အိမ်ရော လောင်သလား၊ အဲဒီက လူတွေရော"

"သီတဂူမြိုင် သုံးထပ်တိုက်ကြီးတော့ မလောင်ဘူး။ ဟိုဘက်ခြံကိုသာ သက်သက် ဝင်ရှို့သွားကြတာလို့ သတင်းရပါတယ်"

"သီတဂူမြိုင်ရဲ့ သုံးထပ်ပေါ်က လူတွေရော ထွက်ပြေးသွားတာတွေ ရှိသတဲ့လား"

"အဲဒါ သတင်းမရသေးပါဘူးခင်ဗျ။ စောင့်ကြည့်ထားနိုင်းပါတယ်"

"ကောင်းပြီလေ၊ ဒါဖြင့် ကျွန်မတစ်ဆက်တည်း ပြင်ဦးလွင်ကို ပြန်တက်သွားတော့မယ်"

"ဟုတ်ကဲ့၊ ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ ဦးဘဆက်ရော"

"သူစက်ရုံမီးလောင်တယ်ဆိုတဲ့ သတင်းကြောင့် ဒီမနက်အစော ကြီးပဲ သူပြန်တက်သွားပါပြီ"

"ဟုတ်ပြီ၊ ဦးတိုးသျှန်တော့ ဒီမှာပဲနော်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ဆက်လက်ပြီး ချုပ်ထားရပါဦးမယ်"

"ကောင်းပြီလေ၊ သီတဂူမြို့ရဲ့ ပြဿနာရှင်းပြီးမှ ဦးတိုးသျှန် အတွက် ကျွန်မပြန်လာပြီး ဆောင်ရွက်ပါ့မယ်...ကဲ ဒါဖြင့် သွားတော့မယ်"

"ချက်ချင်းပဲလားခင်ဗျာ။ လက်ဖက်ရည် ပို့ခိုင်းထားပါတယ်"

"ကျေးဇူးပါပဲ စခန်းမှူး၊ သီတဂူမြို့ကို ကျွန်မ အမြန်ဆုံး သွားမှ ဖြစ်မယ်၊ ကဲ...ရဲဘော်၊ ပြေးလိုက်ကြဦးစို့"

ထောက်လှမ်းရေးအရာရှိ ဒေါ်သက်ထားမွန်ကို တင်ဆောင်လာ ခဲ့ရသော ဗီလီဂျစ်ပြာပြာလေးသည် မြေပြန့်မှသည် တောင်ပေါ်မြို့ ပြင်ဦး လွင်ဆီသို့ အမြန်ဆုံးနှုန်းဖြင့် တက်လာခဲ့ပါပြီတည်း။

\+ + + +

"ဟင်...ယဉ်မွန်ရည်"

တစ်နေ့နှင့် တစ်ညတာမျှ ယဉ်မွန်ရည် ရုတ်တရက်ပျောက်ဆုံးပြီး နောက် ပြန်ပေါ်လာပြန်တော့လည်း ချက်ချင်းကြီး ရဲကားနှင့်မို့ ဦးဘဆက် မှုပျက်လွန်းစွာဖြင့် အထိတ်တလန့် ကြိုဆိုသည်။

ပါးနပ်လွန်းသော ဦးဘဆက်မှာ ချက်ချင်းပင် မျက်နှာကို ပြင်၍ တစ်ဖက်ခြံသို့ လက်ညှိုးညွှန်လျက်-

"ကြည့်စမ်းပါဦး ယဉ်မွန်ရည်ရယ်၊ ဦးလေးကြိုးစားတည်ထောင် ထားရသမျှတွေ အားလုံးကုန်ပါပြီဗျာ"

"အင်းနော်၊ ပြင်ဦးလွင်မှာ ဆောင်းတွင်းကြီး မီးလောင်ရတယ် လို့... အံ့ဩစရာကောင်းလိုက်တာ"

"အံ့ဩစရာမရှိပါဘူး။ ဟို ခွေးသားတွေ လက်ချက်ပါ"

"ဘယ်သူတွေလဲ"

"ရဲနောင်တို့ ညီအစ်ကိုတွေ လက်ချက်ပေါ့"



"ဟုတ်နိုင်ပါ့မလား ဦးဘဆက်ရယ်"

စိတ်ထားဖြောင့်မတ်လှသော ကြိုးစားကြသော သားအဖတွေ ...က်က သက်ထားမွန် မခံရပ်နိုင်ပါ။ ကိုရဲနောင်ကို သက်ထားမွန် ယုံကြည် ...သား၊ ဦးဘဆက်လို ကောက်ကျစ်ယုတ်မာသော လူစားမျိုးမဟုတ်နိုင်။

"ဘယ့်နှယ့် မဟုတ်နိုင်ရမှာလဲကွယ်။ ဒင်းတို့အဖေ သူခိုးကြီးခိုးမှု ...ါတာကို ရှက်ရမ်းရမ်းပြီး လာဒုက္ခပေးကြတာပါ"

"ဦးတိုးသျှန်က ဘာခိုးလို့လဲ"

"ယဉ်မွန်ရည် မသိသေးဘူးလား၊ ဦးလေးရဲ့ သီတဂူအလှ ...န်အတိုင်း အတုတွေလုပ်လို့ ဖမ်းထားပြီလေ"

"ဟာ...ဒါတော့ ဘယ်ကောင်းမလဲ၊ သူတစ်ပါးရဲ့ လုပ်အားနဲ့ ...တ်လုပ်ထားတဲ့ပစ္စည်းကို အတုခိုးလုပ်တယ်ဆိုတာတော့ သိပ်ယုတ်မာ ...ပဲနော် ဦးလေး"

"အင်းပေါ့...အင်းပေါ့"

သက်ထားမွန်၏ ငွေါတော့တော့ မျက်နှာလေးနှင့် ထေ့တေ့တေ့ ...ားလုံးလေးများကို သံသယမကင်းသော မျက်နှာနှင့် ဦးဘဆက်က ...ည့်လာသည်။

"ဟေး...ယဉ်မွန်၊ ဘယ်လိုလုပ်သွားတာလဲဗျာ။ ကားရော"

လွယ်အိတ်ကြီးတန်းလန်းလွယ်လျက် ကိုးရိုးကားရား ပြေးလာ ...သော ကိုကြည်ညို။

သက်ထားမွန် ကိုယ်ကို တစ်ပတ်လှည့်ပြီး မျက်စိမှိတ်၍ ပြလိုက် ...ည်။ ကိုကြည်ညိုမှာ စက်ရုပ်လိုက်သော အရုပ်ကြီးလို တန့်ခနဲ ဖြစ် ...ပြီး နားမလည်နိုင်သော မျက်နှာထားနှင့် ယဉ်မွန်ရည်အမည်ခံ သက် ...းမွန်ကို စိုက်ကြည့်နေရှာသည်။

သူ့ခြံမှ ကားတစ်စင်းလုံး ပျောက်ဆုံးသွားသည်ကို ဦးဘဆက် ...ပုံမရသေး။ မနေ့က သူမန္တလေးမှာ ဦးတိုးသျှန်ကို ဖမ်းဆီးရေးကိစ္စနှင့် ...ုံးလည်လိုက်နေပေလိမ့်မည်။ ညက မီးလောင်ပြီးမှ ဤခြံသို့ ...ဆက်နှင့် မရှေးမနှောင်း ရောက်လာကြခြင်းဖြစ်ပေသည်။

ယခုမှ ယဉ်မွန်ရည်မည်သော မိန်းမချောလေးအပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com

ဦးဘဆက် သံသယဝင်သွားလေပြီ။

သက်ထားမွန်၏အနီးမှ သူဝေးရာသို့ ထွက်သွားလေပြီ။ မြ

ကွေ့ပတ်လျက် အိမ်ကြီးပေါ်သို့ ရောက်သွားပါတော့သည်။

ရဲကားနှင့်အတူ ရောက်လာသော ယဉ်မွန်ရည်။

'ရဲထောက်လှမ်းရေးမှ အမျိုးသမီးတစ်ဦး'ဟူ၍ သူ မမျှော်လ

စေနှင့်ဦး။ ရဲဘက်သို့ တစ်ခုခုများ တိုင်ချက်ဖွင့်ထားလေပြီလားဟူသော

အတွေးမျိုး ဦးဘဆက် အမှန်ပင် တွေးနေမိပေလိမ့်မည်။

ဤသိတဂူမြိုင်၏ ပြင်ပဆီသို့ သူ လစ်ထွက်ကောင်း လစ်ထွ

ပြေးပေလိမ့်မည်။

ကိစ္စမရှိပါ။

ရဲအရာရှိ ဒေါ်သက်ထားမွန်၏ စီစဉ်ချက်ဖြင့် သိတဂူမြ

ပတ်လည်တွင် ရဲများ ဝိုင်းထားပါပြီ။

"ယဉ်မွန် ဘယ်ကိုထွက်ပြေးပြီး ဘယ်က ပြန်လာတာလဲ

ကျွန်တော်ဖြင့် မျက်စိကို လည်နေတာပဲ"

မနေ့က သိတဂူမြိုင်တွင် ချန်ထားရစ်ခဲ့၍ ကိုးရိုးကားရားနှင့်

လိုက်လာရှာသော ကိုကြည်ညို၏ အဖြစ်ကို သက်ထားမွန် ရယ်ချင်

သေးသည်။

"ဒီမှာ...မနေ့ကနဲ့ ညက ဒီအိမ်ကြီးပေါ်မှာ ဘာတွေထူးခြားသေး

လဲ ကိုကြည်ညို"

"မနေ့ကတော့ ဘာမှ မထူးခြားဘူး။ ညက မီးလောင်တော့ အိမ်

ကြီးပေါ်က အော်လိုက်တာဗျာ...ကြောက်စရာအသံနက်ကြီး"

"ဘယ်သူတွေ ဆင်းပြေးလာကြသေးလဲ"

"ဘယ်သူမှ ဆင်းပြေးမလာကြဘူး"

"မီးလောင်တော့လေ"

"မီးက မကူးနိုင်ပါဘူး၊ နှင်းတွေ ကျနေတာ"

"ဒါဖြင့် ဟိုဘက်စက်ရုံလောင်တာ ရှို့မီးဆိုတာ သေချာတယ်

နော်"

"အင်း...သေချာသလောက်ပါပဲ"

"ဦးဘဆက်ကတော့ စွပ်စွဲသွားတယ်၊ ကိုရဲနောင်တို့ညီအစ်ကိုတွေ

လက်ချက်တဲ့"

"ကျွန်တော်ကိုယ်တိုင်လည်း မဟုတ်ပါစေနဲ့လို့ ဆုတောင်းနေမိ

တာပါပဲ ယဉ်မွန်ရယ်"

"မီးလောင်မှုကိစ္စကို နောက်မှ စုံစမ်းယူမယ်၊ ဒီမှာ ကိုကြည်ညို

ကျွန်မကို ကူညီပါ။ ရှင်ဟာ လူကောင်းတစ်ယောက်ဆိုတာ ကျွန်မယုံကြည်

ပါပြီ။ မနေ့က ဘာတွေထူးခြားသလဲ ပြန်စဉ်းစားစမ်းပါဦး။ ရှင် ဒီအိမ်မှာ

အကြောင်းတစ်ခုခုကြောင့် လိုက်ပြီး စေ့စေ့စပ်စပ် ကြည့်နေရှာဖွေနေတာယ်

ဆိုတာ သက်...အဲ...ယဉ်မွန် သိပါတယ်ရှင်"

"မနေ့က ထူးခြားတာ နှစ်ချက်ပဲ ရှိတယ်"

"ပြောပါ..."

"တစ်ခုက ဒေါ်အိန္ဒြေဆင်းလာတယ်၊ ယဉ်မွန့်အခန်းကို ဝင်ကြည့်

တယ်"

"ဦးအိုက်မောင်းနဲ့ ဒေါ်နန်းစိန်တို့ရော"

"ခုထိ သူတို့ပြန်မလာကြသေးဘူး"

"ဟုတ်ပြီ၊ နောက်တစ်ခုကရော"

"ယုဇနအပေါ်တက်သွားတယ်"

"မနေ့ကပေါ့"

"ဟုတ်တယ်"

"ဘယ်သူခေါ်လို့လဲ၊ ဦးဘဆက်မှ မရှိပဲ"

"မသိဘူး၊ ကျွန်တော့်ကို နှုတ်ဆက်ပြီး တက်သွားတယ်"

"ဘယ်အချိန်ပြန်ဆင်းလာလဲ"

"သူပြန်ဆင်းလာတာ ကျွန်တော်မတွေ့တော့ဘူး။ ရုံးချိန်လွန်

တော့ ကျွန်တော်လည်း ပြန်လာခဲ့တယ်"

"သူတက်သွားတာ ဘယ်အချိန်လဲ"

"သုံးနာရီ ဆယ်မိနစ်"

"ဒီအတိုင်းဆိုရင် မိနစ်ငါးဆယ် အနည်းဆုံးကြာအောင် ယုဇန

အပေါ်ထပ်မှာပေါ့။ နေပစေဦးလေ...ဒီက ကိစ္စတွေပြီးမှ ယုဇနအိမ်လိုက်သွား

www.burmeseclassic.com

www.burmeseclassic.com

ပြီး စစ်ဆေးတော့မယ်”

“ယုဇနကို စစ်ဆေးမယ်”

“ဟုတ်တယ်…ကိုကြည်ညိုကိုလည်း ကျွန်မစစ်ဆေးရဦးမယ် ဒီခြံက ဘယ်မှမထွက်ပါနဲ့”

“ယဉ်မွန်ကလည်းဗျာ…မနှောက်ပါနဲ့”

“မနှောက်ပါဘူး။ တာဝန်အရ ဆောင်ရွက်နေတာပါ။ ကဲ… ကျွန်မနဲ့ ကျွန်မရဲ့ အဖွဲ့ ရပ်ကွက်လူကြီးတွေကိုပါ ခေါ်ပြီး သီတဂူမြို့င်… မြေလှန်ရှာလိုက်ဦးမယ်၊ လူသတ်တရားခံ ထွက်လာတန်ကောင်းပါရဲ့”

“ဟင်…ယဉ်မွန်ရည်၊ ဒါဖြင့် ခင်ဗျား…ခင်ဗျားဟာ…”

“ဟုတ်ကဲ့၊ ရဲထောက်လှမ်းရေးက ယဉ်မွန်ရည်အမည်ခံ ရဲအရာ… ဒေါ်သက်ထားမွန်ပါ”

“ဟာဗျာ…”

ပါးစပ်များ ပွင့်ဟလျက် ကျန်ရစ်သော ကိုကြည်ညိုကို ချန်လှ… ၍ သက်ဆိုင်သူများနှင့်အတူ သီတဂူမြို့င်ပေါ်သို့ သက်ထားမွန် စတင်ခြေ… လိုက်ပါပြီ။

အလယ်ထပ်တွင် သပ္ပာယ်သော ဘုရားစင်နှင့် ခံ့ညားသော… ဧည့်ခန်းကြီး၊ ခမ်းနားသော အိပ်ခန်းများနှင့် ထမင်းစားခန်း၏ အဆော… အယောင်များမှာလည်း ဖိတ်ဖိတ်တောက်လှပအဖိုးတန်လှပါ၏။

အကယ်၍သာ ဦးဘဆက်သည် ရာဂမီး၊ လောဘမီး၊ ဒေါသ… များ မတောက်လောင်ပါဘဲ ဝန်တိုမနာလိုစိတ်များ မပွားများပါဘဲနှင့်… လျှင်…

ဒေါ်နုနုဝေနှင့် သမီးငယ်လေး လေးနုထွေးတို့အတွက် ငြိမ်းအေး… ချမ်းသာစွာ စံမြန်းရာ ဘုံဗိမာန်လေးတစ်ခုဖြစ်နေမှာပါ။

ယခုတော့…

ဒေါ်နုနုဝေနှင့် လေးနုထွေးအတွက် ရင်ထဲတွင် နင့်တက်… သည်။ ခင်မင်မှု ကရုဏာစိတ်များကို ပယ်ဖျက်၍ တာဝန်ပိုင်းအရ…

“ကဲ ဒီအထပ်မှာတော့ ရှာစရာမရှိပါဘူး။ ကျွန်မတို့ရဲ့ ဦးထ… မယ့် နေရာက သုံးထပ်ပေါ်မှာပါပဲ။ ကဲ လူကြီးမင်းများ အပေါ်ထ…



…ကြွကြပါ”

“ဩော်…ကျွန်မရဲ့ တာဝန်ပိုင်းဆိုင်ရာ မှတ်ပုံတင်ကတ်ကို ဦးဘဆက် လက်ခံပါတယ်နော်…၊ ကဲ တာဝန်အရ သုံးထပ်မှာ ကျွန်မတို့ ရှာပါရစေ”

“အပေါ်ထပ်မှာ ဘုရားခန်းပဲ ရှိပါတယ်ဗျာ”

“ရှာဖွေပုံစံနဲ့ သက်သေလူကြီးတွေ ပါပါတယ်ဦးဘဆက်၊ ရှေ့က …သာ ကြွပါ”

ဦးဘဆက် တုန်နေလေပြီ။ သူ၏ မြှုပ်ကွက်များအားလုံးသည် အပေါ်သုံးထပ်တွင် မုချရှိရပေမည်။

ဓာတ်ခန်းရှိ မီးခိုးလုံးများကြားတွင် ပိတ်ဖြူစင်ကြယ်နှင့် မျက်စိ …မှိတ်၍ ပုတီးစိပ်နေသော…

“ဘိုးတော်မင်းလှ”

“ဩော်…ဘိုးတော်ကလည်း ဒီမှာ ရှိနေတာကိုး”

“ကျွန်တော်…ကျွန်တော်နဲ့ မနက်ကမှ အတူရောက်လာကြတာ …ပါ”

“ဒါနဲ့ ဘိုးတော်က အမြဲပိတ်ဖြူဝတ်တယ်နော်”

“အင်း…ဟုတ်…ဟုတ်ကဲ့”

“ကဲ ကျွန်မတို့ ဓာတ်ခန်းထဲမှာ အရင်ရှာရအောင်”

“ယဉ်မွန်…အဲ…ဒေါ်သက်ထားမွန်ရယ်…ဘိုးတော်အာရုံပြုနေပါ …တယ်။ ဒီမှာ ဘာမှမရှိပါဘူး”

“ဦးဘဆက် ပါးစပ်ပိတ်ထားပါ။ ကျွန်မတို့ တာဝန်အရ ဆောင် …ရွက်နေတာပါ”

ဘိုးတော်မင်းလှက ပို၍ အာရုံယူနေဟန်ဖြင့် အပြတ်အိုက်တင် …ဆောင်နေသည်။

သက်ထားမွန် သူ့ကို အသေအချာ ကြည့်လိုက်မိသည်။ သူ့ဆံပင် …သည် အတူစွပ်ထားသည်များလား…

“ငါတွေ့ရတဲ့ လူသတ်သမားက ဘိုးတော်မင်းလှထက် …လပို …ကောင်းသလိုပဲ။ ဟိုကလည်း အဝတ်ဖြူကြီးနဲ့”

www.burmeseclassic.com

www.burmeseclassic.com

သက်ထားမွန်၏ အတွေးမဆုံးမီ...

"ဒီကန်တော့ပွဲအောက်က စာရွက်တစ်ရွက်"

ရဲသားတစ်ယောက်က သက်ထားမွန်ကို ပေး၍ သက်ထားမွ
ဖြန့်ကြည့်ပြီး...

"မိတ်ကပ်ဖော်စပ်နည်း ဖော်မြူလာပါလား။ ဒါဘယ်က ကူးထ
တာလဲ ဦးဘဆက်"

"ဩော်...ဒါ...ဒါ ကျွန်တော့်ဟာပါ၊ ဈေးရောင်းကောင်းအော
ဘိုးတော်က ဓာတ်ရိုက်ပေးနေတာပါ"

သက်ထားမွန်က စာရွက်ကို ကိုင်ထားရင်း ဦးဘဆက်၏ မျက်နှ
တည့်တည့်ကို ကြည့်ပြီး...

"ဒီအောက်က လက်မှတ်ရေးထိုးခိုင်းထားတာ မင်းမောင်ဆို
လားဦးဘဆက်ရဲ့"

"ဟုတ်ကဲ့... ကျွန်တော်... ကျွန်တော် မျက်စိမကောင်း
ကျွန်တော့်တပည့်လေးကို ကူးခိုင်းထားတာပါ"

"ဒါပေမဲ့ အဲဒီကိုမင်းမောင်ဟာ သီတဂူမြိုင်ရဲ့ နောက်ဘက်
ယာခင်းထဲမှာ အသက်ခံခဲ့ရပြီးပါရောလားရှင်၊ လွန်ခဲ့တဲ့ သီတင်းကျွ
လပြည့်နေ့ကလေ"

ဦးဘဆက် ငုံ့သွားသည်။ ဘာစကားပြောရမည်မှန်း
မသိတော့။

"ဒီဖော်မြူလာစာရွက်ဟာ ဦးတိုးသျှန်ကို ကယ်ထုတ်ဖို့အတွ
အကောင်းဆုံးသော သက်သေခံ စာရွက်ပါပဲရှင်၊ ရှာဖွေသိမ်းဆည်းပုံ
မှတ်တမ်းတင်ပြီး ယူခဲ့ပါ"

သက်ထားမွန်က ရှေ့ဆောင်၍ ဓာတ်ခန်းတွင်းမှ ထွက်လာ
သည်။

"ဟောဒီ အခန်းတံခါးကိုဖွင့်ပါ၊ အထဲမှာ နန်းမြင့်မေဆို
မိန်းကလေး ရှိတယ်။ သူ့ကို ဖမ်းချုပ်ထားတယ်"

အခန်းတံခါးကို ဦးဘဆက်ဖွင့်၍ ပြနေချိန်မှာ...

"ဒီအဘွားကြီး နောက်ဖေးပေါက်က ဆင်းပြေးလို့ ကျွန်တော်



ဘ ဖမ်းခေါ်လာတာပါ"

ဒေါ်အိန္ဒြေ...။

"သူ့ကို လုံးဝအလစ်မပေးပါနဲ့၊ သူဟာ အရေးအကြီးဆုံးပုဂ္ဂိုလ်ပဲ"

"စိတ်ချပါ"

ရဲအရာရှိတစ်ယောက်နှင့် ရဲသားနှစ်ယောက်က ရုန်းကန်နေသော
ဒေါ်အိန္ဒြေကို ချုပ်ကိုင်ထားကြသည်။

"နန်း မြင့် မေ"

ရဲတပ်ဖွဲ့နှင့်"အရပ်လူကြီးများကို ရှေ့ဆောင်လျက် ဝင်လာသော
ယဉ်မွန်ရည်'ကို မြင်သော်လည်း နန်းမြင့်မေ အားတက်ဟန်ဖြင့် မကြို့ဆို
တော့၊ တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

"နန်း...ညီမလေး...မမယဉ်မွန်လေ"

နန်းမြင့်မေ လှည့်မလာတော့...

"ညီမလေး...ညီမလေး နန်းကို ကယ်ထုတ်ဖို့ မမတို့ ရောက်လာ
ကြပါပြီ"

"တော်ပါ...တော်ပါတော့ရှင်...အခုမှ...အခုမှတော့...

နန်းမြင့်မေ မျက်နှာကို လက်ဝါးနှင့်အုပ်၍ သည်းထန်စွာ ငိုကြွေး
ရှာသည်။

သက်ထားမွန်မှာ နန်းမြင့်မေ၏ ပခုံးလေးကို သိုင်းဖက်ပြီး ဦးဘ
ဆက်ကို ခက်ခက်ထန်ထန် လှမ်းကြည့်လိုက်မိသည်။

အကြည့်ချင်းဆုံ၍ မလုံမလဲနှင့် ဦးဘဆက် ခေါင်းငုံ့ပစ်လိုက်
သည်။

"ဖြစ်မှဖြစ်ရလေ ညီမလေးရယ်...ညီမလေးရဲ့ အဖြစ်ကို မမယဉ်
မွန် နားလည်ပါပြီ။ မမရဲ့ ကယ်တင်မှု နောက်ကျသွားရတဲ့အတွက် သိပ်
ကို ဝမ်းနည်းမိပါတယ်၊ ညီမလေးနန်း"

နုနုလှလှ အပျိုစင်လေး၏ ဘဝအတိုင်း ကယ်တင်ဆယ်ယူခွင့်
မရှိလိုက်သည့်အတွက် သက်ထားမွန်၏ ရင်ထဲတွင် နင့်နင့်နဲနဲ ခံစားလိုက်
ရပါသည်။ နှမြောခြင်းကြီးစွာဖြင့် နန်းမြင့်မေ၏ တစ်ကိုယ်လုံးကိုသိမ်းကြုံး
ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ ရင်သာနင့်ရသည်။ နန်းမြင့်မေ၏ဘဝကို သက်ထားမွန် အပါအဝင်ဘယ်သူမှ ကူညီကယ်တင်၍ မရနိုင်။

အမိုက်မလေး နန်းမြင့်မေသည် ဦးဘဆက်နှင့် လက်မှတ်ထိုးထားပြီးသော ဦးဘဆက်၏ တိတ်တခိုး တရားဝင်ဇနီး...

"ကဲ...နန်းမြင့်မေ ကိစ္စက လူမှုရေးကိစ္စမို့ တစ်ကဏ္ဍထား၊ အခု ဒီအိမ်ပေါ်မှာ လူတစ်ယောက်ယောက် ရှိနေလိမ့်ဦးမယ် ရှာကြစမ်းပါ"

"မအိမ်ခြေက လွဲလို့ ဒီအပေါ်ထပ်မှာ လူကုန်ပါပြီခင်ဗျာ"

"ဒါဆိုရင်တော့ စိတ္တဇလေပြည့်ည လူသတ်သမားအဖြစ်နဲ့ ဘိုးတော် မင်းလူကို ဖမ်းရလိမ့်မယ် ဦးဘဆက်"

"မဟုတ်တာဗျာ... ဘိုးတော်ဟာ... ဘိုးတော်ဟာ သူတော်ကောင်းပါ"

ဦးဘဆက်သည် ဘိုးတော်မင်းလူကို ဘုရားတစ်ဆူပမာ ကြည်ညိုလွန်းပါသည်။ ဤသို့ ယုံလွယ်သော သူများရှိ၍လည်း ဘိုးတော်အယောင်ဆောင် လူညာများ စားသာနေကြခြင်း ဖြစ်ပေသည်။

"ဆရာ...ဟိုစတိုခန်းက ပစ္စည်းအဟောင်းတွေကြားမှာ မိန်းကလေးတစ်ယောက် လဲနေတယ်"

သက်ထားမွန် နောက်ဖေးဘက်သို့ အပြေးလိုက်သွားသည်။ သူတို့ညွှန်ပြသော မိန်းကလေးသည်...

"ယုဇန"

'ပစ္စည်းတွေ ဖယ်ကြစမ်းပါ၊ သူ့ကို ထူရအောင်"

သက်ထားမွန်မှာ သူတို့လှုပ်ရှား၍ မဆုံးမီ ယုဇန၏ လက်ကို လှမ်းဆွဲ၍ သွေးကြောကို စမ်းမိသည်နှင့်...

"ဟိုက်..."

သက်ထားမွန် မိုက်ခနဲပင် ဖြစ်သွားမိသည်ထင်ပါ၏။ ခင်မင် ရင်းနှီးခဲ့ရသော...

ယုဇန...သေဆုံးနေလေပြီ။

စပ်စု၍ သတင်းဖြန့်ဝေချင်သည်ကလွဲ၍ သဘောမနောကောင်းရှာသော ယုဇနအတွက် သက်ထားမွန် မခံမရပ်နိုင်လောက်အောင် နာကြည်းစွာဖြင့်...



"ကြည့်စမ်းပါဦး... အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ဒီအိမ်ကြီးပေါ် ခေါ်ပြီး ရက်ရက်စက်စက် သတ်ပစ်ကြတဲ့ လူယုတ်မာတွေ ဖမ်း...အားလုံးကိုဖမ်း။ ပြီးတော့ ဒီပေါ်မှာ မြေလှန်ပြီး ရှာကြစမ်းပါ"

သူတို့ဆရာမလေး ဒေါသနှင့် အော်ပြောသော အမိန့်ကိုအားလုံးက နာခံစွာ ရှာကြသည်။ ပိုက်စိပ်တိုက်၍ အသေးစိတ် မြေလှန်ရှာကြသည်။ နောက်ထပ် လူတစ်ယောက်ဆိုသည်၏ အရိပ်အယောင်ကို မမြင်ရ...

ဒေါသကြောင့် ကျားမလေးတစ်ကောင်လို သက်ထားမွန် လှုပ်ရှားနေသည်။ အိမ်ရှေ့ဘက်သို့ ပြေးထွက်သွားပြီး ဘိုးတော်မင်းလူကို သေနတ်နှင့်ချိန်၍...

"ကဲ...ဦးမင်းလူ...ရှင့်ခေါင်းက ပိတ်ဖြူကို ချွတ်လိုက်စမ်းပါ။ ရှင့်ဆံပင်အတုကို ဖယ်လိုက်စမ်း"

"အလို...ဘယ့်နှယ့်...ဘယ့်နှယ့်..."

"ရှင်ဟာ ကတုံးနဲ့မဟုတ်လား၊ ရှင့်ဆံပင်အတုကို ခွာလိုက်စမ်းပါ"

"အလိုလေးမြတ်စွာဘုရား...မြတ်စွာဘုရား...တစ်ခါမှ ကတုံးမရိတ်ဘူးပါဘူးဗျာ။ ဒီမှာ...ဒီမှာ...လာဆွဲကြည့်ပါ"

"အို..."

တစ်ချက်အတွက်လွဲသွားခြင်းအတွက် အောက်နှုတ်ခမ်းကို ပြတ်မတတ် သက်ထားမွန် ကိုက်ထားမိသည်။

ဘိုးတော်မင်းလူသည် ကတုံးနှင့်မဟုတ်၊ ဆံပင်အစစ်နှင့်လူ၊

အားလုံး သက်ထားမွန်ကို ဝိုင်းကြည့်နေကြသည်။ တော်လွန်းပါသည်ဆိုသော စုံထောက်ကျော်မလေး၏ လှုပ်ရှားမှုကို အားလုံး မှင်တက်မိနေကြသည်။

ဘိုးတော်မင်းလူပေါ်တွင် အတွက်လွဲသွားသော်လည်း အားလုံးက မဟားရဲကြသေး။

သေနတ်ချိန်ရွယ်ထားလျက်က...အခန်းတံခါးကို ဖွင့်မိလိုက်မိသည်။ အံကြိတ်ထားလျက်က မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

မနေ့ညက ဝိုးတဝါးမြင်လိုက်ရသော လူသတ်သမား၏ အသွင်သဏ္ဌာန်ကို ပြန်လည်၍ ပုံဖော်ကြည့်မိသည်။ အဖြစ်အပျက် အလုံးစုံကို အကျဉ်းရုံး၍ သုံးသပ်လိုက်မိသည်နှင့်…

*"ငါတော့ မအိန္ဒြေကို ခေါ်လာခဲ့ပြီ"*

*"သူ့မောင်ရဲ့ ရောဂါကိုလည်း ကုသရအောင် ငါခေါ်လာခဲ့တာပါ"*

"သူ့မောင်ရဲ့ ရောဂါ…သူ့မောင်ရဲ့ ရောဂါ"

စိတ်ကူးနှင့်အတူ နားထဲတွင်လည်း 'ဝူး…ဝူး…ဝါး…ဝါး…" အော်သံများကို ကြားယောင်လာမိသည်နှင့်…

"ဟုတ်ပြီ"

သက်ထားမွန်မှာ ပေါင်ကို လက်ဝါးနှင့် တစ်ချက် ဖြန်းခနဲ ရိုက်လိုက်ပြီး နောက်ဘက်သို့ ဆတ်ခနဲ လှည့်လိုက်သည်။

ပစ္စတိုကို ဒေါ်အိန္ဒြေ၏ ရင်ဝတည့်တည့်ချိန်၍ တစ်လှမ်းချင်း လျှောက်လာပြီး လက်တစ်ကမ်းအကွာတွင် ခြေစုံရပ်လိုက်၍…

"ကဲ…ဒေါ်အိန္ဒြေ…ရှင့်မောင်ဘယ်မှာလဲ"

"မရှိဘူး…မရှိဘူး"

"ဘာမရှိဘူးလဲ…ဟောဟိုက ဘိုးတော်ဆီမှာ ကျိတ်ပြီး ဆေးကုနေတဲ့ ရှင့်မောင် အအကြီးလေ"

"ဟင်…"

"မြန်မြန်ပြော…ပစ်ထည့်လိုက်ရမလား"

ယုဇနအတွက် ယူကြုံးမရသော စိတ်နှင့် လက်တွေ့ဖြေရှင်းနေရဆဲ ပြဿနာများကြောင့် သက်ထားမွန်၏ အသံများပါ ဒေါသနှင့်တုန်နေသည်။ ဟိန်း၍ထွက်လာသည်။

"အမယ်လေး…ဟင်း…ဟင်း…မပစ်ပါနဲ့…မပစ်ပါနဲ့"

ဒေါ်အိန္ဒြေသည်လည်း သဘာဝအတိုင်း မဟုတ်ပါလား။

သူကြောက်ရွံ့ပုံက ကြောက်စရာကြီး…။

"ဟို ဟို အပေါ်ထပ်မှာပါ"

"ဘယ်အပေါ်မှာလဲ"

သုံးထပ်၏ အထက်တွင် မျက်နှာကြက်သာ ရှိသည်မို့ သက်ထားမွန် လှမ်းဟောက်လိုက်ရပြန်သည်။



ဒေါ်အိန္ဒြေ၏ တစ်ကိုယ်လုံး နတ်ဝင်သည်လို တဆတ်ဆတ်တုန်၍ မျက်ရည်များ ကျလာရင်းက

"ကျွန်မ…ကျွန်မကို မသတ်ပါနဲ့။ လိုက်…လိုက်ပြပါ့မယ်"

အရပ်ရှည်ရှည် တောင့်တောင့်ကြီးနှင့် လက်ကမလှုပ်ဘဲ ခြေလှမ်းကျဲကြီးများဖြင့် ဦးဆောင်သွားသူ ဒေါ်အိန္ဒြေ၏ နောက်မှ လိုက်ကြရသည်။

စတိုခန်းကိုပါပဲ…။

ယုဇန၏ အလောင်းကို သယ်မ ထုတ်ယူသွားကြပါပြီ။ တုတ်နှင့် ခေါင်းကို ရိုက်ခွဲပြီးမှ လည်မြိုကို ညှစ်၍ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သော တရားခံကို ယခုပင် တွေ့ရပါတော့မည်။

ဒေါ်အိန္ဒြေက နံရံတွင်ထောင်ထားသော သုံးထပ်ပြားအဟောင်းတစ်ချပ်ကို ဖယ်လိုက်သည်။ ယုဇန၏ သွေးစများ ကျနေသော နေရာသို့ ဖုံးအုပ်လိုက်သလို ရှိသွားသည်။

နံရံတွင် တစ်ခါးတစ်ချပ်။

တံခါးကို ဖွင့်လိုက်သည်နှင့် ချဉ်သိုးသိုးအနံ့များ ထွက်လာသည်။ အလင်းရောင်မရသော လှေကားခုနစ်ထစ်ကို နင်း၍ တက်လာခဲ့ရသည်။

ကွယ်ဝှက်ထားသော အထပ်ခိုးလေးတစ်ခု…။

ဘေးပတ်လည်တွင် သံတိုင်များ စိုက်ထား၍ သံဆွဲတံခါးတစ်ခု တပ်ထားသည်။ ကြီးမားခိုင်ခန့်သော သော့ခလောက်ကြီးနှင့်။

"အို…"

သက်ထားမွန် ပါးစပ်ကို ပိတ်၍ ကိုယ်ကို တောင့်မတ်လိုက်မိသည်။

သံတိုင်များ၏ အလယ်တွင် ထွားကျိုင်းသော ကိုယ်ခန္ဓာကြီးနှင့် လူတစ်ယောက် လဲလျောင်းအိပ်ပျော်နေသည်။

သူ့ကိုယ်တွင် ပိတ်ဖြူအကျႌနှင့် ပိတ်ဖြူလုံချည်ကို ကြိုးချည်လျက်နှင့်…ကတုံးကြီးနှင့်…။

"သူ…သူ…သူပါပဲ"

သက်ထားမွန်၏ အခန်းတွင်းသို့တိုင် လာရောက်၍ သတ်ရန်

www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားခဲ့သော လူထွားလူသတ်သမားကြီးကို မျက်ဝါးထင်ထင် မြင်ရပါပြီ။

"ဒါ...ဒေါ်အိန္ဒြေမောင်လား"

"ဟုတ်...ဟုတ်ပါတယ်"

"နှိုးလိုက်စမ်းပါ"

"အိပ်ဆေးတိုက်ထားတယ်...နိုးလာရင်..."

"နှိုးလိုက်စမ်းပါ ဒေါ်အိန္ဒြေ"

"ညိုကြီး...ညိုကြီး...ထ...ထ..."

"အာ...ဝါ..."

"ထစမ်း...ထစမ်း ညိုကြီး...ဟဲ့ ညိုကြီး"

"အမလေး"

သက်ထားမွန် နောက်သို့ တစ်လှမ်းဆုတ်မိသည်။ ထလာတော့လည်း ဝုန်းခနဲ။

သံတိုင်ကြားမှ လက်နှစ်ဖက် ထွက်လာ၍ သက်ထားမွန်၏ လည်မြိုကို ဖမ်းဆုပ်ညှစ်သတ်ရန် သူ ကြိုးစားနေသည်။

"အား...ယား...အီး...အား..."

ကြားခဲ့ရဖူးသော ကြောက်စရာအသံနက်ကြီးကို အနီးကပ်ကြားရရုံမက ကတုံးကြီးနှင့် မျက်လုံးကပြူး၊ သွားကကျဲ၍ သွားရည်များ ယိုစီးနေသော ကြောက်စရာမျက်နှာကြီး။

"သူရူးနေတယ်လား"

"ဟုတ်ပါတယ်"

"အ လည်း အ နေတယ်ပေါ့"

"အင်း...ဟုတ်တယ်"

"ရူးတာ ဘယ်လောက်ကြာပြီလဲ"

"ဝမ်းတွင်းရူးပါ၊ ဒါပေမဲ့ ခုလိုချုပ်ထားရတာတော့ နှစ်နှစ် သုံးနှစ်လောက် ရှိပါသေးတယ်"

"သူ့အခန်းဖွင့်တဲ့ သော့ပေးစမ်းပါ ဒေါ်အိန္ဒြေ"

"ဟာ...သူ့ကို ဖွင့်မလို့လား ဒေါ်သက်ထားမွန်"



"မဟုတ်ပါဘူးရဲမှူး၊ ဒေါ်အိန္ဒြေ ဖွင့်လွှတ်လိုက်မှာစိုးလို့"

ဒေါ်အိန္ဒြေက သူ့ရင်ဖုံးအင်္ကျီအိတ်ထဲသို့ လက်လျှိုနေ၍...

"ပေးလေ သော့၊ ဒေါ်အိန္ဒြေဆီမှာ ရှိပါတယ် ကိုညိုကြီးကို ဖွင့်လွှတ်လိုက်လို့ ဘယ်ရမလဲ၊ ဒီမှာက သေနတ်တွေနဲ့ဆိုတာ ဒေါ်အိန္ဒြေမမေ့နဲ့လေ"

သူ့အကြံအစည် သိလေခြင်းဟူသော မုန်းတီးစိတ်ဖြင့် ကြောက်စရာကောင်းလောက်အောင် ဒေါ်အိန္ဒြေက သက်ထားမွန်ကို ကြည့်လိုက်သည်။ သူ့မောင်ကိုဖွင့်၍ သက်ထားမွန်တို့အဖွဲ့ကို တိုက်ခိုက်ရန် သူကြံစည်နေကြောင်း သေချာပြီ။

ဒေါ်အိန္ဒြေက သူ့လည်ပင်းတွင် ကြိုးနှင့်ဆွဲထားသော သော့ကို ချွတ်ပေးရတော့သည်။

"ဒီတစ်ချောင်းတည်းလား"

"တစ်ချောင်းက ကိုဘဆက်ရဲ့ မီးခံသေတ္တာထဲမှာ..."

"ဟုတ်လား...ဦးဘဆက်"

နောက်ဘက်တွင် တုန်တုန်ရီရီနှင့် ရပ်နေသော ဦးဘဆက်ကို သက်ထားမွန်က လှမ်းအော်မေးလိုက်သည်။

"ဟုတ်...ဟုတ်ကဲ့၊ ရှိပါတယ်"

ကိုညိုကြီးသည် သံတံခါးကို တဂျိုင်းဂျိုင်းနှင့် ဆွဲကိုင်လှုပ်ရင်း ကြွက်ကြွက်ညံအောင် အော်နေတော့သည်။

"ကဲ...သူ့ကို ဒီလိုပဲ ထားခဲ့မယ်၊ ပြီးမှ အထူးအစီအစဉ်နဲ့ ခေါ်ပြီး စိတ်ရောဂါကုဆေးရုံကို တိုက်ရိုက်ပို့မှဖြစ်မယ်"

အားလုံး လှေကားပေါ်မှ ပြန်ဆင်းလာကြသည်။ တံခါးပေါက်ကို သက်ထားမွန်ကိုယ်တိုင်ပိတ်သည်။ ဤစတိုခန်းမှတစ်ဆင့် ကြောင်လိမ်လှေကားဖြင့် ခိုးတက်ခဲ့ဖူးသော ညဦးကို သက်ထားမွန် ပြန်လည်၍ သတိရလာမိသည်။

"ခွင့်လွှတ်ပါ နန်းမြင့်မေရယ်၊ မမကယ်ထုတ်မပေးနိုင်ခဲ့လို့ ညီမလေးရဲ့ဘဝကို ဦးဘဆက်လက်မှာ အပ်လိုက်ရတာ မမကိုယ်တိုင်လည်း ရင်နာနေမိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့လေ...သူတရားဥပဒေနဲ့ ပြန်ခေါ်ယူရင်လည်း မမတို့ဘာမှ မတတ်နိုင်အောင် နန်းမြင့်မေက ချည်နှောင်ခံထားတာကိုကွယ်"

အသိစိတ်တွင် နန်းမြင့်မေ၏ အတွေးဝင်လာပြီးနောက် ဝိတ်ရှ နှင့်အုပ်ထားပြီးသော ယုဇန၏ အလောင်းဘေးမှ ဖြတ်လျှောက်၍ အပြင်ဘက်သို့ ထွက်ခဲ့ရသည်။

"နေပစေ...သူတို့ကို လက်ထိပ်မခတ်ပါနဲ့၊ သူတို့သုံးယောက် အလယ်မှာထိုင်ပါစေ၊ ကျွန်မတို့တွေက ဝိုင်းထိုင်ပြီး မှုခင်းအားလုံး ကိုစစ်ဆေးကြရအောင်ပါ"

\+ + + +

## အခန်း(၂၃)

မအိမ်ငြွေဆိုသော မိန်းကလေးတစ်ယောက်ကို ဦးဘဆက် အမှန် င် မေ့နေခဲ့သည်။ မိမိဆင်းရဲစဉ်ကာလက မိမိထက် အသက်ကြီး၍ အရုပ် ဆိုးသော မိန်းမတစ်ယောက်ကို ယခု သူဌေးဦးဘဆက် ဘဝနှင့် မေ့လျှော့ နေမိသည်မှာ လူတိုင်းလက်ခံနိုင်စရာကောင်းသော ကိစ္စတစ်ခုပါ။ နုနုဝေ သည် ဒေါ်အိမ်ငြွေ၏သမီးအရွယ်၊ နုနုဝေ၏သမီး လေးနုထွေးတို့လို ကိုယ့် သမီးအရွယ်လေးများကိုပင် ရင်ခွင်ကြားမှာ တစ်ခါတစ်ရံ ထားနေဖြစ်လေ ဒေါ်အိမ်ငြွေကို သတိရနိုင်စရာ လုံးဝမရှိတော့၊ သို့ပါသော်လည်း...

"ရှင်လည်း သူဌေးဖြစ်နေပြီ...ကျွန်မမှာလည်း ဒုက္ခတွေဝေနေ တာပဲ။ အဖေလည်း ရူးပြီးသေပြီ။ မောင်လေးညီကြီးကြောင့် မလုပ်နိုင် ကိုင်နိုင်တဲ့ဘဝ ဖြစ်နေပါပြီ။ ကိုဘဆက် ကျွန်မကို ငွေကြေးလေး သုံးနည်းလောက် ထောက်ပံ့ပါ"

ဒေါ်အိမ်ငြွေနှင့် စတင်ဆုံခဲ့ရသည်။ ထိုနေ့က ငွေနှစ်ရာလား သုံး ရာလား ပေးလိုက်မိသည်မမှတ်မိ။

ဦးဘဆက် ငယ်စဉ်က မန္တလေး ရန်ကင်းတောင်ခြေရှိ ခြံလေး တစ်ခြံတွင် မအိမ်ငြွေနှင့် ပေါင်းဖက်ခဲ့ဖူးသည်။

ဤမိန်းမသည် အရုပ်ဆိုးသည်။ မျက်နှာထားတင်းသည်။ သူ့တွင် တ်ဝန်းကျင်မရှိ၊ ဘယ်သူနှင့်မှ မပေါင်း၊ သီးခြားနေတတ်သော်လည်း...

မအိမ်ငြွေသည် ကျိုးနွံသည်၊ သစ္စာရှိသည်။ ဦးဆောင်သူ၏ နောက် သို့ တစ်သဝေမတိမ်း လိုက်တတ်သည်။ စကားနည်း၍ နှုတ်လုံသည်။ ဤ အရည်အချင်းလေးများကို ဦးဘဆက် မမေ့နိုင်သေး။ မအိမ်ငြွေသည်

www.burmeseclassic.com

www.burmeseclassic.com

ကိုဘဆက်၏ ပထမဆုံးဇနီး၊ ငယ်ကပေါင်းမို့ အနှစ်တစ်သောင်းတွေ့ဘ တွေ့ထားလိုက်ဦး၊ ဒီတစ်သက်ဖြင့် မပစ်ပယ်ရက်စကောင်း။

"အင်း...ငါ ဘိုးတော်မင်းလှူကို အိမ်မှာပင့်ပြီး ကိုးကွယ်နေတာ ဝေကမကြည်ဘူး။ သူ့မှာ သူ့ဘုရားနဲ့သူ့ သမီးကလွဲလို့ ဘာကိုမှစိတ်မဝ စားဘူး။ ငါလုပ်သမျှလည်း အမြဲပဲ အပြစ်လိုက်ပြောနေတာပဲ"

ဒီတော့...

"မအိခြွေကို ခေါ်ထားပြီး ငှါကိစ္စတွေ၊ အိမ်ကိစ္စနဲ့ ဘိုးတော် ဝေယျာဝစ္စတွေကို ခေါ်ပြီး ခိုင်းထားရရင် ကောင်းမယ်ထင်တယ်"

အစီအစဉ်က ချက်ချင်း အထမြောက်ခဲ့သည်။ နုနုဝေကလည် မကန့်ကွက်။ ဒေါ်အိခြွေကလည်း ချက်ချင်းလိုက်လာနိုင်ခဲ့သည်။

ပွဲပြင်ထားသော စင်များအောက်တွက် ပိတ်ဖြူစင်ကြယ်နှင့် စိ ပုတီးအလုံးကြီးများကို မျက်စိမှိတ်၍ စိပ်နေသော ဘိုးတော်မင်းလှူ ဒေါ်အိခြွေ ချက်ချင်းလက်ခံကြည်ညိုသွားတော့သည်။

ဘိုးတော်မင်းလှူကလည်း လူတစ်ယောက်ကို လက်ခံယုံကြည် လာအောင် သိမ်းသွင်းနိုင်သော ပညာတတ်သည်။

ဖယောင်းတိုင်ကို ဆီများ၊ ရေများ ထည့်သွင်းစီရင်ထားသည် မီးထွန်းထားစဉ် အချိန်ကိုက်၍ လက်ဝါးနှင့်ကာပြီး ဖွေ့ရမ်းလိုက်လျှင် မီ များမြည်ဟည်း၍ မီးတောက်များ ခုန်ထွက်လာတတ်သည်။

ပါးစပ်တွင် အလင်းပြန်ဆေးများငုံ၍ ညအမှောင်တွင်းမှ သူစကာ ပြောလျှင် အာခံတွင်းမှ တဝင်းဝင်းလင်းနေသည်ကို မြင်ကြရသည်။

ဒေါ်အိခြွေသည် စိတ်ဓာတ်အင်အား ချို့တဲ့သူ၊ အတွေးအခေ နံ့ညံ့သူဖြစ်၍ ယုံလွယ်သည်။ ဘိုးတော်မင်းလှူကို ဘုရားတစ်ဆူပမာ ကြည်ညိုလေးစားစွာဖြင့်...

"ဘိုးတော်ဘုရား၊ တပည့်တော်မရဲ့ မောင်တစ်ယောက် ရူးနေ တယ်ဘုရား၊ အဲဒါ ကုပေးတော်မူပါ"

"နေဦး...ဘာနေ့သားလဲ"

"အင်္ဂါသားပါဘုရား"

ဘိုးတော်မင်းလှူက မျက်စိမှိတ် မျက်နှာမော့ပြီး အာရုံခံလို သည်။



"ငယ်စဉ်ကတည်းက ဖြစ်တာမဟုတ်လား"

"မှန်လိုက်လေ ဘုရား"

"ဖြစ်ပါတယ်၊ ကုရတာတော့ နည်းနည်းကြာချင်ကြာလိမ့်မယ်။ ဒါပေမဲ့ ဆရာနဲ့တွေ့ရင် မပူနဲ့၊ သူ့ထက်ဆိုးတဲ့လူတွေတောင် ဆရာကုလို့ ပျောက်ခဲ့ပြီးပြီ"

အရူးတစ်ယောက်ကို အိမ်ပေါ်ခေါ်၍ မတင်ထားချင်လှ။ ဒေါ်အိခြွေကို အားမနာပါ။ မငဲ့ညှာလိုပါ။ သို့သော်လည်း ဦးဘဆက်မှာ ဘိုးတော်မင်းလှူကို မဆန့်ကျင်လိုပ။ သူကုချင်သည့် လူနာကို မငြင်းလိုက် ချင်။ လက်ခံလိုက်ရသည်။

"အေး...တစ်ခုတော့ ရှိတယ်။ သူရောက်လာတာကို လူမသိစေ နဲ့။ အောက်ပြည်အောက်ရွာ သွားကုသလိုလို ပြောထား။ ကြားလား ဘိုးတော် ကြိတ်ကုမယ်။ ပျောက်မှ ပြောချင်သူပြော"

"မှန်ပါ"

"အေး...ကိုဘဆက်တို့က ဂုဏ်နဲ့သရေနဲ့လူ ဆိုတော့ အရူး တစ်ယောက်ရှိနေရင် တလွဲထင်စရာ ဖြစ်မှာစိုးလို့ကွယ်"

"ဟုတ်တာပေါ့ဘုရား"

သည်လိုနှင့် ညိုကြီး သီတဂူမြိုင်သို့ ပါလာသည်။ ဘိုးတော်မင်း လှူ ကြိုတင်တွေးထင်ထားခဲ့သည့်အတိုင်းပါပင်။ သည်အရူးက ကုလို့ လွယ်။ ရောဂါကျွမ်းသလောက် ရှိနေပေပြီ။

"ဘိုးတော် အရူးကုနေတာ ခုထိမပျောက်သေးပါလား"

ဟူသော ပရိသတ်၏ ဝေဖန်မှုမခံရလေအောင် သူ့အတွက် အကာ အကွယ် ယူလိုက်ခြင်းပါ။

ကနဦးက သုံးထပ်ပေါ်တွင် ဘိုးတော်မင်းလှူ၊ ဒေါ်အိခြွေနှင့် ညိုကြီးတို့သာ နေကြသည်။ ဦးဘဆက်က ဆင်းလိုက်တက်လိုက်၊ သူတို့ စားဖို့သောက်ဖို့နှင့် ဘိုးတော်သက်သတ်လွတ်စားသည့်အခါ အထူး အစီ အစဉ်ဖြင့် ချက်ပြုတ်ပေးရန် ဒေါ်အိခြွေက တာဝန်ယူရသည်။

အလယ်ထပ်မှ ဒေါ်နုနုဝေတို့သားအမိသည် ဒေါ်အိခြွေတို့ရောက် လာပြီးကတည်းက တစ်ခါမျှ အပေါ်ထပ်သို့ မတက်ရောက်ကြတော့။

www.burmeseclassic.com

www.burmeseclassic.com

ညို့ကြီးစဖောက်သောနေ့။

ထိုနေ့က လပြည့်ည။

လဝန်းဝိုင်းဝိုင်းကြီးကို သူအမှတ်မထင် မြင်လိုက်ပြီးကတည်းက သူဂဏှာမငြိမ်တော့။ လှုပ်လှုပ်ရှားရှား ဆူဆူပူပူဖြစ်လာသည်။ ဝူးဝူးဝါး အော်လာသည်။

ဘိုးတော် မင်းလူ ရေမန်းများ တိုက်သည်။ မသောက်။ ရေမန် နှင့်တောက်သည်။ မကြောက်။

"အင်း…ဆေးဘယ်လိုစွမ်းပေမယ့် သူမသောက်တော့လည်း မပျောက်ဘူးပေ့။ သူစိတ်ထနေတုန်း နေပေစေ မအိမ်မြွေ။ နောက်ဖေးထုတ် ပြီး တံခါးသာ ပိတ်ထားလိုက်"

ဘိုးတော်မင်းလူ၏ စကားအတိုင်း နာခံရသော ဒေါ်အိမ်မြွေမှာ

"တော်ပါသေးရဲ့၊ ဒီကောင်ထတဲ့ညမှာ အောက်ထပ်က သားအမိ မန္တလေးဆင်းသွားကြလို့"

ဒေါ်အိမ်မြွေမှာ ဒေါ်နုနုဝေတို့ မရှိခြင်းအတွက် စိတ်လက်တစ်ချို့ ပေါ့ပါးသွားရင်းက ဆက်လက်စဉ်းစားနေမိသည်။

"ဒီကောင် လူပျိုပေါက်တုန်းက အိမ်ကနွားပေါက်လေးကို ရဲတင်း နဲ့ ခုတ်သတ်တာလည်း ဒီလိုလပြည့်ညပဲ။

"နောက် ရွှေစာရံရွာက ပွဲလာကြည့်တဲ့ ငါ့တူမလေး ကြည်မြင့်ကို သူလည်ပင်းထညှစ်တာလည်း လပြည့်ညပဲ။

"ဒီကောင်ဟာ လသာရင် စိတ်ဖောက်လာတတ်တယ်ထင်ပါရဲ့"

ယင်းအတွေးများကြောင့် ဒေါ်အိမ်မြွေအိပ်၍မပျော်။ နောက်ဘက် တံခါးဆီမှ ဆင်းသွားသံလိုလို ကြားရသည်။ နောက်မကြာခင် ဝုန်းဝုန်း ဒိုင်းဒိုင်းနှင့် ပြန်တက်လာပြီး…

အသံနက်ကြီးနှင့် တဟီးဟီး တဟဲဟဲရယ်တော့သည်။

"ဘိုးတော်ဘုရား…ကိုဘဆက်…ကိုဘဆက်…"

ဓာတ်ခန်းတွင်းရှိ ဆရာတပည့်နှစ်ယောက်ထံသို့ ဒေါ်အိမ်မြွေ မဝံ့မရဲချဉ်းကပ်ရင်း ခေါ်သည်။

"ဘာများလဲ မအိမ်မြွေ၊ ညကြီးသန်းခေါင်"

"ညို့ကြီးရယ်၊ ရယ်နေတယ်၊ ပြီးတော့ ဒီည လပြည့်ည"



"အဲဒါ ဘာဖြစ်လဲ"

"သူတစ်ခုခုလုပ်ထားပြီထင်တယ်။ ကျွန်မတစ်ယောက်တည်း သူ့ ကို သွားမကြည့်ရဲလို့"

"အို…မအိမ်မြွေကလည်း ဘိုးတော်ကို အားနာစရာဗျာ။ ခင်ဗျားက လဲ…"

"ဒီကောင် ဒီလိုရယ်ရင် စိုးရိမ်ရလို့ပါ။ လာကြပါဦးရှင်"

ထိုညကလည်း မီးကပြတ်နေသည်။ ဖယောင်းတိုင်ကိုင်၍ ရှေ့မှ မားမားကြီး လျှောက်သွားသော ဒေါ်အိမ်မြွေ၏နောက်မှ ဦးဘဆက်နှင့် ဘိုးတော်မင်းလူတို့ လိုက်ခဲ့ကြရသည်။ နောက်ဖေးတံခါးဖွင့်လိုက်သည်နှင့်–

"ဟိုက်…အမလေး"

"အလို…မြတ်စွာဘုရား"

ယောကျ်ားကြီးများပင် မကြည့်ရဲသော မြင်ကွင်းတစ်ရပ်…

သေတ္တာစိမ်းပေါ်တွင် ပိတ်ဖြူဝတ်ထားသော ညို့ကြီးက ကြောက်စရာအပြုံးကြီးနှင့် အောက်သို့ စိုက်ကြည့်နေသည်။

သူကြည့်နေသည့် အောက်တည့်တည့်တွင်…

သေဆုံးနေသော မိန်းကလေးတစ်ယောက်၊ သွေးတွေနှင့် လည် မျိုတွင် ညိုမည်းနေသည်။ လျှာကတစ်လစ်ထွက်ပြီး မျက်လုံးက ကြောက် စရာကောင်းလောက်အောင် ပြူးထွက်နေသည်။

ဦးဘဆက်က မကြည့်ရဲကြည့်ရဲနှင့်–

"ဒါ…ဒါ ဦးသောင်းရဲ့သမီး မကျေးနုလေးမဟုတ်လား၊ ဒုက္ခပါပဲ။ ဘယ်လိုလုပ်ကြမလဲ"

အားလုံး သက်မဲ့များလို ငြိမ်တောင့်သွားကြပြန်သည်။ ညို့ကြီးက ပုံမပျက်။ ပါးနပ်သော ကြံရည်ဖန်ရည်ကောင်းသော ဘိုးတော်မင်းလူက–

"ကဲ…မအိမ်မြွေ၊ ခင်ဗျားမောင်ကို ချော့ခေါ်ပြီး အခန်းတစ်ခုထဲ မှာ သော့ခတ်ပိတ်ထားလိုက်"

"ဒါကြီးရော…"

ဦးဘဆက်က မျက်နှာလွှဲရင်း မကျေးနု၏ အလောင်းကြီးကို လက်ညှိုးညွှန်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီခြံရဲ့ အပြင်ဘက်ကိုရောက်အောင် ပို့မှဖြစ်မယ်။ နောက်ဘက် ထင်းရှူးတောထဲ သွားပစ်မှပဲ"

"ဖြစ်ပါ့မလားဆရာ"

"နို့ ဘယ့်နှယ့်လုပ်မလဲ၊ ဒီအိမ်ပေါ်မှာ သေနေရင် ဦးဘဆက် အမှုပတ်နေမှာပေါ့"

"ဆရာပြောတာ ဟုတ်ပါတယ်"

"ကဲ…ဘုရား တရားတပြီး ကျုပ်တို့နှစ်ယောက်ပဲ မယူပြီး သွား ပစ်ရမှာပဲ"

"ဒါကြီးကို အဝတ်နဲ့အုပ်လိုက်ပါဆရာ၊ ကျွန်တော်မကြည့်ရဲဘူး"

"ဦးဘဆက်နှယ် သတ္တိနည်းရန်ကောဗျာ"

အပြင်လူအရိပ်အခြည်ကြည့်ပြီး ဘိုးတော်မင်းလူနှင့် ဦးဘဆက် တို့မှာ လျှာထွက်နေသော အလောင်းကြီးကို သယ်မ၍ ကြောင်လိမ် လှေကားမှတစ်ဆင့် ဆင်းပြီး ခြံပြင်ဘက်သို့ ခက်ခဲစွာ လျှောက်သွား၍ ပစ်ထားခဲ့ကြရပါတော့သည်။

"သူဒီလိုပဲ ဖြစ်တတ်သလား"

အပြန်တွင် ဘိုးတော်မင်းလူက ဒေါ်အိန္ဒြေကို မေးလိုက်သည်။

ညီကြီးသည်မူ သူဆန္ဒကြီးသော လုပ်ငန်းတစ်ခုကို အောင်မြင် မှုရသွားခဲ့၍ နှစ်ခြိုက်စွာ အိပ်ပျော်နေလေပြီ။

"ညီကြီးဟာ ရှူးပေမယ့် သူများကို ဒုက္ခမပေးတတ်ပါဘူး ဘိုး တော်။ ဒါပေမဲ့ အခုလို လပြည့်ညဆိုရင်တော့ စိတ်ဖောက်လာတတ်တယ်"

"လပြည့်ညတိုင်းလား"

"ဒီလိုတော့ မဟုတ်ပါဘူး။ သူ အမှတ်မဲ့ဖြစ်ရင် ဖြစ်သွားပါတယ်။ ဒါပေမဲ့ ခုလို သူ လကို ကြည့်မိတဲ့ညဆိုရင် သတ်ချင်ဖြတ်ချင်တဲ့စိတ်တွေ ဝင်လာရော"

"ဒါဖြင့် လပြည့်ညဆိုရင် သူ့ရဲ့စိတ္တဇရောဂါဟာ ဖောက်လာတတ် တယ်…ထလာတတ်တယ်ဆိုပါတော့"

"ဟုတ်ကဲ့၊ လပြည့်ညဆိုရင် သူလူသတ်ချင်လာတတ်တယ်"

\+ \+ \+ \+

## အခန်း(၂၄)

"လပြည့်ညဆိုရင် လူသတ်ချင်လာတယ်"

"လပြည့်ညဆိုရင် လူသတ်ချင်လာတယ်"

ဦးဘဆက်၏ ယောက်ယက်ခတ်နေသော အတွေးအာရုံထဲတွင် မကျေးနုသေဆုံးသည့်ညက ဒေါ်အိန္ဒြေပြောကြားခဲ့သော စကားများကို ကြားယောင်လာမိသည်။

'မင်းမောင်…မင်းမောင်…မင်း ငါ့ကို ဘယ်ထိအောင်များ ဒုက္ခ ပေးနေဦးမှာလဲဟင်"

ဦးဘဆက်မှာ လက်ထဲတွင် လုံးချေ ဆုပ်ညှစ်ထားသော စာရွက် ကလေးကို ပြန်ဖြန့်၍ ဖတ်ကြည့်မိသည်။

**ဆရာဦးဘဆက်ခင်ဗျား…**

ကျောက်ဆည်မှ ကျွန်တော့်ဇနီးဆီ ပြန်ချင်၍ ငွေနှစ်ထောင် လောက် မစပါဦး။

တစ်နည်းပြောရရင် ငွေနှစ်ထောင်နဲ့ ကျွန်တော့်ပါးစပ်ကို ထပ်ပိတ် ပေးပါဦးလို့…။

သစ္စာရှိစွာဖြင့်–

မင်းမောင်

"အေးပေါ့လေ…ငါ ဒီငွေနှစ်ထောင် မပေးရင် မင်းလုပ်ပေးတဲ့ ကိစ္စတွေကို ဖော်မယ်ပေါ့။ ငါရှိတဲ့ စည်းစိမ်တွေ ပြုတ်သွားပါစေ၊ တိုးသျှန် ရဲ့ ဖော်မြူလာကို ခိုးယူလုပ်ကိုင်တဲ့ သူခိုးကြီးအဖြစ်နဲ့ ငါ ဒင်းကို မရင်ဆိုင် ချင်ဘူး။ ဒီကောင် အောင်နိုင်သွားတာကို ငါဘယ်နည်းနဲ့မှ မခံနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ငါခုလို ကြီးပွားပြီး ခင်းတို့ ခုလိုပဲ လုပ်ငန်းမအောင်မမြင်ဖြစ်နေစေရမယ်"

"ဒီလိုဖြစ်ရအောင် မင်းမောင်ရဲ့ပါးစပ်ကို ပိတ်ထားနိုင်ဖို့ အရေးကြီးတယ်"

"ငါငွေနှစ်ထောင်ပေးနိုင်ပါတယ်။ ဒီကောင် တောင်းတာ လေးကြိမ်ရှိခဲ့ပြီ။ အခု ငွေနှစ်ထောင်ဟာ သူ့ပါးစပ်ကို ဘယ်နှရက်၊ ဘယ်နှလ ပိတ်နိုင်မလဲ၊ ရမှန်းသိရင် ထပ်လာဦးမှာပဲ"

ဒီတော့...

ဦးဘဆက်အတွေးများက ပြန့်လွင့်သွားပြန်သည်။ စောစောဆီက အသံများကို ပြန်လည်တွေးယူမိပြန်သည်။

"လပြည့်ညဆိုရင် လူသတ်ချင်လာတယ်"

ဦးဘဆက် အောက်ဆုံးထပ်သို့ ဆင်းခဲ့သည်။ အလုပ်သမားအားလုံးရှေ့တွင်...

"ဟော့ မောင်မင်းမောင်...မင်းကျောက်ဆည်ပြန်မလို့ဆို၊ အေး...ခွင့်တစ်ပတ် ပေးလိုက်မယ်။ မန်နေဂျာဦးဟန်ညွှန့်ဆီမှာ ခွင့်တစ်ပတ် တင်သွားပေါ့"

"ဟုတ်ကဲ့ဆရာ"

"အေး...မင်း လမ်းစရိတ်တော့ ညကျမှ အပေါ်ထပ်တက်လာယူပေါ့ကွာ"

"ဟဲ...ဟဲ...ဆရာက သိပ်အလိုက်သိတတ်တာပဲနော်"

မင်းမောင်၏ မခန့်လေးစားအမူအရာကြောင့် ရင်တထိတ်ထိတ်ခုန်လာအောင် ဒေါသဖြစ်လာမိသည်။

မတတ်နိုင်၊ ချုပ်ထိန်းရပါမည်။

ညနေ ၆ နာရီတွင် ကိုမင်းမောင် ရောက်လာသည်။ အပေါ်ထပ်တွင် အဓိဋ္ဌာန်ဝင်နေသည်။ ကိုးနာရီမှထွက်မည်။ ကိုးနာရီမှာ တက်လာခဲ့ပါဟု မှာကြောင်း ဒေါ်နုနုဝေမှတစ်ဆင့် ကြားရသည်။

ည ကိုးနာရီတိတိတွင် ကိုမင်းမောင်တစ်ယောက် သုံးထပ်ပေါ်ရှိ ဓာတ်ခန်းတွင်းသို့တိုင် ရောက်လာခဲ့ပါပြီ။ ဘိုးတော်မင်းလူနှင့် ဒေါ်အိန္ဒြေ



တို့သည် ဦးဘဆက်၏ အကြံအစည်ကို ကူညီမည့်သူများသာ...။

"ကဲ မင်းမောင်...ဟောဒီ ပစ္စည်းထုပ်လေး ကိုးမိုင်ခြိုက ဒေါ်သူဇာ့ခြံကို သွားပို့ပေးစမ်းပါကွာ"

"ဟာ...ဆရာကလည်း မိုးကြီးချုပ်မှ"

"အေးကွာ...ဒေါ်သူဇာ မနက်ဖြန် လားရှိုးတက်မလို့တဲ့။ အရေးကြီးလွန်းလို့ပါကွာ...လုပ်ပေးစမ်းပါ၊ ဒီမှာ မင်းအတွက် ငွေနှစ်ထောင်၊ အဲဒီအထုပ် ပို့ပေးခ ငွေနှစ်ရာ ထပ်ယူ"

မင်းမောင် မက်လုံးကြီးသွားပုံရသည်။ ဤလျှို့ဝှက်အထုပ်တစ်ခုသည် နောက်ထပ် စီးဝင်လာမည့် ငွေဝင်လမ်းပေါက်တစ်ခုဖြစ်လိမ့်မည်ဟူ၍...

"ဆရာ...ကျွန်တော်ကားယူသွားမယ်နော်"

"ဟာ...ကားရှိမှ ငါပဲ သွားမှာပေါ့ကွာ၊ ကားတွေပျက်နေလို့ မင်းခိုင်းရတာ"

"ဒါဖြင့် ငွေသုံးရာတော့ ပြည့်အောင်ပေး ဆရာ၊ မိုးက ချုပ်လှပြီ"

"ယူကွာ...ရော့...၊ ဩော်...ဒီမှာ ဘယ်သူမှ မသိစေနဲ့နော်"

"ဒါမျိုး မင်းမောင်တို့က စိတ်ချရပါတယ် ဆရာရဲ့"

"ကဲ ကဲ သွား၊ နောက်ဖေးလှေကားကဆင်း"

"လမ်းက လူပြတ်လိုက်တာ"

"လသာနေပါတယ် မင်းမောင်ရာ၊ သွားစမ်းပါ"

မင်းမောင်တစ်ယောက် သီတဂူမြိုင်၏ နောက်ဘက် ခြံစည်းရိုးကို ကျော်သွားသည်နှင့် ညိုကြီးစိုး ခေါ်ထုတ်လာသည်။ ရဲခင်းတစ်ချောင်းပေး၍ လရောင်အောက်တွင် လျှောက်သွားသော မင်းမောင်ကို လက်ညှိုးညွှန်၍ ဦးဘဆက်ပြလိုက်သည်။

လပြည့်ညမို့ လက ထိန်ထိန်သာနေသည်။ မကြာမီ ညိုကြီး ပြန်လာသည်။ ကျေနပ်သော ရယ်မောသံကြီးနှင့် လှေကားမှ သူတက်လာသည်။

သူ့လက်မှ ရဲခင်းတွင် သွေးစက်လက်နှင့်...။

\+ + + +

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

သည်အတွင်း...လေးနုထွေး၏ ပြဿနာပေါ်လာသည်။

ဦးဘဆက် ကြုံတွေ့ရင်ဆိုင်ခဲ့ရသော ပြဿနာများအားလုံးထဲတွင် လေးနုထွေး၏ပြဿနာမှာ အမြင့်မားဆုံး အခက်ခဲဆုံး...

နှလုံးသား၏ နက်ရှိုင်းသော အတွင်းပိုင်းမှ ဆတ်ဆတ်ခါ နာမိသည်။ 'ဖြစ်ရလေခြင်း'ဟူ၍ သမီးလေးကို ရိုက်အပြီးတွင် ကိုယ့်ရင်ကိုယ်ပင် ကိုယ်ထုမိသည်။

"ဒီတိုးသျှန်ရဲ့သားနဲ့မှ ငါ့သမီးချစ်မိလေခြင်း"

ဟူသော အသိတရားက အသည်းနှလုံးကွဲမတတ် ပူလောင်နေမိသည်။

ဦးဘဆက် မယုံနိုင်။ ဦးတိုးသျှန်၏ သား ရဲမောင်တစ်ယောက် အနေနှင့် လေးနုထွေးအပေါ်တွင် ဘယ်နည်းနှင့်မျှ လူငယ်သဘာဝ၏ မေတ္တာစစ်နှင့် ချစ်မည်မဟုတ်နိုင်...

တစ်ချိန်က သူ့နှမ 'မစောနှဲ့'ကို မိမိဖျက်ဆီးချယ်လှယ်ခဲ့သလို တိုးသျှန်၏သားသည် မိမိ၏ သမီးလေးကို ဘဝဖျက်၍ အသက်သေစေအောင် ကျိန်းသေလုပ်ကြပေရော့မည်ဟု ဦးဘဆက် ကိန်းသေတွက်ချက်သည်။

ဤတွက်ကိန်းဖြင့် သမီးကို အနုနည်းနှင့် လုံးဝမစည်းရုံး...ဒေါသကြီးစွာဖြင့် အကြမ်းနည်းကို သုံးသည်။ ရိုက်ပုတ်စစ်ဆေးသည်။ အဝေးသို့ အမေနုနုဝေပါ ပို့မည်ဟု ဆုံးဖြတ်သည်။

ဒေါသကြီးလွန်းသော ဖခင်ကြီးကိုလည်း ကြောက်သည်။ ချစ်လှ



စွာသော 'မောင်မောင်'နှင့် ဝေးကြရမည့်အဖြစ်ကိုလည်း ပို၍ကြောက်သည်မို့...

ဝေးရတော့မယ် မောင်မောင်ရေ၊ နုထွေးကို အမြန်ဆုံး ဖေဖေ့လက်က လာခိုးယူလှည့်ပါ...

ဟူသော လေးနုထွေး ရေးခဲ့သည့်စာလေး၊ ယခုသက်သေအဖြစ်နှင့် ရုံးတော်မှာ ဦးတိုးသျှန်က တင်ပြထားသည်။

"လေးနုထွေး ရဲမောင်မောင်နှင့် လိုက်သွားပြီ"ဟူသောသတင်းသည် ဦးဘဆက်အတွက် ကမ္ဘာပျက်ပြီဆိုသော သတင်းထက် ကြောက်မက်ချောက်ချားဖွယ် သတင်းတစ်ရပ်ပါလား"

ဦးဘဆက်မှာ ချစ်သမီးလေးအတွက် သတိလက်လွတ်မတတ်ဖြစ်သွားရသည်။

ဆောက်တည်ရာမရလောက်အောင် ရမ်းရမ်းကားကား လှုပ်ရှားခဲ့လိုက်သည်။ ဒေါ်နုနုဝေကို ရန်ရင်းကြမ်းတမ်းစွာ ကြိမ်းမောင်းဆူပူသည်။ ပစ္စည်းများ ကန်ကျောက် ပေါက်ခွဲသည်။ သူ့ကိုယ်ကို နာကျင်အောင် ပြုမိသည်။ ပြီးတော့ ဦးဘဆက် ငိုသည်။

"ဖြစ်မှဖြစ်ရလေ...ငါ့သမီး...ငါ့သမီးလေးကို ဒင်းတို့လှလှကြီး လက်စားချေကြတော့မယ်...အမိုက်မ...ခွေးမ။ ကိုယ့်အဖေကို ကိုယ်မယုံတဲ့ အမိုက်မ။ ဒင်းတို့လက်ထဲမှာ ဒုက္ခခံနေရတာထက်စာရင် သေသွားတာ အကောင်းဆုံး အအေးဆုံး...

"ရှာကြစမ်း၊ တွေ့အောင်ရှာကြစမ်းပါ...အဝေးကို မပြေးဘူး၊ ပတ်ဝန်းကျင်မှာပဲ ပုန်းနေမယ်...ငွေကြိုက်သလောက်သုံး၊ အမြန်ဆုံး ရှာပေးကြ"

လူယုံတပည့်နှစ်ဦးကိုသာ ခိုင်းစေသည်။ ငွေနှင့် အရှိန်အဝါနှင့် ဆိုပြန်တော့ မကြာခင်ပဲ တွေ့ကြရသည်။

"အဘမှူး၏ ယာတဲမှာ"

သတင်းရသော်လည်း အချိန်မမီ၍ ပထမတစ်ည သည်အတိုင်းထားလိုက် ရသည်။

ဒုတိယညတွင် ဘိုးတော်မင်းလူနှင့် ဒေါ်အိမ်ငြိမ်တို့တားသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း မရ။ ကိုယ်တိုင်သွားသည်။ သေနတ်တစ်လက် ဓားတစ်ချောင်းနှင့် ညိုကြီးကိုခေါ်၍—

ပထမဆုံး ခြံစောင့်ခွေးကို အဆိပ်လူး အမဲသားတုံးပစ်၍ စီရင်ရသည်။

ပြီးမှ…ညိုကြီးကို ဓားပေး၍ ရေးရေးမြင်ရသော အိပ်နေသူနှစ်ယောက်ကို လက်ညှိုးညွှန်၍ ဓားနှင့်တအား စိုက်ထိုးဟန်ပြပြီး ဦးဘဆက် ပြန်လည်၍ ပြေးခဲ့သည်။

ထိုညက တန်ဆောင်မုန်းလပြည့်နေ့ည…

ညိုကြီးက အချိန်မရ၊ သူသတ်ချင်သော မိန်းကလေးကိုသာ သွေးဆာစွာဖြင့် အရင်သတ်နိုင်သည်။ ရဲမောင်မောင် လှုပ်ရှားလန့်နိုးလာသည်နှင့် သူထွက်ပြေးလာခဲ့သည်။

လပြည့်ည၏ လရောင်အောက်တွင် ရယ်မောလျက်…

ညိုကြီးအတွက် စိတ္တဇလပြည့်ညသည် လှပခဲ့ပြန်ချေပြီတကား…

“ဩော်…ကံဆိုးမလေး လေးနုထွေးရယ်”

နောက်တစ်နေ့မှစ၍ ဒေါ်နုနုဝေသည်လည်း သီတဂူမြို့ကို အပြီးတိုင် စွန့်ခွာ၍ ထွက်သွားခဲ့ချေပြီတည်း။

\+ + + +

ဤအဖြစ်အပျက်များ နောက်တွင် ယဉ်မွန်ရည်တစ်ယော ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

ကိုကြည်ညိုသည်လည်း ယဉ်မွန်ရည်၏နောက်တွင် ရောက်လ ခဲ့ပြန်သည်။

ဦးဘဆက်သည် ယဉ်မွန်ရည်ကို သာမန်စာရေးမလေး တ ယောက်အနေနှင့်ယုံကြည်လက်ခံခဲ့သည်။ ဦးတိုးသျှန်တို့ဘက်မှ ဘာ ကြံနေသည်၊ မည်သို့ စီရင်နေသည်ကို သိလိုလှသည်။

ဖမ်းထားဆဲ သူ့သားရဲမောင်အတွက် ရုံးတော်တွင် ထုချေရန် သို့သော အချက်အလက်များ စုဆောင်းရှာဖွေထားကြသည်ဆို

သတင်းစကားများကို နာကြားသိလိုလွန်းလှ၍ သော်တာခြံသို့ ယဉ်မွန်ရည် ကို စေလွှတ်ခဲ့သည်။

ယဉ်မွန်ရည့်ထံမှ ကျေနပ်လောက်သော သတင်းများ မရရှိမီ ယဉ် န်ရည်ကို စတင်မသင်္ကာသူက မန်နေဂျာဦးဟန်ညွန့်။

“ယဉ်မွန်ရည့် ကြည့်ရတာ တကယ်အရည်အချင်းရှိမယ့် မိန်း လေး…ယုဇနတို့လို သာမန်အလုပ်လာလုပ်နေတယ်လို့ ကျွန်တော် ထင်ဘူး။ တစ်ခုခုတော့ ထူးခြားရမယ်”

“အေး…ဒါဖြင့်ရင်လည်း မန္တလေးဆင်းရင်နဲ့ သူပေးတဲ့လိပ်စာ တိုင်း တို့ဝင်စုံစမ်းရအောင်”

ယဉ်မွန်ရည် အမည်ခံခဲ့သူကလည်း အကွက်စေ့အောင် ဆောင် က်ခဲ့ပြီးမှ ဤသီတဂူမြို့သို့ ရောက်လာခဲ့သူဖြစ်ပေသည်။ အလုပ်တွင် ပ်စာပြခဲ့သည့် စိန်ပန်းရပ်တွင် အမေတစ်ယောက်ကို မွေးစားခဲ့ရသည်။ ာမေးလျှင် ပြောကြားရမည့် စကားများကို သင်ကြားခဲ့ရသေးသည်။ ါငြိမ်းလှနှင့် စည်းဝါးကိုက်ခဲ့ရသေးသည်။

အားလုံး အဆင်ချောပါလျက်နှင့် ဦးဟန်ညွန့်က အစ်အောက် သော မေးခွန်းများ မေးခဲ့သေးသည်။

ဤအတွင်း ယဉ်မွန်ရည်ကို သူတို့စောင့်ကြည့်နေခဲ့ကြသည်။ လေးကို ခေတ္တပြန်မည်ဆို၍ ခွင့်ပန်သည်ကိုပင် ပယ်ချခဲ့ကြသည်။

ဒေါ်နုနုဝေရှိရာ ခင်ဦးမြို့နယ်၊ အင်ကြင်းပင်တောရသို့ သွားမည့် သက်ထားမွန်’၏ ခရီးစဉ် ပျက်ဆုံးရသည့် တနင်္ဂနွေနေ့တွင် ‘ကိုရဲနောင်’ ရေတံခွန်ဘေးတွင် မေတ္တာတေးများ ဖွင့်ဟလှစ်ကြူးခဲ့ရှာသည်။ ‘သက် က်မခံနိုင်ခဲ့…

ပထမ တစ်ညဦးတွင် နန်းမြင့်မေ၏ စာအရ သီတဂူမြို့င်၏ သုံး ပ်ပေါ်သို့ ‘သက်ထားမွန်’ရောက်ခဲ့သည်။ မကျည် မကယ်တင်နိုင်ပါဘဲနှင့် း‌မြင့်မေကို ထားရစ်ခဲ့ကာ ကိုယ်လွတ်ထွက်ပြေးခဲ့ရပါ၏။

လေှကားဆင်းခါနီးတွင် လုံခြုံသော အထပ်ခိုးဗှက်ဆီမှ ညို း၏ အသံများကို ကြားနာခဲ့ရပါသေးသည်။

ထိုညက သုံးထပ်ပေါ်သို့ လူတစ်ယောက် တက်ရောက်သွားခဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ပထမဆုံး စတင်သိရှိသူက ဒေါ်အိမ်မြွေပင်...

"ခုံရှည်ပေါ်က ပန်းအိုး ဘယ့်နှယ့်အောက်ရောက်နေပါလိမ့်"

ဒေါ်အိမ်မြွေ စဉ်းစားသည်။ သူတက်လာပြီး အိမ်ရှေ့ဘက်ထွက်လာဆဲ ခြေသံလိုလို ကြားမိသည်။ စိတ်ထင်၍ပါဟု အမှုမဲ့အမှတ်မဲ့ နေလိုက်ရာမှ...ပန်းအိုးကိုမြင်တော့ သံသယဝင်ရုံမဟုတ်၊ တပ်အပ် စွပ်စွဲနိုင်ခဲ့ပြီ။

"အိမ်ပေါ်ကို လူတစ်ယောက်တက်သွားပြီ"

ဒေါ်အိမ်မြွေ ပျာယာခတ်သွားသည်။ အိမ်ရှေ့တံခါးများ ပြေးကြည့်သည်။ အားလုံးသေသပ်စွာ ပိတ်ထားဆဲ။ နောက်ဖေးဘက် ပြေးကြည့်သည်။

"ကြည့်စမ်း...ငါ အသေအချာ ဂျက်ထိုးပိတ်ခဲ့လျက်နဲ့ ပွင့်နေပြီ-ဟုတ်တယ်...တစ်ယောက်ယောက်ဟာ ဟာ..."

ဒေါ်အိမ်မြွေ ကြာကြာမစဉ်းစားရပါ။ နောက်ဖေးခြံတံခါးကို သူကိုယ်တိုင် လုံလုံခြုံခြုံ ပိတ်ခဲ့သည်။ တစ်ဖက်ခြံမှ အလုပ်သမားများလည်း မလာနိုင်။ ခြံတံခါးပိတ်ထားခဲ့ပြီ...

"အိုက်မောင်းနဲ့ နန်းစိန်တို့ ဒီအလုပ်မျိုးကို ဘယ်တော့မှမလုပ်ဘူး ခြံထဲမှာ တခြားဘယ်သူရှိလို့လဲ...ဟိုကောင်မပဲပေါ့"

ဒေါ်အိမ်မြွေကိုယ်တိုင်ကလည်း လူကောင်းပကတိအတိုင်း ကြည်ပြည့်သော စိတ်မျိုးမရှိ၊ အရူးဟု မဆိုသာသော်လည်း အတွေးအခေါ် ချော်နေတတ်သည့်အမျိုးအစားမျိုး...ဖခင်က ရူးနေ၍ သွက်သွက်လည် မဟုတ်သော်လည်း အရူးသွေးဝင်နေသော ဒေါ်အိမ်မြွေ။

"ညီကြီးကို တက်ချောင်းတာလား"

"ဘိုးတော်ဘုရားကို မတရားကြံစည်မလို့လား"

"ကိုဘဆက်ရဲ့ အကျိုးစီးပွားပျက်အောင်လား"

"တစ်ခုခု ခိုးလုပ်ဖို့တော့ သူတက်လာတာပဲ"

ဒေါ်အိမ်မြွေမှာ ယဉ်မွန်ရည်ဆိုသော မိန်းကလေးကို လုံးဝကြည့်မရ၊ မုန်းတီးလှသည်။ ဦးဘဆက် တယုတယထားသော နန်းမြင့်ဆော အခန်းသို့လည်း သူဝင်ခဲ့ဖူးသည်။

"ကိုဘဆက်ရဲ့ ရန်သူတွေကို ရှင်းတဲ့နည်းအတိုင်း ရှင်းမှပဲ...နက်ဖြန် လပြည့်ည...နန်းစိန်တို့ကို ဖယ်ခိုင်းပြီး ဒီကောင်မအခန်းကို ညီကြီး လွှတ်လိုက်ရမယ်...ဒါမှ...ဒါမှ..."

သူ့အတွေးနှင့်သူ ဟုတ်နေသည်။ လူတစ်ယောက်ကို ရှင်းလိုလျှင် ညီကြီးကို လက်ညှိုးညွှန်ပြလိုက်ရုံဖြင့် လပြည့်ညတွင် ကိစ္စပြီးနိုင်သည်။

ရှေ့ပိုင်းဖြသနာများ မပေါ်လေ နောက်ထပ် စိတ်ရဲလာလေမို့ ယဉ်မွန်ရည်ကို သတ်ဖြတ်ရန် ညီကြီးကို လွှတ်ပေးသူမှာ ဒေါ်အိမ်မြွေ။

ထိုညက ဦးဘဆက်နှင့် ဘိုးတော်မင်းလူတို့ မရှိကြပါ။

မန္တလေးမှာ...။

+ + + +

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

ဘိုးတော်မင်းလူသည် အကျင့်ပျက်ပြီး ရဟန်းဝတ်မှ လူထွက် ရသောသူဖြစ်သည်။

ရဟန်းဝတ်ဘဝနှင့် သင်ကြားတတ်မြောက်ခဲ့သော အင်္ဂလိ အတတ်ပညာ၊ ဗေဒင်ပညာတို့ကို အခြေခံပြီး ပါးနပ်လိမ္မာစွာ အသုံး ဟောကြား၍ စားပေါက်ထွင်နေသော 'ဘိုးတော်အတုအယောင်'တစ် ဖြစ်ပေသည်။ ကိုယ်နှင့်ရင်းနှီးလာမည့်လူ၊ ဥပမာ ယဉ်မွန်ရည်တို့လို မိ ကလေးမျိုး၏ မွေးသက္ကရာဇ်ကို ဦးဘဆက်မှတစ်ဆင့် မေးမြန်းတွက်ချ ပြီး အနည်းအပါး အာရုံခံဟန်လုပ်ပြီး ဟောကြားခဲ့သည်။

သက်သတ်လွတ်စားဟန်...အမိဋ္ဌာန်ဝင်ဟန် လုပ်ပြီး ညဘက် မှ ခတ်ကျသည်ဆိုကာ ဒေါ်အိမ်ငြိမ်းကို ကြက်သားကြော်ခိုင်းပြီး အခန်း တွင် အရက်နှင့် မြည်းနေတတ်သည်။

"ငါ ဒါမျိုးတွေကို ဦးဘဆက်မရှိတုန်းလုပ်မှ သူအကြည်ညို ရင် ငါ့စားပေါက်ပိတ်ရချည်ရဲ့"

လောဘရှင် ဦးဘဆက်... ကြည်ညိုယုံကြည်လာအောင် နည်း အမျိုးမျိုးနှင့် တန်ခိုးပြနေခဲ့သော်လည်း ဦးဘဆက်၏ ဆန္ဒများနော သို့ သူပါ လိုက်လျောနေခဲ့ရသည်။

ကိုမင်းမောင်နှင့် လေးနုထွေးတို့ အသတ်ခံသော ကိစ္စများ ဘိုးတော်မင်းလူ မပါချင်ဘဲ ပါဝင်နေခဲ့ရသည်။

ဤအိမ်တွင် ဘုရားတရားသက်သက်ကိုသာ ယုံကြည်သူ ဒေါ်



ဝေလည်း မရှိပြီ။ ဒေါ်အိမ်ငြိမ်းသည်လည်း ကိုယ့်လူသက်သက်ဖြစ်လာပြီး အကယ်၍သာ ဦးဘဆက်ကို အောင်နိုင်ခဲ့ပါလျှင်...ဤပစ္စည်းများ ပိုင်ရှင် မှာ တစ်နေ့တွင် မိမိဖြစ်မလာနိုင်ပါဟု မပြောနိုင်ပါ ဟူသော မျှော်လင့်ချက် အတွေးများကို ဘိုးတော်မင်းလူ တွေးလာနိုင်ခဲ့ပြီ...။

"ဖမ်းထားတဲ့ ရဲမောင်ရဲ့ကိစ္စကလည်း အီလည်လည်ဖြစ်နေ တယ်။ ကျွန်တော်တော့ တိုးသျှန်ကိုပါ ထောင်ထဲပစ်သွင်းပစ်ချင်တယ် ဆရာရယ် ကြံစမ်းပါဦး"

"ဒါဖြင့်...ဒီလိုလုပ် ကိုဘဆက်"

\+ + + +

ကာကီရောင်ဝတ်၍ အမျိုးအမည် မဖော်ပြနိုင်သော တံဆိပ်များ ကို တပ်လျက် မန္တလေး–ပြင်ဦးလွင်လမ်းရှိ သုံးထပ်ကွေ့အောက်နား ချောင်ကျသော နေရာတွင် လူသုံးယောက်နှင့် ကားတစ်စီး ရပ်စောင့်နေ ကြသည်။

ဦးတိုးသျှန်သော်လည်းကောင်း၊ သူ့သားတစ်ယောက်ယောက် သော်လည်းကောင်း ယနေ့တွင် ပစ္စည်းတင်၍ မန္တလေးမြို့သို့ ဆင်းလာ မည့်အကြောင်း သတင်းရရှိပြီးသား...။

ဤဦးဘဆက်၏ လူယုံများက ရှာဖွေရေးတို့၊ ဘာကောင်စီ ညာ ကောင်စီဟု အပိုင်ပြောပြီး ကားကို ရပ်တန့်ရှာဖွေသည်။

ရှေ့မှ လူတစ်ယောက်က ဦးတိုးသျှန်ကို စစ်ဆေးမေးမြန်း ဟန်ပြု ၍ ကားလိုင်စင် လူမှတ်ပုံများကို စစ်ဆေးနေစဉ် နောက်မှ လူနှစ်ယောက် က ဦးတိုးသျှန် သယ်ဆောင်လာသော သေတ္တာများကို ဖွင့်ရှာသည်။

မများပါ။ သေတ္တာငယ်လေး သုံးလုံးတည်းပါ။ ကုန်ထုတ်လုပ်မှု ကျဆင်းနေရှာသော ဦးတိုးသျှန်မှာ လက်ကျန်ဖောက်သည်များထံ ပစ္စည်း လေးအနည်းငယ် သွားသွင်းခြင်းဖြစ်ပါ၏။

အသင့်စီစဉ်ထားသည့်အတိုင်း ဦးတိုးသျှန်၏ သော်တာအရက်ကုန် လုပ် မိတ်ကပ်ဘူးများအားလုံးကို ထုတ်ယူ၍ သီတဂူမြို့မှ ထုတ်လုပ်သော မိတ်ကပ်ဘူးများကို ပြောင်းလဲ၍ ထည့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးတိုးသျှန်မှာ မိတ်ကပ်ဘူးအတုများ လုပ်နေကြောင်း တိုင်တန်း
ထားချက်အရ...မန္တလေးမြို့ဝင်ဂိတ်မှ ဖမ်း၍ ရှာဖွေမေးမြန်းလိုက်သည့်
အခါ ဘာမှမသိလိုက်ရှာသော ဦးတိုးသျှန်က—

"ဟုတ်ပါတယ်...ဒါ ကျွန်တော်ကိုယ်တိုင် ထုတ်လုပ်ပြီး ရောင်းချဖို့ ယူလာခဲ့တဲ့ ပစ္စည်းတွေပါ"

ဦးဘဆက်၏ ကုန်ပစ္စည်းအမှတ်တံဆိပ်အတိုင်း သူကိုယ်တိုင် ထုတ်လုပ်သည်ဆို၍...

ဦးတိုးသျှန် အဖမ်းခံခဲ့ရလေပြီ...။

\+ + + +

ဦးတိုးသျှန် အဖမ်းခံရသည့်နေ့နှင့် ထိုနေ့ညတွင် ဦးဘဆက်ရော ဘိုးတော်မင်းလူပါ ထိုကိစ္စအတွက်နှင့် ပြင်ဦးလွင်သို့ ပြန်တက်မလာနိုင်ခဲ့ကြ၊ မန္တလေးမြို့တွင် ညအိပ်သည်။ လက်ပူးလက်ကြပ် ဖမ်းမိထားသော ဦးတိုး သျှန်အတွက် အပြစ်လေးသထက် လေးရန် လုံးပမ်းနေရသည်။ လိုက်နေ ရသည်။

ထိုလပြည့်နေ့ညက ဒေါ်အိန္ဒြေသည် ယဉ်မွန်ရည် အမည်ခံထားသော သက်မွန်ကို ညီကြီးအား သတ်နိုင်းခဲ့သည့်ည...

ထို့နေ့ညက လျှင်မြန်ဖျတ်လတ်လွန်းသော စုံထောက်မလေး သက်ထားမွန်ကို လုပ်ကြံခြင်း မအောင်မြင်ပါဘဲနှင့် ညီကြီး ပြန်လာခဲ့ရသည်။

တစ်ဖက်ခန်းမှ တံခါးများကို ဝင်ရန် အလွယ်တကူ စီစဉ်ပေးထားပါလျက်နှင့် ပြန်လာခဲ့ရသော ညီကြီးကို ဒေါ်အိန္ဒြေမကျေနပ်နိုင်။

လပြည့်ည လူသတ်ခဲ့ပြီးလေတိုင်း တဟီးဟီးရယ်မောခဲ့သော ညီကြီးမှာ ထိုညက ဝမ်းနည်းပက်လက် ရှိုက်ကြီးတငင် ငိုတော့သည်။

ဘိုးတော်မင်းလူ၏ ရေမန်းနှင့် တောက်၍လည်း မရ၊ ငိုရာမှ ဖောက်လာပြန်သည်။ အိပ်ပေါ်ထပ်တွင် သော့ခတ်ပိတ်ထားသော နန်းမြင့်မေမှလွဲ၍ သူတို့မောင်နှမသာ ရှိသည်။

"အင်း...နေမြင့်လေ အရူးရင့်လေတော့ ဖြစ်ပြီ၊ ဒီကောင် လူမသတ်ရရင် မနေနိုင်တော့ဘူး။ ငါ့ဘက်များ လှည့်လာရင် အခက်"

ကိုယ့်အစောင့်ကိုပင် ကြောက်စိတ်ဝင်လာသော ဒေါ်အိန္ဒြေမှာ အိပ်ဆေးများ အတင်းတိုက်ရသည်။ ချော့၍ သူ့အခန်းသွင်းသော်လည်း မရတော့၊ အိမ်ထဲမှ အခန်းတစ်ခုတွင်သာ သိပ်လိုက်ရတော့သည်။

"ဟိုကောင်မတော့ လွတ်သွားပြီ၊ ယုဇနနဲ့ ကြည်ညိုဆိုတဲ့ ဟိုကောင်လည်း ဘာတွေပြောကြဆိုကြတယ်မသိဘူး၊ ကိုဘဆက်လာရင် ငါများ ဆူနေမလား"

"အို...သူဆူတာထက် သွေးဆာနေတဲ့ ညီကြီးငြိမ်သွားဖို့က အရေးကြီးတယ်"

ခေတ်ဆန်ဆန်နှင့် ခပ်ပျံ့ပျံ့ မိန်းကလေးများကို အစကတည်းက ဒေါ်အိန္ဒြေကြည့်၍မရခဲ့။ ဤအိမ်မှ စာရေးမ ယုဇနကို ဒေါ်အိန္ဒြေမုန်းသည်။

ယဉ်မွန်ရည် လွတ်ထွက်သွားသည့်ကိစ္စကို သူမကျေနပ်။ ယဉ်မွန်ရည်နှင့် တွဲဖက် ယုဇနကလည်း ခံလိမ့်မည်မထင်။ ပြဿနာတစ်ခုခုလုပ်လိမ့်မည်ဟု ဒေါ်အိန္ဒြေ အသေအချာထင်နေမိသည်။

သူတစ်ပါးကို အမြဲမကောင်းထင်နေသည်။ မိမိကိုး အကောက်ဉာဏ်ဆင်နေလိမ့်မည်ဟု အမြဲယုံကြည်နေတတ်သော စိတ္တဇဝေဒနာရှင်များထဲတွင် ဒေါ်အိန္ဒြေပါပေလိမ့်မည်။

ထိုနေ့ညနေက ယုဇနကို ဒေါ်အိန္ဒြေပင် အပေါ်ထပ်သို့ ခေါ်ခဲ့သည်။ စတိုခန်းထဲသွင်း၍ ညီကြီးလက်ကို အပ်လိုက်ခြင်း ဖြစ်ပါ၏။

စိတ္တဇဝေဒနာရှင်မောင်နှမ၏ စိတ္တဇလပြည့်ည သားကောင်မလေးအဖြစ်နှင့် ယုဇနခမြာ အသက်ဆုံးရှုံးရှာသည်။

ရည်ရွယ်ချက်က ဒေါ်အိန္ဒြေကိုယ်တိုင် ယုဇန၏ အလောင်းကို မြုပ်နှံဖျောက်ဖျက်ရန်ပါ။ နောက်ဘက် တန်းလျားတွင်လည်း လူသူမရှိတော့၊ အလွယ်တကူ ဖြစ်နိုင်လိမ့်မည်ဟု ထင်ခဲ့သော်လည်း...

ထိုညက စက်ရုံများ မီးလောင်သည်။

နောက် မနက်စောစောတွင် ဦးဘဆက်နှင့် ဘိုးတော်မင်းလူ ပြန်တက်လာခဲ့သည်။

ထို့နောက်တွင်...

ယဉ်မွန်ရည် အမည်ခံ ရဲအရာရှိမလေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အရပ်

www.burmeseclassic.com

www.burmeseclassic.com

လူကြီးများ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပါ၏။

စိတ္တဇလေပြည့်ည၏ ဖြစ်ရပ်မှန်များအားလုံးကို ကာယကံရှင် ဒေါ်အိမ်ငွေ၊ ဘိုးတော်မင်းလူနှင့် ဦးဘဆက်တို့၏ ဝန်ခံချက်များဖြင့် ပြေလည် ပြီးဆုံးခဲ့ရပါပြီတည်း…

မိမိ၏ ထောက်လှမ်း စုံစမ်းမှုများ အောင်မြင်ခဲ့ပါသည်ဆိုသော်ငြားလည်း သက်ထားမွန်မှာ ရင်မချမ်းမြေ့နိုင်တော့ပါချေတကား။

\+ \+ \+ \+

## အခန်း(၂၇)

"မမ…မမ…နန်းကို တစ်ယောက်တည်း ထားခဲ့ကြတော့မလို့လား…"

"ဟယ်…နန်း"

အခန်းတွင်းမှ ပြေးထွက်၍ သက်ထားမွန်ကို ဖက်တွယ်ငိုယိုရှာသူ နန်းမြင့်မေ…

"ဟုတ်ပါရဲ့ကွယ်…ဘိုးတော်မင်းလူ ဒေါ်အိမ်ငွေတို့နဲ့အတူ ဦးဘဆက် နောင်တတရားတွေ ရပါပြီဆိုပြီး လိုက်လိုက်လဲ့လဲ့ ငိုယိုရင်း ရဲကားပေါ် ပါသွားတဲ့အဖြစ်ကို ငေးကြည့်နေမိလို့ မမ နန်းကို မေ့သွားမိတာပါ"

"နန်း ဒီအိမ်ကြီးထဲမှာ မနေခဲ့ပါရစေနဲ့မမရယ်၊ ဟိုအရှုးကြီးနဲ့ နှစ်ယောက်တည်း"

"အင်း…ဟုတ်တာပေါ့…ဟုတ်တာပေါ့…ကဲ…ပြော…မမ ဘယ်ကို ပို့ပေးရမလဲ။ ဒီအိမ်ကိုတော့ သက်ဆိုင်ရာတွေက စောင့်ကြပ်ထားလိမ့်မယ်။ မီးရှို့မှုကိစ္စကို သူတို့ စုံစမ်းကြလိမ့်မယ်၊ ကိုညိုကြီးကိုလည်း မကြာခင်မှာပဲ လာခေါ်ကြလိမ့်မယ်၊ နန်းရော…ဘာလုပ်ချင်သလဲ ဘယ်လိုစီစဉ်ထားလဲ"

"နန်းမသိဘူး…နန်းမသိဘူးမမရယ်၊ နန်းဘာလုပ်ရမလဲ"

"မန္တလေးကို ဆင်းမလား၊ ဟိုမှာ အမျိုးတွေအသိတွေရှိရင် ပို့ပေးနိုင်းမယ်လေ"

"မမရော မန္တလေးသွားမှာမှလား"

"မမညနေလောက် ဆင်းဖြစ်လိမ့်မယ်။ အသိတစ်ယောက်ဆီကို

www.burmeseclassic.com

www.burmeseclassic.com

ခဏသွားဦးမယ်"

"နန်းပါ လိုက်ခဲ့ပါရစေလား မမ"

နန်းမြင့်မေကို ခေါ်မသွားချင်ပါသော်လည်း မထားခဲ့ရက်၍ အတူခေါ်လာခဲ့ရသည်။

"နန်းအတွက် အကောင်းဆုံးလုပ်သင့်တာကတော့ အင်ကြင်းပင်က မမနုဝေနဲ့ တွေ့ဆုံပါ။ သီတဂူမြိုင်ခြံကြီးရဲ့ ရှေ့ဆက်ရမယ့်ခရီးနဲ့ ရပိုင်ခွင့် ထိန်းသိမ်းမှုတွေကို နန်းတို့တူဝရီး ဆွေးနွေးကြပေါ့"

"ဟာ...ဦးဘဆက်က ဘယ်ပေးလိမ့်မလဲ ...မမရဲ့"

သက်ထားမွန်မှာ နန်းမြင့်မေကို ပြုံး၍ လှည့်ကြည့်ပြီး ခေါင်းရမ်းပြမိသည်။

"ဆယ်နှစ်ထက် စောပြီး ဦးဘဆက် ပြန်မထွက်လာနိုင်ပါဘူး ညီမလေးရယ်"

"ဘိုးတော်မင်းလူနဲ့ ဒေါ်အိမ္ဘွေရော"

ဦးဘဆက်လောက် သူတို့က အမိကမကျပေမယ့် လူသတ်မှုမှာ အားပေးကူညီခိုင်းစေတဲ့အတွက် ဥပဒေက နှစ်များစွာ ဆုံးမထားပါလိမ့်မယ်။ ဒေါ်အိမ္ဘွေကတော့ သာမန်မိန်းမကြီး မဟုတ်လို့ သူ့ကို စစ်ဆေးစမ်းသပ်ပြီး ဆေးကုပေးသင့်ရင် ဆေးရုံတင်ပြီး ကုသလိမ့်မယ်ထင်ပါတယ်။ ရောဂါပျောက်ပြီး သာမန်လူကောင်းတစ်ယောက်ဖြစ်မှ ဥပဒေက စီရင်ပိုင်ခွင့် ရှိတာကိုး"

"ဒါဖြင့် ညိုကြီးဆိုတဲ့အရူးကြီးရော"

"သူ့ရောဂါဟာ သိပ်ရင့်နေပြီ။ လုံးဝပျောက်ကင်းနိုင်ဖို့ကတော့ ခဲယဉ်းလိမ့်မယ်ထင်တယ်။ စိတ်ရောဂါကုဆေးရုံမှာ သူ့ကို အကြာကြီး ထားရလိမ့်မယ်ထင်တယ်"

"အဲဒီအရူးကြီး ည...ည အော်သံ တစ်ချက်တစ်ချက် ကြားလိုက်ရရင် နန်းဖြင့် သွေးပျက်မတတ် ကြောက်မိတယ်"

"ကိုညိုကြီးနဲ့ ပတ်သက်ပြီး နန်းဘာတွေ ကြားရသိရသလဲဟင်"

"ဘာမှ မသိရပါဘူး။ ဘိုးတော်က အရူးတစ်ယောက်ဆေးကုနေတယ်လို့ပဲ ပြောပြီး နောက်ဖေးဘက်မှာပဲ သူတို့ဟာသူတို့ ဖြေရှင်းနေကြ



ပါတယ်။ နန်းကိုလည်း စားစရာအပြည့်အစုံနဲ့ သူတို့ လုံလုံခြုံခြုံဝိတ်ထားကြတာကို"

"အေးကွယ်...နန်းကို ကယ်ယူဖို့ ကြိုးစားပေမယ့် မအောင်မြင်တဲ့အတွက် မမကို ခွင့်လွှတ်ပါနန်းရယ်"

"နန်းရဲ့ဘဝအကြောင်းပဲပေါ့ မမရယ်"

"ဟုတ်တယ်...နန်း၊ တရားရှင်ရဲ့ တူမပဲကွယ်၊ ဒီလိုပဲ ဖြေယူပါ။ ပြီးတော့ နန်းရဲ့အဖြစ်အပျက်ကိုလည်း သိတဲ့လူဟာ ပြင်ပလောကမှာ မမတစ်ယောက်တည်း ရှိပါတယ်"

"ဟုတ်ပါတယ်နော်မမ"

နန်းမြင့်မေက ဝမ်းသာအားတက်လာဟန် လေသံလေးနှင့် ပြောရှာသည်။ နန်းကို တင်ဆောင်၍ ကားကို ကိုယ်တိုင်မောင်းလာသော သက်ထားမွန်ကို ကြည့်ပြီး နန်းမြင့်မေက...

"ဒါနဲ့ လပြည့်ညမှာ ဘိုးတော်မင်းလူဟာ အမိဋ္ဌာန်ဝင်ပြီး ညိုကြီးဆိုတဲ့ လူကြီးကို လိုက်သတ်ခိုင်းနေတာလားမမ"

"မဟုတ်ပါဘူး။ ဘိုးတော်မင်းလူဆိုတာ အလကားလူ၊ သူ့ကို စိတ်ဝင်စားမှုရှိလာအောင် လပြည့်ညမှာ အမိဋ္ဌာန်ဝင်တယ် ဘာတယ်ဆိုပြီး ညာတာဖြီးတာပါ။ ကိုညိုကြီး လူသတ်တာနဲ့ အမှတ်မထင်ရောသွားခဲ့တာ"

"ကိုညိုကြီးကရော လပြည့်ညကျမှ ဘာလို့ လူသတ်ရတာလဲ ဟင်မမ..."

"မေးစရာပဲ နန်း၊ အဲဒီကိစ္စအတွက် ဖြေဖို့လုံလောက်တဲ့အကြောင်းအရာတွေ ရှိပါတယ်။ ဒီလို နန်း...၊ စိတ်ရောဂါဆိုတာ အင်မတန် နူးညံ့တယ်၊ ကျယ်ပြန့်တယ်၊ အသိရခက်တယ်။ တစ်ခုခုကို အခြေခံပြီး ဖောက်ပြန်ကြတဲ့ ရောဂါအမျိုးမျိုး ရှိတယ်။ အဲဒီထဲက လကို မြင်ရင် ဖောက်ပြန်တတ်တဲ့ စိတ္တဇရောဂါရှင်တွေ ရှိတယ်"

"လပြည့်ညကျမှလား"

"လပြည့်ညဆိုရင် လကို ဝိုင်းဝိုင်းစက်စက်ကြီး အနီးကပ်မြင်ရတော့ ရောဂါအရင့်ဆုံးဖြစ်လာတော့တာပေါ့။ အဲဒီရောဂါကို ဆေးပညာခေါ်အဝေါ်အရ (Lunacy) လူနာစီလို့ ခေါ်တယ်။ (Luna) လူနာဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

လက်တင်(Latin) ဘာသာအရ 'လ'ကိုခေါ်တယ်။ အဲဒါကြောင့် အဲဒီရောဂါ ဖြစ်နေတဲ့ စိတ္တဇဝေဒနာရှင်တွေကို (Lunatic) လူနားတစ်(က်)လို့ ခေါ်တယ်နန်း"

"လနဲ့ နွယ်ပြီး ဖြစ်လာတဲ့ ရောဂါသည်တွေ သပ်သပ်ရှိလာလို့သာ ဒီလို ရောဂါမည်ပေးထားရတာပေါ့နော်"

"ဒါပေါ့ နန်း Dorland's ရဲ့ Medical Dictionary စာအုပ်ထဲမှာ (Lunatic) ဆိုတာ (A Mentally Deranged Person) လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ် နန်း၊ လဲကြောင့် စိတ်ထားယိုယွင်းပျက်သုဉ်းနေတဲ့ ပုဂ္ဂိုလ်တွေပေါ့"

"အဆန်းပဲနော် မမရယ်"

"မမတို့ မြန်မာပြည်အနေနဲ့ တံတားလေး စိတ်ရောဂါအထူးကုဆေးရုံတစ်ခုတည်း ရှိပြီး စိတ်ရောဂါရှင်တွေကို ကျယ်ကျယ်ပြန့်ပြန့် မကုနိုင်ကြသေးလို့ မသိကြတာပါ။ အမေရိကန် ကာလီဖိုးနီးယားနယ်က စိတ္တဇဆေးရုံတစ်ခုမှာ လပြည့်လာရင် စိတ်ဖောက်ပြန်လာတတ်သူတွေ များလွန်းလို့ လပြည့်ညဆိုရင် အစောင့်တွေ နှစ်ဆချထားရတယ်လို့ ဆောင်းပါးတစ်ခုမှာ ဖတ်ဖူးတယ်"

"အင်းလေ…အဲဒီစိတ်ဝေဒနာသည်ကို ခုတုံးလုပ်ပြီး သူတို့မုန်းတဲ့လူတွေကို သတ်ခိုင်းတဲ့ ဘိုးတော်မင်းလူ၊ ဦးဘဆက်နဲ့ ဒေါ်အိန္ဒြေတို့ဟာ တကယ်ရက်စက်ယုတ်မာတဲ့ လူတွေပဲနော် မမရယ်"

"ဒါပေါ့ကွယ်"

"ပြီးတော့ မမစစ်ဆေးနေတာ၊ သူတို့ ဖြောင့်ချက်ပေးနေတာ ဝန်ခံနေတာတွေ နန်းကြားပါတယ်။ ဦးတိုးသျှန်တို့ သားအဖတွေ သနားပါတယ်နော် မမ"

"အေးပေါ့ကွယ်… တကယ် အပြစ်ကင်းစင်ရှာတဲ့ သားအဖတစ်တွေပါ။ သူတို့ဆီကို အခု မမသွားမလို့"

"ဟင်…မမနဲ့ သိလို့လား"

"သိတာပေါ့။ ကိုရဲနောင်ဆိုတဲ့ လူဆီကို မမဦးတည်ပြီး သွားမှာနန်း"

## အခန်း(၂၈)

"ကိုရဲနောင်"

"ဟင်…အို…အသဲက်…အသက်ပါလား"

"ဟုတ်တယ်…ကိုရဲနောင် စိတ်သိပ်ပင်ပန်းနေသလား ဟင်"

သူ့ညီလေး ရဲမောင်မောင် အာမခံမရမီ သူ့ဖခင် ထပ်မံအဖမ်းခံရသည့်အတွက် ကိုရဲနောင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေရှာပါမည်။ ကိုရဲနောင်နှင့် ပြောဆိုဆွေးနွေးစရာများရှိ၍ နန်းကို ကားထဲ၌ပင် ထားခဲ့ရသည်။ နန်းကိုယ်တိုင်လည်း ခြံတွင်းသို့ မလိုက်လို၊ တစ်ညလုံး စိတ်ဝင်စားနေခဲ့ရ၍ ကားထဲတွင် သူမှိန်းနေပေသည်။ ကိုရဲခေါင်နှင့် ကိုရဲအောင်ကိုလည်း မမြင်ရ။ ခြံတွင်း၌ ကိုရဲနောင်တစ်ယောက်တည်းသာ။

"ဟုတ်ပါတယ် အသက်၊ ကျွန်တော် စိတ်သိပ်ပင်ပန်းနေပါတယ်။ ဒါပေမဲ့ အသက် ကျွန်တော်တို့ခြံကို ပြန်လာတဲ့အတွက် အသက်ရဲ့ မျက်နှာလေးကို ပြန်မြင်ခွင့်ရတဲ့အတွက် ကျွန်တော်ရဲ့ ရင်ထဲတွေ ချက်ချင်းလိုပဲ ချမ်းမြေ့သွားရပါပြီခင်ဗျာ"

"ကိုရဲနောင် ဝမ်းသာစရာသတင်း သက် လာပြီးပြောတာပါ။ ပြီးတော့ ကိုရဲနောင်ကို လာပြီး နှုတ်ဆက်တာပါ"

"လာနှုတ်ဆက်တာ"

"ဟုတ်ပါတယ်"

"အသက် မန္တလေးကို သွားမလို့လား ဟင်"

"မဟုတ်ဘူးကိုရဲနောင်၊ ရန်ကုန်ကို ပြန်မှာပါ"

"ဟင်…ရန်ကုန်ကို ပြန်မယ်"

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ပါတယ်၊ သက် ရန်ကုန်ကနေ တာဝန်နဲ့ ဒီကို ရောက်လာ တာပါ”

“ဒါနဲ့ မန္တလေးကဆို”

“မဟုတ်ဘူးကိုရဲနောင်၊ သီတဂူမြိုင်ရဲ့ ရုပ်သေရုပ်ရှင်ကားတွေ အထပ်ထပ်ကြည့်၊ အသေအချာလေ့လာပြီးမှ သီတဂူမြိုင်ကို စေလွှတ်လိုက်လို့ သက် တာဝန်နဲ့ ရောက်လာရတာပါ”

“ဟင်”

“သက်ရဲ့ နေအိမ်လိပ်စာနဲ့ တာဝန်ထမ်းဆောင်မှု လိပ်စာကတ်ပြားလေးကို ပေးခဲ့ပါမယ်။ မိတ်ဆွေတစ်ယောက်အနေနဲ့ သက် ကိုရဲနောင်ကို မေ့ရမှာ မဟုတ်ဘူးရှင်”

“အသက်ရယ်၊ ဘာတာဝန်တွေနဲ့လဲဗျာ”

“ပြောပါ့မယ် ကိုရဲနောင်၊ ဒါပေမဲ့ ကိုရဲနောင် ဝမ်းသာရမယ့် သတင်း အရင်ပြောပါရစေ၊ အခုလောက်ဆိုရင် ကိုရဲနောင်ရဲ့ ဖေဖေ ...မန္တလေးအချုပ်က လွှတ်လိုက်လောက်ပါပြီ”

“ဟင်...တကယ်လား အသက်၊ အစ်ကိုတို့ အဖေ့ဆီ သွားကြတယ်”

“ဒါဖြင့် မကြာခင် အတူပြန်လာကြမှာပါ ကိုရဲနောင်”

“ဟာ...ဟုတ်လားအသက်၊ ဘယ်လိုလုပ်သိလဲဟင်”

“ပြီးတော့လေ ကိုရဲနောင်တို့ သားအဖတစ်တွေကို အစဉ်တစိုက် ဒုက္ခပေးခဲ့တဲ့ ဦးဘဆက်လည်း အဖမ်းခံရပါပြီ”

“အို...ဘယ်တုန်းကလဲ”

“အခုလေးတင်ပဲ၊ ဦးဘဆက်တို့လည်း ရဲကားနဲ့ပါသွားရော သက်လည်း ဒီ သော်တာခြံက ကိုရဲနောင်ဆီကို လာခဲ့တာပါပဲရှင်”

“ဟာ...အဖေ...အဖေ တကယ်လွှတ်မယ်နော်၊ ဘယ်လိုကြောင့်လဲဗျာ”

“လမ်းမှာ ရှာဖွေရေးဟန်ဆောင်ပြီး သူတို့ပစ္စည်းနဲ့ ဒီက ပစ္စည်းချင်း လဲယူထားလိုက်ကြတာပါ။ သက်သက် အဖမ်းခံရအောင် လုပ်လိုက်တာပါ။ ဦးဘဆက်ရဲ့ ဉာဏ်တွေပါ။ ဒါပေမဲ့ မကောင်းမှုဆိုတာ ဆိတ်ကွယ်



ရာ မရှိပါဘူးကိုရဲနောင်ရယ်။ တဒင်္ဂလေးသာ အောင်နိုင်မှုရမှာပါ။ အခုဆို ချက်ချင်းလိုပဲ အမှန်တရားဟာ ပေါ်ခဲ့ပါပြီ”

“ကျွန်တော့်...ကျွန်တော့်အဖေဟာ ဒီလို ဘယ်တော့မှ သူများ အတုခိုးပြီး လုပ်မစားဘူးဆိုတာ ကျွန်တော်တို့ သိပြီးသားပါအသက်။ အဖေ မိတ်ကပ်အတုလုပ်မှုနဲ့ အဖမ်းခံရပြီ၊ ဦးဘဆက်ရဲ့ ပစ္စည်းကို တုပပြီး လုပ်မှုနဲ့ဆိုတော့ အသက်ရယ်၊ ကျွန်တော့်ရင်တွေ ပေါက်ကွဲမတတ် ကျွန်တော့် အဖေ့အတွက် ခံပြင်းမိတယ်”

“ဟုတ်တာပေါ့၊ ဖြစ်ထိုက်တာပေါ့”

“ကျွန်တော် မခံနိုင်လွန်းလို့ပါ။ ကျွန်တော့်အဖေကို ဒီကောင်ကြီး သက်သက် ဒုက္ခပေးနေတယ်ဆိုတာ သိတော့...အို ကျွန်တော်လေ ကျွန်တော်...”

“ကိုရဲနောင် သိပ် စိတ်လှုပ်ရှားနေတယ်။ စိတ်ငြိမ်အောင် ထားပြီး ပြောပါလားရှင်”

“ကျွန်တော့်ဒေါသကို မထိန်းနိုင်ခဲ့ဘူး။ သိပ်ပြီး လောသွားမိပြီ ပေါ့ဗျာ”

“ဘာကိုလဲ ကိုရဲနောင်”

“ဦးဘဆက်ရဲ့ စက်ရုံတွေကို ဓာတ်ဆီဖျန်းပြီး မီးနဲ့ ရှို့ပစ်လိုက်တာ ကျွန်တော်ပဲ အသက်”

“ဟာ...အို...ကို...ကိုရဲနောင်ရယ်”

“အဲဒီညက သူမရှိတာ အတော်ကံကောင်းတယ်၊ တွေ့လိုက်ရင် သူ့ကိုပါ တစ်ခါတည်းအသတ်ပဲ”

“ဒေါသကို ရှေ့ထားလှချည်လား ကိုရဲနောင်ရယ်၊ ဒုက္ခပါပဲရှင်”

“အသက်ပေါ်မှာ ကျွန်တော် ဘယ်လောက်ချစ်ခဲ့ရ၊ သံယောဇဉ်ကြီးခဲ့ရတယ်ဆိုတာ ကျွန်တော်မှသာ အသိဆုံးပါ အသက်။ မတုံ့ပြန်နိုင်ပါဘူးဆိုပေမယ့် မိတ်ဆွေတစ်ယောက်လို ဆက်ဆံလိုပါတယ်ဆိုတဲ့ အသက်ကိုမို့ ကျွန်တော်ယုံကြည်စွာ ဖွင့်ပြောရတာပါခင်ဗျား”

“ကိုရဲနောင်...”

“ဟင်...အသက် ဘာဖြစ်လို့လဲ”

www.burmeseclassic.com

www.burmeseclassic.com

"ကိုရဲနောင်ရယ်၊ ဒီကိစ္စကို ရှင်ဘာဖြစ်လို့များ ကျွန်မကို ဖွင့်ပြော ရတာလဲ။ ရှင်ဘာလို့ ကျွန်မကို ဖွင့်ပြောလိုက်ရတာလဲဟင်"

"အသက် ကျွန်တော့်စကားအတွက် အနှောင့်အယှက်များ ဖြ သွားသလားဗျာ"

"ဖြစ်ရပြီလား ကိုရဲနောင်ရယ်"

ယုံကြည်ခြင်း၊ မျှော်လင့်ကြီး ကြီးစွာဖြင့် စောင့်မျှော်ငေးကြည့် ရှာသော ကိုရဲနောင်ကို သက်ထားမွန် စိတ်မကောင်းလွန်းစွာဖြင့် မြင်ရ သည်။

မင်္ဂလာသတင်းတစ်ပုဒ်ကို ယူဆောင်လာသော သက်ထားမွန်၏ အပြန်ခရီးတွင် အမင်္ဂလာသတင်းတစ်ပုဒ်ကို ပြန်လည်၍ သယ်ဆောင်သွား ရပေဦးမည်။

ဦးဘဆက်၏ စက်ရုံများကို မီးနှင့် ရှို့ခဲ့သလို သက်ထားမွန်၏ ရင်တွင်းသို့လည်း သောကမီးများကို လောင်ကျွမ်းစေခဲ့သူ ကိုရဲနောင်...

ခြံတွင်းသို့ ကားတစ်စင်း ဝင်လာသည်။

"ဟေး...ယဉ်မွန်၊ အဲ...သက်ထားမွန်။ အိုဗျာ...ရှုပ်ကုန်ပြီ ဘယ်လိုခေါ်ရမှန်းတောင် မသိတော့ပါဘူး"

"ကိုကြည်ညို"

ကိုရဲနောင်က ကိုကြည်ညို၏စကားကို နားမလည်၍ သက်ထား မွန်နှင့် ကိုကြည်ညိုကို ကြည့်နေသည်။

"ဟော့...ရဲနောင်၊ ယဉ်မွန်ရည် ဘယ်သူဆိုတာ မင်းသိရဲ့လား သူ ကို ပြောပြီးပြီလားဟင်"

သက်ထားမွန်က တည်ငြိမ်စွာ ခေါင်းခါပြလိုက်သည်။

"ကိုကြည်ညိုကလည်းဗျာ၊ ရှင်းရှင်းပြောစမ်းပါ"

"မင်းသိနေတဲ့ ယဉ်မွန်ရည်ဆိုတာ နောက်မှကင်ပွန်းတပ်ထား နံမယ်၊ တကယ်တော့ ယဉ်မွန်ရည်ဆိုတာ ရန်ကုန်မြို့ ဗဟိုထောက်လှ ရေးက အထူးအစီအစဉ်နဲ့ လွှတ်လိုက်တဲ့ ရဲအရာရှိ ဒေါ်သက်ထားမွန်"

"ဟင်...ဩော်...ကျွန်တော် မျှော်လင့်တွေးတောထားတာထ တောင် အသက်က ပိုပြီး ကြီးမြင့်ထည်ဝါနေပါလားဗျာ"



"ဒါပေမဲ့ ကိုရဲနောင်ရယ်..."

သက်ထားမွန် စကားမဆက်နိုင်တော့ပါ။ ခြံလုပ်ငန်းလေးဖြင့် အေးငြိမ်းတည်ငြိမ်နေသော သူ့ဘဝကို လှုပ်ခတ်မိလေခြင်းဟူသော အသိ ရှိရသည့်အထဲ ဝမ်းနည်းအားငယ်ဟန်အသွင်နှင့် ကိုရဲနောင်ကို မြင်ရ၍ သက်ထားမွန်၏ ရင်မှာ ပြည့်သိပ်လာမိသည်။

ဤအမျိုးသားအပေါ်တွင် တာဝန်ပိုင်းအတိုင်း ဆောင်ရွက်ပြီး ဥပေက္ခာပြုလျက် ထွက်မသွားရက်နိုင်လောက်အောင် ရှိနေရသည်။

သူ၏ကြီးမားသော မေတ္တာစွမ်းအင်သည် သက်ထားမွန်၏ မေတ္တာတုံ့ပြန်မှုကို ယူငင်နိုင်စွမ်းအား မရှိခြားသော်လည်း...သက်ထားမွန် ၏ နှလုံးသားတွင်းသို့ သူ့မေတ္တာများစွာ ကျရောက်ဖြစ်တည် ရစ်ပတ်နေ နှင့်ပြီ"

"ယဉ်မွန်...အဲ...သက်ထားမွန်"

"ဟုတ်ကဲ့ ကိုကြည်ညို"

"ကျွန်တော့်ကိုရော စုံထောက်တစ်ယောက်လို့ မထင်မိဘူးလား ဟင်"

"မထင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"အရှင်းကြီးပဲ၊ ကျွန်မတစ်ယောက်တည်းကို တာဝန်ချထားတာပဲ။ နောက်ထပ်လွှတ်ရင် ကျွန်မနဲ့ လာဆက်သွယ်မှာပေါ့"

"ဒါပေမဲ့ ကျွန်တော်လည်း စုံထောက်ပဲ"

"ဟုတ်လိမ့်မယ်။ ရှင် တစ်စုံတစ်ရာကြောင့် လှုပ်ရှားနေတာပဲ လို့ ကျွန်မသိပြီးသားပါ။ ဒါပေမဲ့ တာဝန်ပိုင်းနဲ့ ရောက်လာတဲ့ စုံထောက် မျိုး မဖြစ်နိုင်ပါဘူး"

"ဟုတ်တယ်...ကျွန်တော့်ကို ရဲခေါင်က ငှားတာ။ ကိုယ့်စရိတ် ကိုယ်စားပြီး ရန်ကုန်က ဆင်းလာခဲ့ရတဲ့ စုံထောက်ကျော်ကြီးလေဗျာ"

"ဘယ်လို..."

"ဒီလိုပါ အသက်...သူက ကျွန်တော့်အစ်ကိုကြီး ရဲခေါင်နဲ့ အရင်းနှီးဆုံး အချစ်ခင်ဆုံး သူငယ်ချင်း...သိတဲ့အတိုင်း ပဲလည်း စပ်စု

www.burmeseclassic.com

www.burmeseclassic.com

တတ်တဲ့လူလေ"

"ဟေ့ကောင်"

"ကျွန်တော်တို့နဲ့ သီတဂူမြိုင်က တကယ့်ကို ကမ္ဘာကြေပေမယ့် ဥဒါန်းမကြေနိုင်လောက်အောင် ဆိုတဲ့ စကားနဲ့ တင်စားရမယ့် ရန်သူ ဒါ ကြောင့် သီတဂူမြိုင်ကို ကျွန်တော်တို့ အနီးကပ် ခွင့်မရဘူး၊ ကပ်လည်း မကပ်ချင်ဘူး"

"ဟုတ်တာပေါ့ ကိုရဲနောင်"

"အဖေမှာ သံသယတစ်ခု ရှိနေတယ်။ သူ့ရဲ့ဖော်မြူလာကို ခိုး ထုတ်ပြီးများ လုပ်သလားလို့။ ဒါကြောင့် သူတို့ရဲ့ မိတ်ကပ်ဖော်စပ်နည်း ကိုအနီးကပ် လေ့လာစိုင်းကြည့်ချင်တာနဲ့ ကိုကြည်ညိုကို အကူအညီ တောင်းဖို့ ရန်ကုန်က မှာယူလိုက်တာကပါ။ ဒါပေမဲ့ ဒီနေ့ထက်ထိ ဘာမှမသိရသေးပါ ဘူး"

"ဟေ့...ရဲနောင်...ငါဘာမှ မစွမ်းဆောင်နိုင်သေးပေမယ့် မင်း ခိုင်းတဲ့အတိုင်း ယဉ်မွန်ရည်ကို ငါကြည့်ထား...ဂရုစိုက်ထားပေးတယ်လေ ကွာ"

"အင်းပါ...ကျေးဇူးပါ"

"ငါ့ကိုယ်စား၊ ဟောဒီ ဒေါ်သက်ထားမွန်က ဆောင်ရွက်လို့ အားလုံး ပြီးပြေပြီပဲ"

အံ့သြခြင်းများစွာဖြင့် နားထောင်နေရှာသော ကိုရဲနောင်ကို ကိုကြည်ညိုက အကျအန အသေအချာ ရှင်းပြနေသည်။ သက်ထားမွန်၏ ဖျတ်လတ်သော လှုပ်ရှားမှုများ၊ အတွေးအခေါ် အမြော်အမြင်ကြီးပုံများနှင့် တရားခံအားလုံးကို စုစည်းချုပ်ကိုင်နိုင်သည့် အဖြစ်များကို အားပါးတရ ပြောကြားနေဆဲအချိန်တွင်...

"နန်း...ညီမလေး"

"ဟင်..."

"အိပ်ပျော်နေသလား"

"ညက တစ်ညလုံး မအိပ်ရလို့ အိပ်ချင်လို့ပါ"

"အင်း...အင်း...ဒါဖြင့် အိပ်နေပါ...မမက ဟိုမှာ စကားပြောနေ



လို့ နန်းကို အားနာတာနဲ့ ပြန်လာကြည့်တာပါ"

"သွား...သွား...နန်း ဘာမှမစဉ်းစားဘဲ အိပ်လိုက်ဦးမယ်"

စိမ့်အေးသော ပြင်ဦးလွင်၏ လွင်ပြင်အောက်ရှိ ကားထဲတွင် ကွေးကွေးလေး မှေးစက်နေရှာသော နန်းမြင့်မေကပို ကြင်နာစွာ ကြည့် ပြီး သက်ထားမွန် ပြန်လာခဲ့ရသည်။

ကျယ်ဝန်းသော ခြံကြီးအတွင်းမှာ သီးနှံပန်းမာလ်များ ဖြိုးတင့် ဝေနေသည်။ ရိပ်ငြိမ်ချမ်းမြနေပေသည်။ မကြာမီတွင်...ဦးတိုးသျှန်ကို သွား ခေါ်သော ကိုရဲခေါင်...ကိုရဲအောင်တို့နှင့်အတူ ရဲမောင်မောင်ပါ ပြန် လည်၍ ရောက်ရှိလာကြတော့မည်။

မကြာမီအတွင်း ဦးတိုးသျှန်၏ သော်တာ့မိတ်ကပ်ဖော်မြူလာ ခိုးယူထုတ်လုပ်သော ဦးဘဆက်၏ မကောင်းသတင်းများသည် သ ... ရဲ့ ...ား စာ အစောင်စောင်တွင် ပါရှိလာပေတော့မည်။

ဤအခါ...

မကြော်ငြာရပါဘဲနှင့် သော်တာအလှကုန်လုပ်ငန်းသည် တစ်ရှိန် ထိုး နံမည်ကျော်ကြားလာမည်...နံမည် ကျော်ကြား၍ ကုန်ပစ္စည်းများ တွင်ကျယ်မှု၏ နောက်တွင် ကြီးပွားချမ်းသာခြင်းက တွယ်ငြိလိုက်ပါလာ ပေရော့မည်။

ဤသားအဖ ငါးဦး၏ ရှေ့ခရီးသည် ပျော်ရွှင်ချမ်းမြေ့ခြင်း ဝန်းရံ လျက် ရှိနေချေမည်သာ။

သို့ပါသော်လည်း...ကိုရဲနောင်...။

သက်ထားမွန်၊ ဆက်၍ပင် မတွေးချင်လောက်အောင် ဖြစ်ရပါ ပြီ။ ကိုကြည်ညိုနှင့် ကိုရဲနောင်တို့၏ အပါးသို့ နှေးကွေးစွာ ပြန်လည် လျှောက်လာမိသည်။

"ကဲ...စကားပြောကြဦး...ငါအိမ်ထဲသွားဦးမယ်"

"အိမ်ထဲမှာ အစ်ကိုတို့ မရှိကြဘူးကိုကြည်ညို"

"အေး...ငါသိတယ်။ ဆာလို့ကွာ...တစ်ခုခု သွားရှာစားမလို့"

ကိုကြည်ညိုရှောင်ပေးသလို ဖြစ်မှာစိုး၍ ကိုရဲနောင်က ပြန်ခေါ် ရှာသည်။ သူ အိမ်ထဲသွားမှာကလည်း သူ့အကြောင်းနဲ့သူ ကိုကြည်ညိုက

www.burmeseclassic.com

www.burmeseclassic.com

နောက်ခိုင်းထွက်သွားပြီးမှ ပြန်လှည့်လာ၍...

"ဒါနဲ့...သီတဂူမြိုင်ရဲ့ ကိစ္စတွေကတော့ အားလုံး ရှင်းသွားပြီ... ဒါပေမဲ့ ဒေါ်သက်ထားမွန် မန္တလေးဆင်းလို့ မဖြစ်သေးဘူး...သူ့မှာလုပ်စရာ ကျန်သေးတယ်လို့ ရဲကားပေါ်က ရဲအရာရှိနဲ့ ရဲသားတွေ ပြောနေတဲ့စကား ကြားမိခဲ့တယ်"

"ကျွန်မလည်း ကိစ္စတွေ ရှင်းပြီးပြီးချင်း ကိုရဲနောင်ကို မင်္ဂလာ သတင်းပေးချင်တာနဲ့ အမြန်ထွက်လာခဲ့တာ။ ဘာတဲ့လဲ ဆိုပါဦး"

"မီးလောင်တဲ့ကိစ္စ စုံစမ်းရဦးမယ်ဆို"

"ဟင်..."

"သီတဂူမြိုင်ရဲ့ စက်ရုံတွေကို မီးလာရှို့တဲ့ တရားခံကို သက်ထား ဖော်ထုတ်ပေးရဦးမယ်ဆို"

"ရှင်..."

"အခု သက်ထားမွန် သဲလွန်စ ရခဲ့ပြီလား"

တည်ငြိမ် စူးစိုက်စွာ ငေးကြည့်နေရာမှ သက်ထားမွန်ခေါင်းရမ်း ပြလိုက်သည်။ ကိုကြည်ညိုလည်း အိမ်တွင်းသို့ ဝင်သွားခဲ့လေပြီ။

"အသက်..."

"ဟင်..."

"ပြောပါ ကိုရဲနောင်"

"သီတဂူမြိုင်ရဲ့ စိတ္တဇလေပြည့်ည လူသတ်မှုကြီးတွေ ကောက်ကျစ် မှုကြီးတွေကို ဖြေရှင်းနိုင်ပြီးတဲ့နောက်ပိုင်းမှာ မီးရှို့မှုတရားခံကိုပါ နောက် ဆက်တွဲအနေနဲ့ ဆက်လက်ဖော်ထုတ်နိုင်ရင် အသက်ရဲ့ ဂုဏ်သတင်းတွေ ဟာ လျှမ်းလျှမ်းတောက် ကျော်ကြားလာမှာပေါ့နော်"

"ကိုရဲနောင်ရယ်"

"ကျွန်တော်ရဲ့ ချစ်မြတ်နိုးလှစွာသော အသက် တာဝန်ကျေမယ်၊ ဂုဏ်သတင်းကြီးမယ်ဆိုရင် ကျွန်တော်ထောင်ကျခံပါရစေ၊ ကျွန်တော့်ကို ဖမ်းမိလာပြီလို့သာ ကြေညာလိုက်ပါ။ ကျွန်တော်လိုက်ခဲ့ပါ့မယ်"

"ကိုရဲနောင်"

"အသက်ရဲ့ အောင်မြင်မှု၊ စိတ်ချမ်းသာမှုအတွက်ဆိုရင် ကျွန်တော် ထောင်ကျခံရတာလောက်နဲ့တောင် မရောင့်ရဲပါဘူး။ အရာ အားလုံးနဲ့ ပေးဆပ်လဲလှယ်ရဲပါတယ် အချစ်ရယ်"



"ကိုရဲနောင်ရေ၊ အတွေ့နှောင်းလို့ အကြောင်းမဆုံနိုင်ကြပေမယ့် ကိုရဲနောင်ရဲ့ ရင်မှာ သက်အတွက် ကြီးမြတ်သန့်စင်တဲ့ မေတ္တာတရားတွေ ထားနိုင်လွန်းတဲ့ လူတစ်ယောက်ဆိုတာ သက်နားလည်ရပါပြီရှင်"

"ဝမ်းသာပါတယ် အသက်ရယ်၊ ရဲနောင်ဆိုတဲ့ အညတြကောင် အတွက်တော့ ဒီလောက်နဲ့ပဲ လုံလောက်သွားပါပြီလေ။ လမင်းကို တမ်းတ တာကမှ ရနိုင်၊ ရောက်နိုင်ကောင်းပါရဲ့လေ။ အသက်ဆိုတဲ့ ကျွန်တော့်ရဲ့ ချစ်သူဟာ ကျွန်တော့်ရဲ့တစ်သက်မှာ ဘယ်လိုမှ လက်လှမ်းမမီနိုင်တဲ့ နေရာမှာ ရှိနေပါတယ်လို့ ကျွန်တော်သိရပါပြီဗျာ"

"အဆင့်အတန်းကြောင့် မဟုတ်ရပါဘူးကိုရဲနောင်ရယ်၊ သက်ရဲ့ မေတ္တာအိမ်လေးကို စရန်ပေးပြီးသား အသင့်တက်နေမယ့်သူ ရှိပြီးသား မို့ပါရှင်"

"ကျွန်တော် အသက်ကိုလည်း နားလည်ပါတယ်။ ကျွန်တော့် ဘဝ ကိုလည်း ကျွန်တော်နားလည်ပါတယ်အသက်။ ဒီစကားမျိုးတွေ ကျွန်တော် တို့ ရပ်ကြပါစို့ရဲ့၊ ကဲ...မကြာခင် အဖေတို့ ရောက်လာတောမယ်နော်"

"ဟုတ်တယ်"

"အဖေတို့ ပြန်လာကြ၊ ဆုံကြပြီးမှ ကျွန်တော်ခွဲထွက်မသွားပါရ စေနဲ့အသက်၊ အခုပဲ သွားကြပါစို့နော်။ သက်ဆိုင်ရာ ရဲလက်ကိုသာ အပ် လိုက်ပါတော့။ ကျွန်တော့်ကို ဖမ်းဆီးပြီးရင် အသက် ရန်ကုန်ကို တာဝန် ကျေပွန်စွာနဲ့ ပြန်နိုင်ပါပြီလေ"

"ကိုရဲနောင်ရယ်၊ သက်ဘယ်လို ဆုံးဖြတ်ရမလဲရှင်"

အနီးမှ ခုံတန်းလျားလေးပေါ်သို့ အားနွဲ့စွာ သက်ထားမွန် ထိုင် ချလိုက်သည်။ ထောက်ထားသော လက်ဝါးပေါ်သို့ နဖူးလေးဖိကပ်ရင်း အံခဲလျက် စဉ်းစားရခက်လှပါချည်ရဲ့...။

"မီးရှို့မှုကို သိသူဟာ ငါတစ်ယောက်တည်း ရှိတယ်။ သီတဂူမြိုင် ဘက်က ထိုက်ထိုက်တန်တန် လိုက်မယ့်လူလည်း မရှိတော့ဘူး...။ ကိုရဲ နောင်တို့ မိသားစုကို အေးငြိမ်းအောင် ဒီတိုင်းထားရစ်ခဲ့ရကောင်းမလား"

www.burmeseclassic.com

www.burmeseclassic.com

"ဒါမှမဟုတ် ကျရောက်လာတဲ့ ငါ့ရဲ့တာဝန်တွေ ကျေကျေပွန်ပွန် ဆောင်ရွက်ပြီးမှ ပြန်သွားရမလား"

"အို…ငါဘာလုပ်ရမလဲ"

"ကိုရဲနောင်အတွက် ဘယ်လိုစဉ်းစားပေးရမလဲ"

ခက်ခဲသော ပြဿနာများကို တည်ငြိမ်အေးဆေးစွာ ဖြေရှင်းတတ်လေ့ရှိသော ရဲအရာရှိမလေး သက်ထားမွန်မှာ…

သနားကြင်နာရမှု ဟူသော နှလုံးသားခံစားမှုလေးနှင့် တာဝန်ဝိုင်းတို့ ရောထွေးလာရသည့်အခါ မဝေခွဲတတ်နိုင်တော့ပါချေတည်း။

"အသက်…"

"အို…ကိုရဲနောင်ရယ်"

သက်ထားမွန် ထိုင်နေသော ခုံတန်းလျားလေး၏ အောက်ခြေမြေပေါ်တွင် ဒူးညွှတ်၍ ခြေဖျားလက်ဖျားလေးများ ထောက်ထိုင်ပြီး သက်ထားမွန်ကို မော့ကြည့်နေရှာသော ကိုရဲနောင်…

"ဒီပေါ်မှာ ထိုင်ပါ"

"နေပါစေ သက်…အောက်ကနေ မော့ကြည့်ရတာ သဘာဝကျပါတယ်ဗျာ။ ကဲပါလေ…အသက် အတွေးရခက်မနေပါနဲ့၊ သွားကြပါစို့ဗျာ"

"ကိုရဲနောင်ကို သက်ကိုယ်တိုင် ခေါ်မသွားပါရစေနဲ့လားရှင်…"

"မထူးပါဘူးအသက်…ကျွန်တော်ကတော့ အသက် ကျွန်တော့်ကို ဖမ်းပို့ပေးသွားတယ်ဆိုတဲ့အဖြစ်ကို လိုလိုလားလား လက်ခံချင်မိပါတယ်"

"သက် တစ်သက်လုံး ရင်နာနေရအောင်လားရှင်"

"မဟုတ်ရပါဘူး အသက်ရယ်…ကျွန်တော် ဂုဏ်ယူချင်လို့ပါ။ ကျွန်တော် တစ်သက်လုံး မှတ်တမ်းတင်ထားချင်လို့ပါ…ဒီမှာ…အသက်"

"ဟုတ်ကဲ့ ကိုရဲနောင်"

"ချစ်သူက ဖမ်းပို့သွားတာကို အနစ်နာခံပြီး လိုက်သွားတဲ့ ထောင်ကျခံမယ့် သူရဲကောင်းကြီးတစ်ယောက်အဖြစ်နဲ့ ကျွန်တော်ဂုဏ်ယူဝင့်ကြွားချင်နေတာ မဟုတ်ရပါဘူးအသက်ရယ်"

"သက်သိပါတယ်"



"ကျွန်တော်ဟာ တကယ်အပြစ်ရှိတဲ့ကောင်ပါ။ ကိုကြည်ညို့ အခန်းကိုသွား ကိုကြည်ညို့ကို ပထုတ်ပြီး အသေအချာအကြံအစည်နဲ့ သူများပစ္စည်းတွေကို မီးရှို့ဖျက်ဆီးပစ်ခဲ့တဲ့ ကောင်ပါအသက်။ ကျွန်တော့်ကို ဒုက္ခပေးရမှာ မဟုတ်ပါဘူး၊ ကျွန်တော့်အပြစ်နဲ့ ကျွန်တော် ခံရမယ့်ကောင်ပါ"

သက်ထားမွန် နေရာမှ ထလိုက်ရသည်။ ကိုရဲနောင်၏ လက်မောင်းကို ဆွဲမ၍ သူ့ကိုပါ ရပ်စေရသည်။

"သွားကြပါစို့ အသက်။ ကျွန်တော့်မိုက်ပြစ်နဲ့ကျွန်တော် သွားရမယ့်လမ်းကို အသက်က လမ်းကြုံလို့ လိုက်ပို့တဲ့ အနေနဲ့ပဲ သဘောထားလိုက်ပါလေ…ကဲ…အဖေတို့ မလာခင် သွားကြပါစို့ခင်ဗျာ"

သူဦးဆောင်သည့် နောက်က သက်ထားမွန်ပါ တရွေ့ရွေ့လိုက်ခဲ့ရသည်။ ကိုရဲနောင်၏ စိတ်ထားမြင့်မြတ်လွန်းပုံ…သက်ထားမွန်အတွက် ယူချက် ကြီးမားလွန်းပုံများကို သက်ထားမွန် ရင်နင့်စွာ မြင်ရပါပြီ။

"ဟေး…ဘယ်သွားကြမလို့လဲ"

ကိုကြည်ညို ပြေးထွက်လာသည်။ သက်ထားမွန် ဘာမှမပြောဖြစ်နိုင်မီ…

"ကျွန်တော်တို့နှစ်ယောက် ကိစ္စရှိလို့ အပြင်သွားမလို့"

"ဟေ…ဒါဖြင့် ဟိုကောင်မလေးရော…"

"ဟာ…ဟုတ်သားပဲ…သက်နဲ့အတူ နန်းမြင့်မေပါလာသေးတာ သူကားထဲမှာ အိပ်ပျော်နေတယ်"

"ဒါဖြင့် ဒီလိုလုပ်၊ ငါမောင်းလာတဲ့ သီတဂူမြိုင်က ကား မင်းတို့သွားကြ၊ ကောင်မလေးနိုးတော့သူသွားချင်တဲ့နေရာ ငါလိုက်ပို့ပေးလိုက်မယ်။ မကောင်းဘူးလား"

ကိုကြည်ညိုက ကိုရဲနောင်နှင့် သက်ထားမွန်တို့၏ ချစ်တင်းနှောကြမည့် ခရီးစဉ်တွင် နန်းမြင့်မေ ကန့်လန့်ပါနေမည်အထင်နှင့် သူစဉ်လိုက်ခြင်းပါ…

"ကောင်းသားပဲ။ လာပါအသက်ရယ်။ ကျွန်တော်တို့ နှစ်ယောက်တည်းပဲ သွားလိုက်ကြရအောင်နော်"

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အမိပွာယ်နှင့်ကိုယ် ပြောပြီး ထွက်လာခဲ့ကြသည်ကို ကိုကြည်ညိုက သဘောအကျကြီးကျပြီး ကျန်ရစ်ခဲ့ရှာတော့သည်။

စိတ်ညစ်ညူး နောက်ကျိနေသော သက်ထားမွန်မှာ ကိုရဲနောင် ဦးဆောင်ရာသို့ လိုက်လာခဲ့မိသည်။ ကားစတီယာရင်၏ နောက်တွင် အမှတ်မထင် ဝင်ထိုင်လိုက်မိ၍ သက်ထားမွန်ပင် ကားကို မောင်းထွက်ခဲ့ရသည်။

အိပ်ပျော်နေဆဲ နန်းမြင့်မေ၏ ဘေးမှ ညင်သာစွာ ပတ်ကွေ့၍ ကိုရဲနောင်၏ ငြိမ်းအေးမှီတွယ်ရာ ကမ္ဘာလေးဖြစ်သော သော်တာခြံကို ရင်နင့်စွာ ကျောခိုင်းလျက်...ကားမောင်း၍ ထွက်ခဲ့ရပါသတည်း။

\+ + + +

## အခန်း(၂၉)

နေ့လယ်ခင်းဖြစ်သော်လည်း ပြင်ဦးလွင်သည် ကြည်လင်ခြင်း မရှိသေး၊ မှုန်မှိုင်းအုံ့ပျဆဲဖြစ်သည်။

ကောင်းကင်ပြင်တွင် တိမ်လွှင်ပြင် နှင်းမြူခိုးငွေ့တို့က သိပ်သည်းစွာ အုံ့ဖွဲ့ရောထွေးနေကြသည်။

အောက်ခြေ ချောက်ကမ်းပါးများဆီ၌ သစ်ပင်များသည် စိမ်းညို့နေကြသည်။ စမ်းရေများသည် သစ်ပင်များကို ဖြတ်ကွေ့လျက် ချောက်ကမ်းပါးအောက်အရောက် စီးဆင်းသွားနေကြသည်။

အလယ်လမ်းသည် ကွေ့ကောက်တွန့်လိမ်စွာ တောင်နံရံကို ပတ်ကွေ့ဝေ့ဝိုက်သွားနေပါ၏။ ယင်း ပြင်ဦးလွင် လမ်းပေါ်တွင် ကိုရဲနောင်ကို တင်လျက် သက်ထားမွန်မှာ ကားကို ဂရုထား၍ မောင်းနှင်လာနေဆဲ။ သက်ထားမွန်၏ စိတ်ထဲတွင်...

"ကိုယ့်အပြစ်နဲ့ ကိုယ်ခံရမှာပါ။ အသက်က လိုက်ပို့ပေးရုံပါလို့ ပြသိမ့်ပေးခဲ့တဲ့ ကိုရဲနောင်"

"အမှန်မှာတော့ ကိုရဲနောင် ကနဦးက ပြောခဲ့သလို...အသက်ရဲ့ ထံသတင်း ကြီးမြင့်စေမှုအတွက် အခုချက်ချင်း ကိုရဲနောင်လိုက်လာပြီး ခံမ်းခံတာ မဟုတ်လား‌ရှင်"

ယင်းအတွေးများနှင့်အတူ သူပြောခဲ့သော စကားလုံးလေးများ နားထဲပုံ့တင်သံပြန်လာသည်။

"အသက်ရဲ့ အောင်မြင်မှု စိတ်ချမ်းသာမှုအတွက်ဆိုရင် ကျနော် တောင်ကျခံရုံနဲ့တင် မရောင့်ရဲပါဘူး...အရာအားလုံးနဲ့ ပေးဆပ်လဲလှယ်

www.burmeseclassic.com

www.burmeseclassic.com

ရဲပါတယ်”

“အသက်ရဲ့ ဂုဏ်သတင်း ကြီးမြင့်မယ်ဆိုရင် ကျွန်တော်ထောင်ထ ခံပါရစေ။ ကျွန်တော့်ကို ဖမ်းမိလာပြီလို့သာ ကြေညာလိုက်ပါ”

“အို…”

သူ့ရဲ့ စကားလုံးလေးများကို ပြန်လည်ကြားယောင်လာမိပြီးသည် နှင့် ယဉ်မွန်ရည် ကားကို ဆက်မောင်း၍ မရတော့…အမြင်အားလုံး ဝိုးဝါး ဝေသီလာခဲ့ပြီ…

“ဟင်…အသက် ကားကို ဘာလို့ ထိုးရပ်ပစ်လိုက်ရတာလဲ”

သက်ထားမွန် မဖြေနိုင်၊ ငေးငိုင်ရင်း မမြင်ရတော့သော ရှုခင်း များသို့သာ စိုက်ကြည့်နေမိသည်။

“ဟင်…အသက်”

“အို…အသက်…အသက် ငိုနေတယ်”

ဟုတ်ပါလိမ့်မည်။ ငိုရလောက်အောင် ခံစားနေရသည့်အဖြစ် သက်ထားမွန်ကိုယ်တိုင် လက်မခံလိုပါ။ ကိုယ့်အသည်းနှလုံးကို ကို လိမ်ညာနေမိသလား။

ဘာပဲဖြစ်ဖြစ် သက်ထားမွန်၏ ရင်ထဲတွင် လှိုက်လှိုက်လှဲလှဲ ခံစား ခဲ့ရရာမှ ကျလာသော မျက်ရည်များပါ…

“ကိုရဲနောင်…ကိုရဲနောင်ရယ်”

စတီယာရင်ခွေပေါ်သို့ နဖူးနှင့်ဖိကပ်ရင်း သက်ထားမွန်…နှင့် နဲ့နဲ့ ခေါ်လိုက်မိသည်။

“အသက်ရယ်…ကျွန်တော့်အတွက်များ ခံစားနေရတာလားဟာ”

သက်ထားမွန် ဘာမှပြန်မဖြေမိ။

“အသက်ရဲ့ မျက်ရည်စလေးတွေကို သရုပ်ခွဲကြည့်လိုက်ချင်တယ် ဗျာ”

တိတ်ဆိတ်အေးငြိမ်းနေသော ပတ်ဝန်းကျင်တွင် သက်ထားမွန် ၏ ရှိုက်သံသဲ့သဲ့လေးသည်သာ ပြန့်လွင့်လာနေသည်။

“အသက်…ဘာအတွက် ငိုတာလဲဗျာ”

“ကိုရဲနောင်”



“အသက်”

“သက်ကိုယ်တိုင် မပိုင်ဆိုင်တဲ့ နှလုံးသားရဲ့ လှုပ်ရှားမှုက ကျလာ တဲ့ မျက်ရည်တွေကို သက်ကိုယ်တိုင် နားမလည်နိုင်အောင်ပါပဲရှင်ရယ်”

“ဟင်…”

“ဒါပေမဲ့…သက်ပြောနိုင်တာ တစ်ခုတော့ ရှိပါတယ်”

“ဘာများလဲ အချစ်ရယ်”

“ကို…ကိုရဲနောင်ကို …သက်…သနားတယ်”

“အို…”

သက်ထားမွန်၏ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ထွေးယူတော့မည့် ဟန်ဖြင့် လက်ကလေးကမ်းလာပြီးမှ သူရပ်တန့်သွားရှာသည်။

“အသက်ရယ်…ကျွန်တော့်ရဲ့ စေတနာတွေဟာ အသက်ကို ဒုက္ခ ပေးမိသလိုများ ဖြစ်သွားရပြီလားဗျာ”

“ဒီလိုလည်း မဟုတ်ပါဘူးကိုရဲနောင်ရယ်…ဒီဝေဒနာတွေကို စတင်ဖန်တီး တည်ဆောက်ပေးသူဟာ သက်ကိုယ်တိုင်ပါပဲရှင်…ဘာပဲဖြစ် ဖြစ် သက်ကိုပဲ ခွင့်လွှတ်ပါ…ကိုရဲနောင်ကို ဒုက္ခပေးတာ သက်ပါ”

“မဟုတ်သေးဘူးအသက်… မမျှော်လင့်ဘဲ ဖြစ်လာကြတဲ့ ပြဿနာတွေပါ။ အသက်မှာ ဘာမှအပြစ်မရှိပါဘူးကွယ်…အချစ်ရဲ့ရင်မှာ ဘယ်လိုဝေဒနာတွေ ခံစားနေရတယ်ဆိုတာ ကျွန်တော်နားလည်ပါပြီ ကျွန်တော်မြင်ရပါပြီအသက်”

“ဟုတ်တယ် ကိုရဲနောင်၊ သက်ရင်ထဲမှာလည်း ပေါက်ကွဲတော့ မယ်ထင်ပါရဲ့ရှင်…ဒီမှာ ကိုရဲနောင်”

“အသက်”

“ကိုရဲနောင်သွားပါတော့…ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ပဲ ကိုရဲနောင် သွားပါတော့ရှင်…ကိုရဲနောင် ကြိုက်သလိုသာ ဆုံးဖြတ်လိုက်ပါတော့… သက်နေခဲ့ပါရစေ…သက်တစ်ယောက်တည်း နေခဲ့ပါရစေ”

“အသက်ရယ်”

သက်ထားမွန်၏ လက်ကလေးတစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် မြဲတံနိုးစွာ ဖမ်းယူထားသည်။ ပြီးမှ သက်ထားမွန်၏ လက်ခုံလေးကို သူ့

www.burmeseclassic.com

www.burmeseclassic.com

ပါးနှင့် ကပ်ထားနေဆဲက…

"ဟောဟိုက ချောက်ကမ်းပါးတွေရဲ့အောက်မှာ လောကသ
ကလေးတစ်ခု ရှိနေစေချင်လိုက်တာ"

"ဟင်…"

"သက်ကို ဖွဲ့နှောင်ထားကြတဲ့ ဒီလောကထဲက ကျွန်တော်နှ
ယူပြီး အဲဒီချောက်ကမ်းပါးတွေ အောက်က လောကသစ်ကလေး
အရောက်ပြေးသွားချင်မိတယ်"

သက်ထားမွန်၏ ပါးပြင်ပေါ်သို့ မျက်ရည်ဥလေးများ ထပ်မံလိ
ဆင်းလာကြသည်။

"မျက်ရည်တွေ လိမ်းကျံနေတဲ့ အသက်ရဲ့ မျက်နှာလေး
ကျွန်တော်မကြည့်ရက်တော့ပါဘူး။ မငိုပါနဲ့တော့ အသက်ရယ်"

သက်ထားမွန် မျက်ရည်များကို သိမ်းသုတ်ပစ်မိသည်။ ထိန်းချု
ခြင်းများစွာဖြင့် နောက်ထပ် မျက်ရည်များ ကျမလာဖြစ်အောင် ဟန်ဆေ
ထားရပါသေးသည်။

"တကယ်လို့သာ သက်ကိုယ်သက် ဆုံးဖြတ်နိုင်ခွင့်မျိုး ရှိလာမ
ဆိုရင် ကျွန်တော့်ကို သက်ကြိုက်တဲ့နေရာက ထားပါ။ သက်ရဲ့ ဆုံးဖြ
ချက်ဟာ ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်ပါပဲသက်"

သက်ထားမွန် ခေါင်းရမ်းပြမိသည်။

"တကယ်လို့ သက်ကသာ သက်ရဲ့ ချည်နှောင်ခံရမှုတွေကို
ယူစေချင်ခဲ့ရင်တော့ ကျွန်တော့်မှာရှိတဲ့ အင်အား အားလုံးနဲ့ ထုတ်န
ဖြေယူနိုင်ပါတယ်၊ မေတ္တာတရားကြီးမားလေ စွမ်းအင်ကြီးမားလေပါ
တာ သက် မမေ့ပါနဲ့နော်…။ ပြီးတော့ သက်ကို ဘယ်လိုအဖြစ်မျိုးနဲ့ဖြစ်
ကျွန်တော်အမြဲမြတ်နိုးနေနိုင်ပါတယ်"

"တော်ပါတော့ ကိုရဲနောင်၊ သက်ရဲ့ မျက်ရည်တွေဟာ ကိုရဲနော
ကို မက်လုံးပေးသလို ဖြစ်နေခဲ့ရင် ထပ်ပြီး ခွင့်လွှတ်ပါရှင်"

"ဒီလိုမထင်ရက်ပါဘူးအချစ်ရယ်"

"သက်ရဲ့ အသည်းနှလုံးကို သက်နားမလည်နိုင်ပေမယ့် သက်
ဘဝကိုတော့ သက်နားလည်ပြီးသားပါ။ ဘယ်လိုနည်းမျိုးနဲ့မှ အသက်



တဲ့ မိန်းမတစ်ယောက်ကို မျှော်လင့်မနေပါနဲ့ကိုရဲနောင်ရေ…။ မဖြစ်နိုင်ဘူး။
ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူးရှင်ရယ်"

တုန်ခိုက်နေသော အသံလှိုင်းလေးများ နောက်တွင် သက်ပြင်းချ
သံသည်သာ ပြိုင်တူ ထွက်ပေါ်လာရသည်။

နှစ်ယောက်လုံး စကားမပြောဖြစ်ကြတော့။ ကားဘောနပ်စ်ပေါ်
သို့ သစ်ရွက်လေးများ ကြွေကျနေသည်ကိုသာ ပြိုင်တူ ငေးကြည့်နေကြ
သည်။ ကားဘောနပ်စ်သည် သူတို့နှစ်ဦး၏ အသည်းရင်ပြင်၊ ကြွေကျလာ
သော သစ်ရွက်လေးသည် ကံကြမ္မာအဖြစ်နှင့် နင့်နဲအောင် ခံစားရမှုများကို
တင်စားနေမိကြသည်။

"အသက်…"

"ရှင်…"

"သွားကြစို့လေ"

"ကိုရဲနောင်သဘောပါ"

"ကျွန်တော့်သဘောပြောရရင်တော့ အချိန်ဆိုတာတွေကို ရပ်ထား
စေလိုက်ချင်တယ်"

"ဟင်…"

"ပြီးတော့ အခုသွားနေတဲ့ လမ်းကလေးကို ကမ္ဘာ့ဆယ်ပတ်စာ
လောက် ရှည်ဆန့်ထုတ်ပစ်လိုက်ချင်ပါတယ်လေ"

"တော်ပါတော့ ကိုရဲနောင်"

"ဟုတ်တယ် အသက်…ကျွန်တော်ဆက်မပြောချင်တော့ပါဘူး။
ဆက်ပဲ သွားကြပါစို့ကွယ်။ အနေကြာလေ အသက်ရင်နာလေ ဖြစ်နေရလိမ့်
မယ်"

သက်ထားမွန် ခေါင်းညိတ်ပြလိုက်ရတော့ မျက်ဝန်းအပြည့် မျက်
ရည်ဥလေးများက ကြွေကျလာရပြန်သည်။

"အသက်…"

"ရှင်…"

"ကျွန်တော် မောင်းမယ်လေ…၊ အသက် သိပ်ပင်ပန်းနေပါတယ်"

"သက်တစ်ယောက်တည်းပဲ မောင်းသွားပါရစေတော့…

www.burmeseclassic.com

www.burmeseclassic.com

ကိုရဲနောင် နေခဲ့ပါ"

"ကျွန်တော်လည်း ဟောဒီလမ်းအတိုင်း ရဲစခန်းကို သွားမှာပဲ အသက်၊ လာ...အသက် ဒီဘက်ကို လာပါ၊ ကျွန်တော်မောင်းပါရစေ"

သက်ထားမွန်မှာ မျက်ရည်စများကို လက်ကိုင်ပဝါဖြင့် ကုန်စင်အောင် သုတ်ပစ်လိုက်သည်။ ဖြူဖွေးနုညက်သော မျက်နှာလေးတွင် နှာခေါင်းထိပ်ဖျားလေးနှင့် မျက်ဝန်းတစ်ဝိုက် နီမြန်းနေသော နေရာလေးများကို ကိုရဲနောင် အသည်းနိုက်အောင် ကြင်နာစွာ ကြည့်နေရှာပါ၏။

စိတ်ဓာတ်ခိုင်ကျည်မှု ရှိခဲ့ဖူးသော သက်ထားမွန်မှာ ခံစားမှု ဝေဒနာလေးများကို မပြီးဆုံးစေနိုင်ကာမှု ထိန်းချုပ်ခြင်းများစွာဖြင့် အံကိုခဲလိုက်သည်။ ကိုရဲနောင်ကို မကြည့်ဖြစ်အောင် တင်းထားရသည်။ ရှေ့တူရူကိုသာ တစိုက်မတ်မတ် ကြည့်ရင်း...ကားစက်ကို နှိုးလိုက်ရပါ၏။ အားအင်များစွာ စိုက်ထုတ်၍ ကားကို ပြင်ဦးလွင်မြို့ဆီသို့ ဦးတည်လိုက်ရပါတော့သည်။

သက်ထားမွန်၏ ခရီးဆုံးကား ပြင်ဦးလွင် မြို့မရဲစခန်း။

ကိုရဲနောင် မျှော်မှန်းသည့်အတိုင်းပါပင်။ ရဲဌာနာပတ်ဝန်းကျင်ဆီမှ...

"အဲဒါ ရန်ကုန်က လွှတ်လိုက်တဲ့ စုံထောက်မလေးတဲ့... ချော လိုက်တာ"

"သီတဂူမြိုင်ရဲ့ စိတ္တဇလပြည့်ည လူသတ်မှုကြီးကို သူဖော်ထုတ်ခဲ့ပြီးပြီ"

"အခုလည်း ကြည့်ပါဦး။ မီးရှို့တဲ့ တရားခံကို သူကိုယ်တိုင် သွားဖမ်းလာခဲ့သတဲ့"

"တော်လိုက်တာ...တတ်နိုင်လိုက်တာ"

"ဆုရဦးမှာပဲ။ ရာထူးတက်ဦးမှာပဲ"

ဝေဖန်ချီးမွမ်းသံများကို ကျောခိုင်းလိုက်ရသည်။ ချုပ်နှောင်ခံပြီးသား တရားခံများရှေ့ရှိ သံတိုင်ကို လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်လျက် သက်ထားမွန်သည်...

"ကို...ရဲ...နောင်..."



သက်ထားမွန်ကို မကြည့်ဘဲ မျက်နှာလွှဲ၍ ရပ်နေရာမှ သက်ထားမွန်၏ ခေါ်သံကြောင့် ကိုရဲနောင်မှာ ပြေးမတတ် ဖျတ်လတ်စွာ အနီးကပ်ရပ်လာပြီး...

"ကျွန်တော့်ကို နှုတ်မဆက်နဲ့... အသက်သွားတော့လေ... အသက်ပြန်တော့လေ"

ကိုရဲနောင်၏ စကားလေးများကြောင့် သက်ထားမွန်ကိုယ်တိုင်လည်း နှုတ်မဆက်နိုင်တော့ပါ။ စကားလုံးများ ထွက်မလာနိုင်အောင် ရင်ထဲတွင် တင်းကျပ်ပြည့်သိပ်နေမိသည်။

အကြည့်ချင်းသည်သာ စက္ကန့်များစွာကြာအောင် ဆုံဆည်းနေမိကြသည်။

ဤကာလလေးအတွင်း မျက်ဝန်းချင်း စကားပြောမိကြသည်။ အသည်းနှလုံးချင်း သတင်းများစွာ ပို့ခဲ့ကြပါပြီ...။

သက်ထားမွန်ပဲ အံကိုခဲ၍ အရင်မျက်နှာလွှဲလိုက်ရသည်။

ကိုရဲနောင်အပါးမှ ထွက်ခွာသော သက်ထားမွန်၏ အပြန်ခရီးတွင် အသည်းနှလုံးမဲ့သော ကိုယ်ခန္ဓာချည်းသာ ရွေ့လျားလာရသည့်အလား...။

\+ + + +

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

ပင်ပန်းနွမ်းနယ်လာသော လေယာဉ်စီး ခရီးသည်များ၏ ရင်အေးငြိမ်းမှုကို မင်္ဂလာဒုံလေယာဉ်ကွင်းသည် ပေးစွမ်းနိုင်ခြင်း မရှိပါချေ။

ခရီးသည်...ဆိုသူတိုင်း နားခိုလိုကြသည်။ ဤနားခိုနိုင်ဖို့အတွက် ကြိုဆိုမည့်သူကို မျှော်လင့်တတ်ကြစမြဲ ဓမ္မတာပါ။ လေဆိပ်အဆောက်အဦတွင် ကြိုဆိုသူများ ရှိမနေရသည့်အဖြစ်က ခရီးသည်တို့၏ ရင်ကို ပန်းလျစေရသည်။ လေဆိပ်အတွင်းဝင်ရမည့် အဆောက်အဦကို ကျော်၍ ခြံစည်းရိုးမှ မျှော်ကြည့်ရပါမည်။

"ကွန်ဂရက်ကျူးလေးရှင်းပါ ဒေါ်သက်ထားမွန်၊ အိမ်သားအားလုံး အပြင်မှာ စောင့်ကြိုနေကြပါတယ်"

သက်ဆိုင်ရာ တာဝန်များကို လွှဲအပ်ပေးသော သက်ထားမွန်၏ အထက်အရာရှိ "ဦးမောင်မောင်ဟိန်း"က နှစ်သိမ့်သော အပြုံးဖြင့် သက်ထားမွန်ကို လေဆိပ်တွင်းသို့တိုင် ကိုယ်တိုင် လာကြိုရှာသည်။

လေယာဉ်လပ်ဂိတ်(ချ်)ပစ္စည်းများ ထွက်လာနိုင်ဖို့ တစ်နာရီနီးပါး စောင့်စားနေရစဉ်အတွင်း ဦးမောင်မောင်ဟိန်းနှင့် အလုပ်ကိစ္စများ၊ တာဝန်ပိုင်းဆိုင်ရာများကို ပြောကြားနေရသည်။ ပစ္စည်းများ ထွက်လာပါမှ သက်ထားမွန်ပါ မေမေတို့ ရှိနေရာသို့ ထွက်ခွာလာခဲ့ရပါပြီ။

"သမီး...ငါ့သမီးလေး ပိန်သွားလိုက်တာ၊ သိပ်ပင်ပန်းလာလား သမီး"

မေမေ 'ဒေါ်ခင်စိုးဦး'၏ ကရုဏာစကားနှင့်...

"ငါ့သမီးအကြောင်း သတင်းစာထဲမှာ ဖတ်ရပြီးကတည်းက



ဖေဖေဖြင့် ဂုဏ်ယူမဆုံးနိုင်အောင်ပါပဲ။ တကယ်တော်တဲ့ သမီး"

ဖေဖေ ဦးအောင်စံထွန်း၏ ချီးမွမ်းစကားများကို လေးစားစွာ နာယူမိပါသည်။

သက်ထားမွန်၏အထက် 'ကိုကိုလတ်'က အိမ်ထောင်သည်မို့ လာမကြိုနိုင်သော်လည်း သက်ထားမွန်၏ မောင် 'သက်စိုးအောင်'နှင့် ညီမလေး 'ခက်'တို့ပါ လာကြိုနေကြသည်။

မိသားစု၏ မေတ္တာရိပ်လေးနှင့် ဝေးကွာခဲ့ရသော သက်ထားမွန်မှာ ဖက်လှဲတကင်းဖြင့် နှုတ်ဆက်မိပါသည်။

"ကဲ လာ...သွားကြစို့၊ နားချင်ပြီ၊ သိပ်ပင်ပန်းလာလို့ပါ"

"မမသက်"

"ဘာလဲ ခက်"

"ခက်တို့ကားနဲ့ မလိုက်နဲ့လေ"

ကားထဲ ဝင်အံ့ဆဲဆဲ သက်ထားမွန်ကို ညီမလေးခက်က လှမ်းဆွဲထားသည်။

"နောက်မနေစမ်းပါနဲ့ ခက်ရယ်"

"တကယ်...ဟိုကားသစ်ကြီးနဲ့သွား၊ ဟိုမှာ ဘယ်သူလဲ... ကြည့်စမ်း"

ရယ်မောသံများ ညံသွားသည်။ အံ့ဩနေသော သက်ထားမွန်မှာ ခက်ညွှန်ပြရာသို့ ကြည့်လိုက်မိသည်နှင့်...

"ဟင်..."

အံ့ဩခြင်းဖြင့် ရင်လှိုင်းခတ်သွားရသည်။

"ဟုတ်တယ်သမီး...မောင်စိုးထွဋ် ရောက်လာပြီး သမီးအံ့ဩသွားအောင် သူပုန်းနေတာ၊ ကဲ...သွားသွား၊ သူ့ကားနဲ့ပဲ သမီးလိုက်ခဲ့တော့"

"ကိုစိုးထွဋ်"

ဒတ်ဆန်း ဆန်နီ နီနီရဲရဲ ဈ–နံပါတ်ကားသစ်ကလေးကို မှီရပ်ကာ လက်ပိုက်ထားသည်။ ဘဲလ်ဘောင်းဘီနှင့် ဖိနပ်မြင့်နှင့် ခြေကို ယှက်လိမ်ထားသည်။ ရေးဘဲန်မျက်မှန်နက်နှင့် ပြုံးလျက်နှင့် ကြိုဆိုနေရှာသောသူ၊

www.burmeseclassic.com

www.burmeseclassic.com

"ဘာကြောင်နေတာလဲ သက်ရဲ့"

"အင်...ဟို...ကိုကိုမြင်တော့ အံ့သြသွားလွန်းလို့ပါ"

"သက် ပိန်သွားတယ်ကွာ"

"ဒါနဲ့...ကို ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ဆယ်ရက်ရှိပြီ။ မဆက်သွယ်ပါနဲ့ဆိုလို့ ငုတ်တုတ်ထိုင်စောင့်နေတာခင်ဗျ။ ဘယ့်နှယ့်...ကြာလှချည်လား စုံထောက်မကြီးရယ်"

"သက်လည်း ကိစ္စပြီးပြီးချင်း ပြင်ဦးလွင်က ဆင်းလာတာပ မန္တလေးမှာ တစ်ရက်အစီရင်ခံပြီး ပြန်လာခဲ့တာပါ ကို"

"ဘယ့်နှယ့်လဲ ကားသစ်လေး ကြိုက်ရဲ့လား"

"လှပါတယ်"

"ကားကို ကြို တင်ထားလို့ သက်ကို အမီလာကြိုနိုင်တာ။ ကဲ.. လာတက် သက်၊ အန်ကယ်လ်တို့ကားတောင် ထွက်သွားပြီ"

မင်္ဂလာဒုံလေဆိပ်မှ ထွက်လာခဲ့ကြသည်။ ကားသစ်လေး၏ အပေါ် ကိုစိုးထွဋ်၏ဘေးမှ လိုက်ပါလာခဲ့ရပါပြီ။

ရန်ကုန်နေသည် လောင်ကျွမ်းမတတ် ပူပြင်းလှချေသည်။ ပြင်ဦးလွင်လို ငြိမ်သက်အေးမြခြင်း မရှိပါချေတကား

\+ + + +

## အခန်း(၃၁)

ဒေါက်တာ ဦးထွန်းမော်နှင့် ဒေါ်တင်လေးဝေတို့နှင့်အတူ ကိုစိုးထွဋ် လိုက်ပါလာမည်ဆိုသည့်နေ့က ရင်လှုပ်ရှားမှုလေး အနည်းငယ်တော့ ဖြစ်ထွန်းမိသား...

"ဒေါက်တာ ဦးထွန်းမော်ဆိုရင်လည်း သမီးဖေဖေ့ရဲ့ သူငယ်ချင်း၊ ဒေါ်တင်လေးဝေကလည်း ဆက်ဆံရေး မဆိုးပါဘူး။ မျိုးရိုးလည်း ကောင်းတယ်။ ပိုက်ဆံကလည်း သိပ်ချမ်းသာကြတယ်။ သားလေးက နှစ်ယောက်တည်း။ အငယ်လေးကလည်း အေးပါတယ်။ ဟောက်ဆာဂျင်လေးတောင် ဖြစ်နေပြီ"

အကြီးက ကိုစိုးထွဋ်...အင်ဂျင်နီယာနှင့် ပင်လယ်ရပ်ခြား ဆက်သွယ်ရေးစာမေးပွဲအောင်မြင်ပြီး သင်္ဘောလိုက်သွားသည်။

နိုင်ငံခြားသင်္ဘောအရာရှိ၊ ယနေ့အခြေအနေ တန်ဖိုးအကြီးမြင့်ဆုံး ခင်ပွန်းလောင်းကို မေမေတို့ ရွေးထားပေးကြခြင်း ဖြစ်သည်။ ကိုစိုးထွဋ်အကြောင်း မစမီ ပဏာမအနေနှင့် မေမေက နိဒါန်းခံပြီးမှ...

"ဒေါက်တာထွန်းမော်တို့က သမီးကို သဘောကျကြတယ်။ သူ့သားနဲ့ သင့်မြတ်စေချင်လွန်းကြတယ်။ မေမေတို့အနေနဲ့ကလည်း လုံးဝ ငြင်းစရာမရှိအောင် ကျေနပ်ပါတယ်။ ဒါပေမဲ့ သမီးတို့ လူငယ်ချင်း ပြေလည်ကြဖို့က အရေးကြီးတယ်။ အခု မောင်စိုးထွဋ် မြန်မာပြည်ကို တစ်ခေါက် ပြန်လာတုန်း သမီးနဲ့ ဆုံပေးမလို့...သမီးတို့ချင်း ပြေလည်မှု ရှိကြတယ်ဆိုရင် မေမေတို့က စေ့စပ်ထားချင်တယ်။ မေမေတို့ရဲ့ စေတနာပါသော စိမ်ကို သမီးအလေးအနက် ထားလိမ့်မယ်လို့ ယုံကြည်မိတယ်။ သူတို့မိသား

www.burmeseclassic.com

www.burmeseclassic.com



စုကို ဒီညနေ ထမင်းစားဖိတ်ထားတယ်သမီး"

ထိုနေ့က သက်ထားမွန် ရိုးရိုးယဉ်ယဉ်လေး ပြင်ထားသလောက် ကိုစိုးထွဋ်က အမျိုးတကာ့အပိုများ များ၏မွန်ကအစ ဖိနပ်အဆုံး အားလုံး နောက်ဆုံးပေါ် နိုင်ငံခြားဖြစ် ပစ္စည်းများချည်းသာ…။

"မာမီတို့ 'အပရီရှိတ်'လုပ်တာ မလွန်ဘူး။ သက်ထားမွန်က အပြတ်မိတယ်"

လိမ္မော်ရည်လာချပေးသော သက်ထားမွန် ကြားသာအောင် ကိုစိုးထွဋ်က သူ့မာမီကို ပြောသလိုလိုနှင့် ပြောလိုက်သည်။

ထိုနေ့က ထမင်းစားပွဲကို အခမ်းနားဆုံး ပြင်ဆင်ထားသည်။ ဟင်းလျာများအားလုံး အရသာထူး၍ သူတို့မိသားစု စားမြိန်ကြပါ၏။

"သက်သက်က ပန်းစိုက်သိပ်ဝါသနာပါတာသား…ခြံထဲမှာ ပန်းတွေစိုက်ထားတာတွေ သိပ်လှတာပဲ…သွားကြည့်ပါလား"

"သမီး…သက်ထားမွန်…မောင်စိုးထွဋ်ကို သွားပြလိုက်ပါကွယ်"

သိသာလွန်းသော အကွက်ဆင်မှုများဖြစ်သော်လည်း… သက်ထားမွန် မငြင်းနိုင်ပါ။ ခြံထဲသို့ ကိုစိုးထွဋ်ကို ဦးဆောင်၍ ခေါ်သွားရသည်။

"ပန်းမျိုးစုံတွေ ပွင့်နေတာ ဝေလို့ပဲ။ ခေါင်းမှာတော့ ဘာလို့မပန်လဲ"

"ကိုယ်စိုက်ထားတဲ့ ပန်းလေးတွေ ပွင့်နေတာကိုပဲ မြင်ချင်တာပါ ပန်းပန်တာ ဝါသနာမပါပါဘူး"

"ပန်းပွင့်လေးတွေထက် ပန်းပွင့်ရှင်က ပိုပြီးလှပါတယ်"

ကိုစိုးထွဋ်က ရဲရဲကြည့်ပြီး ပြတ်ပြတ်ပြောလိုက်သည်။ လူပ်ရှားမှု ကြီးကြီးကျယ်ကျယ် မဖြစ်မိသော်လည်း…ရှက်တော့ ရှက်မိသား…

"သက်…"

သူက သွက်သွက်လက်လက် ခေါ်လိုက်၍ တုံ့ပြန်ထူးရပါသည်။

"ကိုတို့နှစ်ယောက်လုံး ဆယ်ကျော်သက်လေးတွေ မဟုတ်ကြ ဘူး။ ပြီးတော့ ဂရက်ဂျူရိတ်တွေ အလုပ်ကိုင် ကိုယ်စီနဲ့"

ကိုစိုးထွဋ်၏ စကားသံများကို ဘေးတိုက်အနေအထားနှင့်ပင် နားထောင်မိသည်။

"ဒီတော့ အပိုုးတွေ၊ အလှည့်အဝိုက်တွေ လုပ်မနေချင်တော့ဘူး။ ကိုယ်တော့ သက်ထားမွန်ကို သဘောကျပါပြီ"

ဓော်မွှားပန်းခင်းလေးများကို သက်ထားမွန် ငုံ့ကြည့်လိုက်ရသည်။

"မာမီတို့ကလည်း သိပ်ပြီး တိုက်တွန်းကြတယ်။ ဒါကြောင့် ကိုတို့ ဘက်ကတော့ လက်ခံနိုင်ကြပါပြီ။ သက်ထားမွန် အနေနဲ့သာ ဆုံးဖြတ်ပါ"

ပန်းနုရောင်လေး ပြေးသွားသော သက်ထားမွန်၏ မျက်နှာလေးကို ကိုစိုးထွဋ် စိုက်ကြည့်ရင်း အဖြေရှာနေသည်။ ရဲရင့်ပြတ်သားလှပါသည် ဆိုသော သက်ထားမွန်သည်လည်း မဝံ့မရဲအသွင်ပြင်လေးဖြင့် နှုတ်ဆိတ် နေမိရပါပြီ။

"ကို့ကို စကားပြောပါဦး သက်ထားမွန်"

ဘာပဲဖြစ်ဖြစ် ကိုစိုးထွဋ်သည် ညှော်သည်…ကိုယ်က အိမ်ရှင်မို့…။

"အို…အားတော့ နာပါရဲ့…သက်လည်း ဘာစကားပြောရမှန်း သိလို့ ငြိမ်နေမိတာပါရှင်…"

"ပြောစရာ စကားကတော့ နှစ်လုံးတည်းပါပဲ သက်ရဲ့။ ရက်စ် အော်နိုး"

သူ့စကားက ပြတ်တောင်းတင်းမာလွန်းသလို ရှိနေပါ၍ သက် ထားမွန် မော့ကြည့်လိုက်သည်။ သူ့စကားက ပြတ်သားလွန်းသော်လည်း သူ့မျက်နှာက တင်းမာမနေပါ။ ရွှန်းရွှန်းလက်လက်ကြီး သူပြုံးနေသည်။

ကိုစိုးထွဋ်သည် ဖြူဖြူသွယ်သွယ် အရပ်မြင့်မြင့်နှင့် မျက်နှာပုံစံ လည်း အချိုးကျနလှပပါပေ၏။ သူ့အပြုံးက ကြည်လွင်သည်။ သူ့မျက် လုံးများက ညှို့ယူနိုင်သော စွမ်းအင်များ ရှိသည်။

အကြည့်ချင်းဆုံပြီးမှ… ခြံဝဘက်သို့ မျက်နှာမူ၍ သက်ထား မွန်က…

"တစ်ဘဝစာပြဿနာအတွက် စက္ကန့်ပိုင်းလေးအတွင်းမှာ ရက်စ် အော်နိုး လုပ်လိုက်ရမှာတော့ အရောင်းအဝယ်ဆန်လွန်းသွားပါပြီကိုစိုး ထွဋ်။ သက်အတွက် သက်ဘက်က အချိန်လိုလိမ့်ဦးမယ်"

"ရပါတယ်။ ကိုယ် လောသွားမိတဲ့အတွက် သက်ခွင့်လွှတ်ပါ။ လိုပါသက်…မာမီတို့က သက်အကြောင်းကို တခမ်းတနားချီးမွမ်းတက်ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကြောင့် မာမီတို့ အပရိုရှိတ်လုပ်တာ မဆိုးပါဘူးလို့ စောစောက ပြောလိုက်မိတယ်လေ…သက်ကြားမှာပေါ့"

"ဟုတ်ကဲ့…ကြားလိုက်ပါတယ်"

"ဒီတော့ သက်ရဲ့ စိတ်နေသဘောထား ပင်ကိုအရည်အချင်းတွေ ကို ကိုယ့်အနေနဲ့ လေ့လာစရာမလိုတော့ဘူးပေါ့…ရှင်းရှင်းပြောရရင် သက်လှလား၊ မလှလား…ကိုလာကြည့်တာပါ…ခုတော့ သက်က ကိုယ် မျှော်မှန်းတာထက်တောင် ပိုလှနေလို့ ကိုယ်ချက်ချင်းပဲ သက်ကို နှစ်သက် လက်ခံသွားမိတာပါ။ သက်ဘက်ကလည်း ကိုယ့်အကြောင်း သိပြီးရော ပေါ့…။ ဒါကြောင့် ရုတ်တရက်များ အဖြေပေးနိုင်မလားလို့ မေးလိုက် တာ သက်စိတ်မဆိုးနဲ့နော်…ကို တောင်းပန်ပါတယ်"

"ရပါတယ်၊ ကိုစိုးထွဋ်"

"ကဲ… ဒါဖြင့် သက်အတွက် ကိုယ်အချိန် ဘယ်နှရက် ပေး မလဲ…ပြောပါဦး"

"ဘယ်နှရက် ခွင့်တောင်းရမလဲဆိုတာ အသက်အတွက် စဉ်းစား ဖို့ကို အချိန်ထပ်ပေးပါဦး"

"အင်…သက်ရယ်၊ ဥပဒေဘွဲ့ရ ရဲ့အရာရှိမလေး ပီသပါပေတယ်"

"ဘာကိုလဲ"

"စကားပြောတတ်လွန်းလို့"

"အမှန်ကို ပြောတာပါ"

"ကိုယ် သဘောကျလို့ပါ…ဒီမှာ သက်"

"ဟုတ်ကဲ့…"

"ကိုယ် ဒီမှာ တစ်လနေရမယ်…သက် အဖြေ မပေးမချင်းကို နေ့တိုင်း လာနေမယ်။ သက်ဘက်က ရက်စ်ဆိုတာနဲ့ ကိုယ်မပြန်တော့ဘူး"

"အိုး…နိုးဆိုရင်ရော…"

"အဲဒါဆိုရင်တော့ တစ်လပြည့်တဲ့နေ့မှပဲ ပြောပါ။ သက်ရဲ့ အ ကို တစ်လတော့ ကြည့်ခွင့်ပြုပါလို့"

သူ့လက်ညှိုးကို သက်ထားမွန်၏ မျက်နှာလေးရှေ့တွင် ထောင် ပြရင်း သူက ပြုံးရွှင်ရယ်မောစွာနှင့် ပြောနေသည်။

ဝေဝေဆာဆာ ကြည်နူးရွှင်ပျစရာ စကားများကို ပြောတတ်လေ သော ကိုစိုးထွဋ်နှင့် ထိုပထမနေ့ကပင် ကြာမြင့်စွာ စကားပြောဖြစ်ရပါ၏။

"အိမ်ထောင်ပြုတော့မယ့် မိန်းကလေးတစ်ယောက်ဟာ ချစ်တာ တွေ ဘာတွေသိပ်ပြီး ဖွဲ့နွဲ့မနေနဲ့သမီး၊ အချစ်နဲ့ပဲ အိမ်ထောင်ရေးကို တည် ဆောက်မယ်၊ အသည်းနှလုံးမပါတဲ့ အိမ်ထောင်ရေးမျိုး မဖြစ်စေရဘူးဆို တဲ့ အချစ်ရူးလေးတွေရဲ့ စကားက အလကားသမီး"

"မေမေကလည်း…"

"ဟုတ်တယ်…မိဘမကြည်ဖြူနိုင်တဲ့ ကိုယ့်ရည်းစားကို ချစ်လှ ပါချည်ရဲ့ဆိုပြီး ယူကြည့်၊ အဲဒီကောင်မျိုးပဲ…မယားငယ်ယူကြတာ"

"အို…"

"ဟဲ့…တကယ်…မေမေကိုယ်တိုင်ပဲ ကြည့်၊ ကျောင်းတုန်းက ရည်းစားထားမိတယ်။ ချစ်လိုက်ကြိုက်လိုက်ကြတာမှ မပြောနဲ့တော့။ အဲဒါ ကို မေမေ့အမေက သိတော့…သမီးဖေဖေနဲ့ ပေးစားဖို့ စီစဉ်တယ်။ ဟို တစ်ယောက်က မေမေ့မှ မရရင် သတ်သေတော့မလိုလို ဘာလိုလိုဖြစ်လို့ မေမေ့ဆို ငိုလိုက်ရတာ…"

အခုအချိန်မှာတော့ မေမေက ရယ်ရယ်မောမော ပြောဆိုနေနိုင် ပြီ…

"အဲ…မေမေတောင် လက်မထပ်ရသေးဘူး။ စေ့စပ်ထားရုံရှိသေး တယ်၊ သူက နောက်ကောင်မလေးတစ်ယောက်ရသွားပြီ…အဲဒီကောင်မ လေးကလည်း သူ့အသည်းကွဲနေတာ သနားလှပါချီရဲ့ဆိုပြီး အနစ်နာခံယူ တာ၊ သူ့ငွေးသမီးလေး…အမလေး အခုတော့ ဖဲရိုက်၊ မယားငယ်ယူနဲ့ ဟိုကောင်မလေးခမြာ လူဆင်းရဲ စိတ်ဆင်းရဲနဲ့ သနားစရာလေး"

မေမေက သူ့ချစ်ပုံပြင်ဟောင်းလေးကို တင်ပြအပြီးတွင်…

"မိဘ ရွေးချယ်ပေးတဲ့လူကို ယူမိတော့ မေမေ့ကိုကြည့်လေ… သမီးဖေဖေရဲ့ ရိုးသားသစ္စာရှိမှုနဲ့ အလုပ်အကိုင် ဂုဏ်အရှိန်ရဲ့ အောက်မှာ မေမေတို့ မိသားစု ဘယ်လောက် အေးငြိမ်းသလဲ"

ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်တဲ့ ဖေဖေနဲ့ အိမ်တွင်းထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com

ရေးတော်သော မေမေတို့၏ သားသမီးဖြစ်ရသည်မှာ အမှန်ပင် အေးငြိမ်း ချမ်းသာမှု ရခဲ့ရပါသည်။ သက်ထားမွန်တို့ မောင်နှမများ အားလုံးသည် လည်း ပညာတတ်များချည်း...

"သမီးမှာလည်း ရည်းစားတွေ ချစ်တဲ့သူတွေမှ မရှိပဲ။ ဘာကြော မေမေတို့ ဖေဖေတို့ စိတ်အေးငြိမ်းမှုရအောင် အဖြေမပေးနိုင်ရသေးတာလဲ"

"ဘာရယ် မဟုတ်ပါဘူး မေမေရယ်၊ ချက်ချင်းကြီး ဆိုတော့..."

"ချက်ချင်းဆိုတာလည်း ကိုယ့်သဘောတစ်ခုတည်းနဲ့ ကြို လိုက်တာမှမဟုတ်ပဲ။ အစောကြီးကတည်းက မိဘချင်း ရွေးထားကြတာ မောင်စိုးထွဋ်ရဲ့ ညီလေးကလည်း ဆရာဝန်ဖြစ်ပြီ...ဒေါ်တင်လေးဝေ က သဘောကလည်း ကောင်းတယ်။ ပိုက်ဆံကလည်း မေမေတို့ထက် တယ်။ ညီအစ်ကိုကလည်း နှစ်ယောက်တည်းဆိုတော့ ယောက္ခ ယောင်းမ ပြဿနာလည်း မရှိနိုင်တော့ပါဘူး။ ပြီးတော့..."

"မေမေ ပြောလွန်းလို့ သမီးသိပြီးသားတွေပါ မေမေရယ်"

"နေစမ်းပါဦး။ မအေ ပြောပါရစေဦး၊ မောင်စိုးထွဋ်တို့ နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာဆိုရင် ဒီနေ့ခေတ်မှာ သိပ်ဈေးကောင်း ခင်ပွန်းလောင်းဆိုတာ အားလုံးက လက်ခံကြရပြီးသားပါ။ ပြီးတော့ မော စိုးထွဋ်က သမီးကိုလည်းသိပ်သဘောကျနေပြီ၊ နေ့တိုင်းလာနေရှာတာ"

မေမေ၏ တတွတ်တွတ်စကားများသာမက ဖေဖေကိုယ်တို ကပါ...

"ငါ့သမီး မောင်စိုးထွဋ်ကို မကြိုက်နိုင်တာ ရှိရင်တော့ စိတ်ဆင် ရခံပြီး ခေါင်းမညိတ်နဲ့"

"ဒီလိုလည်း မဟုတ်ပါဘူး ဖေဖေရယ်"

"ဒါဆိုရင်တော့ ဖေဖေတို့စိတ်ချမ်းသာအောင် သမီးကြိုးစား ချင်တယ်။ ဒေါက်တာထွန်းမော်ကိုယ်တိုင် ဖေဖေ့ကို တိုက်ရိုက်မေးမေး တော့၊ ဖေဖေလည်း မြန်မြန်ပဲ အဖြေပေးလိုက်ချင်တယ်သမီး"

"ဖေဖေ့ဆန္ဒကရော၊ သမီးကို ကိုစိုးထွဋ်နဲ့ သဘောတူတယ်လ ဖေဖေ"

"ဘာငြင်းစရာရှိလဲ၊ အစင်းသိတွေမို့ သဘောတူပြီလားကွယ်"



"သမီးအနေနဲ့ ငြင်းလိုက်ဖို့လည်း ဘာအကြောင်းမှ ပြစရာမရှိ ပါဘူးဖေဖေ၊ ဖေဖေကိုယ်တိုင် ပြောလာတဲ့စကားကို သမီးဦးထိပ်မှာ အလေးအနက်ထားပါတယ်... မေမေဆိုရင်လည်း တဖွဖွ ပြောနေရှာပါ တယ်"

"အင်း..."

"ဒါကြောင့် သမီးလက်ခံပါ့မယ်ဖေဖေ"

ဖေဖေ ဦးအောင်စံထွန်း ကိုယ်တိုင် သမီးသက်ထားမွန်၏ အဖြေ ကြောင့် လှိုက်လှဲစွာ ဝမ်းသာသွားကြောင်း သိသိသာသာပင် မြင်နိုင်ခဲ့ပါ ပြီ...

\+ + + +

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၂)

"သက်ကို မကြည်ပါဘူးဗျ"

သက်ထားမွန် ထိုင်နေသော ဆိုဖာလက်တန်းနှစ်ခုပေါ်သို့ သူ့လက်ကို ထောက်ထားသည်။ သူ့ရင်ခွင်ပိုင်းအောက်မှ သက်ထားမွန်ကို အနီးကပ် ငုံ့ကြည့်ရင်း သူပြောလာသည်။ ရောက်ရောက်ချင်း သည်ပုံစံနှင့် စကားများနှင့်ကြောင့်...

"ဘာကိုလဲ...ကိုစိုးထွဋ်"

"ကြည်ပါဦးတဲ့ဗျာ၊ ကိုယ့်မှာဖြင့် လာလိုက်ရတာ ဝင်ဒါမီယာနဲ့ ဘောက်ထော် အခေါက်ခေါက်နော်ပဲ"

"ဟိုမှာထိုင်ပါ ကိုစိုးထွဋ်"

"ကိုစိုးထွဋ်တွေဘာတွေ လုပ်မနေနဲ့၊ သက်ကို မကြည်တဲ့ အကြောင်းသိလား"

"ဟင့်အင်း..."

"ကို့ကို တိုက်ရိုက်အဖြေမပေးဘဲ ဘာလို့ အဘိုးကြီးအဘွားကြီးတွေက တစ်ဆင့် အဖြေပေးရတာတဲ့လဲ...ပြောစမ်းပါဦး"

"အို..."

သွက်လက်ရဲတင်းသော ကိုစိုးထွဋ်က သက်ထားမွန်၏ မျက်နှာလေးကို မော့ယူနမ်းလိုက်သည်။

"ကိုလတ်တို့လည်း ရောက်နေကြတယ်။ ခက်တို့လည်း ရှိတယ် ဣန္ဒြေရရ ထိုင်ပါ ကိုစိုးထွဋ်၊ သက် ဒါမျိုးမကြိုက်ဘူး"

ကိုစိုးထွဋ်က တင်းမာသော သက်ထားမွန်၏ စကားကြောင့်



ကိုယ်ကို ရုတ်တရက် တောင့်မတ်လိုက်သည်။ တစ်ဖက် ဆိုဖာတွင် ထိုင်ချလိုက်ပြီး နယူးစ်ဝိခ် မဂ္ဂဇင်းစာအုပ်ကို ကောက်ယူလိုက်ပါ၏။

လူဖျတ်လတ်သလောက် စိတ်ဆတ်သော ကိုစိုးထွဋ်ပါတကား။

"ဟုတ်တော့လည်း ဟုတ်တယ်...ငါ့စကားက သိပ်မာကြောသွားတယ်။ ဒေါသမျက်နှာထားနဲ့လည်း ဖြစ်သွားလိမ့်မယ်"

သက်ထားမွန် သုံးသပ်စွာ တွေးလာမိသည်။

"သူဟာ ငါ့ဘဝကို ပိုင်ဆိုင်ရတော့မယ့်လူ ဖြစ်လာပြီ။ ဘာပဲဖြစ်ဖြစ်...ငါ ပြေပြေလည်လည် နေလိုက်ပါတော့မယ်လေ။ ဆုံးဖြတ်ပြီးမှတော့ အားလုံးစိတ်ချမ်းသာကြတာ အကောင်းဆုံးပါပဲ"

လက်ထဲမှ ဥပဒေစာအုပ်ကိုချပြီး သက်ထားမွန် ထမင်းစားခန်းသို့ ဝင်ခဲ့သည်။ ရေခဲသေတ္တာဖွင့်၍ လိမ္မော်ရည်ကို ကိုယ်တိုင်ဖျော်စပ် ယူလာခဲ့ရသည်။ ကိုစိုးထွဋ်၏ ရှေ့မှောက်သို့ လိမ္မော်ရည်ခွက်ကို ချပြီး သူနှင့် ဘေးချင်းယှဉ်သော ဆိုဖာတွင် ဝင်ထိုင်လိုက်ရင်း...

"ရုတ်တရက်ကြီးမို့ သက်လန့်သွားမိပါတယ်။ ပြီးတော့ ဒီလိုအတွေ့အကြုံမျိုးလည်း တစ်ခါမှ မရှိခဲ့ဖူးတာမို့ သက်ရှက်လည်း ရှက်သွားမိပါတယ် ကိုစိုးထွဋ်၊ သက်ရဲ့အပြုအမူတွေ သိပ်ပြီး ရိုင်းပျသွားခဲ့ရင် သက်တောင်းပါတယ်ရှင်"

သည်တော့လည်း ချက်ချင်းလိုပင် သူ့ရွှင်ပျလာရှာသည်။ သက်ထားမွန်၏ လက်တစ်ဖက်ကို ဖမ်းယူ ဖျစ်ညှစ်ထားပြန်သည်။ သက်ထားမွန် မရုန်းမိတော့ပါ။

"ကို အပြင်က ပြန်လာတော့ ဒက်ဒီက ပြေလည်ပြီး စေ့စပ်ဖို့ အမြန်ဆုံးစီစဉ်တော့မယ်ဆိုတာနဲ့ ကိုယ်လည်း ဝမ်းသာအားရ ပြေးလာခဲ့တာပါ။ ကိုကလည်း ပြန်ပြီး တောင်းပန်ပါတယ်တဲ့ဗျာ...သက်စိတ်ဆိုးသွားသေးလားဟင်"

"သက် ရှက်သွားမိတာပါ"

"သက် စောစောက ပြောတဲ့အထဲမှာ ဒီလိုအတွေ့အကြုံမျိုး တစ်ခါမှ မရှိဖူးခဲ့တာမို့ဆိုတာ တကယ်ပဲလား...ဟင်"

"ခုမှပဲ မေးရသတဲ့လားရှင်"

www.burmeseclassic.com

www.burmeseclassic.com



"အစတုန်းကတော့ ဒါတွေကို ပြဿနာမဟုတ်ဘူးလို့ ထင်မှတ်ခဲ့တယ်။ ဒါပေမဲ့ သက်ဆီက အဲဒီစကားလေး ကြားလိုက်ရတော့ တစ်မျိုးပဲ ခံစားရတယ်။ တကယ်ဖြစ်ပါစေဆိုတဲ့ ဆန္ဒမျိုး ဖြစ်လာမိတယ် သက်"

"သက် မညာတတ်ပါဘူး၊ သက်မှာ တစ်ခါမှ ချစ်သူမရှိခဲ့ဖူးသေးပါဘူး"

"ဒါဖြင့် ကိုယ်ဟာ သက်ရဲ့ အချစ်ဦးပဲပေါ့နော်"

သည်စကားကိုဖြင့် သက်ထားမွန် ခေါင်းမညိတ်နိုင်သေးပါ။ ကြမ်းခင်းကော်ဇောမှ ပန်းပွင့်ဝါဝါကြီးများကို စိုက်ကြည့်ရင်း သက်ထားမွန် ငြိမ်နေမိသည်။

ကိုစိုးထွဋ်သည် မကြာမီ ကာလအတွင်း သက်ထားမွန်၏ ခင်ပွန်းသည် ဖြစ်လာမည့်သူမို့ ချစ်ဦးသူ ဖြစ်လာနိုင်တန်ကောင်းပါရဲ့။

ယခုမူ ကိုစိုးထွဋ်နှင့် ပတ်သက်၍ အသည်းနှလုံးများ လှုပ်ရှားခြင်း မရှိမိသေး။ ရင်၌ ဖြစ်သော တစ်သက်တစ်ခါ မေတ္တာပန်းလည်း ဖူးပွင့်မလာ ဖြစ်သေးပါချေ။

မေမေပြောသလိုပင် အိမ်ထောင်သက်များ ကြာလေလေ မေတ္တာတရားတွေ၊ သံယောဇဉ်ကြိုးတွေ ဖြိုးဖြိုးဝေဝေ ဖြစ်တန်ကောင်းပါရဲ့။

"သက် ဘာငြိမ်နေတာလဲ"

သက်ထားမွန် ခေါင်းခါပြသော်လည်း မျက်နှာလေးက ပြုံးနေမိသည်။ တစ်ချိန်ချိန်ကျမှ ချစ်လာတန်ကောင်းပါရဲ့ ဆိုသော အတွေးအခေါ် စကားလေးများကို ထုတ်ဖော်၍ဖြင့် မပြောရဲ။

"သက်"

"ရှင်..."

"ကိုယ်ကတော့ ဝန်ခံရလိမ့်မယ်၊ ကို့မှာက ရည်းစားတွေ အများကြီး"

"ဟင်..."

"အဟဲ...တော်ကြာ...သက်သိကုန်ရင် ပြဿနာတက်မှာစိုးလို့ ကြိုပြီး ပြောထားရတာပါ။ ဒီမှာ သက် ကိုယ်နဲ့ ကြိုက်ဖူးတဲ့ မိန်းကလေး ထဲမှာ ကို့အချစ်ဦးပါဆိုတာ တစ်ယောက်မှ မပါဘူး"

"အို..."

"တကယ်...သဘောသားနဲ့ ရည်းစားထားရင် နှစ်ဆယ်ရာစုရဲ့ ဖက်ရှင်ဆန်းတွေ ရမယ်ဆိုပြီး ကပ်ကြတာပါ။ ကိုယ် ဒီအလုပ်က ပြုတ်ရင်...ဒါမှမဟုတ် မိန်းမရသွားရင် ဖယ်စရာတောင် မလိုဘူး၊ သူ့အလိုလို ခွာကုန်ကြမှာပါသက်ရဲ့။

ကိုစိုးထွဋ်တွင် ရည်းစားအများကြီး ဆိုသည့်အတွက် ရင်လှုပ်ရှားခြင်း ကြီးစွာ မဖြစ်မိပါသော်လည်း ဝမ်းနည်းမိသလိုလို နှမြောမိသလိုလို ခံပြင်းမိသလိုလိုသော ခံစားမှုပေါင်းစုံ ရောထွေးဖြစ်ထွန်းလာမိသည်။

"ကို့ကို လမ်းထွင် အခွင့်အရေးပေးလာလို့ ယူတတ်ပါတယ်ဆိုတဲ့ သဘောလောက်တွေပါ၊ ကိုယ် တကယ်လက်ထပ်တဲ့အခါမျိုးကျရင်တော့ အလိမ္မာဆုံး မိန်းကလေးကို မာမီတို့က ရွေးပေးပါလို့ တာဝန်ပေးထားတယ်။ ဒါပေမဲ့ ကိုယ့်အတွက်လည်း အလှဆုံးဖြစ်ရမယ်ဆိုတဲ့ မှန့် ရှာခဲ့ရာမှာ သက်ဟာ ကိုယ့်အတွက် အထိုက်တန် အလိုက်ဖက်ဆုံး ဖြစ်လာလို့ ကိုယ်ဝမ်းသာလှပါတယ် သက်။ ပြီးတော့..."

"ဟုတ်ကဲ့"

"သက်ရဲ့အလှတွေကြောင့်လား၊ သက်ရဲ့ သိက္ခာတွေကြောင့်လား၊ သက်ရဲ့ အဘိဓမ္မာတွေကြောင့်လား၊ ဒါမှမဟုတ် အားလုံးအတွက်ကြောင့်ပဲလားတော့ မသိဘူး။ သက်ကိုလေ...ကိုယ် တကယ် ချစ်မိတယ်"

ထိုနေ့က အဓိက ကိုစိုးထွဋ် ပြောကြားသွားသော စကားများမှာ ချစ်မေတ္တာအကြောင်းများသာ။

ပြီးတော့ နိုင်ငံတကာ အတွေ့အကြုံနှင့် အလှကုန်ပစ္စည်းများ အကြောင်း၊ ရုပ်ရှင်များ...နိုက်ကလပ်များအကြောင်းနှင့် ထွေထွေရာရာကို ဝေဝေဆာဆာ ပြောတတ်လေသော ကိုစိုးထွဋ် ပြန်သွားပြီးသည့် အခါ...

သက်ထားမွန်မှာ ရင်မောစွာဖြင့် ကျန်ရစ်ရတော့သည်။

\+ + + +

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၃)

အင်းယားကန်ဟိုတယ်၏ ထိပ်ဆုံးခန်းမကြီးသည် ခမ်းနားမှုများဖြင့် ဝင့်ကြွားနေပေသည်။ ကတ္တီပါအနီခင်းများ၊ ဆိုဖာကုလားထိုင်နှင့် စားပွဲလှလှလေးများနှင့် ဖန်ပန်းမီးဆွဲကြီးက ကျက်သရေ ရှိလှသည်။

နေ့လယ်စာအတွက် လူတစ်ရာစာ အော်ဒါပေးပြီးသားဖြစ်သည်။ ယူရှုတ်ဝီယံ လန်ချ်ဖြစ်သော်လည်း လူတစ်ယောက်စာ ဝလင်ပါ၏။ မိန်းဒတ်ရှိ အလယ်ပွဲကြီးက ငါးနှင့်အာလူး ကြက်ဥ၊ ပေါင်မုန့်နှင့် ချိစ်ထောပတ်အပြင် စွတ်ပြုတ်နှင့် လက်ဖက်ရည်က အစအဆုံးပါရှိသေး၍ အကျွေးအမွေးက ကျနပါ၏။

ထိုနေ့က လူတစ်ယောက်စာ နှစ်ဆယ့်ငါးကျပ်နှင့် စားသောက်ခွန် ဆယ်ရာခိုင်နှုန်းပေါင်းပြီး လူတစ်ရာစာကို ဒေါ်တင်လေးဝေတို့ဘက်က အကုန်အကျခံသည်။ အလယ်တွင် အလှပြင်သည့် ငွေဖလားအတွက် ပိန်းပန်း၊ သစ်ခွပန်းများ၊ ဓာတ်ပုံရိုက်ခများ၊ ကားစရိတ်၊ သွားလာစရိတ်၊ ဆံပင်ပြင်ခ အစစ ပေါင်းလိုက်မည်ဆိုလျှင်…

ထို 'စေ့စပ်ပွဲနေ့'ကပင် ငွေငါးထောင်ကျော် ကုန်ကျသည်။ လက်ထပ်ပွဲကိုလည်း ငါးသောင်းထက်မနည်း အကုန်အကျခံပြီး အပျံစားကျင်းပဦးမည်ဟု ဒေါ်တင်လေးဝေက ကြုံးဝါးထားသည်။

မေမေတို့ဘက်က တစ်ပြားမှ ကုန်ကျခံစရာ မလိုပါဟူသောစကားကြောင့် မေမေကမကျေနပ်ချင်၊ သမီးဦးလေးရဲ့ မင်္ဂလာဦးမှာ သူလည်း ပါဝင်ချင်ပါသည်ဆိုသော်လည်း ဒေါ်တင်လေးဝေက လက်မခံ။

သည့်အတွက် ဖေဖေ မေမေတို့ တိုင်ပင်ပြီး သမီးအတွက် လက်ဝတ်လက်စား၊ ရွှေ နီလာ၊ ပတ္တမြား၊ ပုလဲ တစ်စုံစာစီအပြင် စိန်တစ်ဆင်စာနှင့် ငွေသားနှစ်သောင်း လက်ဖွဲ့ပါဦးမည်ဟု ထိုနေ့ကပင် မေမေက အတိအလင်း ကြေညာလိုက်သည်။

ဂုဏ်ရှိသူချင်း၊ ပစ္စည်းရှိသူချင်း၊ ပညာတတ်သူချင်းတို့၏ စေ့စပ်ပွဲမို့ ရွှေစကား၊ ငွေစကားနှင့် စိန်စကားများသည်သာ အင်းယားကန်ဟိုတယ်၏ ခန်းမတစ်ခုလုံး လျှံဝေနေပေတော့သည်။

ထိုနေ့က 'ကို'သည် ဆာဖာရီကုတ်အဝါနှင့် ကော်ဖီနရောင်ဘဲလ်ဘောင်းဘီနှင့် ကြိုးသိုင်းဖိနပ်မြင့်ကြီးနှင့်မို့ အနောက်တိုင်းသားတို့နှင့် ရောထွေးသွားရလောက်အောင် ခေတ်ဆန်လှပနေပါ၏။

သက်ထားမွန်က ခရမ်းပြာရောင်နှင့် ငွေရောင်ရောယှက်လျက်လက်လက်ထနေသော အင်္ကျီလုံချည် ဆင်တူဝတ်ထားသည်။ အင်္ကျီက လက်ပြတ်လည်ဟိုက်နှင့် အသားပေါ်သည့်နေရာများတွင် စိန်များနှင့် ဖြည့်တင်းထားလိုက်သေးသည်။ ဆံပင်နှင့် မိတ်ကပ်က တင်တွင့်၏ စပါယ်ရှယ်ပြင်ဆင်မှုကြောင့် ကြွကြွရွရွလေး၊ မျက်နှာက ပန်းနုရောင်မပြေးလေးနှင့် လှနေသည်။

"ပြင်လေ လှလေပါလားသက်ရယ်၊ ကိုက လှလေချစ်လေပဲ။ သက်အမြဲ အလှပြင်နေစမ်းပါ။ ဒါတွေ ဖျက်မပစ်နဲ့နော်၊ ကားတစ်စင်းနဲ့ တစ်မြို့လုံး လှည့်ကြွားဦးမယ်"

"ကိုကလည်းကွယ်…လူကြီးတွေနဲ့"

"ဘာဖြစ်လဲ၊ ကိုတို့နှစ်ယောက် အဲဒီလိုကြည်ကြပါစေ၊ ခိုက်ကြပါစေဆိုပြီး ဝိုင်းပို့ကြတဲ့ပွဲပဲ"

"တော်ပြီ…ပြောလေ ဆိုးလေ၊ သက် အန်တီနား သွားထိုင်နေတော့မယ်"

ယောက္ခမလောင်းကြီး ဒေါ်တင်လေးဝေ၏ ဘေးတွင် သွားထိုင်နေသော သက်ထားမွန်ကို မကြည်ပါဘူးဆိုသော အကြည့်များဖြင့် ကိုကမိုက်မိုက် ကြည့်နေသော်လည်း ကို့အပြုံးများက ဖုံး၍မရ။

ထိုနေ့က သက်ထားမွန် စိတ်မညစ်ညူးမိရုံမက ရင်ထဲမှာလည်း ကြည်နူးသာယာနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရင်းနှီးထိတွေ့မှုရှိလာလေ...သံယောဇဉ် ကြီးမားလေဖြစ်မည် ဆိုသော ချစ်မေမေ၏ ခံယူချက်များသည် ဖြစ်နိုင်ကောင်းပါ၏ဟု ထိုစေ့စပ်ပွဲနေ့က သက်ထားမွန် တွေးလာနိုင်ခဲ့ပါပြီ။

ထုံးစံအတိုင်း လူကြီးတွေက ပြောကြဆိုကြ၊ အမွှန်းတင်ကြသော် လည်း သက်ထားမွန်ကိုယ်တိုင်လည်း မကြားမိ၊ ရှေ့တည့်တည့်မှ ရုံးရုံး စိုက်စိုက်ကြီး ကြည့်နေသော 'ကို့'ကို မျက်လုံးလေးလှန်၍ ခိုးကြည့်မိတိုင်း မြင်နေရသည်။ အကြည့်ချင်းဆုံရသည်။

လူကြီးများ ပြောကြဆိုကြပြီးကြပြီ။ စေ့စပ်ကြောင်းလမ်းခြင်း ကို အောင်မြင်စွာ ရုပ်သိမ်းနိုင်ခဲ့ကြပါပြီ။

"သက် အိမ်ပြန်လိုက်မသွားနဲ့ဦးနော်"

"ကို ညနေမှလာခဲ့လေ"

"မရဘူး.. ဒီနေ့ သက်ကို ကိုဆိုင်သွားပြီ၊ သက် ပြန်လိုက်မသွား ဘူး"

"ဟင်...ကိုကလည်း၊ ဘယ်သွားမှာမို့လဲ"

"လျှောက်လည်ပါ့မယ်ဆို"

"ဟင်...သက် ရှက်ပါတယ်ကိုရယ်"

"ဘာကို ရှက်တာလဲ"

"တစ်ကိုယ်လုံးလည်း ဖိတ်ဖိတ်တောက်လို့၊ ခေါင်းမှာလည်း အကွေ့အကောက်တွေနဲ့ မင်းသမီးကျနေတာပဲ ကိုရယ်၊ သက်ရှက်ပါတယ်"

"ချစ်စရာလေးကွာ၊ ကိုတော့ ဒီအဝတ်အစားနဲ့ ကြည့်လို့ မဝဘူး"

"ဒါဖြင့်လည်း အိမ်လိုက်ခဲ့ပါလား"

"အင်း...အင်း...လိုက်ခဲ့မယ်၊ အိမ်မှာ အကြာကြီး မနေနဲ့နော် အပြင်သွားကြရအောင်"

"ကို့ သဘောပါပဲ"

ကို့သဘောအတိုင်း ဓာတ်ပုံများစွာ ကိုနဲ့တွဲရိုက်ပြီးမှ ဒီပြိုး ပြက်ပြက် အဝတ်အစားများကို ချွတ်လဲခွင့်ရသည်။ မျက်နှာနှင့် ဆံပင် သည်တိုင်းထားရသည်။ မျက်တောင်တုပင် မချွတ်ဖြစ်၊ ကိုနဲ့လိုက်



အောင် ဝါရွှေသော ဇာဝမ်းဆက်နှင့် လမ်းအတူထွက်ခဲ့ကြရပါပြီ။

ထိုနေ့က လေးနာရီခွဲပွဲကို သမ္မတရုံမှာ၊ ညစာကို ကရဝိက်မှာ စားခဲ့ကြသည်။

ရုပ်ရှင်ရုံတွင်းမှာ၊ ကားမောင်းလာသော လမ်းတစ်လျှောက်မှာ ကျရောက်လာသော ကို့အနမ်းများကို ရှောင်ဖယ်မိသည်လည်း ရှိသည်။ ခံယူရသည်လည်း ရှိပါ၏။

\+ + + +

"သက် ကို့ကို လွမ်းနေမှာလား"

"အင်းပေါ့...ဆယ်ရက်ကျော် တူတူနေလာရပြီးမှ ခွဲသွားမယ်ဆို တော့ သတိရနေမိမှာပဲ"

"သတိရရုံပဲလားအချစ်ရဲ့...မလွမ်းဘူးလား"

"ခွဲမှ မခွဲဖူးသေးပဲ။ ဘယ်လိုခံစားရမလဲဆိုတာ သက်မသိနိုင်သေး ဘူးပေါ့ကို"

သတိရနေမိမှာတော့ အမှန်ပါပင်။ သံယောဇဉ်တွယ်ငြိလာမိ၍ ။ သံယောဇဉ်နှောင်ဖွဲ့ပြီးခါမှဖြင့် ချစ်လာဖို့က ခဲယဉ်းစရာအကြောင်းမရှိ တော့ပါပေ။ မေမေ၏ ခံယူချက်အတိုင်းပင် ဖြစ်ပါလိမ့်မည်။ သို့ပါသော် လည်း အနေကြာခွင့်မရသေး။ စေ့စပ်ပြီးနောက် ၁၂ရက်နေ့တွင် ကိုနိုင်ငံ ခြားသို့ ပြန်ထွက်သွားပေတော့မည်။

"သက် ဘာလိုချင်လဲ။ ဘာတွေ မှာချင်လဲဟင်"

"သက်မှာ ဆန္ဒမများပါဘူးကို၊ ကိုသင့်တော်ရာသာ ဝယ်လာ၊ ပို့နှစ်သက်တာမှန်သမျှ သက်ပါ နှစ်သက်နိုင်အောင် ကြိုးစားထားပါ့မယ်"

"သက်ရယ် တကယ် လိမ္မာပါလားကွယ်"

"အို...ကို..."

သူတို့အိမ်မှာမို့ ပိုပြီး ရှန်းကန်မိသည်။ ကိုက အမြဲလက်ရဲဇက်ရဲ ပဲက သက်ထားမွန် မရှောင်တိမ်းနိုင်မီ မွှေးမိပြီးသား အဖြစ်များလည်း ကြာခဏ ကြုံခဲ့ရပါပြီ။

ယနေ့ ကိုခေါ်လာ၍ ကိုတို့အိမ်တွင် နံနက်စာစားရန် ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com

ရသည်။ သန်ဘက်ခါဆို ကိုထွက်ခွာသွားတော့မှာမို့ သက်ထားမွန် မဖြင်
ပယ်ရက်ဘဲ လိုက်လာခဲ့မိသည်။ သက်ထားမွန်၏ ခွင့်ရက်များကလည်း
ကိုထွက်ခွာသွားပြီး ၃ရက် ပြည့်မှ တာဝန်ကို ပြန်၍ ဝင်ရပါမည်။

"သက်..."

"ကို..."

"ထမင်းဆာပြီလား"

"မဆာသေးပါဘူး၊ ရပါတယ်၊ အန်တီတို့လာမှ စားကြတာပေ

"မာမီတို့လား"

"အင်းလေ"

"ဟာ...သူတို့နဲ့တူတူ မစားချင်ပါဘူး၊ ကိုတို့နှစ်ယောက်တည်
စားကြမှာပေါ့။ နည်းနည်းတော့ စောသေးတယ်နော်။ ကိုတော့ သိပ်မဆာ
သေးဘူး၊ သက်ရော"

"မဆာပါဘူးကို၊ တော်ကြာမှ စားကြတာပေါ့"

"ဒါဖြင့်လာ၊ အပေါ်ထပ် သွားကြရအောင်"

အပေါ်ထပ်တွင်လည်း ဧည့်ခန်းကြီးတစ်ခုက သားသားနား
ပါ။ ဝင်ဒါမီယာရှိ ခေတ်အမီဆုံး တိုက်များထဲတွင် ကိုတို့တိုက်က တ
အပါအဝင်ပါ။ အိပ်ခန်းတိုင်းတွင် ရေချိုးခန်း၊ အိမ်သာနှင့်တွဲလျက်။ ပြီးရေ
အခန်းတိုင်းမှာ လေအေးစက်နှင့်။

သက်ထားမွန်တို့နေသော ဘောက်ထော်မှ တိုက်သည် ခံ့ည
ကြီးမားသော်လည်း ကိုတို့ တိုက်လောက် ခေတ်မမီ၊ ကိုတို့တိုက်သ
နိုင်ငံခြား 'အာကီတက်ချာ'တစ်ဦး၏ ပုံစံဖြင့် စနစ်တကျ ဆောက်ထားသ
ဟု ကိုက ပြောပြပါ၏။

အပေါ်ထပ်ရှိ ရေခဲသေတ္တာမှ သစ်သီးစုံကို ထုတ်ကျွေးပြီး ကို
နီးကပ်စွာ ထိုင်လာသည်။

"သက်..."

"ဟင်..."

"ကို... ဒီတစ်ခါ သွားရမှာ တစ်နှစ်ခွဲနဲ့ နှစ်နှစ်လောက် ကြာ
သက် ဒီအတွင်းမှာ ကိုယ့်ကို စိတ်ရှည်ရှည်နဲ့ စောင့်နေနိုင်ပါ့မလား"



"ဘာကိုလဲ ကို"

"ဩော်...ကိုပြန်လာတဲ့အထိ အေးလေ...ကို့စကားလွန်သွားမှာ
းလို့ ဆက်ပြီး မပြောလိုတော့ပါဘူး။ ကိုတွေ့ဖူးခဲ့တဲ့ မိန်းကလေးတွေ
လို မဖြစ်ပါစေနဲ့လို့ ကိုတကယ်ပဲ ဆုတောင်းမိပါတယ်၊ အဲဒါ ကိုက သက်ကို
ကို တကယ်ချစ်မြတ်နိုးလို့ပါ"

သူချစ်မြတ်နိုးပါသည်ဆိုခြင်းအတွက် ကိုဖြင့် နှစ်သက်ကြည်မွေ့
ပါသည်။ ကိုယ့်ဘက်က ချစ်မလာသေးသည့်တိုင် 'ကို'ဟူသော သူသည်
သက်ထားမွန်၏ ဘဝကို စိုးပိုင်ရှင်အဖြစ်နှင့် မြတ်နိုးတတ်ပါတော့မည်။
ချစ်တတ်ရပါတော့မည်။

သက်ထားမွန်၏ မေတ္တာတရားသည် နီးကြားလွယ်ခြင်းမရှိသော
မေတ္တာမျိုးဖြစ်သည်။

တစ်ဖက်သော နှလုံးသားဆီမှ မေတ္တာများ စီးဝင်လာခြင်းခံရပြီး
ဘာမှ လွန့်လူးလာမည့် မေတ္တာဓာတ်မျိုး။

နိုးကြားခြင်းနှေးသော မေတ္တာတရားသည် ပျက်ပြယ်ခြင်းလည်း
လေးနှေးတတ်ပါသည်။ တစ်ဆက်တည်းပင် သစ္စာဆိုသည်များကိုလည်း
သက်လို တန်ဖိုးထားမည့် မိန်းမစားလေး သက်ထားမွန်ပါ။

ဒါကို ကိုစိုးထွဋ်အနေနှင့် အကြွင်းမဲ့မယုံရဲနိုင်၊ လွယ်လွယ်တွေ့
လွယ်လွယ်ပျက်တတ်ကြသော မေတ္တာတရားမျိုးနှင့်သာ သူထိတွေ့ဖူး
သည်။

မိန်းကလေးတို့ မည်သည်မှာ ပိုင်ဆိုင်သူ၏ ရင်ခွင်နှင့် မကင်းကွာ
ပ်ဟု သူ ခံယူထားပုံရသည်။

ချစ်ရသော အမျိုးသားနှင့် နယ်ခြားရခြားတွင် အနေကြာလျှင်
သစ်သော မေတ္တာတရားထက် ရာဂဘက်နွယ်သော ဖောက်ပြန်မှုများကို
များမိတတ်ကြသည့် သဘောရှိသည်ဟု သူ့အတွေ့အကြုံ၊ သူ့ပတ်ဝန်း
ချင်အရ မြင်တွေ့ထားဖူးခဲ့သည်မို့—

"ချစ်လို့ပါ သက်ရယ်၊ ဘာလို့ ရှန်းနေရတာလဲ၊ ကြည့်ပါဦး"

"ကိုက သိပ်ဆိုးတာကို"

ကိုစိုးထွဋ် ဖြေလျှော့ပေးလိုက်သော်လည်း သူ့ကြည့်ပုံကြီးက

www.burmeseclassic.com

www.burmeseclassic.com

ရှုးရှုးဝါးဝါး စိမ်းစိမ်းကားကားကြီး။ ဘာမှ စကားမပြောပါဘဲနှင့် သူ အနားမှ ထသွားသည်။ ရေအေးတစ်ခွက်ကို သူသောက်ရင်း သက်ထားမွန်ကို ကျောခိုင်းထားပါ၏။ သူကြည့်ရသည်မှာ သွေးကြောများ နီးကြားခြင်းကို ထိန်းကွပ်နေရဟန်မျိုး၊ ခဏအကြာတွင်မှ ရေခဲရေပုလင်းပြန်ထားပြီး သက်ထားမွန်နားသို့ ပြုံးပြုံးရွှင်ရွှင် လျှောက်လာသည်။ ခေတ္တမျှ ပြေပြေလည်လည် ပြောအပြီးတွင် သူ့အခန်းတွင်းသို့ ဝင်သွားခဲ့သည်။

"သက်ရေ၊ ခဏလေး"

"ဘာလဲ ကို"

"ဟိုနေ့က ပုံလေးတွေမှာ သက်နဲ့ကိုနဲ့ တစ်ဖက်စီ လက်မှတ်ထိုးကြရအောင်"

"ဒီယူခဲ့ပါလားကိုရယ်"

"ခဏလေးပါကွာ၊ သက်ကလည်း..."

ကျေနပ်လက်ခံပြီးသားအိမ်၊ ပိုင်ဆိုင်မှုကြေညာပြီးသား သူ၏ အခန်းတွင်းသို့ သက်ထားမွန် ဝံ့ရဲစွာ ဝင်လိုက်သွားမိသည်။

စေ့စပ်ပွဲနေ့က တူယှဉ်တွဲထားသော ဓာတ်ပုံလေးများ၏ နောက်ဘက်တွင် တစ်ယောက်တလှည့်စီ လက်မှတ်ထိုးကြသည်။ ချစ်မှာတမ်းလေး စကားလေးများ ရေးသားလိုက်ရန် ကိုပန်ကြားလာသည်ကို...

'ကို မြန်မြန် ပြန်ခဲ့ပါ'

ဟူသော စာစုလေးသာ ရေးပေးမိသည်။ ဤစာစုလေးကို ဖတ်အပြီး–

"မြန်မြန် ပြန်ခဲ့ရမလား၊ ခုတောင် မသွားချင်တော့ဘူး၊ တကယ်ကိုသက်ကို စိတ်မချဘူး။ သက်ကို မယုံတာ မဟုတ်ပေမယ့် သက်ရဲ့ဘေးပျက်မှာကိုလည်း စိုးမိတယ်။ သိပ်လှတဲ့ မိန်းကလေးတွေကိုမှ ရွေးပြီးရင်ခွင်ဦးမှာ ပျော်မြူးချင်ကြသူတွေ အများကြီး..."

"သက်ကို စိတ်ချစမ်းပါ"

"သက်ကို စိတ်ချပေမယ့် ပတ်ဝန်းကျင်ကို စိတ်မချနိုင်ပါဘူး"

"အို...ကိုကလည်းကွယ်"

"အလှမက်တဲ့ ကိုဟာ သိပ်လှတဲ့ သက်ကို အရင်ဦး ပိုင်ဆိုင်ချင်တယ်၊ ဒါမှသာ သက်က ကိုကို့ပဲ တမ်းတနေမှာ...သစ္စာရှိနေမှာ"



သူ့တွေးခေါ်ခံယူချက်များကို သူရှုပ်လုံးဖော်ခဲ့ပါပြီ။

"အို...ကို"

"ကို...မကောင်းဘူး"

"သက် မကြိုက်ဘူး"

ကိုယ်ပိုင် ခုခံကာကွယ်ခွင့်နှင့် ပတ်ဝန်းကျင်၏ အကူအညီရလိုမှုဖြင့် ဟစ်အော်တောင်းခံ၍လည်း မဖြစ်နိုင်သော အခြေအနေမို့...

ရှုန်းကန်ရင်း လူးလွန့်ရင်းဖြင့် သက်ထားမွန်မှာ ရမ္မက်မွန်နေသော ကိုစိုးထွဋ်၏ ရင်ခွင်ကြားသို့ ညွတ်ခွေကျသွားရလေပြီတကား။

\+ + + +

"သမီး...အောက်မှာ မောင်စိုးထွဋ် ရောက်နေတယ်လေ။ မနက်ဖြန်မနက် သူသွားရတော့မှာ"

"သမီး နေမကောင်းဘူးလို့ ပြောလိုက်ပါ မေမေ"

"မဟုတ်သေးပါဘူး၊ သမီးတို့ တစ်ယောက်နဲ့တစ်ယောက် စိတ်ကောက်နေကြတယ်ထင်တယ်"

"မဟုတ်ပါဘူး မေမေရယ်၊ သမီးဘာကြောင့် သူ့ကို မတွေ့ချင်တယ်ဆိုတာ သူနားလည်ပါတယ်"

"ဘယ်ဖြစ်မလဲသမီး၊ စေ့စပ်တောင်ပြီးနေမှ ပြေလည်အောင် နေကြပါ၊ သူသွားမှာကလည်း အကြာကြီး။ မိန်းကလေးဆိုတာ အရှုံးဘက်ကချည်းပဲ သမီး၊ သိပ်မတင်းပါနဲ့ကွယ်"

"အရှုံးဘက်ကမို့ မတင်းရဘူးတဲ့၊ ဟုတ်တယ်...မေမေ သိထားသလို သူသိထားပြီကိုး။ ငါအရှုံးပေးလိုက်ရပြီ၊ ဒါကြောင့် ငါအမြဲ အလျှော့ပေးရတော့မယ်ပေါ့"

"ပိုင်ပါပေ့ ကိုစိုးထွဋ်ရယ်"

"သူတစ်ပါးနဲ့ မဖောက်ပြန်ဖြစ်အောင်"

"သူ့ကိုပဲ ဒူးထောက် မျှော်လင့်နေရအောင်ဆိုတဲ့ မူတွေနဲ့ တုပ်ချည်ထားခဲ့ရတာ အသည်းနာစရာကောင်းလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com

ချစ်အံ့ဆဲဆဲ မေတ္တာတွေ ကိုယ်ပိုင်သစ္စာတွေနဲ့ စောင့်စည်းပြီး ဆုပြန်လာမယ့်ရက်ကို လက်ချိုးရေတွက်ပြီး မျှော်နေရမှ ဆောက်တည်ရမယ့် ဘဝက လှပအဓိပ္ပာယ် ရှိလာမှာပေါ့။ ခုတော့…

စောစောပိုင်းဆီက ရင်သိမ့်ခုန် ခံစားမှုလေးများ၊ ဆွတ်ပျံ့ကြည်နူးလေးများနှင့် ပဏာမတံခါးချပ်လေး ပွင့်လာပြီးသော ချစ်သဲလေးများတို့သည်…

သက်ထားမွန် ငိုကြွေးချလိုက်သော မျက်ရည်ချောင်းလေးများအတွင်း လိမ့်မြောလွင့်ပါကုန်ကြပါပြီ။

ထိုနေ့နှင့် နောက်နေ့နံနက်ဦးများတွင် ကိုစိုးထွဋ်ကို ဆင်းမတွေ့ဖြစ်၊ လိုက်မပို့ဖြစ်ခဲ့။

ညဘက်တွင်မူ သူတယ်လီဖုန်းဆက်၍ ဖုန်းခွက်မှတစ်ဆင့်ဖြင့် စကားပြောမိပါသည်။

"စိတ်မဆိုးပါနဲ့ သက်ရယ်၊ ချစ်လွန်းလို့ပါကွယ်"

ဆိုသောစကားများသာ ထပ်ပြလဲလဲ ပြောကြားနေသော ကိုစိုးထွဋ်သို့…

"ရပါတယ်ရှင်…ကိုစိုးထွဋ် ပြန်လာတဲ့အခါ ဆန္ဒရှိတဲ့အချိန်ကိုသာ လက်ထပ်ဖို့ စီစဉ်ပါလေ၊ ခုတော့ ကိုစိုးထွဋ်ချည်နှောင်ထားခဲ့တဲ့အတိုင်း မလွန့်သာ မရုန်းသာနဲ့ပဲ ဒူးထောက်ရင်း စောင့်စားမျှော်လင့်နေရမှာပါ… လို့"

\+ \+ \+ \+

## အခန်း(၃၄)

"ဟေး…သက်၊ ကြည့်ပါဦး တစ်လမ်းလုံး ငြိမ်လိုက်လာတယ်။ ဘာလဲ ကိုကို စိတ်ဆိုးတုန်းပဲလား"

"မဆိုးပါဘူး။ သက် ခရီးပန်းလာလို့ပါ"

"အင်းလျားလိတ်မှာ တစ်ခုခု ဝင်စားရင်း နားကြမလားသက်"

"နေပစေ…သက် အိမ်ပဲ ပြန်ချင်တယ်"

"သက် ဘာတွေ စဉ်းစားလာလဲ။ ပြင်ဦးလွင်က အကြောင်းတွေလား၊ အမှုကိစ္စတွေလား"

"တစ်ခုမှ မဟုတ်ပါဘူး။ ကိုနဲ့ စပြီး ဆုံဆည်းရတဲ့အချိန်နဲ့ ခွဲခွာခါနီး ဖြစ်ရပ်လေးတွေကို သက်ပြန်ပြီး စဉ်းစားနေတာပါ"

မင်္ဂလာဒုံ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသော သက်ထားမွန်ကို ဒတ်ဆန်း–ဆန်နီကားသစ်လေးနှင့် ကြိုဆိုလာသော ကိုစိုးထွဋ်၏ အကြောင်းအရာများကို တွေးတောလာဆဲ တဒင်္ဂလေးအတွင်း၌သာ ပြင်ဦးလွင်မှဖြစ်ရပ်များကို သက်ထားမွန်ချန်လှပ်ထားခဲ့မိသည်။

အတွေးရင်မှာ ကွက်လပ် ဟာသွားသည်နှင့် ရောက်လာခဲ့သော အကြောင်းအရာလေးက…

"ကိုရဲနောင်"

"အသက်…ကျွန်တော့်ကို နှုတ်မဆက်နဲ့လေ…၊ အသက် ပြန်တော့လေ"

ဟူသော စိုးရိမ်တကြီး မျက်နှာလေးနှင့် ပြေးလာရှာသော ကိုရဲနောင်…

www.burmeseclassic.com

www.burmeseclassic.com



သူ့လို တရားခံတစ်ယောက်ကို ခံစားမှုမျက်နှာလေးနှင့် သက်ထားမွန်က သူ့ကို မနှုတ်ဆက်စေချင်၊ သက်ထားမွန်၏ သိက္ခာတရားနှင့် တာဝန်ဝတ္တရားများကို ထိပါးသွားမှာ သူစိုးရှာသည်။

"အသက်ရဲ့ အောင်မြင်မှု၊ ဂုဏ်သတင်း ကျော်ကြားမှုတွေအတွက် ကျွန်တော် ထောင်ကျခံရဲရုံတင်မကပါဘူးအသက်ရယ်"

"အို…"

သက်ထားမွန် မျက်စိမှိတ်ပြီး ခေါင်းရမ်းပစ်လိုက်မိသည်။

"ဘာတွေ ပြောပြီး ဘာတွေ ခေါင်းရမ်းနေတာလဲ သက်ရဲ့…ဟင်"

ကိုစိုးထွဋ်က ကားမောင်းရင်း လှည့်မေးလာသည်။ သက်ပြင်းရှည်ကြီးများသာ လွှင့်ထုတ်မိသည်။ သက်ထားမွန် မဖြေနိုင်။

"ဒီမှာ သက်…သက်နဲ့ ကိုနဲ့ ကွဲကွာနေကြတာ တစ်နှစ်နဲ့ ရှစ်လ ရှိပါပြီ။ ပြန်လာလာချင်းလည်း သက်ကို မတွေ့ရဘူး၊ ခုမှ တွေ့ရတော့လည်း သက်က ကို့ကို စိမ်းနေသလိုပဲကွယ်"

"ဒီလိုလည်း မဟုတ်ပါဘူးလေ…သက် ဟိုမှာ ကြုံတွေ့လာခဲ့တဲ့ အဖြစ်အပျက်တွေက ဆန်းလွန်းလို့"

"ဒီမှာသက်…ကိုယ်ပြောပါရစေ"

သက်ထားမွန် စကားမဆုံးမီ ကိုစိုးထွဋ်က ဖြတ်၍ ပြောလိုက်သည်။ သက်ထားမွန် ရပ်တန့်လိုက်ရပါ၏။ သူကပင် ဆက်လက်၍…

"သက်ရဲ့ အမှုကိစ္စတွေလည်း အားလုံးပြီးပြေပါပြီ။ ရှင်းလင်းခဲ့ပါပြီမဟုတ်လား။ အဲဒီတော့ ပြင်ဦးလွင်က အဖြစ်အပျက်တွေကို မေ့ထားလိုက်ပါတော့လား သက်"

"မေ့ထားလိုက်ရမယ်"

"ဟုတ်တယ်လေ၊ အလုပ်ကိစ္စတွေ မေ့ထားတော့မှပေါ့၊ သက်လည်း ခွင့်တင်တော့၊ လက်ထပ်ဖို့ ရက်ကော သက်တို့မေမေက အင်းယားလိတ်မှာ ဒိတ်လုပ်ပြီးပြီ"

"လက်ထပ်ဖို့ ရက်တောင် ရွေးပြီးပြီလား"

"ဟုတ်တယ်သက်"

"ဟုတ်တယ်…ဟုတ်တယ်…ပြင်ဦးလွင်က အဖြစ်အပျက်တွေ အားလုံးနဲ့အတူ ကိုရဲနောင်ဆိုသူကိုပါ ငါ့အတွေး အာရုံထဲက ဖယ်ထုတ်ပစ်ရတော့မှာပဲ။ ဒီလိုပဲဖြစ်သင့်တယ်။ ဒီလိုပဲ လုပ်ရမယ်၊ ဒါပေမဲ့ကွယ်"

"ရင်ထဲမှာ သူပါလာတယ်"

"အသည်းနှလုံးကို ဖယ်မှ သူကွယ်လိမ့်မယ်ထင်ပါရဲ့"

\+ \+ \+ \+

အင်းယားကန်ဟိုတယ်၏ ခန်းမအပြည့် စိန်ရောင် ရွှေရောင် ရတနာရောင်နှင့် ဖိတ်ဖိတ်တောက် အဝတ်အစားများ၊ အဖိုးတန် ပန်းမာလ်များ၊ ဆံပင်ပုံဆန်းများနှင့် ရေမွှေးနံ့ပေါင်းစုံ၊ တီးဝိုင်းမှ တေးသံစုံများကြောင့် မူးဝေချင်လာလောက်အောင် ရှုပ်ယှက်ခတ်နေသည်။

ကိုက မြန်မာအမျိုးသားဝတ်စုံနှင့် တောင်ရှည်နှင့် ရင်ဖုံးအင်္ကျီနှင့် သက်ထားမွန်က ထိုင်မသိမ်းနှင့် ဇလာထဘီနှင့်မို့ အနေရပိုခက်လှကြသည်။

အထက်တန်းလွှာများ၏ အထက်တန်းကျသော မင်္ဂလာပွဲမို့ လာသမျှလူများက မင်္ဂလာမောင်မယ်စုံကို စိတ်ဝင်စားမှု လွန်ကဲကြသည်။ ပြုံးထားရတာ ကြာတော့ သက်ထားမွန် ညောင်းလာခဲ့ပြီ။ ပရိသတ်များ၏ အကြည့်များက လိုက်ဖက်လှသည်။ အားကျစရာ အစစပြည့်စုံပါပေတယ် ဟူသော တီးတိုးစကားသံများက လျှံထွက်လာသည်။

"သက်…ပျော်ရဲ့လားဟင်"

"ပျော်ပါတယ်ကို"

အလိုက်သင့်သာ ပြောလိုက်ရသည်။ အမှန်ကို ဝန်ခံရပါလျှင် စေ့စပ်ပွဲနေ့ကလောက် သက်ထားမွန် စိတ်လှုပ်ရှားခြင်းမဖြစ်မိ။

ဆွတ်ပျံ့ကြည်နူးမှုကြောင့် ရင်လေးများ သိမ့်သိမ့်ခုန်လောက်အောင်လည်း မခံစားရသည်မှာ အမှန်ပါ။ ဒီအဝတ်အစားနှင့် ဒီပရိသတ်များ အကြားတွင် စိတ်ရှုပ်မိသည်က လွဲ၍ သက်ထားမွန်၏ နှလုံးသားသည် လှုပ်ရှားခြင်းမရှိခဲ့။ တည်ငြိမ်နေလေသည်။

ညစာခံပွဲအပြီးတွင် မိဘများ၊ ဆွေမျိုးများ၊ သူငယ်ချင်းများ၊ လူပျို

www.burmeseclassic.com

www.burmeseclassic.com



အပျိုရုံများနှင့် ဓာတ်ပုံအရိုက်ခံရသည်ကိုလည်း သက်ထားမွန် မေ့လာမိသည်။

အော်ကြပာစ်ကြ ဆူညံကြနှင့် အသင့်စီစဉ်ပြီးသော ကိုစိုးထွဋ်တို့၏ ဝင်ဒါမီယာရှိ တိုက်ကြီးရှိရာသို့ သက်ထားမွန် လိုက်လာခဲ့ရပါပြီ။

"သက်ကြည့်ရတာ စိတ်ညစ်နေသလိုပဲ"

"မဟုတ်ပါဘူးကို…ပရိသတ်တွေ များလွန်းလို့ပါ"

"ဟုတ်ပါရဲ့ကွာ…ကိုတို့ မင်္ဂလာပွဲက တကယ်စည်တာပဲ၊ ကဲ… သက် ကိုဝယ်လာတဲ့ နိုင်ငံခြားက ခန်းဝင်ပစ္စည်းတွေ အခုလို ပြင်ဆင်လိုက်တော့ တကယ်လှတယ်နော်။ သက်ကြိုက်ရဲ့လား၊ သေသေချာချာ ကြည့်ပါဦး"

သက်ထားမွန်၏ ပခုံးလေးကို ဖက်ပြီး အိညက်နူးနေသော အိပ်ရာခမ်းနားများ၊ ခန်းဝင်ပစ္စည်းများကို ကိုစိုးထွဋ်က ပြသည်။ အမှန်လည်း အဖိုးတန်လွန်းသော ပစ္စည်းများချည်းပါ။

ကျယ်ဝန်းသော အိပ်ခန်းကြီးအတွင်း လူတစ်ရပ်စာမျှ လက်ဖွဲ့ပစ္စည်းများက ပုံထားရသေးသည်။

"သြော်…ဒီလို အဆောင်အယောင်တွေ ဒီလိုဂုဏ်ဒြပ်တွေ ဒီလိုခမ်းနားတဲ့ နေထိုင်မှုတွေကို ပေးစွမ်းနိုင်တဲ့ ကိုစိုးထွဋ်ဟာ ငါ့ရဲ့ခင်ပွန်းဖြစ်လာပြီ။ ဘာပဲဖြစ်ဖြစ် သူ့အတွက်သာ ငါဖြစ်လာအောင် နေပါတော့မယ်လေ"

စိတ်ကို ပိုင်းဖြတ်လိုက်ရပါသည်။ 'ကို'ကတော့ အရင်အတိုင်းပါပဲ။ စကားကြွယ်လျက် သွက်လက်ဖျတ်လတ်လျက်ပါ။

လွန်ခဲ့သည့် တစ်နှစ်ရှစ်လက သက်ထားမွန် မျက်ရည်ကျခဲ့ရ ရင်နာခဲ့ရသည်မှာလည်း ဤအခန်းမှာပါပင်။ ကိုစိုးထွဋ်အနေဖြင့် သူ့ရည်ရွယ်ချက်၊ သူ့ခံယူချက်များအတိုင်း ပြည့်ပြည့်ဝဝ ဆန္ဒပြည့်ခဲ့သည်မို့ ဤမင်္ဂလာဦးညကို သူကြည်နူးနေပေသည်။

သက်ထားမွန်အနေနှင့်မူ မိန်းမသားငယ်တို့အတွက် ထိုက်တန်သော မင်္ဂလာညဦးမျိုးသာ ဖြစ်စေချင်မိသည်။ သူကိုယ်တိုင် ပွင့်ဖတ်လေးများကို ခြွေခဲ့ဖူး၍ နွမ်းညှိုးသော ပန်းလေးတစ်ပွင့်အဖြစ်နှင့် သူပြန်နှုးရသည်ကို သူကြည်နူးသော်လည်း သက်ထားမွန် မရွှင်မြူးနိုင်တော့ပါ။

သူလုပ်ဆောင်ဖန်တီးသွားသည့်အနောက်က လိုက်ရရုံသက်သက် ဘဝကို အားရကျေနပ်ခြင်းမရှိမိ…

ကိုယ့်ဘက်က တုံ့ပြန်ပေးအပ်ရမည့် မေတ္တာမျိုးဖြင့်လည်း သူ့ကို ပေးဆပ်ချင်ပါသေးသည်။ ပေးဆက် တုံ့ပြန်အံ့ဆဲဆဲ အချိန်မျိုးတွင်…

စိတ်ဆိုသည်ကလည်း ဆန်းကြယ်သား…

အပြင်လောကအရ ချပြောကြစတမ်းဆိုလျှင် ဤကိစ္စမှာ သူ့အသိနှင့် သူ့အညာ၊ သူ့အပွင့်နှင့် သူ့အပင်သဘောမျိုးလိုဖြစ်နေ၍ ဇီဇာချဲ့နေစရာ အကြောင်းမရှိဟု ထင်စရာရှိသော်လည်း…

ကိုစိုးထွဋ်ထွက်သွားပြီးကတည်းက သက်ထားမွန် ရင်မှာ နာကြည်း ကျန်ရစ်ခဲ့ရသည်။

မိမိ၏ သစ္စာနှင့် သိက္ခာကို စော်ကားသလိုဖြစ်ခဲ့သည်။ စီးသွယ်လာအံ့ဆဲဆဲ မေတ္တာစမ်းချောင်းလေးကိုလည်း ဤရင်နာစိတ်က ပိတ်ပစ်ခဲ့သည်။

ကိုစိုးထွဋ်၏ ခံယူချက်နှင့် သက်ထားမွန်၏ မေတ္တာသဘောထားတို့က ကွာခြားခဲ့ကြလေပြီ။

ဘာပဲဖြစ်ဖြစ် ဤမတူညီသော ဘဝနှစ်ခုကို ပေါင်းစပ်ခဲ့ကြပြီးလေပြီတကား…

\+ + + +

www.burmeseclassic.com



## အခန်း(၃၅)

"မမကိုတွေ့ချင်လို့ပါတဲ့ရှင်၊ အောက်မှာ ဧည့်သည်ရောက်နေပါတယ်"

"ဘယ်သူတဲ့လဲ"

ကိုစိုးထွဋ်က ဝင်ပြီး မေးလိုက်သည်။ အိမ်စေမိန်းကလေးက...

"မသိပါဘူးရှင်...ဘောက်ထော်အိမ်က ဒီလိုလွှတ်လိုက်တာလို့ ပြောပါတယ်"

"သြော်...ဒါဆို သက်တို့အမျိုးဖြစ်လိမ့်မယ်။ သွားလေ...ပြန်လာမှ အလှဆက်ပြင်ပေါ့"

မိတ်ကပ်ဆက် သေတ္တာလေးကို ပြန်ပိတ်လိုက်ရသည်။ ကိုစိုးထွဋ်နှင့် အိမ်ထောင်ကျမှ သက်ထားမွန်မှာ အားရနားရသည်ပင်မရှိ...

အလုပ်ကလည်း ခွင့်ရက်ရှည် ယူထားပြီး ထွက်ရတော့မည်။ အိမ်အလုပ်ဆို၍ လက်ဖျားလေးနှင့်မှလည်း မတို့ရ။ သက်ထားမွန် မအားရသည်က အလှပြင်ရလွန်း၍ပါ...

"ကို့ မိန်းမမှ အလှဆုံးပြင်ပြီး ကိုသွားရာခေါ်သွားချင်တယ်။ ကိုနဲ့အတူ အမြဲပါရှိနေရမယ်။ ဒါ ကိုယ့်ရဲ့ အမျှော်လင့်ဆုံး ဆန္ဒပဲသက်"

ကိုအမြဲပြောလေ့ရှိသော စကားကို ကြားယောင်ရင်း...အိမ်ပေါ်ထပ်မှ ဆင်းခဲ့ရသည်။ ဧည့်ခန်းဆိုဖာတွင် ထိုင်နေသူကတော့...

"ကိုကြည်ညို..."

ကိုကြည်ညိုကို ပြန်လည်မြင်တွေ့လိုက်ရခြင်းအားဖြင့် သက်ထားမွန်မှာ ပြင်ဦးလွင်သို့ ပြန်လည်ရောက်ရှိသွားရသလို တစ်ကဏ္ဍ ချွန်ခဲ့ရသော အကြောင်းအရာများတို့သည် အစီအရီပြန်ပေါ်လာခဲ့ရတော့သည်။

"ဟော...ကိုကြည်ညို...ပြင်ဦးလွင်က ဘယ်နေ့က ရောက်သလဲ၊ ဘယ်မှာတည်းလဲဟင်"

"ကျွန်တော် ရန်ကုန်ကဆိုတာ ယဉ်မွန် မေ့နေပြီထင်တယ်"

သူ့အခေါ်အဝေါ်က မပြောင်းလဲသေး။

"ဟုတ်သားပဲ"

"ကျွန်တော် မနေ့ကတည်းက ရောက်တယ်။ ရထားနောက်ကျလို့ မနက်ကမှ ယဉ်မွန့်လိပ်စာကို မေးပြီး ဘောက်ထော်ကို လိုက်သွားတော့ ယဉ်မွန်လက်ထပ်ပြီးပြီ၊ ဒီအိမ်မှာဆိုလို့ ဒီကို လိုက်လာတာပါ...အားနာစရာများ ဖြစ်နေပြီလား"

ခမ်းနားကျယ်ပြန့်၍ တိတ်ဆိတ်ငြိမ်သက်နေသော တိုက်တွင်းပစ္စည်းများကို ကြည့်ပြီး ကိုကြည်ညိုက သိမ်ငယ်သွားသလို ခပ်တိုးတိုးလေး ပြောရှာသည်။

"ရပါတယ်...ကိုကြည်ညို၊ ကိုကြည်ညို့ကို ပြန်တွေ့ရတာ ဝမ်းသာပါတယ်။ ပြင်ဦးလွင်ရဲ့ သတင်းတွေကိုလည်း ကြားချင်လှပါတယ်။ ပြီးတော့ ကိုကြည်ညိုဟာလည်း သက်ရဲ့ ကျေးဇူးရှင်တစ်ဦးပါပဲ"

"ဟာ...မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ ကိုညိုကြီး သက်ကို လာသတ်တဲ့ညက ကိုကြည်ညို လာကူပေးတာပဲ။ သက်ကတောင် အထင်လွဲသေးတယ်လေ"

နှစ်ယောက် ရယ်မိကြသည်။

"ဒါနဲ့ နောက်ပိုင်းအခြေအနေတွေ ပြောပြပါဦး"

"နောက်ပိုင်းတော့ သိပ်ပြီး ပြောစရာ မရှိလှပါဘူး။ ဘိုးတော်မင်းသာက အယောင်ဆောင် ဝါရမ်းပြေးတစ်ဦးပဲ၊ သူ့အမှုတွေ ဆက်ပြီး ပေါ်လာတယ်။ ဦးဘဆက်ရဲ့ အမှုကလည်း ပေါ့မယ်မထင်သေးဘူး၊ အခုတော့ ...ပြီး စစ်နေပါပြီ"

"သြော်...သြော်...ကောင်းပါတယ်"

မေးချင်သော အကြောင်းအရာတစ်ခု ရင်ထဲတွင် ရှိပါသည်။ မေးရန်မမေးသင့်ဖြင့် ရင်ထဲတွင်သာ ချင့်ချိန်နေရဆဲပါ...

www.burmeseclassic.com

www.burmeseclassic.com

"ပြီးတော့ နန်းမြင့်မေအကြောင်း ပြောမလို့"

"အင်း…အင်း"

"သူတို့ တူဝရီး ဆုံကြတယ်လေ၊ ဒေါ်နုနုဝေ မန္တလေးကို ဆင်းလာတယ်…အတွင်းပစ္စည်းထဲက လေးနုထွေး ဝတ်တဲ့ပစ္စည်းတွေအားလုံး ပြန်ယူသွားတယ်။ ထုခွဲပြီး သူ့သမီးလေးအတွက် အားလုံးလှူပစ်မယ်တဲ့"

"ဩော်…ဩော်…ကောင်းပါတယ်"

"ကျန်တဲ့ အတွင်းပစ္စည်း၊ ဘဏ်ကငွေ၊ ကားတွေနဲ့ သီတဂူမြိုင် ခြံကြီးကိုတော့ နန်းမြင့်မေပဲ ရထိုက်တယ်တဲ့"

"ဟုတ်လား"

"နန်းမြင့်မေက ဦးဘဆက်နဲ့ တရားဝင်လက်ထပ်ပြီးသား ပြီးတော့…ပြီးတော့…ပေါင်းသင်းပြီးသားမို့…နန်းမြင့်မေကပဲ ပိုင်ဆိုင်ထိုက်တယ်လို့ ဒေါ်နုနုဝေက ဆုံးဖြတ်ပေးသွားရှာတယ်"

"ဝမ်းသာစရာပါပဲ။ ဒါဖြင့် နန်းမြင့်မေဟာ သူဌေးမလေးချက်ချင်း ဖြစ်သွားပြီပေါ့နော်"

"ဒါပေါ့၊ ဦးဘဆက်ထောင်က ထွက်လာနိုင်ခဲ့ရင်လည်း ဘိုးဘွား ရိပ်သာကို တန်းပို့ရမယ့်အရွယ် ရောက်နေရောပေါ့"

"ဟုတ်မှာပဲ၊ ခုပဲ ငါးဆယ်ကျော် ခြောက်ဆယ်နီး ဖြစ်နေပြီ။ နန်း ကလည်း ဘယ်သူ့စောင့်နေမလဲ အရွယ်ငယ်ငယ်လေး ရှိသေးတာ…ဘ ဘဝလေး ဆက်ပြီးလှပပါစေလို့ ဆုတောင်းလိုက်ပါတယ်"

အိမ်စေမိန်းကလေးက လက်ဖက်ရည်တစ်ပွဲ လာချပေးသည်။ ဒေါ်တင်လေးဝေက စကားဝိုင်းတွင် ဝင်မပါသော်လည်း ဧည့်ဝတ်ကျေ ရန် ခွင့်ပေးရှာသည်။

"ဒါနဲ့ ဦးတိုးသျှန်တို့ သားအဖတွေရော နေထိုင်ကောင်းကြရဲ့လား ရှင်"

ထိန်းချုပ်ပါသော်လည်း မရတော့။ ဆန္ဒရှိသည့်နေရာသို့ ရောက် မလာသေး၍ ကြိုပြီး မေးလိုက်ရပါတော့သည်။

'ကျွန်တော် လိုက်လာတာ အဲဒီကိစ္စပါ"

"ဟင်…"



"ဦးတိုးသျှန်တို့လည်း စီးပွားရေးချက်ချင်း ပြေလည်လာကြပြီ၊ ယဉ်မွန်ရဲ့ လုပ်ဆောင်ချက်ဟာ သူတို့ရဲ့ အလှကုန်ကို ကြော်ငြာပေးသလို ဖြစ်သွားတာကိုး"

"ဒါဆိုရင် ဝမ်းသာပါတယ်"

"ရဲအောင်ကတော့ မန္တလေးသူနဲ့ ယူပြီး မန္တလေးမှာ နေမလို့တဲ့။ ရဲမောင်မောင်ကတော့ သူ့ချစ်သူလေးအတွက် ဆွေးတုန်းပဲ။ ပြင်ဦးလွင်မှာ မနေချင်ဘူးဆိုပြီး စစ်ထဲ ဝင်သွားပြီ၊ ခုတော့ သော်တာခြံကြီးမှာ ဦးတိုးသျှန်နဲ့ ကျွန်တော့်သူငယ်ချင်း ရဲခေါင်ကြီးပဲ ရှိတယ်ပေါ့"

"ဩော်…"

သက်ထားမွန် ဘာမှဆက်၍ မမေးမိတော့။ ကိုကြည်ညိုက သူ့ဘေးမှ ပစ္စည်းတစ်ခုကို ကောက်ကိုင်လိုက်မှပင် မြင်မိသည်။ ဖုန်များပေ၍ မှိုင်းဝေနေသော ပလပ်စတစ်အိတ်နှင့် စွပ်ထားသော ပန်းစည်းတစ်စည်း။…။

"အဲဒါ ရဲနောင်က ရောက်အောင် ပို့ပေးပါဆိုလို့ ကျွန်တော်လာပို့ခဲ့ရတာပါ"

"အို…"

"သူတော့ မန္တလေးထောင်သို့ ပြောင်းရမယ်ထင်တယ်…အလုပ်ကြမ်းနဲ့ ထောင်ဒဏ်နှစ်နှစ် အမိန့်ချလိုက်ပြီ'

"အို…"

"ပန်းကို ခြံကမှာ၊ အချုပ်ထဲမှာတင် သူ့ဟာသူစည်းပြီး ပေးလိုက်တာ ရောက်အောင်ပို့ပေးပါလို့ ရေငတ်သလို မှာလို့…ကျွန်တော်ရောက်အောင် လာပို့ရတာ ခွင့်လွှတ်ပါ ယဉ်မွန်ရည်။ ယဉ်မွန်လက်ထပ်ပြီးတာ ကျွန်တော်တောင် မသိပါဘူး။ ပန်းတွေကလည်း အံကုန်ညှိုးနေပါပြီဗျာ။ ကျွန်တော်ပြန်ယူသွားမရလားဟင်…"

ကိုကြည်ညိုအထင်က ယဉ်မွန်ရည်မည်သော ပြင်ဦးလွင်ရောက် ထောက်မလေးနှင့် ကိုရဲနောင်တို့မှာ ချစ်သူများအဖြစ်နှင့် ရှိနေကြပြီ၊ ကိုရဲနောင်က သူ့ဟာသူ အမှုပေါ်၍ အဖမ်းခံရပြီး ထောင်ကထွက်လာမှ လက်ထပ်ကြလိမ့်မည်ဟု သူယူဆနေပေလိမ့်မည်။ ယခုတော့ သူဌေး

www.burmeseclassic.com

www.burmeseclassic.com

သားနှင့် လွယ်လွယ်လက်ထပ်လိုက်ပြီမို့ ရဲနောင်ဆိုသော ကောင်နှင့် ပတ်သက်စရာ မလိုလေပြီလားဟု သူယူဆနေပေလိမ့်မည်။

"ရပါတယ်။ ကိုကြည်ညို သူလက်ဆောင်ပေးတာပဲ ထားခဲ့တာပါ။ သက် ရန်ကုန်ပြန်ရောက်ပြီးရင် ကိုစိုးထွဋ်နဲ့ လက်ထပ်ရမယ်ဆိုတာ သူသိပြီးသားပါ"

"ဟုတ်လား"

ကိုကြည်ညို အံ့သြသွားသည်။ တည်ငြိမ်အောင် ကြိုးစားနေရသော သက်ထားမွန်၏ အသွင်အပြင်ကိုလည်း သူ့အနေနှင့် တကယ်တည်ငြိမ်နေသည်ဟု ထင်သွားရှာသည်။ သူ့အထင် မှားမိလေခြင်းဟုလည်း နှောင်တရနေဟန် ရှိပါ၏။

သြော်…အပြင်က ဟန်ကျပန်ကျ ရှိနေသော်လည်း အဖျူတွာနှလုံးသားများက လှုပ်ရှားရပါလားကွယ်။

"ကျွန်တော် ပြန်တော့မယ်နော်"

"သြော်…မြန်တော့မယ်လား"

"ဟုတ်ကဲ့…ရဲနောင်က အဲဒါရောက်အောင် ပို့ပေးပါဆိုလို့သာ လာခဲ့ရတာ အားနာစရာဗျာ"

"အို…ရပါတယ်"

"ဟုတ်တယ်ဗျ…အဲဒီပန်းစည်း ပို့ခိုင်းတာကလွဲပြီး သူ ဘာမှ မမှာလိုက်ဘူး"

သက်ထားမွန်မှာ လက်ထပ်ရမည့်သူ ရှိပြီးသားမို့သာ မှာစရာ မရှိရှာဟု ကိုကြည်ညိုက ကိုရဲနောင်နှင့် သက်ထားမွန်တို့ကို နားလည်သွားရပါ၏။

"ကိုကြည်ညိုက ဘယ်မှာနေလို့လဲ"

"တောင်ဥက္ကလာ ဆယ်ရပ်ကွက်မှာ။ သူတို့မှာလို့ သွားရတာ ကြာလှပြီ။ ဒီမှာတော့ ဓာတ်ပုံသတင်းထောက်နဲ့ ဆောင်းပါးလေးဘာလေး ရေးတယ်"

"သြော်…ဟုတ်ကဲ။ အကူအညီလိုတာရှိရင်လည်း ပြောပါဦး"

"ကျေးဇူးပါပဲ ယဉ်မွန်…သီတဂူမြိုင်တုန်းကဖြင့် ကျွန်တော်တို့ ပတ်ချာလည်သွားတာပဲ။ ဟဲ…ဟဲ…ကဲ…ကျွန်တော်ပြန်မယ်နော်…"

"ကောင်းပါပြီ ကိုကြည်ညို"

သူထွက်သွားလေမှ လက်တွင်းက ပန်းစည်းကို ကြည့်လိုက်မိသည်။ ဖုန်ပေ၍ မှုန်နေသော ပလပ်စတစ်အိတ်တွင်းမှ ကျောက်ခက်စိမ်းလေးများ၊ သဇင်ခက်ကြီးများ၊ နှင်းဆီငုံလေးများ အားလုံး နွမ်းညှိုးခွေယိုင်နေကြသည်။

သဇင်ပွင့်လေးများနှင့် နှင်းဆီပွင့်ဖတ်လေးများပင် ပဲ့ကြွေ၍ နေပါပြီကော…။

"သြော်…သူ့ဘဝကို ကိုယ်စားပြုတဲ့ ပန်းပွင့်လေးတွေများလားကွယ်"

"ဟေး…သက် ညှော်သည်ပြန်သွားပြီလား"

ငေးငိုင်တွေးမှတ်နေမိဆဲ…ကိုစိုးထွဋ်၏ အော်ခေါ်သံကြောင့် သူရှိရာ အပေါ်ထပ်သို့ တက်လာခဲ့ရသည်။

"ဘယ်သူလဲ သက်"

"သြော်…ပြင်ဦးလွင်မှာ သက်တာဝန်နဲ့ သွားတုန်းက သိခဲ့ရတဲ့ သူပါ…ကိုကြည်ညိုတဲ့။ သူ ပြင်ဦးလွင်က ခုမှပြန်လာလို့ သက်အတွက် ပန်းစည်းလာပေးတာပါကို"

လက်ရဲဇက်ရဲဖြင့် ကိုစိုးထွဋ်က သက်ထားမွန်၏ ရင်ခွင်ထဲမှ ပန်းစည်းလေးကို ဆွဲယူ၍ အခန်းတွင်းသို့ ဝင်သွားနှင့်သည်…

ပိုင်ရှင် မကိုင်နှင့်မီ…အိတ်မှ ကြိုးစလေးကို ဆွဲဖြည်၍ ပန်းစည်းကို ထုတ်ယူလိုက်သည်။ နွမ်းညှိုးကြွေလွင့်နေသော ပွင့်ဖတ်နှင့် ရွက်ကြွေလေးများက ကစဥ့်ကလျား လိမ့်ကျလာကြသည်။

"တော်တော်တုံးတဲ့လူ…မေမြို့က ပြန်လာတာ၊ စားစရာ စတော်ဘယ်ရီလေး ဘာလေးယူခဲ့ရောပေါ့။ ပန်းများ ယူလာရတယ်လို့"

"သူယူလာပေမယ့် သူပေးတာ မဟုတ်ပါဘူး ကို၊ သက်ရဲ့ မိတ်ဆွေတစ်ယောက်က လက်ဆောင်ပါးလိုက်တာပါ"

ပူနွေးနေသော ရေစက်ကလေးများ ရှိသေးရာ ပလပ်စတစ်အိတ်တွင်းသို့ ပန်းစည်းကြွေလေးကို ပြန်ထည့်နေစဉ်…



www.burmeseclassic.com

www.burmeseclassic.com

"ဟောဒီမှာ စာကတ်ကလေးတစ်ခုပါလား"

ကို့စကားကြောင့် သက်ထားမွန်၏ ရင်မှာ တုန်ဟည်းမတတ် လှုပ်ရှားသွားရသည်။

"သူဘာတွေများ ရေးလိုက်ပါလိမ့်...ကို တွေ့သွားပြီ...။ ကို အရင်တွေ့သွားပြီ"

လှုပ်ရှားရွံ့ထိတ်သော စိတ်များဖြင့် ကို့လက်မှ စက္ကူဖြူဖြူလေးကို မျှော်ကြည့်နေမိသည်။

"ရှော့...ဘာရေးထားတာလဲ"

ကိုက နားမလည်ဟန်ဖြင့် ပေါ့ပေါ့တန်တန်ပင် လှမ်း၍ ပေးလိုက်သည်။

ရည်၍ တင့်သား
သခင့်ပန်ဖို့
စီရင်ပို့၍

နှောင်...

'ရည်'ဆိုသော စာလုံးနှင့် 'နှောင်'ဆိုသော စာလုံးကို မင်နှစ်ထပ်နှင့် ရေးသားထား၍ ပိုမိုထူမဲနေပါသည်။ ဤရတုပါ ရည် ဆိုသည်ကို ယဉ်မွန်ရည်အနေနှင့် ဖြစ်ရအောင်...နတ်သျှင်နှောင်ကိုလည်း နှောင်သာယူ၍ 'သူ'ဖြစ်ရလေအောင် ဖန်ဆင်းလိုက်ရှာသော ကိုရဲနှောင်...။

"ဘာတွေ ရေးထားတာလဲ သက်"

"ဩော်...သက်ရဲ့မိတ်ဆွေက ပန်းပို့ရင်း ရတုစာသားလေးထဲက ရေးပေးလိုက်တာပါကို...ဘာရယ်မဟုတ်ပါဘူး"

"နှောင်ဆိုတာ ဘယ်က ကောင်လဲ"

"ဩော်...ကိုကလည်း နှောင်ဆိုတာ နတ်သျှင်နှောင်ကို အတို ကောက် ရေးထားတာပါ...အဲဒါ နတ်သျှင်နှောင်ရဲ့ ဆောင်းရာသီ မယ်ဘွဲ့ ရတုထဲကပါ"

"အဲဒီလို ကဗျာဆန်တာတွေက မုန်းစရာပဲ သက်ရဲ့၊ သူငယ်ချင်းက စိတ်ကူးယဉ်သမားထင်တယ်။ သွားခါနီး လာခါနီး သက်ရယ်၊ ပန်းတွေ ...ပ်တောင်နေပြီ။ လွှင့်ပစ်လိုက်မယ်နော်"

"သဘောပါ၊ ကို့သဘောပါ"



သူ့သဘောနှင့်သာ နေရတော့မည့်ဘဝမို့ မထူးတော့ပါ။ အချုပ်ထောင်တွင်းမှပင် အမြွတ်တနိုးလေး ဆက်လက်စည်းဖွဲ့ပြီး ပို့ပေးရှာသော ပန်းစည်းလေးကို ကိုစိုးထွဋ်က ရွံရှာ စက်ဆုပ်စွာ ပြတင်းဝမှ ပစ်ချလိုက်သည်ကို မတားဆီးနိုင်သည့်ဘဝပါလား။

လက်တွင်းမှ သူ့ကဗျာကတ်ဖြူဖြူလေးကိုမူ မသိမသာပင် လက်ကိုင်အိတ်တွင်းသို့ သက်ထားမွန်သည် သိမ်းထားလိုက်မိပါတော့သည်။

ခင်ပွန်းသည်၏ အပေါ်တွင် သစ္စာတရားဆိုသည်ကို အသက်နှင့်လဲလှယ်၍ ထိန်းသိမ်းထားပါမည်ဟူသော သန္နိဋ္ဌာန်များ ထာဝရ ရှိနေဦးမည့် ဇနီးသည်တစ်ဦးပါ။

အသည်းနှလုံးလေးများ လှုပ်ရှားရုံဖြင့်နှင့် ဖောက်ပြန်မှု မမည်နိုင်ပါ။

"ကိုရဲနှောင် ဆိုသော အချုပ်တွင်းမှ လူသားတစ်ယောက်ကိုဖြင့် သနားနေခွင့်လေးပေးပါလို့"

\+ + + +

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၆)

ကိုစိုးထွဋ်သည် သက်ထားမွန်အပေါ်တွင် မခွဲခွာနိုင်ရက်လောက်အောင်ဖြင့် ချစ်ရှာပါသည်။ သူ့အချစ်သည် ထာဝရလှုပ်ရှားတက်ကြွနေသောအချစ်မျိုးထဲက ဖြစ်သည်။ ကြင်နာမြတ်နိုးသော အေးငြိမ်းသည့်အချစ်မျိုး မဟုတ်။

"သက် မအိပ်နဲ့၊ မအိပ်နဲ့ကွာ။ ထ…မျိုးဟန်သိန်းတို့အိမ် သွားလည်ရအောင်"

သူ့သူငယ်ချင်း မျိုးဟန်သိန်းနှင့် တွေ့ကြပြန်လျှင်လည်း သောက်ကြ စားကြ၊ ရယ်ကြမောကြနှင့်ပါ။ သက်ထားမွန်မပါလျှင်လည်း ပြီးပါသည်။ သူချစ်သည်က သွားလေရာပါစေချင်သည်။ ခွဲချန်၍ မထားရစ်ခဲ့ချင်။

ဤသည်ကို 'သိပ်ချစ်လို့ပါ'ဟု ကိုစိုးထွဋ်က ဝင့်ကြွားနေသည်။

သက်ထားမွန်မှာ ခေါင်းသိပ်ကိုက်၍ အိပ်နေမိသည်ကို သူလည်း အသိသားပါ။

"ငါ့မိန်းမ ခေါင်းကိုက်နေတယ်။ သူအိပ်ပျော်နေပါစေ။ နိုးလိုက်ရင် ခေါင်းကိုက်နေရှာပါ့မယ်"

ဟူသော အကြင်နာအချစ်မျိုးမဟုတ်။

ဤကိစ္စမျိုးလေးလောက်နှင့် ပြဿနာမတက်ချင်။ ရှိဝေကိုက်ခဲနေသော ဝေဒနာများကို သယ်ပိုးထားရင်းက အလှပြင်ရပါသေးသည်။ သူသွားလေရာနောက် တကောက်ကောက်လျှောက်လိုက်နေလျှင် သူကျေနပ်နေပြီ။

ကိုသည် ကားတစ်စင်းနှင့် ဝင့်ဝင့်ထည်ထည် သွားလာနေတတ်သည်ချည်း မဟုတ်သေး။ လေဟာပြင်ဈေးသို့လည်း မုန့်သွားစားတတ်သည်။ စိန်ဂျွန်းဈေးကိုလည်း ဝင်မွှေတတ်သည်။ ဆယ်ရပ်ကွက်လို ဈေးလည်း မချန်၊ တစ်ခါတစ်ရံ မင်္ဂလာဒုံတွင် ကားသစ်များပြသည်ကို အမှတ်ကိုးကားနှင့် တိုးကြိတ်တက်ပြီး သွားတတ်သေးသည်။ အပြင်တွင် ကားထားရလျှင် သံယောဇဉ်ငင်နေမည်ဟု သူက ဆိုတတ်သေးသည်။

"ကိုဟာ တစ်နေရာရာမှာကို ကြာကြာ တည်တည်ငြိမ်ငြိမ် မနေတတ်ပါလား၊ အိမ်မှာ ကောင်းကောင်းမွန်မွန် ချက်ထားလည်း လမ်းဘေးဈေးဆိုင်က ကြို့ ကြို့သလို စားတတ်သည့် လူစား"

အိမ်မှာ အငြိမ်မနေနိုင်သော သူ၏နောက်မှ တကောက်ကောက်လျှောက်လိုက်ရသော်လည်း သက်ထားမွန် မညည်းညူမိပါ။ သူနှစ်သက်သော နောက်ဆုံးပေါ် အလှပြင်နည်းများအတိုင်း လိမ်းလိုက်ရသည့်မိတ်ကပ်၊ သွားလိုက်ရသည့် ဆံပင်အလှပြင်ဆိုင်၊ လျှပ်စစ်များပေး၍ ဆေးများ လိမ်းကျံပြီး ပုံသွင်းရလွန်းသဖြင့် ကြာလျှင် ဦးနှောက်ပျက်ရအံ့ပင်ထင်မိသည်။

"သက်…ကို့နောက် လိုက်ရတာ စိတ်ညစ်နေပြီလား"

"မညစ်ပါဘူးကို…ကို့ဆန္ဒအတိုင်းဖြစ်ရပါစေ့မယ်လို့ သက် ဆုံးဖြတ်ထားပြီးသားပါ"

ကိုက…နှစ်နှစ်သက်သက် ဖက်ပြီး မွှေးသည်။

တစ်ခါခါတော့လည်း ရင်ထဲမှ ဝေဒနာလေးများကို ဖယ်ထုတ်ပစ်လိုက်ပြီး ကို့ကို မြတ်မြတ်နိုးနိုး ချစ်လာနိုင်အောင် ကြိုးစားချင်လာမိပါသည်။ စေ့စပ်ပွဲပြီးခါစက ကိုအနိုင်ကျင့်ယူသွားသည့်အဖြစ်ကိုလည်း စိတ်က နာနေမိဆဲ။ ထားပါတော့ ဒီကိစ္စက မေ့ပစ်လိုက်လို့ ရသည်ပဲ။

ကိုယ်က စတင်နှိုးခတ်မိ၍ တည်ငြိမ်နေသော သူ့ကမ္ဘာလေးမှာ မုန်တိုင်းထန်လာရသည့်အဖြစ်များ…

ကိုယ့်အတွက် စောစီးစွာ အနစ်နာခံလို၍ ကိုယ်တိုင်အချုပ်ထောင်သို့ ပို့ပေးခဲ့သည့်အဖြစ်…

"အသက် ကျွန်တော့်ကို နှုတ်မဆက်နဲ့လေ"

ဟူသော မင်္ဂလာမယူချင်လွန်းသည့် သူ၏ အမြဲရောင်သက်သက်

www.burmeseclassic.com

www.burmeseclassic.com

စေတနာလေးများကို...

"ကိုရဲနောင်ရယ်...သက် ဘယ်လိုလုပ်ပြီး မေ့ပစ်နိုင်ရက်မှာလဲ ရှင်"

ကိုရဲနောင်ကို မမေ့နိုင်လို့ ခင်ပွန်းသည်ကို မချစ်နိုင်ပါဆိုသော အဖြစ်မျိုးကိုဖြင့် အဖြစ်မခံနိုင်ပါ။ ဘယ်နည်းနှင့်မျှ မဖြစ်စေရပါ။

သူ့ကို မမေ့နိုင်သည်က တခြား။

ခင်ပွန်းသည်ကို ချစ်လာနိုင်အောင် ကြိုးစားရမည်က တစ်ကဏ္ဍပါ။ တခြားစီပါ။ နှစ်မျိုးလုံး ရင်ထဲမှာ ဒွန်တွဲဖြစ်ပေါ်လာ၍ ရမည့် သီးခြားခံစားမှုလေးများပါ။

သက်ထားမွန်ဆိုသော မိန်းမချောလေး၏ ရင်တွင်းမှ ပဋိပက္ခလေးနှစ်ခု...

\+ + + +

"ငါ့သမီးလည်း သူနဲ့လိုက်ရတာ မောလှရောပေါ့၊ ကြည့်ပါဦး၊ နေပူထဲက ပြန်လာတာ မျက်နှာလေးကို နီလို့"

"ရပါတယ် မာမီ...သူက သူသွားလေရာ လိုက်မှ ကြိုက်တာတဲ့"

"ဒီကောင် မိန်းမရရင် အိမ်မြဲမှာပဲ အောက်မေ့တာ ပိုဆိုးနေပြီ သမီး၊ သက်ပါ သူ့နောက် တကောက်ကောက် လိုက်ရှာနေရတယ်။ ဒီကောင်က သူများလို ခြေမှာတင် ဗွေပါတာ မဟုတ်ဘူး၊ တင်ပါးမှာပါ ဗွေပါတဲ့အကောင်"

"မာမီကလည်း ကြံကြံဖန်ဖန်"

"ဟုတ်တယ်သမီးရဲ့၊ သူက တစ်နေရာရာမှာကို ခပ်ကြာကြာ ဖင်မြဲမြဲ ထိုင်နိုင်တဲ့ကောင် မဟုတ်ဘူး။ အဲဒါ သူ့အဖေတူလို့သိလား"

"ဟေး...မရွှေတင်လေးဝေ၊ မင်းသားမင်း ဆိုးမတာ ငါ့ပါဆွဲမထည့်ပါနဲ့၊ ဘယ်နှယ့်ဗျာ အသက်ကြီးမှ ဗွေပေါက်ရမယ်လို့"

ကို့ဒယ်ဒီ ဒေါက်တာ ဦးထွန်းမော်က ဝင်ပြောလိုက်မှ အားလုံး ရယ်ရသည်။ ကိုညီငယ်...ကိုဇော်ထွဋ်ပါ ဝိုင်း၍ ရယ်သည်။

သက်ထားမွန် မှီတွယ် ခိုဝင်ရသည့် ယောက္ခမ မိသားစုက သဘောသကာယ ကောင်းကြပါသည်။ လူ့အဆင့်အတန်းနှင့်အတူ စိတ်ထားပါ မြင့်မြတ်ကြပါသည်။ မြန်မာအိမ်ထောင်ရေးတွင် အရေးကြီးသော အသိုင်းအဝိုင်းကိစ္စပါ ရှင်းလင်းသည်။ သက်ထားမွန်ကို ဂရုတစိုက် ရှိကြပါ၏။ အသိုင်းအဝိုင်းကောင်းသော၊ ယောက္ခမကောင်းသော အိမ်ထောင်သည်တစ်ယောက်ဖြစ်ရန်မှာ မြန်မာအမျိုးသမီးများအတွက် လွယ်ကူသောကိစ္စရပ်များ မဟုတ်ပါပေ။

"မာမီ...သက်ကို ဟိုအိမ်မှာ သွားသွားကြည့်ပေးနော်၊ အလုပ်ပြန်မဝင်ရဘူး။ သူ့အလုပ်က တော်ရုံယောကျ်ားတွေတောင် လုပ်နိုင်တာမဟုတ်ဘူး။ အလုပျက်ကုန်လိမ့်မယ်"

"အေးပါ...အမလေး"

"ကိုကလည်းကွယ်...ကိုသွားရင် သက်ရဲ့အိမ်မှာ ပြန်နေမယ်ဆိုပေမယ့် ဒီကိုလည်း အမြဲလာမှာပေါ့။ တယ်လီဖုန်းလည်း နှစ်အိမ်လုံး ရှိတာပဲ"

"အေးလေ...သမီးမနေချင်ဘူးဆိုလို့သာ...မာမီတို့ကတော့ သမီးဒီမှာပဲ နေစေချင်တာ"

"နှစ်အိမ်နေသလို နေပါ့မယ်မာမီရယ်၊ ကိုမရှိတော့ ကို့ကို ပိုပြီးသတိရနေမှာမို့ပါ"

ကိုစိုးထွဋ်...ပြန်သွားရပေတော့မည်။

ကို ပြန်မလာခင် အချိန်အတွင်း သက်ထားမွန်၏ အိမ်တွင် ပြန်နေရေးကိစ္စက နေ့တိုင်းလို စကားထည့်ပြောမိကြသည်။ ယောက္ခမများကောင်းလှပါသည်ဆိုသော်လည်း ကိုယ့်အိမ်လို ပျော်မည်မဟုတ်၊ အိမ်မှာဆိုလျှင် မေမေနှင့် မောင်ညီမလေးများနှင့်မို့ သိုက်မြိုက်စည်ဝေစွာ စကားပြောမဆုံးနိုင်ကြပါ။

ဤသည်ကို ဒေါ်တင်လေးဝေတို့က နားလည်စွာဖြင့် ခွင့်လွှတ်ကြပါသည်။ လာမည့် တနင်္လာ နောက် ငါးရက်မြောက်နေ့တွင် ကိုစိုးထွဋ် မြန်မာပြည်မှ ခေတ္တခွဲခွာ၍ သွားရပါဦးမည်။ သည်တစ်ခါ တစ်နှစ်ကျော်ကြာမည်ဟု ဆိုပါသည်။

"သက်ကိုတော့ အလုပ်က ထွက်ခိုင်းပြီး ကို့ကတော့ သက်ကို

www.burmeseclassic.com

www.burmeseclassic.com

အကြာကြီး ခွဲသွားမယ်ပေါ့လေ"

"ကိုလွမ်းနေမှာသက်...တကယ်"

"သက်လည်း ကို့ကို လွမ်းရမှာပါ"

သုံးလကျော်မျှ အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ရသော ခင်ပွန်းသည် ခရီးထွက်သွားမည့်အဖြစ်ကို သက်ထားမွန် ကိုယ်တိုင်လည်း ရင်ဟာစွာဖြင့် ကျန်ရစ်ရမှာပါ။

သက်ထားမွန်ကိုယ်တိုင်လည်း ကို့ကို မသွားစေချင်ပါ။ ကိုလည်း မသွားချင်ရှာပါ။ သို့ပါသော်လည်း တာဝန်က ရှိသေးသည်။ အချိန်က မနေပါ။

ကို...စင်ကာပူနိုင်ငံမှတစ်ဆင့် ကမ္ဘာအရပ်ရပ်သို့ ထွက်ခွာသွားရမည့်နေ့သို့ ရောက်ခဲ့ရပါပြီ။

ထိုနေ့က ကို တကယ် မျက်နှာမကောင်းရှာ...

သက်ထားမွန်သည်လည်း လွမ်းဆွတ်စွာဖြင့် မျက်ရည်ကျမိပါသတည်း။

\+ + + +

## အခန်း(၃၇)

နွေဦးရာသီတွင် ကို...ထွက်ခွာသွားခဲ့သည်။

နွေလယ်နွေနှောင်းများကို ဖြတ်ကျော်ခဲ့ပါပြီ။

မုတ်သုံဦးဝင်၍ မိုးများရွာသွန်းခဲ့သည်။ သူ့အချိန်ကုန်၍ မုတ်သုံပင် နှုတ်ဆက်လျက် ပြန်လည်၍ ထွက်ခွာသွားခဲ့ပါပြီ။

ယခု ဆောင်းဦးရာသီ...နှစ်တစ်ပတ်ပင် လည်လုပြီ။

ကိုတစ်ယောက် ပြန်လည်၍ ရောက်လာရန် သုံးလတာမျှ စောင့်စားရပေဦးမည်။

သည်အတွင်း သက်ထားမွန်မှာ တစ်ပတ်တစ်ခါ ကို့ထံသို့ စာရေးသည်။ ကိုယ့်အိမ်နှင့် ယောက္ခမအိမ်သို့သာ ကူးသန်းနေမိသည်။ စိတ်အာရုံကို အဝေးရောက် ခင်ပွန်းသည်ထံသို့သာ ကျရောက်ထားစေသည်။ မေတ္တာပို့ဝေသည်။ ကိုကျန်းမာပါစေ၊ အန္တရာယ်ကင်းပါစေ။

ဤသို့ဖြင့် ရှုပ်ထွေးခြင်း ကင်းသော အချိန်များကို ဖြတ်ကျော်လာရင်း ဆောင်းဦးရာသီ၏ တစ်နေ့လယ်ခင်းတွင်

"ဒေါ်သက်ထားမွန်နဲ့ တွေ့ပါရစေ"

ပန်းခြံထဲမှ ပန်းခင်းလေးများကို အပွင့်ဝေဝေစေရန် ပေါင်းသင်မြေဩဇာများထည့်နေခိုက် အသံကြား၍ ခြံတံခါးဘက်သို့ လှည့်ကြည့်မိသည်။

သဇင်ခက်တွေ တစ်ပွေ့ကြီးနှင့် လူတစ်ယောက်...

သက်ထားမွန် သိလိုက်ပါပြီ။

"သက်ထားမွန်ဆိုတာ ကျွန်မပါ။ ပြင်ဦးလွင်က ပို့လိုက်တာလား"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်...ဟုတ်ပါတယ်"

ထိုသူက အားတက်သွားဟန်ဖြင့် ဖက်ရွက်များနှင့်ထုပ်ထားသော ဥများ ပါရှိသည့် သဇင်ခက် တစ်ပွေ့ကြီးကို လှမ်းပေးရင်း...

"ကိုရဲနောင်က...အဲဒီပန်းနဲ့ စာတစ်စောင် ပေးခိုင်းလိုက်ပါတယ် ခင်ဗျ"

"ဩော်...ဟုတ်ကဲ...ဟုတ်ကဲ့..."

"သူ့ခြံမှာ ဒီနှစ်ပွင့်သမျှ သဇင်အားလုံး ဘယ်သူမှ မခူးရဘဲ အားလုံးစုပြီး ကျွန်တော့်ကို လေယာဉ်ပျံနဲ့ ပို့ခိုင်းလိုက်တာခင်ဗျ"

"ဩော်...ဒုက္ခပါပဲ"

"ရော့...ဒီမှာစာ ကျွန်တော့်ကို ဘာများ မှာလိုက်ဦးမှာလဲ ခင်ဗျ"

"မမှာတော့ပါဘူးရှင်"

"ခင်ဗျာ"

လာပို့သူ လူငယ်မှာ အကြီးအကျယ် မှာကြားမည်ဟု မျှော်လင့် ထားပုံရသည်။ ပန်းတစ်ပွေ့စာကို လေယာဉ်ပျံကြီးနှင့် ယူလာရမှတော့ ထိုက်ထိုက်တန်တန်လေး ပြန်ကြားသင့်သည်ဟု သူ့မျက်လုံးများက ပြော ကြားနေသည်။

"ဒီမှာ ရှင်...ကျွန်မတစ်ခုတော့ မှာလိုက်ပါမယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့..."

"နောက်ကို ဒုက္ခခံပြီး ဘယ်တော့မှ ပို့မပေးပါနဲ့နော်။ အဲဒါလေး သာ ပြောပေးပါ။ ဒါပါပဲ"

"ဟုတ်ကဲ့ခင်ဗျ...ဟုတ်ကဲ့ခင်ဗျ...၊ ကျွန်တော် သွားတော့မ နော်"

"ကောင်းပါပြီ"

ထိုလူထွက်သွားပြီးသည့်တိုင် ပန်းစည်းကြီးကို ပွေ့ပြီး ငိုင်နေ သည်။

ကိုရဲနောင်ဆိုသူ၏ သတင်းစကားများသည် သဇင်ပန်းရနံ့များ အတူ သက်ထားမွန်၏ ရင်ထဲသို့ စီးဝင်လာပေတော့မည်။

"ငါ လက်ထပ်ပြီးတာ သူမသိသေးဘူးထင်ပါရဲ့။ ကိုကြည်ညိ



လည်း ထောင်ထဲက သူ့ကို မပြောရက်လို့ မပြောဘဲ ထားခဲ့တယ် ထင်ပါ ရဲ့လေ"

သက်ထားမွန်မှာ ပန်းခင်းလေးဘေးက ခုံတန်းများတွင် ထိုင်လိုက်မိသည်။ မျက်စိရှေ့ရှိ သဇင်စင်မှ သဇင်များ မပွင့်သေး၊ ဖူးဝေ နေဆဲ၊ သက်ထားမွန်၏ ရင်ခွင်ထဲတွင်မူ သဇင်ခက်ကြီးများ ဖွေးဖွေးဖြူ ပွင့်နေပေပြီ။ ကိုရဲနောင်နှင့် မိမိတို့၏ ရင်တွင်းခံစားမှု၊ မေတ္တာတရားများ ကို ဤသဇင်တို့သည် ကိုယ်စားပြု၍များ နေကြလေသလား။

"ဟောဒီ ကိုရဲနောင်ရဲ့စာကို ငါမဖတ်ဘဲ ထားလိုက်ရင် ကောင်း မယ်။ သူ့မေတ္တာစကားဆိုလာမယ့် စာသားတွေကို ငါမကြားနာချင်ပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ အဝေးမှာ ရောက်နေတဲ့ ငါ့ယောက်ျားအတွက် ငါအစစ အရာရာ စောင့်စည်းအပ်တယ်"

ယင်းအတွေးများဖြင့် သူ့စာအိတ်လေးကို ဘေးချမိသည်။ တန်း လျားပေါ်မှ စာလေးကိုလည်း မသိမသာ ခိုးကြည့်မိပြန်သည်။

"အခုအချိန်ဆို သူထောင်ထဲမှာပဲ ရှိနေဦးမယ်၊ ငါ့ကိုတစ်ခုခု အကူ အညီတောင်းတဲ့စာများလား"

သိလိုစောက ပြင်းပြလာသည်။

ရင်တွင်းမှ ပဋိပက္ခနှစ်ခုကို သဇင်ခက်များနှင့် ဖိကပ်ထားမိသည်။ ရင်ထဲမှ အနိုင်လုပွဲကို ဖိနှိပ်၍ မရနိုင်ပါလား။

"အို...ငါ့စိတ်ကို ငါပြင်ယူရင် ရတာပဲလေ၊ သူ့စာလေးတော့ ဖတ် ကြည့်လိုက်ပါဦးမယ်"

သဇင်စည်းလေးကို နုနုရွရွလေး ဘေးသို့ ချမိသည်။ ကိုရဲနောင် ၏ လက်ရေးလေးနှင့် စာကို ကောက်ယူကြည့်ပြီးမှ စာအိတ်ကိုဖွင့်ချလိုက် ရသည်။

အသက်...

အသက်ရဲ့ မင်္ဂလာပွဲကို ခမ်းခမ်းနားနားနဲ့ ဆင်ယင် ကျင်းပပြီးစီး သွားကြောင်း ကျွန်တော် ဝမ်းသာစွာ ကြားသိခဲ့ရပါတယ်။

"အို...သူ...သူသိပြီးနေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com


နှုတ်မှ ဖွင့်ဟမိသည့်တိုင် သက်ထားမွန် အံ့သြသွားရသည်။ ပြီးမှ စာကို ဆက်လက်၍ ဖတ်ရပါ၏။

ပြီးတော့ အသက် နေရထိုင်ရတာလည်း အထူးအဆင်ပြေကြောင်း ကိုကြည်ညိုက ပြောပြပါတယ်အသက်။

အသက် ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ နေ့စဉ်ဆုတောင်းနေရတဲ့ ကျွန်တော့်အဖို့ရာမှာ အသက်ရဲ့ မင်္ဂလာသတင်းလေးတွေအတွက် ရင်ချမ်းမြေ့လို့ မဆုံးနိုင်တော့ပါဘူးခင်ဗျာ။

သဇင်ပန်းဖြူဖြူလေးတွေဟာ ကျွန်တော့်ရဲ့ အဖြူရောင်စေတနာ၊ အဖြူရောင်မေတ္တာလေးတွေကို ကိုယ်စားပြုတာပါလို့ အသက်မှတ်ယူပါနော်။

ကျွန်တော်လည်း လွတ်ခါနီးနေပါပြီ။ အသက်ရဲ့ ချမ်းမြေ့နေတဲ့ ဘဝလေးထဲမှာ ကျွန်တော့်အတွက် နည်းနည်းလေးမှ အနှောင့်အယှက် မဖြစ်ပါနဲ့နော် အသက်၊ ကျွန်တော့်အပြစ်နဲ့ ကျွန်တော် ခံရတဲ့ ဝဋ်ဒုက္ခပါ။

အသက်ထံမှ မျှော်လင့်နိုင်ခြင်း၊ ရယူပိုင်ဆိုင်နိုင်ခြင်း ဆိုတဲ့ အရာတွေ ဒီဘဝမှာ လမ်းဆုံးခဲ့ပါပြီ။ ပြီးပြေနိဂုံးချုပ်ပါပြီဆိုတာ ကျွန်တော်သိနားလည်ပေမယ့်...

ကျွန်တော့်ရဲ့ အေးမြသန့်စင်တဲ့ မေတ္တာတရားတွေဟာ ကျွန်တော့်ရဲ့ နှလုံးခုန်ရပ်တဲ့နေ့အထိ ကျွန်တော့်ရင်ထဲမှာ ရှိနေမှာပါအသက်။

အသက်ကို စွန့်လွှတ်ဆုံးရှုံးရတဲ့အတွက် ကျွန်တော် ဝမ်းမနည်းဘူး။ ဝမ်းသာတယ်။ အသက်ဘဝ အဆင်ပြေရင် ကျွန်တော့်ရင် ချမ်းမြေ့ရပါတယ်ဆိုတာ အသက်ရယ် တကယ်ယုံပါ။

အသက် ကိုယ်ကျန်းမာပါစေ၊ စိတ်ချမ်းသာပါစေ၊ ပြီးတော့ အသက်ရဲ့ အိမ်ထောင်ရေး အဆင်ပြေပါစေ၊ သား သမီး ရှာနာတွေနဲ့ သာယာ ပျော်ရွှင်ဖွယ်အိမ်ထောင်ရှင်မကြီးတစ်ယောက်

ဖြစ်လာနိုင်ပါစေလို့...

လှိုက်လှဲသော စေတနာများစွာနဲ့ ဆုတောင်းမေတ္တာပို့သလိုက်ရပါသော...

ရဲနောင်

ကိုယ်တိုင်ပင် မသိမိတော့ပါ။ ဘယ်အချိန်ကစတင်၍ လှုပ်ရှားနေမိမှန်းမသိသော နှလုံးသား၏ တွန်းကန်အားကြောင့် သူ့စာပေါ်သို့ မျက်ရည်များ ကြွေကျလာသည်။

“ကိုရဲနောင်...ကိုရဲနောင်ရယ်...သက်ပေါ်မှာ စေတနာ ထားနိုင်လှချီလား ရှင်ရယ်”

အားရအောင်ပင် ငိုချလိုက်မိသည်။ ကိုရဲနောင်နှင့်ပတ်သက်လေတိုင်း သနားကြင်နာရလွန်းသော စိတ်အဟုန်က နှလုံးသားကို ဖွင့်ခွဲမတတ်ပါပင်။

စိမ်းစိမ်းကားကား မှာကြားလိုက်မိသော စကားများအတွက် ကိုရဲနောင် စိတ်မကောင်းဖြစ်ရှာပေရော့မည်။

“ခွင့်လွှတ်ပါ ကိုရဲနောင်ရယ်...သက်ကို ခွင့်လွှတ်ပါ”

မိမိကို အပျိုစင်ထင်၍ ပန်းကလေးများ ကိုယ်စားပြုနေသေးသည်ဟု သူ့မေတ္တာကို နှိမ့်နှိမ့်ချချ ထင်လိုက်မိသည်ကိုလည်း နောင်တရနေမိပါတော့သည်။

“အို...မတတ်နိုင်ဘူး...မတတ်နိုင်တော့ပါဘူးကွယ်...။ ဒီဆောင်းဦး ပန်းလေးတွေကို တစ်နှစ်တစ်ခါ ဖြစ်ပါစေ ပို့မလာပါနဲ့တော့ ကိုရဲနောင်ရေ၊ ဝေးကြရပြီးတဲ့နောက် သံယောဇဉ်တံတားလေးပါ ဖျက်ပစ်လိုက်ကြရအောင်ပါ”

“ကိုလည်း ပြန်လာခါနီးပါပြီ။ ဒီတစ်ခါ ကိုပြန်လာရင် ကို့ကို ပိုပြီး ပိုပြီး ချစ်တတ်လာအောင်ပဲ သက် ကြိုးစားပါတော့မယ်ကိုရယ်”

\+ + + +

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၈)

ယောက္ခမ၏ အိမ်သို့ တစ်ပတ်ခန့်ကပင် ကိုတင်၍ ပြောင်းရွှေ့နေသည်။ တိုက်ကြီးအတွင်းမှ သက်နဲ့ကိုတို့ရဲ့ သီးသန့်ကမ္ဘာလေးဖြစ်တဲ့ ကိုယ်ပိုင်အခန်းကို သက်ထားမွန် ရှင်းလင်းသန့်စင်ထားပါသည်။

လေကြောင်းခရီးဖြင့် ညကြီးမင်းကြီး ပြန်ရောက်လာသော ကို့ကို သက်ထားမွန် လှိုက်လှဲစွာဖြင့် ကြိုဆိုမိပါသည်။ ပါလာသော ပစ္စည်းများကို ကြည့်ရင်း နိုင်ငံရပ်ခြား၏ အတွေ့အကြုံများကို နားကြားရင်းဖြင့် မိုးလင်းခါနီးမှ ကို့ရင်ခွင်မှာ သက်ထားမွန် ပန်းလျစွာ အိပ်ပျော်သွားရသည်။

"ကိုရယ်…သက်ကို အကြာကြီး ခွဲခွဲမသွားပါနဲ့…ရန်ကုန်မှာ လုပ်လို့ရတဲ့ အလုပ်ပဲ ရှာပါလားကို…နော်"

"ဘာသွားလုပ်စားမလဲသက်၊ လခ သုံးလေးရာ ရဦးတော့ ကို တစ်နေ့သုံးပဲ ရှိတယ်"

"သက်က ရောင့်ရဲနိုင်ပါတယ်ကို…ကိုတို့မှာလည်း ပြည့်ပြည့်စုံစုံ ရှိလျက်သားနဲ့…"

"မိဘချမ်းသာတာ မှီစားနေတာ အလကားကောင်မျိုး သက်…ကိုယ့်ပညာ ကိုယ့်ထက်မြက်မှုနဲ့ ရှာကြဦးမှပေါ့…သက်ရဲ့"

"သက်ကျတော့ သူ့အလုပ်က ထွက်ခိုင်းပြီးတော့…"

"ဒါက…ကိုက သက်ကို ရှာကျွေးနိုင်တာကို…ဘာလဲ သက်က အလုပ်ထွက်ရတာကို မကျေနပ်ဘူး လား"

"ကျေနပ်ပါတယ်ကို…ဒါပေမဲ့ အလုပ်ကလည်း မရှိ၊ ကိုကလည်း ကိုနေတာ့ပျင်းတာပေါ့"



"သက် ဘာတွေလုပ်နေလဲ"

"မေမေတို့ခြံထဲမှာ သစ်ပင် ပန်းပင်လေးတွေပဲ စိုက်နေတာပဲ"

"သက်က ဝါသနာပါလို့လား"

"ပန်းပန်တာတော့ ဝါသနာမပါလှပါဘူး…။ အပင်မှာ ပန်းလေးတွေ ပွင့်နေတာတော့ ကြည်နူးမိပါတယ်ကို၊ ကိုယ်စိုက်တဲ့ ပန်းပင်လေး ပွင့်လာရင် သိပ်ပျော်စရာကောင်းတာကိုရဲ့"

"အင်းပေါ့လေ"

"သက်ရဲ့အလုပ်က ထက်တက်ကြွကြွ သက်စွန့်ဆံဖျား လှုပ်ရှားရတဲ့အလုပ်မျိုး…ဒီလို ထောက်လှမ်းရေးကိစ္စကို ဝတ္ထုရေးအရ သက်လုပ်ရတာ နှစ်ခြိုက်မိပါတယ်။ ဝတ္ထုရေးမဟုတ်တဲ့ ပြင်ပလောကရဲ့ လူမှုရေး ဟန်ပြကိစ္စတွေ ရှုပ်ရှုပ်ထွေးထွေး လုပ်နေရမှာကိုတော့ သက်မုန်းတယ်။ အဲဒါတွေအစား ပန်းပင်လေးတွေနဲ့ နေရတာ တကယ်အပြစ်ကင်းပါတယ်ကို"

သက်ထားမွန်၏စကားတွင် မည်သို့သော အမှားအယွင်းများ ပါရှိသွားသည်မသိ…ကိုက သက်ထားမွန်၏ အနားမှ ထသွားသည်။

"ကို ညနေကျရင်…ကို့သူငယ်ချင်းအိမ်က ထမင်းစားဖိတ်ထားတယ်နော်…သွားမှာလားဟင်"

"သွားရမှာပေါ့…သက်က မလိုက်ချင်ဘူးလား"

"ဘယ်လို မေးလိုက်တာလဲ ကိုရယ်…ကို သွားလေရာ သက်ပါနေကျမဟုတ်လား။ ဘာလဲ…ကိုက သက်ကို မလိုက်စေချင်တော့ဘူးလား"

"ဘယ်မှာပြောလို့လဲ"

"ကို့ကို ကြည့်ရတာ တစ်မျိုးပါပဲ။ သက်မှာဖြင့် သူပြန်အလာကို မျှော်လိုက်ရတာ"

ကိုက ဘာမှ ပြန်မပြော…ခဏလေးပါဟု ကားတစ်စင်းနှင့် ထွက်သွားပြီး ညနေစောင်းမှ ပြန်လာတော့သည်။

ဘာပဲဖြစ်ဖြစ် ကို့အကြိုက် ဖြစ်ရလေအောင် မပြင်သည်မှာ ကြာခဲ့ပြီဖြစ်သော မိတ်ကပ်ဆက် သေတ္တာကို ဖွင့်ရပြန်ပါပြီ…။

ထိုနေ့က ကိုပို့လိုက်သော ဂျပန်ပြည်မှ ကီမိုနိုအေး အဖြူပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com

ပုလဲရောင် ပန်းခက်နွယ်လေးများ ပါရှိသော လုံချည်အင်္ကျီဆင်တူ ဝတ်မိသည်။ အဖြူပေါ်တွင် ပုလဲရောင် လက်နေသလို...ပန်းနုရောင် ခရမ်းရောင် လဲ့လဲ့နုနုပန်းပွင့်လေးများက တောက်ပနေသည်။ အဝေးက ကြည့်လျှင် တစ်ကိုယ်လုံးအဖြူ...လည်ဟိုက်နေရာတွင် ပုလဲရတနာ သုံးကုံးဆင့် ဆင်မြန်းထားမိသည်။ ထွန့်လိပ်ခွေသော ဆံပင်တုံလေးများကြားတွင် သဇင်ပန်းလေးများ ဝေနေအောင် ထိုနေ့က သက်ထားမွန် ပန်ထားမိသည်။ ပုလဲရောင် နှုတ်ခမ်းနီနှင့် ပုလဲရောင် လက်သည်းဆိုးဆေးနှင့် ဘော်ငွေရောင် လက်ကိုင်အိတ်...အဖြူရောင် ဖိနပ်များဖြင့်...

ထိုနေ့က သက်ထားမွန်သည် အဖြူရောင် လှနတ်သမီးလေး တစ်ပါးလို...လှချင်တိုင်း လှနေတော့သည်။

"သက် လှရဲ့လားကို"

"လှတယ်...လှပါတယ်"

သက်ထားမွန်၏ အလှကို ချီးမွမ်းနေကျဖြစ်ပါလျက်နှင့် ယနေ့ သက်ထားမွန်က စတင်မေးလာရသည်။

ထို့နေ့က စနေ့နေ့ညနေ။

ကိုသူငယ်ချင်း 'ဗိုလ်ကြီးစံထားမြင့်'က မင်္ဂလာဒုံလေတပ်တွင် နေသည်။ ကိုနှင့် နောက်နှစ်ယောက်ကို ကိုပြန်လာခြင်းအတွက် အိမ်တွင် ဆုံစည်း၍ သောက်ကြစားကြမည်ဟု ဖိတ်ခေါ်ထားခြင်းဖြစ်ပါ၏။

ကျန်နှစ်ယောက်က 'ကိုဋ္ဌာန်နီ'နှင့် 'ကိုမြသန်းထွန်း'တို့ဖြစ်ပါ၏။ ကုန်သွယ်ရေး မန်နေဂျာနှင့် စာရေးဆရာတို့ ဖြစ်ကြောင်း ဗိုလ်ကြီးစံထားမြင့်က မိတ်ဆက်ပေးပါ၏။ သူတို့နှစ်ဦးတွင် ဇနီးများ မပါရှိကြပါ။ ဗိုလ်ကြီးစံထားမြင့်၏ ဇနီးကလည်း သဘောကောင်းပုံရသော်လည်း ဖော်ရွေမှုမရှိ ခပ်အေးအေးနေတတ်၍ ထိုနေ့ညဦးက သက်ထားမွန်မှာ အနေအထိုင်ရခက်လှသည်။

"မောင်ရင့်အမျိုးသမီးက တကယ်တော်တယ်...။ အဟုတ် တကယ့်ကို ချီးမွမ်းရမယ်"

အရက်ဝင်လာသော ကိုမြသန်းထွန်းက သက်ထားမွန်ဘက်သို့ လှည့်လာ၍ စကားစသည်။

"ဘာကိုလဲဗျ"

"စိတ္တဇလေပြည့်ည...လူသတ်မှုကြီးကို ဖော်ထုတ်တာလေ..."

"တော်စမ်းပါဗျာ"

"ကိုက မကြိုက်လို့ ကျွန်မအလုပ်က ထွက်ပြီးပါပြီ"

"သွပ်...သွပ်...နှမြောစရာဗျာ၊ ကျွန်တော်တို့တိုင်းပြည်မှာ အမျိုးသမီးထောက်လှမ်းရေးတွေ တကယ်ရှိဖို့လိုတယ်။ အမျိုးသမီးတွေကမှ တကယ်နှိုက်နှိုက်ချွတ်ချွတ် စေ့စေ့စပ်စပ် စုံစမ်းနိုင်တာ၊ ပြီးတော့ အမျိုးသမီးဆိုတော့လည်း ကာယကံရှင်တွေက သိပ်အထင်မကြီးကြဘူး။ ယုံယုံကြည်ကြည် ပြောမိကြမှာပဲ...ခုပဲ ကြည့်လေ"

သက်ထားမွန်ကို ချီးမွမ်းခန်း ဖွင့်နေသည့်အတွက် ကိုက ကျေနပ်နှစ်ခြိုက်ပုံမရ။ ဤစကားကို ကြားနေရသည့် ကို၏မျက်နှာထား တင်းမာလာကြောင်း သက်ထားမွန် အကဲခတ်မိလာသည်။

"စိတ္တဇလူသတ်မှုကြီးရော နှစ်ဖက်ခြိမ့်ရဲ့ ပဋိပက္ခရော တစ်ခါတည်း ရှင်းပေးနိုင်ခဲ့တာ"

"ဟုတ်တယ်၊ သတင်းစာထဲမှာတော့ ဖတ်လိုက်ရတယ်။ ဒါပေမဲ့ သတင်းစာတွေက စာမျက်နှာငဲ့ရတော့ အရေးကြီးတဲ့ သတင်းတွေလည်း ကျယ်ကျယ်ပြန့်ပြန့် မထည့်နိုင်တော့ဘူးပေါ့၊ လုပ်စမ်းပါဦးဗျ"

ဗိုလ်ကြီးစံထားမြင့်က တိုက်တွန်းသည်ကို ဋ္ဌာန်နီဆိုသူက ခပ်အေးအေးပင် အရက်သောက်နေပါ၏။ ကိုကမူ...

"တော်ကြစမ်းပါဗျာ အလကား..."

"ဘယ်က အလကားရမှာလဲဗျ၊ ဒီထက်ပဲ ထိရောက်ရှိုးမလား၊ ဒီလောက် ကြီးကျယ်တဲ့အမှုကြီးပေါ်အောင် လိုက်ရတာ နည်းတဲ့သတ္တိမှတ်လို့"

တချို့ယောက်ျားတွေ ရှိသည်။ ကိုယ့်မိန်းမကို သူများချီးမွမ်းလျှင် မကြိုက်တတ်ကြ၊ ကိုယ်ကသာ ထာဝရဦးဆောင်ပေးနေချင်သူမျိုး ရှိတတ်သည်။ ကိုက သည်လို အမျိုးအစားထဲကလား...။

"သီတဂူမြိုင်ခြံနဲ့ သော်တာခြံကို နှစ်ခြံကူးပြီး ထောက်လှမ်းရတာ လွယ်မှတ်လို့၊ ကမ္ဘာရန်ဖြစ်နေကြတဲ့ ခြံနှစ်ခြံက မိသားစုနှစ်ဦးလုံးရဲ့

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်မှုကို ရအောင် စွမ်းဆောင်ရတာ...အတော့်ကို ခက်ခဲမှာပဲနော်၊ ဒေါ်သက်ထားမွန်"

"အင်း...ဟို...တာဝန်အရဆိုတော့ ဒီလောက်လည်း မဟုတ်လှပါဘူးရှင်...သက်တို့ အပြန်သိပ်နောက်ကျနေရင် မာမီတို့ သိပ်ပူနေကြမှာစိုးလို့...။

"အဲ...ဟုတ်တယ်၊ သွဲ့ရေ ထမင်းပြင်တော့ဟေ့"

"အဆင်သင့်ဖြစ်နေပါပြီ"

"တော်ပါသေးရဲ့"ဟု သက်ထားမွန်၏ ရင်ထဲမှ အလုံးကျရပါပြီ။ ဧည့်ခန်းမှ အရက်ဝိုင်းကို သိမ်းပြီး ထမင်းစားခန်းဆီသို့ ရောက်လာခဲ့ကြပါပြီ။

သက်ထားမွန် ပြန်ချင်နေကြောင်း အိမ်ရှင်ဗိုလ်ကြီး စံထားမြင့် သိရှိသွားသည့်အတွက် ကျေးဇူးတင်လှပါသည်။ ကိုသည် အမြဲ တက်ကြွလှုပ်ရှားနေတတ်ရာထ တည်တည်ငြိမ်ငြိမ် မှုန်တေတေကြီးနှင့်ဖြစ်နေ၍ သက်ထားမွန် မနေတတ်တော့။ ဗိုလ်ကြီးကတော်ကလည်း ဟင်းချက်မကောင်းလှ၍ သက်ထားမွန် စား၍ သိပ်ပြီး မမြိန်ပါ...

"ကျွန်တော်က စာရေးဖို့ ကုန်ကြမ်းရှာရင်း ပြင်ဦးလွင် ရောက်သွားတယ်လေ"

"အမလေး...မပြီးနိုင်တော့ပါလား"

အာရှင်နေသော စာရေးဆရာ ကိုမြသန်းထွန်းကို သက်ထားမွန်မကြည်ချင်တော့...

"ဒေါ်သက်ထားမွန်ရဲ့ လှုပ်ရှားမှုတွေ ကြားရတာ ရင်ခုန်စရာများ...တကယ်ပါပဲ၊ ကျွန်တော့်သူငယ်ချင်းရဲ့ မိန်းမအဖြစ်နဲ့ ခုလိုလာပြီး ဆုံခွင့်ရတာ ကျွန်တော် ဂုဏ်ယူပါတယ်တကယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"

ထမင်းကို လက်စသတ်စားရာက

"သက်ထားမွန်ကို လွယ်လွယ်နဲ့ လက်ခံကြရဲ့လား"

"ဒီလိုပေါ့ရှင်...တာဝန်ဝတ္တရားအရမို့ ပြေလည်အောင် ဆက်ဆံရတာပေါ့"

"ဒါပေါ့...ဒေါ်သက်ထားမွန်က အပြောကလည်း ကောင်း ရုပ်ကလည်း လှတော့ ဟိုညီကိုတွေ ခိုက်ကုန်ကြတာပေါ့...အဟက်...ဟက်...ဟက်...ဟဲ..."

"အို"

"ကိုရဲနောင် ထောင်ထဲကနေပြီး သဇင်ပန်းတွေ ပို့ခိုင်းလိုက်တဲ့လူဟာ ကျွန်တော်နဲ့တူတူ လေယာဉ်ပျံစီးလာကြတာပေါ့"

ကို့လက်မှ ခက်ရင်းနှင့် ဇွန်းကို ပစ်ချလိုက်သည့်အသံကြောင့် စကားစပင် ပြတ်သွားကြတော့သည်။ သက်ထားမွန်၏ ရင်မှာ လှိုက်လှိုက်ခုန်လာရပါပြီ...

အရက်ဝင်နေသော ကိုမြသန်းထွန်းက ဘာမှမဖြစ်သလို ရယ်မောနေဆဲ...မသိသား ဆိုးရွားလွန်းလှသူ၊ ကိုဌုန်နီက ခပ်အေးအေး...ရိုပ်မိသူက ဗိုလ်ကြီးစံထားမြင့်...

"ကဲ...သူငယ်ချင်း...နောက်ကျနေပြီ၊ မြန့်ချင်ပြန်ကြတော့၊ ဒီကောင်တွေကို လိုက်ပို့လိုက်မယ်"

"မြို့ထဲ ကျုံးသားပဲ တစ်ခါတည်း လိုက်သွားလိုက်မယ်လေ"

ကိုမြသန်းထွန်းက လုပ်နေသေးသည်။

"လုပ်မနေစမ်းပါနဲ့၊ သူတို့ဟာသူတို့ သွားနှင့်ကြပါစေ"

အပြုံးမပျက်စေဘဲ နှုတ်ဆက်လျက် မင်္ဂလာဒုံမှထွက်လာခဲ့ကြရသည်။ အပြင်တွင် လမင်းထိန်ထိန်သာနေသည်။

"လပြည့်ညပါလား"

ယင်းအသိဖြင့် သီတဂူမြိုင်ဆီမှ ဖြစ်ရပ်များကို ပြန်ပြောင်းသတိရရင်း လမင်းကို မော့ကြည့်နေမိဆဲ...ကိုက ကားကို ထိုးရပ်လိုက်သည်။ လေယာဉ်ကွင်းလမ်းဆုံအလွန် ဆယ်မိုင်ကုန်းအကျော်တွင် ဖြစ်ပါ၏။

"ကား...ဘာဖြစ်လို့လဲကို"

"ကား ဘာမှမဖြစ်ဘူး...သက်ကို ကိုရှင်းစရာရှိလို့ပဲ"

"ပြောပါ...ကို...ကိုကျေနပ်လောက်အောင် သက်ရှင်းပြပါမယ်"

စလာသည့် ဇာတ်လမ်း၏ စလယ်ဆုံးကို မြင်သိပြီးသား သက်ထားမွန်က ပြောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကို...တိုတိုနဲ့ ရှင်းရှင်းပဲ မေးမယ်သက်...ရဲနောင်ဆိုတဲ့ကောင်နဲ့ သက်နဲ့ ဘာဖြစ်ခဲ့ကြသလဲ"

"ဘာမှ မဖြစ်ရပါလားကိုရယ်"

"ကိုကို့ကို မညာနဲ့သက်...ကမ္ဘာဟာ ကျဉ်းကျဉ်းလေး မြန်မာပြည်က ပိုကျဉ်းတယ်။ ပြီးတော့ လူတစ်ယောက်ရဲ့ အသိုင်းအဝိုင်းဟာ သိပ်ပြီးကျဉ်းတယ်"

"ကို...လိုချင်တာသာ ပြောပါ၊ သက်ဖြေရှင်းဖို့ အဆင်သင့်ပါပဲကို"

"ကို့သင်္ဘောလိုင်းမှာ 'မောင်လေးမြင့်'ဆိုတဲ့ ကောင်လေး ရောက်လာတယ်၊ သူက မန္တလေးက သူ့အစ်မအရင်း 'အမာ'ဆိုတာက 'ကိုရဲအောင်'နဲ့ ယူတော့မယ့် မိန်းကလေး၊ ခုဆို ယူပြီးရောပေါ့...အဲ သူ့ဆီက ကြားရတဲ့ သတင်းတွေအရဆိုရင်...သက်ဟာ သော်တာခြံကို အမြဲသွားတယ်ဆို၊ ဘီအီးရေတံခွန်မှာ ချိန်းတွေ့ကြပြီး ပန်းတွေပေးလို့ ဝေနေအောင် ပန်တယ်ဆို...ရဲနောင်ဆိုတာ ယဉ်မွန်ရည်ရဲ့ ရည်းစားဆိုပါလား သက်...ဟင်"

"သော်တာခြံကို အမြဲမဟုတ်ပါဘူး၊ မကြာခဏ ရောက်ပါတယ်ကို...ဘီအီးမှာ ဆုံကြတယ်ဆိုတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ ကိုရဲနောင်ဟာ သက်ရဲ့ ချစ်သူ မဟုတ်ပါဘူး၊ သက်နဲ့ ကိုရဲနောင်လည်း ဘာမှမဖြစ်ခဲ့ကြပါဘူး...ကိုရယ်"

"ဘယ်ဖြစ်လို့ရမလဲ...ကိုနဲ့ စေ့စပ်ပြီးမှ ကိုနဲ့ညားပြီးမှ သက်သွားရတာပဲဟာ"

"အို...ကို"

"သော်တာခြံ သွားတယ်ဆိုတာကတော့ ထားပါတော့၊ အလုပ်ကိစ္စလို့ပဲ၊ ဘီအီးရေတံခွန်မှာ ဘာလို့ ချိန်းတွေ့ရတာလဲ၊ ဒီအကြောင်းတွေ သိလာရတဲ့ကိုဟာ ရင်ထဲမှာ တစ်နေ့မှ မကြည်လင်ဘူးသက်၊ မင်းမှာ ချစ်ခဲ့ဖူးသူ မရှိဘူးဆိုလို့ ဒီကကောင်က အဟုတ်ကြီးမှတ်လို့"

"ကို...ယုံချင်မှ ယုံပါ၊ သက်သစ္စာဆိုပြီး အမှန်အတိုင်း ဝန်ခံမယ်။ ဘီအီးရေတံခွန်ကို သွားတာ၊ နှစ်ယောက်တည်း မဟုတ်ပါဘူး ပြီးတော့ အဲဒီနေ့ကမှ သူ...ကိုရဲနောင်ဟာ သက်ကို မေတ္တာစကား ပြောတဲ့နေ့ပါ"

"ဘာ...ဒါဖြင့်"

"နေပါဦး...သက် ပြောပါရစေဦးကို၊ အဲဒီနေ့ကပဲ သက်ဟာ ကိုနဲ့ စေ့စပ်ပြီးသားပါ။ ကို့ကို လက်ထပ်ရမယ့် မိန်းမတစ်ယောက်ပါဆိုတာ သက် သူ့ကို ပြောပြခဲ့ပါတယ်"

"ဒါနဲ့ ဒီကောင်က ဘာလို့ သက်ကို လိုက်ပြီး ဆက်သွယ်နေရတာလဲ"

"မဆက်သွယ်ပါဘူးကို...သူထောင်ထဲမှာပါ"

"မညာနဲ့လေသက်၊ တစ်ခါတုန်းက ပန်းစည်းကြီး ပို့ခိုင်းလိုက်တာ ကို့ရှေ့မှာပဲ။ အဲဒီတုန်းက ကဗျာတွေဘာတွေနဲ့။ အောက်က 'နောင်'ဆိုပြီး ရေးထားတာကို နတ်သျှင်နောင်လေးဘာလေးနဲ့ တောက်...ငါဖြင့် အဟုတ်မှတ်လို့"

ကိုက ဒေါသတကြီးနှင့် ကားဘော်ဒီကို ဆောင့်ကန်လိုက်သည်။ ဤကဗျာသည် ကိုတွေးသလို၊ သူ့ကိုယ်စားပြုသည့် ရဲနောင်ဆိုလည်း ဖြစ်ပါ၏။ နတ်သျှင်နောင် ရေး၍ နောင်ဆိုလည်း ဖြစ်ပါ၏။ ဒေါသထွက်နေသော ကို့ကို သက်ထားမွန် မရှင်းရဲတော့။

"မာမီက ပြောတယ်။ အိမ်ကို သဇင်ပန်းတွေ သက်ယူလာတာ လှလိုက်တာ၊ ပြင်ဦးလွင်က လက်ဆောင်ရလို့တဲ့။ မာမီကလည်း အမှတ်မဲ့ ပြောတယ်။ ကိုကလည်း အမှတ်မဲ့ နားထောင်ခဲ့တယ်။ ခုကြည့်စမ်းလေယာဉ်ပျံနဲ့တောင် ပန်းပို့ခိုင်းတယ်ဆိုပါလား။ တရားမလွန်လွန်းဘူးလား။ နေပါဦး မင်းဟာ ငါ့မိန်းမဆိုတာ ဒီကောင်မသိလို့ ခုထိ ရှိနေတာလားဟင်၊ မင်းကလည်း အရိုခံနေတာပဲလား သက်"

"မဟုတ်ဘူး မဟုတ်ရပါဘူးကိုရယ်"

လရောင်အောက်မှ အဖြူရောင် လှနတ်မယ်လေး၏ မျက်ရည်ဖြူဖြူလေးများ ကြွေကျလိမ့်ဆင်းခဲ့ရပါပြီ။

"သက် အိမ်ထောင်ကျပြီးပြီဆိုတာလည်း သူသိပါတယ်၊ သူနဲ့သက်မှာ ဘာဖောက်ပြန်မှုမှမပါဘဲ ခင်မင်မှု သက်သက်ပါကို၊ သူ့စာကို ဖတ်ရရင် စိတ်ရှင်းသွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com

သက်ထားမွန် လှိုက်လှဲစွာ ငိုနေမိသည်။ ကိုစိုးထွဋ်က ဘာမှ ပြန်ဆက်ပြောမလာ–

မှန်တာ ဝန်ခံရရင် အရင်တုန်းကဆို ကို့ကို သက်သိပ်မချစ်မိပါဘူး။ ခုတော့လေ…ကို့ကို သက်မျှော်တတ်လာပြီ၊ ချစ်တတ်လာပါပြီ။ သက်တို့ရဲ့ အိမ်ထောင်ရေးမှာ အမည်းစွန်းကြီး မထင်ပါရစေနဲ့လားကိုရယ်”

သက်ထားမွန်မှာ ခင်ပွန်းသည်ကို ဖက်၍ တောင်းပန်မိသည်။

“သက်ရဲ့ ရင်ထဲက လှုပ်ခတ်မှုလေးတွေကိုလည်း မေ့ထားနိုင်ပါပြီ၊ သက်ရဲ့ကိုယ်ခန္ဓာ ဖောက်ပြန်မှုမဆိုထားနဲ့၊ သက်ရဲ့ နှုတ်ကနေပြီး ချစ်မေတ္တာနဲ့ ပတ်သက်တဲ့ စကားမျိုးတစ်ခွန်းတောင်မှ ဘယ်ယောကျ်ားကိုမှ မပြောခဲ့မိဖူးပါဘူးဆိုတာ ယုံပါကို၊ သစ္စာဆိုပြီး သက်ပြောရဲပါတယ်ရှင်”

ငြိမ်နေသော ကိုစိုးထွဋ်၏ လက်မောင်းကို ဆုပ်ကိုင်နှိုးခတ်၍–

“ပြန်ကြည့်ပါစို့ ကို နော်…သူ့ရဲ့စာကို ကိုဖတ်ရရင် ကို့ရဲ့ သံသယစိတ်တွေ ပြီးပြေမှာပါ သက်ကို ခွင့်လွှတ်ပါကိုရယ်။ သက်ကို ကြိုက်သလိုတောင်းပန်ပါ့မယ်နော်”

“အေး…ကိုကတော့ ကို့မိန်းမ သန့်သန့်စင်စင်လေး ရတယ်ဆိုပြီး ဝင့်ကြွားနေမိတယ်။ သဘော်ပေါ်မှာ ဒီသတင်းကြားရတော့ ကို့ရင်ထဲမှာ သိပ်ပြီး ခံစားသွားရတယ်သက်၊ မောင်လေးမြင့်ကလည်း ယဉ်မွန်ရည်နဲ့ တဲ့ မိန်းကလေးတစ်ယောက်အကြောင်းကို ပြောပြတာ ကို့မိန်းမမှန်းလည်း သူမသိဘူး”

“အိမ်ရောက်မှ ပြောကြရအောင်ပါ ကို”

“ဘာပဲဖြစ်ဖြစ် ကို့ရှေ့မှာ ခုနလို စကားတွေ ထပ်ကြားရတာ မခံနိုင်ဘူး သက်”

“ဟုတ်ပါရဲ့ကိုရယ်၊ ဒီလူလေရှည်လို့ ကိုစိတ်ညစ်သွားရတာ သက်သိပါတယ်။ နောက်ကို သက်နေရာတိုင်း မလိုက်ပါရစေနဲ့လား ကို”

“မလိုက်လို့ ဘယ်ဖြစ်မလဲ သက်၊ ကိုသွားလေရာ သက်ပါနေချင်တာ ကို့ရဲ့ အကြီးမားဆုံး ဆန္ဒပဲ သက်ရဲ့”

ကားကို စ၍ မောင်းထွက်ပါပြီ၊



“ပြီးတော့ ကို့ရဲ့ မိန်းမဟာ အလှဆုံးနဲ့ အသန့်စင်ဆုံး ဖြစ်စေချင်တယ်။ ဒါဟာ ကို့ရဲ့ ဒုတိယဆန္ဒ…”

“သက်ရဲ့ အလှပန်းလေးဟာ ကို့လက်ထဲမှာစပြီး ကြွေတာပါဆိုတာတော့ ကိုအသေအချာ ယုံလိုက်စမ်းပါရှင် ပြီးတော့”

“ပြောလေ…ပြီးတော့ ဘာဖြစ်လဲ”

“ကားကို ဖြည်းဖြည်းမောင်းပါ ကို၊ ကို သိပ်လည်း မူးနေတယ်။ သက်မောင်းရမလားဟင်”

“နေစမ်းပါ ရပါတယ် ပြောပါ”

“ပြီးတော့ ကိုသွားလေရာကို ထက်ကြပ်မကွာလိုက်နိုင်အောင် အမြဲ ကြိုးစားပါ့မယ်လို့…”

“ကောင်းပြီ…ဒါပေမဲ့ ဒီကောင့်ပြဿနာကို ရှင်းပစ်ရမယ်”

ကို ဝိုမူးလာပြီ။

သက်ထားမွန်အပေါ်၌လည်း အကြိတ်အခဲ ရှိနေဆဲလား၊ မူးနေ၍လားမသိ၊ စကားပြောက ပုံမမှန်၊ ကားမောင်းက ကြမ်းလှသည်။

“အို…ကို…ဖြည်းဖြည်းမောင်းပါ၊ ကွေ့ကွေ့ရှေ့မှာ ကွေ့ကြီး…အား”

အမှတ်ကိုး ဟီးနိုးကား၏ မီးရှူးရှူးကြီးကို မြင်လိုက်ရပြီးသည့်နောက်တွင်…

ဒတ်ဆန်း ဆန်နီကားသစ်ကလေးမှာ မင်္ဂလာဒုံရန်ကုန်လမ်းမကြီး၏ ဘေးသို့ အရှိန်အဟုန်ပြင်းစွာ ထိုးလိမ့်ကျသွားခဲ့ရပါပြီ။

လရောင်၏ အောက်တွင် ဖြူနုသောအဆင်းတန်ဆာများဖြင့် လှပလွန်းသော သက်ထားမွန်၏ ကိုယ်ခန္ဓာဖြူဖြူဖွေးဖွေးလေးပေါ်တွင်…

ရဲရဲနီသော သွေးများ စွန်းပေဖုံးလွှမ်းသွားခဲ့ချေပြီတကား…။

+ + + +

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၉)

သက်ထားမွန် ပြန်လည်သတိရလာတော့ ဆေးရုံပေါ်သို့ ရောက်နေလေပြီ။

ဆေးရုံသို့ ရောက်နေပြီဆိုသော အသိ ခေါင်းထဲသို့ ဝင်လာမိသည်နှင့် သောကစိတ်သည် ပထမဦးဆုံး ရင်တွင်း၌ တောက်လောင်လာသည်။

"ကို...ကို...ကို...ရော...ဟင်"

သက်ထားမွန်ကို အားလုံး ဝိုင်းဖိထားကြသည်။ အားလုံးမှာ သက်ထားမွန်၏ မိသားစုများနှင့် ကို့ဒယ်ဒီနှင့် မာမီ၊ ကိုညီ ကိုဇော်ထွဋ်တို့ အစုံအလင်။

အားလုံး မျက်နှာမကောင်းကြ။

"သက် အားလုံး ပြန်သတိရပြီ။ သက်တို့ ကားမှောက်တယ်၊ ကို...ကို ဘယ်လိုနေလဲ ပြောကြပါဦး"

သူတို့၏ မျက်နှာများကို ကြည့်ပြီး ရိပ်မိလာသော သက်ထားမွန်မှာ အော်ငိုပစ်လိုက်ချင်သည်။ လှုပ်ရှားမှုကြောင့်လားမသိ၊ လက်ျာခြေထောက်က စူးစူးဝါးဝါးထိုးလိုက်ပြီး နာကျင်ကိုက်ခဲလှပါဘိ။

"သမီး...ရှိတယ်သမီး၊ မောင်စိုးထွဋ်တို့ ရှိပါတယ်"

သက်ထားမွန်၏ မေမေက မျက်ရည်ကျလာသည်။

"အမေလေး...ကို...ကိုမှ ရှိသေးရဲ့လား မာမီတို့ရယ်...ပြောကြပါဦး"

ကိုစိုးထွဋ်မာမီ ဒေါ်တင်လေးဝေ၏ လက်ကို လှမ်းဆွဲလှုပ်ရင်းမေးမိသည်။ ဒေါ်တင်လေးဝေက မေမေ့လို မျက်ရည်များ ကျခြင်းမ



သက်ထားမွန်၏ ရင်လေးကို ဖိထားရင်း...

"ရှိတယ်သမီး...ရှိတယ်၊ သားကြီး ဘာမှမဖြစ်ပါဘူး။ နည်းနည်းပါးပါး ခိုက်မိရုံပဲ"

"ဟင်...အဟုတ်လား...အဟုတ်လားရှင်...သက် မယုံရဲပါဘူး"

"တကယ် သမီး...တကယ်ပါကွယ်...၊ သူ...နေကောင်းပါတယ်"

"အား...ခြေထောက်က နာလိုက်တာ"

သက်ထားမွန်၏ ညည်းညူမှုကြောင့် အားလုံး၏ မျက်နှာများ ပိုမို၍ ပျက်သွားကြသည်။

"ဆရာဝန်ကြီး လာကြည့်မှာမို့ ညှော်သည်များ နည်းနည်းလောက် ဖယ်ပေးကြပါရှင်"

တာဝန်ကျဆရာမလေး၏ စကားကြောင့် အားလုံးဖယ်ခွာ ပေး ကြရသည်။ ဆေးရုံကြီး၏ သီးသန့်ခန်း အရေးကြီးသော လူနာများထားရာ နေရာတွင် သက်ထားမွန်ကို ထားပေးသည်။ ဆရာဝန်ကြီးများ မလာမီ ရောက်လာသော ဆရာဝန်မလေး၏လက်ကို သက်ထားမွန် လှမ်းဆွဲ ရင်း...

"ဒေါက်တာရယ်... ကျွန်မယောကျ်ား ရှိနေပါတယ် ဆိုတာ တကယ်ဟုတ်ရဲ့လား ရှင်၊ ကျွန်မ စိတ်ခိုင်ပါတယ်၊ ကျွန်မကို မညာပါနဲ့ နော်"

"ဩော်...ဟော်...ဟော်...တကယ်ပါ၊ ဘယ်က သေရမှာလဲ အမျိုးသားဝဒ်မှာ၊ ဆရာဝန်ကြီး ရောင်းဒ်လှည့်ပြီးရင် သူ့ကို ခေါ်လာပြမယ် ဟုတ်ပြီလား"

"အို...တကယ်လား...တကယ်ဆိုရင် ဝမ်းသာလိုက်တာရှင်"

ဆရာဝန်မလေး၏ ရွှင်ပျသော အမူအရာနှင့် ခိုင်မာတိကျသော အပြောများကို သက်ထားမွန် လက်ခံရပါပြီ။

"ဝမ်းသာလိုက်တာကိုရယ်...သက် ကို့ကို သေဆုံးသွားမှာ စိုးရိမ် လိုက်ရတာ၊ မနေ့ညက ဖြစ်ရတဲ့ကိစ္စဟာ ကိုမူးနေပါတယ်ဆိုပေမယ့် သက် အတွက် ပြဿနာတက်ရင်း မှောက်ရတဲ့ကားမို့ တကယ့်တာဝန်ရှိသူဟာ သက်ပါ။ ကိုချမ်းသာရာ ရတယ်ဆိုတာကို သက်လေ တကယ်ပဲ လှိုက်လှိုက်

www.burmeseclassic.com

www.burmeseclassic.com

လုံလုံ ဝမ်းသာရပါတယ်ရှင်"

ရင်ထဲမှ အတွေးလေးများ မဆုံးမီ ဆရာဝန်မလေးက သက်ထားမွန်၏ လက်ကို ဆုပ်ကိုင်ထားရင်းက ..

"မသက်ထားမွန်က ဦးစိုးထွဋ်ကို တကယ်ချစ်တာပဲ၊ ကိုယ့်အတွက် မမေးဘဲ ခင်ပွန်းအတွက်ပဲ စိုးရိမ်တကြီး မေးနေတာပဲ"

"သက်ကြောင့်ဖြစ်ရတဲ့ကိစ္စမို့ ကိုကို နည်းနည်းလေးမှ မထိပါးစေချင်လို့ပါ"

ဟူသော အပြောလေးများက သက်ထားမွန်၏ ရင်ထဲမှာသာ...။

"ဦးစိုးထွဋ်က ညနေလောက်ဆို ဆေးရုံက ဆင်းလို့ရပါပြီ၊ တကယ် အရေးကြီးတာက မသက်ထားမွန်ပါ၊ ဟော...ဆရာဝန်ကြီး လာပြီ"

"တကယ်အရေးကြီးတာက မသက်ထားမွန်"

ဆရာဝန်မလေး၏စကားကို ပြန်လည်၍ ရေရွတ်နေမိသည်။ မကြာမီ အရိုးကုဆရာဝန်ကြီး ရောက်လာခဲ့သည်။ သက်ထားမွန်၏ လက်ျာခြေထောက်ပေါ်မှ အဝတ်စကို လှပ်လိုက်ပါ၏။

"အို..."

မာကြောသော အရာနှင့် ကပ်၍ စည်းထားသော ခြေထောက်က လှုပ်မရ၊ ရွေ့မရ၊ နာကျင်လှပါဘိ။ သေချာစွာ ကြည့်ရှုစစ်ဆေးပြီး ပါရဂူ ဆရာဝန်ကြီးက သက်ထားမွန်၏ လက်ကို ဆွဲယူဆုပ်ကိုင်ထားပြီးမှ...

"သက်ထားမွန်လည်း ရဲအရာရှိတစ်ယောက် ဖြစ်ခဲ့တာပဲ။ စိတ်အားမငယ်နဲ့ပေါ့လေ၊ ဆရာတို့လည်း စိတ်မကောင်းပါဘူး။ ဒါပေမဲ့ အကောင်းဆုံး ကုသနိုင်ဖို့ ဒီတစ်နည်းပဲ ရှိတယ်"

"ရှင်...ရှင်"

"ခြေသလုံးရိုးတွေ ကြေသွားတယ်။ ဒါကြောင့် ဒူးဆစ်အောက်က ဖြတ်ပစ်မှ..."

"အမလေး"

ဆက်လက်ရှင်းပြနေသော ဆရာဝန်ကြီး၏ စကားကို သက်ထားမွန် မကြားရတော့ပါ။



"ခြေထောက်တစ်ဖက် ဖြတ်ပစ်ရမယ်"

"ငါ့ခြေထောက်တစ်ဖက် ဖြတ်ပစ်ရတော့မယ်ဆိုပါလား"

ဤမြေပေါ်တွင် လှုပ်ရှားနေကြသော လူသားများနှင့်အတူ သွားလာနိုင်ခွင့် ဘယ်သောအခါမှ မရနိုင်တော့တဲ့ ဘဝ။

"ခြေတစ်ဖက်ပြတ်ကြီးနဲ့ လူစဉ်မမီတော့မယ့် ဒုက္ခိတဘဝ"

"အမလေးရှင်...တစ်ခါတည်းပဲ သေသွားလိုက်ပါတော့၊ တစ်ခါတည်း သေသွားတာကမှ ပိုကောင်းပါလိမ့်ဦးမယ်၊ ခုလို လူစဉ်မမီတဲ့ဘဝကြီးနဲ့..."

"လူစဉ်မမီတဲ့ ဘဝကြီးနဲ့..."

သက်ထားမွန်၏တစ်သက်တွင် မကြုံတွေ့ဖူးသေးသော အကြီးမားဆုံး ငိုရှိုက်ခြင်းဖြင့် ထိုနေ့က သက်ထားမွန် သည်းထန်လှိုက်လှဲစွာ ငိုရှိုက်မိပါသတည်း။

\+ + + +

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၀)

"ကို...အမ်လေးကိုရယ်၊ သက်ဘဝတော့ ဆုံးပါပြီ"

ခင်ပွန်းသည်ကို အားကိုးတကြီးဖြင့် ဖက်တွယ်ငိုမိသည်။ ကိုစိုးထွဋ်လည်း မျက်ရည်များ ဝိုင်းလာရှာသည်။

"ဟုတ်တယ် သက်...သက် ခြေတစ်ဖက် ဖြတ်လိုက်ရတာကို ကိုလည်း တကယ်ပဲ ဝမ်းနည်းရပါတယ်။ ကို့အတွက်လည်း တကယ်ပဲ ဆုံးရှုံးမှုကြီးပါ သက်ရယ်"

ခင်ပွန်းသည်၏ လက်ကို အားကိုးတကြီးလို ဖက်တွယ်ရင်း သက်ထားမွန် ငိုမိသည်။

"သက်ကို ရတဲ့အတွက် ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး ယောကျ်ားလို့ ထင်ခဲ့မိတာ။ ခုတော့လည်း ကံအဆိုးဆုံး ယောကျ်ားဖြစ်ရပြီပေါ့လေ"

"ဟင်...ကို"

"ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ သက်၊ မမြင်ရတဲ့ ကံကြမ္မာကိုပဲ ရောယောင်ပြီး အပြစ်ချလိုက်ကြတာပေါ့ကွာ"

"ဟုတ်ပါတယ် ကိုရယ်၊ သက်ရဲ့ကံကို ဆိုးလှပါတယ်လေ။ ဒီလမ်း ဒီအချိန်မှာ ကားတွေ သွားနေကြတာပဲ။ သက်တို့သာ ဖြစ်ချင်လို့ပါ"

"ကို ကားမောင်းကြမ်းလို့ ဒီလိုဖြစ်ရတာပါလို့ သက်ကို့ကို စိတ်နာမနေဘူးလားဟင်"

"မနာပါဘူး ကို"

"တော်သေးတယ်၊ သက်ရှုပ်ခဲ့တဲ့ ပြဿနာအတွက် စကားများ ရင်းဖြစ်ရလို့၊ မဟုတ်ရင် ကို့အပြစ်ချည်း ဖြစ်နေမှာ"

"ဩော်...ကိုရယ်"

"သက်ရှုပ်ခဲ့တဲ့ ပြဿနာအတွက်"တဲ့။ ဖြစ်လာတဲ့ကိစ္စကို ခေါင်း ရှောင်လွှချည်လားကွယ်။

ကို့ကို ကြည့်ရင်း ရင်ထဲက ပြောမိသည်ကတစ်မျိုး၊ နှုတ်က ပြော မိသည်ကတခြားပါ။

"ထားပါတော့လေ...သက်ကြောင့် ဖြစ်ရတယ်လို့ပဲ။ တကယ်လို့ ကို့ကြောင့်ချည်းသက်သက် ဖြစ်ရရင်လည်းပဲ သက်ကို့ကို အပြစ်မယူရက် ပါဘူးတဲ့ရှင်။ သက်ရဲ့ ကံကြမ္မာကိုပဲ သက်အပြစ်ပုံချပါ့မယ်"

"အေးပေါ့လေ...သက်သာ ကျန်းမာအောင် ကြိုးစားနေပါ။ ကိုပဲ တစ်သက်လုံး ဒုက္ခခံရတော့မှာပါ။ သက်ကိုလည်း ကိုသနားပါတယ်။ ကို့ အတွက်တော့ ကို့ရဲ့ အမျှော်လင့်ဆုံး အိမ်ထောင်ရေး သာယာမှုကြီး ပျက် စီးရပြီပေါ့ကွယ်"

ကို ကိုယ်တိုင်လည်း သက့်ထံသို့ ရောက်လာတိုင်း မျက်စိမျက်နှာ ပျက်လောက်အောင် စိတ်မကောင်းခြင်း ဖြစ်နေရှာသည်။ သူ့စိတ်မကောင်း မှုသည် သက်ပေါ်တွင် ကြင်နာသနားခြင်းသက်သက်ဖြစ်သော ခံစားမှုများ ချည်း မဟုတ်ကြောင်း သက်ထားမွန် ကြာလေ နားလည်လာရလေပါ။

ကိုရဲနောင်နှင့် ပြဿနာများကိုလည်း ကိုစိုးထွဋ်စိတ်ထဲတွင် ပြေလည်နိုင်ခြင်းမရှိသေးကြောင်း သက်ထားမွန် သိနားလည်လာပါပြီ။

သက်ထားမွန်၏ အိမ်တွင် ရှိနေသော ကိုရဲနောင်၏ စာကိုလည်း ယူခိုင်း၍ ရှင်းပြမနေချင်တော့။ ကိုရဲနောင်၏ စာတွင် သန့်စင်ဖြူလွင်သော မေတ္တာတရားကို ဖော်ကျူးထားရှိသည်။ ဤသည်ကို အဓိပ္ပာယ်ကောက် လွဲခဲ့လျှင် ဆေးအတွက် လေးရချေတော့မည်။ ရှိစေတော့...။

"ကို့ရဲ့ အမျှော်လင့်ဆုံး အိမ်ထောင်ရေး သာယာမှုကြီးတဲ့၊ သူ့ အမျှော်လင့်ဆုံးဆိုတဲ့ အိမ်ထောင်ရေးသာယာမှုဆိုတာ ဘာကို ဆိုလို လိမ့်...ဘာကို ဆိုလိုပါလိမ့်"

သက်ထားမွန် ကြာမြင့်စွာ မတွေးရပါ။ ကို ထာဝရပြောကြားလေ့ ရှိသော စကားစုလေးကို သက်ထားမွန် ပြန်လည်၍ ကြားယောင်လာရပါ ပြီ။

www.burmeseclassic.com

www.burmeseclassic.com

"မလိုက်လို့ ဘယ်ဖြစ်မလဲသက်"

"ကိုသွားလေရာ သက် ပါစေချင်တာ"

"ကို့ရဲ့ အကြီးမားဆုံးဆန္ဒပဲ သက်ရဲ့"

"အို...ကိုရေ၊ ကို့ဆန္ဒတွေကို သက်မဖြည့်စွမ်းနိုင်တော့ဘူး။ သက်မလိုက်နိုင်တော့ဘူး"

သက်ထားမွန်၏ နှလုံးသည်းပွတ်များ ကွဲကြေမတတ် လှိုက်လှဲစွာ ငိုရပါပြီ။

"ဟုတ်တယ်...သွားလေရာ မိန်းမအမြဲလိုက်စေချင်တဲ့ ကို၊ သူ့ဆန္ဒကို ငါမဖြည့်စွမ်း၊ မပြုစုနိုင်တဲ့အပြင် ဒုက္ခိတမကြီး ငါ့ကိုသူကပြန်ပြီး ပြုစုရမယ့်အဖြစ်"

"သူနဲ့ငါဟာ ငယ်ချစ်တွေလည်း မဟုတ်ကြဘူး။ အနစ်နာခံပြီး ယှူထားကြတဲ့ ချစ်သူတွေလည်း မဟုတ်ကြဘူး။ တစ်ယောက်ရဲ့ ကောင်းမြတ်တဲ့ အရည်အချင်းတွေကို တစ်ယောက်ကကြည့်ပြီး လက်ထပ်ထားကြတဲ့ အိမ်ထောင်ရှင်တွေသာ ဖြစ်တယ်"

"အခု ငါ့ဆီက မျှော်လင့်ရယူနိုင်စရာဆိုလို့ ဘာမှမရှိတော့ဘူး။ ကို့အနေနဲ့ ငါ့ကို တစ်သက်လုံး ပေးဆပ်ပြုစုနေရမယ့် အဖြစ်"

"ပြီးတော့...သူဟာ ငါ့ကို နှစ်နှစ်ကာကာ ချစ်ခဲ့သူလည်း မဟုတ်ဘူး။ ဒီအထဲမှာ ငါ့ပေါ် သူ သံသယတွေ ဝင်နေခဲ့သေးတယ်"

"ငါနဲ့ ပတ်သက်ပြီး သူသိပ်စိတ်ပျက်နေတယ်ဆိုတာ တွေ့တိုင်း ငါ အကဲခတ်မိပါတယ်"

ရှိပါစေတော့ကွယ်။

ထာဝရ တက်ကြွလှုပ်ရှားနေတတ်တဲ့ ကို့ရဲ့ ဘဝလမ်းလေးထဲမှာ ငါဟာ ခလုတ်ကန်သင်းကြီး၊ ချုံငုံ့ဝှမ်းကြီး၊ ဆူးငြောင့်ကြီး ဖြစ်မနေချင်တော့ပါဘူး"

"ကို့ ဘဝလမ်းလေး ဖြောင့်ဖြူးစွာ သွားခွင့်ရနိုင်အောင် တပည့်တော်မကို ဖယ်ရှားပေးတော်မူပါ အရှင်ဘုရား"

\+ + + +

## အခန်း(၄၁)

သမိုင်း လင့်လမ်းတစ်လျှောက် မောင်းနှင်သွားကြသော ကားများ ဖြတ်သန်းသွားကြသောလူများကို ဝေးဝေးဆီမှ ငေးကြည့်နေရသည်။

တစ်ချိန်က ရန်ကုန်–အင်းစိန်လမ်းအတိုင်း ကားမောင်းလာ... သမိုင်းလမ်းဆုံမှ ဤလမ်းသို့ဝင်...မရမ်းကုန်းလမ်းဆုံသို့ထွက်။ ပြည်လမ်းဘက် ခရီးဆက်၍ ကားလေးတစ်စင်းဖြင့် ကိုယ်တိုင်မောင်းနှင်သွားလာ ဖြတ်သန်းခဲ့ဖူးပါသည်။

ယခုမူ ဤသမိုင်း လင့်လမ်းပေါ်ရှိ 'ခြေတုလက်တုဆေးရုံ'ဝင်းအတွင်းမှ မျှော်ငေးကြည့်နေရသော သက်ထားမွန်၏ မျက်ဝန်းဝယ် မျက်ရည်များ ရစ်ဝဲပြည့်သိပ်လာသည်။

ဤဆေးရုံသို့ သက်ထားမွန် ရောက်နေခဲ့ရသည်မှာ ငါးလကျော်ကြာခဲ့ပါပြီ။

ခြေအတု တပ်ခွင့်ရရေးနှင့် အံကျရေးအတွက် အလေ့အကျင့်များ လုပ်နေရသည့်အချိန်က အတိုင်းအတာမရှိ ကြာမြင့်လှပါ၏။ ဆေးရုံဝန်ထမ်းများ၊ အတတ်ပညာရှင်များ၊ ပါရဂူဆရာဝန်များ၏ ဂရုစိုက်မှု စေတနာထားမှုများကိုလည်း သက်ထားမွန် ခံယူခွင့်ရခဲ့ပါပြီ။

မကြာမီ ဆေးရုံမှ ဆင်းခွင့်ရမည်၊ ညွှန်ကြားချက်အတိုင်း ဆေးရုံသို့ လာရောက်ပြသရမည်ဟုလည်း သိရပါ၏။

"ဩော်...မေမေရယ်...သမီးအတွက် ဒုက္ခများလှပါပြီ"

သက်ထားမွန် ထိုင်၍ မျှော်ငေးနေဆဲ...ခြင်းများ ချိုင့်များနှင့် ရောက်လာရှာသူ မိခင်ကြီးကို သနားလှပါပြီ...။

www.burmeseclassic.com

www.burmeseclassic.com

"ဒုက္ခရယ် ဘယ်ဟုတ်ပါ့မလဲ သမီးကြီးရယ်…တစ်ပတ်မှ တစ်ခါ လာပါဆိုပေမယ့် မေမေဘယ်နေနိုင်ပါ့မလဲကွယ်"

တစ်ရက်ခြား ရောက်လာတတ်မြဲ၊ စားစရာဖွယ်ဖွယ်ရာရာများ ယူလာတတ်မြဲဖြစ်ပြီး သမီးအတွက် လိုလေသေးမရှိ ပြုစုပေးတတ်ရှာသော မေမေ…

"အိမ်ရောက်ရင်လည်း သမီးအတွက် တာဝန်ပိုကြဦးမယ်…အိမ်တောင် မပြန်ချင်တော့ပါဘူး မေမေရယ်…။ သမီးအတွက် ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တော့ပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ သမီးရဲ့။ အဲဒီလိုစိတ်တွေနဲ့ ငါ့သမီးအရှုံးခံပြီး ဆုံးဖြတ်ပေးလိုက်တာကို မေမေဖြင့် မကျေနပ်ပါဘူး။ ဘယ့်နှယ့်လဲ…သူ့ကြောင့်လည်း ဖြစ်ရသေးရဲ့"

"ရှိပါစေတော့ မေမေရယ်"

ကိုနှင့်ပတ်သက်သော ဆုံးဖြတ်ပေးမှုကို မေမေတို့ မကျေနပ်မနှစ်သက်နိုင်ကြပါ။

ယခု ကိုမရှိတော့…။

နှစ်များစွာ ကြာသည့်တိုင်အောင် သူ မြန်မာပြည်ကို ခွဲခွာထားပေလိမ့်မည်ဟု သက်ထားမွန် ယုံကြည်ပါသည်။ ယခုကိစ္စကို ကိုက စတင်ပြောကြားခြင်းမဟုတ်ပါ။ သက်ထားမွန်က စတင်၍ ပြောဆိုတောင်းခံသည်ကို ကိုက လိုက်လျောရသည့် သဘောမျိုး ဖြစ်ခဲ့ပါသည်။

အမှန်တော့ သက်ကို…ကို လိုက်လျောခဲ့ခြင်းမဟုတ်ပါ။ ကို့ရင်တွင်းမှ တိတ်တခိုးဆန္ဒများကို သက်က လိုက်လျောပေးခဲ့ရခြင်းပါ။

"သက်…ကို့ကို ဆက်ပြီး ဒုက္ခမပေးရက်တော့ပါဘူး။ ကိုလည်း စိတ်လွတ်လက်လွတ် အလုပ်သွားလုပ်နိုင်ရအောင်…သက်ကို ကွာရှင်းပေးခဲ့ပါ"

သူက မငြင်းသော်လည်း ချက်ချင်းကြီးဖြင့် လိုက်လျောခြင်း မပြုခဲ့ရှာပါ။

သက်ထားမွန် သုံးလေးခါပြောလေမှ…သူ သဘောတူခဲ့ပါသည်။ ဤဆေးရုံ၌ပင် ရှေ့ကို ခေါ်၍ သက်နှင့်ကိုတို့ 'နှစ်ဦးသဘောတူ ကွာရှင်း ပြတ်စဲခြင်း' စာချုပ်ကို ချုပ်ဆိုကြသည်။ မှတ်ပုံတင်ရမည့်ရုံးသို့ မလိုက်နိုင်၍ ရှေ့နေကပင် ဦးဆောင်လုပ်ကိုင်ပေးပါလိမ့်မည်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုစိုးထွဋ်ကို သက်ထားမွန်၏ ခင်ပွန်းသည်အဖြစ်မှ စွန့်လွှတ်လိုက်ရပါပြီ…။

ဤသို့သော လိုက်လျောမှုကို မေမေက မကျေနပ်…။ ဒေါ်တင်လေးဝေက လျော်ကြေးငွေ သုံးသောင်းကို သက်ထားမွန်၏ အမည်ဖြင့် ဘဏ်တွင် အပ်နှံပေးပါ၏။ ဤငွေကိုပင် မယူချင်ပါ။ မေမေတို့က မခံမရပ်နိုင်ဖြစ်ကြ၍သာ ယူရပါ၏။ ဤကိစ္စအတွက် မေမေက တွေ့တိုင်း ပြောနေခဲ့ပါပင်…

"မေမေဒီနေ့ စောစောပြန်ရမယ်၊ ခက်ကို ကျူရှင်ကြိုစရာ ရှိသေးလို့"

"ပြန်ပါမေမေ…သမီးလည်း ဘာမှဖြစ်တာမှ မဟုတ်ပဲ။ နေလည်းကောင်းပါတယ်"

"ဒါနဲ့…မောင်ကြည်ညိုတို့ လာကြသေးလား"

"လာပါတယ်မေမေ…ဒီနေ့တောင် လာကြမယ် ပြောတယ်"

"အေး…သူတို့ ဒတ်ဆန်းပစ်ကပ်ပ်လေးတစ်စင်း ဝယ်ပြီး အိမ်တောင်လာလည်ကြသေးတယ်။ အခု နိုင်ငံခြားက သွင်းလာကြရင် ကောက်ခွန် သုံးဆယ်ရာနှုန်းပဲ ကောက်တယ်ဆိုပြီး အဲဒီလို ပစ်ကပ်ပဲ သွင်းလာကြတယ်"

"အင်း…"

"သူတို့ဝယ်တဲ့ ကားလေး မဆိုးပါဘူး၊ ကုန်တင်ဖို့နဲ့ ဟိုင်းဝေးသွားဖို့ ကောင်းပါတယ်။ မေမေတို့တောင် အလည်ခေါ်နေသေးတယ်။ အားပါဘူး။ သမီးကြီးသာ စိတ်ပြေလက်ပြေ ဖြစ်အောင် လိုက်ချင်လိုက်စေလို့ ပြောလိုက်ရသေးတယ်"

"အို…မေမေကလည်း"

ဒေါ်တင်လေးဝေတို့ သားအမိကို မခံချင်စိတ်ဖြင့် မေမေ စိတ်ကူးဥာဏ်ကမ္ဘာသစ်လေးတစ်ခု တည်ဆောက်နေပြီဖြစ်ကြောင်း သက်ထားမွန် သိလည်လိုက်ရပါပြီ။

မေမေပြန်သွားပြီး မကြာမီတွင်…

www.burmeseclassic.com

www.burmeseclassic.com

အမိုးတပ်ပြီးစ ဒတ်ဆန်း ထောင့်ငါးရာ ပစ်ကပ်ကားဖြူလေး တစ်စင်းဝင်လာသည်။ ကားမောင်းလာသူက ကိုကြည်ညို...နှင်းဆီရောင် စုံများကို ပွေ့၍ ဆင်းလာသူက...

"ကိုရဲနောင်ရယ်...ဒုက္ခရှာလို့ လာရပြန်ပြီလား"

"အသက်အတွက်နဲ့ ပတ်သက်လာရင် ကျွန်တော့်မှာ ဒုက္ခဆိုတာ ဘယ်တော့မှ မရှိစေရပါဘူးတဲ့ဗျာ"

"ကိုရဲနောင် ခုလို သက်ဆီကို လာလာနေတာ သက်ဝမ်းသာ အား တက်မိတာတော့ အမှန်ပါပဲရှင်။ ဒါပေမဲ့ သက်ရဲ့ဒုက္ခကို ဒီတစ်သက်မှာ ဘယ်သူ့မှ မရယူစေချင်တော့ပါဘူး...။ ကိုယ့်ရဲ့ တရားဝင်ခင်ပွန်းကိုတောင် မှ ဒုက္ခခံနေရမှာစိုးလို့ ကွာရှင်းပေးလိုက်တာပါ"

"ဒီလူက လွန်တာပေါ့ဗျာ...ဒေါ်ဒေါ်တို့ ပြောပြလို့ ကျွန်တော် အကုန်သိပြီးပါပြီ။ မိန်းမက ဘယ်လိုပဲ စေတနာထားဦးတော့ သူက ကွာ ကို မပေးသင့်ဘူး"

"သူ့အကြောင်းနဲ့သူပေါ့လေ"

"အနစ်နာခံနိုင်တဲ့ အချစ်မျိုး မရှိလို့သာ သူကွာရက်တာပေါ့ အသက်ရယ်"

"ရှိပါစေတော့...သူ့ကို သက်မေ့နိုင်အောင် ကြိုးစားပါပြီ။ ဒါနဲ့ ကိုရဲနောင် မပြန်သေးဘူးလား"

"ခုပဲ ရောက်တယ်ဗျာ"

"မဟုတ်ပါဘူး...ပြင်ဦးလွင်ကို မပြန်သေးဘူးလားလို့"

"ဒီမှာ ဝယ်စရာလေးတွေ ရှိသေးလို့...ပြီးတော့လည်း..."

ကိုရဲနောင်က စကားမဆက်...ကိုကြည်ညိုက ကြားဝင်ပြော သည်။

'လုပ်ငန်းအတွက် ကုန်ကြမ်းတွေရော... သူ့အတွက် တည် ဆောက်နေတဲ့ တစ်ထပ်တိုက်ကလေးအတွက် ပစ္စည်းတွေရော လာဝယ် နေတာ၊ အခုသူတို့ သိပ်ပြီး ကြီးပွားချမ်းသာနေကြပြီ။ အဲဒါ သူ့အသက် ဖြေရှင်းပေးသွားတဲ့ ကျေးဇူးတွေကြောင့်လို့ ရဲနောင်က တတွတ်တွတ် ပြော လွန်းလို့ အလွတ်တောင် ရနေပါပြီ။ အခု သော်တာအလှကုန်လုပ်ငန်း သိပ်တွင်ကျယ်နေပြီလေ။ ဒါနဲ့တောင် ဒီကောင်က ပန်းစိုက်တုန်း...။

"ဒါကတော့ ကိုကြည်ညိုရာ...တစ်ခါတုန်းက ကျွန်တော့်ခြံကို အလည်ရောက်လာဖူးတဲ့ သိပ်လှတဲ့ ချစ်လိပ်ပြာလေးများ ကျွန်တော့်ခြံကို ပြန်လာနားဖြစ်ခဲ့ရင် ပျော်ရွှင်ကြည်နူးနိုင်ပါစေဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ စိုက်နေတာပါဗျ"

ကိုကြည်ညိုက အဓိပ္ပာယ်ပါသော အကြည့်များ၊ အပြုံးများဖြင့် သက်ထားမွန်တို့နားမှ ထွက်ခွာသွားတော့သည်။

"ကိုရဲနောင်..."

"အသက်"

"အဲဒီ လိပ်ပြာညှော့သည်လေး ဘယ်တော့မှ မလာနိုင်တော့ပါဘူး တဲ့ရှင်...အတောင်ကျိုးသွားခဲ့ပါပြီ"

သက်ထားမွန်၏ မျက်ဝန်းဝယ် မျက်ရည်များ လျှံဝဲတက်လာ သည်။ တပ်ထားသော ခြေတုကြီးပေါ်သို့ မျက်ရည်ပေါက်များ လျှောလိမ့် ကျလာခဲ့သည်။

"အသက်...ကျွန်တော့်ချစ်သက်ရယ်၊ ကျွန်တော်ပြောပါရစေဦး ဗျာ"

ကိုရဲနောင်က သက်ထားမွန်၏ လက်ကလေးကို ဆွဲပြီး...

"မှန်တာ ဝန်ခံရရင်တော့ သက်ခင်ပွန်းနဲ့ ကွာရှင်းလိုက်တာ ကျွန်တော် သိပ်ကို ဝမ်းသာရပါတယ်အသက်ရယ်။ ကျွန်တော်အသက်ပေါ် မှာ ထားရှိတဲ့မေတ္တာဟာ ဆန္ဒမဲ့မေတ္တာမျိုး၊ အပြစ်မဲ့အချစ်မျိုးပါအသက်။ အသက် ဘယ်ဘဝမျိုး ရောက်နေပါစေ ကျွန်တော်ချစ်နေနိုင်ပါတယ်ဆို တာ ဟိုတုန်းကတည်းက ကျွန်တော်ပြောခဲ့ဖူးပါတယ်နော်"

"ကိုရဲနောင်"

"ခင်ဗျာ"

"ချစ်တယ်ဆိုပေမယ့် သိပ်ပြီး အနစ်နာခံရလွန်းပါ့မယ်ရှင်...သက် ဟာ အပျိုလည်း မဟုတ်တော့ဘူး။ ပြီးတော့ လူစဉ်မမီတော့တဲ့ အင်္ဂါတ မကြီး..."

"အို...အသက်"

www.burmeseclassic.com

www.burmeseclassic.com

"ကိုရဲနောင်ဘက်က ချစ်နိုင်ပါတယ်။ [illegible] မယ့် သက်ဘက်ကလည်း ကြည့်ပါဦးရှင်။ ကိုယ့်ရင်ထဲက ချစ်ခဲ့ရသူ တစ်ယောက်အပေါ်မှာ ဒုက္ခပေးရက်မလား"

"ဘာ...ဘာပြောတယ်သက်၊ ကိုယ့်ရင်ထဲက ချစ်ခဲ့ရသူ...ဟုတ်လား...ဟင်...အသက်"

"ဟုတ်တယ် ကိုရဲနောင်၊ ကိုရဲနောင်ဟာ သက်ရဲ့ချစ်ဦးသူပဲ။ ဒါပေမဲ့ အတွေ့နှောင်းခဲ့ကြလို့ သက်ရဲ့ မေတ္တာတွေကို ရင်ထဲမှာပဲ သိမ်းထားရင်းနဲ့ သက် ကိုစိုးထွဋ်ကို လက်ထပ်ခဲ့ရတာပါ"

"အို...အသက်"

"ဒီမှာ ကိုရဲနောင်ရယ်...အသက်ရဲ့ ရင်ထဲမှာလည်း ကိုရဲနောင်ထက် မလျော့နည်းတဲ့ မေတ္တာမျိုးတွေ ရှိနေပါတယ်။ ပိုကဲတဲ့ စေတနာတွေ ရှိနေပါတယ်။ ဒါကြောင့် ကိုယ့်ချစ်သူကို သက်ဘယ်လိုလုပ်ပြီး ဒုက္ခပေးရက်ပါ့မလဲရှင်"

"မဟုတ်သေးပါဘူးအသက်၊ မဟုတ်သေးပါဘူး"

"ဟုတ်ပါတယ် ကိုရဲနောင်...ဟိုတုန်းက သက်ရဲ့အသည်းနှလုံးကို သက်လိမ်ညာပြီး နေခဲ့ရတာပါ...သက် ကိုရဲနောင်ကို သိပ်ချစ်တယ်။ ဒါကြောင့် ကိုရဲနောင်ကို သက်ဘယ်တော့မှ လက်မထပ်ဘူး"

"အို...အသက်ကလည်းကွယ်...မငိုနဲ့လေ"

"ပြန်တော့ ကိုရဲနောင်ပြန်ပါတော့ရှင်...ကိုယ်အင်္ဂါချို့တဲ့နေပြီဖြစ်တဲ့ သက်ရဲ့အသည်းနှလုံးကို ထပ်ပြီး အက်ကွဲကြေအောင် မလုပ်ပါနဲ့တော့ရှင်ရယ်...ပြန်ပါတော့အချစ်ရယ်...ပြန်ပါတော့"

"အို...အသက်ရယ်...အချစ်ရယ်တဲ့လားကွယ်"

"ဟုတ်ပါတယ်၊ ကိုရဲနောင်ဟာ သက်ဘဝရဲ့ တစ်ယောက်တည်းသော အချစ်ဆုံးချစ်သူပါကိုရဲနောင်...သက်အသည်းနှလုံးကို သက်ညာနေခဲ့တာပါလို့ ထပ်ပြီး ပြောပါရစေ...ကိုရဲနောင်ကို သက်သိပ်ချစ်လို့ ဒီတစ်သက်မှာ ဒုက္ခမပေးရက်တော့ပါဘူးရှင်၊ သက်ကို ချစ်ရင် ပြန်ပါတော့ ကိုရဲနောင်ရယ်...ပြန်ပါတော့...ပြန်ပါတော့"

"ကောင်းပါပြီတဲ့ဗျား"

\+ + + +

## အခန်း(၄၂)

ခြေတုတပ်ပြီးစ လူတွဲနှင့် လျှောက်ရသော ဒုက္ခိတမလေး သက်ထား မွန်ကို အင်နှင့်အားနှင့် အသိုင်းနှင့်အဝိုင်းနှင့် ဝိုင်းပြီး ဖန်တီးကြပြန်တော့လည်း–

ဒုက္ခိတမလေး သက်ထားမွန် ဘာမျှမတတ်နိုင်ရှာ...မေမေပါလိုက် လာသည့်အတွက် ဒုတိယအကြိမ်မြောက် ပြင်ဦးလွင်မြို့သို့ သက်ထားမွန် ရောက်ခဲ့ရပြန်ပြီ...

သုံးနှစ်တာကာလအတွင်း သော်တာခြံသည် မယုံနိုင်လောက်အောင် ပြောင်းလဲခဲ့ပါပြီ။ နောက်ဘက်စက်ရုံတွင် လည်ပတ်နေသော အလှကုန်ထုတ်လုပ်ရေးက မလောက်ငနိုင်လောက်အောင် အရောင်းရ[illegible]တွင်ကျယ်လှသည်။

ရှေ့ပိုင်းတွင် ပန်းခင်းလှလှလေးများ၊ ခုံညားများပြားလှသော သဇင် များနှင့် ယင်း၏နောက်တွင် တိုက်ပုပုလှလှလေးတစ်လုံး။

ဒေါ်ယဉ်မွန်ရည် B.A(Law), LL.B

အထက်တန်းရှေ့နေ

ပြင်ဦးလွင်မြို့။

"အို...ဘယ့်နှယ့်လဲ"

"ဘယ့်နှယ့်ရမလဲအသက်ရဲ့။ အသက်ရဲ့ ဂုဏ်သတင်းက ဒီနယ်မှာ ပျံ့နှံ့ပြီးသား၊ အသက်စိတ်အားငယ်နေမှာစိုးလို့ အမှုသည်တွေတောင် လိုက် စပ်ပြီးပြီ။ အသက်က ရှေ့နေလိုက်စား၊ မောင်က အသက်ကို အမြဲလိုက်တွဲပို့ မယ်နော်"

"အို...ဘယ့်နှယ့် တုပ်ပြီးချည်ပြီး လုပ်တာလဲ သက်တို့ လာလည်ကြတာပဲ"

"ဘယ်က လာလည်ရမှာလဲ၊ သက်မေမေနဲ့ မောင်နဲ့ တိုင်တိုင် တိုင်

www.burmeseclassic.com

www.burmeseclassic.com

ကြိတ်ကြိတ်ကြတာဗျ။ မနက်ဖြန် ရုံးမှာ လက်ထပ်ပေးပြီးရင် ဒေါ်ဒေါ်က ပြန်တော့မှာ...ဟောဒီ မိန်းမလှလှလေးကို တစ်ယောက်တည်း ထားပစ်ခဲ့မှာသိလား"

"အို..."

"အသက်"

"ဟင်..."

"ယဉ်မွန်ရည်ဆိုတဲ့ နာမည်လေးပဲ ဆက်သုံးတော့၊ ဟိုနာမည်ကို ဟိုဘဝမှာ ထားလိုက်တော့၊ မောင်ကတော့ အသက်ကို အသက်လို မြတ်နိုးလို့ အသက်လို့ပဲ တစ်သက်လုံးခေါ်မယ်နော်...အသက်"

"အို...အသက်တွေက များလှချည်လား"

"ကြည့်စမ်းအသက်၊ လမ်းကောင်းကောင်းလျှောက်လို့ ရပြီ ပဲ၊ အားမငယ်စမ်းပါနဲ့ အသက်ရယ်၊ မောင်ဘယ်လောက်ပျော်နေတယ် ဆိုတာ သက်သိပါတယ်လေ၊ အသက်ရော ဝမ်းမသာဘူးလားဟင်"

"မသာပါဘူးကွယ်...သက်အတွက် အမြဲအနစ်နာခံရရှာတဲ့ မောင့်ကို သက်သနားတယ်"

"မသနားစမ်းပါနဲ့ အသက်ရယ်၊ မောင်ဖြင့်ပျော်လိုက်တာ... ခုမှပဲ မောင်မမျှော်မှန်းဝံ့ခဲ့တဲ့ 'လောကသစ်ကလေး'ကို ဖန်ဆင်းခွင့် ရတော့တယ်"

"သက်ရင်ထဲမှာလည်း ဒီလိုပါပဲတဲ့အချစ်ရယ်"

"အသက်"

"ရှင်..."

"ဟောဒီ ပန်းခင်းလေးတွေကို ကြိုက်ရဲ့လား"

"သိပ်လှတာပဲ"

"ဟိုတိုက်လေးရော"

"ကြိုက်ပါတယ်"

"မောင့်ကိုရော..."

"ချစ်ပါသတဲ့ရှင်..."

*

ပြီးပါပြီ

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

၂၅း၁၂း၁၉၇၇

www.burmeseclassic.com